အခန်း (၁၆) အသိအာရုံအတွင်း ဒိုင်လူကြီး .................................... ၁၇၉
အခန်း (၁၇) လူထင်သကဲ့သို့.................................................... ၁၈၃
အခန်း (၁၈) နှုတ်ကပတ်တော်ကို နှလုံးသွင်းခြင်း၊ မှန်ကန်သည့်ပုံစံ............ ၁၉၇
အခန်း (၁၉) လျှာကိုယဉ်ပါးအောင်ထိန်းခြင်း .................................... ၂၀၉
အခန်း (၂၀) ကျွန်ုပ်တို့၏ အတင်းပြောခြင်းကို ခွင့်လွှတ်ပါ...................... ၂၁၉
အခန်း (၂၁) စိတ်လှုပ်ရှားမှု – စစ်မှန်သောစမ်းသပ်ခြင်း ...................... ၂၂၅
အခန်း (၂၂) ဘာဝတ်ဆင်ရမလဲ................................................ ၂၂၉
အခန်း (၂၃) သမ္မာတရားကိုပြောရန်............................................ ၂၃၅
အခန်း (၂၄) ကိုယ်ကျင့်တရားအကျပ်ရိုက်ခြင်း .................................. ၂၃၉
အခန်း (၂၅) ကိုယ်တော် ကျွန်ုပ်ကိုချိုးဖဲ့ပါ........................................ ၂၄၃
အခန်း (၂၆) ပြင်းထန်သောဆဲရေးတိုင်းထွာ – No ဟုသာပြောပါ............ ၂၅၃
အခန်း (၂၇) လောင်းကစားခြင်း၊ ကြီးမားသောဆွဲဆုတ်ခြင်း .................... ၂၆၃
အခန်း (၂၈) သန္ဓေခြားခြင်း၊ ခေါင်းနှင့်ပန်း ...................................... ၂၇၁
အခန်း (၂၉) နိုင်ငံရေး ........................................................ ၂၇၇
အခန်း (၃၀) မိမိကိုယ်ကိုသိမ်းပိုက်ခြင်း၊ အတွင်းပိုင်းသစ္စာဖောက်မှု ............ ၂၈၃
အခန်း (၃၁) သန့်ရှင်းရန်အချိန်ယူပါ.............................................. ၂၉၄
နောက်ဆုံးစကား............................................................ ၂၉၉

# မေ့ကျန်လျက်ရှိသော အမိန့်တော်

# သန့်ရှင်းခြင်းရှိစေသော

# မာတိကာ


☆ **နိဒါန်း**

အခန်း (၁) ခရစ်တော်၌ ပုံတူဖြစ်ခြင်း ........................................ ၁

အခန်း (၂) ခရစ်တော်ကိုယ်စားပုံသက်သေပြရန် အားနည်းချို့တဲ့သောသူများ .. ၅

အခန်း (၃) ခရစ်တော်ကို စဉ်းစားတွေးတောလာအောင် ပြုလုပ်သောသူများ ... ၁၃

အခန်း (၄) အဘယ့်ကြောင့် သန့်ရှင်းရမည်နည်း.............................. ၂၁

အခန်း (၅) သန့်ရှင်းစင်ကြယ်စေခြင်းအမျိုးအစား (၄) ခု ..................... ၂၉

အခန်း (၆) ဘုရားသခင်ပြင်ဆင်ပေးသောလက်နက်စုံ .......................... ၃၉

အခန်း (၇) ဘုရားသခင်၏ကဏ္ဍ – ကျွန်ုပ်တို့၏ကဏ္ဍ........................ ၅၉

အခန်း (၈) လူတွေကို သန့်ရှင်းအောင် ဘယ်လိုလုပ်ရမလဲ..................... ၆၃

အခန်း (၉) ခရစ်ယာန်အပြုအမူ၏ အခြေခံသဘောတရားများ ................. ၆၉

အခန်း (၁၀) အချက်အလက်များသို့ တိုက်ရိုက်သွားကြစို့....................... ၈၅

အခန်း (၁၁) အောင်မြင်ခြင်းလမ်းကြောင်း – ဝိညာဉ်တော်နှင့်ပြည့်ဝခြင်း ...... ၁၀၃

အခန်း (၁၂) နိုင်ငံနှစ်ခု .................................................... ၁၃၃

အခန်း (၁၃) နှောင်တတရားနှင့် အပြစ်အကြောင်းကိုလေ့လာခြင်း .............. ၁၄၇

အခန်း (၁၄) ကိုယ်ကျင့်တရားစင်ကြယ်ခြင်း ................................... ၁၅၉

အခန်း (၁၅) လိင်တူဆက်ဆံခြင်းကို ဘုရားသခင်မှအပြစ်ဟုသတ်မှတ်........... ၁၇၃

# နိဒါန်း

ခရစ်တော်ကို ယုံကြည်ကြောင်းထုတ်ဖော်ပြောကြားသောသူများ အကြားတွင်ဖြစ်ပျက်နေသော ကျဆုံးပြိုလဲခြင်းသည် စိတ်ပျက်စရာကောင်းလောက် အောင် ဆိုးရွား ယိုယွင်းလှပါသည်။ အဆက်မပြတ်ဆိုသလိုပင် များစွာသောလူတို့ သည် အသစ်တဖန် မွေးဖွားလာသည့်ပုံပေါ်ပြီး ကောင်းမွန်စွာအစပြုလာခဲ့ကြသည်။ သို့သော် လမ်းကြောင်းတစ်လျှောက်တွင် အပြစ်ထဲသို့ ပြိုကျသွားကြပြီး မှေးမှိန်သွား ခဲ့ကြသည်။ ထို့ပြင် မိမိကိုယ်ကို ခရစ်ယာန်ဟူ၍ ပြောကြားသောသူအားလုံးသည် ကယ်တင်ခြင်းအစစ်အမှန်ရရှိသော သူများမဟုတ်ကြသည်သာမက မိမိကိုယ်ကို စစ်မှန်ကြောင်းထုတ်ဖော်ပြောကြားသော သူတို့၌ပင်လျှင် ထိခိုက်ပျက်စီးခြင်းအချို့ အစားသည် ဆင်ခြင်သတိထားစရာဖြစ်လာသည်။

တစ်ကြိမ်တစ်ခါပြိုလဲခြင်းကြောင့် ပုဂ္ဂိုလ်တစ်ဦးအား ကျန်ရှိသေးသော သူ၏ဘဝတစ်ခုလုံးအပေါ်၌ ကျောက်တန်းကြီးကာထားသကဲ့သို့ ဖြစ်စေတတ် ပါသည်။ သူ၏အပြစ်များကို နောင်တရ၍ ဝန်ချတောင်းပန်ပြီးသည့်တိုင်အောင် ထိုအချိန်မစ၍ သူသည် တိမ်တိုက်တစ်ခု၏ ကာထားသည့်အောက်၌နေရသည်ဟူ၍ ခံစားရပါသည်။ သူ့ကိုသူ အမှုတော်အတွက် မထိုက်တန်ပါဟူ၍ ထင်မြင်တတ် သည်။ ကိုယ်ရေးရာဇဝင်သက်သေခံချက်တို့နှင့် ပတ်သက်၍ သူ၏နှုတ်ပါးစပ်ကို (မဖွင့်ဟရဲဘဲ) ပိတ်ထားတတ်သည်။ အပယ်ခံသောသူအဖြစ် (မိမိကိုယ်ကိုယူဆ ကာ) ဘဝကို လျှောက်လှမ်းတတ်သည်။ ကျွန်ုပ်တို့၏ အသင်းတော်များသည် ထိုကဲ့ သို့သောပုဂ္ဂိုလ်များနှင့် ပြည့်နှက်နေပါသည်။

ထိုကဲ့သို့ ပြုလုပ်နေထိုင်ဖို့မဟုတ်ပါ။ ဘုရားသခင်ထံ၌ အပြစ်ခွင့်လွှတ် ခြင်းရှိပါသည်။ တောင်ပံပျက်စီးသွားသောငှက်သည် (အသစ်သောတောင်ပံများ ပေါက်လာသောအခါ) အရင်ကကဲ့သို့ပင် အမြင့်သို့ ပြန်လည်ပျံသန်းနိုင်ပါသည်။ ကျိုင်းကောင်ကိုက်စားသော နှစ်ပေါင်းကာလအချိန်ကို ပြန်လည်ရယူနိုင်ပါသည်။

ပါက ထိုဆုကျေးဇူးသည် တီးသံကိုသာ ပေးတတ်သောလင်းကွင်းကဲ့သို့လည်း ကောင်း၊ မောင်းထုသံကဲ့သို့လည်းကောင်း ဖြစ်လိမ့်မည်။ မိမိ၏နေအိမ်၌ အတိုင် အတောထူသူဖြစ်ပြီး၊ တရားဟောပလ္လင်၌မူ ဆုကျေးဇူးရရှိသောသူ (သို့) ပါရမီ ရရှိသောသူ ဖြစ်နိုင်ပါသည်။ ဆုကျေးဇူးသည် လူတစ်ဦးတစ်ယောက်အပေါ်၌ ပေးထားသော ဘုရားသခင်၏ မဟာသနားခြင်း (မျက်နှာသာပေးခြင်း) ဖြစ်သည်။ သို့သော် ကိုယ်ရေးကိုယ်တာနှင့်ဆိုင်သော ကျက်သရေရှိခြင်းသည် ဝိညာဉ်တော်၏ တန်ခိုးအားဖြင့် တိုးတက်လာစေရန် ကျွန်ုပ်တို့၌ တာဝန်ရှိသောအရာဖြစ်သည်။ များစွာသောလူတို့သည် ပျောက်ဆုံးသောဝိညာဉ်မြောက်များစွာ ဖမ်းဆီးနိုင်ရန် ရည်မှန်းချက်ကြီးကြီးမားမားထားကြသည်။ အမှုတော်ကို လူကြိုက် များအောင် ပြုလုပ်ကြပြီး ကျွန်ုပ်တို့ကို ဖန်ဆင်းထားခြင်း၏ ရည်ရည်ချက်ဖြစ်သည် ဟူ၍ လက်တွေ့ကျကျ သင်ပေးကြသည်။ အကျိုးရလဒ်အနေဖြင့် ကျွန်ုပ်တို့၌ အသက်ရှုဖို့ မအားလောက်အောင် လှုပ်ရှားကြသော ကိုယ်ပိုင်ဇဝံဂေလိလုပ်ငန်း လုပ်ဆောင် သူများ ရှိကြသည်။ သို့သော် သူတို့၏အသက်တာအားဖြင့် ခရစ်ယာန်ယုံကြည်ခြင်း ကို ဆွဲဆောင်မှုမရှိအောင် အဓိပ္ပါယ်နားမလည်နိုင်အောင်၊ သဘော ပေါက်နိုင်အောင် ဖြစ်စေကြသည်။ ယေရှုက ငါ့နောက်သို့လိုက်ကြလော့။ သင်တို့သည် လူကိုမျှားသော တံငါဖြစ်စေခြင်းငှာ ငါပြုမည် (ရှင်မဿဲ ၄း၅) ဟု ပြောဆိုရာတွင် သူ (ယေရှု) ၌ သင့်လျော်သော အမိန့်အစီအစဉ်နှင့် သင့်လျော်သောဦးစားပေးမှုရှိသည်။ ကျွန်ုပ်တို့၏ တာဝန်သည် ခရစ်တော်နောက်လိုက်ရန်ဖြစ်သည်။ ဆိုလိုရင်းမှာ သူ၏အသက်တာ ကဲ့သို့ အသက်ရှင်ရန်ဖြစ်သည်။ ကျွန်ုပ်တို့အား လူကိုမျှားသော တံငါဖြစ်စေခြင်း သည် သူ၏တာဝန်ဖြစ်သည်။ ဝိညာဉ်ဖမ်းဆီးခြင်းသည် ခရစ်တော်၌ ပုံတူအသက် ရှင်ခြင်း၏ အကျိုးရလဒ်သဘောသဘာဝဖြစ်သည်။

## ဘုရားသခင်၏ ဦးစားပေးသည့်အရာ

ဘုရားသခင်၏ ကြီးမားသော ရည်ရွယ်ချက်မှာ သူ၏လူများကို သားတော်၏ ပုံသဏ္ဌာန်နှင့်ကိုက်ညီစေရန်ဖြစ်သည်။ ခမည်းတော်သည် သားတော်

(ယောလ ၂း၂၅)။ အဓိကပြဿနာဖြစ်ပုံပေါ်သည့်အရာမှာ များစွာသောလူတို့သည် ၎င်းခွင့်လွှတ်ခြင်းကို ဘယ်လိုအပိုင်စီးရမလဲဆိုသည့်အရာကို ဘယ်တော့မှ မသင်ကြားခဲ့သောကြောင့် ဖြစ်သည်။ သူတို့သည် အပြစ်များကို ဝန်ချတောင်းပန်ခဲ့ကြသော် လည်း နှုတ်ကပတ်တော်လာသည့်အတိုင်း သူတို့၏ အပြစ်များကို ခွင့်လွှတ်ပြီး ဖြစ်ကြောင်းကို မယုံနိုင်ခဲ့ကြပေ။ မိမိ၌ ခွင့်လွှတ်ခြင်းရပြီဟူ၍ မခံစားနိုင်ခြင်းလည်း ဖြစ်နိုင်သည်။ ဒါမှမဟုတ် မိမိတို့သည် ခွင့်လွှတ်ခြင်းရပြီးဖြစ်ကြောင်း သိခဲ့ကြသည်။ သို့မဟုတ် မိမိကိုယ်ကိုခွင့်မလွှတ်နိုင်ခြင်းလည်း ဖြစ်နိုင်သည်။ သို့ပြင် ထိုသူတို့သည် ကျဆုံးပြီးသော ခရစ်ယာန်များအဖြစ် (မိမိကိုယ်ကို ထင်မှတ်စွဲလမ်း၍) ဘဝကို လျှောက်လှမ်းခဲ့ကြသည်။

ဤစာအုပ်သည် ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးတို့ကို ကူညီရန် ရည်ရွယ်၍ ရေးသားထားခြင်း ဖြစ်ပါသည်။ ထို့မျှမကဘဲ ယုံကြည်သူများအနေဖြင့် အရင်ဦးဆုံး ထိုကဲ့သို့သောအခြေအနေများကို ဘယ်တော့မှ မရောက်ရှိရန် ရည်ရွယ်၍ ရေးသော သင်တန်းကျောင်းဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် နှုတ်ကပတ်တော်မှ တိုက်ရိုက်သင်ယူချင်သောဆန္ဒရှိလျှင် ခက်ခဲသောနည်းလမ်းအားဖြင့် ကျွန်ုပ်တို့ သင်ယူစရာ မလိုတော့ပါ။ သမ္မာကျမ်းစာကို ရိုးရိုးလေးနာခံခြင်းဖြင့် ခရစ်ယာန်တစ်ဦးအနေဖြင့် သန့်ရှင်းခြင်းအသက်တာ၏ ကောင်းကြီးမင်္ဂလာများအားလုံးကို သိကျွမ်းနိုင်ရုံသာမက အပြစ်၏ခါးသီးနာကျင်သော အကျိုးဆက်များကို ရှောင်ရှားနိုင်မည်ဖြစ်သည်။ (သာမန်လူ) တစ်စုံတစ်ယောက်သောသူတိုင်းက သမ္မာကျမ်းစာကို အချိန်ယူ၍ ရှင်းလင်းပြတ်သားစွာ သင်ယူ၍ရသည့်အရာကို အဘယ့်ကြောင့် အရှက်တရားနှင့် ဂုဏ်အသရေပျက်ခြင်းတို့ဖြင့် သင်ယူရမည်နည်း။

# အခန်း (၁)

## ခရစ်တော်၌ ပုံတူဖြစ်ခြင်း

ခရစ်တော်၌ပုံတူဖြစ်ခြင်းဟူသည့်စကားလုံးသည် စာရိတ္တဆိုသည့် ဝေါဟာရ၏အနက်ထုတ်ဖော်ချက်များအနက် အမြင့်ဆုံးသောစကားလုံးဖြစ်သည်။ ထိုစကားလုံးကို ယုံကြည်သူတစ်ဦးတစ်ယောက်အပေါ်တွင် အသုံးပြုသည့်အခါ ၎င်းသည် အမြင့်ဆုံးသော ဂုဏ်ပြုခြင်းနှင့် စိတ်ဆန္ဒပြည့်ဝစေသည့်အသုံးအနှုန်း ဖြစ်သည်။ ခရစ်တော်၌ ပုံတူဖြစ်ရန်ဆန္ဒရှိသော ရည်မှန်းချက်ကဲ့သို့ သာ၍မြင့်မြတ်သော အခြားရည်မှန်းချက်မရှိပါ။

ဤလောကတွင် သတိတရားရှိရန် (ဂရုစိုက်ရန်) တစ်ခုတည်းသော ထိုက်တန်သည့်အရာမှာ ခရစ်တော်ကဲ့သို့ ဖြစ်ဖို့ရန်ပင်ဖြစ်ပြီး ၎င်း၏ ရှေ့မှောက်တွင် အခြားရည်မှန်းချက်အားလုံးသည် မိုက်မဲခြင်း၊ ကြိုးပမ်းအားထုတ်မှုအားလုံးသည် အချည်းနှီးဖြစ်သည်ဟု Henry Drummond ဆိုသူက ပြောခဲ့ပါသည်။

> အမည်မသိသော စာဆိုတစ်ဦးက ဤသို့စပ်ဆိုခဲ့သည်။ ခရစ်တော်ကဲ့သို့ဖြစ်ဖို့ဌာ အကျွန်ုပ်တောင်းလျှောက်သောအရာအားလုံးမှန်သမျှသည် ခရစ်တော်ကဲ့သို့ဖြစ်ဖို့ရန်သာ ဤကမ္ဘာမြေကြီးမှ ဘုန်းတော်ဝင်စားသွားသည်အထိ အကျွန်ုပ်၏ ဘဝလမ်းခရီးတစ်လျှောက်အားလုံး၌ ခရစ်တော်၌ ပုံတူဖြစ်စေရန်အလို့ဌာ တောင်းလျှောက်ပါ၏။

နှုတ်ကပတ်တော်၏ လွှမ်းမိုးခြင်းအောက်၌ လူထု၏နှလုံးသားအားလုံးကို ဦးညွှတ်စေ၍ လှုပ်ရှားနိုးထမှုဖြစ်သည့်အထိ သွန်သင်တတ်သော ဟောပြောတတ်သော အတတ်ပညာကို ဆုကျေးဇူးအဖြစ် ရရှိပါက စိတ်ကျေနပ်စရာကောင်းပေမည်။ သို့သော် ထိုကြီးမားသော ဆုကျေးဇူးထက် ခရစ်တော်၌ ပုံတူဖြစ်ခြင်းမရှိ

သူ၏ နာမည်ဘေး၌ ကျွန်ုပ်၏ နာမည်တပ်မည်ဆိုလျှင် ဘုရားသခင်သည် ဘယ်လို ခံစားမလဲ။

ပင်လယ်နေ ဇင်ယော်ငှက်မျိုးသည် ရေတိမ်ပိုင်း၌ ပုဇွန်ဆိတ်ကလေးများ ပေါ်လာမည်ကို အားစိုက်စောင့်ကြည့်နေသကဲ့သို့ ကျွန်ုပ်တို့ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ဤကမ္ဘာမြေကြီးက ကျွန်ုပ်တို့ကို စေ့စေ့စပ်စပ်စောင့်ကြည့် နေသည်။ ယုံကြည်သူသည် အဆက်မပြတ် စောင့်ကြည့်ထောက်လှမ်းခြင်းခံရသော သူဖြစ်ပြီး ထိုအချက်သည် ကျွန်ုပ်တို့ယုံကြည်သူ၏ အသက်တာ၌ နေ့စဉ်နှင့်အမျှ ရင်ဆိုင်နေရသော နံပါတ်တစ်အန္တရာယ်ဖြစ်သည်။ ကျွန်ုပ်တို့ ကယ်တင်ရှင်ခရစ် တော်၏ အကြောင်းနှင့်သူ၏ အသက်စတေးခံရသည့်အကြောင်း ဟောပြောကြ သည့်အခါ ကျွန်ုပ်တို့ပြောသမျှသောအရာအားလုံးသည် လူတို့က ကျွန်ုပ်တို့ကို စောင့်ထိန်းကြည့်ရှုခြင်းမှတဆင့် ခံယူခဲ့ကြခြင်းဖြစ်သည်။

**သူ့သူငယ်ချင်းများ၏နေအိမ်၌ ထိခိုက်ဒဏ်ရာရသောသခင်**

သူ့တပည့်တော်ဖြစ်သည်ဟု လူသိရှင်ကြားအတိအလင်းပြောခဲ့ကြသော သူတို့၏အသက်တာအားဖြင့် ခရစ်တော်ယေရှုသည် ပြင်းထန်စွာ ဆင်းရဲဒုက္ခခံရ သည်မှာ ဝမ်းနည်းစရာကောင်းသောအချက်ဖြစ်သည်။

**James Spink က ဤကဲ့သို့ ပြောခဲ့ပါသည်။**

ခရစ်ယာန်တစ်ဦးဖြစ်ပါသည်ဟု လူသိရှင်ကြားပြောသောသူနှင့် သူ၏ လက်တွေ့လုပ်ဆောင်ချက်များသည် ကမ္ဘာကြီးက မကြာခဏပင် ဆန့်ကျင်ဘက် နှိုင်းယှဉ်ကြည့်နေသောကြောင့် ခရစ်ယာန်ဘာသာသည် ၎င်းအားဆန့်ကျင်သူများ ထက်နောက်လိုက်သစ္စာခံသူများ၏ ရက်စက်ယုတ်မာခြင်းကို ပိုမိုခံခဲ့ရပါသည်။ ထိုသူတို့က မှန်ကန်စွာ ငြင်းခုံရည်ညွှန်းပေးတာကတော့ . . . ခရစ်ယာန်ဘာသာ ဟာ ကျွန်ုပ်တို့ ထုတ်ဖော်ပြောကြားတဲ့အတိုင်းဆိုရင် အသက်တာမှာ ထူးခြားမှု ဖြစ်စေသင့်တယ် . . . ဟူ၍ ပြောခဲ့ကြသည်။



နှင့်အတူ ကျေနပ်နှစ်မြိုက်လွန်းသည်ဖြစ်၍ သားတော်ကဲ့သို့သော လူများနှင့်အတူ ကောင်းကင်ဘုံသည် ပြည့်နှက်ပြည့်လျှံနေရန် အလိုတော်ရှိသည်။ ခရစ်တော်ကို တွေ့မြင်သောအခါ ကျွန်ုပ်တို့သည် သူ၏ပုံတူဖြစ်ခြင်း၌ အလိုအလျောက် ပြောင်းလဲ ကြရမည်ဖြစ်သည်။ သို့သော် ၎င်းပြောင်းလဲကြရမည့်ဖြစ်စဉ်သည် ယခုဖြစ်ပျက် နေပါက ဘုရားသခင်၏ ဘုန်းတော်ပိုမိုထင်ရှားမည်ဖြစ်သည်။ ထိုဖြစ်စဉ်ကို Carole Mayhall က မှတ်လောက်သားလောက်အောင် ရှင်းပြချက်နှစ်ခုဖြင့် ပုံဖော်ထား ပါသည်။

ပထမရှင်းပြချက်မှာ အလွန်ဝသော အမျိုးသမီးတစ်ဦးသည် အဝလျှော့ နည်းအောင် ပြုလုပ်သောသင်တန်းတစ်ခုသို့ စာရင်းသွင်းလိုက်သည်။ ကြီးကြပ် ကွပ်ကဲသူက ပထမဦးဆုံး ထိုအမျိုးသမီးအား သူမဖြစ်ချင်သော ပုံစံအတိုင်း မှန် ပြားကြီးတစ်ချပ်ပေါ်တွင် အရိပ်မည်းကြီး ဆွဲခိုင်းပါသည်။ အမျိုးသမီးသည် ထိုမှန် ချပ်ကြီးရှေ့မှောက်၌ ရပ်ကြည့်ချိန်ကိုက်သောအခါ သူမ၏ပုံရိပ်သည် ထိုအရိပ် မည်းကြီးကိုကျော်၍ စူထွက်နေသည်ကို တွေ့ရသည်။ ထို့နောက်ကြီးကြပ်သူက သူမကို ဒီနေ့ကစပြီး သင်၏ပန်းတိုင်သည် ထိုဆွဲထားသောအရိပ်နှင့်တစ်ထပ်တည်း ကိုက်ညီဖို့ဖြစ်သည်ဟူ၍ မှာကြားပါသည်။ အမျိုးသမီးသည် ရက်သတ္တပတ်အတော် ကြာ လေ့ကျင့်ခန်းပြုလုပ်ပြီး အလေးချိန်လျှော့နည်းအောင် အစားအစာကို လျှော့၍ စားသည်။ အပတ်တိုင်း မှန်ချပ်ကြီးရှေ့မှောက်တွင် ရပ်၍ချိန်ကိုက်ကြည့်သောအခါ သူမ၏ ထုထည်လျှော့နည်း ကျဆင်းလာခဲ့သော်လည်း ဆွဲထားသောအရိပ်ထက် ပိုနေသေးကြောင်း တွေ့ရသဖြင့် လေ့ကျင့်ခန်းကို ပို၍ပြင်းပြင်းထန်ထန်ပြုလုပ်ကာ အစားအသောက်များကိုလည်း တင်းကြပ်စွာ ထပ်မံလျှော့ချသည်။ နောက်ဆုံးသော တစ်နေ့၌ သူမသည် မှန်ချပ်ကြီးရှေ့မှောက်တွင် ရပ်ကြည့်သောအခါ မှန်ချပ်၌ ဆွဲထားသော အရိပ်မည်းကြီးနှင့် အသွင်တစ်ထည်တည်းကျပြီး ဘေးနားတွင် ကြည့်ကြကုန်သော လူများအားလုံး ဝမ်းသာကြသည်ကို တွေ့ရသည်။

ဒုတိယရှင်းပြချက်မှာ ပန်းပုဆရာတစ်ဦးသည် နှမ်းဖက်ကျောက်တုံးကြီး

တစ်တုံးကို ခြင်္သေ့ရုပ်တစ်ခုဖြစ်လာအောင် ပုံသွင်းပြုလုပ်သည်။ ထုလုပ်ပြီးစီးသောအခါ ဘယ်လိုအားဖြင့် ဤကဲ့သို့သော ထူးခြားပြောင်းမြောက်သည့်လက်ရာကို ပြီးမြောက်သွင်းလုပ်နိုင်ခဲ့သလဲဟူ၍ မေးမြန်းသည့်အခါ ''သူက သွင်းလုပ်တာတော့ လွယ်လွယ်လေးပါ။ ကျွန်တော်လုပ်တာက ခြင်္သေ့ပုံစံနှင့်မတူသောအရာမှန်သမျှကို ချိုးပဲ့ပြို့ချလိုက်တယ် . . . ဟူ၍ ပြန်ဖြေသည်။

ရှေ့ဆက်မည့် စာမျက်နှာများတွင် ခရစ်တော်၏ ပုံသဏ္ဍာန်ပေါ်လာသည်အထိ ကျွန်ုပ်တို့၏ အသက်တာများကို ဆောက်ဖြင့်ထွင်းချရန်မှာ ဘုရားသခင်၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည်ကို ဆက်လက်ဖော်ပြပါမည်။ ဤစာကို ဆက်လက်ဖတ်ရှုလေ့လာရင်း ကျွန်ုပ်တို့ ဤကဲ့သို့ ဆုတောင်းသင့်သည်။

> အကျွန်ုပ်၏ ကယ်တင်ရှင်နှင့်သခင်ဖြစ်သော ခရစ်တော်ယေရှု ကိုယ်တော်နှင့် အကျွန်ုပ်တို့အတူရှိနေကြောင်းကို ထင်ရှားမြင်သာစေပါ။ အကျွန်ုပ်၏ နှုတ်ထွက်စကားနှင့် အပြုအမူများအား ဖြင့် ကိုယ်တော်သာလျှင် အကျွန်ုပ်ကို ပိုင်ဆိုင်ကြောင်း သိသာစေပါ။



# အခန်း (၂)

## ခရစ်တော်ကိုယ်စားပုံသက်သေပြုရန် အားနည်းချို့တဲ့သောသူများ

ခရစ်ယာန်တစ်ယောက်စီတိုင်းသည် ဤလောကတွင် ယေရှုကို ကိုယ်စားပြုရန် ရည်ရွယ်ထားသောသူဖြစ်သည်။ ယုံကြည်သူတစ်ဦးသည် ခရစ်တော်ဟာ မည်ကဲ့သို့သောသူဖြစ်သည်ကို ဤကမ္ဘာအားပြသ၍ ကယ်တင်ရှင် ကိုယ်စားပုံသက်သေပြုရန် ဖြစ်သည်။

ကျွန်ုပ်တို့သည် ယေရှုခရစ်တော်၏ ကိုယ်အင်္ဂါများဖြစ်ကြသည်။ ပုဂ္ဂိုလ်တစ်ဦး၌ မိမိကိုယ်ကို ဖော်ထုတ်ပေးသောအရာမှာ ကိုယ်ခန္ဓာဖြစ်သည်။ သခင်ယေရှုက မိမိကိုယ်ကို ဖော်ထုတ်ပြသရန် ရွေးချယ်ထားသောအရာမှာ သူ၏ခန္ဓာကိုယ်ဖြစ်သော အသင်းတော်ပင်ဖြစ်သည်။

၎င်းအရာနှင့်ပတ်သက်၍ ကျွန်ုပ်တို့တစ်ဦး တစ်ယောက်စီတိုင်း၌ မေးခွန်းတစ်ခုထွက်ပေါ်လာသည်။ ၎င်းမေးခွန်းမှာ ကျွန်တော်/ကျွန်မ ဟာ ဘယ်အမျိုးအစားနှင့် ခရစ်တော်၏ ပုံဖော်ခဲ့သလဲ။ ဆက်လက်၍ မိမိကိုယ်မိမိ မေးခွန်းထုတ်ရန် ထွက်ပေါ်လာသော မေးခွန်းမှာ -

> အကယ်၍ သင့်အထဲ၌ရှိသော ခရစ်တော်အားဖြင့်သာလျှင် သူတို့အနေဖြင့် ကိုယ်တော့ကို တွေ့မြင်နိုင်သည်။ တစ်ခုတည်းသော နည်းလမ်းဖြစ်ခဲ့ပါက အို...ငါ့ဝိညာဉ် သူတို့ဘာကို တွေ့မြင်သလဲ။

ပုဂ္ဂိုလ်တစ်ဦးက ဤကဲ့သို့ ပြောခဲ့ပါသည်။ ဘုရားသခင်၌ မျိုးရိုးနာမည်ရှိသည်။ သူ့ကို အာဗြဟံ၏ ဘုရားဟူ၍ ခေါ်ခဲ့ကြသည်။ ဘုရားသခင်သည် ထိုသူတို့၏ ဘုရားဟု ခေါ်ဝေါ်ခြင်းကို ရှက်တော်မမူ (ဟေဗြဲ ၁၁း၁၆)။ အကယ်၍

များရှိနေပြီလဲ။ Evengelical ကမ္ဘာမှာ တကယ်ဘဲ တောက်လျှောက် အိမ်သန့်ရှင်းရေးလုပ်ဖို့ လိုအပ်နေပါသည်။

ခရစ်ယာန်နိုင်ငံရေးသမားတို့၏ ရိုင်းစိုင်းသောစကား၊ သံသယရှိစရာကောင်းသောသူတို့၏ အပေးအယူလုပ်ခြင်းများ၊ သူတို့၏ အပေါ်ယံပေါင်းသင်းဆက်ဆံတတ်ခြင်းတို့သည် တစ်ခါတစ်ရံခရစ်တော်၏ ဂုဏ်သိက္ခာကို ကျဆင်းစေသည်။ သခင်ယေရှု၏နာမကို အရှက်ရစေသောလုပ်ရပ်သည် ရေတွက်၍မရတော့ပါ။

ကယ်တင်ခြင်းရပြီးပါပြီဟူ၍ ထုတ်ဖော်ပြောကြားသော လူသိထင်ရှားသည့် အကျဉ်း (ထောင်) သားများအကြောင်းကိုလည်း ကျွန်ုပ်ထပ်မံဖော်ပြသင့်ပါသည်။ ယုံကြည်သူတို့၏ အားတက်သရော်ထပ်ခါတလဲလဲတင်ပြမှုကြောင့် သံသယစိတ်နှင့် ဝန်လေးနေသော တရားသူကြီးက သူတို့ကို လွှတ်ပေးရန် သဘောတူလိုက်သည်။ အချို့သော ခရစ်ယာန်အဖွဲ့အစည်းများက သူတို့ကိုနေရာချထားပြီး နယ်လှည့်တရားဟောဖို့နေရာအဖြစ်ထားကြသည် (အဖွဲ့အစည်းအတွက် ရံပုံငွေရှာဖို့ရန်)။ များမကြာမီ ထိုသူတို့သည် ပြုလဲ၍ ထောင်ထဲသို့ ပြန်ချခြင်းခံရသည်။

စာမေးပွဲ၌ ခိုးချသောခရစ်ယာန်ကျောင်းသားများ၊ အိမ်နီးချင်းများနှင့် ရန်ဖြစ်တတ်သောခရစ်ယာန်အိမ်ရှင်မများ၊ သာမန်ခရစ်ယာန်တို့၌ တွေ့တတ်သော ရိုင်းစိုင်းစိတ်တိုခြင်းများ စသည်တို့ဖြင့် သမ္မာကျမ်းစာကို လိုက်နာရမည့်အစားအသရေပျက်စေကြသည်။ ခရစ်တော်၌ ပိုတူမဟုတ်သောအပြုအမူတိုင်းသည် ချက်ချင်းဆိုသလိုပင် သူ (ခရစ်တော်) ရန်သူများ၏ စော်ကားကျိန်ဆဲခြင်းကို ဖြစ်ပေါ်စေသော အကြောင်းရင်း ဖြစ်ခဲ့သည်။ ပုံသက်သေထူရန် အားနည်းချို့တဲ့ခြင်းကြောင့် မယုံကြည်သူက . . . ခင်ဗျားဘာကို အကျယ်ကြီးပြောနေတာလဲ။ ခင်ဗျားပြောတာကို ကျွန်တော်မကြားရဘူး . . . ဟု ပြောဖို့ရန် အကြောင်းရင်းဖြစ်စေခဲ့တယ်။ ပုံသက်သေမထူနိုင်သောလုပ်ရပ်တွေကြောင့် John Mac Arthur



**အလားတူပင် Hudson Taylor က**

. . . ကျွန်ုပ်တို့၏ အယုံအကြည်ကင်းမဲ့သော အပေါင်းအဖော်များ၏ အခိုင်မာဆုံးသော ငြင်းခုံချက်တစ်ခုမှာ သမ္မာကျမ်းစာကို ယုံကြည်ပါသည်ဟု ပြောခဲ့ကြပါလျက် အသက်တာ၌ ထိုကဲ့သို့သောစာအုပ် (ကျမ်းစာ) မရှိသကဲ့သို့ ရှောင့်ရဲတင်းတိမ်စွာနေတတ်သော သူတို့၏ (အပြောနှင့်အလုပ်) တစ်သားတည်းမကျခြင်းပင်ဖြစ်သည်ဟု ပြောခဲ့ပါသည်။

စီးပွားရေးလောကဘက်သို့ ကြည့်လိုက်မည်ဆိုလျှင် George Duncan က အောက်ပါအဖြစ်အပျက်လေးတစ်ခုကို ပြောပြပါသည်။

ညတစ်ညတွင် စီးပွားရေးသမားတစ်ဦးသည် ခရစ်ယာန်ရုပ်သံဟောပြောထုတ်လွှင့်ခြင်းအစီအစဉ်၌ ပါဝင်ခဲ့သည်။ ထိုသတင်းကို သူ့အလုပ်ခန့်ထားသောကောင်မလေးက သိခဲ့သည်။ နောက်တစ်နေ့မနက်တွင် ထိုစီးပွားရေးသမားသည် အလွန်ဒေါသပွနေပြီး အခြေအနေတွေ ဖရိုဖရဲဖြစ်ကုန်သည်။ ကောင်မလေးက သူ့အလုပ်ရှင်ရဲ့ ဒေါသထွက်ခြင်းမှ ရလိုက်တဲ့အကျိုးအမြတ်သင်ခန်းစာကတော့ ရုံးခန်းအပြင်ဘက်သို့ ထွက်လာပြီး အထဲကိုဝင်လာသော နောက်ကောင်မလေးတစ်ဦးထံသို့ ဤကဲ့သို့ ပြောလိုက်သည်။ . . . တနင်္ဂနွေနေ့ညမှာ ခရစ်တော်ဆီကိုသွားပြီး တနင်္လာနေ့မနက်မှာ ငရဲပြည်ကိုသွား . . . ။

စီးပွားရေးလုပ်ငန်းရှင်တစ်ဦးသည် ပေးထားသောကတိတစ်ခုကို ပျက်သွား၍ သူ၏ပြိုင်ဘက်တစ်ဦးက ခင်ဗျားဘယ်အသင်းတော်မှာ ပါဝင်သလဲဟူ၍ မေးခဲ့သည်။ ထိုပုဂ္ဂိုလ်က ဒီကိစ္စ ကျွန်ုပ်အသင်းတော်ကနေထားခဲ့စမ်းပါ။ ဒါက စီးပွားရေးလုပ်ငန်းနှင့် ဆိုင်တာပါ။ အသင်းတော်နှင့်ဘာမှမဆိုင်ပါဘူးဟု ပြန်ဖြေခဲ့သည်။ သူရဲ့ ကိုယ်ရေးရာဇဝင်ကို တည်ဆောက်ထိန်းသိမ်းဖို့ နှစ်ပေါင်း (၂၀) ကြာချင်ကြာမည်။ သို့သော် ထိုအရာက စက္ကန့် (၂၀) အတွင်း ပျက်ဆီးသွားခဲ့သည်။

နာမည်ကြီးတဲ့ သရုပ်ဆောင်မင်းသား (သို့) မင်းသမီးတစ်စုံတစ်ယောက်

Born again ဖြစ်ဖို့ သဘောတူလိုက်ပြီဆိုရင် သတင်းသည် အစွန်းတစ်ဘက်မှ အခြားအစွန်းတစ်ဘက်သို့ ဖြန့်ကျက်ထုတ်လွှင့်ကြသည်။ သို့သော် သူ/သူမ၏ အရင်တုန်းက အသက်ရှင်သည့်ပုံစံနှင့် ရှင်းရှင်းလင်းလင်းပြတ်တောက်မှု မရှိသည့်အချိန်၊ အဆင့်အတန်းနိမ့်သည့် ရုပ်ရှင်ဇာတ်ကားများတွင် သူ/သူမသရုပ်ဆောင်သည့်အချိန်နှင့် ခရစ်တော်က (အားဖြင့်) သူ/သူမ၏ အသက်တာ၌ ထူးထူးခြားခြားနားစေခြင်းမရှိသည့်အချိန်တွေမှာ အထက်ကနည်းတူ သတင်းတွေပျံ့နှံ့ထုတ်လွှင့်ကြပြန်သည်။

ထိုနည်းကဲ့သို့ပင် ခရစ်ယာန်ဂီတအနုပညာရှင်တို့၏ ဇာတ်ဆန်သောဖျော်ဖြေတင်ဆက်ခြင်း၊ ကိုယ်လုံးကိုယ်ထည်၏ ဟန်ပန်အမူအရာများနှင့် ဝတ်စားဆင်ယင်ပုံများ၊ မေးခွန်းထုတ်စရာကောင်းသည့် မဖွယ်မရာစာသားများနှင့် လောကီဂီတများကို အတုခိုးခြင်းများသည် ခရစ်ယာန်ဖြစ်ခြင်းကိုပြသလား၊ ဒါမှမဟုတ် လျှောင်ပြောင်စရာကောင်းတဲ့ အတုခိုးခြင်း၊ ပြတ်လုံးထုတ်ခြင်း ဟုတ်သလား။

ကြီးမားသော ဇာံဂေလီအစည်းအဝေးတစ်ခု၌ လူဆိုးဂိုဏ်းဝင်လက်နက်ကိုင်တစ်ယောက်သည် ပြောင်းလဲခြင်းရပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ထိုသတင်းသည် ဟုန်းဟုန်းတောက် ပျံ့နှံ့သွားသည်။ သို့သော်သူသည် သူ၏ဒုစရိုက်လောကလှုပ်ရှားမှုကို ဆက်လက်လုပ်ဆောင်နေသည်။ ပုဂ္ဂိုလ်တစ်ဦးက သူ၏ခရစ်ယာန်ရုပ်ပြောင်ဖြစ်နေခြင်းကို ထိပ်တိုက်ရင်ဆိုင်မှုပြုသောအခါ သူကခရစ်တော်ကိုလက်ခံလိုက်တာနှင့် ကျွန်ုပ်၏ဘဝဟောင်းကို နောက်ဆုတ်စေရမယ်လို့ ဘယ်သူမှမပြောခဲ့ပါဘူး။ ပြီးတော့ ခရစ်ယာန်ဘောလုံးသမားတွေ၊ ခရစ်ယာန်နွားကျောင်းသားတွေ၊ ခရစ်ယာန်နိုင်ငံရေးသမားတွေလည်း ရှိတာပဲ။ ဘာဖြစ်လို့ ခရစ်ယာန်လူဆိုးဂိုဏ်းလက်နက်ကိုင်မရှိရမှာလဲဟူ၍ ပြန်ပြောခဲ့ပြီး ထိုအချိန်မှစ၍ ခရစ်ယာန်ဘာသာကို စွန့်လွှတ်ခဲ့သည်။

ထို့နောက် ကြီးမားသောတန်ဖိုးနှင့် ဆင်ယင်ထုံးဖွဲ့အလှပြင်၍ အဖိုးတန်ရတနာများဖြင့် စို့ရွဲနေပြီး ယေဇဗေလ (Jezebel) ကဲ့သို့ အလှပြင်တတ်သော



TV ဝါသနာရှင်ခရစ်ယာန်များလည်း ရှိသေးသည်။ နာဇရက်မြို့မှ ဥစ္စာဓနမရှိသောသူငယ်ချင်းကဲ့သို့မဟုတ်ဘဲ အထက်ပါအရာများနှင့် ခရစ်တော်ကို ကိုယ်စားပြုကြသည်။

## ဥစ္စာဓနဖြန့်တီးခြင်း

ခမ်းနားထည်ဝါသော နေအိမ်များတွင်နေပြီး တန်ဖိုးကြီးမားသောမော်တော်ကားနှင့် လေယာဉ်ပျံများဖြင့်သာ လှုပ်ရှားသွားလာ၍ ငွေကိုမရိုးသားသောနည်းလမ်းဖြင့် ရရှိရန်၊ ရန်ပုံငွေတောင်းခံနေသော အချို့ Radio နှင့် TV တရားဟောဆရာများကိုလည်း မမေ့ကြပါနှင့်။ များမကြာမီ လိမ္မာသော သတင်းပို့သူတစ်ယောက်က ထိုသူတို့၏ လှည့်ကွက်ကစားခြင်းအကုန်လုံးကို ဖြစ်တဲ့အတိုင်းထုတ်ဖော်သွားခဲ့သည်။ သို့ဖြင့် ခရစ်ယာန်ဘာသာသည် အမာရွတ်တစ်ခုထပ်မံစွန်းထင်းခဲ့ရပြန်သည်။

အမေရိကား၏ လူကြိုက်များသော TV တရားဟောဆရာတစ်ပါးသည် ခိုင်ခံ့သော ရေကူးကန်များ၊ ခမ်းနားကောင်းမွန်သော ပန်းခြံများနှင့်အတူ Versalles နန်းတော်ပုံစံဖြင့် ဆောက်လုပ်ထားသော အခန်းဆယ့်နှစ်ခန်းရှိသည့် တန်ဖိုးကြီးမားသော ဂေဟာအိမ်ကြီးတွင် နေထိုင်သည်ဟု သတင်းကြားရပါသည်။ အခြားပုဂ္ဂိုလ်တစ်ဦးက Los Angeles မြို့ကြီးတွင် ဒေါ်လာသန်းဝက်တန်ဖိုးရှိသည့် ဂေဟာအိမ်တစ်လုံးဝယ်ယူခဲ့သည်။ ထိုအိမ်ကို သူ့အမျိုးသမီးက သွားလာရင်းခိုအောင်းဖို့ သေးငယ်သောအိမ်လေးပါဟု ပြောခဲ့ပါသေးသည်။

များစွာသော ခရစ်ယာန်ခေါင်းဆောင်များသည် ဘာသာတရား၏ လှေကားထိပ်စွန်း၌ ရပ်နေပြီးမှ လိင်ပိုင်းဆိုင်ရာမကောင်းသတင်းများဖြင့် သတင်း၏ ခေါင်းစဉ်များတွင် တွေ့ရသည်မှာ ရင်ကွဲစရာကောင်းပါသည်။ အချို့သောသူတို့သည် သူတို့၏ မိန်းမများနှင့် ကွာရှင်းပြီး သူတို့၏ Secretary များနှင့် ပါသွားခဲ့ကြသည်။ ဒါတင်မကသေး လင်ယောကျ်ားနှင့်နေအိမ်ကို ကျောခိုင်းပြီး အခြားသောယောကျ်ားနှင့်အတူနေသော ကျော်ကြားသည့် ခရစ်ယာန်အမျိုးသမီး ဘယ်လောက်

William Arnot နှင့် ပတ်သက်၍ သူ့သူငယ်ချင်းက . . . သူတရားဟော တာကောင်းတယ်။ သူ့အရေးအသားက ပိုကောင်းတယ်။ ဒါပေမယ့် အကောင်းဆုံး ကတော့ သူ့ရဲ့အသက်တာပါဘဲ . . . ဟူ၍ ပြောခဲ့ပါသည်။

ဆစ်ဘာသာမှ ပြောင်းလဲလာခဲ့သော Sadhu Singh သည် ခရစ်ယာန် အိမ်တစ်အိမ်၏ ခေါင်းလောင်းခလုပ်ကိုနှိပ်လိုက်သောအခါ အိမ်ဖော်မလေးက တံခါးကို ဖွင့်ပေးသည်။ ထို့နောက်သူမ၏ သခင်မဆီသို့ ပြေးထွက်လာပြီး ခရစ်တော် ကြွလာသည်ဟု စိတ်လှုပ်ရှားစွာ ကြေငြာလိုက်သည်။ အခြားနေအိမ်တစ်အိမ်တွင် ကလေးများနှင့်အတူ ကြမ်းပြင်ပေါ်တွင် အတူတူကစားခြင်းဖြင့် သူ(ကလေး) တို့ အပေါ်၌ အလွန်ကြီးမားသော ခံစားမှုကို ဖြစ်ပေါ်သက်ရောက်စေသည်။ ထိုညတွင် ကလေးများက မိမိတို့အား ခရစ်တော်က အိမ်ယာပေါ်သိပ်ပေးနိုင်မလားဟူ၍ သူတို့ အမေအား မေးလျှောက်ခဲ့ကြသည်။ သူ၏ အတ္ထုပတ္တိရေးသူက သူ့ကိုတွေ့သော သူတိုင်းက သူတို့၏ စိတ်ထဲ၌ရှိသမျှကို စကားလုံးများအားဖြင့် ဖော်ပြခြင်းဖြစ်သည် ဟူ၍ ပြောခဲ့ပါသည်။ သူ၏စိတ်နေသဘောထား၊ အပြုအမူ၏ အာဏာအစွမ်းအစ နှင့် သိမ်မွေ့နူးညံ့ခြင်းတို့သည် ခရစ်တော်၏ ပုံပန်းသဏ္ဌာန်နှင့် လိုက်ဖက်ကိုက်ညီ လှပါသည်။

## ခရစ်တော်၌ ပုံတူဖြစ်သောပုဂ္ဂိုလ်

Robert Murray McCheyne ၏ အတ္ထုပတ္တိနှင့်ပတ်သက်၍ James A.Stewart က ဤသို့ရေးသားခဲ့သည်။ Mr. McCheyne's ၏ သန့်ရှင်းသော အသက်တာသည် သူစကားတစ်ခွန်းမျှ မပြောရင်တောင်မှ မြင်သာသိသာလှ ပါသည်။ သူ့ရဲ့ဟန်ပန်အမူအရာက သူ့အတွက်စကားပြောပေးခဲ့သည်။ စကော့ တလန်မြောက်ပိုင်းမှနေတဲ့ အမှုတော်ဆောင်တစ်ဦးနှင့်အတူ တစ်ညမိတ်သဟာယ ဖွဲ့ခဲ့သည်။ ထိုအမှုတော်ဆောင်ပုဂ္ဂိုလ်သည် သူ့အားဖြင့် အံ့ဩဖွယ်တို့ထိခြင်းကိုခံရ ပြီး Mr. McCheyne အခန်းထဲမှ ပြန်လည်ထွက်ခွာသွားသောခါ ထိုအမှုတော် ဆောင်သည် မျက်ရည်မျက်ခွက်နှင့် ပေါက်ကွဲပြီး အို . . . ဒီပုဂ္ဂိုလ်ဟာ ကျွန်ုပ်



က ခရစ်တော်သည် များစွာသော သူ၏တပည့်များထက် သွန်သင်ခြင်းကိုပေးတာ ပိုမိုများပြားမယ်လို့ ကျွန်တော်ထင်တယ် ဟု ပြောခဲ့ပါသည်။

အမိန့်ကိုနာမခံသော စစ်သားတစ်ယောက် မဟာအလက်စန္ဒား (Alexander the Great) ၏ ရှေ့တွင် ခေါ်လာခဲ့ကြသည်။ မဟာအလက်စန္ဒားက ခင်ဗျားနာမည်ဘယ်လိုခေါ်သလဲလို့ မေးလိုက်တဲ့အခါ ထိုစစ်သားက ရှက်ကိုးရှက်ကန်းဖြင့် အလက်စန္ဒားပါဟူ၍ ပြန်ဖြေသည်။ ခင်ဗျားနာမည် အလက်စန္ဒားဆိုရင် ခင်ဗျားရဲ့နေပုံထိုင်ပုံကိုပြောင်း ဒါမှမဟုတ် ခင်ဗျားရဲ့နာမည်ကို ပြောင်း ဟူ၍ စစ်သူရဲကောင်းကြီးက သူ့ကိုအမိန့်ပေးလိုက်သည်။

ခရစ်ယာန်ဆိုတဲ့နာမည်ကို အမည်ခံတဲ့ ကျွန်ုပ်တို့တွေ အမည်ခံသည့် အတိုင်း ကိုက်ညီစွာလုပ်ဆောင်သင့်သည်။

တစ်နေ့တွင် E. Stanley Jones သည် Mahatma Gandhi နှင့် စကား လက်ဆုံကျသည်။

Stanley Jones က ကျွန်ုပ်အနေနဲ့ ခရစ်ယာန်ဘာသာဟာ အိန္ဒိယနိုင်ငံမှာ (သဘာဝ) အလိုအလျှောက်ဖြင့် ဇစ်မြစ်တည်လာတာကို အင်မတန်မှ မြင်ချင်ပါ တယ်။ သို့ဖြင့် ခရစ်ယာန်ဘာသာသည်နိုင်ငံခြားလူတွေနှင့်/ နိုင်ငံခြားနှင့် ပတ်သက် တဲ့အရာဟူ၍ သတ်မှတ်ခြင်းမခံတော့ဘဲ အိန္ဒိယလူမျိုးတွေရဲ့ ဘဝအသက်တာ၌ တစ်စိတ်တစ်ပိုင်းအဖြစ် ရပ်တည်လာပြီး ၎င်း၏တန်ခိုးအစွမ်းအစအားဖြင့် အိန္ဒိယ နိုင်ငံကို မြှင့်တင်ပေးခြင်းနှင့် ကယ်တင်ခြင်းတရားသို့ ပို့ဆောင်သွားမှာဖြစ်တယ်။ အဲဒီလိုလုပ်ဖို့အတွက် ခင်ဗျားအနေနှင့် ဘာအကြံအညာဏ်များပေးချင်သလဲဟု မေးတဲ့အခါမှာ Gandhi က (လေးလေးနက်နက်ပြင်းပြင်းထန်ထန်ဖြင့်) တွေးတော ပြီး ဤကဲ့သို့ ပြန်ဖြေလိုက်သည်။ ကျွန်တော်အကြံပေးလိုတာကတော့ ခင်ဗျားတို့ ခရစ်ယာန်တွေအားလုံးဟာ ယေရှုခရစ်တော်ကဲ့သို့ စတင်အသက်ရှင်ရမယ်။ ဒုတိယ အချက်အနေနှင့် ခင်ဗျားတို့ရဲ့ ဘာသာတရားကို အသရေပျက်အောင်၊ ပျက်စီး

အောင်မလုပ်ဘဲ လက်တွေ့ကျင့်သုံးရမည်။ တတိယအချက်အနေနဲ့ ချစ်ခြင်းမေတ္တာကို အလေးထားရမည်။ အဘယ့်ကြောင့်ဆိုသော် ချစ်ခြင်းမေတ္တာသည် ခရစ်ယာန်ဘာသာ၏ အလယ်ဗဟို စိတ်ဝိညာဉ်ဖြစ်တယ်။

အကယ်၍ ခရစ်ယာန်တွေအတွက်မဟုတ်ခဲ့ဘူးဆိုလျှင် ကျွန်တော်ဟာ ခရစ်ယာန်တစ်ယောက်ဖြစ်ခဲ့မှာပါ Ghandhi က ပြောခဲ့ဖူးပါသည် ဟူ၍သတင်းကြားရပါသည်။

Brian Goodwin က ပြောခဲ့သည်မှာ – ခရစ်ယာန်ပညာသင်ကျောင်းတစ်ကျောင်းတွင် သာသနာပြုဆရာတစ်ပါးမှတဆင့် ပညာသင်ယူခဲ့သော တရုတ်လူမျိုးလူငယ်လေးတစ်ယောက်ရှိခဲ့သည်။ ထိုသူငယ်လေးသည် သူ့ဆရာကို အားကျလေးစားလှသည်ဖြစ်ကာ နှစ်အတော်ကြာခဲ့ပြီးနောက် ထိုဆရာသည် သူငယ်လေးတို့မြို့သို့ ပြန်လည်ရောက်ရှိလာသည်။ ထိုသတင်းကိုကြားသောသူငယ်သည် သူ့ဆရာတည်းသော Hotel သို့ ဝင်ရန်ကြိုးစားခဲ့သည်။ သာသနာပြုဆရာအားတွေ့ဆုံရန် ခွင့်မပြုရုံသာမက Hotel ၏ အပြင်ဘက်သို့ မောင်းထုတ်ခံခဲ့သော သူငယ်က ခရစ်ယာန်တွေရဲ့ အပြုအမူက ဒီလိုပါလား . . . ဟု တီးတိုးပြောပြီး အဝေးသို့ ထွက်သွားခဲ့သည်။ သာသနာပြုဆရာက သူ့အပေါ်၌ နှစ်ပေါင်းများစွာ ပုံလာခဲ့သော ဂရုစိုက်မှု၊ အာရုံစိုက်သတိပြုမှုတို့သည် ထိုအနှိမ့်ချခံသော အဖြစ်အပျက်က အာနိသင်ပျက်စေခဲ့သည်။ ထိုသူငယ်၏အမည်မှာ Mac Tsetung (မော်စီတုံး) ဖြစ်ပါသည်။

သတင်းဆိုးတွေကတော့ အများကြီးဖော်ပြပြီးပါပြီ။ ဒါပေမယ့် ဘုရားသခင်ကျေးဇူးတော်ပါဘဲ။ အဖြစ်အပျက်ဇာတ်လမ်းတွေဟာ ဒီနေရာမှာ အဆုံးမသတ်သေးပါ။



# အခန်း (၃)

## ခရစ်တော်ကို စဉ်းစားတွေးတောလာအောင် ပြုလုပ်သောသူများ

ပြီးခဲ့တဲ့အခန်းတွင် အမည်ခံခရစ်ယာန်များနှင့် စစ်မှန်သော ခရစ်ယာန်များက ဤလောကအား ကယ်တင်ရှင်ကို မကြာခဏလွဲမှား ရိုင်းစိုင်းစွာ ကိုယ်စားပြုမိခဲ့ကြကြောင်း လေ့လာခဲ့ပြီး ဖြစ်သည်။ ၎င်းသည် စိတ်ပျက်အားငယ်ဖွယ်ကောင်းပါသည်။ သို့သော် ဘုရားသခင်ကို ချီးမွမ်းပါတယ်။ ထိုကားချပ်များ၏ အခြားမျက်နှာပြင်ရှိပါသေးသည်။ ဘေးနားပတ်ဝန်းကျင်လူတွေအပေါ်၌ ဘုရားသခင်သားတော်၏ ရုပ်ပုံကို သစ္စာရှိစွာ ပုံဖော်ပြသော အမျိုးသား၊ အမျိုးသမီးများ ရှိကြပါသည်။

တပည့်လည်းဖြစ် သူငယ်ချင်းကောင်းလည်းဖြစ်တဲ့ ကျွန်ုပ်၏ကျောင်းသားတစ်ယောက်အကြောင်း ကျွန်တော်စဉ်းစားမိသည်။ သူဟာ Melanoma (အရေပြားပေါ်တွင် ဖြစ်တတ်သည့် အမည်းအကွက်ပြောက်) ရောဂါကြောင့် သေလုဆဲဆဲဖြစ်နေသော်လည်း သူ့ရဲ့အိမ်ခန်းဟာ ကောင်းကင်ဘုံနဲ့ ခန်းမအဝင် အခန်းငယ်လေးဖြစ်ခဲ့သည်။ သူ့ကို ခရိုင်သူနာပြုဆရာမက အချိန်ကပုံမှန်လာရောက်လည်ပတ်လေ့ရှိသည်။ တစ်နေ့တွင် သူနာပြုဆရာမက Rab ဟာ ကျွန်မအားသခင်ယေရှုကို သတိရစေတယ်ဟု . . . ပြောခဲ့သည်။

Robert C. Chapman က သူ့ကိုယ်သူ ရှေ့မှောက်၌ နှိမ့်ချပြီး ကြီးမားသော ရည်မှန်းချက်တစ်ခုထားခဲ့သည်။ လူများစွာတို့သည် ခရစ်တော် (အကြောင်း) ဟောပြောကြပြီး ခရစ်တော်၌ အသက်ရှင်တဲ့ သူနည်းပါးလှသည်ကို တွေ့ရသည်။ ကျွန်ုပ်ရဲ့ရည်မှန်းချက်ကတော့ ခရစ်တော်၌ အသက်ရှင်ဖို့ပါဘဲ။ နောက်ပိုင်းတွင် Nelson Darby က သူ (Robert) နှင့် ပတ်သက်၍ ကျွန်တော်သင်တဲ့အတိုင်း သူအသက်ရှင်တယ် . . . ဟု ပြောခဲ့သည်။

တွေ့မြင်ကြရ ခြင်းဖြစ်သည်။ သူဟာတကယ်ဘဲ ခရစ်တော်နှင့်ကိုက်ညီသော အသက်တာကို ပုံသက်သေပြခဲ့ပါသည်။

**Sir Henry M.Stanley က ပြောခဲ့သည့်အရာမှာ –**

လန်ဒန်မြို့မှာ အယူအမှားဆုံးပုဂ္ဂိုလ်အနေဖြင့်လည်းကောင်း၊ ဘာသာတရားကိုမလိုမုန်းထားသောပုဂ္ဂိုလ်အနေဖြင့်လည်းကောင်း ကျွန်တော်ဟာ အဖရိကကိုသွားခဲ့ပါတယ်။ စစ်ပွဲများ၊ လူထုအစည်းအဝေးများ၊ နိုင်ငံရေးအစည်းအဝေးများ၊ သံယောဇဉ်တွယ်တာသောကိစ္စများနှင့်သာ အဆက်အသွယ်ရှိသော သတင်းပေးပုဂ္ဂိုလ်ဖြစ်သည်။ ကျွန်တော်မျိုးဟာ မိမိနေထိုင်သည့်ပြည်နယ်မှ ထွက်ခွာသောအခါ ထိုအရာများမရှိတော့ပါ။ ကျွန်တော်သည် လောကီကမ္ဘာ၏ အဝေးနေရာသို့ရောက်သွားပြီး David Livingstone ဆိုတဲ့တစ်ဦးတည်းနေထိုင်သော သက်ကြီးရွယ်အိုပုဂ္ဂိုလ်နှင့် တွေ့မြင်ခဲ့သည်။ ‘‘ဘာဖြစ်လို့ ဒီလိုနေရာမျိုးမှာ သူနေထိုင်သလဲ။ သူ့ကိုဘယ်အရာက စိတ်စေ့ဆော်မှုပေးခဲ့သလဲ . . . ’’ဟူ၍ ကိုယ့်ကိုယ်ကိုယ် မေးခွန်းထုတ်ခဲ့ပါသည်။ လအတော်ကြာတွေ့ဆုံခဲ့ပြီးနောက် သူ၏အရာရာကို စွန့်လွှတ်ပြီး ငါ့နောက်သို့လိုက်ပါ . . . ဟူသော ကြွေးကြော်သံကို အံ့သြစွာ ကျွန်တော်ကြားနေရတာကို ကျွန်တော်သိခဲ့သည်။ ဒါပေမယ့် သူ့ရဲ့ဘာသာတရား ကိုင်းရှိုင်းမှု၊ သူ့ရဲ့သိမ်မွေ့နူးညံ့ခြင်း၊ စိတ်အားထက်သန်ခြင်း၊ အလေးအနက်ထားတတ်ခြင်းနှင့် သူ့ရဲ့တာဝန်ဝတ္တရားကို လျှင်မြန်စွာ (တွန့်တိုမှုမရှိဘဲ) လုပ်ဆောင်ပြီးမြောက်သွားသည်ကို တဖြည်းဖြည်းသိမြင်လာသည့်အခါ သူ့အနေနှင့် ကျွန်ုပ်ကိုပြောင်းလဲစေဖို့ရန် မကြိုးစားသော်လည်း ကျွန်တော်ဟာ သူ့အားဖြင့် ပြောင်းလဲလာခဲ့သည်။

R.C. Spraul က Billy Graham နှင့်အတူ သမတ္တ Gerald Ford, Jack Nicklaus နှင့် အခြားကြေးစားဂေါက်ရိုက်သမားတို့အတူတူ ဂေါက်ရိုက်ကစားရာတွင် ဖြစ်ပျက်သောအဖြစ်အပျက်လေးတစ်ခုကို ပြောပြထားပါသည်။ အတူတူကစားပြီးသည့်နောက်တွင် ကြေးစားဂေါက်ရိုက်သမားသည် သူ့သူငယ်ချင်းထံတွင် Billy က ‘‘ဘုရားတရားအကြောင်းတွေကို အမြန်နည်းနှင့် လာရောက်ပို့ချ



တွေ့ခဲ့သမျှထဲက ခရစ်တော်နှင့်ပုံတူအဖြစ်ဆုံးသော ပုဂ္ဂိုလ်ဖြစ်ပါတယ် . . . ဟု ပြောခဲ့သည်။

အခြားနေရာတွင်ဖြစ်ပျက်ခဲ့သောအရာနှင့်ပတ်သက်၍ Stewart က ထပ်မံ ဖော်ပြထားသည်မှာ Mc Cheyne သည် ကလကာဖြင့်ကာထားသော အခန်းထဲ၌ Holy Communion ဖြင့် နာရီပေါင်းများစွာအချိန်ယူပြီး ကရာနီ၏ ချစ်ခြင်းမေတ္တာနှင့် လွှမ်းခြုံ၍ ချီးမွမ်းခြင်းနှင့် ချစ်မြတ်နိုးခြင်းများအားဖြင့် အထံတော်သို့ လိုက်လိုက်လှဲလှဲချဉ်းကပ်ခဲ့သည်။ ဘုရားသခင်အထံတော်မှ ပြန်လည်ထွက်ခွာလာပြီး တစ်အိမ်ပြီးတစ်အိမ် လှည့်လည်သွားလာသည့်အခါ ခရစ်တော်၏ မွှေးရနံ့များသည် ထိုအိမ်များတွင် ကျန်ရစ်စေခဲ့သည်။ သူ့ရပ်ကွက်၏လမ်းများ၌ သူ လျှောက်သွားသောအခါ၌သာမက ဗြိတိန်နိုင်ငံအနှံ့ သူသွားလာရာ၌ လူတွေက သူ့မျက်နှာတွင် ခရစ်တော်၏ အသွင်အပြင်ဆောင်ထားသည်ကို တုန်လှုပ်ချောက်ချားစွာ တွေ့မြင်ကြရသည်။

Sally Magnusson က စကော့တလန်မှကြီးမားသော သာသနာပြုပုဂ္ဂိုလ် Eric Liddell ၏ အကြောင်းနှင့် ပတ်သက်၍ သူ (Eric)သည် (ဂျပန်အကျဉ်းစခန်းတွင် အကျယ်ချုပ်ခြင်းခံရစဉ်) သူ့သခင်နှင့် ပုံတူဖြစ်လှသည့်အကြောင်း အောက်ပါအတိုင်း ရေးသားဖော်ပြခဲ့သည်။

ဒီလူတွေ သူ့ဆီကို ထပ်ခါထပ်ခါလာရတဲ့အကြောင်းရင်းကတော့ သူဟာ သူ့ရဲ့ခရစ်ယာန်ဖြစ်ခြင်းကို အသက်တာအားဖြင့် ပြသခဲ့လို့ဖြစ်ပါတယ်။ SiaChang မှာတုန်းက တရုတ်လူမျိုးတွေအပေါ်မှာလိုပဲ အခုလည်း ဒီအကျဉ်းစခန်းမှာ Eric သည် ခရစ်တော်၏ ပုံပန်းသဏ္ဍာန်ကို ပုံဖော်နေသည်။

သူသည် ပြည့်တန်ဆာမများကို ရင်းနှီးစွာမိတ်ဖွဲ့ပြီး စီးပွားရေးလုပ်ငန်းရှင်များကို အထင်သေးသည်။ သူသည် အားနည်းသောသူများအတွက် ကျောက်မီးသွေးကို သယ်ဆောင်ပေးပြီး လူငယ်များကို သွန်သင်ပေးသည် သူသည် hockey

Sticks များအတွက် သူ့အိပ်ယာခင်းကို စုတ်ဖြဲပြီး သူ၏ရွှေနာရီကို ရောင်းရန် အသင့်ဖြစ်နေသည်။ ဒါပေမယ့် Eric ဟာ အထူးပုဂ္ဂိုလ်မဟုတ်ပါ။ သာမန်မှ သာမန်လူပါ။

Richard Hillary သည် သူ၏ The Last Enemy ဟူသော စာအုပ်တွင် သူ၏ လေယာဉ်မှူးအဖော်ဖြစ်တဲ့ Peter Pease အားဖြင့် စိတ်ကသိကအောက် လည်းဖြစ်၊ စိန်ခေါ်ခြင်းတစ်ရပ်ကိုလည်းဖြစ်ပေါ်စေပြီး Peter သည် မိမိကိုယ်ကို ခရစ်ယာန်ဖြစ်ကြောင်း ပြောကြားသောသူနှင့် တွေ့ခဲ့ပြီးသမျှလူတွေထဲတွင် အကောင်းဆုံးသောပုဂ္ဂိုလ်ဟူ၍ ရိုးသားစွာ ဝန်ခံရေးသားခဲ့သည်။ Richard Hillary ၏ ရည်မှန်းချက်မှာ သူ့ (Peter) ကို သနားစိတ်မရှိဘဲ တိုက်ခိုက်ရန် သူ့ရဲ့ ယုံကြည်ခြင်းကို အပိုင်းပိုင်းဖြစ်အောင် ဖြိုခွဲရန်ဖြစ်သည်။ ဤအခွင့်ကောင်းကို Montrose မှ Edinburgh သို့ မီးရထားနှင့် အတူတကွခရီးသွားကြစဉ် ရရှိခဲ့ပြီး Peter ကို စိမ်းဝါးစူးရှသောအကြည့်နှင့်ကြည့်ကာ "ခင်ဗျားရဲ့ဘာသာဟာ အတုအယောင်ဖြစ်တယ်။ ဘိုးဘွားတွေရဲ့မျိုးရိုးအားဖြင့် လက်ဆင့်ကမ်းတာဖြစ်ပြီး လူမှုရေးအဖွဲ့အစည်းများအတွက် အသုံးဝင်တာကလွဲလို့ ကျန်တဲ့နေရာအားလုံးမှာ ဘာမှ မတတ်နိုင်ဘူး . . . ဟူ၍ ပြောခဲ့သည်။ Peter သည် ပါးစပ်ကိုဖွင့်ပြီး အထက်ပါ အဆိုကို ကန့်ကွက်သည့်ညင်သာသောစကားအနည်းငယ်ကိုပြောပြီး သူ့ဆန့်ကျင်ဘက်၏ အကျိုးကြောင်းများစွာဖြင့် ထောက်ပြငြင်းခုံသောစကားလုံးကို တိတ်ဆိတ်စွာ နေခြင်းဖြင့်သာ အဖြေပေးခဲ့သည်။ သို့သော် လက်တွေ့တွင်မူ Hillary သည် (စကားပြောသောသူဖြစ်သော်လည်း) ရှုံးနိမ့်သူဖြစ်ကြောင်း၊ သူ့ကိုသူသိနေသည်။ သူငြင်းခုံဖြေရှင်း၍မရတဲ့ အချက်တစ်ခုကတော့ Peter's ရဲ့ ထူးခြားသောစရိုက်ကြောင့်ဖြစ်သည်။ သူ့စာရိတ္တ (စရိုက်) နှင့် သူ့ဘာသာတရားဟာ ခွဲခြား၍မရဘဲ အတူတကွ ဒွန်တွဲနေပြီး ၎င်းသည် ဖြောင်းဆန်ခြင်းကို ယုတ္တိရှိရှိဖြင့် ဖြေရှင်းသွားခြင်းဖြစ်သည်။



**ဒါ့ကြောင့်မို့ J.H. Jowett က ဤသို့ ရေးသားခဲ့သည်။**

လူတွေက ဖော်ပြရန်ခက်ခဲသော အငြင်းအခုံများဖြင့် သင့်ကိုယှဉ်ပြိုင်နိုင်သည်။ အသိဉာဏ်ပညာရှင်များနှင့် အငြင်းအခုံလုပ်ရာတွင် သင်သည်လွယ်ကူစွာ ရှုံးနိမ့်သွားနိုင်သည်။ သို့သော် ကယ်တင်ရွေးနှုတ်ခြင်းခံပြီးသော အသက်တာ၏ ငြင်းခုံချက်သည် ခုခံတိုက်ခိုက်၍မရပါ။ . . . အနာငြိမ်းခြင်းခံရသောသူသည် ထိုသူတို့နှင့်အတူရှိနေသည်ကို မြင်၍လည်းကောင်း၊ ငြင်းခုံဆိုဘွယ်ရာ မရှိမတွေ့ကြ . . .။

**R.N.Dc Haan ရ သူ၏အရေးအသားတွင် ဤသို့ဖော်ပြထားပါသည်။**

သာသနာပြုဆရာတစ်ပါးသည် သာသနာကွင်းပြင်ရောက်ရောက်ခြင်း၊ မကြာခင်မှာဘဲ ထိုရွာက လူတွေကို ပထမဆုံးအကြိမ် တရားဟောခဲ့သည်။ သတင်းကောင်းဝေငှဖို့ရန် ကြိုးစားရင်း ခရစ်တော်အကြောင်းကို ဖော်ပြရာတွင် သူသည် မေတ္တာတရားကြီးမားပြီး၊ ကြင်နာခြင်း၊ ချစ်ခြင်းမေတ္တာ၊ ဂရုတစိုက်ပြုတတ်ခြင်း၊ ကောင်းတဲ့အလုပ်ကိုသာလုပ်ဆောင်သူဖြစ်ကြောင်း ပြောပြခဲ့သည်။ သာသနာပြုဆရာတရားဟောနေစဉ်မှာဘဲ လူထု၏မျက်နှာတွင် ပြုံးရွှင်သောမျက်နှာဖြင့် ဒေသနာတော်ကို ရင်းနှီးမှုရှိသည့်ပုံစံနှင့် ခေါင်းတငြိမ့်ငြိမ့်ဖြင့် ခေါင်းငြိမ့်ထောက်ခံခဲ့ကြသည်ကို တွေ့ရသည်။ တရားဟောဆရာသည် အတွေးရခက်၍ တရားဟောတာကို ခေတ္တရပ်ပြီး . . . ကျွန်တော်ပြောနေတဲ့အကြောင်းကို သဘောပေါက်ကြသလား . . . ဟု မေးခွန်းထုတ်လိုက်သည်။ ရွာသားတစ်ဦးက . . . ဟုတ်ကဲ့၊ ကျွန်တော်တို့ သဘောပေါက်ပါတယ်။ ကျွန်တော်တို့ရွာကိုလာလေ့ရှိခဲ့ဖူးတဲ့ ပုဂ္ဂိုလ်ရဲ့အကြောင်းကို ခင်ဗျားပြောနေပါတယ် . . . ဟူ၍ ချက်ချင်းပြန်ဖြေလိုက်သည်။ ထိုသူတို့က သာသနာ ပြုဆရာဝန်တစ်ဦးသည် သူတို့ဆီကို ရောက်လာပြီး သူတို့၏ခန္ဓာပိုင်းဆိုင်ရာလိုအပ်သောအရာများကို ပြုစုဆောင်ရွက်ပေးခဲ့ကြောင်း စိတ်အားထက်သန်စွာ ပြောပြခဲ့ကြသည်။ သာသနာပြုဆရာဝန်၏ အသက်တာသည် လူတွေကို ပြုစုစောင့်ရှောက် ရာတွင် ခရစ်တော်နှင့်ပုံတူသည်ဖြစ်၍ သူ့အထဲတွင် ခရစ်တော်ကို

စေခဲ့ပါသည်။ ၁၉၈၇ ခုနှစ်တွင် TV တရားဟောဆရာတစ်ဦးသည် လိင်နှင့်ပတ်သက်၍ မကောင်းသောသတင်းများထွက်သောအခါနိုင်ငံ၏ လူသိအများဆုံးသော ဘုရားမဲ့ဝါဒီသမားက . . . ''အဲဒါဟာ ဘာသာတရားရဲ့ မကောင်းတဲ့အကြောင်း၊ ရုပ်ဆိုးတဲ့အကြောင်း၊ ညစ်ညမ်းတဲ့ကစားကွက်ဖြစ်တဲ့အကြောင်း နောက်ထပ်ဥပမာ တစ်ခုပြန်ပေါ်လာခြင်းဖြစ်တယ် . . . '' ဟူ၍ ပြောခဲ့သည်။

ဒါဝိတ်မင်းကြီးသည် လိင်ကိစ္စ၌ ပြစ်မှားမိသောကြောင့် ဘုရားသခင်၏ နာမတော်အပေါ်၌ အဆုံးမရှိသော ကျိန်ဆဲခြင်းအမင်္ဂလာကို ဖြစ်ပေါ်စေခဲ့သည်။ (၂ဓမ္မရာဇဝင် ၁၂း၁၄)။ ဒါဝိတ်မင်းကြီး၏ အပြစ်ကြောင့် သေဆုံး (ဆုံးရှုံး) ခဲ့သော အရာ (၄) ခုကို Victor Jack က ဤသို့ စာရင်းပြုစုခဲ့သည်။ ဘုရားသခင်၏ မျက်နှာပေါ်က ပြုံးရွှင်ခြင်းသည် သေဆုံးခဲ့သည်။ . . . ဒါဝိတ်ပြုသောအမှုသည် . . . ရှေ့တော်၌ဆိုးသောအမှု (မနှစ်သက်သောအမှု) ဖြစ်သည် . . . ။

ဒါဝိတ်မင်း၏ နှလုံးသား၌ရှိသော ငြိမ်သက်ခြင်းသည် သေဆုံးသွားခဲ့သည်။ ထာဝရဘုရားကို ပြစ်မှားပါပြီ . . . ။ ဒါဝိတ်မင်း၏ ပလ္လင်တော်မြဲမြံခိုင်မာခြင်းသည် ဆုံးရှုံး (သေဆုံး) သွားသည်။ . . . သင့်အမျိုးတို့သည် ဓားဘေးနှင့် အစဉ်တွေ့ကြုံရလိမ့်မည် . . . ။ ဤလောကအပေါ် သူ၏သက်သေခံချက်သည် သေဆုံးသွားခဲ့သည် . . . ကဲ့ရဲ့စရာအခွင့်ကြီးကို ထာဝရဘုရား၏ ရန်သူတို့အား ပေးသောကြောင့် (၂ – ဓမ္မရာဇဝင် ၁၁း၂၇၊ ၁၂း၁၃, ၁၀, ၁၄)။

သန့်ရှင်းခြင်းအသက်တာသို့ စေ့ဆော်စေသော အခြားအကြောင်းရင်း တစ်ခုမှာ ကျွန်တော်၊ ကျွန်မတို့၏ အပြစ်ကြောင့် ကယ်တင်ရှင်၏ ပေးဆပ်မှုကို အောက်မေ့သတိရခြင်းပင်ဖြစ်သည် (၁ ပေ ၂း၂၄)။ ဆင်ခြင်တုံတရားရှိသည့် ယုံကြည်သူမှန်လျှင်၊ ဘုရားသခင်၏ သားတော်အား လက်ဝါးကပ်တိုင်မှာ ရိုက်နှက်ခြင်းခံစေတဲ့အရာများ၌ ဆက်လက်လုပ်ဆောင်နေမည်မဟုတ်ပါ။ အပြစ်ရဲ့အဖိုးအခကိုပေးဆပ်ရန်အတွက် သူ့ရဲ့အသွေးသွန်းလောင်းခြင်းသည် မရှိမဖြစ် လိုအပ်နေခဲ့



တာကို မလိုချင်ဘူးကွာ . . .'' ဟူ၍ ငြီးတွားခဲ့သည်။ Billy က ''သင့်အပေါ် နည်းနည်းကြမ်းသွားသလား . . . '' ဟု သူ့သူငယ်ချင်းက ခေါင်းခါ၍ ''မကြမ်းပါဘူးကွာ ဘာသာတရားဆိုတဲ့စကားလုံးတောင် သူမပြောပါဘူး . . '' ဟူ၍ ကသိကအောက်ဖြင့် ပြန်ဖြေလိုက်သည်။ Sproul က ဆက်လက်ပြောပြထားသည်မှာ . . . ထူးထူးဆန်းဆန်း Billy က ဘုရားသခင်အကြောင်း၊ ခရစ်တော်အကြောင်း၊ ဘာသာတရားအကြောင်းတို့ကို မပြောခဲ့ပါ။ ထိုသို့ဖြစ်လျက်နှင့် ကြေးစားဂေါက်ရိုက်သမားသည် ဂေါက်ရိုက်စကားပြီးတဲ့အခါမှာ ခဲများကိုအဝေးသို့ လွှင့်ပစ်ခြင်းဖြင့် စိတ်ဆိုးနေတာကိုပြပြီး Billey က ဘာသာတရားတွေ အတင်းလာပြောတယ်ဟူ၍ စွပ်စွဲသေးသည်။ ဘာဖြစ်သွားလို့လဲ။ အဖြေက ရိုးရိုးလေးပါ။ ဇေံဂေလိဆရာကြီး (Billey Graham) ဟာ ခရစ်တော်၌ ပုံတူဖြစ်လှသည့်အတွက် အနီးအနားမှာရှိသော လူတွေကိုရောင်ပြန်ဟပ်လိုက်သည့်အခါ ကြေးစားဂေါက်သမားသည် သက်တောင့်သက်သာမရှိဘဲ ကသိကအောက်ဖြစ်သွားသောကြောင့် ဖြစ်သည်။

တစ်နေ့၌ အိန္ဒိယပြည်တွင် သာသနာပြုအချို့တို့သည် သူတို့၏ သာသနာပြုဖော်ဖြစ်သော Silas Fox ကို ဖိတ်ကြားဧည့်ခံခဲ့ကြသည်။ ဟိန္ဒူဘာသာဝင်အိမ်နီးချင်းတစ်ဦးသည် အိမ်ထဲသို့ဝင်ပြီး Mr. Fox ကို ခေတ္တခဏလာရောက် လည်ပတ်သွားခဲ့သည်။ Mr. Fox ထွက်ခွာသွားသောအခါ ဟိန္ဒူဘာသာဝင်အမျိုးသမီးသည် အပြေးအလွှားပြန်လှည့်လာပြီး စိတ်လှုပ်ရှားစွာဖြင့် ''ကျွန်မ သူ့မျက်နှာမှာ ဘုရားကိုမြင်တယ် . . . '' ဟု ပြောသွားခဲ့သည်။ မြောက်များစွာသော ဘုရားများကို ယုံကြည်ကိုးကွယ်သည့် ထိုဟိန္ဒူအမျိုးသမီးသည် Silas Fox ၏ မျက်နှာပေါ်မှာ မှန်ကန်သည့် တစ်ဆူတည်းသောဘုရားကို မြင်တွေ့သွားခဲ့သည်။

သို့သော် သန့်ရှင်းခြင်းသည် ကြိုးစားအားထုတ်မှုမပါဘဲ လူတွေအပေါ်မှာ ရောက်မလာနိုင်ပါ။ ၎င်းသည် လူ၏စိတ်စွမ်းအင်နှင့် ပတ်သက်သည့် ယုံကြည်သူများသည် သန့်ရှင်းခြင်းကို လိုလိုလားလားရှိရမည်ဖြစ်ပြီး အဆုံးထိတိုင်အောင်

၎င်းကို စည်းကမ်းရှိရှိစောင့်ရှောက်ရမည်။ ယုံကြည်သူများသည် တက်ကြွရမည်။ ၎င်းက သန့်ရှင်းခြင်းကို အမှီလိုက်နိုင်ရန် လူတွေကို ဘယ်အရာက လှုပ်ရှားစေသလဲဆိုတဲ့ မေးခွန်းကို ထွက်ပေါ်စေသည်။



# အခန်း (၄)

## အဘယ့်ကြောင့် သန့်ရှင်းရမည်နည်း။

အဘယ့်ကြောင့် ယုံကြည်သူတစ်ဦးသည် ပို၍သန့်ရှင်းသော အသက်တာကို လိုလားတောင့်တရသလဲ။ အဘယ့်ကြောင့် သူ/သူမသည် ခရစ်တော်၌ ပုံတူဖြစ်ရန်အတွက် ဆန္ဒပြင်းပြမှုကို ခံစားခဲ့ရသလဲ။ ပထမအချက်အနေဖြင့် တစ်စုံတစ်ယောက်သည် အသက်တာပြောင်းလဲလာသည့်အချိန်မှာဘဲ သူ/သူမ၏အထဲတွင် သန့်ရှင်းခြင်းကို အလိုအလျှောက် တည်ဆောက်လာခြင်းဖြစ်သည်။ ထိုအချိန်တွင် သူ/သူမသည် အပြစ်ကိုမုန်းတီးခြင်းနှင့် ဖြူစင်သန့်ရှင်းခြင်းကို ချစ်တတ်သောဝိညာဉ်တော်သည် သန့်ရှင်းစင်ကြယ်သော စာရိတ္တကို မျိုးပွားစေရန် လိုလားတောင့်တလျက်ရှိသည်။ ဘ၀အသက်တာတွင် အောင်ပွဲခံရန်အတွက် ဆာငတ်တောင့်တခြင်းကို အသစ်သောဗီဇအားဖြင့် သိလာထင်ရှားစေသည်။

နောက်ထပ်ပြည့်စွက်သည့်အနေဖြင့် ယုံကြည်သူတစ်ဦးသည် ဤလောကီ၊ ခန္ဓာ၊ စာတန်စသည်တို့မှလာသော စုံစမ်းနှောင့်ယှက်ခြင်းများကို အဘယ့်ကြောင့် တွန်းလှန်သင့်သနည်း။ အဘယ့်ကြောင့် ခရစ်ယာန်တစ်ဦးသည် သန့်ရှင်းခြင်းကို အမှီလိုက်သင့်သလဲဆိုတာနှင့် ပတ်သက်၍ ခိုင်မာသောအကြောင်းရင်းများ ရှိသည်။

အပြစ်နှင့်ပတ်သက်၍ အဆိုးဆုံးတစ်ခုမှာ သခင်ယေရှု၏ နာမတော်အပေါ်၌ အရှက်ရစေခြင်းဖြစ်ပါသည်။ တပည့်တော်တစ်ဦးသည် သူ၏သခင်နှင့် ဆက်စပ်ပေါင်းသင်းခြင်းအားဖြင့် အပြင်လောကအား မှန်ကန်ကြောင်း ထင်ရှားစေသည်။ အကယ်၍ တပည့်တော်သည် အပြစ်ကျူးလွန်မိလျှင် သခင်၏နာမတော်အား ရွှံ့ထဲ၌ဆွဲချသကဲ့သို့ အရှက်ရစေပြီး အပြစ်အနာအဆာဖြစ်စေသည်။ ရှက်စရာကောင်းသောအပြုအမူများသည် ထိုသူတို့၏ စိတ်ထဲ၌ သခင်နှင့်အတူ ဆက်နွယ်

ကျွန်ုပ်တို့၏ ခန္ဓာကိုယ်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ ဗိမာန်တော်ဖြစ်ကြောင်း အစဉ်အမြဲသတိရအောက်မေ့ခြင်းအားဖြင့် . . . ကိုယ်ခန္ဓာ၏အညစ်အကြေး၊ စိတ်ဝိညာဉ်၏ အညစ်အကြေးရှိသမျှတို့နှင့် ကိုယ့်ကိုကိုယ် ကင်းစင်စေလျက်၊ ဘုရားသခင်ကို ကြောက်ရွံ့၍ သန့်ရှင်းခြင်းပါရမီနှင့် ပြည့်စုံကြကုန်အံ့ . . ဟူသော ဆောင်ပုဒ်ဆီသို့ စိတ်နှိုးဆော်မှုကို ဖြစ်ပေါ်စေသင့်သည် (၂ ကော ၇း၁)။ သုံးပါးတစ်ဆူထဲက တစ်ပါးသောသူသည် ကျွန်ုပ်တို့၏အထဲ၌ ထာဝရကျိန်းဝပ်တော်မူပြီး တည်မြဲသော ကျွန်ုပ်တို့၏ အဖော်ဖြစ်တဲ့ အကြောင်း၊ အံ့ဩဖွယ်အာရုံအသိတရားကို ဘယ်တော့မှ လက်လွှတ်မဆုံးရှုံးသင့်ပါ။

ဘုရားဝတ်၌ မွေ့လျော်ခြင်း ပစ္စုပ္ပန်ဘဝအတွက်သော်လည်းကောင်း၊ လာမည့်ဘဝအတွက်သော်လည်းကောင်း ကတိတော်ရှိသည် (၁ တိမောသေ ၄း၈)။ ၎င်းသည် ထာဝရအတွက် အကောင်းဆုံးသော ပြင်ဆင်မှုဖြစ်သည်။ တစ်နေ့သော အချိန်၌ ကျွန်ုပ်တို့သည် ခရစ်တော်ကို တွေ့မြင်ကြရမည်ဖြစ်သည်။ ထိုအချိန်၌ သူ၏ တရားစီရင်သောပလ္လင်ရှေ့၌ မတ်တပ်ရပ်ကြမည်ဖြစ်ရာ ထိုစိတ်နှလုံး ခုန်လှုပ်စရာကောင်းသောနေ့ရက်ကြီးကို မြင်ယောင်ပြီး (အမှိုပြု၍) ယခု ကျွန်ုပ်တို့ အသက်ရှင်ရမည်ဖြစ်သည်။ သို့မှသာလျှင် သန့်ရှင်းခြင်းအသက်တာသို့ ဦးတည်နိုင်မှာဖြစ်သည်။

## အပြစ်သည် ပါးစပ်ကို ပိတ်စေသည်။

သန့်ရှင်းသောအသက်တာသည် အမှုတော်ထမ်းဆောင်ရာတွင် လွတ်လပ်မှုကိုပေး၍ အပြစ်သည် နှုတ်ပါးစပ်ကို ချုပ်နှောင်သည်။ အပြစ်ကြောင့် စိတ်မသန့်ခြင်း၊ ထိုက်တန်မှုမရှိဟူ၍ခံစားခြင်း၊ ထိုမှတဆင့် အပြစ်ဝန်ချတောင်းပန်မှု မရှိခြင်းတို့ဖြင့် ပုဂ္ဂိုလ်တစ်ဦးကို အကြောသေစေသည်။ သူသည် ဝိညာဉ်တော်၏ ဖြေလွှတ်ခြင်းအရသာကို မခံစားတော့ပါ။ သူ၏သက်သေခံချက်တို့သည် ယာယီအားဖြင့် ဖျက်ဆီးသွားပြီး သူ့အပေါ်အများက ယုံကြည်လက်ခံနိုင်ခြင်းသည်လည်း သံသယရှိစရာဖြစ်လာသည်။



လျှင် သူ့ရဲ့ပညတ်တော်များအနေဖြင့် ဘယ်လိုလုပ်ပြီး ဆိုးယုတ်သောလုပ်ရပ်တွေကို သည်းခံခွင့်လွှတ်နေရမှာလဲ။

ကျွန်တော်တို့အပေါ်ထားရှိသော ခရစ်တော်၏ ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့အား သန့်ရှင်းစင်ကြယ်ခြင်း၌ အသက်ရှင်ရန် ချုပ်ချယ်ထားသင့်သည်။ ကျွန်ုပ်တို့သည် မတရားသော ရန်သူများဖြစ်နေစဉ်တွင် ခရစ်တော်က ကျွန်ုပ်တို့အား ချစ်တော်မူသည်။ ကျွန်ုပ်တို့ကို ရွေးနှုတ်ကယ်တင်ရန် ကြီးမားသော အဖိုးအခပေးခြင်းအားဖြင့် သူ၏ချစ်ခြင်းမေတ္တာကို ထင်ရှားစွာပြသခဲ့သည်။ ဘုရားတရားဝတ်၌ မွေ့လျော်သောအသက်တာအတွက် လိုအပ်သမျှအရာအားလုံးကို သူ(ခရစ်တော်)က ပြင်ဆင်ပေးခဲ့ပြီး ဖြစ်သည်။ သူလုပ်သမျှသောအရာတွေထက် ကျွန်ုပ်တို့ကို ပိုမချစ်နိုင်တော့ပါ။ ထိုကဲ့သို့သော ချစ်ခြင်းမေတ္တာကို အသက်တာဟောင်းထဲသို့ ပြန်လည်ကူးပြောင်းခြင်းဖြင့် တုံ့ပြန်လျှင် စိတ်ပျက်စရာကောင်းပေမည်။

. . . ငါသည် သန့်ရှင်းတော်မူသောကြောင့် သင်တို့သည်လည်း သန့်ရှင်းခြင်းရှိကြလော့ . . . (ဝတ်ပြုရာကျမ်း ၁၁း၄၄၊ ပေတရု ၁း၁၆) ဟူသော မေ့လျော့ထားခဲ့သည့် ပညတ်တော်ကို ကျွန်ုပ်တို့ လွယ်ကူစွာမေ့လျော့တတ်ကြသည်။ ဤပညတ်တော်သည် ဓမ္မဟောင်းထဲ၌ ဖော်ပြထားသကဲ့သို့ ယနေ့အတွက်လည်း အရေးပါလှကြောင်း သံသယရှိစရာမလိုဘဲ ရှင်ပေတရုဓမ္မသစ်တွင် ဆက်လက်ဖော်ပြထားပါသည်။ သန့်ရှင်းခြင်းအတွက် ဘုရားသခင်၏ စံချိန်သည် သူကိုယ်တိုင်ပင်ဖြစ်ပြီး သူ၏သားတော်ကို ဂရုတစိုက်ကြည့်ရှုသူက သူသည်စံချိန်မှီကြောင်း ဝန်ခံမည်ဖြစ်သည်။

## အပြစ်သည် ဘုရားသခင်၏အသည်းနှလုံးကို ကျိုးပဲ့စေသည်

ခရစ်တော်အပေါ်၌ ထားရှိသော ကျွန်ုပ်တို့၏ ချစ်ခြင်းမေတ္တာအားဖြင့် သူ့အသုံးပြုထိုက်လောက်သော သန့်ရှင်းသည့်တန်ဆာပလာများဖြစ်ဖို့ရန် လိုချင်တောင့်တမှုကို ဖြစ်ပေါ်စေသင့်သည်။ ကျွန်ုပ်တို့ သူ့ကိုအမှန်တကယ်ချစ်လျှင် သူ့ကို

ကျေနပ်နှစ်သက်ချင်သောဆန္ဒရှိမည်ဖြစ်သည်။ အပြစ်က သူ၏ပညတ်တော်ကို ချိုးဖောက်သည်သာမက သူ့နှလုံးသားကို ကျိုးပဲ့စေခြင်းဖြစ်သည်။ သို့သော် သန့်ရှင်းခြင်းသည် သူ့ကိုဝမ်းမြောက်ပျော်ရွှင်စေခြင်းဖြစ်သည်။ . . . ငါ့ကိုချစ်လျှင် ငါ့ပညတ်တို့ကို စောင့်ရှောက်ကြလော့ . . . ဟူ၍ ခရစ်တော်က ပြောခဲ့ပါသည်။ (ရှင်ယောဟန် ၁၄း၁၅)။ သန့်ရှင်းခြင်းသည် ပညတ်တော် (အမိန့်ပေးခြင်း) ဖြစ်သည်။ (၁ ပေ ၁း၁၅၊ ၁၆၊ ဟေဗြဲ ၁၂း၁၄)။

အပြစ်သည် ယုံကြည်သူနှင့် မယုံကြည်သူအပေါ်တွင် ထိမိလဲစရာဖြစ်ပေါ်စေသည်။ မယုံကြည်သူများအနေဖြင့် ခရစ်ယာန်တစ်ဦးပြုလဲသည်ကိုမြင်သောအခါ သတင်းကောင်းက သူ့အသက်တာမှာ ဘာတစ်ခုမှထူးခြားမှုမဖြစ်စေပါဘူး ဟူ၍ နိဂုံးချုပ် (မှတ်ချက်ချ) တတ်ပြီး အဝေးသို့ ထွက်ခွာသွားတတ်ကြသည်။ ထိုသူတို့သည် ခရစ်တော်၏ နောက်လိုက်ခြင်းကို ဆန့်ကျင်သည်သာမက ခရစ်ယာန်ယုံကြည်ခြင်းကို လှောင်ပြောင်သရော်ခဲ့ကြသည်။

Mark Twain သည် ခရစ်ယာန်များအနေဖြင့် ကျွန်စနစ်ကို ခွင့်ပြုထားခြင်း၊ ကောက်ကျစ်ရိုင်းစိုင်းသောစကားများပြောတတ်ခြင်း၊ ကလိမ်ကကျစ်လုပ်ငန်းများ၌ ပါဝင်ခြင်းတို့ကြောင့် ခရစ်ယာန်ဘာသာကို ကျော်ခိုင်းခဲ့သည်။ Mahummad သည် ဂျူးဘာသာနှင့် ခရစ်ယာန်ဘာသာမှ မှန်ကန်သည့်တစ်ဆူတည်းသော ဘုရားအယူအဆကို ရရှိခဲ့သည်။ သို့သော် သူတို့၏အသက်တာကြောင့် ၎င်းဘာသာကို စွန့်ခွာခဲ့သည်။ Brian Goodwin က ခရစ်တော်နှင့် သူတစ်ပါးအား အနည်းငယ်မျှပိုသော ချစ်ခြင်းမေတ္တာရှိခဲ့ကြလျှင် ယနေ့ မွတ်စလင် (Muslim) ကမ္ဘာ၏ သမိုင်းလမ်းကြောင်းသည် တစ်မျိုးပြောင်းလဲခဲ့မှာ ဖြစ်ပါတယ် . . . ဟူ၍ သုံးသပ်ခဲ့သည်။

ကျွန်ုပ်တို့အပြစ်ကျူးလွန်မိသောအခါ အခြားသူများကို ထိမိလဲစရာဖြစ်စေသည်သာမက သူတို့ကို စိတ်ထိခိုက်စိတ်ပျက်အားငယ်စေသည်။ ၎င်းသည် မိသားစု၌လည်းကောင်း၊ အသင်းတော်၌လည်းကောင်း၊ ကျွန်ုပ်တို့ကို အားကိုးအားထားသောသူများကို စိတ်ဆင်းရဲစေသည်။ ထို့အပြင် ကျွန်ုပ်တို့ မိသားစုအနေဖြင့် အချို့သော အရှက်ရခြင်းနှင့် စိတ်ထိခိုက်ခြင်းဒဏ်ခံရမည်ဖြစ်သည်။ လူသိရှင်ကြားအပြစ်ကျူးလွန်မိသောအခါ ကျွန်ုပ်တို့၏ ဒေသန္တရအသင်းတော်သည် မလိုလား အပ်သော သတင်းကြီးခြင်းကိုခံရပြီး၊ အပြစ်ကိုလျှို့ဝှက်စွာကျူးလွန်သည့်အချိန်တွင်လည်း ဝိညာဉ်စွမ်းအားသန်စွမ်းမှုနှင့် ထက်မြက်မှုကို နိမ့်ကျစေသည်။ ယုံကြည်သူ လူငယ်တစ်ဦးသည် သူ့ကို ခရစ်တော်ထံသို့ ပို့ဆောင်သောသူက မိမိကိုယ်ကို အသရေပျက်စေသည့်လုပ်ရပ်မျိုး လုပ်ဆောင်သောအခါ ထိုလူငယ်သည် သစ္စာဖောက်ခြင်း၊ ကြေမွအောင်ခွဲပြစ်ခြင်းခံရသည်ဟု ခံစားခဲ့ရပါသည်။ စိတ်နှလုံးထဲ၌ မိတ်ဆွေများအပေါ်တရားသဖြင့် ယုံကြည်ခြင်းနှင့် အကူအညီမျှော်လင့်ခြင်းမှ ခရစ်ယာန်များ ဘယ်နှစ်ကြိမ်လွှတ်မြောက်ခဲ့ကြပြီလဲ။

သန့်ရှင်းသောအသက်တာရှိခြင်းသည် စိတ်၊ ဝိညာဉ်၊ ကိုယ်ခန္ဓာအတွက် အကောင်းဆုံးဖြစ်ပြီး၊ အကောင်းဆုံးသောအသက်တာဖြစ်သည်။ ၎င်းသည် ခန္ဓာ၊ စိတ်၊ ကျန်းမာရေးအတွက် ကောင်းမွန်သည်။ ၎င်းက ကျွန်ုပ်တို့ကို ယူကျုံးမရနောင်တရခြင်း၊ အပြစ်ကြောင့် စိတ်လိပ်ပြာမသန့်ခြင်း၊ အရှက်ရခြင်း၊ အနာရောဂါအမျိုးမျိုးစသည်တို့မှ ကယ်တင်သည်။ ၎င်းက ဝမ်းမြောက်ခြင်းအပြည့်နှင့် အစဉ်အမြဲပျော်ရွှင်ကြည်နူးခြင်းသို့ ပို့ဆောင်ပေးသည် (၁ ယော ၁း၄၊ ဆာလံ ၁၆း၁၁)။

လူကလေးတစ်ယောက် အစည်းအဝေးတစ်ခုမှ ဝမ်းနည်းသောမျက်နှာနှင့် ထွက်လာခဲ့၍ ပုဂ္ဂိုလ်တစ်ဦးက အကျိုးအကြောင်းကို မေးလိုက်သောအခါ သူက . . . ‘‘ပျော်ရွှင်ခြင်းနှင့် သန့်ရှင်းခြင်းတို့ကို တစ်ချိန်တည်းမှာ ရှာဖို့ခက်ခဲလှပါတယ် . . . ’’ ဟု ပြန်ဖြေခဲ့သည်။ သို့သော် တကယ်အမှန်တရားမှာ သန့်ရှင်းခြင်းမဟုတ်ဘဲ ပျော်ရွှင်ခြင်းဆိုတာ မရှိနိုင်ပါ။

အသင်းဝင်မဟုတ်။ ဤလောကီမှ သီးသန့်ခွဲခြားထားသော ခရစ်တော်၏ အသင်းဝင် ဖြစ်လာသည်။

Joe သည် သူ့ဘဝတွင် ပြောင်းလဲမှုများရှိလာသည်ကို သူသတိထားမိသည်။ သူ့၌ အသစ်သောအပြစ်ကို မုန်းခြင်းနှင့် အသစ်သောသန့်ရှင်းခြင်းကို ဆာငတ်ခြင်းတို့ ရှိလာခဲ့သည်။ သူသည် အပြစ်ကို ကျူးလွန်မိပါသေးသည်။ သို့သော် အရင်ကကဲ့သို့မဟုတ်ပါ။ အပြစ်က သူ့အသက်တာကို မအုပ်စိုးပါ။ သူသည် သူ၏ စိတ်ဆန္ဒခွင့်ပြုချက်အပြည့်အဝနှင့် အပြစ်မကျူးလွန်တော့ပါ။ အပြစ်ကျူးလွန်မိသည့်အခါတွင်လည်း သူအင်မတန်မှ ရှက်ခဲ့သည်။ ထိုမှတဆင့် သူ၏စရိုက်ဟောင်းများသည် ပြုတ်ကျစပြုလာသည်။ သူ့ရဲ့စကားပြောခြင်းသည် သန့်ရှင်းခြင်းကိုခံရသည်။ သံသယရှိစရာမလိုဘဲ သူသည်သန့်ရှင်းခြင်းသို့ တိုးတက်ကြီးထွားနေသည်။

ပြီးခဲ့တဲ့အင်္ဂါနေ့တွင် Joe တစ်ယောက် သေဆုံးသွားခဲ့သည်။ သူသည် ကယ်တင်ရှင်နှင့် မျက်နှာချင်းဆိုင်တွေ့မြင်သည့်အခိုက်မှာပဲ အံ့သြဖွယ်ပြောင်းလဲမှုကြီးတစ်ခုဖြစ်ပွားခဲ့သည်။ Joe သည် ကိုယ်ကျင့်တရားအားဖြင့်လည်းကောင်း၊ ဝိညာဉ်ပိုင်းအားဖြင့်လည်းကောင်း ခရစ်တော်ကဲ့သို့ (ခရစ်တော်၌ပုံတူ) ဖြစ်သွားသည်။ သူသည် အပြစ်အားလုံးနှင့် အသရေညစ်ညမ်းခြင်းမှ ထာဝရလွတ်ငြိမ်းသွားသည်။

## ဆိုလိုရင်းအဓိပ္ပါယ်သို့ တိုက်ရိုက်သွားကြစို့

ဤအခန်း (၄) ခန်း (စာပိုဒ် ၄ ပိုဒ်) ဖြင့် Joe ရဲ့ အသက်တာကို ဖော်ပြခြင်းသည် ဓမ္မသစ်၌တွေ့ရသော သန့်ရှင်းစင်ကြယ်ခြင်း၏လက္ခဏာ သွင်ပြင် (၄) ခုကို ဖော်ပြထားခြင်းဖြစ်သည်။ ထိုအရာကို ဆက်လက်မလေ့လာမီ သန့်ရှင်းစင်ကြယ်စေခြင်းဆိုသည့် စကားလုံး၏ ယေဘုယျအဓိပ္ပါယ်ကို စဉ်းစားကြရအောင်။

သန့်ရှင်းစင်ကြယ်စေခြင်း (Sanctification)သည် သန့်ရှင်းခြင်း (Holiness)၏ အခြားစကားလုံးဖြစ်သည်။ ဓမ္မသစ်၏ မူရင်းဘာသာ၌ စကားလုံးအတူ



သန့်ရှင်းခြင်းနှင့် ဆုတောင်းပဌနာပြုသည့်အခါ ယုံကြည်စိတ်ချမှုကို ပေးသည်။ . . . ကိုယ်စိတ်နှလုံးသည် ကိုယ်ကိုအပြစ်မတင်လျှင် ဘုရားသခင့်ရှေ့တော်၌ ရဲရင့်ရသောအခွင့်ရှိကြ၏။ ငါတို့သည် ပညတ်တော်တို့ကို စောင့်ရှောက်၍ နှစ်သက်တော်မူသော အကျင့်တို့ကို ကျင့်သောကြောင့် ဆုတောင်းသမျှတို့ကို ဘုရားသခင့်ထံတော်မှ ရကြ၏။ (၁ ယောဟန် ၃း၂၁, ၂၂)။ သို့သော် စိတ်နှလုံးထဲမှာ ဒုစရိုက်အပြစ်ကို ငဲ့ကွက်လျှင် ဘုရားသခင်သည် နားထောင်မှာမဟုတ်ပါ (ဆာလံ ၆၆း၁၈)။ အပြစ်သည် ဆုတောင်းခြင်း၏ လမ်းကြောင်းကို ပြတ်တောက်စေသည်။

ထို့နောက် ၎င်းသည် ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ခြင်းကို ပြတ်တောက်စေသည်။ ဤအချက်သည် ပြင်းထန်၍ အလေးနက်သလိုဖြစ်သော်လည်း အင်မတန်ပြင်းထန်လေးနက်သည့်အရာဖြစ်သည်။ အဝေးတစ်နေရာမှနောက်တော်သို့လိုက်သောယုံကြည်သူသည် ကြီးမားသောအန္တရာယ်နှင့်အစဉ်မပြတ် ကြုံတွေ့နိုင်သည့်နယ်ပယ်တွင်ရှိနေသည်။ သူသည် ဆုံးဖြတ်ချက်ချ၍ အဆက်အနွယ်ထဲသို့ ပြန်ဝင်နိုင်ပါသည်။ ဒါမှမဟုတ် သူသည် အပြစ်သွေးဆောင်ခြင်း၏ အလိုကိုလိုက်ပြီး ထိုစုံစမ်းနှောင့်ယှက်ခြင်းက သူ့ကိုအရှက်ရစေပြီး ကျန်ရှိသေးသောသူ့ဘဝတစ်ခုလုံးကို တိမ်မည်းကြီး ဖုံးအုပ်ထားသကဲ့သို့ဖြစ်သွားစေမည် ဖြစ်သည်။

ဘုရားသခင်ကို ကြောက်ရွံ့ခြင်းသည် သန့်ရှင်းသောအသက်တာရှိရန် လှုံ့ဆော်ပေးသောအရာဖြစ်သည်။ ထာဝရဘုရားကို ကြောက်ရွံ့ခြင်းဟူသော ဖော်ပြချက်သည် ၎င်း၏သဘောလက္ခဏာကို ပပျောက်စေကြပြီး ရိုသေခြင်း (သို့) ကြည်ညိုလေးစားခြင်းသဘောလောက်သာ ပုံဆောင်တော့သည်။ ကြောက်ရွံ့ခြင်းဆိုသည့် စကားလုံးကို ထာဝရဘုရားအား မှန်ကန်သောကြောက်ရွံ့ခြင်း၊ သူမနှစ်သက်မှာကိုကြောက်ရွံ့ခြင်း၊ သူ၏ စည်းကမ်းများကို ကြောက်ရွံ့ခြင်းဟူ၍ အဓိပ္ပါယ်ဖွင့်ဆိုရန် အချိန်တန်လာပါပြီ။ အဖ၏အပြစ်ကြောင့် (သူ၏) အမျိုးအနွယ် သုံး၊ လေးဆက်အထိ အကျိုးသက်ရောက်မှုရှိတတ်သည်ဆိုသည့် အသိတရားသည် ယခုထိတိုင် ဖြစ်နေသည်။ မယားအပေါ်၌ သစ္စာမဲ့သော ဖခင်တစ်ဦးသည် သူပြစ်

များသကဲ့သို့ သူ့သားကလည်း ထိုနည်းလည်းကောင်း ပြစ်မှားလေ့ရှိသည်ကို တွေ့ရပေမည်။

ကျွန်ုပ်တို့သည် သန့်ရှင်းခြင်းသို့ အမှီလိုက်ရန် လျှောက်လှမ်းသည့် အသက်တာတွင် အပန်းဖြေဖို့မဟုတ်သည့်အကြောင်း ကျွန်ုပ်တို့ကယ်တင်ရှင်၏ ပုံတူဖြစ်ခြင်း၌ ကြီးထွားနိုင်ရန် နှိုးဆော်မှုအရှိန်ကို မြှင့်တင်သင့်သည့်အကြောင်းနှင့် ပတ်သက်၍အချို့သော အကျိုးအကြောင်းများကို ဖော်ပြပြီးဖြစ်ပါသည်။

ယခုကျွန်ုပ်တို့သည် သန့်ရှင်းစင်ကြယ်စေခြင်း (Sanctification) အကြောင်းအရာကို အကျယ်တဝင့်ဆက်လက်လေ့လာသွားမည်။ သန့်ရှင်းစင်ကြယ်စေခြင်းဆိုသည့် စကားလုံးသည် သန့်ရှင်းခြင်းအသက်တာနှင့် အတူတူပင်ဖြစ်သည်။



# အခန်း (၅)

## သန့်ရှင်းစင်ကြယ်စေခြင်းအမျိုးအစား (၄) ခု

Joe ဆိုတဲ့ ပုဂ္ဂိုလ်သည် ကယ်တင်ခြင်းမရရှိမီကတည်းက သန့်ရှင်းသော ဝိညာဉ်တော်၏ မှတ်သားခြင်းခံရသည်ကို သူမသိခဲ့ပါ။ အမှန်ကတော့ သူသည် မွေးဖွားသည့်အချိန်ကတည်းက သီးသန့်ခွဲခန့်ထားသောသူ ဖြစ်သည်။ အရွယ်ရောက်သောအခါ ဖြစ်ပျက်တဲ့အားလုံးအားဖြင့်လည်း ထိုအရာကို ထိုအချိန်၌ သိသာထင်ရှားခြင်းမရှိခဲ့ပါ။ သူသည် မှန်ကန်သောယုံကြည်သူများနှင့် အဆက်အသွယ်ရခဲ့သည်။ တစ်နေ့တော့ သူ့ကိုသူစိမ်းတစ်ယောက်က သတင်းကောင်းအကြောင်းရေးသားထားသော ဝေစာပေးခဲ့သည်။ ခရစ်ယာန်ရုပ်သံလွှင်ခြင်း အစီအစဉ်ကိုလည်းအမှတ်တမဲ့ လိုင်းဖမ်းမိခဲ့သည်။ အလုပ်ခွင်တွင် လုပ်ဖော်ကိုင်ဖက်တစ်ဦးက သူ့ကို သက်သေခံဝေငှခဲ့သည်။ TV မှတဆင့် သတင်းကောင်း Crusade ကို သူကြည့်ခဲ့သည်။ ထို့နောက် သူ့အမျိုးသမီးသည် အသက်တာပြောင်းလဲခဲ့ပြီး သူ၏အိမ်ထောင်သည် အကြီးအကျယ်ပြောင်းလဲသွားသည်။ နောက်ပိုင်းတွင် Joe သည် အထက်ပါဖော်ပြသော တိုက်ဆိုင်မှုအားလုံးတို့သည် သူ၏ကယ်တင်ခြင်းနောင်ကြိုးနှင့် ဆက်စပ်အောင်၊ သန့်ရှင်းသော ဝိညာဉ်တော်ကစီစဉ်ထားခြင်းဖြစ်ကြောင်း သူရိပ်မိလာခဲ့သည်။

နောက်ဆုံးတွင် Joe သည် ယေရှုခရစ်တော်ကို ကယ်တင်ရှင်နှင့်သခင်အဖြစ် ယုံကြည်အားကိုးလာသောအခါ ဘုရားသခင်၏ ရှေ့မှောက်တွင် သန့်ရှင်းစင်ကြယ်ခြင်းရာထူးကို ပေးအပ်ခြင်းခံရပြီဖြစ်ကြောင်း သိခဲ့သည်။ သူသည် ဘုရားသခင်၏အမြင်တွင် ခရစ်တော်ထဲ၌ ရှိနေပြီဖြစ်သည်။ ဆိုလိုရင်းမှာ ယခုအချိန်တွင် ခရစ်တော်သည် သူ၏သန့်ရှင်းခြင်းဖြစ်သည့်အတွက် သူသည်ကောင်းကင်နိုင်ငံနှင့် ထိုက်တန်ခြင်းဖြစ်သည်။ သူသည် စာတန်က ဦးဆောင်သည့် ဤလောကီ၏

## ခန့်ထားခြင်း (နေရာယူမှုပိုင်း) ဆိုင်ရာ သန့်ရှင်းစင်ကြယ်စေခြင်း

ပုဂ္ဂိုလ်တစ်ဦးသည် ကယ်တင်ခြင်းရရှိသည့် အခိုက်မှာပဲ သန့်ရှင်းသူအရာ၌ ခန့်ထားခြင်းခံရပြီး ၎င်းသည် ဘုရားသခင်က သူ့ကိုခရစ်တော်၏အထံ၌ မြင်၍ သူ့ (ဘုရား) အတွက် ဤကမ္ဘာကနေ သီးသန့်ရွေးနုတ်ခွဲခန့်ခဲ့သည် (၁ ကော ၁း၂)။ အနှစ်သာရပြည့်ပြည့်ဝဝပြောရမည်ဆိုလျှင် ခရစ်တော်သည် သူ၏သန့်ရှင်းခြင်းပင်ဖြစ်သည် (၁ ကော ၁း၃၀)။

စစ်မှန်သော ယုံကြည်သူတိုင်းသည် သူတော်စင်ဖြစ်ပြီး သူသည် ဘုရားသခင်အတွက် သီးသန့်ခွဲခန့်ထားသောသူဖြစ်သည်။ ကလေးငယ်တစ်ယောက်က ဘုန်းတော်ဝင်စားသွားသော (သေဆုံးသွားသော) ခရစ်ယာန်သာလျှင် သူတော်စင် (သန့်ရှင်းသူ) ဖြစ်သည်ဟု သတ်မှတ်ဖော်ပြခဲ့သည်။ ဆန့်ကျင်ဘက်အနေဖြင့် စစ်မှန်သော ခရစ်ယာန်တိုင်းသည် သေသည်ဖြစ်စေ၊ ရှင်သန်သည်ဖြစ်စေ သန့်ရှင်းသူဖြစ်သည်။ သို့သော် သန့်ရှင်းသူသည် တစ်ချိန်တည်းမှာဘဲ ဇာတိပကတိလူဖြစ်နိုင်သည် (၁ ကော ၁း၁, ၂။ ၃း၁,၃)။

သို့သော် သူသည် သန့်ရှင်းသူအရာ၌ ခန့်ထားခြင်းဖြင့် သန့်ရှင်းစင်ကြယ်စေခြင်းဖြစ်ပြီး သူတော်စင်ကဲ့သို့ဖြစ်အောင် သူ၏အပြုအမူများကို သန့်ရှင်းစင်ကြယ်စေခြင်းမျိုးတော့ မဟုတ်ပါ။ သို့ဖြင့်နောက်ပိုင်းတွင် သန့်ရှင်းသူတို့သည် သန့်ရှင်းသောအသက်တာရှိရန် တိုက်တွန်းခဲ့ခြင်းဖြစ်သည် (၁ ပေ ၁း၂, ၁၅, ၁၆)။

တမန်တော် ၂၀း၃၂ တွင် ဖော်ပြသော သန့်ရှင်းသူအပေါင်းတို့ဟူသည့် စကားလုံးသည် ယုံကြည်သူအားလုံးကို ဆိုလိုသည်။ တမန်တော် ၂၆း၁၈ တွင် ခရစ်တော်က သူ၏ လူများအား ငါ့ကို ယုံကြည်သောအားဖြင့် သန့်ရှင်းခြင်းသို့ ရောက်သောသူတို့ . . . ဟူ၍ ဖော်ပြထားသည်။

ကောရိန္သုမြူများကိုလည်း . . . ဆေးကြောသန့်ရှင်း၍ ဖြောင့်မတ်ရာသို့ ရောက်ကြောင်း ဖော်ပြခဲ့သည် (၁ ကော ၆း၁၁)။ အထက်ပါကျမ်းပိုဒ်များသည်



တူပင်ဖြစ်၍ ၎င်းမှစကားလုံးနှစ်ခုဖြင့် ဘာသာပြန်ကြခြင်းဖြစ်ပြီး ဆိုလိုရင်း အဓိပ္ပါယ်တူညီသည်။

သန့်ရှင်းခြင်း (သို့) စင်ကြယ်စေခြင်းသည် သီးသန့်ခွဲခန့် (ခွဲခြမ်း) ဖို့ရန်ဖြစ်သည်။ ဤအဓိပ္ပါယ်ဖွင့်ဆိုချက်သည် သန့်ရှင်းစင်ကြယ်ခြင်းနှင့် ပတ်သက်၍ သမ္မာကျမ်းစာ၌ တွေ့ရသောဖြစ်ရပ်ဖြစ်စဉ်တိုင်းနှင့် အသင့်တော်ဆုံးဖြစ်သည်။

ယုံကြည်သူများ၏ မှားနေကျအမှားတစ်ခုမှာ သန့်ရှင်းစင်ကြယ်ခြင်း၏ အဓိပ္ပါယ်သည် ပိုမိုပြည့်စုံအောင်ပြုလုပ်ခြင်းဟူ၍ ထင်မြင်ခြင်းဖြစ်သည်။ ဤထင်မြင်ချက်သည် အမှန်မဟုတ်နိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် ခရစ်တော်သည် မိမိကိုယ်ကို သန့်စင်ခဲ့ကြောင်း သိရသည် (ယောဟန် ၁၇း၁၉)။ ပြီးနောက် သူ့ကို ကျွန်ုပ်တို့စိတ်နှလုံးထဲ၌ သန့်ရှင်းရန်ဖြစ်သည် (၁ ပေ ၃း၁၅)။ သူသည် သူ၏ဖြစ်သည့်အတိုင်းထက် ပိုမိုပြည့်စုံအောင် မပြုလုပ်နိုင်ပါ။ ကျွန်ုပ်တို့သည်လည်း သူ၏ပြည့်စုံခြင်းကို ထပ်မံဖြည့်စွက်နိုင်ခြင်းမရှိသည်မှာ သေချာလှသည်။ သို့သော် သူသည် အဖခမည်းတော်၏ အလိုတော်ရှိသည့်အတိုင်း၊ လုပ်ဆောင်နိုင်သည့်အတိုင်း မိမိကိုယ်ကို သီးသန့်ခွဲခန့်ခဲ့သည်။ ထိုနည်းလည်းကောင်းပဲ ကျွန်ုပ်တို့၏ အသက်တာ၌ သူ့ကို အာဏာရှင်သခင်နှင့် ဘုရားသခင်အဖြစ် သီးသန့်ခွဲခန့်နိုင်သည်။

သမ္မာကျမ်းစာတွင် သန့်ရှင်းစင်ကြယ်ခြင်းကို ပုဂ္ဂိုလ်နှင့် အရာဝတ္ထုများပေါ်တွင် အသုံးပြုခဲ့သည်။ တစ်ဆူတည်းသော ဘုရား၌ပါဝင်သော သုံးပါးတို့သည် သန့်ရှင်းကြသည်ဖြစ်၍ ၎င်းသည် ဖန်ဆင်းထားသော သတ္တဝါနှင့် အရာဝတ္ထုများအားလုံးမှ သဘောသဘာဝနှင့် စာရိတ္တတို့၌ အကောင်းဆုံးသော ထူးခြားပြောင်မြောက်ခြင်း၌ သီးသန့်ခွဲခန့်ထားခြင်းဖြစ်သည်။ (ဝတ်ပြုရာကျမ်း ၁၁း၄၄–၄၅၊ ယောဟန် ၁၀း၃၆၊ ၁ ကော ၆း၁၉) သိနာတောင် (Mount Sinai) သည် ပညတ်တော်ပေးသည့်နေရာအဖြစ် သီးသန့်ခွဲခန့်ခဲ့ခြင်းဖြင့် သန့်ရှင်းစင်ကြယ်စေခဲ့သည် (ထွက်မြောက်ရာ ၁၉း၂၃)။ ဓမ္မဟောင်း၊ ကမ္ဘာဦးကျမ်းတွင် ထာဝရဘုရားက

သတ္တမနေ့ကို သန့်ရှင်းစင်ကြယ်စေခဲ့ပြီး (ကမ္ဘာဦး ၂း၃)။ အလုပ်ခွင်မှ အနားယူသည့်နေ့အဖြစ် သီးသန့်သတ်မှတ်ခွဲခန့်ခဲ့သည်။ အဦးဆုံးသော သားနှင့် တိရစ္ဆာန်သားဦးတို့သည် အထံတော်သို့ သန့်ရှင်းစင်ကြယ်စေပြီး (ထွက် ၁၃း၂) သူ့အဖို့ သီးသန့်ခွဲခန့်ခဲ့သည်။ တဲတော်နှင့် ၎င်း၏အထဲ၌ ရှိသမျှသော တန်ဆာများကို သန့်ရှင်းစင်ကြယ်စေပြီး၊ ၎င်းသည်အမှုတော်မြတ်အတွက် သီးသန့်ခွဲခန့်ထားခြင်းဖြစ်သည် (ထွက်မြောက်ရာ ၄၀း၉)။ ဣသရေလလူမျိုးတို့သည် ဆိုးယုတ်သောအမှုတော်၌ မိမိကိုယ်ကို ပိုသန့်ရှင်းအောင် လုပ်ဆောင်ခြင်းမဟုတ်ကြောင်း သိသာထင်ရှားသည်။

မယုံကြည်သူများပင်လျှင် သန့်ရှင်းစင်ကြယ်နိုင်သည့်နေရာရှိသည်။ ဥပမာ – မယုံကြည်သော လင်မယားသည် ယုံကြည်သောလင်၊ မယားအဖို့ စင်ကြယ်၏ (၁ ကော ၇း၁၄)။ ၎င်း၏ အဓိပ္ပါယ်သည် ကယ်တင်ခြင်းအတွက် သေချာမှုကို မဆိုလိုပါ။ ဤနေရာတွင် ပြောချင်သည့်အရာက ထိုလင် (သို့) မယားသည် ခရစ်ယာန် လင် (သို့) မယားရှိသည့်အတွက် ပြင်ပပိုင်းဆိုင်ရာ အခွင့်အရေးရရှိရန်အတွက် သီးသန့်ခွဲခန့်ခြင်းကို ဆိုလိုသည်။ ယုံကြည်သူတစ်ဦး၏ လွှမ်းမိုးခြင်း၊ ဆုတောင်းပေးသောအဖော်ရှိနေခြင်းတို့သည် ကြီးမားသော အကျိုးအမြတ်ရရှိခြင်းဖြစ်သည်။

အထက်ပါဖော်ပြသောအရာများအားဖြင့် သီးသန့်ခွဲခန့်ခြင်းဟူသော စကားလုံးသည် သန့်ရှင်းစင်ကြယ်စေခြင်း၏ အသုံးအနှုန်းအားလုံးကို လုံလောက်စွာ ကာမိကြောင်း ရှင်းလင်းလှပါသည်။

ယခု ဓမ္မသစ်တွင်တွေ့ရသော သန့်ရှင်းစင်ကြယ်စေခြင်း၏ သွင်ပြင် (၄) ခုကို လေ့လာရမည်ဖြစ်သည်။ ထို (၄) ခုမှာ

- အသက်တာ မပြောင်းလဲမီသန့်ရှင်းစင်ကြယ်စေခြင်း
- ခန့်ထားခြင်း (နေရာယူမှုပိုင်း) ဆိုင်ရာ သန့်ရှင်းစင်ကြယ်စေခြင်း



- လက်တွေ့ပိုင်းဆိုင်ရာ (သို့) တိုးတက်မှုပိုင်းဆိုင်ရာ သန့်ရှင်းစင်ကြယ်စေခြင်း။
- ပြည့်စုံသော သန့်ရှင်းစင်ကြယ်စေခြင်း

## အသက်တာမပြောင်းလဲမီသန့်ရှင်းစင်ကြယ်စေခြင်း

ယုံကြည်သူများအားလုံးကို သူတို့မပြောင်းလဲခင်ကတည်းက သန့်ရှင်းသော ဝိညာဉ်တော်က သန့်ရှင်းစင်ကြယ်စေသည်။ သက်သာလောနိယုံကြည်သူများ၏ ကယ်တင်ခြင်းသို့ရောက်ရှိခြင်းခြေလှမ်း (၃) ခုကို ရှင်ပေါလုက ဖော်ပြထားသည် (၂ သက်သာလောနိ ၂း၁၃)။

- ဘုရားသခင်မှ ရွေးကောက်ခြင်း
- ဝိညာဉ်တော်ဖြင့် သန့်ရှင်းစင်ကြယ်စေခြင်း
- သမ္မာတရားကို ယုံကြည်ခြင်း

အထက်ပါနည်းတူ ရှင်ပေတရုကလည်း (၁ ပေ ၁း၂) တွင် ဖော်ပြထားသည်။

- အဖဘုရားသခင်မှ ရွေးချယ်ခြင်းနှင့် သီးခြားခွဲခန့်ခြင်း
- ဝိညာဉ်တော်အားဖြင့် သန့်ရှင်းစင်ကြယ်စေခြင်း
- ယေရှုခရစ်တော်ကိုနာခံခြင်း
- သူ၏ အသွေးတော်နှင့်ဖြန်းခြင်း

ဤအကြောင်းအရာနှစ်ခုစလုံးတွင် အသက်တာမပြောင်းလဲမီ သန့်ရှင်းစင်ကြယ်စေခြင်းသည် အရင်လာသည်။ သန့်ရှင်းသော ဝိညာဉ်တော်က ခရစ်တော်နှင့်ဆိုင်သော (ခရစ်တော်ပိုင်ဆိုင်သော) သူကို သီးသန့်ခွဲခြားသတ်မှတ်ထားသည်။ ထို့နောက် သူသည် သမ္မာတရားကို နာခံယုံကြည်လာပြီး ထိုမှတဆင့် ခရစ်တော်၏ အသွေးတော်ဖြန်းခြင်းကျေးဇူး (တန်ဖိုး) ဖြင့် သန့်ရှင်းစင်ကြယ်ကြောင်း ယုံကြည်ယူဆလာသည်။

ခန့်ထားခြင်း (နေရာယူမှုပိုင်း) ဆိုင်ရာ သန့်ရှင်းစင်ကြယ်စေခြင်းကို ရည်ညွှန်းသည်။

## လက်တွေ့ပိုင်းဆိုင်ရာ (သို့) တိုးတက်မှုပိုင်းဆိုင်ရာ သန့်ရှင်းစင်ကြယ်စေခြင်း

လက်တွေ့နှင့်ဆိုင်သော သန့်ရှင်းခြင်းသည်လည်း ရှိပါသေးသည်။ ၎င်းသည် နေ့စဉ်နေ့တိုင်း အသက်တာ၌ ဘယ်လိုနေထိုင်သင့်သည့်အကြောင်း ဖော်ပြခြင်းကို ဆိုလိုသည်။ ကျွန်ုပ်တို့သည် အပြစ်နှင့် မကောင်းမှုတို့မှ ကင်းကွာ၍ ဘုရားသခင်ထံသို့ သီးသန့်နေထိုင်သော အသက်တာရှိရန် လိုအပ်သည်။ ကျွန်ုပ်တို့ကို သန့်ရှင်းခြင်းအသက်တာရှိရန် နှိုးဆော်မှုတိုင်းသည် ဤလက်တွေ့နှင့်ဆိုင်သော သန့်ရှင်းစင်ကြယ်ခြင်းကို ရည်ညွှန်းခြင်းဖြစ်သည်။ ကျွန်ုပ်တို့ အမြဲတမ်းပြောနေသည့် သန့်ရှင်းခြင်း၏ သွင်ပြင်လက္ခဏာသည် ဤအရာပင်ဖြစ်သည်။

ရှင်ယောဟန် ၁၇း၁၇ တွင် ယေရှုက သူ့အတွက် သူကိုယ်တိုင် ဆုတောင်းခဲ့သော ကိုယ်တော်၏သမ္မာတရားအားဖြင့် သန့်ရှင်းစေတော်မူပါ . . . ဟူသည့် ဆုတောင်းချက်သည် ယေရှုက ဤအရာသည် (လက်တွေ့ဆိုင်ရာ သန့်ရှင်းခြင်း) ကို ရည်ညွှန်းခြင်းဖြစ်သည်။ ရှင်ပေါလုက ကောရိန္သုလူတို့ကို . . . ကိုယ်ခန္ဓာ၏အညစ်အကြေး၊ စိတ်ဝိညာဉ်၏အညစ်အကြေးရှိသမျှတို့နှင့် ကိုယ်ကိုကိုယ်ကင်းစင်စေလျက်၊ ဘုရားသခင်ကို ကြောက်ရွံ့၍ သန့်ရှင်းခြင်းပါရမီနှင့် ပြည့်စုံကြကုန်အံ့ . . . ဟူ၍ တိုက်တွန်းခဲ့သည် (၂ ကော ၇း၂)။ အလားတူပင် ရှင်ပေတရုကလည်း ဤသို့ရေးသားသမျှတို့၌ သန့်ရှင်းခြင်းရှိကြလော့ . . . (၁ ပေတရု ၁း၁၅)။

အကယ်၍ ကျွန်ုပ်တို့သည် သီးသန့်ခွဲခန့်သတ်မှတ်ခြင်းကို ခံယူမည်ဆိုလျှင် ကျွန်ုပ်တို့၏ ဘေးပတ်ဝန်းကျင်ရှိ မယုံကြည်သူများမှ မလွဲမရှောင်သော ကွဲပြားခြားနားကြရမည်ဖြစ်သည်။ တစ်ခါတစ်ရံ ဤအချက်သည် ဖြုံချဖို့ရန် (ခံယူဖို့ရန်) ခက်ခဲသော အမှန်တရားဖြစ်သည်။ ကျွန်ုပ်တို့သည် မခြားနား (မထူးခြား)

ချင်ကြပါ။ ကျွန်ုပ်တို့သည် အအုပ်လိုက် (တိရစ္ဆာန်ကဲ့သို့) နေချင်ကြသည်။ သို့သော် ထာဝရဘုရားက ကျွန်ုပ်တို့ကို ထူးခြားခြားနားစေချင်သည်။ ထာဝရဘုရားသည် ဣသရေလလူမျိုးတို့ကို ခေါ်ဆောင်ခဲ့သောအခါ ထိုလူမျိုးသည် တစ်မျိုးတည်းနေ၍ အခြားတစ်ပါးသော လူမျိုးတို့နှင့် မရောနှောရ . . . ဟူ၍ ဗာလမ် (Balaam)၏ ပြောခဲ့တဲ့အတိုင်း ထာဝရဘုရားက သူတို့ကို ဖြစ်စေချင်သည် (တောလည်ရာကျမ်း ၂၃း၉ခ)။ သူတို့အား သီးသန့်နေထိုင်ခြင်း၏ အမှန်တရားကို နည်းလမ်းများစွာဖြင့် သင်တန်းပေးခဲ့သည်။ သူတို့သည် ခြားနားသော မျိုးစေ့ကိုရောနှော၍ လယ်၌မကြဲရပါ။ ဝါနှင့်သိုးမွေးရော၍ ယက်သောအဝတ်ကို မဝတ်ရပါ။ (ဝတ်ပြုရာကျမ်း ၁၉း၁၉)။ သူတို့သည် နွားနှင့်မြည်းကိုဖက်၍ လယ်မထွန်ရပါ (တရားဟောရာကျမ်း ၂၂း၉)။ သို့သော် ဣသရေလတို့သည် ထူးခြားခြားနားမှုကို မလိုချင်ခဲ့ကြပါ။ မကြာမီပင် သူတို့သည် အခြားနိုင်ငံများ၏ ထုံးစံအတိုင်း ရှင်ဘုရင်ကိုချီးမြှောက်ခပေးရန် ဆူညံပူဆာခဲ့ကြသည် (၁ ဓမ္မရာဇဝင် ၈း၅, ၂၀)။

ထိုနည်းတူ ယနေ့အသင်းတော်၌ ပြိုင်တူဖြစ်နေခြင်းကို အသေးစိတ်ရှင်းပြရန် လိုအပ်မည်မထင်ပါ။

## ပြီးပြည့်စုံသော သန့်ရှင်းစင်ကြယ်စေခြင်း

စတုတ္ထအချက်မှာ ပြီးပြည့်စုံသော သန့်ရှင်းစင်ကြယ်စေခြင်းဖြစ်သည်။ ဤအရာသည် ယုံကြည်သူ၏ အနာဂတ်အတွက်ဖြစ်သည်။ ကယ်တင်ရှင်ကို မျက်နှာချင်းဆိုင်တွေ့မြင်သောအခါ ဆိုးယုတ်သော ညစ်ညမ်းမှုနှင့် အပြစ်အားလုံးတို့မှ ထာဝရသီးသန့်ခွဲခြားသွားမည်ဖြစ်သည် (၁ ယော ၃း၂)။ ယုံကြည်သူသည် ကိုယ်ကျင့်တရား၌ ခရစ်တော်ယေရှုကဲ့သို့ ပြီးပြည့်စုံသော သန့်ရှင်းစင်ကြယ်ခြင်းသို့ ရောက်ရှိသွားမည်ဖြစ်သည်။

ကောလောသဲ ၁း၂၁-၂၂ တွင် ကျွန်ုပ်တို့ ဤသို့ဖတ်ရသည်။ ကိုယ်ခန္ဓာတော်အသေခံတော်မူသောအားဖြင့် ယခုသင့်မြတ်စေတော်မူ၏။ . . . တည်ကြည်



ခြင်းနှင့်တကွ မြဲမြံစွာယုံကြည်ကြလျှင် သန့်ရှင်းစင်ကြယ်လျက် အပြစ်တင်ခွင့်နှင့် ကင်းလွတ်လျက်ရှိသော သင်တို့ကို ရှေ့တော်၌ဆက်သမည့်အကြောင်းတည်း။

အခြားကျမ်းပိုဒ်တွင် ရှင်ယုဒကလည်း ဤသို့ရေးသားခဲ့သည်။ . . . ထိမိ၍ လဲခြင်းနှင့်ကင်းလွတ်စေမည့်အကြောင်း သင်တို့ကို စောင့်ရှောက်ခြင်းငှာလည်းကောင်း၊ အပြစ်မရှိဘဲ ဝမ်းမြောက်ခြင်းနှင့် ပြည့်စုံလျက်ရှိသောသင်တို့ကို ဘုန်းအသရေတော်ရှေ့၌ ဆက်သခြင်းငှာလည်းကောင်း . . . . (ရှင်ယုဒ ၂၄)။

ဖော်ပြခဲ့သောအရာများသည် သန့်ရှင်းစင်ကြယ်စေခြင်း၏ ပင်ကိုသွင်ပြင် (၄) ခုဖြစ်သည်။ အသက်တာမပြောင်းလဲမီ ဘာဖြစ်ခဲ့သလဲ။ အသက်တာပြောင်းလဲနေသည့်အခိုက်တွင် ဘာဖြစ်သလဲ။ နေ့စဉ်နေ့တိုင်းအသက်တာတွင် ဘာဖြစ်နေ(သင့်) သလဲ။ ထို့နောက် ကိုယ်တော့်ကို တွေ့မြင်သောအခါ ဘာဖြစ်ဦးမလဲဆိုတာကို ဖော်ပြခဲ့ခြင်းဖြစ်သည်။ ဤစာအုပ်တွင် တတိယအချက်ကို အဓိကရေးသားဖော်ပြခြင်းဖြစ်သည်။

ဆိုသော် ငါတို့စစ်တိုက်၍သုံးသော လက်နက်သည် ဇာတိပကတိလက်နက်မဟုတ်။ ဘုရားသခင်၏တန်ခိုးတော်အားဖြင့် မြို့ရိုးမြို့ပြတို့ကို ဖြိုဖျက်နိုင်သော လက်နက်ဖြစ်သည် (၂ ကော ၁၀း၄)။ အချို့သောသူများက လက်နက်တန်ဆာဆောင်ခြင်းသည် ခရစ်တော်၏ အထဲ၌ ကျွန်ုပ်တို့၏ အနေအထား (နေရာယူမှု) ကို ဆိုလိုသည်ဟု ထင်မှတ်ခဲ့ကြသည်။

ဥပမာအနေဖြင့် ဖြောင့်မတ်ခြင်းပါရမီတည်းဟူသော ရင်အုပ်တန်ဆာသည် ကျွန်ုပ်တို့အသက်တာပြောင်းလဲသည့်အခါ ဘုရားသခင်က ကျွန်ုပ်တို့အား လွှမ်းခြုံထားသော ဖြောင့်မတ်ခြင်းကို ဆိုလိုသည်ဟူ၍ ပြောခဲ့ကြသည်။ အကယ်၍ လက်နက်တန်ဆာသည် ခရစ်တော်နှင့် ကျွန်ုပ်ဆို့ ဆက်နွယ်ခြင်းအားဖြင့် ရရှိလာသော ကျွန်ုပ်တို့၏ ဖြောင့်မတ်ခြင်း၊ မှန်ကန်ခြင်း၊ ယုံကြည်ခြင်း၊ ကယ်တင်ခြင်းတို့ကို ရည်ညွှန်းခြင်းဖြစ်သည်မှန်လျှင် ယုံကြည်သူအားလုံးတို့သည် ဘေးကင်းလုံခြုံကြလိမ့်မည်။ ခရစ်ယာန်များသည် ကိုယ်ကျင့်တရားမကောင်းခြင်းနှင့် လွဲမှားသော သွန်သင်ခြင်းတို့ကြောင့် စစ်ကွင်းပြင်၌ ပြိုလဲကျသည်ဆိုသည့်သတင်းတွေကို ကျွန်ုပ်တို့ကြားရမည်မဟုတ်ပါ။ ခရစ်ယာန်စစ်သည်များအနေဖြင့် စစ်ဝတ်တန်ဆာလက်နက်များကို အမြဲတမ်းအလိုလိုဝတ်ဆင်ထားပြီးသောကြောင့် တစ်စုံတစ်ခုမျှကို ဝတ်ဆင်ယူဆောင်ရန် လိုအပ်တော့မည်မဟုတ်ပါ။ ခရစ်တော်၏အထဲ၌ ကျွန်ုပ်တို့၏အနေအထား (Position) ကို ရည်ညွှန်းခြင်းတော့ မဟုတ်နိုင်ပါ။ ၎င်းသည် ကျွန်ုပ်တို့၏ နေ့စဉ်အသက်တာနှင့် လက်တွေ့လုပ်ဆောင်ရမည့်အရာဖြစ်သည်။

ဘုရားသခင်၏လက်နက်တန်ဆာသည် သန့်စွမ်းခိုင်မာသော ခရစ်ယာန်စာရိတ္တ၏ အစိတ်အပိုင်းများကို ဖော်ပြခြင်းဖြစ်သည်။ အကယ်၍ ခရစ်ယာန်စစ်သည်သည် အပြစ်တင်ခွင့်ကင်းလွတ်ခြင်းနှင့် အမှတ်ပြည့်နေထိုင်နိုင်လျှင် ရန်သူက ပစ်ခတ်နိုင်သည့်နေရာအနည်းငယ်သာ ရှိမည်။ ကျွန်ုပ်တို့ကို စစ်ဝတ်တန်ဆာများဝတ်ဆင်ကိုင်ဆောင်ရန်အမိန့်ပေးသည့်အချက်သည် ကျွန်ုပ်တို့၌ အပြုသဘောဆောင်သော လုပ်ရမည့်အရာများ ရှိကြောင်းပြသသည်။ ၎င်းသည် ကျွန်ုပ်တို့ဟာ



# အခန်း (၆)

## ဘုရားသခင်၏ ပြင်ဆင်ပေးသောလက်နက်စုံ

ဓမ္မသစ်ကျမ်းတွင် သန့်ရှင်းခြင်း၏အကြောင်းကို အမျိုးမျိုးဖြင့် ခိုင်းနှိုင်းရှင်းပြထားပါသည်။ သန့်ရှင်းခြင်းသည် ညစ်ပတ်သောအဝတ်ကိုချွတ်၍ အသစ်သောအဝတ်အစားကို ဝတ်ဆင်သကဲ့သို့ဖြစ်သည် (ကောလောသဲ ၃း၉၊ ၁၀)။ အသစ်သော အဝတ်အစားများသည် ခရစ်တော်၏ အသက်တာကို ဆိုလိုခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ယေရှုခရစ်တော်ကို ဝတ်ဆင်ကြရမည်ဖြစ်ပြီး ကိုယ်ကာယ၏တပ်မက်ခြင်း (တဏှာ) က ခန္ဓာကိုယ်ကို ထောက်ပံ့ခွင့်မပေးရပါ (ရောမ ၁၃း၁၄)။

သန့်ရှင်းခြင်းကို ပုံဖော်သော အခြားအရာတစ်ခုမှာ စပျစ်နွယ်မှကြီးထွားလာသော အသီးများဖြစ်သည်။ ခရစ်တော်သည် စပျစ်နွယ်ပင်ဖြစ်သည်။ ခရစ်တော်၌တည်သော ယုံကြည်သူသည် ခရစ်တော်၏ စာရိတ္တကဲ့သို့သောအသီးများကို သီးသည် (ရှင်ယောဟန် ၁၅း၁–၁၇)။ ဤသို့ဖြစ်ခြင်းကို ရှင်ပေါလုက ဝိညာဉ်၏အသီးဟူ၍ ဖော်ပြထားသည် (ဂလာတိ ၅း၂၂–၂၃)။

သန့်ရှင်းခြင်းသည် ခရစ်တော်၏အထဲ၌ ချစ်ခြင်းမေတ္တာအဖြစ်သန္ဓေတည်ပြီး ထိုမှတဆင့် ယုံကြည်သူ၏အထဲ၌လည်း ချစ်ခြင်းမေတ္တာအဖြစ်သန္ဓေတည်ကြောင်း ရှင်ပေါလုက တွေ့မြင်သည် (၁ ကော အခန်း ၁၃)။ ဆက်လက်၍ ရှင်ပေါလုက စစ်သားတစ်ဦး၏ လက်နက်အဖြစ် ဖေက်ဩဝါဒ ၆း၁၀–၁၈ တွင် ပြန်လည်ပုံဖော်ပြခဲ့သည်။ ၎င်းပုံဖော်ချက်ကို ဆက်လက်လေ့လာကြစို့။

### အဘယ့်ကြောင့် ကျွန်ုပ်တို့တွင် လက်နက်လိုအပ်သလဲ

ခရစ်ယာန်ဘဝသည် စစ်ပွဲဆင်နွှဲသောဘဝဖြစ်ပြီး ယုံကြည်သူတိုင်းသည် စစ်သားဖြစ်သည်။ တိုက်ပွဲများသည် တစ်နေရာနှင့် တစ်နေရာ၊ အချိန်အခါလိုက်၍

ပြင်းထန်ခြင်း မတူညီကြသော်လည်း အစဉ်မပြတ် ဖြစ်ပွားနေသော တိုက်ပွဲဖြစ်သည်။ သူတို့၏ ဗိုလ်ကြီးကို အကြွင်းမဲ့ဆက်ကပ်သောစစ်သားများ၊ ဗိုလ်ကြီးများနှင့် အနီးစပ်ဆုံး မတ်တပ်ရပ်သော စစ်သားများ၊ ရန်သူ၏အထူးချိန်ရွယ်ထား သော ပစ်မှတ်များဖြစ်သည်။ ရန်သူသည် အမည်ခံခရစ်ယာန်များအပေါ်၌ သူ၏လက်နက်ခဲယမ်းများ မဖြုန်းတီးပါ။

နောက်ဆုံးရလဒ်အတွက် သေချာသောအာမခံချက်ရှိသည် . . . ငါတို့ကိုချစ်တော်မူသော သူ၏ကျေးဇူးတော်ကြောင့် ငါတို့သည် ထိုအမှုခပ်သိမ်းတို့ကို ခံစဉ်တွင်ပင် အထူးသဖြင့် အောင်မြင်ကြ၏ (ရောမ ၈း၃၇)။ . . . ဘုရားသခင်သည် ငါတို့၌ရှိတော်မူလျှင် အဘယ်သူသည် ငါတို့တစ်ဖတ်၌နေနိုင်မည်နည်း . . . (ရောမ ၈း၃၁)။ နောက်ဆုံးတွင် ရန်သူများ၏ တန်ခိုးအာဏာအားလုံးတို့သည် ကျွန်ုပ်တို့၏ သခင်ယေရှု၏ ရှေ့မှောက်၌ ဒူးထောက်၍သူသည် သခင်ဖြစ်တော်မူသည်ဟု နှုတ်နှင့်ဝန်ခံကြပြီး ခမည်းတော်ဘုရား၏ ဘုန်းအသရေတော်ကို ထင်ရှားစေကြမည်ဖြစ်သည် (ဖိလိပ္ပိ ၂း၁၁)။

သို့သော် များစွာသော ကျွန်ုပ်တို့၏ သွေးသောက်ရဲဘော်များသည် စစ်မြေပြင်တွင် ပြန့်ကျဲနေသော လူသေကောင်များအဖြစ် အဘယ့်ကြောင့် တွေ့မြင်ကြရသနည်း။ အဘယ့်ကြောင့်များစွာသော လူသိများသည့် တရားဟောဆရာနှင့် ဓမ္မဆရာများသည် စစ်ပွဲတွင် အလဲထိုးခံခဲ့ကြသနည်း။ ကျွန်ုပ်တို့တွင် သေကြေဒဏ်ရာရရှိသူများ၏ အချိုးအစားသည် အဘယ့်ကြောင့် အလွန်မြင့်မားနေသနည်း။ အဖြေကတော့ – ရန်သူက သူတို့၏ ချပ်ဝတ်တန်ဆာပေါ်တွင် အက်ကွဲကြောင်းများပေါ်နေသည်ကိုတွေ့ရှိ၍ ၎င်းကိုတိုက်ရိုက် ချိန်ရွယ်ပြီး တိုက်ခိုက်သောကြောင့်ဖြစ်သည်။

အခြားသူများ ဆုံးရှုံးသကဲ့သို့ ကျွန်ုပ်တို့အားလုံး၌လည်း အန္တရာယ်ရှိပါသည်။ ထိုရှုံးဆုံးခြင်းမှ ကာကွယ်စောင့်ထိန်းနိုင်ရန် တမန်တော်ပေါလုက အတိုချုံးလက်စွဲစာအုပ်လေးကို ဖေက်ဩဝါဒ ၆း၁၀–၁၈ တွင် ဖော်ပြထားပါသည်။



## ကျွန်ုပ်တို့၏ ခွန်အားကြောင့်မဟုတ်၊ သူ့ခွန်အားကြောင့်

ပထမဆုံးအနေဖြင့် သခင်ဘုရား၌လည်းကောင်း၊ သူ့ခွန်အား၏ တန်ခိုးတော်၌လည်းကောင်း၊ ခိုင်ခံ့ခြင်းရှိရမည် (ဖေက် ၆း၁၀)။ အကယ်၍ ကျွန်ုပ်တို့၏ ခွန်အားကို အမှီပြု၍ တဟုန်ထိုးတိုက်ခိုက်မည်ဆိုလျှင် သေခြင်းကို လုနေခြင်းဖြစ်သည်။ ရန်သူ၌ သဘာဝလွန်သည့် တန်ခိုးရှိသည်။ ကျွန်ုပ်တို့၌ ရန်သူကို အနိုင်ယူရန် အားကိုးရာမဲ့ဖြစ်နေသည်။ ကျွန်ုပ်တို့၏ အင်အားအရင်းအမြစ်သည် မိမိအားနည်းချက်ကို ဝန်ခံ၍ သူ့တန်ခိုးတော်ကို ကျွန်ုပ်တို့အထဲ၌ စီးဆင်းနိုင်ရန် ခွင့်ပြုခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ရှင်ပေါလုက . . . ငါသည် အားနည်းသောအခါ တန်ခိုးနှင့် ပြည့်စုံလျက်ရှိ၏ . . . ဟု ပြောခဲ့ပါသည်။ ဘုရားသခင်၏ တန်ခိုးသည် အားနည်းခြင်းအဖြစ်၌ စုံလင်တတ်သည် (၂ ကော ၁၂း၁၀) (၂ ကော ၁၂း၉)။ ထို့ကြောင့် အားနည်းသော စစ်သားများသည် အောင်နိုင်သူဘက်မှ အောင်ပွဲခံနေလျှင် ၎င်း၏ထင်ပေါ်ကျော်ကြားခြင်း ဂုဏ်အသရေသည် တန်ခိုးအာဏာကိုပေးသော အရှင်သခင်နှင့်သာ သက်ဆိုင်သည်။

## စစ်ဝတ်တန်ဆာလက်နက်အစုံ

ကျွန်ုပ်တို့သည် ချပ်ဝတ်တန်ဆာလက်နက်အစုံကို ဆောင်ထားရမည်။ ၎င်းတွင်ပါဝင်သော အရာများမှာ ခါးပတ် (ခါးပန်း)၊ ရင်အုပ်တန်ဆာ၊ ခြေစွပ် (ဖိနပ်၊ ရှူးဖိနပ်)၊ လွှား၊ သံခမောက်၊ ဓား၊ များစွာသောဆုတောင်းပဌနာပြုခြင်းတို့ ပါဝင်သည်။ ရှင်ပေါလုက ဤစာကိုရေးသားနေသည့်အချိန်တွင် သူ့ကိုအစောင့်အဖြစ်ခန့်ထားသော ရောမစစ်သားတစ်ဦး၏ ဝတ်စုံကိုကြည့်ပြီး ၎င်းမှတဆင့် ဝိညာဉ်နှင့်ဆိုင်သော သင်ခန်းစာများကို ခိုင်းနှိုင်းဆွဲထုတ်ဖော်ပြခဲ့ခြင်းဖြစ်နိုင်သည်။ ဒါကြောင့် ကျွန်ုပ်တို့ မိမိကိုယ်ကို မေးရမည့်မေးခွန်းမှာ . . . “ရောမချပ်ဝတ်တန်ဆာလက်နက်နှင့် အဆင့်တူသော ဝိညာဉ်ပိုင်းဆိုင်ရာလက်နက်တန်ဆာဟာဘာလဲ . . .” ဆိုသည့် မေးခွန်းဖြစ်သည်။ ဤနေရာတွင် စာသားအရ တကယ့်စစ်သားလက်နက်တန်ဆာများကို ဆိုလိုခြင်းမဟုတ်ကြောင်း သေချာလှသည်။ အဘယ့်ကြောင့်

အာဏာအောက်တွင် လှုပ်ရှားကြသည်။ ဤနတ်ဆိုးများ၏ တန်ခိုးအားဖြင့် ဆိုးသွမ်းသော လူ (လူဆိုး) တို့ကို ရုပ်သေးများကဲ့သို့ အသုံးပြုပြီး ဘုရားသခင်၏လုပ်ငန်းကို အတားအဆီးပြုလုပ်၍ သူ၏ကျွန် (ယုံကြည်သူများ) ကို ညှင်းပန်းနှိပ်စက်ကြသည်။

ရှင်ပေါလုက ကျွန်ုပ်တို့သည် မှောင်မိုက်တန်းခိုး၏ ဝိညာဉ်ဆိုးများနှင့် တိုက်လှန်ကြသည်ဟုဆိုရာ၌ ၎င်းတို့ (သူတို့) သာလျှင် ကျွန်ုပ်တို့၏ ရန်သူများဟူ၍ မဆိုလိုပါ။ ကျွန်ုပ်တို့တွင် အခြေခံအားဖြင့် ရန်သူ (၃) မျိုးရှိသည်။ ၎င်းတို့မှာ စာတန်၊ လောက၊ အသွေးအသား (ခန္ဓာကိုယ်) တို့ ဖြစ်သည်။ ဒါကြောင့် ဤနေရာ (ဖေက် ၆း၁၁) တွင် တမန်တော်ပေါလုက စာတန်၊ သူ၏ ဗိုလ်ခြေများနှင့် ကျွန်ုပ်တို့အကြားတိုက်ပွဲကို အဓိကပြောခြင်းဖြစ်သည်။

**မိမိကိုယ်ကိုရုပ်တည်ပါ**

မိမိကိုယ်ကိုရုပ်တည်မည်ဆိုလျှင် ဘုရားသခင်၏ လက်နက်တန်ဆာအစုံလိုအပ်သည်။ ရန်သူသည် အရာအားလုံးကိုသိသောသူမဟုတ်သော်လည်း သူလုပ်ငန်း၌ အင်မတန်မှ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်သောသူဖြစ်ရာ၊ ကျွန်ုပ်တို့၏ ခံနိုင်စွမ်းမရှိဆုံးသောနေရာကို သူသိသည်။ ကျွန်ုပ်တို့၏ စာရိတ္တ (စရိုက်) အစိတ်အပိုင်းတစ်ခုကိုမျှ လျစ်လျူရှု (အလေးမထား) ၍ မရပါ။

ဓမ္မရာဇဝင် ဒုတိယစောင် ၂၃း၉–၁၀ တွင် လောဇာဆိုသော ပုဂ္ဂိုလ်သည် မိမိကိုယ်မိမိရုပ်တည်၍ . . . ဣသရေလလူတို့သည် ဆုတ်ခွာသွားသောအခါ၊ သူသည် လက်ညောင်း၍ ဓားနှင့်မှီလျက်နေရသည့်တိုင်အောင် ထ၍ဖိလိတ္တိလူတို့ကို လုပ်ကြံသည်ကို တွေ့ရသည်။ ဤကဲ့သို့သော ဇွဲလုံ့လဝီရိယနှင့် ဆုံးဖြတ်ချက်တို့ကို ကျွန်ုပ်တို့ ကိုယ်စီ၌ ရှိနေရန်လိုအပ်သည်။

ယခု ရှင်ပေါလုပြောထားသော လက်နက်တန်ဆာအစုံတို့ကို အစိတ်အပိုင်းတစ်ခုချင်းစီလေ့လာကြရမည်ဖြစ်သည်။ အချို့သော ဓမ္မဆရာများက ပထမ



ဘာအမျိုးအစားစစ်သည်မျိုး (ဘယ်လိုစစ်သည်မျိုး) ဖြစ်သလဲ၊ ဘယ်လိုပြုမူကျင့်ကြံကြသလဲဆိုတဲ့မေးခွန်းဖြစ်ပေါ်စေသည်။

**စာတန်၏လှည့်ကွက်များ (သို့) ပရိယာယ်များ**

ဘုရားသခင်၏ တန်ဆာလက်နက်သည် မာရ်နတ်၏ပရိယာယ်တို့ကို တားဆီးထိန်းချုပ်နိုင်ရန် အုတ်မြစ်ကို ခိုင်ခံ့စေသည် (ဖေက် ၆း၁၁ခ)။ စာတန်သည် ကောက်ကျစ်သောရန်သူဖြစ်ပြီး ဘုရားသခင်၏ လူတို့ကိုတိုက်ခိုက်ရန် ခန့်မှန်း၍ မရနိုင်လောက်အောင် ပါးနပ်သည့် ပရိယာယ်များကို ထုတ်သုံးသည်။ ကျွန်ုပ်တို့သည် မိမိတို့၏ ရန်သူကိုသိရမည်။ သူ၏ ရက်စက်သောပရိယာယ်မှ ကာကွယ်ရန် အစဉ်အမြဲ မိမိကိုယ်ကိုစောင့်ထိန်းရမည်။ သူ၏ မကောင်းဆိုးဝါး ပရိယာယ်တွေဟာ ဘာလဲ။ သူသည် အစအဦးကတည်းက လိမ်လည်သူ၊ မုသား၏ဖခင်ဖြစ်သည် (ယောဟန် ၈း၄၄)။ သူသည် ဘုရားသခင်ကို လွဲမှားသော ကိုယ်စားပြုခြင်းဖြင့် ဧဝ (Eve)ကို လှည့်ဖြားခဲ့ပြီး ထိုအချိန်ကတည်းက အမြဲတမ်း လိမ်လည်လှည့်ဖြားသူဖြစ်သည်။

သူသည် လှည့်စားသူဖြစ်သည်။ သူသည် လင်းသောကောင်းကင်တမန် ဟန်ဆောင်ပြီး သူ့ရဲ့တမန်များကို ဖြောင့်မတ်ခြင်းတရားဟောသော အမှုတော်ဆောင်များအဖြစ် ဟန်ဆောင်ပြီးစေလွှတ်သည် (၂ ကော ၁၁း၁၄–၁၅)။ တစ်ခါတစ်ရံသူသည် ကျမ်းစာကို မှားယွင်းစွာ ကိုးကားအသုံးပြုခြင်းအားဖြင့် လှည့်စားပြီး အခြားသောအချိန်များတွင် ကြီးမားသော နိမိတ်လက္ခဏာနှင့် အံ့သြဖွယ် အမှုအမျိုးမျိုးတို့ကို အသုံးပြုခြင်းဖြင့် လှည့်စားသည် (၂ သက်သောလောနိ ၂း၉)။ လှည့်စားသောမြွေကဲ့သို့၊ သူသည် ဘုရားသခင်၏ လူတို့အား ခရစ်တော်ကို အကြွင်းမဲ့ချစ်သောစိတ်၊ ဖြူစင်ရိုးသားသော၊ သန့်ရှင်းစင်ကြယ်သော ဆက်ကပ်ခြင်းမှ လမ်းလွဲစေ၍ သံသယနှင့် ငြင်းပယ်တတ်သော မျိုးစေ့ကိုကြဲရန် ရှာဖွေနေသည် (၂ ကော ၁၁း၃)။

သူသည် ကဲ့ရဲ့ပြစ်တင်တတ်သော (သိက္ခာကျအောင်ပြောတတ်သော) သူ၊ ညီအစ်ကိုများကို ရှေ့တော်၌ နေ့ညမပြတ်ပြစ်တင်သောသူဖြစ်သည် (ဗျာဒိတ် ၁၂း၁၀)။ ဘုရားသခင်၏လူများကို မထိမဲ့မြင်ပြုသောအားလုံးတို့သည် စာတန်၏ အလုပ်ကိုလုပ်ကြသည်။

သူသည် အတုခိုးသူဖြစ်သည်။ သူသည် ဘုရားသခင်၏ အရာမှန်သမျှကို အတုပြုလုပ်သည်။ အဲဂုတ္တုမျက်လှည့်ဆရာများကို တန်ခိုးပေးခြင်းဖြင့် မောရှေ၏ နိမိတ်လက္ခဏာများကို အတုခိုးသည် (၂ တိမောသေ ၃း၈)။

သူသည် စိတ်ပျက်အားငယ်ခြင်း မျိုးစေ့ကိုကြဲသည်။ ရှင်ပေါလုက ကောရိန္သုယုံကြည်သူများကို အသိပေးသည်မှာ – အကယ်၍ သူတို့အနေဖြင့် နောင်တရပြီးသော ဖောက်ပြန်သည့် သူကိုခွင့်မလွှတ်လျှင် သူ့ကိုစာတန်က အလွန် စိတ်ပျက်အားငယ်ခြင်းသို့ ထိုးဆင်းရန် အခွင့်အရေးရမှာဖြစ်သည် (၂ ကော ၂း၇–၁၁)။ ဘုရားသခင်သည် စိတ်ပျက်အားငယ်သောသူကို အသုံးပြုခဲ့သည်ဖြစ် ကြောင်း စာတန်ကသိသည်။

သူနှစ်သက်တဲ့ဗျူဟာတစ်ခုမှာ ကွဲပြားစေပြီး အနိုင်ယူဖို့ရန် ဖြစ်သည်။ သူသည် သန့်ရှင်းသူများအပေါ်တွင် စည်းလုံးမှုပျက်ပြားစေသော မျိုးစေ့ကို ကြဲရန် လိုက်လံရှာဖွေသည်။ အိမ်တစ်အိမ်သည် မိမိ၌ မသင့်မတင့်ကွဲပြားလျှင် မတည်နိုင် ကြောင်း စာတန်ကသိသည် (မဿဲ ၁၂း၂၅)။

တစ်ခါတစ်ရံစာတန်သည် ဟောက်သောခြင်္သေ့ကဲ့သို့ ခြိမ်းခြောက်ရန်နှင့် မျိုချရန် ပေါ်လာတတ်သည် (၁ ပေ ၅း၈)။ သူနှင့် သူ၏နောက်လိုက်များအားလုံး၏ ပန်းတိုင်မှာ ဖျက်စီးဖို့ရန် ဖြစ်ပါသည်။ သူသည် အသင်းတော်ကို ညှင်းဆဲနှိပ်စက် ခဲ့သည် (ဗျာဒိတ် ၂း၁၀)။ သူသည် လူတို့အား မူးယစ်ဆေးဝါး၊ အရက်၊ စွဲလမ်း တတ်သောအရာများ၊ မကောင်းမှုဒုစရိုက်များနှင့် ပတ်သက်သော အခြားအရာများ အားဖြင့် ဖျက်ဆီးရန် လိုက်လံရှာဖွေနေသည်။



နတ်ဆိုးဖြစ်သည့်အားလျော်စွာ ပေတရုအားဖြင့် စကားပြောကာ ယေရှုကို လက်ဝါးကားတိုင်သို့မရောက်စေရန် ကြိုးစားခဲ့သည် (မာကု ၃၁–၃၃)။ ထို့ကြောင့် သူက ခရစ်ယာန်များကို ရှက်ခြင်း၊ ဆင်းရဲဒုက္ခခံခြင်း၊ ကားတိုင်တော်၌ ခံရသည့် သေခြင်းမျိုးမှ မိမိကိုယ်ကို နှမြောတတ်ကြရန် (ညှာတာတတ်ရန်) တိုက်တွန်း အားပေးသည်။

တစ်ခါတစ်ရံသူသည် ကြီးမားသော ဝိညာဉ်တိုက်ပွဲများ အောင်မြင်သည့် အချိန်၊ တောင်ထိပ်ရောက်သော အတွေ့အကြုံများ ခံစားနေသည့်အချိန်၊ မိမိကိုယ် ကို မာနထောင်လွှား (ဘဝင်မြင့်) မိရန် အန္တရာယ်အရှိဆုံးအချိန်တို့တွင် တိုက်ခိုက် မှုအပြင်းထန်ဆုံးဖြင့် တိုက်ခိုက်သည်။

## စာတန်၏မိုလ်ခြေများ

ကျွန်ုပ်တို့သည် လွဲမှားသောဆရာများ (မိစ္ဆာဆရာ)၊ သွန်သင်ချက်မှား ယွင်းသော ယုံကြည်ခြင်းများ (Cultists)၊ ရန်လိုသောအစိုးရကိုယ်စားလှယ်များ၊ သမ္မာတရား၏ ရန်သူများနှင့် ကျေနပ်ရောင့်ရဲရန် လိုအပ်ပါသော်လည်း ကျွန်ုပ် တို့သည် သွေးသားရှိသော ရန်သူတို့နှင့် ဆိုင်ပြိုင်တိုက်လှန်ရသည် မဟုတ်ကြောင်း ရှင်းလင်းထင်ရှားပါသည်။ ကျွန်ုပ်တို့၏ ရန်သူမှာ စာတန်နှင့်သူ၏လက်အောက် ငယ်သားများဖြစ်ကြောင်း ရှင်ပေါလုက . . . အထွဋ်အမြတ်တို့နှင့် လည်းကောင်း၊ အာဏာစက်တို့နှင့်လည်းကောင်း၊ မိုးကောင်းကင်၌ရှိသော နတ်ဆိုးတို့နှင့် လည်းကောင်း ဆိုင်ပြိုင်တိုက်လှန်ရကြ၏ . . . ဟူ၍ ဖော်ထုတ်ခဲ့သည် (ဧဖက် ၆း၁၁)။ ဤနေရာတွင် ကျွန်ုပ်တို့ကို အသိပေးသည့်အရာတစ်ခုမှာ စကြဝဠာတွင် မမြင်နိုင်သည့် သတ္တဝါများ နေထိုင်ကြကြောင်း၊ ထိုသူတို့သည် ကျဆုံးသွားသော ကောင်းကင်တမန်များဖြစ်နိုင်ကြောင်း (သို့) ဝိညာဉ်ဆိုးများဖြစ်ကြကြောင်း သိရှိ ရသည်။ စစ်တပ်မတော်၏ ဖွဲ့စည်းမှုကဲ့သို့ သူတို့တွင်လည်း ရာထူးအလိုက်၊ ဒေသ အလိုက် ဖွဲ့စည်းခြင်းရှိကြောင်း သိရသည်။ သူတို့၏ အစဉ်လိုက် အဆင့်အတန်း (ရာထူး) ခွဲခြားမှုကို မသိရသော်လည်း သူတို့အားလုံးသည် စာတန်၏အမိန့်

ကျွန်ုပ်တို့သည် လူ့အပြစ်၊ ခရစ်တော်၏လုပ်ဆောင်ခြင်း၊ အပြစ်သား၏လုပ်ဆောင်မှု ကဏ္ဍအကြောင်းများနှင့်ပတ်သက်သော ကျမ်းပိုဒ်များကို အလွတ်ရကျက်မှတ်ထားပြီး၊ သင့်လျော်မှန်ကန်သော ကျမ်းပိုဒ်များကို ရွေးချယ်တတ်ရန် သန့်ရှင်းသော ဝိညာဉ်တော်က လမ်းပြဦးဆောင်မည်ဖြစ်သည်။

အသက်အရွယ်ကြီးသော ယုံကြည်သူတစ်ဦးသည် ပြင်းထန်စွာ ဖျားနာသောကြောင့် ဆေးရုံသို့ပို့ခဲ့ကြသည်။ နောက်တစ်နေ့၌ မိသားစုများလာရောက်ကြည့်ရှုလည်ပတ်ကြသောအခါ ကျန်းမာရဲ့လား (သက်သာရဲ့လား) ဟု မေးခဲ့ကြသည်။ သူက . . . ငါ ကျန်းမာတယ်။ ဒီအဆောင်မှာရှိတဲ့ သူတွေအားလုံး ငါ့ သခင့်အကြောင်းပြောပြပြီးပါပြီ . . . ဟူ၍ ပြန်ဖြေခဲ့သည်။ သူသည် ငြိမ်သက်ခြင်းဖြစ်သော ဧဝံဂေလိတရားကို ပြင်ဆင်ခြင်းနှင့် စွပ်ထားပါသည်။

## ယုံကြည်ခြင်းတည်းဟူသောလွှား

စတုတ္တလက်နက်တန်ဆာဖြစ်သည့် ယုံကြည်ခြင်းလွှား၏ ရည်ရွယ်ချက်သည် မာရ်နတ်ပစ်ခတ်သော မီးစက်လက်နက်ကိုကာကွယ်သတ်နိုင်ဖို့ရန် ဖြစ်သည် (ဧဖက် ၆း၁၆)။ စာတန်သည် နှုတ်ကပတ်တော်အကြောင်းနှင့် ပတ်သက်၍ သံသယစိတ်၊ ဘုရားရှင်ကောင်းမြတ်သည့်အကြောင်း သံသယစိတ်၊ မိမိရဲ့ကယ်တင်ခြင်းရရှိမှုကို သံသယဖြစ်သည့်စိတ်၊ စိတ်ပျက်အားငယ်ခြင်းအပြစ်သို့ သွေးဆောင်သွားခြင်း၊ စွပ်စွဲပြစ်တင်ခြင်း၊ မကောင်းဆိုးဝါးစိတ်ကူး (ယဉ်) တွေးတောခြင်းတို့ကို ပေးရန်လာခဲ့သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်၌ ခိုင်ခံ့စွာ ရပ်တည်ပြီး၊ ၎င်း၏ပညတ်တော်များကို လိုက်နာ၍၊ ၎င်း၏ကတိတော်များကို ပြောထွက်သည့်အခါ ယုံကြည်ခြင်းလွှားကို အသုံးပြုခြင်း ဖြစ်သည်။ သို့ဖြင့် စာတန်ပစ်သောမြားသည် အန္တရာယ်မဖြစ်စေနိုင်ဘဲ မြေသို့ကျသွားသည်။

ရှင်ပေါလုကို ဘုရားသခင်က ကဲသာဘုရင်၏ ရှေ့သို့ရောက်ရမည်ဟု ကတိပေးခဲ့သည်။ သို့သော် ယခုတွင်ကား ရောမဘက်ကို သွားသောသူတို့၏ သင်္ဘောသည် နစ်မြုပ်ဖို့ရန်အန္တရာယ်နှင့်ကြုံရပြီ။ ရှင်ပေါလုသည် ယုံကြည်ခြင်းလွှား



ပိုင်း (၃) ခုသည် ချပ်ဝတ်တန်ဆာများဖြစ်ပြီး ကျန်တဲ့ (၃) ခုသည် ခုခံရန် လက်နက်တန်ဆာများအဖြစ် ပိုင်းခြားသုံးသပ်ကြသည်။

## သစ္စာတည်းဟူသောခါးပန်း

ခါးပန်းနှင့်ပတ်သက်၍ အမြဲတမ်းလိုလို ရှင်းပြထားသောအရာမှာ စစ်သားတစ်ဦးသည် လှုပ်ရှားသွားလာသည့်အခါ ချို့ယွင်းချက်မရှိအောင် သူ၏ကြိုးရှယ်ကို အောက်တွင်လိပ်၍ခေါက်ထားသည်။ ထိုအတွေးအခေါ်ကို ဤနေရာတွင် အသုံးချမည်ဆိုလျှင် ခရစ်ယာန်များသည် ယုံကြည်ခြင်း၏ကောင်းစွာသော တိုက်လှန်ခြင်း၌ တိုက်လှန်နိုင်ရန် တားဆီးနှောင့်ယှက်သော အရာအားလုံးကို ပစ်ပယ်နိုင်ရန် သမ္မာတရားကို အသုံးပြုရမည်။ ယေရှုက သူ၏ တပည့်တော်များကို အပျော်အပါးလိုက်စားခြင်း၊ သောက်စားမူးယစ်လွန်ကြူးခြင်း၊ လောကီစိုးရိမ်ခြင်းအားဖြင့် စိတ်နှလုံးပင်ပန်းခြင်းများ မပြုလုပ်ရန် အသိပေးသည် (လုကာ ၂၁း၃၄)။ ရှင်ပေါလုက သတိပေးသည်မှာ . . . စစ်သူရဲမည်သည်ကား မိမိကို စစ်သူရဲအရာ၌ ခန့်ထားသူကို နှစ်သက်စေခြင်းငှာ လောကီမှုရေးနှင့် ရောပြွမ်းရှုပ်ထွေးခြင်းကို ပယ်ရှား . . . ရမည်ဖြစ်ကြောင်း ဖော်ပြသည်။ ကျွန်ုပ်တို့သည် လောဘကြီးခြင်း၊ ပစ္စည်းဥစ္စာတပ်မက်ခြင်း၊ ကျော်ကြားထင်ရှားခြင်း ကြီးပွားချမ်းသာလိုသော ရမက်ကြီး၊ ဩဇာအာဏာတောင့်တခြင်း၊ အပျော်အပါးသဘောဆောင်သော ချစ်ခြင်းမေတ္တာနှင့် စည်းစိမ်ခံ၍ နေထိုင်အသက်ရှင်ခြင်းတို့မှ ကာကွယ်နိုင်ရန် သစ္စာခါးပတ်လိုအပ်သည်။

ခါးပတ် (ခါးပန်း) သည် သမ္မာတရားကို ဆုပ်ကိုင်ခြင်းဟူ၍လည်း တင်ပြ၍ရသည်။ ကျမ်းစာသည် နှုတ်တော်ထွက်စကား၊ စစ်မှန်သော မှုတ်သွင်းခြင်းဖြစ်ကြောင်း ဖွဲ့ကြီးကြီးထား၍ ဆုပ်ကိုင်ရမည်။ သမ္မာကျမ်းစာသည် ဘုရားသခင်၏ အသက်ရှင်သော စကား (နှုတ်ကပတ်တော်) ဖြစ်ကြောင်းနှင့် ပတ်သက်၍ ကျွန်ုပ်တို့၏ စိတ်နှလုံးကို သံသယ၏အရိပ်အာဝါသ၏ အောက်၌တစ်စက်ကလေးမျှ ဝင်ရောက်ခွင့်မပေးရပါ။ ကျွန်ုပ်တို့၏ စိတ်အားဖြင့် နှုတ်ကပတ်တော်ကို တရားစီ

ရင်ရမည်မဟုတ်ဘဲ နှုတ်ကပတ်တော်ကသာ ကျွန်ုပ်တို့၏ စိတ်ကိုတရားစီရင်ရမည်ဖြစ်သည်။

နှုတ်ကပတ်တော်ကို ဆုပ်ကိုင်ခြင်းသည် ကျွန်ုပ်တို့အတွက် မလုံလောက်သေးပါ။ နှုတ်ကပတ်တော်က ကျွန်ုပ်တို့ကို ဆုပ်ကိုင်ရန်လည်း လိုအပ်သေးသည်။ လက်တွေ့အားဖြင့် ကျွန်ုပ်တို့သည် သမ္မာကျမ်းစာလေ့လာခြင်း၌ နေ့စဉ်နေ့တိုင်း အချိန်ယူပြီး နှုတ်ကပတ်တော်ကို နာခံရမည့်အကြောင်းဆိုလိုခြင်းဖြစ်သည်။ ကျွန်ုပ်တို့ကို ကျေနပ်စေသည့်ကျမ်းပိုဒ်များကိုသာ နာခံခြင်းသည် မလုံလောက်သေးပါ။ ကျွန်ုပ်တို့ကို ပေးထားသော အမိန့်တော်တိုင်းကို နာခံဆောင်ရွက်ရမည်။ ခရစ်ယာန်များအနေဖြင့် အရှုံးနှင့် ရင်ဆိုင်ရသည့်အကြောင်းများအနက် အများစုမှာ သမ္မာကျမ်းစာကို လျစ်လျူရှုထားခြင်းကြောင့် ဖြစ်နိုင်သည်။ ဤစာအုပ်က သင့်ကို အပြစ်မှဝေးကွာစေမည်။ ဒါမှမဟုတ်ရင် အပြစ်က သင့်ကိုဤစာအုပ်မှ ဝေးကွာစေမည် . . . ဟူသော ဖော်ပြချက်သည် မှန်လှပေသည်။

ယုံကြည်သူသည် ဘုရားသခင်၏ နှုတ်ကပတ်တော် သမ္မာတရားကို တွယ်ဖက်ဆုပ်ကိုင်သည့်အခါ ထိုသမ္မာတရားများကို နာခံပြီး ထိုမှတဆင့် ရိုးသားဖြောင့်မတ်ခြင်းနှင့် ကိုက်ညီစွာ အသက်ရှင်ခြင်းအားဖြင့် သမ္မာတရား၏ မှန်ကန်မှုကို ပေါ်လွင်ထင်ရှားစေသည့်အခါ ကြီးမားသော လုံခြုံမှုကို ရရှိခြင်းဖြစ်သည်။

ဖြောင့်မတ်ခြင်းပါရမီတည်းဟူသော ရင်အုပ်တန်ဆာ

လက်နက်တန်ဆာ၏ ဒုတိယအစိတ်အပိုင်းမှာ ဖြောင့်မတ်ခြင်းရင်အုပ်တန်ဆာဖြစ်သည်။ ရိုးရိုးစကားဖြင့် ပြောရမည်ဆိုလျှင် ဘုရားသခင်နှင့် လူတို့၏ ရှေ့မှောက်တွင် မှန်ကန်သောအရာများ လုပ်ဆောင်ခြင်းကို ဆိုလိုသည်။ ၎င်းသည် မှားယွင်းသောအရာများ၊ ကလိမ်ကကျစ်အရာများ သံသယဖြစ်စရာကောင်းသော အရာစသည့်အရာမှန်သမျှတို့မှ ရှောင်ရှားချိန်သတိထားဆင်ခြင်သော အသိစိတ်ရှိခြင်းကို ဆိုလိုသည်။ ကျွန်ုပ်တို့သည် ဖြောင့်မတ်ခြင်းရင်အုပ်တန်ဆာကို ပိုင်ဆိုင်



သောအခါ ပို၍ကြီးမားသော မဟုတ်မမှန်သည့်အရာများကို ပြုလုပ်မိရန် လမ်းကြောင်းဖွင့်ပေးသော သေးငယ်သည့် ရောပြွန်းရှုပ်ထွေးခြင်းများကို မပြုလုပ်မိရန် ငြင်းပယ်နိုင်မည်ဖြစ်သည်။

ကျွန်ုပ်တို့သည် လာဘ်ပေးလာဘ်ယူလုပ်ခြင်း၊ ငွေထိုးခြင်း (သို့) မသမာကြေးတို့ကို ရှောင်ရှားရမည်။ ကျွန်ုပ်တို့သည် အခွန်စာရွက်များကို ရိုးသားစွာ သိမ်းဆည်းပြီး အခွန်များကို ဆောင်ရသည်။ စာမေးပွဲဖြေဆိုရာတွင်လည်း လိမ်လည်ခိုးကြည့်ခြင်းဖြင့် အောင်ရသည်။ ရိုးသားစွာ ကျဆုံးတတ်သည်။ ဥပဒေနှင့် စည်းကမ်းများကို လိုက်နာသည်။ ကုန်ကျစရိတ်တွေကို ဖုံးကာသည့် သွေးဆောင်ခြင်းမျိုးကို ခုခံသည်။

သခင်ယေရှုသည် ဖြောင်မတ်ခြင်းရင်အုပ်တန်ဆာကို အမြဲတမ်းဆောင်ထားသူ (သာလျှင်) ကျွန်ုပ်တို့၏ ပုံသက်သေဖြစ်သည်။ (ဟေရှာယ ၅၉း၁၇)။

## သတင်းကောင်းခြေစွပ် (ဖိနပ်) (The Gospel Sandals)

ငြိမ်သက်ခြင်းနှင့်ယှဉ်သော ဧဝံဂေလိတရားကို ဟောပြောအံ့သောငှာ ပြင်ဆင်သောအဖြစ်တည်းဟူသော ခြေစွပ်ဟူ၍ ဖေက် ၆း၁၅ တွင် ဖော်ပြထားသည်။ ၎င်းသည် ဧဝံဂေလိတရားဝေငှဖို့ရန် စိတ်အားထက်သန်ခြင်းနှင့် အဆင်သင့်ဖြစ်ခြင်းကို ဆိုလိုသည်။ မနက်တိုင်း၌ သခင်ယေရှု၊ ယနေ့အချို့သောပုဂ္ဂိုလ်များဆီသို့ ပို့ဆောင်တော်မူပါ။ ကိုယ်တော်၏အကြောင်းကို တစ်စုံတစ်ယောက်သောသူအား ပြောပြ (ဝေငှ) နိုင်ဖို့ရန် တံခါးဖွင့်ပေးတော်မူပါ . . . ဟူသော ဆုတောင်းသံအားဖြင့် ကျွန်ုပ်တို့သည် ဤသတင်းကောင်းဖိနပ်ကို ဝတ်ဆင်ရသည်။ ထို့နောက် တစ်စုံတစ်ယောက်သောသူသည် ဝိညာဉ်ရေးရာပိုင်း၌ လေးနက်သောလိုအပ်တောင့်တမှုရှိနေမှန်းဖော်ပြလျှင် (သို့) အရိပ်အယောင်ပြလျှင် ကျွန်ုပ်တို့သည် သူ့အား ခရစ်တော်ဆီသို့တဆင့်ပြီးတဆင့် ပို့ဆောင်လမ်းပြရန် အဆင်သင့်ဖြစ်နေသည်။

### ဆုတောင်းပဋ္ဌနာပြုခြင်း

လက်နက်တန်ဆာ (၆) ခု၏ နောက်တွင် ချက်ချင်းလိုက်ပါလာသော ဖိတ်ခေါ်သံသည် ဆုတောင်းခြင်းဖြစ်သည်။ ဆုတောင်းခြင်းသည် စစ်သားတစ်ဦးနှင့် ဌာနချုပ်ကို ဆက်သွယ်ပေးသည့်အရေးပါသောလိုင်းဖြစ်ပါသည်။ စစ်သူရဲ၏ အသက်ရှင်ခြင်း၊ တိုက်ခိုက်ခြင်းတို့သည် ဆုတောင်းခြင်းအပေါ်တွင် မူတည်သည်။ ဆုတာင်းခြင်းအားဖြင့် တစ်နေ့တာအတွက် ဘုရားသခင်၏အကြံအစည်ကို ဗိုလ်ခြေများကို စစ်ကူပေးဖို့ရန် ဆင့်ခေါ်စုရုံးနိုင်သည်။ (စတုတ္တ – ဓမ္မရာဇဝင် ၆း၁၇)။ ဆုတောင်းခြင်းအားဖြင့် အောင်ပွဲကိုဆွတ်ခူးနိုင်သည်။

တစ်ခါတစ်ရံမဟုတ်ဘဲ အစဉ်မပြတ်ဆုတောင်းရမည်။ ကျွန်ုပ်တို့သည် ဆုတောင်းခြင်းအမျိုးအစားပေါင်းစုံကို အသုံးပြု၍ ဆုတောင်းရမည်။ သူတစ်ပါးအတွက် ဆုတောင်းမေတ္တာပို့ပေးခြင်း၊ ဆက်ကပ်အပ်နှံခြင်း၊ အပြစ်ဝန်ချတောင်းပန်ခြင်း၊ အသနားခံခြင်း စသည့်ဆုတောင်းခြင်းအမျိုးမျိုးတို့ကို ကျေးဇူးတော်ချီးမွမ်းခြင်းနှင့်တကွ (ပေါင်းစပ်၍) ဆုတောင်းရမည်။

ကျွန်ုပ်တို့၏ ဆုတောင်းခြင်းသည် ဝိညာဉ်တော်၌ ဆုတောင်းခြင်းဖြစ်ရမည်။ ဝိညာဉ်တော်၌ဟု ဆိုရာတွင် ဝိညာဉ်တော်၏ လှုံ့ဆော်သည့်အတိုင်း၊ ဝိညာဉ်တော်က ဦးဆောင်သည့်အတိုင်းနှင့် ဝိညာဉ်တော်၏အလိုတော်နှင့် ကိုက်ညီ၍ ဆုတောင်းခြင်းကို ဆိုလိုသည်။

ဆုတောင်းရာတွင် သတိဝီရိယဖြင့်လည်းကောင်း (သမ္မာသတိရှိကြလော့၊ ဆုတောင်းခြင်းအလို့ငှာ တောင့်နေကြလော့) ဇွဲလုံ့လဝီရိယဖြင့်လည်းကောင်း (အစဉ်မပြတ် တောင်းခြင်း၊ ရှာခြင်း၊ ခေါက်ခြင်းဖြင့်) ဆုတောင်းရမည်။

သန့်ရှင်းသောသူ (ယုံကြည်သူ) အားလုံးအတွက်လည်း ဆုတောင်းရမည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် တိုက်ပွဲ၌အတူတကွဆင်နွဲကြသောသူများဖြစ်သည်။



ကို ဆုပ်ကိုင်၍ ဤသို့ပြောခဲ့သည်။ . . . ငါ့အားမိန့်တော်မူသည့်အတိုင်း ဖြစ်လိမ့်မည်ဟု ငါသည် ဘုရားသခင်ကို အမှီပြု၍ ယုံကြည်ခြင်းရှိ၏ (တမန်တော် ၂၇း၂၅)။

### ကယ်တင်ခြင်းတည်းဟူသော သံခမောက်လုံး

ကယ်တင်ခြင်းတည်းဟူသော သံခမောက်လုံးကို . . . ယူကြလော့ (ဧဖက် ၆း၁၇)။ သံခမောက်သည် ဦးခေါင်းကို ကာကွယ်သည့်နည်းတူ အသိ၊ ဉာဏ်၊ ပညာများဖြင့် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို တိုက်ခိုက်ခြင်းမျိုးမှ ကျွန်ုပ်တို့၏ စိတ်ကိုကာကွယ်စောင့်ထိန်းပေးရန်ဖြစ်သည်။ Higher criticism (သမ္မာကျမ်း၏ရေးသားသည့်နေ့စွဲ၊ သဘာဝကျမှု စသည်တို့ကို ဝေဖန်ခြင်း) ၏ဝေဖန်သုံးသပ်ကြေညာခြင်း၊ ကိုယ့်ကိုကိုဟုတ်လှသည်ဟု ထင်ကြသော Liberal Theology (သမားများ) ၏ ထုတ်ဖော်ကြေငြာခြင်း၊ သမ္မာကျမ်းစာတွင် အမှားများပါဝင်သည်ဟု ထင်မြင်ယူဆသည့် သက်သေများပြကာဝေဖန်ခြင်း စသည့် ဗုံးအမြောက်များဖြင့် ကျွန်ုပ်တို့ကို တိုက်ခိုက်ခဲ့ကြသည်။ ကျွန်ုပ်တို့၏ စိတ်များကို အချိန်မရွေး ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည်။ ဗီဇအပြစ်သည် မြွေကြီးက ဧဝ၏စိတ်ထဲသို့အကြံအစည်သွင်းပေးခြင်းမှ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ထိုနည်းကဲ့သို့ ကောရိန္သုယုံကြည်သူများအပေါ်၌ ကျရောက်မည်ကို ရှင်ပေါလုက စိုးရိမ်ခဲ့သည်။ မြွေသည် မိမိပရိယာယ်အားဖြင့် ဧဝကိုလှည့်စားသကဲ့သို့၊ သင်တို့သည် စိတ်ဆွေးမြေ့ယိုယွင်း၍ ခရစ်တော်ကို အကြွင်းမဲ့ချစ်သောစိတ်ပျောက်မည်ဟု စိုးရိမ်ခြင်းရှိ၏။ (၂ ကော ၁၁း၃)။

ငင်းကဲ့သို့သော တိုက်ခိုက်ခြင်းမျိုးကို ရှင်ပေါလုက ၂ ကော ၁၀း၅ တွင် ပြန်လည်ခုခံသည်ကို တွေ့ရသည်။ ထိုလက်နက်အားဖြင့် လူတို့၏ အကြံအစည်တို့ကိုလည်းကောင်း၊ ဘုရားသခင်ကိုသိသောပညာကို ဆီးတားသော မာန်မာနရှိသမျှတို့ကိုလည်းကောင်း၊ နှိမ့်ချမှောက်လှန်၍ ခပ်သိမ်းသောစိတ်တို့ကို ဖမ်းချုပ်ထားလျက်၊ ခရစ်တော်၏စကားကို နားထောင်စေကြ၏ . . .။ လူတို့၏ စဉ်းစားတွေးခေါ်ခြင်း၊ ထင်မြင်ယူဆခြင်း၊ ဒဿနိကဗေဒပညာစသည့် အတွေးအခေါ်မှန်

သမျှတို့သည် ခရစ်တော်၏ သွန်သင်ခြင်းနှင့်ကိုက်ညီမှု ရှိ/မရှိအပေါ်တွင် မူတည်၍ တရားစီရင်ဆုံးဖြတ်ရမည်ဖြစ်ကြောင်း အထက်ပါကျမ်းပိုဒ်က ပြောပြထားပါသည်။ အကယ်၍ သခင်၏ သွန်သင်ခြင်းနှင့်ကိုက်ညီမှုမရှိပါက ကျွန်ုပ်တို့အနေဖြင့် ၎င်းတို့ကို ငြင်းပယ်ရမည်။

ကယ်တင်ခြင်းသံခမောက်၏ နောက်ထပ်ဆိုလိုသည့်အရာတစ်ခုရှိသေးသည်။

၁ သက်သာလောနိ ၅း၈ တွင် ကယ်တင်ခြင်းသို့ရောက်မည်ဟု မျှော်လင့်ခြင်းတည်းဟူသော သံခမောက်လုံးကို ဝတ်ဆင်ရမည့်အကြောင်း တိုက်တွန်းထားပါသည်။ ကယ်တင်ခြင်း၏မျှော်လင့်ခြင်းသည် ကျွန်ုပ်တို့၏ တိုက်ပွဲများပြီးဆုံး၍ မောရှေလ၏ပြည်တော်၌ ချောမောစွာ ရောက်ရှိရမည့်အချိန်ကို မျှော်လင့်စောင့်ဆိုင်းနေခြင်းဖြစ်သည်။ ခရစ်ယာန်တစ်ဦးအနေဖြင့် ဤသံခမောက်လုံးကို ဘယ်လိုဝတ်ဆင်ရမလဲ။ တိုက်ပွဲများသည် ကျွန်ုပ်တို့၏ဘက်ကို ဦးတည်နေ၍ ကျွန်ုပ်တို့သည် အနောက်ဘက်သို့ခြေလှမ်းလှမ်းရမည့် အခြေအနေများ ဖြစ်ပေါ်တတ်သည်။ ရန်သူသည် လက်အသာစီးသည့်အနေအထားသို့ ရှိနေပုံပေါ်သည်။ ကျွန်ုပ်တို့၏ အချို့သော အရေးပါသည့်ခေါင်းဆောင်များဆုံးနိမ့်ကြပြီ။ များစွာသော စစ်သားများသည် ကောင်းမွန်စွာအစပြုခဲ့ကြသော်လည်း ယခုတွင်မူ စွန့်ခွာထွက်ပြေးကြကုန်ပြီ။ အခြားသောသူများသည် လောကီရေးရာနှင့် ရစ်ပတ်ငြိတွယ်လွန်းသဖြင့် တိုက်ပွဲ၌ဆင်နွှဲရန် အချိန်မရကြပါ။ ငရဲသားဗိုလ်ခြေတို့သည် အသာစီးနေပြီး ဘုရားသခင်၏ဘက်၌ကျဆင်းနေသည့်ပုံ ပေါ်နေသည်။ ထုတ်ပြန်တဲ့သတင်းအားလုံးတို့သည်လည်း စိတ်ဓာတ်ကျစရာကောင်းပြီး မှောင်ရီပျိုးပြဖြစ်နေသည်။ ထိုကဲ့သို့သော အချိန်၊ အခြေအနေမျိုးတွင် ကယ်တင်ခြင်းကို မျှော်လင့်သောသံခမောက်လုံး တပ်ဆင်ထားရန် လိုအပ်ပါသည်။ ဤသံခမောက်လုံးကို ဝတ်ဆင်ခြင်းဖြင့် ကျွန်ုပ်တို့က . . . ငါတို့ဘက်ကို လှိုင်းတွေက ဘယ်လောက်ပဲရိုက်ခတ်နေပါစေ တက်လာတဲ့ရေစီးကြောင်း (ဒီရေ) ကိုတော့ တားဆီးအနိုင်ယူနိုင်မှာ သေချာတယ် . .



. ဟူ၍ ပြောနိုင်မည်ဖြစ်သည်။ နောက်ဆုံးတွင်မူ အောင်ပွဲသည် ကျွန်ုပ်တို့အတွက်သာ ဖြစ်သွားမည်။ ဘုရားသခင်၏ဘက်တွင် အောင်ပွဲခံရမည်သာဖြစ်သည်။

## ဝိညာဉ်တော်၏ဓါးတည်းဟူသောသမ္မာကျမ်းစာ

လက်နက်တန်ဆာ၏ နောက်ဆုံးသောအစိတ်အပိုင်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော်တည်းဟူသော ဝိညာဉ်တော်၏ဓားဖြစ်သည် (ဖေက် ၆း၇)။ ဤအရာနှင့်ပတ်သက်၍ W.E.Vine က ဤသို့ရှင်းပြထားပါသည်။ ဤနေရာတွင် ရည်ညွှန်းချင်သည့်အရာသည် ကျမ်းစာတစ်ခုလုံးကို တစ်ထိုင်တည်းအသုံးပြုခြင်းမျိုးမဟုတ်ဘဲ ကျမ်းပိုဒ်တစ်ခုစီတိုင်းကို သင့်လျော်သည့်အချိန်တွင် သတိရအသုံးပြုတတ်ရန် ဝိညာဉ်တော်က ပို့ဆောင်ပေးခြင်းဖြစ်သည်။ မရှိမဖြစ်လိုအပ်သော နှုတ်ကပတ်တော်များကို စိတ်ထဲ၌ အစဉ်အမြဲထားသိုရန်ဖြစ်သည်။

စာတန်၏ စုံစမ်းသွေးဆောင်ခြင်းကို တွန်းလှန်ခြင်း၌ ကျွန်ုပ်တို့သခင်၏ နှုတ်ကပတ်တော်အသုံးပြုပုံပြုနည်းသည် ဝိညာဉ်တော်၏ဓားကို အသုံးပြုခြင်း၏ စံနမူနာဖြစ်သည်။ သခင်သည် ကျမ်းပိုဒ်များကို ထင်ရာစိုး (နမော်နမဲ့) ကိုးကားအသုံးမပြုဘဲ ထိုအချိန်အတောအတွင်း၏ လိုအပ်ချက်ကို တိတိကျကျပြည့်စွက်ပေးသည့်ကျမ်းပိုဒ်များကို ရွေးချယ်ခဲ့သည်။ ခရစ်တော်က ကျမ်းစာလာသည် . . . ဟူ၍ သုံးကြိမ်ပြောခဲ့ပြီး၊ ဝိညာဉ်တော်က ပေးထားသောကျမ်းပိုဒ်များဖြင့် စာတန်၏ဆိုးသွမ်းသောမြူဆွယ်ခြင်းကို တားမြစ်နိုင်ခဲ့သည်။

သန့်ရှင်းသော ဝိညာဉ်တော်က မှန်ကန်သောအချိန်၌ မှန်ကန်သော ကျမ်းပိုဒ်များကို ပေးကမ်းဖော်ထုတ်ပေးနိုင်ဖို့ရန်အတွက် ကျမ်းစာများကို ကျက်မှတ် ထားရမည် (ဒါမှမဟုတ်) အနည်းဆုံးတော့ ထိုကျမ်းပိုဒ်များကို သိထားရန် လိုအပ်သည်။ ၎င်းသည် ကျမ်းစာကို အလွတ်ကျက်မှတ်ထားရန် အရေးကြီးကြောင်း ပြသခြင်းဖြစ်သည်။

**နိဂုံး**

ခရစ်တော်၏ စစ်သည်တော်တစ်ဦးဖြစ်ရန်ပြင်ဆင်သောအခါ နောက်ဆုတ်သောသူများအတွက် ဘုရားသခင်က အကာအကွယ်လုပ်ပေးမှာမဟုတ်ကြောင်း ကျွန်ုပ်တို့မကြာခဏညွှန်းပြပြီးသွားပြီဖြစ်သည်။ တစ်နည်းအားဖြင့် နောက်သို့ဆုတ်ခွာခြင်းဆိုတာ မရှိရပါ။ ဘုရားသခင်၏ စစ်သူရဲသည် နောက်လှည့်ရမှာမဟုတ်ဘဲ ရှေ့သို့ချီတက်ပြေးလွှားရမည်။ နပိုလီယန် (Napoleon)၏ စစ်သားများသည် မျက်နှာချင်းဆိုင်၊ လူချင်းတိုင်သောစစ်ပွဲတစ်ခုသို့ ကြိတ်တိုးမိသော အခါ နပိုလီယန်က ဗုံတီးသမားအား နောက်သို့ဆုတ်ခွာသောအချက်ပြ ဗုံတီးရန်အမိန့်ပေးသောအခါ "ဗုံတီးသမားက စစ်ဗိုလ်ကြီးခင်ဗျား ကျွန်ုပ်ကို နောက်သို့ဆုတ်ခွာသည့် ဗုံတီးခေါက်နည်းမသင်ပေးခဲ့ဖူးပါဘူး . . . "ဟု ပြန်ပြောခဲ့သည်။ ဤစကားသည် နပိုလီယန်၏စိတ်ကို တက်ကြွစေပြီး ဆုံးဖြတ်ချက်အသစ်ချကာ ခမ်းနားကြီးကျယ်သောအောင်ပွဲထပ်မံရရှိသွားသည်ကို တွေ့ရသည်။

သို့သော် ခရစ်ယာန်များအနေဖြင့် နောက်သို့ဆုတ်ခွာရမည်မဟုတ်သော်လည်း ထွက်ပြေးရှောင်ကြဉ်ရမည့် အချိန်တွေရှိပါသည်။ မတရားသော မေထုန် (သို့) မတရားသော ကာမဂုဏ်ပြစ်မှားခြင်းအမျိုးမျိုးတို့မှ ထွက်ပြေးရှောင်ကြဉ်ရမည် (၁ ကော ၆း၁၈)။ ရုပ်တုကိုးကွယ်ခြင်းဟု ခေါ်သော လူတို့ထုလုပ်ထားသည့် ရုပ်ထုများသာမက၊ ကျွန်ုပ်တို့၏ အသက်တာနှင့် နှလုံးသားတို့၌ ဘုရားသခင်၏ နေရာကို အစားထိုးနေရာယူသောအရာ (လူပုဂ္ဂိုလ်၊ အရာဝတ္ထု) အားလုံးတို့ကို ရှောင်ကြဉ်ရမည် (၁ ကော ၁၀း၁၄)။ လောဘကြီးခြင်း၊ ငွေတပ်မက်ခြင်းနှင့် ကြီးပွားချမ်းသာလိုသော ဆန္ဒပြင်းပြခြင်းတို့ကို ရှောင်ရှားရမည် (၁ တိမောသေ ၆း၁၁)။ စိတ်ဝိညာဉ်ကိုတိုက်ခိုက်သော ပျိုရွယ်သူတို့၏ တပ်မက်ခြင်း ကိလေသာစိတ်တို့ကို ရှောင်ကြဉ်ရမည် (၂ တိမောသေ ၂း၂၂)။ အထက်ပါကဲ့သို့သော အကြောင်းရင်းနှင့်ပတ်သက်၍ ထွက်ပြေးရှောင်ကြဉ်ခြင်းသည် သူရဲဘောကြောင်ခြင်း၊ အရှက်ရခြင်း၊ အရှုံးပေးခြင်းမဟုတ်ပါ။ ၎င်းသည် စစ်တိုက်ရာတွင် အကောင်း

ဆိုး (အမြင့်ဆုံး) အခြေအနေသို့ ရပ်တည်နိုင်ရန် ပြင်ဆင်သောနည်းလမ်း ဖြစ်သည်။

ကျွန်ုပ်တို့သည် ဤစစ်ပွဲ၌ အတူတကွဆင်နွဲကြသူများဖြစ်သည်။ စစ်ပွဲ၌ သေကြေဒဏ်ရာရသောသူများမဟုတ်ဘဲ သစ္စာရှိရှိဖြင့် အဆုံးထိတိုင်အောင် ဆက်လက်ထမ်းဆောင်နိုင်သောသူများဖြစ်ဖို့ရန်အတွက် စည်းလုံးညီညွတ်ကြပြီး အချင်းချင်းဆုတောင်းပဌနာပြုပေးခြင်းဖြင့် ရပ်တည်ကြပါစို့။ သာသနာပြုဆရာ တစ်ပါးသည် အပြစ်ကျူးလွန်မိ၍ သာသနာကွင်းပြင်ကို စွန့်ခွာဖို့အခြေအနေ ရောက်လာသောအခါ သူ့သူငယ်ချင်းတစ်ဦးက အခြားပုဂ္ဂိုလ်တစ်ဦးထံသို့ . . . ''ကျွန်ုပ်သူငယ်ချင်းအတွက် တစ်ခါမှဆုမတောင်းပေးခဲ့ဘူးဆိုတာ ဝန်ခံဖို့ ကျွန်တော်ရှက်မိပါတယ်။ သူ့ကို ဒီလိုအပြစ်မျိုးကနေ ထိန်းသိမ်းပေးဖို့ လိုအပ် လိမ့်မယ်လို့ ကျွန်တော်လုံးဝမထင်ခဲ့ပါဘူး . . .'' ဟူ၍ ရင်ဖွင့်စကား ပြောခဲ့ သည်။ ဤသို့သောအဖြစ်မျိုးသည် ကျွန်ုပ်တို့အားလုံး၏ တစ်စုံတစ်ယောက်သောသူ အပေါ်၌ ဖြစ်ပျက်နိုင်ပါသည်။ ထို့ကြောင့် ဆုတောင်းခြင်းကို ကျွန်ုပ်တို့အားလုံးက လိုအပ်ပါသည်။ ကျွန်ုပ်တို့အားလုံးသည် ယုံကြည်ခြင်း၌ ပျက်ပြားမိဖို့ရန် အန္တရာယ် ရှိသောသူများ ဖြစ်ကြသည်။

ယုံကြည်သူက စာတန်၏နည်းဗျူဟာခုခံကာကွယ်ပုံကို John Dorsey က ဤသို့ ပုံဖော်ပြထားပါသည်။

ယနေ့ အကျွန်ုပ်၏ဆုတောင်းသောနေရာအတွင်း၌ ကြမ်းသောတိုက်ပွဲ နှင့် အကျွန်ုပ်ရင်ဆိုင်ရ၏။

အကျွန်ုပ်သည် ဘုရားသခင်နှင့် တွေ့ဆုံစကားပြောဖို့အလို့ငှာ လာခဲ့သော် လည်း၊ ထိုနေရာတွင် စာတန်ကို တွေ့ရ၏။ ''သင် အမှန်တကယ် ဆုမတောင်း နိုင်ပါဘူး။ သင်ရှုံးနိမ့်ခဲ့တာကြပါပြီ။ သင့်အနေဖြင့် ဒူးထောက်ပြီး အချို့သောစကား လုံးများကို ပြောထွက်ကောင်းပြောထွက်နိုင်လိမ့်မည်။ သို့သော် သင်ဆုမတောင်း နိုင်ပါဘူး။ သင် သိပြီးသားပါ . . . '' ဟူ၍ စာတန်က အကျွန်ုပ်၏နားသို့



တိုးတိုးလေးဖြင့် ပြောခဲ့ပါသည်။

ထိုအချိန်တွင် ကျွန်ုပ်၏ သံခမောက်ကို နားစွန်ဖြားအထိ ဆွဲချ၍ သူ (စာတန်) ၏အသံသည် တိတ်ဆိတ်သွားပြီး အကျွန်ုပ်၏ကြောက်စိတ်များသည် လည်း ပပျောက်သွားသည်ကို တွေ့ရသည်။

အကျွန်ုပ်၏ အခြားသောလက်နက်တန်ဆာများကို စစ်ဆေးကြည့်သော အခါ၊ အကျွန်ုပ်၏ခြေထောက်နှစ်ဖက်သည် ငြိမ်သက်ခြင်း၌ စွပ်နေသည်။

အကျွန်ုပ်၏ ခါးနှင့်ပေါင်းရင်းတို့ကို သစ္စာဖြင့် ခါးတောင်းကျိုက်ပြီး နှုတ်ကပတ်တော်၏ဓားကို အကျွန်ုပ် စွဲကိုင်လျက်ရှိ၏။

အကျွန်ုပ်၏ဖြောင့်မတ်ခြင်းရင်အုပ်တန်ဆာသည် အနေအထားကောင်း မွန်၍ အကျွန်ုပ်၏ နှလုံးသားသည် ကာကွယ်ဖို့ရန် ကြိုက်နှစ်သက်၏။ အကျွန်ုပ်၏ ယုံကြည်ခြင်း လွှားသည် ထိခိုက်ခြင်းမရှိဘဲ ပကတိအတိုင်းဖြစ်နေပြီး စာတန်၏ နီရဲသောပစ်မြှားတို့သည် ပြန်ခုန်ထွက်ကြကုန်သည်။

တန်ဖိုးကြီးမားသော အသွေးတော်ကို အသနားခံ၍ ယေရှုနာမကို အမှီပြု လျက် အဖဘုရားအား အကျွန်ုပ်ခေါ်ခဲ့၏။

စာတန်သည် တိတ်တဆိတ်အဝေးသို့ ထွက်ပြေးနေစဉ်တွင် အကျွန်ုပ် သည် ဘုရားသခင်နှင့် တွေ့ဆုံ၍ စကားပြောခဲ့သည်။

ကျွန်ုပ်တို့ လေ့လာခဲ့ပြီးသမျှတို့၌ ဘုရားသခင်သည် သန့်ရှင်းခြင်း သင်တန်းကျောင်း၊ ကျောင်းဆရာဖြစ်ပြီး ကျွန်ုပ်တို့၌ လုပ်ဆောင်စရာ အိမ်စာများ ရှိနေသည်ကို ရှင်းရှင်းလင်းလင်းသိထားရမည်။ ဘုရားသခင်မပါဘဲ ကျွန်ုပ်တို့ မတတ်နိုင်ပါ။ ကျွန်ုပ်တို့မပါဘဲ ဘုရားသခင်က လုပ်ဆောင်မည် မဟုတ်ပါ။ နောက် တစ်ခန်းသို့ ဆက်လက်လေ့လာကြပါစို့။

# အခန်း (၇)

## ဘုရားသခင်၏ကဏ္ဍ – ကျွန်ုပ်တို့၏ကဏ္ဍ

သန့်ရှင်းခြင်း၏ကဏ္ဍတွင် ဘုရားသခင်၏ကဏ္ဍနှင့် လူ့ကဏ္ဍတို့သည် လျှို့ဝှက်စွာ ရောနှောထားသည်။ ဘုရားသခင်က ကျွန်ုပ်တို့အားလုံးကို သန့်ရှင်းစေချင်သည်။ သူသာလျှင် ကျွန်ုပ်တို့ကို သန့်ရှင်းအောင်လုပ်ဆောင်နိုင်သည်။ သူက ကျွန်ုပ်တို့လိုအပ်သောတန်ခိုးများကို ပေးသွားမည်ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့၏ ပါဝင်လှုပ်ရှားခြင်းမပါဘဲ သူကသန့်ရှင်းအောင်လုပ်ဆောင်မည် မဟုတ်ပါ။ ကောင်းကြီးမင်္ဂလာ၏လမ်းကြောင်း၌ မိမိကိုယ်ကို ထားရှိရန် လိုအပ်ပါသည်။

. . . သန့်ရှင်းခြင်းကို ကျွန်ုပ်တို့အပေါ်သို့ မှော်ပညာကဲ့သို့သော အမျိုးအစားဖြင့် အလိုအလျှောက်ကျရောက်စေရန် စောင့်ဆိုင်းနေခြင်းသည် မှားယွင်းသောအရာဖြစ်သည်။ သို့မဟုတ် အခြေအနေ၏ လိုအပ်ချက်ကလွဲ၍ ဘုရားသခင်၏ အကူအညီကို လေတိုက်၍ ကြွေကျသောအသီးကို စောင့်ဆိုင်းသကဲ့သို့ စောင့်ဆိုင်းနေခြင်းသည် မှားယွင်းသောအရာဖြစ်သည်။ စိမ်းလန်းသော ကျက်စားရာအရပ်သို့ တိုက်ရိုက်ပို့ဆောင်သော ပြတ်သားရှင်းလင်းစွာ သတ်မှတ်ထားသော လမ်းများ ရှိပါသည်။ ထိုလမ်းသို့ လျှောက်လှမ်းကြပါစို့။ ဥပမာအနေဖြင့် သန့်ရှင်းခြင်းကို လိုလားတောင့်တသောသူဖြစ်လျက်နဲ့ ဆုတောင်းခြင်း၊ ဆက်ကပ်ကိုးကွယ်ခြင်းတို့ကို လျစ်လျူရှုနေခဲ့လျှင် သွားချင်သည့်လမ်းကတစ်မျိုး၊ သွားနေသည့်လမ်းက အခြားလမ်းဖြစ်နေပါသည် . . . ။

ယုံကြည်ခြင်းအားဖြင့်သာလျှင် သန့်ရှင်းခြင်းသို့ ရောက်သည်ဟူ၍ ခရစ်ယာန်များကို ပြောပြနေခြင်းသည် လမ်းလွဲနေပါသည်။ ၎င်းသည် သူတို့ (ယုံကြည်သူတို့) အနေဖြင့် ခရစ်တော်၌ ပုံတူဖြစ်ဖို့ရန် သူတို့၏အပိုင်း၌ အားစိုက်ကြိုးပမ်းစရာ မလိုတော့ဘဲ အသာလေးထိုင်နေဖို့ရန်သာဖြစ်သည်ဟူသော စိတ်ထင်မှတ်ခြင်းကို

ဖန်တီးပေးခြင်းဖြစ်သည်။ ၎င်းသည် သန့်ရှင်းခြင်းနှင့်ပတ်သက်၍ ဓမ္မသစ်၌ ရာနှင့်ချီသော တိုက်တွန်းနှိုးဆော်ခြင်းများကို စိတ်ဆန္ဒရှိရန်၊ နာခံရန် ခေါ်တော်မူခြင်းကို နမော်နမဲ့ဖြစ်စေသည်။

ပလ္လင်တော်မှ ခေါ်တော်မူခြင်းကို အဖြေပေးခြင်းဖြင့် အသက်တာ၏ အောင်မြင်ခြင်းကို ရရှိသည်ဟူ၍လည်း လွဲမှားစွာ သင်ပေးခဲ့ကြသည်။ ထိုကဲ့သို့သော အတွေ့အကြုံသည် သူ၏အသက်တာကို အသစ်တဖန်ပြန်လည် ဆက်ကပ်ခြင်းဖြစ်ကြောင်းကို လူတိုင်းက ငြင်းပယ်မည်မဟုတ်ပါ။ သို့သော် ထိုသို့ခေါ်တော်မူခြင်းကို ထူး၍ဆက်ကပ်ခြင်းသည် အရာအားလုံးကို ပြီးမြောက်ခြင်း၊ အရာအားလုံး၏ အဆုံးမဟုတ်သေးပါ။ ၎င်း၏တန်ဖိုးနှင့် ထင်ရှားပေါ်လွင်ခြင်းတို့သည် လုံ့လဝီရိယဖြင့် ကြိုးစားအားထုတ်၍ ဆက်လက်ဆောင်ရွက်မှုရှိပါက လျှင်မြန်စွာ ကြွေကျသွားမည်ဖြစ်သည်။

ထို့ကြောင့် . . . ထားလိုက်ပါ . . . ဘုရားသခင်ပဲ တာဝန်ယူပါရစေ . . . ကတိတော်ကို ယုံကြည်ပါ။ ဖြည့်စွက် သွန်းလောင်းခြင်းကို ရယူပါ (သို့) . . . ကြိုးစားအားထုတ်မှုကို ရပ်ဆိုင်းပါ။ ယုံကြည်ကိုးစားခြင်းကို စတင်ပါ . . . စသည့် သားနားသောကြွေးကြော်သံများကို ကျွန်ုပ်တို့ သတိထား (ပြု) ကြရမည်။ Donald Campbell က ဤကဲ့သို့ ပြောခဲ့ဖူးသည်။ ဝိညာဉ်တော်သည် ယုံကြည်သူတစ်ဦး၏ အသက်တာ၌ အလိုအလျောက် အလုပ်မလုပ်ပါ။ သူ (ဝိညာဉ်တော်) သည် မှီခိုဖို့ရန် စောင့်ဆိုင်းနေသည်။

## ချက်ချင်းအပြီးပိုင် သန့်ရှင်းခြင်းမျိုးမဟုတ်

တစ်ကြိမ်တည်းသောက်လိုက်ခြင်းဖြင့် ဒဏ်ရာပြဿနာအားလုံး ဖြေရှင်းနိုင်သာ ပဋိဇီဝဆေးကဲ့သို့ သန့်ရှင်းခြင်းဆေးလုံးဖော်စပ်တီထွင်ရန် သင့်တော်သည်ဟု ဘုရားသခင်က မထင်မြင်ခဲ့ပါ။ သန့်ရှင်းခြင်းကို ဖြတ်လမ်း (သို့) အမြန်တပ်ဆင်ခြင်းဖြင့် ဘုရားသခင်က မပေးခဲ့သည့် တန်ခိုးများကို ကျွန်ုပ်တို့အား တစ်သက်



စာအတွက် အညွှန်းပေးထားပြီး ၎င်းတွင် သူသည်တန်ခိုးများကို ထောက်ပံ့ပေးကာ တစ်နေ့ပြီးတစ်နေ့ သင့်လျော်သလို လျှာထား၍ အသုံးပြုရန်ဖြစ်သည်။

ကယ်တင်ခြင်းသည် ယုံကြည်ခြင်းအားဖြင့် ဖြစ်သော်လည်း၊ သန့်ရှင်းခြင်းသည် ယုံကြည်ခြင်းနှင့် လုပ်ဆောင်ခြင်းအားဖြင့် ဖြစ်သည်။

ကျွန်ုပ်တို့အားလုံးသည် ပြောင်းလဲဖို့ရန် လိုအပ်သောသူများ ဖြစ်ကြသည်။ ကျွန်ုပ်တို့သည် မျက်နှာထားဆိုးသောသူ၊ ဒေါသထွက်အောင်လုပ်တတ်သောသူ၊ စိတ်ဆိုးလွယ်သောသူ၊ စိတ်မရှည်သောသူ၊ အပြောအဆိုမတတ်သောသူ၊ မချစ်တတ်သောသူ၊ အဝေဖန်မခံနိုင်သောသူ၊ တစ်ကိုယ်ကောင်းဆန်သောသူ၊ လိမ်လည်တတ်သောသူများ ဖြစ်နေခဲ့လျှင်၊ မတည်သောကတိကို အသုံးပြုခြင်း (သို့) ကိုယ့်ကိုယ်ကို ရှုတ်ချခြင်း၊ ဒါမှမဟုတ် ခရစ်တော်ကို မလေးစားသည့်အကျင့်များရှိနေသောသူများဖြစ်နေလျှင် ပြောင်းလဲဖို့ရန် လိုအပ်ပါသည်။ သခင်သည် ပြောင်းလဲပေးနိုင်ပါသည်။

ကျွန်ုပ်တို့၏ ပူးပေါင်းဆောင်ရွက်ခြင်းကို စွမ်းဆောင်ရန်သူ၏ နည်းလမ်းမှာ ကျွန်ုပ်တို့ကို ပညတ်တော်၏ အောက်၌မထားဘဲ ကျေးဇူးတရား၏အောက်၌ ထားရှိခြင်းဖြစ်သည်။ ယုံကြည်သူသည် ပြစ်ဒဏ်ပေးခြင်းကို ကြောက်ရွံ့သောကြောင့် သန့်ရှင်းခြင်း၏နောက်သို့လိုက်နေခြင်းမဟုတ်ဘဲ ကယ်တင်ရှင်ကို ချစ်သောကြောင့် သန့်ရှင်းခြင်းကို လိုလားတောင့်တခြင်းဖြစ်သည်။ ထိုအရာကို နောက်တစ်ခန်းတွင် ဆက်လက်လေ့လာသွားကြမည်။

# အခန်း (၈)

# လူတွေကို သန့်ရှင်းအောင် ဘယ်လိုလုပ်ရမလဲ

မေးခွန်းတစ်ခုမှာ လူတစ်ဦးသည် ကယ်တင်ခြင်းရပြီးသောအခါ သန့်ရှင်းသောအသက်တာဖြင့် အသက်ရှင်လိမ့်မည်ဟု ကျွန်ုပ်တို့အနေဖြင့် ဘယ်လိုသေချာမှုမျိုးကိုပေးနိုင်မလဲ။ သူသည် လောကီနှင့်အပြစ်တို့မှ ခွဲခြား၍ သီးခြားလျှောက်လှမ်းသွားလိမ့်မည်ဟူ၍ အာမခံနိုင်ဖို့ရန် အကောင်းဆုံးသောနည်းလမ်းဟာဘာလဲ။

အကယ်၍ သန့်ရှင်းခြင်းအသက်တာရှိဖို့ရန် လုပ်ဆောင်ရမည့်တာဝန်ဝတ္တရားများကို လူတိုင်း၌သာ ထားခဲ့မယ်ဆိုလျှင် သူ/သူမသည် စည်းမျဉ်း၊ စည်းကမ်းနည်းလမ်းကိုသာ ရွေးချယ်ဖို့များပါသည်။ သူ/သူမအနေဖြင့် ခရစ်ယာန်သည် ပညတ်တော်၏အောက်တွင် ထားရမည်ဟူ၍ အခိုင်အမာပြောဆိုပေမည်။ ကောင်းမွန်သော အပြုအမူများကို အတိုင်းအတာတစ်ခုအထိ ကျင့်ကြံနိုင်မှသာလျှင် သန့်ရှင်းခြင်းသို့ ရောက်ပေမည်။ ဤအရာကို လုပ်ဆောင်မှသာလျှင် အသက်ရှင်လိမ့်မည်ဟူ၍ ပြောဆိုပေမည်။

၎င်းသည် ပညတ်တော်ကို စောင့်ထိန်းခြင်းဖြင့် သန့်ရှင်းခြင်းသို့ ရောက်သောနည်းလမ်းဖြစ်သည်။ ပညတ်တော်တွင် ပညတ်တော် (၁၀) ပါး၊ ဥပုဒ်စောင့်ထိန်းခြင်း၊ သေရည်သေရက်၊ မူးယစ်ဆေး၊ ရုပ်ရှင်၊ ဆေးရွက်ဆေးလိပ်၊ ကခုန်ခြင်း၊ မကောင်းမှုဒုစရိုက်တို့ကို ရှောင်ကြဉ်ခြင်းစသည်တို့ ပါဝင်သည်။ ဆောင်ရန်နှင့်ရှောင်ရန်တို့၏ အရေအတွက်သည် များပြားလှပါသည်။

သို့သော် ပြစ်ဒဏ်စီရင်ခြင်းမရှိသော ပညတ်တော်သည် ကောင်းသောအကြံပေးခြင်းသာဖြစ်ပြီး ထိုကျင့်ဝတ်စည်းကမ်းနှင့်အညီ ဆီလျော်အောင် အသက်မရှင်နိုင်ပါက ပြစ်ဒဏ်စီရင်ခြင်းကို ခံရမည်ဖြစ်သည်။ ၎င်းနှင့်ပတ်သက်၍ များသောအားဖြင့် ညွှန်းပြကြသောပြစ်ဒဏ်သည် ကယ်တင်ခြင်းဆုံးရှုံးခြင်းဖြစ်သည်။ တစ်



ကျွန်ုပ်တို့ ကယ်တင်ခြင်းရသည့် တစ်ချိန်တည်းမှာပဲ ဘုရားသခင်၏ ရှေ့မှောက်၌ သန့်ရှင်းခြင်းရာထူးကို ကျွန်ုပ်တို့အား ပေးထားခဲ့သည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏အထဲ၌ ရှိနေသောကြောင့် သန့်ရှင်းသောရပ်တည်မှုကို ရရှိခဲ့ခြင်းဖြစ်သည် ။ကျွန်ုပ်တို့၏တာဝန်မှာ ကျွန်ုပ်တို့၏ ရာထူးနှင့်လိုက်၍ လက်တွေ့လုပ်ဆောင်ခြင်း၊ ကျွန်ုပ်တို့၏ ရပ်တည်မှုနှင့် ကျွန်ုပ်တို့၏ဖြစ်ခြင်း (အခြေအနေ) တို့ တညီတညွတ်တည်းဖြစ် (ကိုက်ညီ) နေသည်ကို မြင်သာ (သိသာ) စေရန်ဖြစ်သည်။

## ကြောက်ရွံ့ခြင်းကြောင့်မဟုတ်၊ ချစ်ခြင်းမေတ္တာဖြင့်

ကျေးဇူးတော်၏ အောက်တွင် သန့်ရှင်းခြင်းကို ဖြစ်ပေါ်စေသောအရာမှာ ချစ်ခြင်းမေတ္တာဖြစ်ပြီး၊ ကြောက်ရွံ့ခြင်းကြောင့် မဟုတ်ပေ။ ခရစ်ယာန်များအနေဖြင့် အပြစ်ကို အဝေးသို့ ပို့ဆောင်ဖို့ရန် သခင်ယေရှု၏ ပေးဆပ်ခြင်းတန်ဖိုးကို သတိရသောအခါ အလိုအလျောက် သန့်ရှင်းခြင်းကို လိုလားပါသည်။ ကရာနီကို သတိရအောက်မေ့ခြင်းသည် သမာသတိရှိစွာ၊ ဖြောင့်မတ်စွာနှင့် ဘုရားဝတ်၌ မွေ့လျော်စွာ အသက်ရှင်နိုင်ဖို့ရန် အကြီးမားဆုံး တွန်းအားဖြစ်နိုင်သည်။

ယုံကြည်သူက မေးခွန်းထုတ်ပြီး ချက်ချင်းပြန်ဖြေလိုက်သောအရာမှာ–

> သင့် (သခင့်) ဆီသို့ အသိမ်းအပိုက်ခံဖို့ရန် ပညတ်တပါးအားဖြင့် ချည်နှောင်ဖို့ လိုအပ်ပါသေးသလား။
>
> ဝမ်းမြောက်ခြင်းနှင့်အတူ၊ ဘယ်တော့မှ မလွတ်မြောက်နိုင်ရန် အကျွန်ုပ်၏ နှလုံးသားကို သိမ်းပိုက်ပြီ။

အကယ်၍ ခရစ်ယာန်များကို ကျေးဇူးတော်၏အောက်၌ထားခဲ့လျှင် သူတို့သွားပြီး သူတို့ကြိုက်သလိုလုပ်၍ သူတို့နှစ်သက်သောနည်းလမ်းနှင့် အသက်ရှင်သွားမည်ဟူ၍ တစ်စုံတစ်ယောက်က ကန့်ကွက်နိုင်သည်။ တစ်ခြား

ခြားနည်းနှင့် ပြောရမည်ဆိုလျှင် ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းသို့ရောက်သည်။ သို့သော် ခရစ်ယာန်အသက်တာ၌ (မှီအောင်) အသက်မရှင်နိုင်ပါက ထာဝရအသက်ကို လက်လွှတ်ရမည်ဖြစ်သည်။ ပညတ်တော် စောင့်ထိန်းခြင်းအားဖြင့် ကယ်တင်ခြင်း ရရှိသည်ဟူသော အချက်ကို (ပုံစံတစ်မျိုး (သို့) အခြားပုံစံဖြင့်) ထောက်ခံအားပေးသောသူတို့သည် ယုံကြည်သူများကို ဖြောင့်သောလမ်းနှင့်ကျဉ်းသောလမ်း၌ ထိန်းသိမ်းထားနိုင်ရန် တစ်ခုတည်းသောအရာမှာ ပြစ်ဒဏ်စီရင်ခြင်းကို ကြောက်ရွံ့ခြင်းဖြစ်သည်ဟူ၍ ယုံကြည်ကြသည်။

ဤကဲ့သို့သော သန့်ရှင်းခြင်းနည်းလမ်းသည် သေစေလောက်သောချို့ယွင်းချက်ရှိသည်။ ၎င်းသည် သမ္မာကျမ်းစာနှင့်မကိုက်ညီပါ။ သတ်မှတ်ထားသောပညတ်တော်များကို နာခံခြင်း (သို့) ခရစ်ယာန်ယဉ်ကျေးမှုနှင့် မကိုက်ညီသောအရာများကို ရှောင်ကြဉ်ခြင်းဖြင့် သန့်ရှင်းခြင်းသို့ ရောက်နိုင်မည့်အကြောင်း သမ္မာကျမ်းစာ၏ ဘယ်နေရာမှ အကြံပြုခြင်းမရှိပါ။ ၎င်းကဲ့သို့သော သဘောတရားများလက်ခံခြင်းကို ဆန့်ကျင်သည့်အနေဖြင့် ရှင်ပေါလုက ဂလာတိယုံကြည်သူများကိုပြစ်တင်ဆုံးမခဲ့သည် . . . ဤမျှလောက် ပညာမဲ့ကြသလော။ ဝိညာဉ်တော်ကိုအမှီပြု၍ လုပ်စရှိပြီးမှ ဇာတိကိုအမှီပြု၍ ပြီးစေကြသလော . . . ဟူ၍ မေးခွန်းထုတ်ခဲ့သည် (ဂလာတိ ၃း၃)။ တစ်နည်းအားဖြင့် ပြောရမည်ဆိုလျှင် . . . ပထမနေရာ၌သင်တို့သည် ပညတ်တော်ကို စောင့်ရှောက်ခြင်းဖြင့် ကယ်တင်ခြင်းမရနိုင်ခဲ့လျှင်ဘယ်လိုလုပ်ပြီး ထိုနည်းလမ်းအားဖြင့် သန့်ရှင်းခြင်းသို့ ရောက်နိုင်မည်နည်း။

၎င်းနည်းလမ်းသည် သမ္မာကျမ်းစာနှင့် မကိုက်ညီရုံသာမက ၎င်းသည်အလုပ်မဖြစ်ပါ။ James Denney က သိနာတောင်ကုန်းပေါ်ကမဟုတ်ဘဲ ကရာနီတောင်ကုန်းပေါ်မှသာလျှင် သန့်ရှင်းသူများကို မွေးထုတ်ပေးသည် . . . ဟု ပြောခဲ့သည်။ ပညတ်တော်သည် ခွန်အားလုံးဝမရှိသောသူထံမှ ခွန်အားကို တောင်းဆိုပြီး တန်ခိုးလည်းမပေးနိုင်ပါ။ ထိုမျှမက ၎င်းကိုမလိုက်လျှောက်နိုင်သောသူအားကျိန်ဆဲသေးသည်။ ထို့ပြင် ပညတ်တရားသည် အပြစ်ကို နှိုးဆွဖြစ်ပေါ်စေသည်



(ရောမ ၇း၈–၁၃)။ ကျဆုံးသွားသော လူသားတို့၏အထဲ၌ ကျိန်းဝပ်နေသော အပြစ်တရားကြောင့်ဖြစ်သည်။

## ဘုရားသခင်၏ သန့်ရှင်းခြင်းနည်းလမ်း

ဘုရားသခင်၏ သန့်ရှင်းခြင်းနည်းလမ်းသည် ကွဲပြားခြားနားသည်။ ၎င်းသည် ပညတ်တော်အားဖြင့်မဟုတ်ဘဲ ကျေးဇူးတော်အားဖြင့်ဖြစ်သည်။ ကိုယ်တော်ဘုရားက ပြောနေသည်မှာ . . . ကျေးဇူးတော်တရားအားဖြင့် သင်တို့ကိုငါကယ်တင်ခဲ့ပြီးပြီ။ ယခု ကြောက်ရွံ့ခြင်းအားဖြင့် မဟုတ်ပဲ ချစ်ခြင်းမေတ္တာ အားဖြင့်ကျေးဇူးတရားနှင့် ကိုက်ညီသောပြုမူကျင့်ကြံခြင်းဗုာ သွား၍အသက်ရှင်ကြလော့။ သင်တို့အထဲ၌ ကျိန်းဝပ်တော်မူသော သန့်ရှင်းသော ဝိညာဉ်တော်ကို ငါပေးခဲ့ပါပြီ။ သင်တို့ကို ခေါ်တော်မူခြင်းနှင့် ထိုက်တန်စွာ လျှောက်လှမ်းသွားနိုင်ဖို့ရန်(ဝိညာဉ်တော်) က သင်တို့ကို တန်ခိုးပေးတော်မူမည်။ ထို့ပြင် အပြစ်တရားကိုငြင်းပယ်သည့်အချိန်တိုင်း စုံစမ်းသွေးဆောင်ခြင်းကို တွန်းလှန်သည့် အချိန်တိုင်းသင်တို့ကို ငါအကျိုးခံစားစေမည်။

သဘာဝအလျှောက် ထွက်လာသောမေးခွန်းတစ်ခုမှာ . . .

‘‘ခရစ်ယာန်အဖြစ် ခေါ်တော်မူခြင်းနှင့် ကိုက်ညီသောပြုမူကျင့်ကြံခြင်းနှင့်ပတ်သက်၍ ဘာအမျိုးအစားမျိုးဖြစ်ပါသလဲဆိုတာ ကျွန်တော်က ဘယ်လိုသိနိုင်မလဲ။ ၎င်းမေးခွန်းနှင့် ပတ်သက်၍ ဘုရားသခင်က ကျွန်ုပ်တို့အား ဤသို့အဖြေပေးခဲ့သည်။ . . . ကောင်းပြီ သင်တို့အတွက် ဖြောင့်မတ်ခြင်း၌ လက်တွေ့ကျသောသွန်သင်ခြင်းများကို ဓမ္မသစ်တွင် အပြည့်အဝ ငါပေးခဲ့ပြီးပြီ။ ၎င်း၏အချို့သောသွန်သင်ချက်များကို ပညတ်တော်များဟူ၍ပင် ခေါ်ခဲ့ကြသည်။ သို့သော် သင်သတိရရမည့်အချက်မှာ ထိုပညတ်တော်များသည် ပြစ်ဒဏ်စီရင်ခြင်းနှင့် ပူးတွဲထားခြင်းမဟုတ်ဘဲ ၎င်းအစား ထိုပညတ်တော်များသည် ငါ့ကို ကျေနပ်အားရစေသောနေပုံထိုင်ပုံများကို တိတိကျကျ ဥပမာပြ၍ ဖော်ပြထားခြင်းဖြစ်သည်။

ဒါကြောင့် ဘုရားသခင်က ဤသို့ဆောင်ရွက်သွားခဲ့သည်။ သူက ကျွန်ုပ်တို့အား အခြေခံစည်းမျဉ်း (သဘောတရား) အစုံကို ပေးထားခဲ့သည်။ ဤအရာကို ကျွန်ုပ်အနေနှင့် လုပ်ဆောင်သင့်သလားဆိုတဲ့ မေးခွန်းထွက်ပေါ်လာသောအခါ ၎င်းအခြေခံသဘောတရားကို တစ်ခုပြီးတစ်ခု မှန်/မမှန် စစ်ဆေးဖို့ရန် အသုံးပြုသည်။ ဤနည်းလမ်းအားဖြင့် မဖြေရှင်းနိုင်သော ပြဿနာမရှိပါ။ ၎င်းသည် ပြဿနာနစ်ခုကို ကွန်ပျူတာထဲသို့ထည့်ပြီး သင့်လျော်သော Control ကို နှိပ်လိုက်ရုံဖြင့် ပြဿနာ၏အဖြေသည် ကျွန်ုပ်တို့ကို စိုက်ကြည့်ထွက်ပေါ်လာသကဲ့သို့ ဖြစ်သည်။ ၎င်းအခြေခံသဘောတရား (စည်းမျဉ်း) များကို မေးခွန်းပုံစံဖြင့် ဖော်ပြသွားပါမည်။

## ၎င်းအားဖြင့် ဘုရားသခင်၏ဘုန်းတော်ထင်ရှားမှုရှိသလား

ကျွန်ုပ်တို့အမြဲတမ်းမေးတတ်သည့်မေးခွန်းမှာ . . . ဒီအရာလုပ်ခြင်းအားဖြင့် အန္တရာယ်ရှိနိုင်မလား . . . ဟူ၍ မေးတတ်ကြသည်။ သို့သော် ကျွန်ုပ်မေးသင့်သည့်မေးခွန်းမှာ ဤအရာ၌ ဘုရားသခင်၏ ဘုန်းတော်ထင်ရှားမှုရှိသလား . . . ဆိုသည့် မေးခွန်းဖြစ်သည်။ ကျွန်ုပ်တို့ ဘယ်အရာမဆို လုပ်ဆောင်သောအခါ ဘုရားသခင်၏ ဘုန်းတော်အတွက် လုပ်ဆောင်သင့်သည်ဟူ၍ တမန်တော်ပေါလုက အခြေခံစည်းမျဉ်းထုတ်ထားပြီး ၎င်းသည် အစားအသောက်ကဲ့သို့သော လုပ်နေကျ၊ ဖြစ်နေကျများကို လုပ်ဆောင်ခြင်း၌ အသုံးပြုသည် (၁ ကော ၁၀း၃၁)။ နာမည်ကျော်ကြားသော တရားဟောဆရာတစ်ပါးသည် ဘုရားသခင်၏ ဘုန်းတော်အတွက်ဟူသော ရည်ရွယ်ချက်ဖြင့် တရားဟောသည်။ အလားတူ ရည်ရွယ်ချက်ဖြင့် သူ့ဇနီးသည် အိမ်တွင်းအမှုများကို ဆောင်ရွက်သည်။ သူမ၏ မီးဖိုချောင်၌ ဤနေရာတွင် ဘုရား၏အမှုတော်ကို တစ်ရက်သုံးကြိမ် ပုံမှန်လုပ်ဆောင်ပါသည် . . . ဟူသော သတိပေးနှိုးဆော်စာကို ရေးထိုးထားပါသည်။

တစ်စုံတစ်ခုသော မွန်မြတ်သည့်အလုပ်အားဖြင့် ဘုရားသခင်၏ ဘုန်းတော်အတွက် လုပ်ဆောင်နိုင်ပါသည်။ ခရစ်ယာန်ကျွန်များတောင်မှ သူတို့၏ သခင်ကို အစေခံရာတွင် လူကိုအစေခံသကဲ့သို့မဟုတ်ဘဲ ခရစ်တော်ကို အစေခံ



စကားဖြင့် ပြောရမည်ဆိုလျှင် ကျေးဇူးတော်၏ သွန်သင်ခြင်းသည် အပြစ်ကို အားပေးရာရောက်သည်ဟူ၍ ဖြစ်သည်။ ၎င်းနှင့်ပတ်သက်၍ Spurgeon က ဤသို့ ပြန်ဖြေသည်။

. . . ဘုရားသခင်၏ ကောင်းမြတ်ခြင်းအပေါ်၌ လူတို့အနေဖြင့် အပြစ်နှင့်ပတ်သက်၍ ငြင်းခုံစရာတွေ့ရှိကြသည်မှာ သဘာဝအရသော်လည်းကောင်း၊ ကျေးဇူးတရားအရသော်လည်းကောင်း နည်းလမ်းမကျပါ။ ဘုရားသခင်က ကျွန်ုပ်ကို ကြင်နာသနားသောကြောင့် သူ့ကို ကျွန်တော်မုန်းရမည်လော၊ သူက ကျွန်ုပ်ကို ကောင်းကြီးပေးသောကြောင့် ကျွန်ုပ်က သူ့ကို ကျိန်ဆဲရမည်လော။ . . . ခရစ်တော်၌ရှိသော ယုံကြည်သူကမူ အခြားပုံစံဖြင့် အကျိုးအကြောင်းစဉ်းစားဆင်ခြင်သည်။ ဘုရားသခင်သည် အင်မတန်ကောင်းမြတ်နေပါလား။ ဒါကြောင့် သူ့ကို စိတ်ဆင်းရဲအောင် အကျွန်ုပ်မလုပ်ပါ။ ဘုရားသခင်သည် ကျွန်ုပ်၏ အပြစ်ကို ခွင့်လွှတ်ဖို့ရန် အသင့်ဖြစ်နေပါလား။ ဒါကြောင့် သူ့ကို အကျွန်ုပ်ချစ်ပါမည်။ ပြီးနောက် သူ့ကို စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်တော့ပါ။ ယုံကြည်သူတစ်ဦးသည် မကောင်းသောအရာအားလုံးကို ရွံရှာမုန်းတီး၍ ဘုရားသခင်၏ ရွေးနှုတ်ခြင်းတွင် လုံးလုံးလျားလျား ခန့်အပ်ပူဇော်နိုင်ဖို့ရန် ဘုရားသခင်၏ လွတ်လပ်သော ကျေးဇူးတရားမှ ယူဆောင်လာသောအရာများထက်သာ၍ မြင့်မြတ်သော (သို့) ခိုင်လုံသော ငြင်းခုံမှုများ မလိုအပ်တော့ပါ။

အခြားအရာများကဲ့သို့ပင် ကျေးဇူးတရားသည်လည်း အစော်ကားခံရတတ်သည်။ အချို့သောသူများက အပြစ်လုပ်ခြင်းအတွက် ပညတ်တရားမှ လွတ်မြောက်ခြင်းအကြောင်းကို မမှန်ကန်သောအမှုဖြင့် အသုံးပြုတတ်ကြသည်မှာ အငြင်းပွားစရာ မဟုတ်ပါ။ သို့သော် ဤအရာများသည် ခြွင်းချက်များဖြစ်သည်။

ကျွန်ုပ်တို့သည် ပညတ်တရားမှ လွတ်မြောက်သည်မှန်သော်လည်း တရားမရှိသောသူများ မဟုတ်ကြပါ။ ရှင်ပေါလုက ၁ ကော ၉း၂၁ တွင် ကျွန်ုပ်

တို့သည် ခရစ်တော်၏ တရားအောက်တွင် ဖြစ်ကြောင်း ဖော်ပြသည်။ ယုံကြည်သူ အသက်တာ၏ စည်းကမ်းသည် ပညတ်တရားမဟုတ်ဘဲ ခရစ်တော်ပင်ဖြစ်ကြောင်း တွေ့ရသည်။

ကျွန်ုပ်တို့လုပ်ချင်တဲ့အရာတွေကို လုပ်နေတယ်ဆိုတာမှန်သော်လည်း၊ ယခုကျွန်ုပ်တို့ လုပ်ချင်တဲ့အရာတွေဟာ အရင်ကလိုမဟုတ်ဘဲ ခြားနားသွားပါပြီ။ ယခု ကျွန်ုပ်တို့အနေဖြင့် စုံစမ်းသွေးဆောင်ခြင်းကို တွန်းလှန်၍ ၎င်းကို ရှောင်ကြဉ်ချင်သည်။ ခရစ်တော်၏ နှလုံးသားက နှစ်သက်သောအရာများကို လုပ်ချင်လာသည်။ ကျွန်ုပ်တို့အနေဖြင့် သန့်ရှင်းခြင်းကို လိုလားတောင့်တသည်။ ကျွန်ုပ်တို့ လုပ်ချင်တဲ့တစ်စုံတစ်ရာကို ကြိုက်သလိုလုပ်ရသည်ဆိုသည့် အဓိပ္ပါယ်မှာ အထက်ပါအရာများကို လုပ်ဆောင်ရာတွင် အကန့်အသတ်မရှိသော လိုအင်ဆန္ဒအတိုင်း လုပ်ဆောင်နိုင်ခြင်းကို ဆိုလိုပါသည်။

ယနေ့ အသင်းတော်တိုင်း၌ သန့်ရှင်းစွာ အသက်ရှင်ကြသော ယုံကြည်သူများရှိကြသည်ဆိုတာကို ကျွန်ုပ်တို့အနေဖြင့် မငြင်းပယ်ပါ။ သို့သော် ၎င်းတို့အနက် အချို့သောသူတို့သည် ဘုရားသခင်၏ ကျေးဇူးတရား၌ ကောင်းမွန်စွာ အုတ်မြစ်ချသောကြောင့် သန့်ရှင်းသောအသက်တာရှိကြသော်လည်း၊ အခြားသော သူတို့သည် ပတ်ဝန်းကျင်နှင့် အသားကျအောင် ပြဋ္ဌာန်းထားသော ဥပဒေကြောင့် (အသင်းတော်၏စည်းကမ်း) ကြောင့် သန့်ရှင်းခြင်းကို ကျင့်ကြသည်။

ယခု ကျွန်ုပ်တို့ ခေတ္တခဏရပ်ပြီး မလွဲမရှောင်သာ ထွက်ပေါ်လာသော မေးခွန်းတစ်ခုကို စဉ်းစားကြရအောင်။ ယုံကြည်သူတစ်ဦးသည် အပြစ်မလုပ်နိုင်သောနေရာကို ရောက်ရှိရန် ပြည့်စုံသော သန့်ရှင်းခြင်းကို ရယူရန် ဖြစ်နိုင်ပါ့မလား။ သမ္မာကျမ်းက (ကော) ဘာပြောထားပါသလဲ။



# အခန်း (၉)

## ခရစ်ယာန်အပြုအမူ၏ အခြေခံသဘောတရားများ

မေးခွန်းတစ်ခုမှာ ယုံကြည်သူတစ်ဦးနှင့် သင့်လျော်သောပြုမူကျင့်ကြံခြင်းဟာ ဘာလဲ။ . . . သူ ဘာတွေကို လုပ်နိုင်သလဲ၊ ပြီးနောက် သူဘာတွေကို မလုပ်သင့်သလဲ။ ဤလုပ်ဆောင်ချက်သည် မှားသလား (သို့) မှန်သလား . . . ဆိုသည့် မေးခွန်းဖြစ်သည်။

ယုံကြည်သူတစ်ဦးသည် သူ၏အထက်က ခေါ်တော်မူခြင်းနှင့် ထိုက်တန်စွာ ဘယ်လိုလျှောက်လှမ်းရမလဲဆိုတာကို ယေဘုယျအနှစ်ချုပ်အားဖြင့် သမ္မာကျမ်းစာတွင် ဖော်ပြထားပါသည်။ သမ္မာကျမ်းစာက များစွာသော မေးခွန်းများကို တိုက်ရိုက်ပေးထားသောကြောင့် ရှေ့ဆက်၍ အဖြေရှာနေဖို့ရန် မလိုအပ်တော့ပါ။ ဥပမာ ၂ ကော ၆း၁၄ တွင် ဆန့်ကျင်ဘက်ဖြစ်သော ထမ်းပိုးကို ထမ်းဆောင်ခြင်းသည် မမှန်ကန်ကြောင်း သွန်သင်ထားသည်။ ယုံကြည်သူသည် မယုံကြည်သူနှင့် ထိမ်းမြားခြင်းမပြုရပါ။ မယုံကြည်သူများနှင့် စီးပွားရေးလုပ်ငန်းတွင် လုပ်ဖော်ကိုင်ဖက်မပြုလုပ်ရ။ မယုံကြည်သူနှင့်အတူ ခရစ်ယာန်အစီအစဉ်တစ်ခုတွင် ဝင်ရောက်စွပ်ဖက်ခြင်းမပြုလုပ်ရ။ ၎င်းအရာတို့နှင့်ပတ်သက်၍ ဆုတောင်းပြီး အဖြေရှာနေစရာ မလိုအပ်သလို၊ အကြံအဉာဏ်တောင်းခံရှာဖွေနေစရာလည်း မလိုအပ်ပါ။ သမ္မာကျမ်းစာတွင် အဖြေပေးထားပြီးသောကြောင့် ဖြစ်သည်။

သို့သော် ခရစ်ယာန်ဘဝတွင် သမ္မာကျမ်းစာနှင့် တိုက်ရိုက်မဆက်စပ်သော အခြေအနေအဖြစ်အပျက်မြောက်များစွာ ရှိပါသည်။ အကယ်၍ သမ္မာကျမ်းစာသည် ပြဿနာတိုင်းကို အသေးစိတ်နေရာယူရှင်းပြပါက ထုထည်အလွန်ကြီးမားပြီး ကျွန်ုပ်တို့ သယ်ဆောင်၍ ရတော့မည်မဟုတ်ပါ။

သကဲ့သို့ (ခရစ်တော်၏ အစေခံများကဲ့သို့ ခရစ်တော်အပေါ်၌ အစေခံသကဲ့သို့) လုပ်ဆောင်နိုင်သည် (ဖေက် ၆း၅–၇)။

သို့သော် ဘုရားသခင်၏ ဘုန်းတော်အတွက် မဟုတ်သောအရာများ မြောက်များစွာရှိသည်။ မရိုးသားခြင်း၊ ညစ်ညူးခြင်း၊ မတရားသော ဘုရားသခင်အတွက် ဘုန်းတော်ထင်ရှားခြင်းမရှိပါ။ အထက်ပါအရာတို့ကို မလုပ်ဆောင်ခင်မှာ ဦးခေါင်းကိုညွတ်ပြီး . . . သခင်ယေရှု၊ အကျွန်ုပ် ယခုလုပ်ဆောင်မည့်အရာ၌ ကိုယ်တော့်၏ ဘုန်းတော်ထင်ရှားစေပါ . . . ဟူ၍ ဆုတောင်းခဲ့ပါက ရယ်စရာကောင်းသော လှောင်ပြောင်သရော်ခြင်းဖြစ်ပေမည်။

## ၎င်းသည် လောကနှင့်စပ်ဆိုင်သလား

ဒုတိယမွေးခြင်းမခံသောလူတို့၏ ကမ္ဘာ၌၊ ၎င်းတို့၏ နေပုံထိုင်ပုံ၊ ဝတ်စားဆင်ယင်မှု၊ ဂီတ၊ အနုပညာ၊ ဘာသာတရား၊ အတွေးအခေါ် Philosophy တို့သည် သီးခြားဖြစ်နေသည်။ ၎င်းတို့သည် ဝိညာဉ်ထက်ခန္ဓာကိုယ်ကို ပိုစွမ်းဆောင်သည်။ တစ်နည်းအားဖြင့် ၎င်းတို့သည် ဝိညာဉ်သဘောထက် ခန္ဓာကိုယ်သဘောကို ဆောင်သည်။ ခရစ်တော်က ခန့်အပ်စီမံပေးသောအရာထက် ပျက်ပြားသော လူ့ဇာတိ၏ သဘောသဘာဝဘက်ကို ပိုစွမ်းဆောင်သည်။ ခရစ်တော်သည် လောက၏သားမဟုတ်သကဲ့သို့ (လောကနှင့်မစပ်ဆိုင်သကဲ့သို့) ယုံကြည်သူတို့သည် လည်း လောကသား၊ သမီးများ မဟုတ်ကြတော့ပါ (ယောဟန် ၁၇း၁၆)။ ဤလောကသည် ထာဝရဘုရားအား ဆန့်ကျင် (ရန်လို) သောကြောင့် လောကကို ချစ်သောသူတိုင်းသည် ထာဝရဘုရား၏ ရန်သူများ ဖြစ်ကြသည် (ယာကုပ် ၄း၄၊ ၁ ယော ၂း၁၅)။

လူတစ်ဦးသည် ယုံကြည်သူဖြစ်လာသောအခါ သူ့ကို သန့်ရှင်းသော ဝိညာဉ်တော်က လောကီရေးရာနှင့်ဆိုင်သော အရာများကို ထုတ်ဖော်ပေးသည်။ ထို့နောက် သူသည် ကျေးဇူးတော်၏အောက်၌ ကြီးထွားရင့်ကျက်လာသောအခါ ၎င်းထုတ်ဖော်ပေးခြင်းသည် ပိုမိုပြင်းထန်လာနိုင်သည်။



ဤပကတိနှစ်ခုသည် အဆက်မပြတ်တစ်ခုနှင့်တစ်ခု တိုက်ပွဲဝင်နေကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့က ထောက်ပံ့သောပကတိသည် တိုက်ပွဲ၌အနိုင်ယူသော ပကတိဖြစ်သည်။

၎င်းပကတိနှစ်ခုကို ကျွန်ုပ်တို့၏ မြင်သောအရာ၊ ကြားသောအရာ၊ လုပ်ဆောင်သောအရာ၊ သွားသောအရာ၊ ပေါင်းဖော်ခြင်း၊ ကျွန်ုပ်တို့အားပေးသော ဘဝ၏ အတွေးအခေါ်များအားဖြင့် ထောက်ပံ့ခဲ့ကြသည်။ အကယ်၍ အထဲ၌ရှိသော ဝံပုလွေကို ထောက်ပံ့နေပါက သိုးသူငယ်က အောင်ပွဲခံရန် ကျွန်ုပ်တို့ မမျှော်လင့်နိုင်ပါ။

သင်၏ ခန္ဓာကိုယ်သည် သန့်ရှင်းသော ဝိညာဉ်တော် ဗိမာန်တော်ဖြစ်ကြောင်း အောက်မေ့သတိရသောအခါ သင့်အနေဖြင့် ၎င်းကို လွတ်လပ်သောစိတ်ဖြင့် လုပ်ဆောင်နိုင်ပါသလား။

လူတစ်ဦးကယ်တင်ခြင်းရလာသောအခါ ချက်ချင်းပင် သန့်ရှင်းသော ဝိညာဉ်သည် သူ၏ခန္ဓာကိုယ်၌ အမြဲတမ်းနေထိုင်ဖို့ရန် နေရာယူလိုက်သည် (၁ ကော ၆း၁၉)။ သုံးပါးတစ်ဆူထဲက တစ်ပါးသောသူသည် ခန္ဓာကိုယ်ကို နေထိုင်ဖို့ရန် သန့်ရှင်းသောနေရာဖြစ်သည့် ဗိမာန်တော်ကဲ့သို့ သတ်မှတ်ယူဆသည်။ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်သည် သန့်ရှင်းသည်ဖြစ်၍ သန့်ရှင်းသောပုဂ္ဂိုလ်သည် အထဲ၌ ကိန်းဝပ်လျက်ရှိသည်ဟူသော နိုးကြားသောအသိ (သတိ) စိတ်ဖြင့် ကျွန်ုပ်တို့သည် အသက်ရှင်ကြရမည်ဖြစ်သည်။

ကျွန်ုပ်တို့ကို ဤသမ္မာတရားဖြင့် ဆုပ်ကိုင်နေသရွေ့ ကျွန်ုပ်တို့အနေဖြင့် မတရားသော ကာမဂုဏ်လွန်ကျူးခြင်း၊ အစားကြူးခြင်း၊ သေရည်သေရက်နှင့် မူးခြင်းတို့ကို တွန်းလှန်ရမည်။ ကျွန်ုပ်တို့သည် ကင်ဆာရောဂါများ ထုတ်လုပ်ပေးသော ဆေးလိပ်၊ ဆေးရွက် (သို့) စိတ်ပြောင်းလဲစေတတ်သော (စိတ်ကြွစေ သော) မူးယစ်ဆေးဝါးများ၌ မိမိကိုယ်ကို အစွဲလမ်းခံရန် ခွင့်ပြုရတော့မည်မဟုတ်ပါ။ ထိုသို့ဖြစ်ရမည့်အစား သခင့်အတွက် ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာကို ကျန်းကျန်းမာမာ

## ယေရှုက လုပ်ခဲ့ပါ့မလား

သူ၏ခြေရာတော်သို့ လိုက်လျှောက်စေဖို့ရန် ခရစ်တော်က ကျွန်ုပ်တို့ကို ပုံသက်သေထားခဲ့သည် (၁ ပေ ၂း၂၁)။ ထို့ကြောင့် ယေရှုက ဘာလုပ်ခဲ့မလဲဟူသည့် မေးခွန်းအားဖြင့် အပြုအမူ (လုပ်ရပ်) တစ်ခုစီတိုင်းကို စစ်ကြောစစ်ဆေး၍ ရသည်။

ပြီးခဲ့သည့်နှစ်များစွာက သူ၏ခြေရာတော်၌ဟူသော စာအုပ်ကို Charles Sheldon က ရေးသားခဲ့သည်။ ခရစ်ယာန်အစည်းအရုံးတစ်ခုက ထိုစာအုပ်ကို နေ့စဉ်အသက်တာ စစ်ကြောစစ်ဆေးရေးအတွက် အသုံးပြုရန် ဆုံးဖြတ်ခဲ့ကြသည်။ အကျိုးရလဒ်အနေဖြင့် ၎င်းအဖွဲ့အစည်းတွင် ပြုပြင်ပြောင်းလဲမှု ဖြစ်ပေါ်ခဲ့သည်။

တစ်စုံတစ်ယောက်သောသူက ယေရှုသည် အခွန်ကောက်ခံသူများ၊ ဆိုးသောသူများနှင့်အတူ ထမင်းဝိုင်းထိုင်ကြသည်ဟု အသိပေးနိုင်ပါသည်။ ယေရှုသည် ထိုသူတို့နှင့်အတူတကွ စားခဲ့သည်မှန်သော်လည်း သူသည် အဖခမည်းတော်ဘုရား၌ အမြဲသစ္စာရှိသူဖြစ်သည်။ သူသည် သူတို့၏ အပြစ်နှင့် နားလည်မှုမလုပ်သလို၊ သူ၏အသက်တာ၌လည်း ပြွေးနှောရှုပ်ထွေးခြင်းမရှိပါ။ ကျွန်ုပ်တို့သည်လည်း မယုံကြည်သူအပြစ်သားများနှင့်အတူတကွစား၍ သူတို့၏အပြစ်များကို ထုတ်ဖော်ပြကာ သတင်းကောင်းကို ဝေငှနိုင်သည် (ဖေက် ၅း၁၁ခ) (ရောမ ၁း၁၄)။ ဤလောက၌ လျှောက်လှမ်းခဲ့သောသူ (ခရစ်တော်) ၏ ပုံသက်သေသည် ကျွန်ုပ်တို့၏ ရှေ့မှောက်၌ အစဉ်အမြဲရှိသင့်သည့်တစ်ခုတည်းသော သန့်ရှင်းခြင်း၏ စံချိန်ဖြစ်သည် . . . (R.C Chapman)။

## သခင်ယေရှုပြန်ကြွလာသည့်အခိုက်တွင် ၎င်းသည်သင်မြင်စေချင်သည့်လုပ်ရပ် ဟုတ်သလား

ကယ်တင်ရှင်ပြန်ကြွလာမည့်အချိန်ကို ဘယ်သူကမျှ မသိကြပါ။ ၎င်းသည် အချိန်အခါတိုင်း၌ ဖြစ်ပျက်နိုင်သည်။ တမန်တော်ယောဟန်က သူပြန်ကြွလာသည့်



အခါ ရှက်ကြောက်ခြင်းနှင့် ကြုံတွေ့နိုင်သည့်အကြောင်း သတိပေးဖော်ပြသွားခဲ့သည် (၁ ယော ၂း၂၈)။ အကယ်၍ ခရစ်တော်က ကျွန်ုပ်တို့အား မကောင်းသောအရာများ၊ သံသယရှိဖွယ်သောလုပ်ရပ်များ၊ ရှုတ်ချဖွယ်သောရုပ်ရှင်၊ ဗွီဒီယိုကြည့်ရှုခြင်း၊ ညစ်ပတ်သောစာပေများဖတ်ရှုခြင်း၊ ကာယ၏အလိုရမ္မက်ကိုလိုက်နာခြင်းများ လုပ်ဆောင်နေသည်ကို တွေ့ရှိပါက ကျွန်ုပ်တို့သည် အရှက်ကွဲရလိမ့်မည်။ အကယ်၍ သူက ကျွန်ုပ်တို့အား . . . သင်ဒီမှာ ဘာလုပ်နေတာလဲဟူ၍ မေးဖို့ရန် လိုအပ်ခဲ့သော (သို့မဟုတ်) နောက်လှည့် (ဖောက်ပြန်) ခဲ့ဖူးသော ပေတရုကို သင်သည် ၎င်းကို ဤအရာများထက် ပိုချစ်သလောဟူ၍ မေးခဲ့သကဲ့သို့ မေးခွန်းထုတ်ရန် လိုအပ်မည်ဆိုလျှင် ကျွန်ုပ်တို့သည် ရှက်ကြောက်ခြင်းနှင့် ရင်ဆိုင်ရလိမ့်မည်။

မကြာခင်ဖြစ်ပျက်တော့မည့် ခရစ်တော်၏ပြန်ကြွလာခြင်း၌ မျှော်လင့်ချက်ထားရှိခြင်းသည် ယုံကြည်သူတစ်ဦး၏ အသက်တာ၌ ကိုယ့်ကိုကိုယ် သန့်ရှင်းစေရန် ကြိုးစားအားထုတ်မှုကို ဖြစ်ပေါ်စေသည် (၁ ယော ၃း၃)။ သို့သော် ၎င်းသမ္မာတရားသည် ကျွန်ုပ်တို့၏ အသိစိတ် (ဉာဏ်) ၌သာ စုပ်ကိုင်မထားဘဲ၊ သမ္မာတရားက ကျွန်ုပ်တို့အား လက်တွေ့လုပ်ဆောင်ခြင်း၌ ချုပ်ကိုင်ထားရန်လည်း လိုအပ်သည်။ သူ၏ ပေါ်ထွန်းတော်မူခြင်းကို တောင့်တသောသူတို့သည် ထိုမင်္ဂလာရှိသော မျှော်လင့်ခြင်းအားဖြင့် သူတို့၏အသက်တာကို ပုံသွင်းထားကြသူများ ဖြစ်သည် (၂ တိမောသေ ၄း၈)။

## ၎င်းသည် မည်သည့်ပကတိကို ထောက်ပံ့ (ကျွေးမွေး) သလဲ

အခြားအခန်းတွင် ပကတိနှစ်ခုအကြောင်းကို လေးနက်စွာ ကျွန်ုပ်တို့ လေ့လာသွားပါမည်။ ၎င်းကို ဤနေရာတွင် အတိုချုံးအားဖြင့် ဖော်ပြသွားပါမည်။ ယုံကြည်သူတိုင်းတွင် ဟောင်းသောပကတိ (သဘာဝ) နှင့် အသစ်သောပကတိကို ပိုင်ဆိုင်ကြသည်။ ဟောင်းသောပကတိသည် ပြုပြင်၍မရနိုင်လောက်အောင် ဆိုးသွမ်း၍ အသစ်သောပကတိသည် အလွန်အမင်းကောင်းမွန်ပြန်သည်။

**သင်၏အပြုအမူ (လုပ်ရပ်) သည် အခြားသောသူများအပေါ်၌ ဘာအကျိုးသက်ရောက်မှု ပေးသလဲ**

ဤဘဝတွင် ကိုယ်ကျင့်တရားနှင့်ပတ်သက်၍ ကြားနေကိုယ်ကျင့်တရားများရှိသည်။ ၎င်းတို့ကို အဆိုး၊ အကောင်း ကွဲပြားခြားနားမှုမရှိသော ကိုယ်ကျင့်တရား (သို့) အသုံးပြုခြင်း၏ အကျိုးအကြောင်းပေါ် မူတည်၍ ခွဲခြားသတ်မှတ်နိုင်သော အရာများဟူ၍ ခေါ်ဆိုနိုင်သည်။

ခရစ်ယာန်တစ်ဦးသည် ၎င်းအရာများကို လုပ်ဆောင်နိုင်ခွင့်ရှိသည်။ ၎င်းအရာများ၌ အမှားမရှိပါ။ သို့သော် ထိုအရာများက အခြား ညီ၊ အစ်ကိုအား ခလုတ်တိုက်ခြင်း (ထိမိလဲစရာဖြစ်ခြင်း) (သို့) မှားယွင်းစရာအကြောင်းများ ဖြစ်ပေါ်စေပါက ၎င်းအရာများ လုပ်ဆောင်ခြင်းသည် မှားယွင်းသော (အပြစ်ရှိသော) လုပ်ဆောင်ခြင်းဖြစ်သွားသည်။ ၎င်းကိစ္စနှင့် ပတ်သက်၍ ရှင်ပေါလုက ဘယ်လိုဖြေရှင်းခဲ့သည်ဆိုတာကို ရောမ ၁၄ တွင် ဖော်ပြထားပါသည်။

ညီအစ်ကိုချင်း ထိမိ၍လဲစရာအခွင့်၊ မှားယွင်းစရာအခွင့် မရှိစေမည့်အကြောင်းသာ၍ စီရင်ကြကုန်အံ့ (အပိုဒ်ငယ် ၁၃ခ)။

သင်၏ ညီအစ်ကိုသည် သင်စားသောအစာကြောင့် စိတ်နာရလျှင် သင်သည် မေတ္တာတရားကို မကျင့်၊ အသေခံတော်မူသောခရစ်တော်ကို သင်၏အစာအားဖြင့် အကျိုးမနည်းစေနှင့် (အပိုဒ်ငယ် ၁၅)။

ဘုရားသခင်၏အမှုတော်ကို သင်၏အစာအလို့ငှာ မဖျက်ဆီးနှင့် (အပိုဒ်ငယ် ၂၀က)။

နောက်တဖန် ၁ ကော ၈း၉–၁၃ တွင်လည်း ရှင်ပေါလုက ဤသို့ပြောခဲ့သည်။

သို့သော်လည်း သင်တို့လွတ်လပ်ခွင့်ကို အားနည်းသောသူတို့၌ ထိမိ၍



ဖြင့် ဘေးကင်းလုံခြုံစွာ ထိန်းသိမ်းထားနိုင်ရန် ကျန်းမာရေးနှင့် မျှတသော စည်းကမ်းများကို လိုက်နာကြရမည်။

**ဘုရားသခင်၏ သားသမီးတစ်ဦးအနေဖြင့် ၎င်းအပြုအမူကို ပြုလုပ်ရန် သင့်လျော်သလား။**

ရှင်ဘုရင်၏ သား၊ သမီးများဖြစ်သည့်နည်းတူ ကျွန်ုပ်တို့သည် အထက်အရပ်မှ ခေါ်နှုတ်တော်မူခြင်းနှင့် ထိုက်တန်စွာ လျှောက်လှမ်းဖို့ရန် လိုအပ်သည် (ဖေက် ၅း၈၊ ကောလောသဲ ၁း၁၀)။

ပြင်သစ်နိုင်ငံမှ ဘုရင် Louis XVI ၏ သားနှင့် ပတ်သက်၍ ပုံပြင်တစ်ပုဒ်ရှိသည်။ သူ့ကို ဆိုးသွမ်းသော အမျိုးသမီးတစ်ဦးက ညစ်ပေသော စကားများပြောခြင်းအားဖြင့် အကျင့်စာရိတ္တပျက်ပြားစေရန် ကြိုးစားခဲ့ရာ မင်းသားလေး သည် လက်ကို တင်းတင်းဆုပ်ကိုင်ပြီး ခြေထောက်ကိုဆောင့်ကာ . . . "ကျွန်ုပ်အနေဖြင့် ထိုကဲ့သို့ ညစ်ပတ်သောစကားများပြောမှာ မဟုတ်ပါ။ ကျွန်တော်ဟာ ဘုရင်ဖြစ်ဖို့ မွေးဖွားလာတာပါ။ ထိုကဲ့သို့သော နည်းလမ်းနှင့် ကျွန်တော်စကားမပြောပါ" ဟူ၍ ပြန်ပြောခဲ့သည်။

ကျွန်ုပ်တို့အနေဖြင့် မြို့၏အပြင်ဘက် ကျူးကျော်ရေးရပ်ကွက်မှ သူတစ်ဦးသည် ရေ (တူး) မြောင်း၌ ရွှံ့ဗွက်များဖြင့် ညစ်ပေလျက် ဘဝအတွက် ရုန်းကန်နေသည်ကိုမြင်လျှင် ကျွန်ုပ်တို့သည် သူ့အတွက် ဝမ်းနည်းမည်၊ သို့သော် အံ့ဩမည်မဟုတ်ပါ။ သို့သော် အုပ်ချုပ်သူပုဂ္ဂိုလ်တစ်ဦး၏သားသည် စွန့်ပစ်ထား၍ ပျက်စီးနေသောအိမ် (ပျံကျရပ်ကွက်) ၌ နေထိုင်သည်ကို တွေ့မြင်ပါက ကျွန်ုပ်တို့သည် တုန်လှုပ်အံ့ဩသွားမည်။ သမ္မတတစ်ဦး၏ သားထံမှ ထိုကဲ့သို့သော အဖြစ်မျိုးကို ကျွန်ုပ်တို့ မမျှော်လင့်ပါ။

ဤလောက၏ လူသားတို့သည် ယုံကြည်သူများထံမှ သူတို့၏ အပြုအမူထက်သာ၍ကောင်းမွန် (မြင့်မြတ်) သောအပြုအမူကို မျှော်လင့်ကြသည်။ ယုံကြည်

သူတစ်ဦး မှားမိသည့်အခါ သူတို့က . . . အို . . . ခင်ဗျားကို ခရစ်ယာန်လို့ ကျုပ်ထင်ခဲ့တာ . . . ဟူ၍ ပြောတတ်ကြသည်။ ထိုပြစ်မှားမိသော အပြစ်နှင့် အလားတူ ထိုသူတို့က အကျင့်ပါပါ ကျူးလွန်ကြသည့်အချက်ကို မဖော်ပြလိုကြပါ။

သို့သော် ထိုအရာသည် ဖြစ်သင့်သော နည်းလမ်းဖြစ်သည်။ လောကသားတွေက ကျွန်ုပ်တို့ထံမှ ပို၍မျှော်လင့်သင့်ပါသည်။ ၎င်းမျှော်လင့်သောအရာသည်လည်း သူတို့ ရရှိသင့်သည်။

## အကယ်၍ငွေရေးကြေးရေးအသုံးစရိတ်နှင့် ပတ်သက်ပါက ၎င်းငွေကို ပိုမိုအကျိုးရှိအောင် သုံးစွဲ၍ရမလား။

ဘဝတွင် အချို့သောအရာများသည် ကောင်းသည်။ အချို့သည် ပိုမိုကောင်းမွန်၍ အချို့သည် အရာများထဲတွင် အကောင်းဆုံးများ ဖြစ်ကြသည်။ ကျွန်ုပ်တို့အနေဖြင့် ထိထိရောက်ရောက် တန်ဖိုးရှိရှိ သုံးစွဲလုပ်ဆောင်ပါသည်ဟူသောအချက်ကို ပြန်လည်ဆန်းစစ်၍ ထပ်မံဖြည့်စွက်နိုင်ဖို့အလို့ငှာ ကျွန်ုပ်တို့သည် တန်ဖိုးနှင့်ဆိုင်သော တရားဆုံးဖြတ်ချက်ကို အဆက်မပြတ်ချရန်လိုအပ်သည်။

တစ်ခါတစ်ရံ ကောင်းမွန်ခြင်းသည် အကောင်းဆုံး၏ ရန်သူဖြစ်တတ်သည်။ အပြစ်မရှိသောအရာများတွင် ကျွန်ုပ်တို့၏ ငွေများကို သုံးစွဲနိုင်သည်။ သို့သော် ၎င်းသုံးစွဲခြင်းသည် အရေးမပါသော၊ မလိုအပ်သော ခေတ္တခဏအတွက်သာဖြစ်သော သုံးစွဲခြင်းဖြစ်နိုင်သည်။ အခြားတစ်ဘက်တွင်မူ ကျွန်ုပ်တို့၏ ငွေများကို သတင်းကောင်း ပြန့်ကျဲဖို့ရန်အတွက် အသုံးပြုပါက ဘုန်းတော်ရွှေပြည်၏ဂိတ်တွင် အကြိုဆိုခံရမည့် အဖွဲ့ဝင်များအဖြစ် မိမိကိုယ်ကို သတ်မှတ်နိုင်သည် (လုကာ ၁၆း၉)။

သို့သော် ဤစည်းမျဉ်း (သဘောတရား) သည် လူတွေရဲ့ ငွေအသုံးအစွဲတိုင်းကို အမှားကွက်ဆင်ရန် ရည်ရွယ်ထားခြင်းမဟုတ်ပါ။ သို့သော် ၎င်းသည်



ထာဝရအတွက် တည်တံ့သွားမည့် ဘုရားသခင်၏ လုပ်ငန်းများဆောင်ရွက်ရာတွင် စိတ်အားထက်သန်စွာ ရုံပုံငွေများသုံးစွဲနိုင်ရေးအတွက် လမ်းဖွင့်ပေးသော နည်းလမ်းဖြစ်သင့်သည်။

## အချိန်ကို ပိုမိုအကျိုးရှိအောင် (ကောင်းမွန်အောင်) သုံးစွဲနိုင်ပါ့မလား

တစ်ဖန် ကျွန်ုပ်တို့၏ အချိန်သုံးစွဲခြင်းသည် ဥပဒေ၏ဘောင် (ပညတ်တော်၏ ကျေးကျွန်) ကဲ့သို့ အချိန်သုံးစွဲခြင်းမဟုတ်ဘဲ မွန်မြတ်သော လွတ်လပ်ခြင်းနှင့် သုံးစွဲရမည်။ ကျွန်ုပ်တို့အားလုံးကို နေ့စဉ်နေ့တိုင်း ၂၄ နာရီ ပေးထားခဲ့ပြီး၊ ၎င်းအား ဘယ်လိုအသုံးပြုရမည်ဆိုတာကို ကျွန်ုပ်တို့ ဆုံးဖြတ်ခဲ့ကြသည်။ ထိုသို့အချိန်သုံးစွဲရာတွင် အကောင်းအတွက်၊ အဆိုးအတွက် (သို့) အလကားဖြုန်းခြင်းအတွက် စသည်ဖြင့် မရေတွက်နိုင်အောင် သုံးစွဲနိုင်သည်။

ကောင်းသောအစေခံကဲ့သို့ ကျွန်ုပ်တို့သည် အချိန်ကို ရွေးနှုတ်ကြရ မည် (ဖေက် ၅း၁၆) ၎င်းသည် အခွင့်အရေးတစ်ခုစီတိုင်းကို အဖိုးတန်ဆုံး (အကောင်းဆုံး) ဖြစ်အောင် ကိုင်တွယ်တတ်ခြင်းဖြစ်သည်။ ၎င်းသည် ပြုလုပ်ဖွယ်ရာလုပ်ငန်းများစွာတို့ကိုသာ၍ ဦးစားပေးရန် လိုအပ်သောလုပ်ငန်းများအတွက် မလွဲမရှောင်သာ လွတ်ချ (လျှော့ချ) ပေးခြင်းကို ဆိုလိုသည်။ ၎င်းသည် ဖိတ်ကြားခြင်းများကို ငြင်းပယ်ခြင်းလည်း ဖြစ်နိုင်သည်။ ၎င်းသည် နှုတ်ကပတ်တော်၏ သာသနာနှင့် ကိုယ်ရေးကိုယ်တာဆုတောင်းခြင်းအတွက် အချိန်ပေးနိုင်ဖို့ရန် ခွဲခန့်ထားသောအလုပ်များကို နာရီပေါင်းများစွာ လျှော့ချခြင်းလည်း ဖြစ်နိုင်သည်။ ၎င်းသည် မိသားစုစုရုံးခြင်းနှင့် အခြားလူမှုရေးချိန်းဆိုချက်များထက် ဝတ်ပြုစည်းဝေးခြင်းကို ပိုမိုဦးစားပေးခြင်း ဖြစ်သင့်သည်။

ဤသို့သော ဆုံးဖြတ်ချက်ချခြင်းများ၌ သစ္စာရှိခြင်းသည် အမှုတော်၌ သာ၍ ကျယ်ပြန့်သောလှုပ်ရှားခြင်းသို့ ပို့ဆောင်နေခြင်းဖြစ်သည်။

အိုလံပစ်ပြိုင်ပွဲများတွင် ထိန်းသိမ်းလိုက်နာရန် စည်းမျဉ်း၊ စည်းကမ်းများ ရှိသည်။ အပြေးသမား (ပြိုင်သူ) တစ်ဦးသည် ၎င်းစည်းမျဉ်း၊ စည်းကမ်းများကို မလိုက်နာပါက ပြိုင်ပွဲဝင်ရန် အရည်အချင်းမှီ (ပြည့်) သောသူ မဟုတ်ပါ။ ပြိုင်ပွဲဝင်သူသည် စည်းကမ်း၏ ခွင့်ပြုသည့်အတိုင်း မိမိကိုယ်ကို ကာကွယ်ရန် နှစ်ပေါင်ခန့်ရှိသော ခြေချင်းဝတ်ကို ဆောင်ထားသည်။ သူသည် ၎င်း (ခြေချင်းဝတ်) ကို ဆောင်ထားနိုင် (ခွင့်ရ) သော်လည်း ပြိုင်ပွဲကို အောင်နိုင်မည် မဟုတ်ပါ။ (၁ ကောဖိ ၁၂က၊ ၁၀း၃၃ က) ၌ ရှင်ပေါလုက ငါသည် အပြစ်မသင့်ဘဲလျက် ခပ်သိမ်းသော အမှုအရာကိုပြုနိုင်သည် မှန်စေတော့။ ခပ်သိမ်းသော အမှုအရာကိုပြုသင့်သည် မဟုတ် . . . ဟူ၍ ရေးသားသည့်အချိန်တွင် ဝန်ထုပ်အကြောင်းကို သူထည့်သွင်းစဉ်းစားထားသည်။ ဝန်ထုပ် များသည် ခရစ်တော်အတွက် တိုးတက်ဖွံ့ဖြိုးမှုပြုလုပ်သောအခါ အထောက်အကူဖြစ်စေသောအရာများ မဟုတ်ပါ။ ၎င်းတို့သည် မှားယွင်းသောအရာများမဟုတ်သော်လည်း အကျိုးမပြုသောအရာများဖြစ်သည်။

ခရစ်ယာန်အပြေးပြိုင်ပွဲတွင် ဘယ်အရာက ဝန်ထုပ်ဖြစ်သလဲ။ ဝိညာဉ်တော်အားဖြင့် မဟုတ်သောမိတ်ဖွဲ့ခြင်း၊ အချိန်ဖြုန်းတီးစေသောအလုပ်၊ ဝါသနာတစ်ခု၌ လွန်ကဲစွာ စိတ်ဝင်စားခြင်း၊ တစ်ဦးတည်း (လက်ဝါးကြီးအုပ်) လုပ်ကိုင်လိုသောအလုပ်၊ ခွဲဝေပိုင်းခြား၍မရနိုင်ခြင်း၊ TV ကို အလွန်အကျွံကြည့်ရှုခြင်း အစရှိသော အရာများသည် ယုံကြည်သူတစ်ဦးအား ဆုလဒ်ဆွတ်ခူးနိုင်ရန် အဟန့်အတား ဖြစ်စေနိုင်သည်။ စိတ်ဝင်စားသောလုပ်ငန်းတစ်ခုခုအတွက် အချိန်ကို လွန်ကဲစွာ အသုံးပြုခြင်းသည် ဝန်ထုပ်တစ်ခု ဖြစ်သွားနိုင်သည်။

## ၎င်းသည် ကျွန်ပြုခြင်းလား (သို့) ကျွန်ပြုတတ်သောအရာလား

အချို့သောအရာများသည် တရားဝင်သော (အပြစ်ကင်းသော) အရာများဖြစ်သော်လည်း ၎င်းတို့သည် စွဲလမ်းစေသောအရာ (သို့) အကျင့်ဖြစ်စေသောအရာဖြစ်ပါက ရှောင်ကြဉ်ရန်လိုအပ်သည်။ ရှင်ပေါလုက ခပ်သိမ်းသောအမှုအရာကို ပြုနိုင်သည်မှန်စေတော့။ ဘယ်အမှုအရာ၌မျှ ငါသည် ကျွန်မခံ . . . ဟူ၍



လဲစရာအကြောင်း မဖြစ်စေခြင်းငှာ သတိပြုကြလော့။ အကြောင်းမူကား၊ သင်သည် ပိုင်းခြားတတ်ပါလျက်ပင်၊ ရုပ်ထုစင်မှ အစာစားသည်ကို သူတစ်ပါးမြင်လျှင် ကိုယ်ကိုကိုယ်သိသော စိတ်အားနည်းသောသူသည် ရုပ်ထုရှေ့၌ ပူဇော်သောယဇ်ကောင်ကို စားခြင်းငှာရဲမည် မဟုတ်လော။ ထိုသို့ဖြစ်လျှင် အကြင်ညီအစ်ကိုအဖို့အလို့ငှာ ခရစ်တော်သည် အသေခံတော်မူ၏။ အားနည်းသော ထိုညီအစ်ကိုသည် သင်၏ ဉာဏ်ကြောင့် ပျက်စီးခြင်းသို့ ရောက်ရပါသည်တကား။ သင်တို့သည် ညီအစ်ကိုတို့ကို ထိုသို့ပြစ်မှား၍ သူတို့၌ ကိုယ်ကိုကိုယ်သိသော အားနည်းသော စိတ်ကို ထိခိုက်သောအခါ ခရစ်တော်ကိုလည်း ပြစ်မှားရာသို့ရောက်၏။ သို့ဖြစ်၍ ငါ၏ အစားအသောက်ဖြင့် ငါ့ညီအစ်ကိုကို မှားယွင်းစေလျှင် ငါ့ညီအစ်ကို၌ မှားယွင်းစရာအကြောင်းမရှိစေခြင်းငှာ အမဲသားကို အစဉ်မပြတ် ငါရှောင်မည်။

ရှင်ပေါလုက . . . ငါသည် အပြစ်မသင့်ဘဲ ခပ်သိမ်းသော အမှုအရာကို ပြုနိုင်သည် မှန်စေတော့၊ ခပ်သိမ်းသောအမှုအရာတို့သည် သူတစ်ပါးကို တည်ဆောက်တတ်သည်မဟုတ် (၁ ကော ၁၀း ၂၃ခ) . . . ဟူ၍ ပြောဆိုရာတွင် မိမိကိုယ်ကို တည်ဆောက်ခြင်းကို ဦးစားပေးပြောနေခြင်းမဟုတ်ဘဲ သူတစ်ပါးအား တည်ဆောက်ခြင်းကို ဦးစားပေးပြောဆိုနေခြင်းဖြစ်သည်။

သူတစ်ပါးဆီသို့ (အတွက်) ဟူသော အရာမှန်သမျှနှင့် ပတ်သက်၍ ကျွန်ုပ်တို့အားလုံး၏ လမ်းညွှန်စည်းမျဉ်းသည် သူတစ်ပါးသည် ကျွန်ုပ်တို့အားဖြင့် တည်ဆောက်နိုင်ဖို့ရန် (စာရိတ္တမြှင့်တင်နိုင်ဖို့ရန်) ဖြစ်၍ ၎င်းသည် သူတစ်ပါးအား ဝိညာဉ်ရေးရာပိုင်း၌ တည်ဆောက် (မြှင့်တင်) ပေးခြင်းဖြစ်သည်။ သူတစ်ပါးကို ထိခိုက်နစ်နာစေသည်အထိ လွတ်လပ်မှု၏ အကျိုးကိုခံစားခြင်းသည် မိမိ (ကိုယ်ကို) အတွက် အမှန်တကယ် အကျိုးပြုသော ခံစားခြင်းမဟုတ်ပါ။ (W.E.Vine)

ထို့ကြောင့် ခရစ်ယာန်တစ်ဦးသည် ဝက်သား (သို့) ခရု (သို့) စပျစ်ရည် အတော်အသင့်သုံးစွဲခြင်းတို့ကို သုံးဆောင်ရန် အခွင့်အရေးရှိသော်လည်း ၎င်းတို့

အားဖြင့် ခရစ်တော်၌ ညီ၊ အစ်ကိုတစ်ဦးကို ဝမ်းနည်းစေခြင်းထက်၊ လွတ်လပ်မှုကို စွန့်လွှတ်ရန်သာ၍ ကြီးမားသော (မြင့်မြတ်သော) အခွင့်အရေးသူ့၌ ရှိသည်။

Charles Haddon Spurgean သည် ဆေးလိပ်သောက်သုံးသောသူဖြစ်ခဲ့သည်။ သူသည် အသင်းတော်အတွက် ဘုရားသခင်၏ ကြီးမားသော ဆုလဒ်ဖြစ်သော်လည်း သူ၏အကျင့်ကိုကာကွယ်ခဲ့သည်။ တစ်နေ့တော့ . . . Spurgeon သောက်သုံးသောဆေးလိပ်ကို သောက်ကြပါ . . . ဟူ၍ ရေးထိုးထားသော လမ်းလေးကြော်ငြာဆိုင်းဘုတ်ကြီးကို သူမြင်တွေ့ခဲ့သည်။ သူ့အကျင့်ဖြတ်ချဖို့ရန် လိုအပ်သော အရာမှန်သမျှကို ၎င်းဆိုင်းဘုတ်ကြီးက ဖြည့်စွက်ပေးခဲ့သည်။

## ၎င်းကို သံသယဖြစ်သလား (သို့) ၎င်းသည် သံသယဖြစ်စရာကောင်းသော အရာဟုတ်သလား

ယုံသောစိတ်မရှိဘဲ ကျင့်သမျှသောအကျင့်တို့သည် အပြစ်ရှိကြ၏ (ရောမ ၁၄း၂၃)။ ဤအရာသည် အသုံးပြုခြင်း၏ အကျိုးအကြောင်းပေါ်မူတည်၍ ကွဲပြားခြားနားတတ်သည့် စာရိတ္တများ၊ ပင်ကိုအားဖြင့် အပြစ်မရှိသောအရာများကို လေ့လာခြင်းဖြစ်သည်။

ကျွန်တော်က အရာတစ်ခုကို မှားတယ်လို့ ယူဆခဲ့လျှင် ထိုမှားတယ်လို့ ယူဆသောအရာကို ကျွန်တော်က ရှေ့တိုး၍လုပ်ခဲ့သည်။ သို့ဖြင့် ကျွန်တော်သည် အပြစ်ကျူးလွန်မိသွားသည်။ ၎င်းအရာသည် အခြားသောသူအတွက် အမှားမဟုတ်တာလည်းဖြစ်နိုင်သည်။ သူက ၎င်းကို လွတ်လပ်မှုအပြည့်အဝနှင့် လုပ်ဆောင်သွားနိုင်သည်။ သို့သော် ကျွန်ုပ်၏ အသိတရားမကြည်လင်ခဲ့လျှင် ကျွန်တော်သည် ၎င်းကို ယုံကြည်ခြင်းနှင့် မလုပ်ဆောင်နိုင်လျှင် (သို့) ၎င်းသည် တရားဝင်သည်ဟူသော စိတ်ချယုံကြည်ခြင်းနှင့် မလုပ်ဆောင်နိုင်လျှင် ကျွန်တော်လုပ်ဆောင်မိသောအခါ အပြစ်ကျူးလွန်သွားပါသည်။

လျှော်ရမည့်အဝတ်သည် တစ်ခါတစ်ရံ အဖြူရောင်လား (ဒါမှမဟုတ်)



တိတ်တဆိတ်လေးဖြင့် မီးခိုးရောင်ဖြစ်နေသလားဆိုတာကို ပြောရခက်သည်။ ထိုအချိန်တွင် လိုက်နာရမည့် စည်းမျဉ်းမှာ အကယ်၍ ၎င်းသည်သံသယဖြစ်ဖွယ်ရာဖြစ်လျှင် ထိုအဝတ်သည် ညစ်ပတ်သောကြောင့်ဖြစ်သည် (၎င်းအဝတ်သည် အဖြူရောင်ဖြစ်ပါလျက်နှင့် ညစ်ပတ်သောကြောင့် အဖြူရောင် ဟုတ်မဟုတ် သံသယရှိခြင်းဖြစ်သည်။)

## ၎င်းသည်ဆိုးသော အသွင်အပြင် (ပုံပန်း) ကို ဆောင်နေသလား

၁ သက်သောနိ ၅း၂၂ မူရင်းဘာသာပြန်ဆိုခြင်း၌ ဆိုးသောအသွင်အပြင်မှန်သမျှကို ရှောင်ကြလော့ . . . ဟူ၍ ဖတ်ရသည်။ ခေတ်ပေါ်ဘာသာပြန်ခြင်းများ၌ ဆိုးသောပုံစံအမျိုးမျိုး မှန်သမျှတို့ကို ရှောင်ကြလော့ (မြန်မာကျမ်းစာတွင် မကောင်းသောအမှုအမျိုးမျိုးရှိသမျှ) ဟူ၍ အလားတူ ပြန်ဆိုပါသည်။ မူရင်းဘာသာပြန်ဆိုခြင်း၌ သတိထားရန်လိုအပ်သည့် အကြောင်း ညွှန်းပြသည်။ လင်မယားမဟုတ်သော စုံတွဲသည် ပြည်တွင်းဒေသတလျှောက်၌ ကားတစ်ဦးအတူတူစီးလျက်၊ ပြစ်မှားခြင်းကင်းစင်ပြီး ရိုးသားစွာဖြင့် ခရီးထွက်ကြသည်မှန်သော်လည်း သူတို့အပေါ်၌ သံသယရှိရန်အကွက်ရှိနေသည်။ Sunday School ဆရာတစ်ဦးသည် Coca Cola တစ်လုံးအတွက် အရပ်ဆိုင်ကို ခေတ္တဝင်သွားပြီး ပြန်ထွက်လာသည့်အခိုက်၊ ၎င်းလမ်း၌ လျှောက်လာသောသူ၏ကျောင်းသား (တပည့်) တစ်ဦးနှင့် ထိပ်တိုက်တွေ့ဆုံခဲ့လျှင် သူ့ (တပည့်) ကို မိမိရိုးသားကြောင်း ယုံကြည်အောင် ရှင်းပြဖို့ရန် ခက်ခဲပေလိမ့်မည်။

## ၎င်းသည်ဝန်ထုပ်တစ်ခုလား

အပြစ်နှင့်ဝန်ထုပ်အကြားတွင် ခြားနားချက်တစ်ခုရှိသည်။ အပြစ်တစ်ခုသည် အမြဲတမ်းမှားယွင်းသောအရာဖြစ်ပြီး၊ ဝန်ထုပ်တစ်ခုသည် အမှားမဟုတ်သော်လည်း အဟန့်အတားတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့သည် ခပ်သိမ်းသောဝန်တို့ကို ပယ်ရှား၍ ကျွန်ုပ်တို့မျက်မှောက်၌ ထားသောပန်တိုင်သို့ ရောက်ခြင်းငှာ၊ အားမလျှော့ဘဲ ပြေးကြရမည်ဖြစ်သည် (ဟေဗြဲ ၁၂း၁)။

ပါသည်။ ၎င်းသည် ဘဝ၏အစကတည်းက မကောင်းသလို၊ သန့်ရှင်းသောအသက်တာဖြင့် ကြာရှည်စွာအသက်ရှင်ပြီးသောအခါ၌လည်း ပြန်လည်ကောင်းမွန်ခြင်း မရှိပါ။ ဘုရားသခင်သည် ဟောင်းသောပကတိကို တိုးတက်ကောင်းမွန်စေရေး၌ အလုပ်မရှုပ်ပါ။ သူက ၎င်းကို ကရာနီ၏ လက်ဝါးကားတိုင်၌ စီရင်ချက်ချခဲ့ပြီး ဖြစ်၍ ၎င်းက ကျွန်ုပ်တို့အသက်တာအား ကွပ်ကဲ (အုပ်ချုပ်) ရန် ကြိုးစားနေခြင်းကို အသေသတ်ရန် ဘုရားသခင်က ကျွန်ုပ်တို့အား အလိုရှိသည်။

ရှင်ပေါလုက ဟောင်းသောပကတိကို သူ၏နောက်ကျောတွင် ချည်နှောင်ထားသောသေဆုံးသွားခဲ့သည့် ခန္ဓာကိုယ် (လူသေကောင်) နှင့် နှိုင်းနှိုင်းထားပါသည်။ (၎င်းလူသေကောင်းသည် ယိုယွင်းပျက်စီးခြင်း (ပိုးစားခြင်း) ဝေဒနာကို ခံစားနေသည်မှာ သိသာထင်ရှားပါသည်)။ ၎င်းသေကောင်သည် သူ (ပေါလု) ၏ သွားလေရာရာ၌ လိုက်ပါသွားပြီး ပြင်းထန်စွာ ဝေဒနာခံစားရင်း သူ့ကို ဤသို့အော်ဟစ်မြည်တမ်းစေသည်။ ငါသည် ငြိုငြင်သောသူဖြစ်ပါသည်တကား။ ဤသေကောင်မှ ငါ့ကို အဘယ်သူ ကယ်လွှတ်မည်နည်း။

အသစ်သောပကတိသည် ခရစ်တော်၏အသက်တာဖြစ်ပြီး ၎င်းသည် လုံးလုံးလျားလျားကောင်းမွန်၍ ကောင်းသောအရာ (အကောင်း) ကိုသာ လုပ်ဆောင်နိုင်သည်။ ၎င်းသည် ဖြူစင်သန့်ရှင်းခြင်း၊ မွန်မြတ်ခြင်း၊ ဖြောင့်မတ်ခြင်း၊ မှန်ကန်ခြင်း၊ ချစ်ခြင်းမေတ္တာတို့ဖြင့် ပြည့်စုံသည်။ ၎င်း၏ အတွေးအခေါ်များ၊ လိုအင်ဆန္ဒများ၊ စိတ်နေသဘောထားများနှင့် လုပ်ဆောင်ခြင်းတို့သည် ခရစ်တော်နှင့် ပုံတူ ဖြစ်သည်။

ထို့ကြောင့် ဤဆန့်ကျင်ဘက် ပကတိနှစ်ခုသည် အဆက်မပြတ်တိုက်ခိုက်နေကြသည်မှာ အံ့သြစရာမဟုတ်ပါ။ သူတို့သည် အတူတကွ သင့်မြတ်မနေနိုင်ကြပါ။ ဤတိုက်ပွဲသည် အသက်တာပြောင်းလဲသည့်အချိန်မှအစပြုလာသည်။ ယုံကြည်သူအသစ်သည် အရင်ကမဖြစ်ခဲ့ဖူးသော အတွင်းပိုင်း ပြိုင်ဆိုင်မှု



ပြောခဲ့သည် (၁ ကော ၆း၂၂၈)။ သူက ဤသို့ပြောဆိုရာတွင် အချို့သောအရာတို့သည် ၎င်းတို့၌ အမှားလုံးဝမရှိသော်လည်း ၎င်းအရာတို့က ကျွန်ုပ်တို့အား လွှမ်းမိုးချုပ်ကိုင်လာပါက မှားယွင်းသောအရာများဖြစ်လာကြောင်းကို ထည့်သွင်းပြောဆိုနေခြင်းဖြစ်သည်။ ရှင်ပေါလုက အစားအစာနှင့် အပျော်ယမကာတို့၌ မိမိကိုယ်ကို စွဲလမ်းအောင် ခွင့်ပြုမည်မဟုတ်ပါ။ ဤအရာများ၏ စာရင်း၌ မူးယစ်ဆေး၊ အားကစား၊ TV တို့ကို ထပ်ထည့်နိုင်သည်။

## ၎င်းသည် ခရစ်တော်၏မျက်စိ (ရှေ့မှောက်) ၌ ဘယ်လိုပေါ်လာ (မြင်ရ) မလဲ

ခရစ်တော်၏ မျက်စိတွင် ဘယ်လိုမြင်ရမလဲဟူသောအချက်သည် ခရစ်ယာန်များ၏ အပြုအမူအတွက် အကြီးမားဆုံးသော စစ်ဆေးခြင်းဖြစ်သည်ဟူ၍ ပုဂ္ဂိုလ်တစ်ဦးက တင်ပြခဲ့သည်။ ခရစ်တော်သည် ကျွန်ုပ်တို့၏ နံဘေး၌ ထိုင်နေမည်ဆိုလျှင် ကျွန်ုပ်တို့သည် ရှက်ကိုးရှက်ကန်း (သို့) ကသိကအောင့်ဖြစ်ကြမလား။

အမှန်တကယ်တော့ သူသည်အချိန်တိုင်း၌ အကျွန်ုပ်တို့နှင့်အတူ ရှိနေပါသည်။ ဝိညာဉ်ပိုင်းဆိုင်ရာ အဆိုတစ်ခုရှိခဲ့ဖူးသည်။ ၎င်းမှာ အို . . . ကျွန်ုပ်တို့၏ လုပ်ရပ်အားလုံးကို သူမြင်သည်။ ကျွန်ုပ်တို့ပြောသမျှအားလုံးကို သူကြားသည်၊ အကျွန်ုပ်၏ သခင်သည် အချိန်တိုင်း၌ (အကျွန်ုပ်တို့၏ လုပ်ရပ်များကို) မှတ်သားထားသောသူဖြစ်သည်။

သန့်ရှင်းသောကယ်တင်ရှင်သည် အချိန်တိုင်း၌ ကျွန်ုပ်တို့၏ အဖော်ဖြစ်သည်ကို အဆက်မပြတ်အောက်မေ့သတိရခြင်းသည် ကျွန်ုပ်တို့၏အသက်တာ၌ သန့်ရှင်းစင်ကြယ်ခြင်းဖြင့် လွှမ်းမိုးစေရန် ချည်နှောင်ပေးခြင်းဖြစ်သည်။

ဖော်ပြခဲ့သမျှသောအရာတို့သည် ကိုယ်ကျင့်တရားနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်လုပ်သည့်အခါ လမ်းညွှန်ပေးဖို့ရန် ဘုရားသခင်ပေးထားသော စည်းမျဉ်းများဖြစ်သည်။ ၎င်းတို့ကို သိပြီးဖြစ်တဲ့အတိုင်း၊ အောက်မေ့ သတိရ၍ လက်တွေ့

အသုံးပြုပါက ကျွန်ုပ်တို့သည် ခရစ်တော်၏ နှလုံးသားကို ကျေနပ်အားရစေသော ရွေးချယ်မှုများ ပြုလုပ်သွားနိုင်ရန် သေချာသွားမည်ဖြစ်ပြီး၊ သန့်ရှင်းခြင်းသို့ သွားသောလမ်းတွင် မြဲမြံစွာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းပေး သွားမည်ဖြစ်သည်။

ဝမ်းနည်းစရာကောင်းသည်မှာ – ကျွန်ုပ်တို့ထဲက အများစုသောသူတို့သည် အသက်တာတွင် အကောင်အထည်မဖော်နိုင်ဘဲ လွဲချော်မှုများနှင့် ကြုံတွေ့ကြရသည်။

ကျွန်ုပ်တို့သည် အောင်မြင်ခြင်းနှင့် ဆုံးရှုံးခြင်းတို့အကြား၌ တလှည့်စီ ဖြစ်နေကြရသည်။ ကျွန်ုပ်တို့သည် အထဲ၌ ကိန်းဝပ်နေသောအပြစ်၏ တန်ခိုးမှ လွတ်မြောက်ခြင်းကို လိုချင်သည်။ Revival အဆက်မပြတ်ကျရောက်သည်ကို ကျွန်တော်တို့ လိုချင်သည်။ ၎င်းကိုတွေ့ရှိရန် နည်းလမ်းတစ်ခုရှိသည်။



# အခန်း (၁၀)

## အချက်အလက်များသို့ တိုက်ရိုက်သွားကြစို့

အထဲ၌ ကျိန်းဝပ်နေသောအပြစ်၏တန်ခိုး (စွမ်းရည်) မှ လွတ်မြောက်ခြင်းကို ရှာဖွေရာတွင် အထူးကူညီထောက်ပံ့ပေးသွားမည့် အမှန်တရားများရှိသည်။ ၎င်းတို့ကို လေ့လာကြရအောင်။

ပကတိနှစ်ခု

ခရစ်ယာန်တိုင်း၌ ပကတိနှစ်ခုရှိကြောင်းကို ကျွန်တော်တို့ သိထားရမည် (ရောမ ၇း၁၄–၂၅)။ ပထမပကတိသည် ဟောင်းသော၊ ဆိုးသွမ်းသော၊ ပျက်စီးသော၊ သဘာဝ (ပကတိ) နှင့်အတူ မွေးဖွားလာခြင်းဖြစ်သည်။ အခြားသော ပကတိသည် အသစ်သော၊ ဖြူစင်သော၊ သန့်ရှင်းသော ပကတိ (သဘာဝ) ရှိပြီး ၎င်းကို ကယ်တင်ခြင်းရရှိသည့်အချိန်၌ ရရှိထားခြင်းဖြစ်သည်။ ၎င်းတို့ကို အာဒံ၏ ပကတိနှင့် ခရစ်တော်၏ ပကတိဟူ၍ ခေါ်ဆိုနိုင်သည်။ ခရစ်ယာန်တစ်ဦးက ဤကဲ့သို့ ဆိုခဲ့ဖူးသည် . . . ''အပြစ်ကို ကျွန်ုပ်နှလုံးသားမှ ထုတ်ယူခဲ့ပြီး ဖြစ်သော်လည်း ကျွန်ုပ်အဘိုး (ဗီဇ) သည် အရိုးထဲ၌ ကျန်သေးသည် . . . ။''

ဟောင်းသော ပကတိသည် လုံးဝဥဿုံဆိုးဝါးသည်။ ရှင်ပေါလု၏ အတွေ့အကြုံကဲ့သို့ ကျွန်ုပ်တို့သည်လည်း ကြုံတွေ့ရသည်။ သူက . . . ငါ့ထဲမှာ ငါ့ဇာတိပကတိ၌ (ငါ၏အသွေးအသား၌) ကောင်းသောအရာတစ်စုံတစ်ခုမျှ မတည်သည်ကို ငါသိ၏ . . . ဟူ၍ ပြောခဲ့သည် (ရောမ ၇း၁၈)။ ထို့ကြောင့် ကျွန်ုပ်တို့၏ ဟောင်းသောပကတိတွင် ကောင်းသောအရာတစ်စုံတစ်ရာကို ဘယ်တော့မှ ရှာဖွေနေစရာမလိုပါ။ ပြီးနောက် ၎င်းတွင် ကောင်းသောအရာတစ်ခုမှ မတွေ့မြင်သည်မှာ အံ့သြစရာလည်းမလို (သို့) စိတ်ပျက်စရာလည်း မလိုပါ။ ၎င်း (ဟောင်းသော ပကတိ) သည် လုံးဝဥဿုံ ဆိုးဝါးသည်သာမက ပြန်ပြုပြင်၍ မရအောင် ဆိုးဝါး

ရန်းကန်ရာ၌ အောင်မြင်ပါက မကြာခင်မှာပင် အခြားငှက်များကို အသိုက်၏ အပြင်ဘက်သို့ တွန်းချနိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့ဘဝ၏အသိုက်သည် ၎င်းကဲ့သို့ပင် ဖြစ်ပါသည်။

## ၎င်းကို ကျွန်ုပ်၏ပကတိအဟောင်းက လုပ်ခဲ့တာပါ

ကျွန်ုပ်တို့အပြစ်လုပ်သောအခါ လုပ်ဆောင်စေသောဇစ်မြစ်ကို ဟောင်းသောပကတိအပေါ်တွင် ပုံချ၍အကြောင်းပြချက် မပြသင့်ပါ။ ၎င်းသည် မိမိကိုယ်စားသူတစ်ပါးအား အစားထိုးအပြစ်တင်တတ်သည့် အလုပ်မဖြစ်သည့်အရာဖြစ်သည်။ အင်မတန်လျှင်မြန်သော လျှင်မြန်သမား၏ ပုံပြင်ဇာတ်လမ်းကို သင်တို့ ကြားဖူးမှာပါ။ ကျူးလွန်မှုတစ်ခုအတွက် သူ့ကိုစစ်ဆေးသောအခါ သူက တရားသူကြီးကို . . တရားသူကြီး ဒါက ကျွန်ုပ်၏လျှင်မြန်တဲ့ ဟောင်းသောပကတိ (လျှင်မြန်တဲ့ဗီဇ) ကြောင့် ဖြစ်တာပါ . . . ဟူ၍ ပြောသည်။ ဤအချက်ပေါ်တွင် တရားသူကြီးက သင်၏ လျှင်မြန်တဲ့ ပကတိ၊ ဟောင်းသောပကတိအတွက် ဒဏ်ငွေ $ 50၊ သင်၏ ပကတိဟောင်းကို အလိုတူအလိုပါ ပြစ်မှုကျူးလွန်မိတဲ့ သင့်ရဲ့ပကတိအသစ်အတွက် ဒဏ်ငွေ $ 50 ချမှတ်လိုက်သည် . . . ဟူ၍ ပြန်ဖြေခဲ့သည်။ ဟောင်းသောပကတိအပေါ်တွင် ပြစ်တင်ပုံချခြင်းသည် ရှေ့ဆက်သွားရမည့် လမ်းကြောင်း မဟုတ်ပါ။

## အပြစ်ကို ကျူးလွန်မိခြင်း VS အပြစ်ကို ကျင့်ခြင်း (အကျင့်ပါခြင်း)

ကျွန်ုပ်တို့ သိထားသင့်သည့်အခြားသော အမှန်တရားတစ်ခုမှာ အပြစ်ကို လုပ်မိခြင်းနှင့် အပြစ်ကိုအကျင့်ပါခြင်းတို့၏ ကွဲပြားခြားနားမှုရှိခြင်း ဖြစ်သည်။ ယုံကြည်သူတိုင်းသည် အပြစ်၏လုပ်ရပ်များကို လုပ်ဆောင်တတ်ပါသည်။ (အပြစ်ကို ကျူးလွန်မိတတ်ပါသည်)။ သို့သော် အပြစ်က သူ၊ သူမ၏ အသက်တာကို မလွှမ်းမိုးပါ။ သူသည် အပြစ်မရှိသောသူမဟုတ်ပါ။ သို့သော်လည်း အပြစ်ကို နည်းပါးစွာ လုပ်ဆောင်လာသည်။



ကို တွေ့ကြုံခံစားလာသည်။ ကမ္ဘာ့ဆွဲအား နိယာမကဲ့သို့ပင် ဟောင်းသောပကတိသည် ယုံကြည်သူအား အောက်သို့ဆွဲချရန် (အမြဲတမ်း) ကြိုးစားပြီး၊ အသစ်သော ပကတိသည် သာ၍မြင့်မားသော သန့်ရှင်းခြင်းဆီသို့ မြှင့်တင်ပေးလျက်ရှိသည်။ ၎င်းတိုက်ပွဲသည် ပြင်းထန်လွန်းသဖြင့် မိမိ၏ကယ်တင်ခြင်းရရှိခြင်းကိုပင် သံသယဖြစ်လောက်အောင် စုံစမ်းသွေးဆောင်ခြင်းကို မကြာခဏ ခံရတတ်ပါသည်။ သို့သော် သူသည်သံသယမရှိသင့်ပါ။ သူ့အထဲ၌ ဖြစ်ပျက်နေသော ဤတိုက်ပွဲသည်ပင်လျှင် သူသည် ကယ်တင်ခြင်းရရှိသည်ဖြစ်ကြောင်း အမှတ်အသားလက္ခဏာ ဖြစ်သည်။ အကယ်၍ သူ့အထဲက ပကတိနှစ်ခုကို သူမပိုင်ဆိုင်ခဲ့လျှင် ၎င်းတိုက်ပွဲ သည်လည်း ဖြစ်ပွားမည်မဟုတ်ပါ။

ရေဗက္ကာသည် သူ၏ဝမ်းအတွင်း၌ရှိသော သားအမွှာတို့သည် တစ်ယောက်နှင့်တစ်ယောက် ပြိုင်ဆိုင်တိုက်ခိုက်သည်ကို ခံစားသဖြင့် အဘယ့်ကြောင့် ကျွန်မသည် ဤသို့ဖြစ်ရသနည်း . . . ဟူ၍ ငြီးတွားသည်အတွေ့အကြုံကို ဤပကတိနှစ်ခု၏ တိုက်ပွဲနှင့် ခိုင်းနှိုင်း၍ရပါသည်။ ရေဗက္က၏ဝမ်းထဲ၌ ဖြစ်ပျက်သည့် အတိုင်း ခရစ်တော်နှင့်အတူ ရှေ့သို့ချီတက်ရန် လိုအင်ဆန္ဒရှိသော စစ်မှန်သည့် ဘုရားသခင်၏ သား၊ သမီးများ၏နှလုံးသား၌ ဖြစ်ပျက်နေပါသည်။ ကျွန်ုပ်တို့ထဲ ၌ သန့်ရှင်းသော ဝိညာဉ်တော်တည်ရှိကြောင်းကို သိရှိလာသည့်အခါ အထဲ၌ရှိ သော ဆိုးဝါးသောသူကိုလည်း ရိပ်မိသိရှိလာသည်။ ငယ်ရွယ်သော (မရင့်ကျက် သေးသော) ခရစ်ယာန်သည် . . . ကျွန်မ၊ ကျွန်တော် အဘယ့်ကြောင့် ဤသို့ ဖြစ်ရသနည်း . . . ဟူ၍ ဟစ်အော်ချင်လောက်အောင် စိတ်တိမ်းညွတ်နိုင်တတ်ပေသည်။ အသက်ပိုကြီးသောအစ်ကိုဖြစ်သည့် ဧသောကိုယ် (အသွေးအသား) သည် သူ၏လမ်းကြောင်းကိုသာ သွားလိုသည်။ အသက်ပိုငယ်သောညီဖြစ်သည့် ဝိညာဉ်တော် (အထဲ၌ ကျိန်းဝပ်သောသန့်ရှင်းသော ဝိညာဉ်သည် အေးဆေး တိတ်ဆိတ်နေကာ အနိုင်ယူနိုင်မည့်ဟန်မပေါ်ချေ။ သို့သော် ကျွန်ုပ်တို့အတွက်

ဆိုလျှင် ရေဗက္က၏သားများကဲ့သို့ပင် ကြီးသူကငယ်သူကို အစေခံရမည်။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် ဝိညာဉ်မှလာသော အရာအားလုံး အပေါ်၌ ကောင်းကြီးချပေးရန် ကတိတော်ထားသည်။ သို့သော် ဇာတိ (အသွေး အသား) မှလာသောအရာများပေါ်တွင် ဘယ်တော့မှ ကောင်းကြီး ကတိမပေးခဲ့ ဖူးပါ။ (Barnhouse)

အသက်တာပြောင်းလဲသည့်အချိန်မှစ၍ ဖြစ်ပွားသော ၎င်းတိုက်ပွဲသည် ဘဝတစ်လျှောက်လုံးတွင် ဆက်လက်ဖြစ်ပွားပါသည်။ ၎င်းသည်သေခြင်း (သို့) ချီဆောင်ခြင်း (rapture) မှ လွဲ၍ စွန့်ပစ်၍ (သို့) ပြီးဆုံး၍မရသည့် တိုက်ပွဲ ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့အတွက် သတင်းကောင်းတစ်ခုမှာ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်တွေ့မြင်သောအခါ ချက်ချင်းပင် ဟောင်းသောပကတိမှ လွတ်မြောက် သွားမှာဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ခရစ်တော်ကို တွေ့မြင်ခြင်းသည် သူ၌ ပုံတူဖြစ်ခြင်းပင်ဖြစ်သည်။

ဘုရားသခင်၏ သား၊ သမီးတိုင်း၌ ဤတိုက်ပွဲ (ကိုယ်စီ) ရှိကြသည်ကို သိထားဖို့ရန် အရေးကြီးပါသည်။ သို့သော် လူတို့၌ဖြစ်တတ်သော စုံစမ်းနှောင့်ယှက် ခြင်းကို ကျော်လွှန်၍ ကျွန်ုပ်တို့အပေါ်၌ စုံစမ်းနှောင့်ယှက်ခြင်းများမကျရောက်တတ် ကြောင်း ရှင်ပေါလုက ဖော်ပြထားပါသည် (၁ ကော ၁၀း၁၃)။ တပ်မက်ခြင်း ကိလေသာစိတ်နှင့် နပန်းလုံးနေကြသော ပျို့ရွယ်သူတို့အနေဖြင့် အသက်ကြီး သောသူများ၊ တရားဟောဆရာများ၊ သာသနာပြုဆရာများသည် ပြင်းပြသော စုံစမ်းသွေးဆောင်ခြင်းနှင့် မသမာသည့် ချစ်ဇော်စိတ်ပြင်းပြမှုမှ ကင်းလွတ်ကြသည် ဟူ၍ ထင်တတ်ကြသည်။ ၎င်းသည် အဓိပ္ပါယ်မရှိသော အယူအဆဖြစ်သည်။ ရေဗက္က၏အထဲ၌ရှိသော ကလေးတို့သည် တစ်ဦးနှင့်တစ်ဦး ပြိုင်ဆိုင်တိုက်ခိုက်ကြ သကဲ့သို့ (ကမ္ဘာဦး ၂၅း၂၂, ၂၃) ယုံကြည်သူတိုင်း၏အထဲ၌ ပကတိနှစ်ခုသည် ခိုက်ရန်ဖြစ်ပွားလျက်ရှိကြသည်။



ဟောင်းသောပကတိသည် မသန့်ရှင်းသောအရာမှန်သမျှတို့ကို ထောက်ပံ့ကျွေးမွေးသည်။ သို့သော် အသစ်သောပကတိသည် သန့်ရှင်းဖြူစင် သောအရာများကိုသာ တောင့်တဆာငတ်သည်။ ၎င်းနှစ်ခုသည် နောဧသင်္ဘော ပေါ်မှ လွှတ်လိုက်သော ကျီးကန်းနှင့် ချိုးငှက်ကဲ့သို့ဖြစ်၏။ မသန့်ရှင်းသော ကျီး ကန်းသည် ရေပေါ်၌ ပေါလောပေါ်လာသည့် ပုပ်သောအသေကောင်းများနှင့် အမှိုက် သရိုက်မှန်သမျှတို့ဖြင့် မိမိကိုယ်ကိုတိုက်ကျွေးသည် (စားသည်)။ သို့သော် ချိုးငှက် သည် သန့်ရှင်းသောနေရာနှင့် သန့်ရှင်းသောအစာများဖြင့် မိမိကိုယ်ကို တိုက်ကျွေး နိုင်သည့်အထိ အခြေအနေမရောက်နေသေးသရွေ့ နောဧ၏သင်္ဘောပေါ်၌ ပြန်လည် ခိုနားပါသည်။ သို့ဖြင့် ကောင်းသောပကတိသည် Hollywood ၏ တပ်မက်ခြင်း နှင့် ညစ်ပတ်သော T.V (သို့မဟုတ် ဗီဒီယိုဇာတ်ကား) များဖြင့် တိုက်ကျွေးခြင်း ကို နှစ်သက်ပါသည်။ သို့သော် အသစ်သောပကတိသည် ရိုးသားဖြူစင်သော နှုတ်ကပတ်တော်နို့ဖြင့် တိုက်ကျွေးခြင်းကို နှစ်သက်ပါသည်။ ဤနေရာတွင် အရေး ကြီးသောအချက်မှာ ကျွန်ုပ်တို့က ထောက်ပံ့ကျွေးမွေးသော ပကတိသည်သာလျှင် အနိုင်ယူသော ပကတိပင်ဖြစ်သည်ဟူသော အချက်ဖြစ်သည်။ လူတစ်ဦးသည် သူ၌ရှိသော ခွေးနှစ်ကောင်ကို အမြဲတမ်းလိုလိုပင် ခိုက်ရန်ဖြစ်ပွားကြသည်ဟူ၍ သူငယ်ချင်းတစ်ဦးထံသို့ ငြီးတွားခဲ့သည်။ သူငယ်ချင်းက ဘယ်ခွေးက အနိုင်ရသလဲ ဟူ၍ မေးလိုက်သောအခါ သူက . . . ကဲ ချစ်မိတ်ဆွေ ကျွန်တော်က အားပေး သောခွေးသည် အနိုင်ရသောခွေးဖြစ်တယ် . . . ဟူ၍ ပြန်ပြောခဲ့သည်။ ဒါ့ကြောင့် ကျွန်ုပ်တို့က တိုက်စမ်း၊ ထိုးစမ်း . . . ဟူ၍ အားပေးသောသူသည် အနိုင်ယူ သောသူ ဖြစ်ပါသည်။ ဤအရာသည် ဥသြငှက်နှင့်လည်း ခိုင်းနှိုင်းဖော်ပြ၍ ရပါ သည်။ ဥသြငှက်သည် ၎င်း၏ဥကို အခြားငှက်၏အသိုက်တွင် အခြားငှက်ဥနှင့် အတူတူပေါက်ဖွားရန် ထားခဲ့သည်။ ဥများပေါက်ပွားလာ၍ ငှက်အမေသည် အစာကိုအသိုက်သို့ ယူဆောင်လာသောအခါ ဟနေသောနှုတ်သီးများက စောင့် ဆိုင်းနေသည်ကို တွေ့သည်။ အရာရာသည် အစာကို ရရှိသောငှက်ပေါ်တွင် မူတည်ပါသည်။ အကယ်၍ ဥသြငှက်ကလေးသည် အစာကိုပုံမှန်စားနိုင်ဖို့ရန်

တမန်တော်ရှင်ယောဟန်က သူ၏ ပထမဩဝါဒစာစောင်တွင် ဤကဲ့သို့ ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ကိုယ့်ကိုကိုယ်အပြစ်မရှိဟု ငါတို့သည်ဆိုလျှင် ကိုယ့်ကိုကိုယ် လှည့်ဖြားကြ၏ (၁ ယော ၁း၈–၁၀)။ သို့သော် ရှင်ယောဟန်က ဆက်လက်၍ ဖော်ပြထားသည်မှာ . . . ကိုယ်တော်၌ အသက်ရှင်သောသူမည်သည်ကား၊ အပြစ်ကို အကျင့်မလုပ်တတ်။ အပြစ်ကို အကျင့်ပါသောသူမည်သည်ကား၊ ကိုယ်တော်ကို မသိမမြင်သေး။ မာရ်နတ်သည် ရှေးဦးစွာမှစ၍ အပြစ်ကို ကျင့်ကြံနေသောသူဖြစ်သောကြောင့်၊ အပြစ်ကို ဆက်လက်လုပ်ဆောင်နေသောသူသည် မာရ်နတ်နှင့်ဆိုင်၏။ ဘုရားသခင် မြင်စေတော်မူသော သူမည်သည်ကား အပြစ်ကို အကျင့်မလုပ်တတ် (ဆက်လက်မလုပ်တတ်)။ အကြောင်းမူကား၊ ထိုသူ၌ ဘုရားသခင်၏ မျိုးစေ့သည်တည်လျက်ရှိ၏။ ထိုသူသည် ဘုရားသခင် ဖွားမြင်စေတော်မူသောသူဖြစ်သောကြောင့် အပြစ်ကို မကျင့်ဆောင်နိုင် (ဆက်လက်၍မလုပ်နိုင်) (၃း၆, ၈က, ၉)။ (မှတ်ချက် – စာရေးသူအသုံးပြုသော ကျမ်းစာမှ တိုက်ရိုက်ဘာသာပြန်ဆိုခြင်းဖြစ်သည်)။

ဤအချက်တွင် ရှင်ယောဟန်က အပြစ်ကျင့်ခြင်းအကြောင်းကို ရှင်းပြရန်အတွက် မာရ်နတ်သည် ရှေးဦးစွာကတည်းက အပြစ်လုပ်ဆောင်သူဖြစ်ကြောင်း၊ အပြစ်ကျင့်ဆောင်ခြင်းသည် သူ (မာရ်နတ်) ၏ အပြုအမူသွင်ပြင်လက္ခဏာ (စရိုက်) ပင်ဖြစ်ကြောင်း ထောက်ပြ၍ ဖော်ပြခဲ့သည်။ သို့သော် ယုံကြည်သူများသည် မာရ်နတ်နှင့် မသက်ဆိုင်သကဲ့သို့ သူတို့၏အသက်တာများသည် အပြစ်၏ သွင်ပြင်လက္ခဏာကို မဆောင်ပါ။

ဤနေရာတွင် ထွက်လာသောမေးခွန်းတစ်ခုမှာ အပြစ်ကို ကျူးလွန်မိခြင်းသည် ဘယ်အချိန်တွင် အပြစ်ကိုအကျင့်ပါခြင်း ဖြစ်လာသလဲ။ ၎င်းမေးခွန်းနှင့် ပတ်သက်၍ သမ္မာကျမ်းစာက အဖြေမပေးပါ။ အကယ်၍ ကျမ်းစာ၌ ဖော်ပြခဲ့လျှင် ကျွန်ုပ်တို့အနေဖြင့် ရှေ့တိုး၍ ကန့်သတ်သည်အထိ အထိန်းအကွပ်များကို လျော့ချ၍ ဆက်လက်လေ့လာနိုင်မည်ဖြစ်သော်လည်း၊ ၎င်းကိစ္စကို ကျမ်းစာက



သူက ချက်ချင်းပင် စီရင်ထောက်ပံ့ဖြေရှင်းပေးပါသည်။ ၎င်းကျမ်းပိုဒ် (၁ ယော ၂း၁) တွင် ဆက်လက်ဖော်ပြထားသည်မှာ . . . တစ်စုံတစ်ယောက်သောသူသည် ဒုစရိုက်ကိုပြုမိလျှင်၊ ဖြောင့်မတ်တော်မူသော အရှင်ယေရှုခရစ်တော်တည်းဟူသော ငါတို့အမှုဆောင်သခင်သည် ခမည်းတော်ထံ၌ ရှိတော်မူ၏။ ရှင်ယောဟန်၏ ပထမစာစောင် အခန်း (၁) တွင် ခရစ်ယာန်တို့၌လည်း အပြစ်ရှိကြောင်းကို ပြောဆိုခဲ့ပြီးဖြစ်သည်။

> ကိုယ့်အပြစ်မရှိဟု ငါတို့သည်ဆိုလျှင် ကိုယ့်ကိုကိုယ်လှည့်ဖျားကြ၏။ ငါတို့၌ သစ္စာတရားမရှိ (၁း၈)။
>
> ဒုစရိုက်မပြုဟု ငါတို့သည်ဆိုလျှင် ဘုရားသခင်ကို မုသာအပြစ်တင်ကြ၏။ နှုတ်ကပတ်တော်သည်လည်း ငါတို့၌ မရှိ (၁း ၁၀)။

အချို့သောကျမ်းပိုဒ်များတွင် ယုံကြည်သူတစ်ဦး၌ အပြစ်မရှိနိုင်တော့ပါဟူ၍ ထင်ရအောင်ဖော်ပြသော ကျမ်းပိုဒ်များလည်း ရှိပါသည်။ ပထမအချက်အနေဖြင့် ရောမ ၆း၂ တွင် ယုံကြည်သူသည် အပြစ်၌ သေခဲ့ပြီးပြီဖြစ်ကြောင်း ဖော်ပြသည်။ ဤကျမ်းပိုဒ်သည် သူ၏အနေအထားကို ရည်ညွှန်းခြင်းဖြစ်သည်။ သူသည် ခရစ်တော်နှင့်အတူ သေခဲ့ပြီးပြီဟူ၍ ဘုရားသခင်က ယူဆထင်မှတ်သည်။ ဟောင်းသောလူသည် ခရစ်တော်နှင့်အတူ လက်ဝါးကားတိုင်၌ ရိုက်နှိပ်ခြင်းခံခဲ့ပြီဖြစ်ကြောင်း ဖော်ပြသည်။ သို့သော် အပိုဒ်ငယ် (၁၁) တွင် ရှင်ပေါလုက . . "အပြစ်တရားနှင့်ဆိုင်သောအရာ၌ အသေဖြစ်သည်ဟူ၍ ကိုယ့်ကိုကိုယ်ထင်မှတ်ရမည်ဟူ၍ ဖော်ပြရာတွင် ကျွန်ုပ်တို့၏ နေ့စဉ်နေ့တိုင်းလုပ်ဆောင်ကျင့်မှုကို ရည်ညွှန်းခြင်းဖြစ်သည်။ အကယ်၍ အပိုဒ်ငယ် (၂) သည် ကျွန်ုပ်တို့၌ အပြစ်မရှိခဲ့ကြောင်း ဆိုလိုပါက အပိုဒ်ငယ် (၁၁) တွင် ဖော်ပြသော တိုက်တွန်းနှိုးဆော်ခြင်းတို့သည် လိုအပ်တော့မည် မဟုတ်ပါ။

တိတ်ဆိတ်နေခြင်းသည် အပြစ်ဒုစရိုက်မှန်သမျှကို မကျူးလွန်မိရန် (ဝိညာဉ်၊ စိတ်ခန္ဓာ) ကျန်းမာရေးနှင့်ကိုက်ညီသော သတိပေးခြင်း ဖြစ်ပေသည်။

## အပြစ်ကင်းစင်သော ပြည့်စုံခြင်းသို့ရောက်ရှိရန်ဖြစ်နိုင်မလား

အချို့သောသူများက ခရစ်ယာန်တစ်ဦးသည် အပြစ်မကျူးလွန်နိုင်တော့သည့်အနေအထားသို့ရောက်ရှိပြီး သန့်ရှင်းစင်ကြယ်ခြင်းကို လုံးလုံးလျားလျားရရှိ စွမ်းဆောင်နိုင်သော အခြေအနေသို့ ရောက်ရှိရန်ဖြစ်နိုင်ပါသည်ဟူ၍ ယုံကြည်ခဲ့ကြ သည်။ ထိုသူတို့က အသက်တာပြောင်းလဲပြီးသည့်အခါ သန့်ရှင်းသောဝိညာဉ်တော် ၏ သန့်ရှင်းစေခြင်းနှင့် တွေ့ကြုံခံစားသည့်အပြီးတွင် အပြစ်၏သဘာဝ (ဗီဇ) မှ အမြစ်ပြတ်ချေမှုန်းခြင်းကို ရရှိပြီး ထိုအချိန်မှစ၍ သူတို့သည် အပြစ်လုံးဝမလုပ် တော့ပါဟူ၍ အခိုင်အမာပြောခဲ့ကြသည်။

ဤကဲ့သို့ ပြောဆိုသောသူတို့သည် အပြစ်ဟာဘာလဲဆိုတာကို နားမလည်သောသူများဖြစ်ကြသည်။ အပြစ်သည် တစ်စုံတစ်ခုသောလုပ်ရပ်၊ အတွေး (သို့) စကားအားဖြင့် ဘုရားသခင်၏ ပြည့်စုံ စုံလင်ခြင်းကို အသရေပျက်စေခြင်းဖြစ်သည် (ရောမ ၃း၂၃)။ ၎င်းသည် ပညတ်တရားမဲ့ခြင်းဖြစ်ပြီး ကိုယ့်နည်းလမ်း (ကိုယ့်လမ်းကြောင်း) ကိုသာ လုပ်ဆောင်လိုသော ဆုံးဖြတ်ချက်ချခြင်းကို ဆိုလိုသည် (၁ ယော ၃း၄)။ ၎င်းမှားသော လုပ်ဆောင်ခြင်းသာမကဘဲ၊ မှန်ကန်သော၊ ကောင်းမွန်သောအရာများကို သိလျက်နှင့် မလုပ်ဆောင်ခြင်းကို ဆိုလိုသည် (ယာကုပ် ၄း၁၇)။ ၎င်းအသိတရားက ဝေဖန်သည့်အရာမှန်သမျှကို လုပ်ဆောင်ခြင်းဖြစ်သည် (ရောမ ၁၄း၂၃)။ အပြစ်က ယုံကြည်သူ၏ အကောင်းလုပ်ဆောင်သောအရာကို ညစ်ပတ်စေသည်။ သူ၏နောင်တရခြင်းများကိုလည်း ဖျက်စီးစေသည်။ သူ၏မျက်ရည်များ၌ အညစ်အကြေးများရှိ၍ သူ၏ယုံကြည်ခြင်းတွင် လိပ်ပြာမသန့်သော ယုံကြည်ခြင်းရှိသည်။

ဝိညာဉ်တော်နှင့်ပြည့်ဝသော သန့်ရှင်းသူ (ယုံကြည်သူ) တစ်ဦးက သူ၏နောင်တရခြင်းသည်ပင်လျှင် ခရစ်တော်၏အသွေးတော်အားဖြင့် ဆေးကြောဖို့ရန်



လိုအပ်ပါသည်ဟူ၍ ပြောခဲ့ဖူးပါသည်။ အခြားပုဂ္ဂိုလ်တစ်ဦးက သူ၏လုပ်ရပ်မှန်သမျှတို့သည် အပြစ်စွန်းထင်နေကြောင်းကို သဘောပေါက်လာသောအခါ ဤသို့ရေးသားခဲ့သည်။

အကျွန်ုပ်တို့၏ ဒူးများပေါ်၌ ဆုတောင်းပဌနာပြုရင်း  
အသန့်ရှင်းဆုံးသောအချိန်နာရီများကို အတူတကွသုံးဆောင်ခြင်း၌  
အကျွန်ုပ်တို့၏ ချီးမွမ်းသီချင်းများဖြင့် ကျေနပ်နေပါလိမ့်မည်ဟူ၍  
ကျွန်ုပ်တို့ အထင်မှတ်ဆုံးသောအချိန်များ၌  
နှလုံးသားအားလုံးကို ရှာဖွေတွေ့မြင်သောအရှင်  
ဤအရာများအပေါ်၌ ခွင့်လွှတ်ခြင်းကို သွန်းလောင်းတော်မူပါ။

မှန်ကန်သော ခရစ်ယာန်သည် အပြစ်လုပ်ရန် အရည်အချင်း ပျောက်ဆုံးသောသူမဟုတ်ပါ။ သို့သော် သူ၌အပြစ်လုပ်ရန် လိုအင်ဆန္ဒမရှိတော့ပါ။ ယခုအချိန်တွင် သူသည် အပြစ်ကို မုန်းတီးသည်။ အပြစ်ကျူးလွန်မိသည့်အခါတွင်လည်း သူသည်အရှက်ရ၍ မသန့်ရှင်းသောခံစားမှုနှင့် တွေ့ကြုံရသည်။

သို့သော် တစ်စုံတစ်ယောက်က မေးနိုင်သောမေးခွန်းမှာ အကယ်၍ ခရစ်ယာန်တစ်ဦးသည် အပြစ်မရှိသောသူမဖြစ်နိုင်ခဲ့လျှင် ဘာကြောင့် ၁ ယော ၂း၁ တွင် ချစ်သားတို့ – သင်တို့သည် ဒုစရိုက်ကို မပြုစေခြင်းငှာ ဤအရာများကို သင်တို့အား ငါရေး၍ ပေးလိုက်၏ . . . ဟူ၍ ရေးသားခဲ့သောအချက်သည်ဘာလဲ။ ၎င်းမေးခွန်း၏အဖြေမှာ သန့်ရှင်းစုံလင်ခြင်းသည် အမြဲတမ်းပင် ဘုရားသခင်၏ စံချိန်တင်ထားသော အဆင့်အတန်းဖြစ်သည်။ သန့်ရှင်းသော ဘုရားသခင်သည် တစ်စုံတစ်ခုသော အပြစ်ကိုမျှ နားလည်မှုပေး၍ ခွင့်မလွှတ်နိုင်ပါ။ ဥပမာအနေဖြင့် သူက အပြစ်ကို နည်းနိုင်သမျှနည်းအောင် (သေးနိုင်သမျှသေးအောင်) လုပ်ကြပါဟူ၍ မပြောနိုင်ပါ။ ထို့ကြောင့် သူ၏လူများအတွက် ဘုရားသခင်၏ စံချိန်တင်ထားသောအဆင့်အတန်းသည် ပြည့်စုံ စုံလင်ခြင်းဖြစ်သည်။ သို့သော် ကျဆုံးခြင်းအတွက်

စပ်မှု) သည် ပျက်စီးခြင်းမရှိခဲ့သော်လည်း ဘုရားသခင်၏ မိသားစုနှင့် မိတ်သဟာယဖွဲ့ခြင်းသည် ပျက်ပယ်သွားသည်။ အသစ်သော မွေးဖွားခြင်းဖြင့် သူသည် ဘုရားသခင်၏သားဖြစ်လာပြီး ၎င်းကို ဘယ်အရာကမှ ပြောင်းလဲစေနိုင်မည် မဟုတ်ပါ။ သို့သော် သူသည် အပြစ်ကျူးလွန်သောအခါ သူနှင့် ဘုရားသခင်အကြား မိတ်သဟာယဖွဲ့ခြင်းသည် ပြတ်တောက်သွားသည်။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် အလင်းဖြစ်တော်မူ၍ သူ၌မှောင်မိုက်ခြင်း အလျှင်းမရှိပါ( ၁ ယော ၁း၅)။ ဝိညာဉ်ပိုင်းဆိုင်ရာ ပျော်ရွှင်သောမိသားစုစိတ်ထားသည် ၎င်းအပြစ်ကို ဝန်ချတောင်းပန်၍ စွန့်လွှတ်သည်အထိ ဆက်လက်ပျက်တောက်သွားမည်ဖြစ်သည် (၁ ယော ၁း၉၊ သုတ္တံ ၂၈း၁၃)။

## မအောင်မြင်နိုင်သည့်အပြစ်ရှိပါသလား

ယုံကြည်သူသည် သူကျူးလွန်နိုင်သည့် တစ်စုံတစ်ခုသောအပြစ်မှ လွတ်မြောက်နိုင်ကြောင်း သိထားရမည် (၁ ကော ၁၀း၁၃)။ ကျွန်ုပ်တို့အားလုံး၌ အပြစ်များကိုယ်စီရှိကြသည်။ ၎င်းတို့အနက် အချို့တို့သည် မလိုလားအပ်သော ဝင်ရောက်လာသည့် အပြစ်များဖြစ်၍ ကျွန်ုပ်တို့အား ၎င်း၏စွဲဆောင်မှုအောက်၌ ဆုပ်ကိုင်ထားသည့်ပုံပေါ်သည်။ အချို့သော အကျင့်များက ကျွန်ုပ်တို့ကို အောက်သို့ ဖိညှပ်ထားပါသည်။ ကျွန်ုပ်တို့သည် အပြီးသတ်လွတ်လပ်ခြင်းနှင့် ပြည့်စုံခြင်းကို မရရှိနိုင်ပဲ မကြာခဏ စိတ်ပျက်အားငယ်တတ်ကြပါသည်။ သို့သော် မှန်ကန်သည့်အချက်မှာ ဘုရားသခင်အတွက် အင်မတန်မှခက်ခဲသော အမှုဟူ၍မရှိကြောင်း၊ သူ၏ တန်ခိုးထက်သာ၍ ကြီးမားပြင်းထန်သော အပြစ်ဟူ၍ မရှိကြောင်းကို နှုတ်ကပတ်တော်နှင့် လူတို့၏ အတွေ့အကြုံနှစ်ခုစလုံးအားဖြင့် ထင်ရှားစွာပြသလျက်ရှိသည်။

## လုပ်ရပ်တစ်ခုမဟုတ်၊ ဖြစ်စဉ်တစ်ခု

တစ်ခုတည်းသော အတွေ့အကြုံဖြင့် အထဲ၌ကျိန်းဝပ်နေသော အပြစ်၏ တန်ခိုးမှ ကျွန်ုပ်တို့အား တစ်ခါတည်းအပြီးအပိုင် လွတ်မြောက်စေနိုင်သော အတွေ့အကြုံ (ကြုံတွေ့မှု) ဆိုတာ မရှိပါ။ ဤအချက်သည် ယနေ့အသင်းတော်များက



အခြားအပိုဒ်ငယ် (၃) ခုတွင် ယုံကြည်သူသည် အပြစ်တရားမှ လွတ်မြောက်ပြီဖြစ်ကြောင်း ဖော်ပြထားသည် (ရောမ ၆း၇, ၁၈ , ၂၂)။ ဤကျမ်းပိုဒ်များ၌ ရှင်ပေါလုက သခင်နှင့် ကျွန်အားဖြင့် ဥပမာပေး၍ ခိုင်းနှိုင်းရှင်းပြထားပါသည်။ ကယ်တင်ခြင်းမရရှိခင်တွင် ကျွန်ုပ်တို့သည် အပြစ်၏ကျွန်များဖြစ်သည်။ ခရစ်တော်၏ သေခြင်း၌ ကျွန်ုပ်တို့သည်လည်း အပြစ် သခင်ကဲ့သို့ သေခဲ့ကြ၏။ ထို့နောက် ကျွန်ုပ်တို့သည် အပြစ်၏ စိုးမိုးအုပ်ချုပ်မှုမှ လွတ်မြောက်ခဲ့ကြပြီး ဖြောင့်မတ်ခြင်းတရားနှင့် ဘုရားသခင်၏ ကျွန်များဖြစ်လာခဲ့ကြသည်။

ထို့နောက် ဓမ္မသစ်ကျမ်းတွင် ပြည့်စုံသည်။ ပြည့်စုံခဲ့သည်။ ပြည့်စုံခြင်း (သို့) စုံလင်ခြင်းဟူသော စကားလုံးအသုံးအနှုန်းများကို အချို့သော ကျမ်းပိုဒ် (အပိုဒ်ငယ်) များတွင် တွေ့ရသည်ဖြစ်ရာ ဂရုတစိုက်လေ့လာမဖတ်ရှုသောသူများက အပြစ်ကင်းစင်သောအနေအထားကို ဆိုလိုခြင်းဖြစ်သည်ဟူ၍ ယူဆနိုင်ဖွယ်ရာရှိသည်။ (မဿဲ ၅း၄၈၊ ဖိလိပ္ပိ ၃း၁၂၊ ဖိလိပ္ပိ ၃း၁၅၊ ၂ တိမောသေ ၃း၁၆၊ ၁၇၊ ဟေဗြဲ ၆း၁၊ ၉း၉၊ ၁၀း၁၄၊ ၁၃း၂၀, ၂၁၊ ယာကုပ် ၃း၂၊ ဗျာဒိတ် ၃း၁,၂)။

ယေဘုယျအားဖြင့် ပြည့်စုံခြင်း (သို့) စုံလင်ခြင်းဟူသော စကားလုံး၏ အဓိပ္ပါယ်မှာ ပြည့်စုံသောကြီးထွားခြင်း (သို့) ရင့်ကျက်ခြင်းကို ဆိုလိုသည်။ ၎င်းစကားလုံးကို ဤကမ္ဘာပေါ်တွင် အသက်ရှင်နေထိုင်သေးသည့် ခရစ်ယာန်များအပေါ်တွင် အသုံးချလိုက်သောအခါ အပြစ်ကင်းစင်ခြင်းကို လုံးဝမဆိုလိုပါ။ ဟေဗြဲ ၉း၉ သည် စုံလင်သော အသိတရားကို ရည်ညွှန်းထားခြင်းဖြစ်ပြီး ဟေဗြဲ ၁၀း၁၄ သည် ဘုရားသခင်၏ရှေ့မှောက်၌ စုံလင်သောရပ်တည်မှုကို ရည်ညွှန်းခြင်းဖြစ်သည်။

အပြစ်ကင်းစင်သောစုံလင်ခြင်းကို သင်ကြားပို့ချရန်အသုံးပြုခဲ့ကြသော အခြားကျမ်းပိုဒ်တစ်ခုမှာ ၁ သက်သာလောနိတ် ၅း၂၃ ဖြစ်သည်။ သို့သော် ဤနေရာတွင် ရှင်ပေါလုက သန့်ရှင်းစင်ကြယ်ခြင်း၌ ယုံကြည်သူ၏စိတ်၊ ဝိညာဉ်၊ ခန္ဓာသည် အဘက်ဘက်မှ တိုးချ (တိုးတက်) ဖွံ့ဖြိုးနိုင်ဖို့ရန် ဆုတောင်းပဌနာပြု

ခြင်းဖြစ်သည်။ သို့ဖြင့် သူသည် ယေရှုခရစ်တော်ကြွလာသောအခါ အပြစ်တင်ခွင့်နှင့် ကင်းလွတ်နိုင်မည်ဖြစ်သည်။

အခြားသော ကျန်ရှိသေးသည့် ကျမ်းပိုဒ်များဖြစ်သော ၁ ယော ၃း၆၊ ၉၊ ၅း၁၈ တို့ကို ကျွန်ုပ်တို့ လေ့လာခဲ့ပြီးဖြစ်သည်။ ၎င်း၌အသုံးပြုသော ကြိယာများသည် လုပ်နေဆဲ၊ ဖြစ်နေဆဲကိုပြသော ပစ္စုပ္ပန်ဝါကျကို အသုံးပြုထားသည်။ ဘုရားသခင်အားဖြင့် ဖွားမြင်သောသူသည် အပြစ်ကိုအကျင့်မလုပ်ပါ။ သူသည် အပြစ်ထဲ၌ အသက်မရှင်ပါ (နစ်မွန်းမနေပါ)။ အပြစ်သည် သူ့အသက်တာ၏ လက္ခဏာမဟုတ်ပါ။

သို့ဖြစ်လျှင် အပြစ်ကင်းစင်သော စုံလင်ခြင်းကို သွန်သင်ပို့ချခြင်းသည် စိုးရိမ်ဖွယ်ရာဖြစ်သလား။ ဘုရားသခင်၏ နှုတ်ကပတ်တော်၌ ဆန့်ကျင်သည့် တစ်စုံတစ်ခုသော သွန်သင်ချက် (Doctrine) သည် စိုးရိမ်ဖွယ်ရာဖြစ်သည်။ အပြစ်ကင်းစင်သော စုံလင်ခြင်းသို့ ရောက်ရှိနိုင်ရန် ကြိုးပမ်းရုန်းကန်ခဲ့ကြသော၊ စိတ်အားထက်သန်၍ ရိုးသားစစ်မှန်သည့် များစွာသောယုံကြည်သူတို့သည် တွက်ခြေမကိုက်သောရလဒ်နှင့်သာ အဆုံးသတ်ခဲ့ကြသည်။ ထို့ပြင် အကြောင်းအမျိုးမျိုးကြောင့် စိတ်ဓါတ်ကျခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ပျက်ပြားချို့တဲ့မှုကို ခံခဲ့ကြပါသည်။ H.A. Iranide သူ၏ Holiness, the False and True ဟူသော စာအုပ်တွင် သူကိုယ်တိုင်က လုံးဝဉသုံ သန့်ရှင်းစင်ကြယ်ခြင်းကို စူးစမ်းရှာဖွေရာတွင် အချည်းနှီးဖြင့်သာ အဆုံးသတ်ခဲ့ပြီး စိတ်ခံစားမှုပိုင်းဆိုင်ရာ ပျက်ပြားမှု ဝေဒနာနှင့် ကြုံတွေ့ရကြောင်း၊ ထို့နောက် မှန်ကန်သော ခရစ်ယာန်သန့်ရှင်းခြင်း၏ သွန်သင်ချက်နှင့် မိတ်ဆက်မိလိုက်သောအခါ သူ၏အသက်တာတွင် ငြိမ်သက်ခြင်း စတင်ရောက်ရှိလာကြောင်း ပြောပြခဲ့သည်။



**ကျွန်တော်မတတ်နိုင်တော့ပါ (ကျွန်တော်) အပြစ်လုပ်ရ (တော့) မည်**

ကျွန်ုပ်တို့သည် (မတတ်သာလို့) အပြစ်လုပ်ရမည်ဟူ၍ မပြောရပါ။ ၎င်းသည် မှားယွင်းသောအရာဖြစ်သည့်အားလျော်စွာ သမ္မာကျမ်းစာက ဘယ်တော့မှ မပြောပြသောအရာဖြစ်သည်။ ကျွန်ုပ်တို့သည် အပြစ်လုပ်ရမည့်ဟူ၍ ပြောပါက စုံစမ်းသွေးဆောင်ခြင်းကို တွန်းလှန်နိုင်ရန် သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့အား လုံလောက်စွာစွမ်းဆောင်နိုင်သော တန်ခိုးရှင်မဟုတ်ပါဟူ၍ ပြောဆိုရာရောက်ပေမည်။ သို့သော် သူ၏လုပ်ဆောင်နိုင်သော တန်ခိုးအပြည့်အဝရှိပါ သည်။ ပြဿနာသည် သူ (ဝိညာဉ်တော်) နှင့် မပတ်သက်ပါ။ ကျွန်ုပ်တို့နှင့်သာ သက်ဆိုင်သည်။ ကျွန်ုပ်တို့သည် သူ၏တန်ခိုးကို အပိုင်မစီး (တတ်) သောကြောင့် အပြစ်ကျူးလွန်မိခြင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အပြစ်လုပ်ချင်သည့်အချိန်တွင် အပြစ်လုပ်ကြပါသည်။

ကျွန်တော်သည် အပြစ်ကျူးလွန်ရမည်ဟူ၍ ပြောခြင်းသည် ခရစ်ယာန်ဘာသာ၏ အခြေခံအုတ်မြစ်ကို ငြင်းပယ်ခြင်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အပြစ်သည် ယုံကြည်သူကို မအုပ်စိုးရတော့ပါ (ရောမ ၆း၁၄)။ ကျွန်တော် အပြစ်မလုပ်နိုင်ပါဟူ၍ ပြောခြင်းသည် မိမိကိုယ်ကို လှည့်ဖြားခြင်းဖြစ်သည် (၁ ယော ၁း၈)။ ကျွန်တော်အပြစ်လုပ်ဖို့ မလိုအပ်ပါဟူ၍ ပြောခြင်းသည် ဘုရားသခင်၏ အခြေခံသဘောတရားနှင့် ကိုက်ညီသော ထုတ်ပြန်ကြေငြာချက်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ယေရှုခရစ်၌တည်၍ အသက်ရှင်စေသော ဝိညာဉ်တော်၏တရားသည် အပြစ်တရား၏လက်မှ ငါ့ကိုကယ်နှုတ်ပြီ (ရောမ ၈း၂)။ အောင်မြင်ခြင်းကို ပေးသောအဖဘုရားထံသို့ ကျေးဇူးတော်ချီးမွမ်းပါ၏။

**ဆက်နွယ်ခြင်း (သွေးသားတော်စပ်ခြင်း) နှင့် မိတ်သဟာယဖွဲ့ခြင်း**

ခရစ်ယာန်တစ်ဦးသည် အပြစ်ကျူးလွန်သောအခါ သူ၏ ကယ်တင်ခြင်းသည် ဆုံးရှုံးမှုမရှိသော်လည်း သူ၌ရှိသော ကယ်တင်ခြင်း၏ ဝမ်းမြောက်ပျော်ရွှင်မှုကို ဆုံးရှုံးသွားသည်။ သူနှင့် ဘုရားသခင်အကြား ဆက်နွယ်မှု (သွေးသားတော်

မကြာခဏကောင်းပယ်ခဲ့ကြသည်မှာ ဝမ်းနည်းစရာပင်ဖြစ်သည်။ တရားဟောဆရာများသည် သန့်ရှင်းခြင်းကို ဖြတ်လမ်းနည်းဖြင့် အရယူရန် လူတွေကို ကမ်းလှမ်းတတ်ကြသည်။ သူတို့သည် တရားဟောစင်၏ ရှေ့မှောက်၌ ကြားနာသူလူထုတို့အား ရှေ့သို့ကြွလာပြီး သန့်ရှင်းသော ဝိညာဉ်တော်၏ဖြည့်စွက်ခြင်း (သို့) ဘိသိက်ပေးခြင်းကို ခံယူရန်၊ နှစ်ခြင်းမင်္ဂလာခံယူရန် (သို့) အောင်မြင်သောအသက်တာကို ရယူရန် တိုက်တွန်းအားပေးခဲ့ကြသည်။ အကယ်၍ ထိုသူတို့သည် ၎င်းဘိသိက်ပဌနာပြုခြင်းအတွေ့အကြုံဖြင့် သာ၍မြင့်မားသော သန့်ရှင်းခြင်း၏ ကုန်းမြင့်ပေါ်၌ လောက်လေးခွပစ်သကဲ့သို့ အလိုအလျောက် အမြဲတမ်းရောက်ရှိသွားမည်ဟူ၍ ထင်မှတ်ယူဆပါက သူတို့သည် လှည့်စားခြင်းကို ခံရခြင်းဖြစ်သည်။

လွတ်မြောက်ခြင်းသည် ချက်ချင်းပြီးပြည့်စုံစေနိုင်သည့်အရာ (သို့) ချက်ချင်းအပိုင်ရယူနိုင်သည့်အရာ မဟုတ်ပေ။ ၎င်းသည် ရွေးရှားမှု (လှုပ်ရှားမှု) တစ်ခုပြီးတစ်ခု၏ ဖြစ်စဉ်ဖြစ်သည်။ ၎င်းနှင့်ပတ်သက်၍ ထားခဲ့သောကတိတော်မှာ . . . သင်၏နေ့ရက်ကာလဖြစ်သည့်အတိုင်း သင့်အစွမ်းသတ္တိဖြစ်လိမ့်မည် (တရားဟောရာကျမ်း ၃၃း၂၅)။ သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်စုံကြလော့ (ဧဖက် ၅း၁၈) ဟူ၍ ကျွန်ုပ်တို့အားပြောဆိုရာတွင် ၎င်း၏စာသားအရ အမိပ္ပါယ်သည် ဝိညာဉ်တော်နှင့် အဆက်မပြတ် ပြည့်ဝခြင်းကိုဆိုလိုသည်။

မနေ့ညက တရားဟောပလ္လင်၏ ရှေ့မှောက်၌ ခံစားခဲ့သော ကျွန်ုပ်တို့၏ အတွေ့အကြုံယနေ့တွင် ဖြစ်ပေါ်လာမည့် စုံစမ်းနှောင့်ယှက်ခြင်းမှ လွတ်မြောက်ခြင်း ရရှိဖို့ရန် အာမခံပေးလိမ့်မည် မဟုတ်ပါ။

### တမင်ကျူးလွန်သောအပြစ်

အချို့သော ယုံကြည်သူများသည် ဟေဗြဲ ၁၀း၂၆, ၂၇ တွင် ဖော်ပြသော စိတ်ဆန္ဒအလိုလိုက်၍ ပြစ်မှားသောအပြစ်ကို ကျူးလွန် (သည်ဟုယူဆ) သဖြင့် စိုးရိမ်ပူပန်မှုများ ခံစားကြရသည်။ သူတို့၏ အကြောင်းပြချက်မှာ အပြစ်ကိုကျူးလွန်

ရာတွင် သူတို့၏ စိတ်ဆန္ဒလည်း ပါဝင်သောကြောင့် ကိုယ်အလိုသို့လိုက်၍ ပြစ်မှားသောအပြစ်ကို ကျူးလွန်ခြင်းဖြစ်သည်။ ထို့ကြောင့် တရားစီရင်ခြင်း၌ ပြစ်ဒဏ်ခတ်ခြင်းခံရပြီး၊ ဘုရားသခင်အား ရန်ဘက်ပြုသောသူအပေါင်းတို့သည် မရပ်မနားဒေါသထွက်နေသော မီးလျှံကြီး၏ မျိုချခြင်းကို ခံရမည်။ သို့သော် ဤအယူအဆသည် မှားယွင်းသောအယူအဆဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဟေဗြဲ ၁၀ ၏ ကိုယ့်အလိုလိုက်၍ ပြစ်မှားသော အပြစ်နှင့် ဒုစရိုက်ကို ကျူးလွန်သောအပြစ်တို့၏ ကွဲပြားခြားနားချက်ကို နားလည်သဘောပေါက်ဖို့ရန် လိုအပ်ပါသည်။ ကိုယ့်အလိုလိုက်သောအပြစ်သည် ယုံကြည်ခြင်းကို စွန့်လွှတ်ခြင်းဖြစ်သည်။ ၎င်းကိုအပိုဒ်ငယ် (၂၉) တွင် ဘုရားသခင်၏သားတော်ကို ခြေဖြင့်ကျော်နင်းလျက် မိမိကို စင်ကြယ်စေသော ပဋိညာဉ်တရား၏သွေးတို့ကို ပြစ်တင်လျက် စွမ်းရည်ကျေးဇူးကိုပေးသော ဝိညာဉ်တော်ကို မထီမဲ့မြင်ပြုသူ . . . ဟူ၍ အတိအကျ ဖွင့်ဆိုထားပါသည်။ စစ်မှန်သောယုံကြည်သူသည် ၎င်းအပြစ်ကို ဘယ်တော့မှလုပ်နိုင်မည်မဟုတ်ပါ။ ပုဂ္ဂိုလ်တစ်ဦးက ၎င်းအပြစ်ကို ကျူးလွန်ခဲ့၍ စိတ်စိုးရိမ်ပူပန်လျက်ရှိပါသည်ဟူသော အချက်သည်ပင်လျှင် ထိုသူက ၎င်းအပြစ်ကို မကျူးလွန်ခဲ့ကြောင်း အချက်ပြရည်ညွှန်းခြင်းဖြစ်ပါသည်။ ခရစ်ယာန်ယုံကြည်ခြင်းကို ကျော်ခိုင်း (စွန့်လွှတ်) သော သူတို့သည် နှလုံးသားအလွန်မာကြော၍ မာနကြီးလွန်းသဖြင့် ၎င်းကိစ္စကို ဒုတိယအကြိမ်ပြန်လည်စဉ်းစားမည် မဟုတ်ပါ (ပြန်လည်နောင်တမရနိုင်တော့ပါ)။ ထိုသူတို့သည် ဘုရားသခင်ကို မကြောက်ရွံ့သောသူ (သို့) သူ၏ပြစ်ဒဏ်စီရင်ခြင်းကို မကြောက်ရွံ့သောသူများဖြစ်ကြသည်။

## အောင်မြင်ခြင်းအတွက် အကူအညီမပေးသည့်အရာများ

သန့်ရှင်းခြင်းကို ရှာဖွေရာတွင် အထောက်အကူမဖြစ်စေသော (သို့) အကျိုးမပေးသော သဘောထားများနှင့် လုပ်ဆောင်ချက်များရှိကြောင်း မိမိကိုယ်ကို အသိပေးရန် လိုအပ်သည်။ ရသေ့ကဲ့သို့ ကျင့်ဆောင်ခြင်း (တောထွက်၊ အစာရှောင်စသည်ဖြင့် ကျင့်ကြံခြင်း) သည် အထောက်အကူမဖြစ်စေပါ။ ရှင်ပေါလုက



ကောလောသဲ ၂း၂၃ ၌ ကိုယ်ကာယကို နှိပ်စက်ခြင်းနှင့် ကိုယ့်ကိုယ်ကို ငြင်းပယ်ခြင်းတို့သည် ဘုရားတရားကိုင်းရှိုင်းခြင်း၏ သွင်ပြင်ကိုဆောင်သည့်ပုံပေါ်သော်လည်း ကိုယ်ကာယအလိုကို ဆန့်ကျင်ရာတွင် အကျိုးမပြုသော (အသုံးမကျသော) အရာများဖြစ်ကြောင်း ဖော်ပြခဲ့သည်။ သာသနာဘောင်အတွင်းသို့ဝင်၍ ရဟန်းဘဝကဲ့သို့ နေထိုင်ခြင်းသည်လည်း အထောက်အကူမပြုပါ။ ပုဂ္ဂိုလ်တစ်ဦးသည် ဤလောကီမှ သီးခြားခွဲ၍ ဘုန်းကြီးကျောင်းသို့ (သီးသန့်) နေထိုင်နိုင်သော်လည်း သူသည် သူ့ဇီဇ (ပကတိ) နှင့် သီးသန့်ခွဲခြား၍ မနေထိုင်နိုင်ပါ။ မိမိကိုယ်ကို၌ (ပြန်လည်) ဆန်းစစ်နေခြင်းသည်လည်း အထောက်အကူပြုသည့် အရာမဟုတ်ပါ။ မိမိကိုယ်ကို၌ အောင်မြင်ခြင်းမရှိပါ။ ငြိမ်သက်စွာနေခြင်းသည်လည်း အထောက်အကူပြုသည့် အရာမဟုတ်ပါ။ သန့်ရှင်းခြင်းသည် ၎င်းအား အားလပ်ပျင်းရိစွာ စောင့်ဆိုင်းနေသောသူများအပေါ်တွင် မဆင်းသက်နိုင်ပါ။ စုံစမ်းနှောင့်ယှက်ခြင်းအကြောင်းကို အားသွန်ခွန်စိုက်လေ့လာခြင်းအားဖြင့် အောင်မြင်ခြင်းသည် ရောက်မလာနိုင်ပါ။ အပြစ်သွေးဆောင်ခြင်းအကြောင်းကို စဉ်းစားလေလေ၊ အပြစ်များကို ပို၍ထုတ်ပေးလေလေဖြစ်သွားတတ်ပါသည်။ နောက်ဆုံးအနေဖြင့် အောင်မြင်ခြင်းသည် စိတ်ပျက်အားငယ်၍ လက်လျှော့သောသူများအပေါ်တွင် ရောက်မလာနိုင်ပါ။ ၎င်းသည် အရှုံးပေးခြင်းဖြစ်၍ ဘုရားသခင်က အရှုံးပေးသောသူများကို အသုံးမပြုပါ။

ယခုအောင်မြင်ခြင်းကိုရရှိရန် လုပ်ဆောင်ရမည့်ကဏ္ဍများကို ဆက်လက်လေ့လာကြပါစို့။

ခံစားချက်များအားဖြင့် ရောက်ရှိလာခြင်းမဟုတ်၊ မပြောင်းလဲနိုင်သော နှုတ်ကပတ်တော်အားဖြင့်ဖြစ်သည်။

တစ်စုံတစ်ယောက်က ဘုရားသခင်က ကျွန်ုပ်ကို ခွင့်လွှတ်တယ်ဆိုတာ ကျွန်တော်သိတယ်။ ဒါပေမယ့် ကိုယ့်ကိုယ်ကို ခွင့်မလွှတ်နိုင်ဘူး . . . ဟူ၍ ပြောနိုင်ပါသည်။ ထိုကဲ့သို့သော စိတ်သဘောထားသည် မလိုလားအပ်သော မိမိကိုယ်ကို နှိပ်စက်ခြင်းပင်ဖြစ်သည်။ ဘုရားသခင်က ကျွန်ုပ်တို့အား ခွင့်လွှတ်ခဲ့ပြီးဖြစ်လျှင် အကြောင်းကိစ္စအားလုံးပြီးသွားပါပြီ။ ဘာကြောင့် မိမိကိုယ်ကို အပြစ်၌ လူးလိမ့်နေရမည်နည်း။

ဘုရားသခင်သည် ခွင့်လွှတ်သောအခါ မအောက်မေ့တော့ဘဲ မေ့ပစ်လိုက်ပါသည်ဆိုသည့်အချက်သည် မှန်ကန်ပါသည် (ဟေဗြဲ ၁၀း၁၇)။ ဤနေရာတွင် ဘုရားသခင်သည် မှတ်ဉာဏ်မကောင်းပါဟူ၍ မဆိုလို။ သူသည် ၎င်းအပြစ်များကို ကျွန်ုပ်တို့ထံသို့ ဘယ်တော့မှ ပြန်ယူဆောင်လာ (ပြန်လည်အပြစ်တင်) မည်မဟုတ်ကြောင်း ဆိုလိုခြင်းဖြစ်သည်။ ၎င်းတို့ကို မေ့ပစ်ခဲ့ပြီဆိုသည့်နေရာမှာ – အပြစ်နှင့် ပတ်သက်၍ အမှုကိုအဆုံးသတ်ခြင်း (အမှုပြတ်ခြင်း) ကို ရည်ညွှန်းသည်။ နှလုံးသားကြေကွဲခြင်းနှင့် နောင်တရ၍ အကျင့်ဆိုးကို ပြန်လည်ကျူးလွန်မိသောပုဂ္ဂိုလ်တစ်ဦးက . . . ကိုယ်တော်သခင်၊ အကျွန်ုပ် ဝန်ချတောင်းပန်ပါတယ်။ အကျွန်ုပ်ကျူးလွန်မိပြန်ပါပြီ . . . ဟူ၍ တောင်းပန်ခဲ့သည်။ ထိုအချိန်တွင် သခင်က . . . သင်ဘာလုပ်ခဲ့သလဲ . . . ဟူ၍ ပြန်ဖြေသည်။ ပြန်လည်ကျူးလွန်မိသော အပြစ်ကို ခွဲခြမ်း (စိတ်ပိုင်း) ဖော်ပြ၍ ဝန်ချတောင်းပန်သောအခါ ကိုယ်တော်က ခွင့်လွှတ်ခဲ့သည် (၎င်းဝန်ချတောင်းပန်ခြင်း၌ အရင်ကအပြစ်များ၏ အပြစ်အနာအဆာများကို ယူဆောင်လာခြင်းမရှိဘဲ သီးသန့်ကိုယ်တော်က မေ့ပစ်ခဲ့ပြီးဖြစ်သည်)။

Corrie Ten Boom က ကျွန်ုပ်တို့အား အသိပေးသည်မှာ ဘုရားသခင်သည် မေ့ပစ်သည်သာမကဘဲ ပြန်လည်တူးဖော်ခြင်း (နှိုးဆွခြင်း) မပြုပါ။ ဘုရား



# အခန်း (၁၁)

## အောင်မြင်ခြင်း၏လမ်းကြောင်း

## ဝိညာဉ်တော်နှင့် ပြည့်ဝခြင်း

ဘုရားသခင်ကသာလျှင် ကျွန်ုပ်တို့ကို သန့်ရှင်းအောင်လုပ်နိုင်ပါသည်။ သို့သော် ကျွန်ုပ်တို့၏ ပူးပေါင်းဆောင်ရွက်ချက်မပါဘဲ သန့်ရှင်းအောင်လုပ်ဆောင်မည်မဟုတ်ပါ။ ခရစ်ယာန်အသက်တာ၏ အခြားသောကဏ္ဍများစွာကဲ့သို့ပင်၊ သန့်ရှင်းခြင်း၌ ဘုရားသခင်၏အပိုင်းနှင့် လူတို့၏အပိုင်းသည် ထူးဆန်းစွာရောနှောထားပါသည်။ ဘုရားသခင်က တန်ခိုးကို ပြင်ဆင်ပေးသည်။ သို့သော် ၎င်းကို မိမိကိုယ်မိမိ၌ အသုံးချရမည်။ ကျွန်ုပ်တို့ လုပ်ဆောင်ရမည့်တာဝန်မှာ ဝိညာဉ်တော်နှင့် ပြည့်ဝဖို့ရန်ဖြစ်သည်။ ဝိညာဉ်ပကတိအတိုင်းကျင့်ကြံလျှောက်လှမ်းမှသာလျှင် ဇာတိပကတိ၏အလိုသို့မလိုက်ဘဲ နေနိုင်ကြရမည်ဖြစ်သည်။ သို့သော် သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝခြင်းဆိုတာ ဘာကိုဆိုလိုသလဲ။ ၎င်းသည် အင်မတန်မှ သိမ်မွေ့နူးညံ့ပြီး၊ ထူးခြားနက်နဲ၍ နားလည်ရန်ခက်ခဲသည့်ပုံပေါ်သည်။ ၎င်းသည် တရားဟောဆရာများနှင့် သာသနာပြုဆရာများတွက် သီးသန့်ဖယ်ထားသည့်အရာနှင့် ဖြစ်ဟန်တူသည်။ သို့သော် ထိုကဲ့သို့မဟုတ်ပါ။ ၎င်းသည် ဘုရားသခင် လူများအားလုံးတွက် ပြဋ္ဌာန်းထားသည့်အရာဖြစ်၍ ယုံကြည်သူတိုင်းအတွက် မဖြစ်နိုင်သောတစ်စုံတစ်ခုကို ကမ်းလှမ်းနေခြင်း မဟုတ်ပါ။ ၎င်းကို အရိုးရှင်းဆုံးနှင့် လက်တွေ့အကျဆုံးဖြစ်အောင် ပြုလုပ်ဖို့ရန်အတွက် သန့်ရှင်းသော ဝိညာဉ်တော်ဖြင့် ပြည့်ဝခြင်း၌ ပါဝင်သည့်အချို့သော အခြေခံခြေလှမ်းများကို သုံးသပ်တင်ပြကြရအောင်။

**အပြစ်များတိုးပွားများပြားခွင့်မပြုနဲ့**

ကျွန်ုပ်တို့သည် မိမိကိုယ်ကို သန့်ရှင်းစင်ကြယ်စွာ ထိန်းသိမ်းနိုင်ရန် မိမိ၏ အသက်တာ၌ အပြစ်ကျူးလွန်မိကြောင်း ရိပ်မိနားလည်သည့်အခါ အမြန်ဆုံး ဝန်ချတောင်းပန်၍ ၎င်းအပြစ်ကို လွှတ်ရမည် (သုတ္တံ ၂၈း၁၃၊ ၁ ယော ၁း၉)။ အပြစ်အားလုံးသည် ဘုရားသခင်ကို ဆန့်ကျင်သောကြောင့် အပြစ်များအားလုံးကို သူ့ထံသို့ ဝန်ချတောင်းပန်ရမည်။ အကယ်၍ လူတကာများအပေါ်၌ ပြစ်မှားခဲ့လျှင်လည်း ထိုသူတို့ထံသို့ အပြစ်ဝန်ချတောင်းပန်ရမည်။

မှန်ကန်သောအပြစ်ဝန်ချတောင်းပန်ခြင်းသည် . . .

**ချက်ချင်း**

အကျွန်ုပ်တို့သည် နေဝင်သည်အထိ (သို့) ရက်သတ္တပတ်ကုန်သည့် အထိ မစောင့်ဆိုင်းသင့်ပါ။

**တိကျပြတ်သားမှုမရှိခြင်း (သို့) အနေအထားအတိုင်းမဟုတ်ခြင်း**

အကယ်၍ အကျွန်ုပ်၌ အပြစ်လုပ်မိသောအရာများရှိခဲ့လျှင် ဒါမှမဟုတ် ငါ့ကိုခွင့်လွှတ်တယ်ဆိုရင် သင့်ကိုခွင့်လွှတ်မယ် . . . ဟူ၍ မပြောပါနဲ့။

အကယ်၍ ကျွန်မသည် တစ်စုံတစ်ခုသောအပြစ်ကို ကျူးလွန်မိခဲ့လျှင် အခွင့်လွှတ်ခံဖို့ရန် အဆင်သင့်ပါ . . . ဟူ၍ ပြောခဲ့သော အမျိုးသမီးကဲ့သို့ မဖြစ်ပါစေနဲ့။

**စုံစုံလင်လင်ဖြင့်**

လူတစ်ဦးက သူသည် ရှည်လျားသောကြိုးတစ်ချောင်းကို ခိုးယူမိကြောင်း ဝန်ခံခဲ့သည်။ သို့သော် ၎င်းကြိုးရှည်၏အဆုံး (ထိပ်) တွင် မြင်းတစ်ကောင်ချည်ထားကြောင်း ဝန်ခံဖို့ရန် ဥပက္ခာပြုခဲ့သည်။



**တိတိကျကျ (သို့) စေ့စေ့စပ်စပ်ဖြင့်**

ကြောက်မက်ဖွယ် သတ္တဝါကို နားလည်သည့်အတိုင်းခေါ်ဆိုပါ။ (ဥပမာ – ဘီလူးကို ဘီလူးဟူ၍)။ အပြစ်ကို ဖြစ်တဲ့အတိုင်းပြောပါ။ သေရည်သေရက် သောက်စားခြင်းကို စည်းမစောင့်ခြင်းဟူ၍လည်းကောင်း၊ ခိုးယူခြင်းအစား၊ ချေးငှားခြင်းဟူ၍ မပြောပါနဲ့။ ပေတရုက အကျွန်ုပ်သည် မပြည့်စုံသောသူပါဟူ၍ မပြောဘဲ သခင်၊ အကျွန်ုပ်သည် အပြစ်များသောသူဖြစ်ပါ၏ဟု ပြောခဲ့ပါသည်။

**အပြစ်ကို စွန့်လွှတ်ရန်ဆုံးဖြတ်ချက်ချခြင်း**

အောက်ပါဖော်ပြချက်သည် ဝန်ချတောင်းပန်ခြင်း (သို့) ဝန်ခံခြင်း မဟုတ်ပါ။ မနေ့က (ပုလင်းထည့်ရန် အကွက်ကလေးများပါသည့်) သေတ္တာစုံတွဲကို ကျွန်တော်ခိုးယူခဲ့တယ်၊ သေတ္တာနှစ်စုံဖြစ်သွားအောင် ဒီနေ့ညနောက်ထပ်တစ်တွဲ ထပ်ခိုးလိုက်ဦးမည်။

**နှလုံးသားမှထွက်လာသော ခံစားချက်ဖြင့်**

ကိုယ်တော် အကျွန်ုပ်မှားပါသည်။ အကျွန်ုပ်ဝမ်းနည်းပါတယ်။ ကျေးဇူးပြုပြီး ခွင့်လွှတ်တော်မူပါ . . . ဟူ၍ ရိုးရိုးလေးဖြင့် ပြောလိုက်ပါ။

ကျွန်ုပ်တို့သည် အပြစ်ကို ရိုးသားစစ်မှန်စွာ ဝန်ချတောင်းပန်ပါက ကျွန်ုပ်တို့သည် ခွင့်လွှတ်ခြင်းခံပြီး (ခွင့်လွှတ်ပြီး) ဖြစ်ကြောင်းကို နှုတ်ကပတ်တော်၏ တန်ခိုးအာဏာအားဖြင့် သိရှိနိုင်ပါသည်။ ဘုရားသခင်က အပြစ်ဝန်ချတောင်းပန်လျှင် ခွင့်လွှတ်မည်ဟူ၍ ကတိပေးခဲ့ပြီး သူသည် ကတိတည်သောသူဖြစ်သည်။ ၎င်းခွင့်လွှတ်ခြင်းကို ကျွန်ုပ်တို့က ယုံကြည်ခြင်းအားဖြင့် အရယူ (အပိုင်ယူ) ကြပါသည်။ သို့သော် တစ်စုံတစ်ယောက်က ကျွန်ုပ်အပြစ်တွေကို ခွင့်လွှတ်တယ်လို့ ကျွန်တော်မခံစားဘူး . . . ဟူ၍ ပြောနိုင်ပါသည်။ သင့်အနေဖြင့်လည်း ထိုကဲ့သို့ ဖြစ်နိုင်ပါသည်။ သို့သော် သင်သည်ခံစားသည်ဖြစ်စေ၊ မခံစားသည်ဖြစ်စေ သင့်ကို ခွင့်လွှတ်ပြီးဖြစ်သည်။ ခွင့်လွှတ်ခြင်း၏ အာမခံချက်သည် ပြောင်းလဲတတ်သော

အနည်းငယ်ကို အကျွန်ုပ်ယူမိလျှင် လေးဆပြန်၍ ပေးပါ၏ . . . ဟူ၍ ပြောခဲ့သည် (ရှင်လုကာ ၁၉း၈)။ သူသည် ကယ်တင်ခြင်းရှိဖို့အတွက် ဤအရာများကို လုပ်ဆောင်ခြင်းမဟုတ်ဘဲ ကယ်တင်ခြင်းရခဲ့ပြီးဖြစ်သော လုပ်ဆောင်ခြင်းဖြစ်သည်။

ပြန်လည်လျော်ပေးခြင်းသည် မခွင်းမချန်ဘဲ အကုန်အစင်ဖြင့် ရိုးသားစစ်မှန်စွာ လုပ်ရမည်။ ပုဂ္ဂိုလ်တစ်ဦးသည် နိုင်ငံတော်အခွန်ဘဏ္ဍာဝန်ဆောင်မှုဌာနရုံးသို့ ဤသို့ စာရေးခဲ့သည်။

> မနှစ်က ပေးဆောင်ရမည့် အခွန်စာရွက်ကို ဖြည့်လိုက်တုန်းက ကျွန်တော်တမင်သက်သက် လွဲမှား၍ ဖြည့်စွက်ခဲ့ပါသဖြင့် ကျွန်တော်လုံးဝအိပ်မပျော်နိုင်ပါ။ ယခု ဒေါ်လာ ၁၅၀ ကို ချက်လက်မှတ်ဖြင့် ပို့ပေးလိုက်သည်။ အကယ်၍ ကျွန်တော်အိပ်မပျော်နိုင်သေးဘူးဆိုလျှင် နောက်ထပ်ကျန်သေးသော အခွန်ငွေများကို ပြန်ပို့လိုက်ပါ့မယ် . . .။

ကျွန်ုပ်တို့သည် ထိုသို့သော ပုဂ္ဂိုလ်မျိုးကဲ့သို့ မဖြစ်ရပါ။

အချိန်များ ကုန်ဆုံး (နှောင်း) ခဲ့ပြီဖြစ်သောကြောင့် (သို့) အခြေအနေများပြောင်းလဲသွားခြင်းကြောင့် ပြန်လည်လျော်ပေးရန် မဖြစ်နိုင်တော့သည့်အခြေအနေများလည်း ရှိပါသည်။ သခင်ကိုယ်တော်သည် ၎င်းအခြေအနေများကို သိနေပါသည်။ စစ်မှန်ရိုးသားသော လိုအင်ဆန္ဒ (ပြန်လျော်ချင်သည့်ဆန္ဒ) ရှိ၍ အပြစ်ကို ဝန်ချတောင်းပန်လျှင် ကိုယ်တော်သည် အမှန်တကယ် ပြန်လျော်ပေးခြင်းအဖြစ် လက်ခံပေးမည်ဖြစ်သည်။

လွန်ခဲ့တဲ့နှစ်များက W.P.Nicholson သည် Belfast ၌ တရားဟောသောအခါ ဘုရားသခင်၏ ဝိညာဉ်တော်လှုပ်ရှားသဖြင့် လူတို့သည် သူတို့ခိုးယူထားခဲ့သော ကိရိယာတန်ဆာပလာများကို ၎င်းဒေသရှိစက်ရုံများသို့ ပြန်လည်ပေးပို့ခဲ့ကြသည်။ ပြန်ပို့ပေးသောပစ္စည်းများသည် အလွန်များသဖြင့် ကုမ္ပဏီများက



သခင်သည် ကျွန်ုပ်တို့အား၊ အပြစ်ဝန်ချတောင်းပန်၍ ခွင့်လွှတ်ခဲ့ပြီးသော၊ မိမိ၏ကိုယ်ပိုင်အပြစ်များသော်လည်းကောင်း၊ သူတစ်ပါး၏ အပြစ်များကိုသော်လည်းကောင်း၊ ပြန်လည်နိုးဆွခြင်းများ ပြုလုပ်ရန် အလိုမရှိပါ။ ၎င်းတို့ကို အစဉ်အမြဲသတိရအောက်မေ့သင့်သည့်တစ်ခုတည်းသော နည်းလမ်းမှာ ၎င်းအပြစ်များကို ထပ်မံမကျူးလွန်ဖို့ရန် သတိပြုခြင်းပင်ဖြစ်သည်။

ဘုရားသခင် တစ်ပါးတည်းအပေါ်၌လည်းကောင်း၊ အခြားသူများအပေါ်၌ လည်းကောင်း၊ အသင်းတော်တစ်ပါးလုံးအပေါ်၌လည်းကောင်း၊ ကျွန်ုပ်တို့ မှားမိ၍ ဝန်ချတောင်းပန်လျှင် ၎င်းဝန်ချတောင်းပန်ခြင်းနယ်ပယ် (နယ်နိမိတ်) သည် ကျွန်ုပ်တို့ပြစ်မှားမိသော အပြစ်၏နယ်ပယ်နှင့် ထပ်တူထပ်မျှကျယ်ဝန်းရမည်။ ဤကဏ္ဍနှင့် ပတ်သက်၍ Leith Samuel အကြံပေးတိုက်တွန်းထားသည်မှာ . . သင်၏ အပြစ်သည် အတွေး၌ ရှိနေလျှင် သင်၏အပြစ်ဝန်ချတောင်းပန်ခြင်းသည်လည်း အတွေး၌သာ ဖြစ်ပါစေ။ အချို့အမျိုးသမီးများဆီသို့ သွားပြီး၊ သူမကို သင်၏နှလုံးသားထဲ၌ တပ်မက်ခဲ့မိကြောင်း သွားမပြောပါနှင့် ၎င်းသည် စိတ်ကသိကအောက်ဖြစ်ခြင်း၊ စိတ်ရှုပ်ထွေးခြင်းများကို ဖြစ်ပေါ်စေနိုင်သည့်အပြင် ထိုအပြစ်ကို အချို့သော နယ်ပယ်များ၌ ဖြစ်ပျက်သကဲ့သို့ ရှေ့တိုး၍ အကျယ်ချဲ့ (ပိုမိုကြီးမားအောင်လုပ်ဆောင်) ရာ ရောက်သွားပေမည်။ ၎င်းသည် စိတ်ကူးထဲက သိုဝှက်ထားသောအပြစ်ဖြစ်ခဲ့လျှင် စိတ်ကူးထဲ၌ သိုဝှက်စွာ အပြစ်တောင်းပန်ဝန်ချပါစေ။ အကယ်၍ လူသိရှင်ကြား ဝန်ခံတောင်းပန်ပါက တစ်စုံတစ်ယောက်သောသူ၏ စိတ်ထဲ၌ စွန်းထင်သွားမည်ဖြစ်သည်။ အသင်းတော်၌ လူသိရှင်ကြား (အပေါ်တင်) ကျူးလွန်ခဲ့သော အပြစ်များအား အသင်းတော်က ဝန်ချတောင်းပန်ခြင်းကို ခံယူပါစေ။ သူတို့ကို စိတ်ပျက်စေသလား။ ၎င်းအတွက် သင်သည် ဝမ်းနည်းမိပြီး နောင်တရကြောင်း သူတို့ကို ပြောပြပါ။ သင်သည် သူတို့အပေါ်၌ အမျက်ထွက်ခဲ့မိသလား၊ အကယ်၍ သင်ပြောခဲ့သောအရာများအားဖြင့် သင်ဒေါသထွက်ခဲ့ ကြောင်း

သူတို့သိခဲ့ကြလျှင် သင်ပြောခဲ့သောအရာများအတွက် အင်မတန်မှ ဝမ်းနည်းနောင်တရမိကြောင်း သူတို့ကို ပြောပြရပါမည်။

Harry Liold သည် သူ၏ သူငယ်ချင်းများနှင့် ဈေးဝယ်သူများက သူထိုက်တန်တာထက် (သူဖြစ်သင့်တာထက်) ပို၍ မွန်မြတ်သန့်ရှင်းသော စီးပွားရေးလုပ်ငန်းရှင်အဖြစ် စွဲမြဲထင်မှတ်ကြသောကြောင့် မိမိကိုယ်ကို လိပ်ပြာမသန့်ဖြစ်လာသည် (မိမိအပြစ်ကို သိမြင်လာသည်)။ သူ့ကို ဆက်ကပ်သောခရစ်ယာန်တစ်ဦး၏ ပုံသက်သေအဖြစ် ခံယူ၍ ချီးမွမ်းလေးစားကြသောကြောင့် သူသည် စိတ်ရှုပ်ခဲ့ရသည်။ ထို့ကြောင့် မသက်ဆိုင်ကြောင်း ငြင်းဆိုရှင်းလင်းချက်ပေးသည့် စာတစ်စောင်ကို အများပြည်သူများဖတ်နိုင်ရန် အောက်ပါအတိုင်း ရေးသားခဲ့သည်။

ကျွန်ုပ်၏ ဦးစားပေးမှုများနှင့် ခွန်အားများအားလုံးနီးပါးကို ကျွန်ုပ်၏ ကိုယ်ပိုင်ပျော်ရွှင်မှု လိုက်စားခြင်းများနှင့် ကျွန်ုပ်စီးပွားရေး ရှေ့တိုးတက်ရေးအတွက် အသုံးပြုခဲ့သည်။

ကျွန်တော်သည် ကျမ်းစာကိုလက်တွေ့ကျကျဘယ်သောအခါမှ မဖတ်ခဲ့ဖူးပါ။

စိတ်ကူအားဖြင့်လုပ်ဆောင်ချက်အားဖြင့် ကျူးလွန်မိသော ကျွန်ုပ်၏ အပြစ်များသည် အမှန်တကယ် ဆိုးရွားပြင်းထန်လှပါသည်။

အသက်တာ ပူဇော်ဆက်ကပ်ခြင်းနှင့် ပတ်သက်၍ တွက်ကြည့်မည်ဆိုလျှင် ဘုရားသခင်၏လုပ်ငန်းအတွက် အကျွန်ုပ်ပေးကမ်းသော ဆယ်ဘို့တစ်ဘို့သည် ပြတ်ရယ်ပြုစရာပင်ဖြစ်ပြီး ကျွန်တော်ပေးနိုင်ခဲ့တဲ့အရာတွေဟာ မဖြစ်စလောက်လေးပါ။

ကျွန်တော်သည် Boss တစ်ဦးကဲ့သို့ တောင်းဆို (ခိုင်း၊ ဆို) တတ်ပြီး၊ ဆန်းစစ်ဝေဖန်တတ်ပါသည်။



ကျွန်တော်သည် မကြာခဏ ကြမ်းတမ်းရက်စက်တတ်ပြီး၊ ဖခင်အနေနဲ့သော်လည်းကောင်း၊ လင် (ယောကျ်ား) အနေနှင့်သော်လည်းကောင်း မချစ်တတ်သောသူ (မေတ္တာမပြည့်ဝသောသူ) ဖြစ်ပါသည်။

ကျွန်တော်ငယ်ရွယ်တုန်းက ဘုရားကျောင်းကို ပျက်ကွက်ခြင်းမရှိဘဲ ပါဝင်တက်ရောက်သကဲ့သို့ ယခုကျွန်တော် မပါဝင်တော့ပါ။

လူတွေက ကျွန်တော့်ကို ချီးမွမ်းကြသောအခါ လိမ်ညာသူတစ်ဦးကဲ့သို့ အဘယ့်ကြောင့် ကျွန်တော်ခံစားရသလဲဆိုတာ သင်တို့မြင်နိုင်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်ဟာ ခရစ်ယာန်တစ်ဦးကို ပုံသက်သေထူရာတွင် အင်မတန်မှ ညံ့ဖျင်းနုံချာသောသူ ဖြစ်ပါသည် ဟူ၍ အရှက်နှင့်အတူ (ဖော်ထုတ်ဖို့ရန်) မဖြစ်မနေနိုင်အောင် ခံစားခဲ့ရသဖြင့် ဖွင့်ဟခဲ့ခြင်းဖြစ်ပါသည်။

ဤကဲ့သို့သော ရိုးသား သည့် ဝန်ချတောင်းပန်ခြင်းမျိုးကို ကျွန်ုပ်တို့ မကြာခဏ မကြားဖူးပါ (ကြားဖူးလေ့မရှိပါ)။ သို့သော် ကျွန်ုပ်တို့သည် ထိုဝန်ခံချက်ကဲ့သို့ လိုက်လျှောက်ခြင်းနည်းပါးသည်။

## လုပ်မှားခဲ့သောအရာများကို ဘယ်အချိန်မဆို တတ်နိုင်သမျှပြန်ဖြည့်ပေးပါ

ကျွန်ုပ်တို့အတိတ်က လုပ်မှားခဲ့သော အရာမှန်သမျှကို တတ်နိုင်သမျှအမှန်အကန် ပိုင်ရှင်ထံသို့ ပြန်လည်ပေးအပ်ခြင်းကို ဆိုလိုသည်။ ခိုးယူထားသောငွေ၊ ဥစ္စာများကို ပြန်လည်လျော်ပေးရန် စိတ်ဝင်စားခြင်းကိုလည်း ဆိုလိုပါသည်။

ဇမ္မသစ်က ဇကွဲသည် ဤနေရာတွင် စံနမူနာယူထိုက်သော ပုဂ္ဂိုလ်ဖြစ်သည်။ သူ့အသက်တာပြောင်းလဲပြီးသည့်အခါ . . . သခင်၊ အကျွန်ုပ်၏ ဥစ္စာတစ်ဝက်ကို ဆင်းရဲသောသူတို့အားပေးပါ၏။ တစ်စုံတစ်ယောက်သောသူ၏ ဥစ္စာ

ပေးထားသော ကျင့်ဝတ်စည်းကမ်းများကို အကျဉ်းချုပ်သင်ယူမှတ်သားနိုင်မည် ဖြစ်သည်။ ၎င်းတို့ကို ကျက်မှတ်ခြင်းအားဖြင့် သက်သေခံခြင်း၊ စုံစမ်းနှောင့်ယှက်ခြင်း၊ ဆုံးဖြတ်ချက်ချရာတွင် ချီတုံချတုံဖြစ်ခြင်း စသည့်အချိန်များ၌ သန့်ရှင်းသော ဝိညာဉ်တော်က သင့်လျော်သော ကျမ်းပိုဒ်များအားဖြင့် ကျွန်ုပ်တို့အား အသိပေးဖော်ပြနိုင်မည်ဖြစ်သည်။ ၎င်းကို လေ့လာခြင်းအားဖြင့် မှားယွင်းသော သွန်သင်ခြင်းများနှင့် မှားယွင်းသောမျှော်လင့် (စောင့်ဆိုင်း) ခြင်းများမှ ကျွန်ုပ်တို့အား လွတ်မြောက်စေမည်ဖြစ်သည်။ ၎င်းကိုဆင်ခြင်အောက်မေ့ခြင်းအားဖြင့်၊ ၎င်း (နှုတ်ကပတ်တော်) က ပြောပြသော ပုဂ္ဂိုလ်ကြီး (ခရစ်တော်) ကို တွေ့မြင်လာနိုင် မည်ဖြစ်ပြီး ထိုမှတဆင့် ကျွန်ုပ်တို့၏ အသက်တာပြောင်းလဲလာမည်။ ၎င်းကို နာခံခြင်းအားဖြင့် ကျွန်ုပ်တို့အား ဖြောင့်မတ်ခြင်းလမ်းသို့ ပို့ဆောင်သွားမည်ဖြစ်သည်။

ဆာလံစပ်ဆိုသူက သန့်ရှင်းစင်ကြယ်ခြင်းနှင့် နှုတ်ကပတ်တော်တို့အကြား ဆက်စပ်မှုကို ရိပ်မိခဲ့သည်။ လူပျိုသည် မိမိသွားသောလမ်းကို အဘယ်သို့သန့်ရှင်းစေနိုင်မည်နည်းဟူမူကား နှုတ်ကပတ်တော်အတိုင်း သတိပြုရမည်။ . . . ကိုယ်တော်ကို မပြစ်မှားဘဲနေနိုင်မည့်အကြောင်း၊ ဗျာဒိတ်တော်ကို နှလုံးထဲမှာ သိုထားပါပြီ (ဆာလံ ၁၉း၉၊ ၁၁)။ သခင်ယေရှုက သူဆုတောင်းတဲ့အချိန်တွင် ၎င်းဆက်စပ်မှုကို အဆိုပြုခိုင်မာစေသည်။ ကိုယ်တော်၏ သမ္မာတရားအားဖြင့် သူတို့ကို သန့်ရှင်းစေတော်မူပါ။ ကိုယ်တော်၏ နှုတ်ကပတ်တော်သည် သမ္မာတရားဖြစ်၏ (ယောဟန် ၁၇း၁၇)။ ၎င်းဆက်စပ်မှုကို ခေတ်ပေါ်ဆိုရိုးနှစ်ခုဖြင့် ဆက်လက်ဖော်ပြနိုင်ပါသည်။

> ဤစာအုပ် (ကျမ်းစာ) က သင့်ကို အပြစ်ထဲမှ စောင့်ထိန်းလိမ့်မည်။ ဒါမှမဟုတ် အပြစ်မှ ဤစာအုပ်က သင့်ကိုစောင့်ထိန်းလိမ့်မည်။



၎င်းကိရိယာသိုလှောင်ရန် သိုလှောင်ခန်းများ ဆောက်ထားကြသည်။ နောက်ဆုံးတွင် အခန်းမရှိတော့သဖြင့် ကိရိယာတန်ဆာပလာများ ပြန်မပို့ပေးရန် လူထုအား မေတ္တာရပ်ခံသည့်အသိပေးချက် ထုတ်ပြန်ခဲ့ကြသည်။

အလားတူပင် F. B. Meyer သည် Keswick ညီလာခံ၌ တရားဟောသောအခါ ခရစ်ယာန်များသည် သူတို့ချေးငှားထားသည့်ငွေများနှင့် ခိုးယူထားသောငွေများကို အလျှင်စလိုပြန်ပေးပို့ကြသဖြင့် ၎င်းဒေသရှိ စာတိုက်ရုံးသည် အလုပ်ဖြင့် ပြည့်နှက်နေပြီး၊ အခြားသောနည်းလမ်းများအားဖြင့်လည်း ပြန်လည်ပေးအပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြသည်။

### သင်၏ကိုယ်ခန္ဓာကို အသက်ရှင်သောယဇ်ပူဇော်ခြင်းအဖြစ်ဆက်သပါ

ကျွန်ုပ်တို့သည် မိမိကိုယ်ကို သခင်ထံသို့လည်းကောင်း၊ မိမိ၏ ကိုယ်အင်္ဂါများကို သန့်ရှင်းခြင်းအလို့ငှာ ဖြောင့်မတ်ခြင်းတရား၏ တန်ဆာပလာများ (ကျွန်များ) အဖြစ်လည်းကောင်း၊ ဆက်ကပ်အပ်နှံသည့်အချိန်မှအစပြုသည်။ သို့သော် ၎င်းသည် (အဆက်မပြတ်) ဖြစ်စဉ်အဖြစ် ရပ်တည်သွားဖို့ရန် ဖြစ်သည်။ ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာကို အသက်ရှင်သော ယဇ်ပူဇော်ခြင်းအဖြစ်၊ ပထမဆုံးအကြိမ်ဆက်ကပ်အပ်နှံသည့်အချိန်ရှိရမည်။ သို့ဖြင့် တစ်နေ့ပြီးတစ်နေ့ လှုပ်ရှားမှုတစ်ခုပြီးတစ်ခုတို့၌ ကျွန်ုပ်တို့၏ ကိုယ်ပိုင်ဆန္ဒကိုယ်စား၊ သခင်၏အလိုတော်ကို အစားထိုးလက်ခံရမည်။ ကျွန်ုပ်တို့၏ ထိန်းချုပ်မှုများကို သူ့ထံသို့ ကူးပြောင်း (လွှဲပြောင်း) ပေးရမည်။ ကျွန်ုပ်တို့သည် ကိုယ့်ကိုကိုငြင်းပယ်ကာ လက်ဝါးကပ်တိုင်ထမ်း၍ သူ၏နောက်ကိုလိုက်ရမည်။ ဝန်ချတောင်းပန်ခြင်းသည် အသက်တာ သန့်ရှင်းရန် စောင့်ထိန်းပေးသကဲ့သို့ ဆက်သအပ်နှံခြင်းသည်လည်း ကျွန်ုပ်တို့အား အသုံးခံရန် အဆင်သင့်ဖြစ်သောသူများ ဖြစ်ရန်စောင့်ထိန်းပေးသည်။

Anne Grannis က အောက်ဖော်ပြပါစာကြောင်းများအားဖြင့် ဆက်သပူဇော်ခြင်း၏ မှန်ကန်သောအဓိပ္ပါယ်ကို ဖော်ထုတ်နိုင်ခဲ့သည်။

> ကျွန်တော်သည်၊ ကျွန်ုပ်၏အသက်တာကို ကိုယ်ကျိုးအတွက်နှင့် လုံးလုံးလျားလျားကင်းစင်စေလိုသည်။ သို့မှသာ အကျွန်ုပ်ချစ်လှစွာသောသခင်သည် ဝင်ရောက်နိုင်မည်ဖြစ်သည်။
>
> ပြီးနောက် သူ၏ ကိုယ်ပိုင်ခင်းထည်၊ ပရိဘောဂများဖြင့် ခင်းကျင်း၍ ကျွန်ုပ်၏နှလုံးသားကို သူ၏စံအိမ်အဖြစ် ပြုလုပ်စေလိုသည်။
>
> ထိုသို့ဖြစ်ဖို့အလို့ငှာ ဘာလိုအပ်သလဲဆိုတာကို အကျွန်ုပ်သိပြီးဖြစ်သည့်အားလျှော်စွာ နံနက်တိုင်း တိတ်ဆိတ်သောအချိန်ခါ၌ တိတ်ဆိတ်လျို့ဝှက်သောနေရာသို့သွား၍ အကျွန်ုပ်၏ စိတ်ဆန္ဒကို သူ့ထံသို့ ထားခဲ့သည်။
>
> သူသည် ၎င်း (စိတ်ဆန္ဒ) ကို ပျူငှာစွာ ယူဆောင်သွားပြီး သူ၏ဆန္ဒများကို ကျွန်ုပ်အား ဖော်ပြခဲ့သည်။
>
> သို့ဖြင့် ကျွန်တော်သည် တစ်နေ့တာနှင့် ၎င်း၌ရှိသော လုပ်ငန်းများကို အစပြုရန် အသင့်ဖြစ်ပါပြီ။
>
> ဤသို့ဖြင့် အကျွန်ုပ်၏ သခင်သည် အကျွန်ုပ်စိတ်ဝင်စားသောအရာများနှင့် အကျွန်ုပ်၏ ပြဿနာများကို ကွပ်ကဲစောင့်ထိန်းပေးခဲ့သည်။

အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏ စိတ်ဆန္ဒများကို နှီးနှောဖလှယ်ဖို့အလို့ငှာ တစ်နေ့တာမတိုင်မီ အတူတကွ တွေ့ဆုံခဲ့ကြသောကြောင့် ဖြစ်သည်။

Bishop Taylor Smith သည် နံနက်အိပ်ယာထသောအခါ သူ၏ ခုတင်နံဘေး၌ ဒူးထောက်ပြီး နံနက်တိုင်း ဤရိုးရှင်းသောစကားလုံးများကို သူပြောခဲ့သည်။ . . . သခင်၊ အကျွန်ုပ်၏အိပ်ယာသည် သင်၏ ယဇ်ပလ္လင်ဖြစ်၍ အကျွန်ုပ်သည် သင်၏ အသက်ရှင်သောယဇ်ဖြစ်ပါသည်။ သို့ဖြင့် သူ့ကို သခင်က သူ၏စီမံခန့်ခွဲမှုအောက်၌ နေ့စဉ်နေ့တိုင်းနေရာချထားပါသည်။



Arthur Pierson က George Muller အား ဘုရားသခင်က ဒီလိုကြီးမားတဲ့အလုပ်နှင့် အံ့သြဖွယ်အရာများကို သင့်အားဖြင့် လုပ်ဆောင်ပြီးမြောက်စေခဲ့တဲ့ လျို့ဝှက်ချက်က ဘာလဲဟူ၍ မေးခဲ့သည်။ Mr. Muller သည် အပေါ်သို့ ခဏမော့ကြည့်ပြီး နောက်သူ၏ခေါင်းကို ဒူးနှစ်ခုအကြား ရောက်လုနီးပါးအထိ ညွှတ်ချကာ အချိန်အနည်းငယ် တိတ်ဆိတ်စွာနေပြီးနောက် ဤသို့ပြောခဲ့သည် . . . လွန်ခဲ့သော နှစ်ပေါင်းများစွာက ကျွန်ုပ်ဘဝမှာ George Muller သေတဲ့နေ့ရောက်ခဲ့တယ်။ လူငယ်ဖြစ်တဲ့အတိုင်း ကျွန်ုပ်မှာ ကြီးမားများပြားတဲ့ရည်မှန်းချက်တွေ ထားရှိခဲ့တယ်။ ဒါပေမယ့် ထိုအရာတွေအတွက် ကျွန်တော်သေခဲ့တဲ့နေ့တစ်နေ့ရောက်လာတယ်။ ပြီးနောက် ကျွန်တော် ဤသို့ပြောခဲ့တယ် . . . ယနေ့မှစ၍ . . . သခင်ယေရှု . . . အကျွန်ုပ်အလိုဆန္ဒမဟုတ်ဘဲ သင်၏အလိုဆန္ဒဖြစ်စေပါ . . . ။ ထိုနေ့မှစပြီး ဘုရားသခင်ဟာ ကျွန်ုပ်အထဲမှာသော်လည်းကောင်း၊ ကျွန်ုပ်အားဖြင့်သော်လည်းကောင်း၊ အလုပ်စလုပ်လာခဲ့တယ် . . . ။

ဗိုလ်ချုပ်ကြီး Booth က တစ်ခြားပုံစံဖြင့် ဤသို့ဖော်ပြပြောပြခဲ့သည်။ ကျွန်တော်ငယ်ရွယ်တဲ့အသက် ၁၇ နှစ်အရွယ်မှာ . . . ဘုရားသခင်အနေဖြင့် William Booth ကိုသော်လည်းကောင်း၊ သူ၌ရှိသမျှတို့ကိုလည်းကောင်း၊ ပိုင်ဆိုင်သင့်တယ်လို့ . . . ကျွန်တော် ဆုံးဖြတ်ချက်ချခဲ့တယ်။

## သင်၏အသက်တာကို နှုတ်ကပတ်တော်ဖြင့်ပြည့်ဝစေပါ

စတုတ္ထအချက်အနေဖြင့် ကျွန်ုပ်တို့အတွက် မရှိမဖြစ် လိုအပ်သောအရာသည် နှုတ်ကပတ်နှင့် နီးကပ်စွာနေထိုင်ခြင်းဖြစ်ပြီး နီးကပ်လွန်းသဖြင့် နှုတ်ကပတ်တော်နှင့်ပြည့်ဝသွားခြင်းဖြစ်သည်။ ၎င်းသည် နှုတ်ကပတ်တော်အား ဖတ်ရှုခြင်း၊ ကျက်မှတ်ခြင်း၊ လေ့လာခြင်း၊ ဆင်ခြင်အောက်မေ့ခြင်းတို့ကို ဆိုလိုသည်။ နှုတ်ကပတ်တော်ကို ဖတ်ရှုခြင်းအားဖြင့် ဘုရားသခင်က ကျွန်ုပ်တို့အတွက်

ကျွန်ုပ်တို့အနေဖြင့် သခင်၏ သေခြင်းကိုအောက်မေ့သတိရဖို့ရန် ပွဲတော်မင်္ဂလာကို အမြဲတမ်းလုပ်ဆောင်ခြင်းသည် ကျွန်ုပ်တို့၏အပြစ်ကြောင့် ကယ်တင်ရှင်အား ဘယ်လောက်ထိ နစ်နာစေခဲ့တယ်ဆိုတာကို ကျွန်ုပ်တို့အား အသိပေးခြင်းဖြစ်သည်။ ထို့ကြောင့် ၎င်းသည် အပြစ်မလုပ်မိစေရန် တန်ခိုးကြီးမားသော၊ ဟန့်တားမှု (ဟန့်တားမှုစွမ်းရည်) ပင်ဖြစ်သည်။ ပွဲတော်မင်္ဂလာသည် တစ်ခါတစ်ရံ ကျွန်ုပ်တို့၏အပြစ်ပေါ်၌ ဘုရားသခင်၏ သုံးသပ်မှု (သို့) ချင့်တွက်မှုကို ပြသရန်အတွက် အသုံးပြုခြင်းဖြစ်ပြီး ထိုမှတဆင့် မကောင်းဆိုးဝါးကို တွန်းလှန်နိုင်ရန်အတွက် ကျွန်ုပ်တို့အား ကြံ့ခိုင်မှုခွန်အားဖြစ်စေသည်။

## သခင့်အတွက်အလုပ်ရှုပ်ပါ

အောင်မြင်သော ခရစ်ယာန်များသည် သခင့်အတွက် အလုပ်ရှုပ်ခြင်း၏တန်ဖိုးကို သက်သေပြခဲ့ကြသည်။ Isaac Watts က ဤသို့ ရေးသားခဲ့သည်။

> ကြိုးစားအားထုတ်၍ အလုပ်ရှုပ်နေပါမည်။ အဘယ့်ကြောင့်ဆိုသော် စာတန်က ပျက်စီးစေနိုင်သောအလုပ်များကို ပျင်းရိသောလူတို့၏ လက်ထဲသို့ ထည့်ပေးတတ်သောကြောင့် ဖြစ်သည်။ စုံစမ်းသွေးဆောင်ခြင်း၏ အကြီးမားဆုံးနှင့် အန္တရာယ်အရှိဆုံးသော အချိန်များတွင် အလုပ်ရှိ၍ အားလပ်ခြင်းသည်တစ်ခု အပါအဝင် ဖြစ်သည်။ ၎င်းသင်ခန်းစာကို ဒါဝိတ်မင်းကြီးက အရှက်နှင့် သင်ယူခဲ့ရသည်။ နွေဦးပေါက် ဘုရင်မင်းများ၏ စစ်တိုက်ချိန်ရောက်သောအခါ ဒါဝိတ်သည် အနားယူ၍ အားလပ်နေသည်။ ထို့နောက် နန်းတော်မိုးပေါ်၌ စင်္ကြံသွားစဉ် ပတ်ဝန်းကျင်ကို ကြည့်ရှုလှည့်လည်၍ တဏှာစိတ်ဝင်လာသည်။ များမကြာမီပင် ဖောက်ပြန်၍ အပြစ်ကျူးလွန်မိကာ ၎င်းအပြစ်ကို သူတစ်ပါး၏အသက်နှင့်လဲ၍



ထို့နောက် သန့်ရှင်းသောဝိညာဉ်တော်ဖြင့် ပြည့်ဝခြင်းနှင့် နှုတ်ကပတ်တော်ဖြင့် ပြည့်ဝခြင်းတို့၏ ဆက်စပ်မှုကိုလည်း ထင်ရှားစွာ တွေ့မြင်နိုင်ပါသည်။ ဖေက် (၅) တွင် ရှင်ပေါလုက သန့်ရှင်းသောဝိညာဉ်တော်ဖြင့် ပြည့်ဝခြင်း၏နောက်တွင် လိုက်လာသောအရာမှာ . . . ဆာလံသီချင်းမှစသော ဓမ္မသီချင်းအမျိုးမျိုးတို့ကို အချင်းချင်းပြောဆိုဖတ်ရွတ်၍ နူးညွတ်သော စိတ်နှလုံးနှင့် သခင်ဘုရားရှေ့တော်၌ ကျူး၍ သီဆိုပြလော့ . . . ဟူ၍ ဖော်ပြခဲ့သည် (အပိုဒ်ငယ် ၁၉)။ ကောလောသဲ (၃) တွင် သူက ခရစ်တော်၏ နှုတ်ကပတ်တရားသည် ကျွန်ုပ်တို့အထဲ၌ ကြွယ်ဝစွာတည်နေလျှင် နောက်တွင်လိုက်လာသောအရာမှာ . . . ဆာလံသီချင်းမှစသော ဓမ္မသီချင်းအမျိုးမျိုးအားဖြင့် အချင်းချင်းတို့ကို ဆုံးမသွန်သင်ခြင်း၊ သတိပေးခြင်းကိုပြု၍ နူးညံ့သောစိတ်နှလုံးနှင့် ဘုရားသခင်ရှေ့တော်၌ တင့်တယ်လျှောက်ပတ်စွာ သီချင်းဆိုပြလော့ . . . ဟူ၍ ဖော်ပြထားသည် (အပိုဒ်ငယ် ၁၆)။ တူညီသောအရာများသည် ထပ်တူထပ်မျှဖြစ်နေလျှင် ၎င်းထပ်တူထပ်မျှဖြစ်သောအရာများသည် တစ်ခုနှင့်တစ်ခု တူညီကြသည်။ ထို့ကြောင့် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝခြင်းဆိုသည်မှာ ခရစ်တော်၏ နှုတ်ကပတ်တရားကို ကျွန်ုပ်တို့အထဲ၌ ကြွယ်ဝစွာတည်စေခြင်းနှင့် အတူတူပင်ဖြစ်သည်။

သမ္မာကျမ်းစာမှလွဲ၍ သန့်ရှင်းစင်ကြယ်ခြင်းမရှိစေနိုင်ပါ။ ဘုရားတရားကိုင်းရှိုင်းသော Mc Cheyne က ဤသို့ ပြောခဲ့သည်။ . . . ဘုရားသခင်သည် နှုတ်ကပတ်တော်မပါဘဲ သန့်ရှင်းခြင်းကို မလုပ်ဆောင်ပါဟူ၍ ကျွန်ုပ်အနေဖြင့် ယုံကြည်သည်။ ၎င်းမပါဘဲ ကောင်းကင်တမန်များကို မသန့်ရှင်းစေပါ။ ၎င်းမပါဘဲ အာဒံကို မသန့်ရှင်းစေပါ။ သို့သော် သူ (အာဒံ) က ၎င်းကို လုပ်ဆောင်မည်မဟုတ်ပါ။ ကိုယ်တော်၏ သမ္မာတရားအားဖြင့် သူတို့ကိုသန့်ရှင်းစေတော်မူပါ။ ကိုယ်တော်၏ နှုတ်ကပတ်တော်သည် သမ္မာတရားဖြစ်၏။ . . . ကလေးသူငယ်တစ်ဦးကို မိခင်က အစာအဟာရအားဖြင့် ကျွေးမွေးစောင့်ရှောက်သကဲ့သို့ ဝိညာဉ်တစ်ဦးကို ခရစ်တော်က နှုတ်ကပတ်တော်၏နို့ဖြင့် ကျွေးမွေးစောင့်ရှောက်ပါသည် . . . လူ

တို့သည် အတွေ့အကြုံအပေါ်တွင် အားကိုးပါက လှည့်စားခြင်းကို ခံရမည်ဖြစ်ပြီး သူတို့၏ သမ္မာကျမ်းစာကို ရက်သတ္တပတ်အစမှအဆုံးအထိနှင့် အခြားရက်သတ္တပတ်တို့၌လည်း ဘယ်တော့မှဖတ်ဖြစ်မည် မဟုတ်ပါ။

## မခြားမလပ်ဆုတောင်းပါ

အထက်ပါနည်းတူ၊ ဆုတောင်းခြင်းမှလွဲ၍လည်း သန့်ရှင်းစင်ကြယ်ခြင်း မရှိနိုင်ပါ။ သခင်ယေရှုက ဆုတောင်းခြင်းနှင့်ပတ်သက်၍ စံနမူနာပေးထားသော အခါ၌ အသနားခံခြင်းကို ထည့်သွင်းထားသဖြင့် ဆုတောင်းရာတွင် အသနားခံခြင်းကို ထည့်သွင်းရန် လိုအပ်ပါသည်။ . . . အပြစ်သွေးဆောင်ရာသို့ မလိုက်ပါစေဘဲ မကောင်းသောအမှုအရာမှလည်း ကယ်နှုတ်တော်မူပါ။ အပြစ်မှကိုယ့်ကိုယ်ကို ထိန်းသိမ်းထားနိုင်ရန်အတွက် နှလုံးသားမှ အော်ဟစ်သံမပါလျှင် ဆုတောင်းခြင်းသည် ဘယ်တော့မှပြည့်စုံမည်မဟုတ်ပါ။

အောက်ပါအနည်းငယ်သော တင်ပြချက်များကို ကျွန်ုပ်တို့၏ နေ့စဉ်နေ့တိုင်း ဆုတောင်းခြင်းများ၌ ထည့်သွင်းဖြည့်စွက်နိုင်ပါသည်။

- ကိုယ်တော်၊ သန့်ရှင်းသောအသက်တာဖြင့် အသက်ရှင်နိုင်ဖို့ အလို့ငှာ ကျွန်ုပ်အားတန်ခိုးပေးတော်မူပါ။
- သန့်ရှင်းသော ဝိညာဉ်တော်ကို ဝမ်းနည်းအောင်မလုပ်မိဖို့အလို့ငှာ သူသည် အကျွန်ုပ်၏အထဲ၌ ကျိန်းဝပ်နေကြောင်းကို (အစဉ်အမြဲ) အောက်မေ့သတိရရန် ကူညီမစပါ။
- အကျွန်ုပ်ကို သန့်ရှင်းနိုင်သမျှ သန့်ရှင်းအောင် ပုံသွင်းပြုလုပ်ပေးပါ။
- အပြစ်လုပ်ချင်တဲ့ဆန္ဒရှိခဲ့လျှင်လည်း ၎င်းမှ အကျွန်ုပ်အား စောင့်ထိန်းကွယ်ကာတော်မူပါ။



- အပြစ်သွေးဆောင်ရာသို့ ပါသွားဖို့ရန်နှင့် ၎င်းကို အခွင့်အရေးရဖို့ရန် အခွင့်မပေးပါနဲ့။ ဆိုးသွမ်းသောလူဟောင်း၌ အကျွန်ုပ်အား မသေဆုံးပါစေနဲ့။
- ကိုယ်တော်၏နာမတော်ကို ရှုတ်ချအရှက်ရစေမည့်လုပ်ရပ်မှန်သမျှတို့မှ အကျွန်ုပ်အား ကာကွယ်စောင့်ထိန်းတော်မူပါ။
- အပြစ်ထဲသို့ လဲကျရမည့်အစား ကောင်းကင်စံအိမ်သို့ အကျွန်ုပ်ကို ယူဆောင်တော်မူပါ။

ကျွန်ုပ်တို့ မှန်ကန်စွာပြောနိုင်သောအရာမှာ မိမိ၏ဒူးကို ဆုတောင်းခြင်းနှင့် ဆင်မြန်းလွှမ်းခြုံခြင်းမရှိဘဲ သန့်ရှင်းစင်ကြယ်ခြင်းကို အဘယ်သူမျှ မျှော်လင့်၍ မရဟူသောအချက်ဖြစ်သည်။

## ခရစ်ယာန်မိတ်သဟာယဖွဲ့ခြင်းနှင့်နီးကပ်စွာနေပါ

အခြားယုံကြည်သူများနှင့် မိတ်သဟာယဖွဲ့ခြင်းသည် သန့်ရှင်းစင်ကြယ်ခြင်းကို ကျွန်ုပ်တို့အပေါ်၌ လွှမ်းမိုးစေနိုင်သော အခြားအရာတစ်ခုဖြစ်သည်။ ၄က်များ၏ တောင်ပံတစ်ခုသည် အတူတကွခတ်သကဲ့သို့ ဘုရားသခင်၏လူတို့သည်လည်း ထိုကဲ့သို့ ဖြစ်သင့်သည်။ ရှင်ပေတရုနှင့် ရှင်ယောဟန်တို့သည် ယုဒအကြီးအကဲများက လွှတ်ပေးလိုက်သောအခါ သူတို့၏ခရစ်ယာန်အပေါင်းအဖော်များကို ချက်ခြင်းရှာဖွေခဲ့ကြသည် (တမန်တော် ၄း ၂၃)။ ကျွန်ုပ်တို့သည် အတူတကွ စုဝေးခြင်း (မိတ်သဟာယဖွဲ့ခြင်း) အမှုကို မရှောင်လွှဲကြရန် ဟေဗြဲစာရေးသူက တိုက်တွန်းထားပါသည် (ဟေဗြဲ ၁ဝး ၂၅)။ တမန်တော်ဝတ္ထုတွင် သန့်ရှင်းသော ဝိညာဉ်တော်မြင်သာ ထင်ရှားသောပုံစံဖြင့် ရောက်လာသည့်အချိန်တိုင်းသည် လူများ အတူတကွ စုဝေးကြသောအချိန်ဖြစ်သည်။ ၎င်းကို အုပ်စုလိုက်သန့်ရှင်းသော ဝိညာဉ်တော်ကို ခံစားတွေ့ကြုံခြင်းဟူ၍ သိမှတ်ခဲ့ကြသည်။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အတွေးကဲ့သို့ ဖြစ်လာကြသည်။ ပုဂ္ဂိုလ်တစ်ဦးသည် သူ၏စိတ်ထင်ထားသည့်အတိုင်းဖြစ်လာ၏ (သုတ္တံ ၂၃း၇)။ ထို့ကြောင့် TV, Video Cassettes, ရေဒီယို၊ ရုပ်ရှင်၊ မဂ္ဂဇင်းနှင့် အခြားတစ်စုံတစ်ခုသော အရာများအားဖြင့် မိမိ၏စိတ်နှလုံးကို ရိုင်းဆိုင်းအောင် (မကောင်းသည့်ဘက်ကို လာအောင်) နှိုးဆွပေးပါက ၎င်းတို့ကို စောင့်ထိန်းနိုင်ရန် လေ့ကျင့်ရမည်။

လင်မယားစုံတွဲသည် နှစ်သစ်ကူးခါစတွင် သူတို့၏ TV ပြွန်ချောင်း ပျက်စီးသွား၍ ၎င်းကို ပြန်ပြင်ရမလား (သို့) TV စက်ကို စွန့်ပစ်ရမလားဆိုသည့် ကိစ္စနှင့် ပတ်သက်ပြီး သခင်ဘုရားထံတွင် ဆုတောင်း၍ မေးလျှောက်ကြသည်။ နောက်တစ်နေ့မနက် သူတို့၏ကျမ်းစာဖတ်ခြင်းတွင် ဆာလံ ၁၀၁ ၏ အလှည့်ရောက်လာပြီး အပိုဒ်ငယ် ၂၊ ၃က အားဖြင့် လမ်းညွှန်ချက်ကို ဤသို့ရရှိခဲ့ကြသည်။ . . . ကိုယ့်အိမ်တွင် သန့်ရှင်းသောစိတ်နှလုံးဖြင့် ကျင့်ပါမည် . . . အဓမ္မအမှုအရာကို ငါမျက်မှောက်မပြုပါ။

အသက်တာတိုင်း၌ မကောင်းမှုနှင့် ဆက်နွယ်သောအရာများ ရှိပါသည်။ ၎င်းတို့ကို စက်ဆုပ်ရွံရှာခြင်းအားဖြင့် စိတ်ထိန်းချုပ်တည်းခြင်းကို လေ့ကျင့်ရမည့်အကြောင်း ရှင်ယုဒက ကျွန်ုပ်တို့အား သတိပေးခဲ့ပါသည် (ယုဒ ၂၃)။

သို့သော် ကျွန်ုပ်တို့၏ အတွေးအခေါ်ကို အပေါင်းလက္ခဏာဘက်၌ ထိန်းချုပ်တတ်ရန်လည်း လိုအပ်ပါသည်။ ကျွန်ုပ်တို့သည် မကောင်းသော အတွေးအခေါ်များကို ထုတ်ပစ်သည်သာမကဘဲ သန့်ရှင်းစင်ကြယ်သောအရာများကို စိတ်ထဲ၌ ပေးဖြည့်ဖို့ရန် လိုအပ်ပါသည်။ (ဖိလိပ္ပိ ၄း၈)။ ၎င်းသည် သမ္မာကျမ်းစာနှင့် ကိုက်ညီသော အပေါင်းလက္ခဏာ (သို့) အပြုသဘောဆောင်သည့် အတွေးအခေါ်၏စွမ်းရည်ဖြစ်သည်။

ကျွန်ုပ်တို့သည် အတွေးနှစ်ခုကို တစ်ချိန်တည်းတွင် တွေးတော၍မရကြောင်း အတွေ့အကြုံအားဖြင့် သင်ယူသိရှိခဲ့ကြသည်။ ဤအချက်ကို လက်တွေ့



ဖုန်းကွယ်ဖို့ရန် ကြိုးစားခဲ့သည် (ဒု – ဓမ္မရာဇဝင် ၁၁)။
ကျွန်ုပ်တို့ သောဒုံအကြောင်း စဉ်းစားသောအခါ လိင်တူ
ပြစ်မှားခြင်း ပေါ်များသောနေရာဟူ၍သာ သိခဲ့ကြသည်။
သို့သော် ယေဇကျေလ ၁၆း၄၉ (NKJV) တွင် ၎င်းမြို့၌
ပျဉ်းရင်းခြင်းများ ပေါ်များသဖြင့်ဟူ၍ ဖော်ပြထားသည်။

သခင့်အတွက် အလုပ်ကြိုးစားခြင်းအားဖြင့် ကိုယ်ခန္ဓာ၏ တွန်းအားစွမ်းအင်ကို ၎င်း၏ပုံမှန်ရည်ရွယ်ဦးတည်ချက်ထက် ယဉ်ကျေးမှုပိုင်းဆိုင်ရာနှင့် လူ့ကျင့်ဝတ်ပိုင်းဆိုင်ရာတို့၌ သာ၍မြင့်မားသော အနေအထားသို့ လမ်းညွှန်ဦးတည်နိုင်ရန် လေ့ကျင့်၍ အသုံးချနိုင်ပါသည်။ အထူးသဖြင့် ဆက်ကပ်၍ အကျင့်ကောင်းသော အသက်တာဖြင့် အသက်ရှင်ရန် ခေါ်တော်မူခြင်းခံရသောသူတို့သည် သူတို့၏ ကိုယ်ခန္ဓာစွမ်းအင်ကို စိတ်အားထက်သန်သော တာဝန်ထမ်းဆောင်ခြင်းသို့ ပြောင်းလဲဦးတည်ပေးရမည်ဖြစ်သည်။ ပုဂ္ဂိုလ်တစ်ဦးက ပြောခဲ့သည့်အတိုင်း သူတို့သည် အလုပ်အားဖြင့် မိမိကိုယ်ကို သက်သေပြီး ဆုတောင်းခြင်းဖြင့် မိမိကိုယ်ကိုအသက်ပြန်ရှင်ရမည်။ ထုတ်လုပ်နိုင်သော အလုပ်စွမ်းရည်ဖြင့် မိမိ၏နေ့ရက်များကို ပြည့်စေခြင်း၌ အလွန်ကြီးမားသော လုံခြုံမှုရှိသည်။

**ကိုယ်ခန္ဓာအား စည်းကမ်းပြည့်ဝစေရန်လေ့ကျင့်ပါ။**

မိမိ၏ ကိုယ်ခန္ဓာအား စည်းကမ်းပြည့်ဝစေရန် လေ့ကျင့်ပေးခြင်းနှင့် ပတ်သက်၍ ရှင်ပေါလုက ဤသို့ပြောခဲ့သည်။ ငါသည် အခြားသောသူများအား တရားဟောခဲ့ပြီးမှ အရည်အချင်းမမှီသောသူ မဖြစ်စေဖို့အလို့ငှာ ခန္ဓာကိုယ်ကို မိမိ၏လက်အောက်ခံ (ကျွန်) အဖြစ်သို့ လေ့ကျင့် (ထိန်းသိမ်း) ပေး၏။ (၁ ကော ၉း၂၇) (NKJV) To day English Version ၌မူ ဤကဲ့သို့ ဖော်ပြထားပါသည်။ ထို့ကြောင့် ငါသည် ပြေးသောအခါ အဆုံးသတ်သော လမ်းကိုဖြောင့်တန်းစွာပြေး၏။ သို့ဖြင့် ငါသည် မိမိ၏လက်သီးထိုးချက်များကို အလဟဿမဖြစ်စေသော လက်ဝှေ့သမားကဲ့သို့ဖြစ်၏။ အခြားသောသူများကို ပြိုင်ပွဲ၌ ပါဝင်ရန် ဖိတ်ခေါ်ခဲ့ပြီး

မှ မိမိကိုယ်တိုင် အငြင်းပယ်မခံရလေအောင်၊ မိမိ၏ ကိုယ်ခန္ဓာကို ထိုးနှက်ခြင်းများဖြင့် ခက်ထန်စေ၍ မိမိ၏အောက်၌ ၎င်းကိုအပြည့်အဝ ထိန်းချုပ်ထားသည် . . . (အပိုဒ်ငယ် ၂၆–၂၇)။

ဤနေရာတွင် ရှင်ပေါလုက မိမိ၏ရုပခန္ဓာအား နှိပ်စက်ညှင်းပန်းခြင်းကို ဆိုလိုခြင်းမဟုတ်ကြောင်း ထင်ရှားလှပါသည်။ ထိုအစား လိင်ကိစ္စ၊ အိပ်ခြင်း၊ အစား အသောက်နှင့် လေ့ကျင့်ခန်းစသည့်ကဏ္ဍများ၌ မိမိကိုယ်ကိုချုပ်တည်းရေး လေ့ ကျင့်ခန်းများ လုပ်ဆောင်ခြင်းဖြစ်ကြောင်း ပြောပြခြင်းဖြစ်ပါသည်။ သူသည် ကိုယ်ခန္ဓာ (အသွေးအသား) ၏ အလိုရမ္မက်အားဖြင့် ယုယခြင်းနှင့် ၎င်းအား အလိုလိုက်ခြင်းတို့ကို မပြုပါ။ ၎င်းသည် ရက်သတ္တပတ်အတွင်း၌ အလိုရမ္မက်ကို အကြိမ်ပေါင်းထောင်နှင့်ချီ၍ ငြင်းပယ်ခြင်းလည်း ဖြစ်နိုင်သည်။ ယခုခေတ်ပေါ် အတွေးအခေါ်ဖြစ်သည့် စမ်းကြည့်၍ ကောင်းတယ်လို့ထင်ရင် လုပ်လိုက်ပါ . . . ဟူသော အတွေးအခေါ်ကို ငြင်းပယ်ခြင်းလည်း ဖြစ်သည်။

ကျွန်ုပ်တို့သည် အပြစ်သွေးဆောင်ခြင်းကို တွန်းလှန်သည့်အချိန်တိုင်း၌ ဘုရားသခင်က အဖိုးအခအကျိုးခံစားစေကြောင်းကို သိထားရမည်။ ရှင်ယာကုပ်က . . . စုံစမ်းနှောင့်ယှက်ခြင်းကိုလည်းခံသောသူသည် မင်္ဂလာရှိ၏ . . . ဟူ၍ ပြောထားပါသည် (ယာကုပ် ၁း၁၂)။ Ella Wheeler Wilcox က ဤသို့ ရေးသားခဲ့သည်။

> အကယ်၍ ထာဝရတည်တံ့မည့်အဆင့်အတန်း (ရာထူး) သတ်မှတ်ဖို့ရန် စာရင်းပြုစုရာတွင် ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်အပေါ်တွင် အခြေမခံဘဲ စုံစမ်းနှောင့်ယှက်ခြင်းကို တွန်းလှန်ခြင်းအပေါ်တွင် အခြေခံ၍ သတ်မှတ်ခန့်အပ်ခဲ့မည်ဆိုလျှင်ဟူ၍ ကျွန်ုပ်အနေဖြင့် တစ်ခါတစ်ရံ တွေးတောသိချင်ခဲ့ပါသည် . . . ။



ကျွန်ုပ်တို့အိပ်စက်ရာတွင် သုံးဖြုန်းသောအချိန်များကို စည်းကမ်းတကျ ထိန်းသိမ်းရန်လည်း လိုအပ်သည်။ နှိုးစက်ပါသည့်နာရီသည် အင်မတန်မှ အသုံးဝင်သော ဝိညာဉ်ပိုင်းဆိုင်ရာ တန်ဆာပလာအဖြစ် အသုံးပြုနိုင်သည်။ အစားအစာနှင့် အပျော်၊ ယမကာများကို သုံးဆောင်ရာတွင်လည်း စောင့်ထိန်းတတ်ရန် လိုအပ်ပါသည်။ ဝစ္စာစားသုံးခြင်းသည် သောဒုံမြို့၏ အပြစ်များတွင် တစ်ခုအပါအဝင်ဖြစ်သည်ကို သတိရရန် လိုအပ်ပါသည် (ယေဇကျေလ ၁၆း၄၉)။

ခန္ဓာကိုယ်ကိုလေ့ကျင့်ပေးရန် (သို့) ဆုံးမပေးရန် လိုအပ်သည်။ ၎င်းကို ရှင်ပေါလုက များစွာသောအကျိုးကို မပေးတတ်ဟူ၍ ဝန်ခံခဲ့သည် (၁ တိမောသေ ၄း၈)။

အတိုကျုံးအားဖြင့်ပြောရမည်ဆိုလျှင် စုံစမ်းနှောင့်ယှက်ခြင်းသည် တံခါး ခေါက်သောအခါ ယေရှုကို ထိုတံခါးသို့ စေလွှတ်လိုက်ပါ။

## သင်၏အတွေးကိုစောင့်ထိန်းပါ

ကိုယ်ကာယကို လေ့ကျင့်ပေးခြင်းနှင့် ထပ်တူထပ်မျှ အရေးကြီးသော အရာမှာ မိမိ၏အတွေးကမ္ဘာကို စောင့်ထိန်းတတ်ခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့ သည် မိမိ၏ကောင်းသော အတွေးကိုသော်လည်းကောင်း၊ ဆိုးသောအတွေးကို သော်လည်းကောင်း စောင့်ထိန်း၍ရသည်။ စိတ်နှလုံးသည် မိမိတို့၏ လုပ်ဆောင်ချက်များစီးဆင်းရာ စမ်းရေတွင်းဖြစ်သောကြောင့် မိမိအစွမ်းရှိသမျှနှင့် စိတ်နှလုံးကို စောင့်ထိန်းလော့ (သုတ္တံ ၄း၂၃)။ အပြစ်သည် စိတ်မှအစပြုသည်ဖြစ်ကြောင်း ရှင်ယောဟန်က ရှင်းလင်းစွာ ဖော်ပြခဲ့သည်။ စိတ်၏အလိုကိုနာခံခြင်းဖြင့် လုပ်ဆောင်မှု ဖြစ်လာသည်။ ၎င်းလုပ်ဆောင်မှုသည် ဆက်လက်၍ ထပ်ခါတလဲလဲဖြစ်သောအခါ သေခြင်းသို့ပို့ဆောင်သွားသည်။ ၎င်းသည် ပဋိသန္ဓေတည်ခြင်း၊ မွေးဖွားခြင်း၊ ကြီးထွားခြင်း၊ သေခြင်းတို့ဖြင့် လည်ပတ်နေသောဘဝ၏ လည်ပတ်ခြင်းကဲ့သို့ဖြစ်သည်။

ကျွန်ုပ်တို့သည် စုံစမ်းနှောင့်ယှက်ခြင်းကို ကြင့်ရှောင် (ထွက်ပြေး) သောအခါ ရှေ့သို့လမ်းညွှန်သည်။ လိပ်စာမထားခဲ့ သင့်ပါဟူ၍ ပုဂ္ဂိုလ်တစ်ဦးက အကြံပြုခဲ့ပါသည်။

**စုံစမ်းနှောင့်ယှက်ခြင်းကို လူ့သေကောင်က တုံ့ပြန်မည့်တုန့်ပြန်ခြင်းကဲ့သို့ တုံ့ပြန်ပါ**

ကျွန်ုပ်တို့သည် အပြစ်တရားနှင့်ဆိုင်သောအရာ၌ ကိုယ့်ကိုယ်ကိုယ် သေသည်ဟူ၍ ထင်မှတ်ရမည်ဟု ရှင်ပေါလုက အသိပေးခဲ့သည် (ရောမ ၆း၁၁)။ ဤစိတ်ကူးပုံဖော်ချက်သည် ရှင်းလင်း၍ မေးဖို့ရန်ခက်ခဲသော ပုံဖော်ချက်ဖြစ်သည်။ အေးစက်စက်လဲလျောင်းနေသော လူသေကောင်ကို ပုံဖော်ကြည့်ပါ။ အရင်တုန်းက သူ၏ သခင်မဖြစ်ဖူးသော အမျိုးသမီးသည် သူ့ဆီလျှောက်လာပြီး သူ့ကို နှုတ်ဆက်သည်။ သို့သော်သူက လုံးဝမတုံ့ပြန်ပါ။ ထိုအမျိုးသမီးက သူ့ကိုညနေခင်း လမ်းလျှောက်ထွက်ဖို့ရန် ဖိတ်ခေါ်သည်။ သို့သော် သူသည် လှုပ်ရှားမှုမရှိဘဲ တိတ်ဆိတ်နေသည်။ သူမက လှည့်ကွက်ပေါင်းစုံဖြင့် အပြစ်သို့ပါသွားရန် သူ့ကို နှိုးဆွပေးခဲ့သော်လည်း ၎င်းတို့သည် အချည်းနှီးသာဖြစ်ခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် သူသည် လူသေကောင်ဖြစ်နေသည်။ ဤပုံဖော်ချက်သည် Augustines ၏ အတိတ်ကဖြစ်ပျက်သော အတွေ့အကြုံကို ဆင်တူရိုးမှားပြန်လည် တင်ဆက်ထားခြင်းဖြစ်သည်။ တစ်နေ့တွင် Augustine သည် အသက်တာ မပြောင်းမီက သခင်မဖြစ်ခဲ့ဖူးသော အမျိုးသမီးက သူ့ကိုနှုတ်ဆက်ခဲ့သည်။ သူသည် ခြေလှမ်းခပ်သွက်သွက်ဖြင့် လှည့်ကွေ့၍ အဝေးသို့ထွက်သွားသောအခါ Augustine ဒါ ကျွန်မပါ . . . ဟူ၍ နောက်ကလိုက်လာသောသခင်မ၏ ခေါ်သံကို ကြားခဲ့ ရသော်လည်း ခြေလှမ်းအရှိန်ကိုမြှင့်၍ ခေါင်းကို ပုခုံးအထိလှည့်ကာ “ဟုတ်ကဲ့ . . . ကျွန်တော်သိပါတယ် . . . ဒါပေမယ့် ထိုပုဂ္ဂိုလ်ဟာ ကျွန်တော်မဟုတ်တော့ ပါဘူး . . . ဟူ၍ ပြန်ဖြေလိုက်သည်။

ကျွန်ုပ်တို့သည် မကောင်းဆိုးဝါး၏ မြူဆွယ်ခြင်းကို တုံ့ပြန်ရာတွင် လူသေ



အဖြစ် အသုံးချကြည့်မည်ဆိုလျှင် – ကျွန်ုပ်တို့အနေဖြင့် အပြစ်နှင့်ခရစ်တော် အကြောင်း တစ်ချိန်တည်းတွင် မတွေးတောနိုင်ပါ။ ထို့ကြောင့် သခင့်အကြောင်းကို တွေးတောမှုပိုများလေလေ ကျွန်ုပ်တို့၏အသက်တာ ပိုမိုသန့်ရှင်းလေလေဖြစ်သွားမည်။ ၎င်းကိုနောက်ထပ်အနည်းငယ်ရှေ့တိုး၍ ပြောရမည်ဆိုလျှင် သခင့်အကြောင်းကို ပိုမိုတွေးတောလေလေ ကျွန်ုပ်တို့သည် သူနှင့်ပုံတူဖြစ်လာလေလေ ဖြစ်သွားမည်။ ဤအချက်သည် ရှင်ပေါလုက (၂ ကော ၃း၁၈) တွင် ဖော်ပြထားပါသည်။

> . . . ငါတို့ရှိသမျှသည် မျက်နှာဖုံးကို ဖွင့်လျက်၊ မှန်ကိုကြည့်သကဲ့သို့၊ ဘုရားသခင်၏ ဘုန်းအသရေတော်ကို ကြည့်မြင်၍ ဝိညာဉ်တော်တရား၏အရှင်သည် ရောင်ခြည်တော်ကို လွှတ်တော်မူသည့်အတိုင်း ငါတို့သည် ဘုန်းအသရေတိုးပွား၍ ပုံသဏ္ဌာန်တော်နှင့်အညီ ပြောင်းလဲခြင်းရှိရကြ၏။

အထက်ပါကျမ်းပိုဒ်သည် ခရစ်ယာန်သန့်ရှင်းစင်ကြယ်ခြင်းကဏ္ဍနှင့် ပတ်သက်၍ အရေးကြီးသော ကျမ်းပိုဒ်ဖြစ်သောကြောင့် အောက်ပါအတိုင်း ခွဲခြမ်းစိတ်ဖြာ၍ ရှင်းပြထားပါသည်။

**ငါတို့ရှိသမျှသည်** – ယုံကြည်သူအားလုံးကို ဆိုလိုခြင်း ဖြစ်သည်။

**မျက်နှာဖုံးကိုဖွင့်လျက်** – အပြစ်သည် ကျွန်ုပ်တို့၏မျက်နှာနှင့် ခရစ်တော် အကြားတွင် ဖုံးကာမှုကို ဖြစ်ပေါ်စေသည်။ အပြစ်ကို ဝန်ချတောင်းပန်၍ စွန့်လွှတ် ခြင်းဖြင့် ၎င်းအဖုံးအကာသည် ဖယ်ရှားသွားပြီးခရစ်တော်နှင့် ကျွန်ုပ်တို့ အကြားတွင် ဘယ်အရာမှဖုံးကာထားခြင်း မရှိတော့ပါ။

**မှန်ကိုကြည့်သကဲ့သို့** – ဘုရားသခင်၏ နှုတ်ကပတ်တော်သည် မှန်ဖြစ်သည်။

**ဘုရားသခင်၏ ဘုန်းအသရေတော်** – ၎င်းသည် သမ္မာကျမ်းစာထဲ၌ တွေ့ရသော သခင်ယေရှု၏ ပြီးပြည့်စုံသော စာရိတ္တ၊ ထူးခြားပြောင်မြောက်သော ကိုယ်ကျင့်တရားနှင့် သူ၏လုပတင့်တယ်သောအလုပ်များနှင့် နည်းလမ်းများအပေါ်၌ စူးစိုက်ကြည့်ရှု (အောက်မေ့) ခြင်းကို ဆိုလိုသည်။

**ပုံသဏ္ဍာန်တော်နှင့်အညီ ပြောင်းလဲခြင်းရှိရကြ၏** – ကျွန်ုပ်တို့သည် သခင့်အပေါ်၌ အလွန်ကြည်ညိုမြတ်နိုးစွာဖြင့် စူးစိုက်ကြည့်ရှုသောအခါ သူကဲ့သို့ ဖြစ်လာကြသည်။ သူ့ကို ရှုမြင်ခြင်းအားဖြင့် ကျွန်ုပ်တို့၏ အသက်တာပြောင်းလဲလာသည်။ ပုဂ္ဂိုလ်တစ်ဦးက ဤသို့ပြောခဲ့ဖူးပါသည်။ ကြည့်ရှုခြင်းသည် ကယ်တင်ခြင်းဖြစ်ပြီး စူးစိုက်ခြင်းသည် သန့်ရှင်းခြင်းဖြစ်သည် . . . ။

**ဘုန်းအသရေမှ ဘုန်းအသရေသို့** – ဤအချက်သည် လွှတ်တော်မူသည့်အတိုင်း ကျွန်ုပ်တို့၏ စာရိတ္တပြောင်းလဲခြင်းသည် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ဖြစ်ထွန်းစေခြင်းဖြစ်သည်။ ယေရှုကို သမ္မာကျမ်းစာ၌ ဖော်ထုတ်ထားသည့်အတိုင်း ယုံကြည်ခြင်းအားဖြင့် သူ့အပေါ်၌ စူးစိုက်ကြည့်ရှုသောသူအပေါင်းတို့အား သန့်ရှင်းသော ဝိညာဉ်တော်သည် ခရစ်တော်ပုံတူဖြစ်ခြင်းသို့ မွေးထုတ်ပို့ဆောင်ပေးလျက်ရှိသည်။

၎င်းကို William D. Long Staft က အောက်က ကဗျာပိုဒ်အားဖြင့် ကောင်းမွန်စွာ ထုတ်ဖော်ထားပါသည်။

ခရစ်တော်ကို စူးစိုက်ကြည့်ရှုခြင်းအားဖြင့်

သင်သည် သူကဲ့သို့ဖြစ်လာပါလိမ့်မည်

သင်၏ သူငယ်ချင်းများသည် သင်၏

အပြုအမူ၌ သူ၏သဏ္ဍာန်ကို တွေ့မြင်လာကြလိမ့်မည်။



**လဲကျခြင်းထက် ရှောင်ကြဉ် (ထွက်ပြေး) ခြင်းကို ရွေးချယ်ပါ။**

အချို့ကတော့ အချိန်များ၌ သင်နှင့် မျက်နှာချင်းဆိုင် နီးကပ်လာနေသော စုံစမ်းနှောင့်ယှက်ခြင်းတို့အကြားတွင် မိုင်အနည်းငယ် လှမ်းဝေး၍ ရှောင်လွှဲထွက်ပြေးရန် လိုအပ်ပါသည်။ အချိန်များလည်း ရှိပါသည်။ ၎င်းသည် သူရဲဘောကြောင်သောလမ်းကြောင်းကို ရွေးချယ်ခြင်းမဟုတ်ဘဲ ရဲရင့်သောလမ်းကို ရွေးချယ်ခြင်းဖြစ်ပေသည်။ ယောသပ်က ၎င်းလမ်းကို ရွေးချယ်ခဲ့သည် (ကမ္ဘာဦးကျမ်း ၃၉း၁၂)။ သူသည် မိမိ၏ ကုတ်အင်္ကျီ (အဝတ်) ကို ရှုံးဆုံးခဲ့ရသော်လည်း ဦးရစ်သရဖူကို ရရှိခဲ့သည်။ ကျွန်ုပ်တို့သည် မတရားသောမေထုန် (၁ ကော ၆း၁၈)၊ ရုပ်ထုကိုးကွယ်ခြင်း (၁ ကော ၁၀း၁၄)။ လောဘကြီးခြင်း (တပ်မက်ခြင်း)၊ (၁ တိမောသေ ၆း၉–၁၁) နှင့် ပျိုရွယ်သူတို့၏ တပ်မက်ခြင်း ကိလေသောစိတ် (၂ တိမောသေ ၂း၂၂) တို့မှ ကြဉ်ရှောင် (ထွက်ပြေး) ရန် တိကျစွာ ပြောပြထားပါသည်။

ကျွန်ုပ်တို့သည် မကြာခဏ ခိုင်မာပြတ်သားသော လုပ်ဆောင်ချက်များကို လုပ်ရမည်ဟူ၍ ယေရှုက သင်ပေးခဲ့သည်။ သူကပြောခဲ့သည်မှာ – သင်၏ လက်ခြေသည် သင့်ကို မှားယွင်းစေလျှင် လက်ခြေကို ဖြတ်ပစ်လော့။ လက်ခြေအစုံနှင့် ထာဝရမီးထဲသို့ ချခြင်းကိုခံရသည်ထက် အင်္ဂါချို့တဲ့၍ အသက်ရှင်ခြင်းသို့ ဝင်စားသော်သာ၍ ကောင်း၏။ သင်၏ မျက်စိသည်လည်း သင့်ကို မှားယွင်းစေလျှင်၊ မျက်စိကို ထုတ်ပစ်လော့။ မျက်စိနှစ်ဖက်စုံနှင့် ငရဲမီးထဲသို့ချခြင်းကို ခံရသည်ထက် မျက်စိတစ်ဖက်နှင့် အသက်ရှင်ခြင်းသို့ ဝင်စားသော် သာ၍ကောင်း၏ (မဿဲ ၁၈း၈–၉)။ ဤနေရာတွင် သူကစာသားအတိုင်း ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာများကို ရုပ်ပျက်အောင် ဖျက်ဆီးရမည်ဟူ၍ မဆိုလိုပါ။ ကိုယ်အင်္ဂါများသည် သန့်ရှင်းသော ဝိညာဉ်တော်၏ ဗိမာန်တော်ဖြစ်ပေသည်။ သို့သော် ကျွန်ုပ်တို့သည် အပြစ်ကို မဖြစ်စလောက် အရေးမပါသည့်အရာကဲ့သို့ မဆက်ဆံဘဲ ရက်စက်ကြမ်းတမ်းစွာ ဆက်ဆံရန်အတွက် ယေရှုက အလေးအနက်အပြတ်သားဆုံးသော ပုံစံဖြင့် ထုတ်ဖော်ပြောကြားခြင်းဖြစ်သည်။

ကျွန်ုပ်တို့အတော်သောက်ခဲ့ပြီး . . . ပြီးတော့။ သေရည်သေရက်သည် လူတွေကို ရှက်ကြောက်သော ခံစားမှုမရှိဘဲ တိရစ္ဆာန်များကဲ့သို့ လှုပ်ရှားလုပ်ဆောင်စေနိုင်ပါသည်။ ၎င်းသည် သူတို့၏ ပြဿနာများကို ရေထဲသို့ နစ်သေနေရမည့်အစား ပြဿနာဆည်မြောင်းကို တူးဖော်နေခြင်းဖြစ်ကြောင်း တွေ့ရှိနိုင်ပါသည်။

**အကူအညီတောင်းပါ**

ကျွန်ုပ်တို့သည် ကြမ်းတမ်းရက်စက်သော စုံစမ်းနှောင့်ယှက်ခြင်း၌ စီးနင်း မြောပါလုနီးပါးဖြစ်နေပြီး အကူအညီမဲ့နေသည်ဟူ၍ ခံစားရသည့်အချိန်တွင် ထာဝရဘုရား၏ နာမတော်ကို ခေါ်ရပါမည်။ ထာဝရဘုရား၏ နာမတော်သည် ခိုင်ခံ့သော ရဲတိုက်ဖြစ်၍ ဖြောင့်မတ်သောသူတို့သည် ပြေးဝင်သဖြင့် လုံခြုံစွာ နေရကြ၏ (သုတ္တံ ၁၄း၁၀)။ ပေတရုသည် မိမိကိုယ်ကို ရေလှိုင်းအောက်သို့ နစ်မွန်းနေသည်ဟူ၍ ခံစားသောအခါ . . . ကယ်မတော်မူပါသခင် . . . ဟူ၍ ဟစ်အော်သဖြင့် ကိုယ်တော်သည် ချက်ချင်းပင် သူ့ကိုကယ်နှုတ်ခဲ့သည် (မဿဲ ၁၄း ၃၀)။ သခင်ယေရှုသည် အမြဲတမ်းကယ်တင်သောသူဖြစ်သည်။

ဘုရားသခင်သည် သင်၏အထဲ၌လည်းကောင်း၊ သင့်အားဖြင့်လည်းကောင်း အလုပ်လုပ်နေပါသည်ဟူ၍ ယုံကြည်ပါ။

Samuel Ruther Ford က ဤကဲ့သို့ အကြံပေးတိုက်တွန်းခဲ့ပါသည်။ သူ (ဘုရား) ၏ ရွေးချယ်ထားသော အနေအထားအခြေအနေများအပေါ်တွင် မိမိကိုယ်ကိုဖော်ထုတ်ဖွင့်ပြပါ . . . ၎င်းနှင့်ပတ်သက်၍ John L. Baird က ရှင်းပြထားသည်မှာ ကျွန်ုပ်တို့သည် နံနက်ခင်းတွင်အထံတော်ပါးသို့ ရောက်ရှိလာသောအခါ (ဆက်ကပ်အပ်နှံသောအခါ) တစ်ရက်တာတစ်ခုလုံးကို သူ့ထံသို့ အပ်နှံခြင်းအားဖြင့် ဘုရားသခင်၏ စိတ်အလိုတော် ခွင့်ပြုချက်မှ အခွင့်ပေးခြင်းမပါဘဲ ဘယ်အရာမှ ကျွန်ုပ်တို့ထံသို့ ရောက်မလာနိုင်ပါ။ အရာအားလုံးတို့သည် သူ့နေရာနှင့်သူ၊ သူ့



ကောင်း၏ တုံ့ပြန်သည့်နည်းလမ်း (ပုံစံ) အတိုင်း တိကျစွာ ဆောင်ရွက် (တုံ့ပြန်) သောအခါ အပြစ်တရား၌ ကိုယ့်ကိုကိုယ်သေသည်ဟူ၍ ထင်မှတ်ခြင်းဖြစ်ပေသည်။ သို့သော် ထိုအချက်၌ ကျွန်ုပ်တို့ မရပ်တန့်သေးပါ။ ကျွန်ုပ်တို့သည် ဘုရားသခင်၌ ယေရှုခရစ်တော်အားဖြင့် အသက်ရှင်သည်ဟူ၍လည်း မိမိကိုယ်ကို ထင်မှတ်ကြရမည်။ ၎င်းသည် သခင့်ကို အဆက်မပြတ်နာခံခြင်းအားဖြင့် တုံ့ပြန်ခြင်း၊ သူ၏ နှလုံးသားကို ကျေနပ်အားရစေသောအရာများအား လုပ်ဆောင်ရန် အမြဲတမ်း ရှာဖွေခြင်းကို ဆိုလိုသည်။

**အန္တရာယ်ရှိသော ထိတွေ့မှုကိုရှောင်ရှားပါ။**

လက်တွေ့ပိုင်းဆိုင်ရာ အနည်းငယ်အကြံပြုလိုသောအခြားအရာမှာ – ကျွန်ုပ်တို့သည် ထိတွေ့ခံစားခြင်း၊ နမ်းရှုံ့ထွေးပိုက်ပွတ်သပ်ခြင်း၊ ချစ်ကြင်နာစကားများပြောဆိုခြင်း၊ ကိုယ်လုံးကိုယ်ပေါ်ထင်ရှားစေခြင်း၊ ဆက်ကော့လက်ကော့ အပြုအမူများစသည့် တရင်းတနှီးကျွမ်းဝင်ခြင်းကြောင့် ပြုလုပ်တတ်သည့်အရာများကို ရှောင်ရှားရမည်။ Jerry Jen Kins သည် မိမိကိုယ်တိုင်၊ မိမိ၏ ဇနီးသည်၊ မိမိ၏ မိသားစု၊ မိမိ၏အလုပ်ရှင်၊ မိမိ၏ အသင်းတော်နှင့် ခရစ်တော်၏ဂုဏ်သတင်းကို ကာကွယ်ရန် စည်းရိုးခတ်သည့်အနေဖြင့် သူလိုက်နာသော စည်းမျဉ်းစည်းကမ်းတို့ကို Moody Monthly စာစောင်တွင် အောက်ပါအတိုင်း စာရင်းပြုစုထားပါသည်။

၁။ ကျွန်ုပ်အနေဖြင့် မိမိနှင့် မဆက်စပ်သောအမျိုးသမီးတစ်ဦးနှင့်အတူ တွေ့ဆုံရန် (သို့) ထမင်းဝိုင်းလုပ်ရန် (သို့) ခရီးထွက်ဖို့ရန် လိုအပ်သည့်အချိန်တိုင်း၌ သုံးယောက်ဖြစ်အောင် လုပ်ခဲ့ပါသည်။ မလွဲမရှောင်သာသော ခက်ခဲရှုပ်ထွေးမှုများကြောင့် နောက်ဆုံးအဆင့်ထိ အဖြစ်မနိုင်ခဲ့လျှင် ကျွန်ုပ်၏ အမျိုးသမီးကို အရင်ဆုံး အကြောင်းကြားလိုက်ပါသည်။

၂။ ကျွန်တော်သည် ထိတွေ့မှုကို သတိထားပါသည်။ သူတစ်ပါးအား

နှုတ်ဆက်ရာတွင် လက်ဆွဲနှုတ်ဆက်ခြင်း (သို့) လက်မောင်းပုခုံးများကို ဖျစ်ညှစ်ခြင်းတို့ဖြင့် နှုတ်ဆက်ပါသည်။ ပွေ့ဖက်ခြင်းကိုမူ ရင်းနှီးချစ်မြတ်နိုးသော သူငယ်ချင်းများနှင့် ဆွေမျိုးများကိုသာ အခြားသော သူများ၏ ရှေ့မှောက်တွင် ပွေ့ဖက်နှုတ်ဆက်တတ်ပါသည်။

၃။ သူတစ်ပါးကို ချီးကျူးစကားပြောသောအခါ လူပုဂ္ဂိုလ်အပေါ်တွင် မဟုတ်ဘဲ အဝတ်အစား (သို့) ဆံပင်ပုံစံအပေါ်တွင်သာ ချီးကျူးတတ်ပါသည်။ ကျွန်ုပ်အနေဖြင့် အမျိုးသမီးတစ်ဦးအား သူမအပေါ်၌ လှပချောမောသည့်အကြောင်းပြောခြင်းထက်၊ သူမ၏ ဝတ်စုံသည် အင်မတန်မှလှပါသည်ဟူ၍ ပြောခြင်းတို့၌ များစွာသောခြားနားမှုရှိပါသည်ဟူ၍ ထင်မြင်ပါသည်။

၄။ ကျွန်တော်သည် အပျော်ရည်းစားထားခြင်း၊ စကားစမြည်ပြောရန် တင်ပြခြင်း၊ ရွတ်နောက်နောက်လုပ်ခြင်းတို့ကို ရှောင်ရှားပါသည်။

၅။ ကျွန်တော်သည် ကျွန်ုပ်၏ဇနီးသည်အား စာအားဖြင့်လည်းကောင်း၊ စကားအားဖြင့်လည်းကောင်း၊ . . . တို့နှစ်ယောက် အတူတကွ အသက်ရှင်နေသရွေ့ သင်သည် အကျွန်ုပ်၏ လက်ဝယ်တွင် စောင့်ထိန်းထားပါမည် . . . ဟူသော ကျွန်ုပ်၏ လက်ထပ်မင်္ဂလာအဓိဋ္ဌာန်ပြုချက်ကို အောက်မေ့သတိရလျက်ရှိကြောင်း မကြာခဏ ပြောပြပါသည်။ ကျွန်ုပ်၏ အမျိုးသမီး Dianna သည် သဝန်တိုတတ်သော လူစားမျိုးမဟုတ်သလို၊ ကျွန်ုပ်ထံမှ ထိုသို့သောသေချာကြောင်း အာမခံချက်ကို မတောင်းခံခဲ့ဖူးပါ။ သို့သော် သူမသည် ကျွန်ုပ်၏ စည်းကမ်းများနှင့် ၎င်းအား စောင့်ထိန်းခြင်းများကို တန်ဖိုးထားသည်။

၆။ အလုပ်ခွင်မှ အိမ်သို့ရောက်လာသည့်အချိန်မှစ၍ သားသမီးများ



အိပ်စက်သည်အထိ ကျွန်တော်သည် စာရေးခြင်း (သို့) ရုံးအလုပ်ကို မလုပ်ပါ။ သို့ဖြင့် မိသားစုအတွက် အချိန်များစွာ ပေးနိုင်ခဲ့သည်သာမက ကျွန်တော်နှင့်ဇနီးသည်တို့သည် ပူးပန်းချိန်းတွေ့နိုင်ခဲ့ပါသည်။

## စိတ်စွမ်းအင်အားနည်းစေသောအရာမှန်သမျှကို ရှောင်ရှားပါ

ကျွန်ုပ်တို့သည် အရက်၊ စိတ်ပြောင်းလဲစေသော မူးယစ်ဆေးစသည့် အပြစ်ကို တွန်းလှန်ခုခံနိုင်ရန် မွေးရာပါ (ပင်ကို) စွမ်းရည်ကျဆင်းစေသော အရာမှန်သမျှတို့ကို ရှောင်ရှားရမည်။

အရက် (သို့) မူးယစ်ဆေး၏ လွှမ်းမိုးထိန်းချုပ်မှုအောက်၌ရှိနေသော သူတို့သည် သာမာန်အားဖြင့် သူတို့မလုပ်မည့် (သို့) မလုပ်သည့်အရာများကို လုပ်ဆောင်လာကြသည်။ Erin Lutzer က ဤသို့မှတ်ချက်ချခဲ့သည်။ သေရည်သေရက် ယစ်မူးခြင်း၌ –

သေရည်သေရက်သောက်ကြူးခြင်းနှင့် ဣန္ဒြေမဲ့ခြင်းသည် အမြဲတမ်း အတူတကွဒွန်တွဲနေသွားခြင်းဖြစ်ကြောင်း နောဧ၏အတွေ့အကြုံ ရှင်းပြနေသည်။ ၎င်းသည် သမ္မာကျမ်းစာ၌ သေရည်သေရက်သောက်ကြူးခြင်း၏ ပထမဆုံး သာဓကပြခြင်းဖြစ်ပြီး နောဧသည် ယစ်မူးသဖြင့် အဝတ်မခြုံထားဘဲ ကိုယ်တုံးလုံး လဲလျောင်းနေသည်ကို ကျွန်ုပ်တို့ သိခဲ့ကြသည်။ သေရည်သေရက်သည် အမြဲတမ်းပင် လူတစ်ဦး၏ ကိုယ်ကျင့်တရားကာကွယ်ခုခံနိုင်ခြင်းကို နိမ့်ကျစေသည်။ အနည်းငယ်သောက်ပြီးသောအခါ ချုပ်တည်းထိန်းသိမ်းနိုင်ခြင်းမရှိတော့ဘဲ အကျိုးသင့်အကြောင်းသင့် စဉ်းစားတတ်သောသူတို့သည် ပုံမှန်အားဖြင့် အင်မတန်မှ ရှက်စရာကောင်းသည့်အရာများကို ရှက်ကြောက်ငဲ့ကွက်ခြင်းမရှိတော့ဘဲ လွတ်လပ်စွာ လုပ်ဆောင်လာကြပေသည်။ မကြာသေးမီက မယုံကြည်သူတစ်ဦးသည် သူ၏ ကိုယ်ကျင့်တရားမကောင်းသည့် စွန့်စားခန်းအကြောင်းဆွေးနွေးနေတာကို ကျွန်တော်ဤသို့ နားစွန်နားဖျားကြားခဲ့ပါသည်။

လက်တွေ့ရည်ရွယ်ချက်အားလုံးအတွက် ခရစ်ယာန်အဖွဲ့အစည်းဖြစ်သည်။ (နိုင်ငံတော်နှင့် အသင်းတော်၌ ကွဲပြားခြားနားသောအရာများရှိသော်လည်း ဤနေရာ၌ အတူတူအဖြစ် သဘောထားကာ လေ့လာသွားမည်ဖြစ်သည်။)

## ခရစ်တော်နှင့်စာတန်

စာတန်သည် လောကကိုအုပ်ချုပ်သူဖြစ်ပြီး မိမိ၏အတွေးအခေါ်နှင့် ဦးစားပေးမှုအတိုင်း ဦးဆောင်သည်။ သူသည် ဤလောက၏ အုပ်ချုပ်သူဟု ခေါ်ဝေါ်သမုတ်ကြသည် (ယော ၁၂း၃၁၊ ၁၄း၃၀၊ ၁၆း၁၁)။ ဤခေတ်ကာလ၏ဘုရား (၂ ကော ၄း၄)။ ဆိုးယုတ်သောသူ (၁ ယော ၅း၁၉)။ လိမ်လည်လှည့်ဖြားသူ (ယော ၈း၄၄)။ ခိုးရန်၊ သတ်ရန်နှင့် ဖျက်ဆီးရန် ရည်ရွယ်သည် (ယော ၁၀း၁၀)။ သခင်ယေရှုခရစ်တော်သည် အခြားသောနိုင်ငံ၏ အုပ်ချုပ်သူဖြစ်သည်။ ခရစ်တော်၏ ရည်ရွယ်ချက်သည် ကြွယ်ဝပြည့်စုံသော အသက်ကိုပေးရန် ဖြစ်သည် (ယော ၁၀း၁၀)။ အုပ်ချုပ်သူဟုသမုတ်ခြင်းခံသောသူ မြောက်မြားစွာရှိသော်လည်း ကျွန်ုပ်တို့အတွက်မူ "အကြင်သခင်အားဖြင့် ငါတို့မှစ၍ခပ်သိမ်းသောအရာဖြစ်ကြ၏။ ထိုသခင်ယေရှုခရစ်တစ်ပါးတည်းသာ ငါတို့၌ရှိတော်မူ၏" (၁ ကော ၈း၆)။

## ဘယ်သူကဘယ်မှာပိုင်ဆိုင်လဲ

မပြောင်းလဲသော လူသားအားလုံးသည် လောကီနိုင်ငံသားများအဖြစ် ပုံဆောင်ထားပါသည် (၁ ယော ၅း၁၉)။ သူတို့သည် သဘာဝမွေးဖွားခြင်းအားဖြင့် အလိုလိုအသင်းဝင်ဖြစ်သည်။ သူတို့သည် ဤလောကသည် မိမိတို့အိမ်အဖြစ် ခံယူသောကြောင့် လောကီသားများဖြစ်ကြသည်။ ဆာလံဆရာများက "ဤလောကီသားတို့၏ လက်မှ ကယ်မတော်မူပါ" (ဆာလံ ၁၇း၁၄)။ သူတို့ သည် ဤလောကကိုချစ်ပြီး လောကသားများက သူတို့ကိုချစ်ကြသည် (ယော ၁၅း၁၉)။



ရည်ရွယ်ချက်နှင့်သူ (ကိုယ်စီ) ရှိကြသည်။ ထိုအရာများသည် ကျွန်ုပ်တို့၏ သေးငယ်သော အစီအစဉ် (စီမံချက်) များကို ဖြတ်တောက်နိုင်သည် (သို့) ဒုက္ခပေးနိုင်သည် (သို့) ပြောင်းလဲပစ်နိုင်သည်။ သို့သော် တစ်နေ့တာလုံးကို ဘုရားသခင်ထံသို့ ဆက်ကပ်အပ်နှံပြီးဖြစ်သည့်အားလျော်စွာ ထိုတစ်နေ့တာ၌ ကျွန်ုပ်တို့အပေါ်သို့ ကျရောက်ဖြစ်ပျက်ခဲ့သောအရာမှန်သမျှကို ဘုရားသခင်၏ စိတ်အလိုတော် ခွင့်ပြုချက်ဖြင့် ခွင့်ပြုထားခြင်းနှင့်အညီ ကျရောက်ဖြစ်ပျက်ခဲ့ခြင်းဖြစ်ကြောင်း ယုံကြည်လက်ခံရမည်။ ဘုရားသခင် အခွင့်ပေးသောကြောင့် ကျရောက်ဖြစ်ပျက်သောအရာများကို ကျွန်ုပ်တို့အနေဖြင့် မခုခံ (ပုန်ကန်) ရပါ။ ၎င်းကို ခုခံပုန်ကန်ခြင်းသည် ကျွန်ုပ်တို့၏ ဝိညာဉ်ကိုနာကြည်းစေခြင်းကိုသာ အဖတ်တင်၍ ဘုရားသခင်က ကျွန်ုပ်တို့အပေါ်သို့ သွန်းလောင်းချင်သော ကောင်းကြီးမင်္ဂလာများကို ရှုံးဆုံးစေသည်။ သို့ဖြင့် ကျွန်ုပ်တို့သည် ၎င်း၌ မိမိကိုယ်ကို ပုံချ၍ အခြေအနေများကို ဖြစ်သည့်အတိုင်း၊ ရှိသည့်အတိုင်း လက်ခံရပါမည်။

အလားတူပင် Harold Wildish ကလည်း သူ၏ ကျမ်းစာအုပ် အရှေ့ပိုင်းတွင် တိုက်တွန်းရေးသားထားသည်မှာ . . . သင်၏ အပြစ်ဝန်ထုပ်တစ်ခုလုံးကို ထားခဲ့ပြီး ခရစ်တော်၏ ပြီးမြောက်ခဲ့သော အလုပ်ပေါ်၌ ငြိမ်ဝပ်စွာ နေသကဲ့သို့ သင်၏လုပ်ငန်းနှင့် အသက်တာကိုလည်း ထားခဲ့ပြီး လှုပ်ရှားနေသော သန့်ရှင်းသော ဝိညာဉ်တော်က ဦးဆောင်လမ်းပြပေးရန် ဆက်ကပ်အပ်နှံပါ။ ထို့နောက် ကျေးဇူးတော်အပေါင်းကို ချီးမွမ်း၍၊ ငြိမ်ဝပ်စွာနေပြီး သင်နှင့်သင်၏နေ့ရက်ကို စီမံခန့်ခွဲပေးရန် အထံတော်သို့ ထားခဲ့ပါ။ တစ်နေ့တာတစ်လျှောက်လုံး ဝမ်းမြောက်စွာဖြင့် သူ့အပေါ်၌ မှီခို၍ နာခံသောအကျင့်ကို ပျိုးထောင်လေ့ကျင့်ပါ။ သူ၏ လမ်းညွှန်ခြင်း၊ အသိအမြင်ကြွယ်ဝရှင်းလင်းစေခြင်း၊ ဆုံးမခြင်း၊ သွန်သင်ခြင်း၊ အသုံးပြုမှုတို့ကို စောင့်မျှော်ပါ။ သူ၏အလိုတော်များကို သင်နှင့်အတူသော်လည်းကောင်း၊ သင်၏အထဲ၌လည်းကောင်း လုပ်ဆောင်စေပါ။ ခံစားခြင်း (သို့) တွေ့မြင်ခြင်းမှအပ ကျန်သောသူ၏လုပ်ဆောင်ချက်မှန်သမျှကို အချက်အလက်တစ်ခုအဖြစ် ရေတွက်ပါ။

စိတ်လှုပ်ရှား (ပျော်ရွှင်) ခြင်းသည် သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝခြင်းမဟုတ်ဘဲ သန့်ရှင်းခြင်းသည်သာလျှင် ဝိညာဉ်တော်နှင့် ပြည့်ဝခြင်းဖြစ်ပေသည်။ ဖြတ်သန်းရမည့်နေ့ရက်များသည် သမားရိုးကျ (ပုံမှန်) ဖြစ်သော၊ ထူးခြားမှုမရှိသော၊ ခက်ခဲသောနေ့ရက်များဖြစ်နိုင်ပါသည်။ မိမိကိုယ်ကို ခွန်အားယူရန် လုံလောက်သော တောင်ထိပ်များသို့ အချိန်အခါလိုက်၍ ရောက်ရှိကြပေလိမ့်မည်။ သို့သော် ဘဝ၏ဂီယာများသည် အံဝင်ခွင်ကျဖြစ်လာမည်။ ကျွန်ုပ်တို့၏လုပ်ငန်း (အမှုတော်) သည် အံ့သြဖွယ်လက္ခဏာများဖြင့်လည်းကောင်း၊ အလုပ်လုပ်နေသည်ကို သတိပြုသိရှိလာကြပေမည်။ သို့သော် မာနထောင်လွှားခြင်းကို ဖန်တီးသည့် နည်းလမ်းခင်းကျင်းပေးခြင်းမျိုးတော့ မဟုတ်ပါ။ အခြားသောသူများ၏ အသက်တာကို ကျွန်ုပ်တို့ထိတွေ့သောအခါ ဘုရားသခင်အတွက် တစ်စုံတစ်ခုသော အရာသည် သူတို့အပေါ်၌ ဖြစ်ပျက်လာပါလိမ့်မည်။

ထို့နောက် ကျွန်ုပ်တို့၌ တန်ခိုး (လုကာ ၂၄း၄၉၊ တမန်တော် ၁း၈)။ သက်သေခံဟောပြောခြင်း၌ ရဲရင့်ခြင်း (တမန်တော် ၄း၁၃, ၂၉, ၃၁)။ ဝမ်းမြောက်ခြင်း (တမန်တော် ၁၃း၅၂)၊ ချီးမွမ်းခြင်း (လုကာ ၁း၆၇–၇၅၊ ဧဖက် ၅း၁၉, ၂၀)၊ နှိမ့်ချနာခံခြင်း (ဧဖက် ၅း၂) တို့ဖြင့် ပြည့်ဝလာကြမည်။

ယခု သန့်ရှင်းစင်ကြယ်ခြင်း၏ အခြားသောသွင်ပြင်လက္ခဏာကို ကျွန်ုပ်တို့ စဉ်းစားလေ့လာကြရမည်ဖြစ်သည်။ ခရစ်ယာန်တစ်ဦးသည် သခင့်နိုင်ငံ တော်နှင့် လောကီနိုင်ငံဟူသော တိုင်းပြည်နှစ်ခုတွင် မိမိကိုယ်ကို ရှိနေမှန်းသိရှိ ပေမည်။ ၎င်းနိုင်ငံနှစ်ခုတို့၏ ကွဲပြားနားခြားချက်နှင့် ၎င်းတို့အနက် မည်သည့်နိုင်ငံ တွင် မိမိကသစ္စာခံခဲ့သည်ကို သဘောပေါက်ဖို့ရန် လိုအပ်လှပါသည်။



# အခန်း (၁၂)

## နိုင်ငံနှစ်မျိုး

ဤအရာသည် နှစ်ငံနှစ်မျိုးအကြောင်းဖြစ်သည်။ တစ်ခုကို လောကဟုခေါ်ပြီး၊ အခြားတစ်ခုကို ဘုရားသခင်၏ သားတော်နိုင်ငံဟု ခေါ်ပါသည်။ ထိုနှစ်ခုသည် လုံးဝကွာခြားပြီး အချင်းချင်းနှိုင်းယှဉ်၍ လုံးဝမရပါ။ တစ်ခုသည် ဝိညာဉ်ပိုင်းဆိုင်ရာနှင့် ကိုယ်ကျင့်ပိုင်းဆိုင်ရာ မှောင်မိုက်ခြင်းဖြစ်ပြီး အခြားတစ်ခုသည် အလင်းဖြစ်သည်။ ဤအရာနှစ်ခုကြား၌ ကြီးမားသော ကွာဟခြင်းများ ရှိသည်။

**လောက**

လောကဟုဆိုရာတွင် လူသားများနေထိုင်သော ဤကမ္ဘာမြေကြီးကို ဆိုလိုခြင်းမဟုတ်ပါ။ ကျွန်ုပ်တို့ ရည်ညွှန်းသောအရာသည် ဘုရားသခင်အပေါ် မှီခိုအားထားခြင်းမရှိသော လူသားများတည်ဆောက်သည့် အဖွဲ့အစည်း ဖြစ်သည်။ ဘုရားသခင်မပါသည့် လူသားများ၏ အဖွဲ့အစည်းကိုဆိုလိုသည်။ ဤအဖွဲ့အစည်းသည် လူသားများအနေဖြင့် ဘုရားသခင်မပါသော မိမိကိုယ်ကိုပျော်မွေ့အောင် ပြုလုပ်သော အဖွဲ့အစည်းဖြစ်သည်။ ဤအရာ၌ မှားယွင်းသောနိယာမ၊ မှားယွင်းသော တန်ဖိုးသတ်မှတ်ခြင်းနှင့် မှားယွင်းသောဘုရားများရှိကြသည်။ ဤအရာသည် လူ့ဆန္ဒ၊ အတ္တနှင့် ကိုယ်ကျိုးဖြင့်ဖွဲ့စည်းထားပါသည်။ အကယ်စင်စစ် ဤအရာသည် ဘုရားသခင်ကို ဆန့်ကျင်သည့်လူသားများ၏ နည်းစနစ်အတိုင်း သွားလာခြင်းဖြစ်သည်။ ဘုရားသခင်ကို လျစ်လျူရှုပြီး ပစ်ပယ်ရုံမကဘဲ ဘုရားသခင်ကို ဆန့်ကျင်သည့်ရန်ငြိုးရှိသည်။ ဤအရာသည် စစ်ပွဲပင်ဖြစ်သည်။

**ကျွန်ုပ်တို့သခင်၏နိုင်ငံ**

ဘုရားသခင်၏သားတော်နိုင်ငံဟုဆိုရာတွင် ယေရှုခရစ်တော်ကို သခင်နှင့် ကယ်တင်ရှင်အဖြစ် လက်ခံယုံကြည်သော အဖွဲ့အစည်းကို ဆိုလိုခြင်းဖြစ်သည်။

## ဘယ်ကမ္ဘာလဲ

လောကၡ ပုံစံအမျိုးမျိုးရှိသည်။ နိုင်ငံရေးကမ္ဘာလည်းရှိသည်။ ဤအရာသည် သူ၏မူလဖွဲ့စည်းပုံ၌ အလွန်ရိုးရှင်းသည်။ စီးပွားရေးလောကလည်းရှိပြီး ဝတ်ကျင့်မဆန်သော လုပ်ဆောင်မှုများဖြင့်သာ တည်ဆောက်သည်။ ယေရှုအသွေးတော်ဖြင့် ဖွဲ့စည်းထားသော ဘာသာရေးလောကလည်းရှိသည်။ လက်မှု၊ ဂီတ၊ ရိုးရာစသည့် ကမ္ဘာလည်းရှိပြီး ခရစ်တော်နာမည်ကို ပိတ်ပင်တားမြစ်ခြင်းဖြစ် သည်။ ညစ်ညူးခြင်း၊ လိင်ကိစ္စဖောက်ပြန်ခြင်း စသည့်အရာများဖြင့် ဖွဲ့စည်းသောလောကလည်းရှိသည်။ Hollywood နှင့် TV များသည် အရောင်မျိုးစုံဖြင့် ဖွဲ့စည်းထားပါသည်။

ယုံကြည်သူများသည် ဤလောက၏ ရှုထောင့်များစွာကို မည်သို့တုန့်ပြန်ကြသနည်း။ နိုင်ငံရေးလောကအနေဖြင့် ယေရှုခရစ်တော်နှင့် ပေါလုတို့က နိုင်ငံရေး၌ ပါဝင်ခြင်းမရှိကြောင်း သတိရှိရန် လိုအပ်ပါသည်။ ယေရှုခရစ်တော်ပြောခဲ့သည်မှာ ''ငါ၏နိုင်ငံသည် ဤလောကမဟုတ်'' (ယော ၁၈း၃၆)။ ပေါလုကလည်း ငါတို့၏နိုင်ငံသည် ကောင်းကင်နိုင်ငံဖြစ်သည်ဟု သတိပေးခဲ့သည် မဟုတ်လား (ဖိလိပ္ပိ ၃း၂၀)။ လူသားများ၏ ပြဿနာကိုဖြေရှင်းရာ၌ နိုင်ငံရေးမပါ။ သို့သော် ရွေးနုတ်ကယ်တင်ခြင်းကျေးဇူး၌သာ ဖြစ်သည်။

ဘုရားသခင်၏လူများသည် လောကီအရာများဖြင့် လုံးဝကင်းလွတ်ခြင်းမရှိခဲ့ပါ။ ထို့ကြောင့် ပေါလုက ''အသုံးပြုပါ။ သို့သော် မစွဲလန်းနှင့်'' (၁ ကော ၇း၃၁)။ သတိရှိသော စစ်သားတစ်ဦးအနေဖြင့် ကျွန်ုပ်တို့သည် ထိုအရာ၌ နှစ်မွှမ်းခြင်းမရှိရပါ (၂ တိ ၂း၄)။

ဘာသာရေးလောကဟုပြောရာတွင် သမ္မာကျမ်းစာဖော်ပြသည့် ခရစ်တော်မပါသောလောကို ဆိုလိုသည်။ ခရစ်ယာန်များ၏ ရပ်တည်ခြင်းမှာ ခရစ်တော်အတွက် ရှေ့တိုးရန်ဖြစ်ပြီး စခန်းပြင်ပ၌ ဘာသာရေးကို တည်ဆောက်ကာ ခရစ်တော်အတွက် နာခံရန်ပြင်သည် (ဟေဗြဲ ၁၃း၁၁–၁၄)။



လူတစ်ဦးသည် ဒုတိယမွေးခြင်းခံသောအခါ သူတို့သည် ပထမနိုင်ငံမှ ဒုတိယနိုင်ငံသို့ ကူးပြောင်းကြသည် (ယော ၃း၃,၅)။ ထိုပြောင်းလဲခြင်းကို ရေနစ်ခြင်းခံခြင်းအားဖြင့် ပုံဆောင်ကြသည်။ သူသည် ဤလောက၌ အသက်ရှင်လျက်ရှိနေသေးသော်လည်း လောကီနိယာမ၏ အစိတ်အပိုင်းမဟုတ်တော့ပါ (ယော ၁၄း၁၈၊ ၁၇း၁၁)။ သူသည် ဤလောက၌ ဧည့်သည်ဖြစ်ပြီး လောကီပုံသဏ္ဍာန်ဆောင်ခြင်းမရှိဘဲ ကောင်းကင်အိမ်တော်အဘို့ ခရီးသွားလုပ်ကိုင်နေခြင်းပင်ဖြစ်သည်။ (၁ ပေ ၂း၁၁)။ သူသည် ဤလောကကို အချစ်ပါ။ ဤသို့ဖြစ်လျှင် သူသည် ဘုရားသခင်၏ ရန်သူဖြစ်မည်ကို သိကြသည် (၁ ယော ၂း၁၅)။ လောကီသားတို့သည် သင်တို့ကို မုန်းလျှင် သင်တို့ကိုမမုန်းမှီ ငါ့ကိုမုန်းသည်ကို သိမှတ်ကြလော့ (ယော ၁၅း၁၈၊ ၁၉၊ ၁၇း၁၄၊ ၁ ယော ၃း၁၃)။

သူသည် လောကီပုံသဏ္ဍာန်မဆောင်၊ လောကီ၏ဆွဲဆောင်မှုနှင့် နိယာမတို့၏ လွှမ်းမိုးရန် ငြင်းပယ်သည် (ရောမ ၁၂း၂)။ သူသည် ဤလောကနှင့်ဆက်သွယ်သည့်အရာ၌ တည်ရှိသော်လည်း လောကီလွှမ်းမိုးမှုအောက်၌ မနေပါ။ ဤလောက၏အလုပ်သည် မကောင်းသောအရာဖြစ်သည်ဟုပြောဆိုလျက် ဆန့်ကျင် လုပ်ဆောင်သည် (ယော ၇း၇)။ သို့သော် ထိုအရာအပေါ်၌ သတင်းကောင်းကို ဝေငှသည်။ လူသားများအနေဖြင့် ဤလောက၏ ချည်နှောင်ခြင်းမှ လွတ်မြောက်ပြီး ခရစ်တော်၏ စစ်မှန်သော လွတ်မြောက်ခြင်းရရှိရန်နည်းလမ်းကို ပြသသောသတင်းကောင်းကို ဝေငှသည် (၂ ကော ၅း၁၈–၂၁)။

ဤလောကသည် အလွန်ဆွဲဆောင်ပြီး၊ သွေးဆောင်ခြင်းနှင့် ဆိုးယုတ်ခြင်းပြည့်နေသည်။ ခရစ်ယာန်အချို့အတွက်မူ ဤလောက၏ဆွဲဆောင်မှုအပြည့်ရှိပြီး ထိုအရာမှ လုံးဝလွတ်မြောက်နိုင်ရန် ခွန်အားမရှိပါ။ ထို့ကြောင့် သူတို့သည် အကြောင်းပြချက်များ ရှာတတ်ကြသည်။ သူတို့သည် တိုင်းနိုင်ငံနှစ်ခုလုံး၏ အကြောင်းပြချက်များကို လိုချင်ကြသည်။ ဤအရာကြောင့် အသင်းတော်နှင့် လောကီကြားတွင် ထူးခြားမှုများ အရောင်ပျောက်ကွယ်သွားတတ်သည်။ တစ်ယောက်

သောသူက ဤသို့ဆိုဖူးသည်။ ''ငါ အသင်းတော်အတွက် ရှာဖွေတော့ လောက ထဲမှာတွေ့တယ်၊ ပြီးတော့ လောကအတွက်ရှာတော့လည်း အသင်းတော်မှာ တွေ့ပြန်တယ်'' ဟု ပြောခဲ့သည်။

**Wordsworth** က ပြောကြားသည်မှာ

> လောကကြီးကငါတို့ဘက်ပါလွန်းတယ်၊ နောက်ကျလိုက်၊ စောလိုက်၊ ရယူလိုက်၊ အသုံးပြုလိုက်၊ ကျွန်တော်တို့ရဲ့ အင်အား တွေကို ဖြုန်းတီးတယ်။

ဘုရားသခင်၏ သားများသည် ဤလောကကို စွဲလန်းခြင်း၌ ပါဝင် နေသည်။ ဤလောကကြီးသည် ဘာမှမဟုတ်ကြောင်း သိသာစေ၍ ဘုရားသခင်က ခွင့်ပြုပြီး ခါးသီးသောအတွေ့အကြုံများဖြင့် ရင်ဆိုင်စေတတ်သည်။ ဤအရာသည် တဒင်္ဂသာဖြစ်သည်။ ပျော်ရွှင်မှုသည်လည်း ခေတ္တမျှသာဖြစ်သည်။ အမြဲတမ်း တည်တံ့သော ရောင့်ရဲခြင်းကို မပေးနိုင်ပါ။ ဤအရာသည်အစ၌ကောင်းသော အရာကဲ့သို့ဖြစ်သော်လည်း အဆုံး၌ ခါးသီးခြင်းကို ဖြစ်စေသည်။

> ကိုယ်တော် ကျွန်ုပ်သည် ကွဲအက်သောရေတွင်းကို ကြိုးစား မိသည်။ သို့သော် ရေများမအောင်မြင်ခဲ့ပေ။ ရေသောက်ရန် ရေသန့်သော်လည်း ကျွန်ုပ်၌ အခွင့်မရှိ။ ကျွန်ုပ်ကို လှောင်ပြောင် ဟားတိုက်ကြသည်။

## လောက၌ဘာရှိလဲ

တမန်တော်ယောဟန်က လောကထဲ၌ရှိသောအရာများသည် မျက်စိ၏ တပ်မက်ခြင်း၊ ဘဝမာနနှင့် ဇာတိတပ်မက်မှုဖြစ်ကြောင်း ပြောပြခဲ့သည် (၁ ယော ၂း၁၆)။ ပြန်လည်ပြန်ဆိုချက် – ဤလောကသည် တန်ခိုး၊ လူမှုရေးအဖွဲ့အစည်း၊ စည်းစိမ်၊ စစ်ပွဲ၊ ရက်စက်ကြမ်းကြုတ်မှုနှင့် လိင်မှုကိစ္စကိုသာ ထင်ရှားစေသည်။ လောကီသားများသည် ထာဝရအတွက် မဟုတ်ဘဲ လက်ရှိအချိန်အတွက် အသက်ရှင်ကြသည်။ လူသားများအတွက်မဟုတ် ကုန်လွန်သောအရာများ၊ ဘုရား သခင်အတွက်မဟုတ် မိမိတို့အတွက် အသက်ရှင်ကြသည်။ သူတို့၏ အကြံအစည် အားလုံးသည် သင်္ချိုင်း၌သာ အဆုံးသတ်သည်။

ခရစ်ယာန်များက အခြားသောတန်ဖိုးထားခြင်းအာရုံရှိသည်။ သူသည် တပ်မက်ခြင်းမဟုတ်ဘဲ သေတ္တာ၊ ဒေါသမဟုတ်ဘဲ ဖြူစင်ခြင်းနှင့် ပဋိပက္ခမဟုတ် ဘဲ သဘောတူညီမှုဖြင့် အသက်ရှင်ကြသည်။ သူသည် သန့်ရှင်းသောဝိညာဉ်တော်၌ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်းနှင့် ဖြောင့်မတ်ခြင်းကို ဦးစားပေးသည် (ရောမ ၁၄း၁၇)။ သူသည် မျက်စိတပ်မက်ခြင်းထက် ယုံကြည်ခြင်းဆန္ဒ၌ သာ၍ပတ်သက် သည်။ ဇာတိတပ်မက်ခြင်းထက် ဝိညာဉ်အထဲဆန္ဒပြင်းပြခြင်း၌ သာ၍ဆန္ဒရှိသည်။ ဘဝမာနထက် ဘုရားသခင်၏ဘုန်းတော်ကို ရှာကြသည်။

## လောကဆန်တယ်ဆိုတာဘာလဲ

အတိတ်ကာလတွင် ဆေးလိပ်သောက်ခြင်း၊ အရက်သောက်ခြင်း၊ ဖဲရိုက် ခြင်း၊ ရုပ်ရှင်ကြည့်ခြင်းများကို လောကဆန်ခြင်းဟု သတ်မှတ်ထားကြပါသည်။ ဤအရာများကို ယခုအချိန်တွင် ငါအရက်မသောက်ဘူး၊ ဆေးလိပ်မသောက်ဘူး၊ မိန်းမမရှုပ်ဘူးဟု ငြင်းပယ်ခြင်းဖြင့် အစားထိုးကြသည်။ သို့သော် ဤအရာများ သည် လောကဆန်ခြင်းမဟုတ်ပါ။ ကျွန်ုပ်တို့ ရှောင်ရမည့်အရာများမှာ မှားယွင်း သောအတွေးအခေါ်၊ စိတ်သဘောထား၊ စဉ်းစားကြံဆခြင်းများဖြစ်သည်။ ဤအရာ တွေကြောင့် Erwin Lutzer က ''ခရစ်ယာန်များစွာတို့သည် အပြစ်များကို ကျူးလွန်မိပြီး NT အကျင့်စာရိတ္တအဆင့်ကို ရောက်လိုသောကြောင့် မဟုတ်ပါ။ သို့သော် သူတို့သည် မိမိတို့၏ ကိုယ်ရေးကိုယ်တာအဆင့်အတန်းကို နိမ့်စေလို သောကြောင့် ဖြစ်သည်။ သူတို့သည် မိမိတို့၏ ပျော်ရွှင်မှု၊ ခံစားမှုဖြင့် ပတ်သက် သော ပျော်ရွှင်မှုကိုပင် ပျောက်ဆုံးမည်ဟု ယူဆကြသည်။ ထို့ကြောင့် သူတို့သည် မိမိတို့၏ အတိတ်အမှားကြောင့် မှားယွင်းသောအကြောင်းပြချက်များ ရှာကြသည်။ သူတို့၏ စိတ်ချယုံကြည်မှုမှာ စာရိတ္တပိုင်း၌ လုံးဝကွာခြားသွားပါသည်။

မိုက်မဲခြင်းအားဖြင့် ကယ်တင်ခြင်းငှာ စေတနာရှိတော်မူ၏။ . . . ငါတို့မူကား လက်ဝါးကပ်တိုင်မှာ အသေခံတော်မူသော ခရစ်တော်၏ အကြောင်းအရာကို ဟော ပြောကြ၏။ ထိုအကြောင်းအရာသည်ကား ယုဒအမျိုးသားထိမိ၍လဲစရာအကြောင်း ဖြစ်၏။ တစ်ပါးအမျိုးသား၌ကား မိုက်မဲခြင်းဖြစ်၏။ သို့သော်လည်း ယုဒလူဖြစ်စေ၊ ယောလလသလူဖြစ်စေ ခေါ်တော်မူသောသူတို့၌ ဘုရားသခင်၏ တန်ခိုးတော်နှင့် ဘုရားသခင်၏ ပညာတော်တည်းဟူသော ခရစ်တော်၏ တရားဖြစ်၏။ ဘုရား သခင်၏ မိုက်ခဲခြင်းအရာသည် လူတို့၏ပညာထက်သာ၍ ပညာရှိ၏။ ဘုရားသခင် ၏ အားနည်းခြင်းအရာသည် လူတို့၏ အစွမ်းထက်သာ၍ အစွမ်းရှိ၏" (၁ ကော ၁း၂၁၊ ၂၃-၂၅)။

**နိုင်ငံနှစ်ခု၏ နည်းလမ်း**

တိုင်းနိုင်ငံနှစ်ခု၏ ဉာဏ်ပညာများကွဲပြားနေလျှင် နိယာမနှင့် နည်းစနစ် များလည်း လုံးဝတူညီမည်မဟုတ်ပါ။ ဤနေရာ၌ ကွာခြားမှုတချို့ရှိသည်။

| **လောကနိယာမ** | **ဘုရားနိယာမ** |
| --- | --- |
| သင့်ကိုကူညီသောသူကိုကူညီပါ။ | သင့်ထံပြန်လည်မဆပ်နိုင်သော သူများကို ကူညီပါ (လုကာ ၁၄း၁၂-၁၄)။ |
| ရသင့်သည့်အတိုင်းပြန်ပေးပါ။ | အဆိုးကို အကောင်းအားဖြင့် နိုင်ပါ (ရောမ ၁၂း၂၀၊ ၁ သက် ၅း၁၅)။ |
| လိုအပ်လာလျှင် ကြမ်းကြုတ်မှုကို အသုံးပြုပါ။ | အခြားပါးတစ်ဖက်ကိုထပ်ပေးပါ။ (လုကာ ၆း၂၇, ၂၉)။ |
| တပ်မက်မှုအတိုင်း ပေးလျှုပါ။ | လိုအပ်မှုအတိုင်း ပေးလျှုပါ။ (မဿဲ ၂၀း၁-၁၆)။ |



ရိုးရာ၊ လက်မှုပညာ၊ ဂီတစသည့်အရာများအတွက် မေးမြန်းရမည်မှာ ပထမအရေးကြီးတာဘာလဲဟူ၍ပင်။ ပေါလုသည် Athenes သို့ သွားသောအခါ ရိုးရာစင်တာကို တွေ့ရှိပြီး သူသည် ထိုအရာများကြောင့် စိတ်လှုပ်ရှားခြင်းမရှိခဲ့ ပါ။ သို့သော် သူသည် ရုပ်ထုများကြောင့် ဝမ်းနည်းစွာခံစားပြီး Mars Hill ၌ သွားရောက်ပြီး ကယ်တင်ခြင်းသတင်းကောင်းကို ဝေငှခဲ့သည် (တမန် ၁၇)။

ဖျော်ဖြေခြင်းကမ္ဘာနှင့် ပတ်သက်ပြီး အဘယ်သို့နည်း။ လူများကို ငရဲ ပြည်ထိရောက်အောင် ဖျော်ဖြေခြင်းလော။ Hollywood ရော အန္တရာယ်မရှိဘူး လား။ TV များက စင်ကြယ်ခြင်းကို ဖြစ်စေသလား။ ရုပ်ရှင်ရုံများရော ဝိညာဉ် ရေးရာကို မြင့်တင်ပေးသလား။ ဤအရာ၏ အဖြေမှာ လောကီညစ်ညမ်းမှုဖြင့် ပျော်မွေ့သောသူများသည် ဘုရားသခင်အတွက် သမိုင်းမတွင်ခဲ့ပါ။

တပည့်တော်တစ်ဦးသည် လောကီအရာများ၏ ပြင်ပ၌ မိမိနေရာကိုယူရ မည်။ Archimedes ပြောခဲ့သည်မှာ သူသည်လောကပြင်ပ၌ နေရာတစ်ခုရလျှင် လောကကို ရွေ့နိုင်မည်ဟုပြောသည်။ ထို့ကြောင့် ဤအရာများသည် ခရစ်ယာန် များအတွက် ဖြစ်သင့်သည်။ သူသည် လောကဖြင့် သီးသန့်မနေမခြင်း လောကကို ပြောင်းလဲစေနိုင်မည်မဟုတ်ပါ။

**ဉာဏ်ပညာနှစ်မျိုး**

လောကီဉာဏ်ပညာသည် ဘုရားသခင်၏ ဉာဏ်ပညာနှင့် ဆန့်ကျင်ဘက် ဖြစ်ကြပါသည်။ ထိုအရာနှစ်ခု၏ ကွာခြားမှုကို နှိုင်းယှဉ်ခြင်းဖြင့် ကောင်းမွန်စွာ ပုံဖော်နိုင်လိမ့်မည်။

| **လောက၏ဉာဏ်ပညာ** | **ဘုရားသခင်၏ဉာဏ်ပညာ** |
| --- | --- |
| စစ်မှန်ခြင်းသည် ကိုင်တွယ်ထိတွေ့ မြင်တွေ့ရသော အရာ၌သာရှိသည်။ | ဝိညာဉ်ရေးရာသာ အဓိကဖြစ် သည်။ အရာရာအားလုံးသည် တဒင်္ဂမျှ သာဖြစ်သည် (၂ ကော ၄း၁၈)။ |

| | |
|---|---|
| ဉာဏ်ပညာသည် လူသားများ၏ စိတ်နှင့်ဦးနှောက်၌သာ တွေ့ရသည်။ | ဘုရားသခင်ကို ကြောက်ရွံ့ခြင်းသည် ဉာဏ်ပညာ၏ အချုပ်အခြာဖြစ်သည်။ (ဆာလံ ၁၁၁း၁၀)။ |
| ကြီးမြတ်ခြင်းသည် သူတစ်ပါးကို စေစားခြင်း၊ သူတစ်ပါးအပေါ် သခင်ဖြစ်ခြင်း၊ အုပ်စိုးခြင်းဖြစ်သည်။ | ကြီးမြတ်ခြင်းသည် နိမ့်သောနေရာ၌ ရှိခြင်းဖြစ်သည်။ သူတစ်ပါး၏ အစေခံခြင်းဖြစ်သည် (လုကာ ၂၂း၂၆, ၂၇)။ |
| သမ္မာတရားသည် အချိန်တိုင်း၌ လက်ခံနိုင်ဖွယ်သော ရိုးရာတိုင်းဖြစ်သည်။ | သမ္မာတရားသည် ဘုရားသခင် ပြောသည့်အရာအားလုံးဖြစ်သည် (ယော ၁၇း၁၇)။ ဤအရာသည် ဘယ်တော့မှ မပြောင်းလဲပါ။ |
| ပန်းတိုင်သည် ကြီးမားသော နံပါတ်ဖြစ်သည်။ ကြီးမားခြင်းသာ လှပသောအရာပင် ဖြစ်သည်။ | အနည်းစုသာအဓိကဖြစ်သည်။ လက်ကျန်များဖြစ်သည်။ သေးငယ်သောအရည်အချင်းဖြစ်သည် (ဂိဒေါင်စစ်သည်များကိုကြည့်ပါ၊ တရားသူ ၇း၁–၇)။ |
| မိမိအတွက် အသက်ရှင်ခြင်းဖြင့် ဘဝကို တည်ဆောက်ပါ။ မိမိအတွက် မှန်ကန်ခြင်း၊ မိမိအတ္တကို ရှေ့တန်းတင်ခြင်း အရေးကြီးသည်။ | ခရစ်တော်အတွက် သင့်ဘဝကို ပေးဆပ်ပါ။ သတင်းကောင်းအတွက် ပေးဆပ်ပါ (မာကု ၈း၃၅)။ မိမိအတ္တထက် သူတစ်ပါးကို လေးစားခြင်း (ဖိလိပ္ပိ ၂း၃)။ သူတစ်ပါးအတွက် အသက်ရှင်ပါ။ |



| | |
|---|---|
| အောင်မြင်ခြင်းသည် အပေါ်ရောက်ရန်တိုးခြင်း၊ နာမည်ရအောင်၊ နေရာရာထူးရအောင် ကြိုးစားခြင်းဖြစ်သည်။ | တပည့်တော်ဖြစ်ခြင်းသည် မိမိကိုယ်ကို နိမ့်ချခြင်းဖြစ်သည် (ဖိလိပ္ပိ ၂း၇)။ |
| စည်းစိမ်သည် ပိုင်ဆိုင်မှုမှရရှိခြင်းဖြစ်သည်။ | ဝိညာဉ်တိုးတက်ခြင်းသည် စစ်မှန်သော စည်းစိမ်ဖြစ်သည်။ ယုံကြည်သူများသည် ဘဏ္ဍာတော်ကို ကောင်းကင်ဘုံ၌ စုဆောင်းသည် (မဿဲ ၆း၂၀)။ သူသည် ချမ်းသာသည်။ သို့သော် လောကီပကာသနချမ်းသာခြင်းမဟုတ်။ ဝိညာဉ်ချမ်းသာခြင်းဖြစ်သည်။ အရာအားလုံးကို ငြင်းပယ်ခြင်းကြောင့် အရာအားလုံးကို ရရှိသည်။ |
| မြင်တွေ့ခြင်းသည် ယုံကြည်ခြင်းဖြစ်သည်။ လောကီလူသားများသည် အမြင်အာရုံဖြင့် လျှောက်လှမ်းသည်။ | ယုံကြည်ခြင်းသည် မြင်တွေ့ခြင်းဖြစ်သည်။ ဘုရားသခင်၏သားများသည် ယုံကြည်ခြင်းဖြင့် လျှောက်လှမ်းသည်။ အမြင်အားဖြင့် မဟုတ်ပါ (၂ ကော ၅း၇)။ |
| နောက်ဆုံး၌ အမှန်တရားပေါ်သည်။ | မှန်သောအရာကိုသာလုပ်ပါ။ နှုတ်ကပတ်တော်ကိုနာခံပါ။ အကျိုးရလဒ်ကို ဘုရားသခင်၌ အပ်နှံပါ (တမန် ၅း၂၉)။ |

လောကပညာနှင့် ဘုရားသခင်၏ ပညာကွာခြားကြောင်း ပေါလုရေးသားသည်မှာ '' . . . လောကီသားတို့သည် မိမိတို့ပညာအားဖြင့် ဘုရားသခင်ကို မသိဘဲနေကြသောအခါ ဘုရားသခင်သည် ယုံကြည်သောသူတို့ကို ဒေသနာတော်

သည် ကျွန်ုပ်တို့၏ ထာဝရငြိမ်သက်ခြင်းဖြစ်သည်။

James G. Decll

လောကီနိုင်ငံသည် ဘုရားသခင်၏ ရှုတ်ချမှုအောက်၌ ကျရောက်သည်။ တမန်တော်ယောဟန်ကလည်း ''လောကီနှင့် လောကီတပ်မက်မှုများ ပျောက်ကွယ်သွားမည်'' ဟု ပြောဆိုထားပါသည်။ Donald Gray Barnhouse ကလည်း ဆက်လက်ပြောကြားသည်မှာ ''ကျွန်ုပ်တို့သည် လောကကို စိတ်ဝင်စားရန် မဟုတ်ပါ။ ယိုယွင်းသောနိုင်ငံဖြစ်ပြီး သခင်ဘုရား ဖျက်ဆီးပစ်မည့်လောကဖြစ်သည်။ ကျွန်ုပ်တို့ဘဝ၏ နိယာမနှင့်စနစ်များသည် ယိုယွင်းပျက်စီးညစ်ညူးသော လောကီအရာဖြင့် ရောစပ်၍မရပါ။''

> ''လောကနှင့် လောကီတပ်မက်ခြင်းသည် ရှေ့သွားကွယ်ပျောက်တတ်၏။ ဘုရားသခင်၏အလိုတော်နှင့်အညီကျင့်သောသူမူကား နိစ္စထာဝရတည်၏'' (၁ ယော ၂း၁၇)။

ကျွန်ုပ်တို့သည် ကောင်းကင်နိုင်ငံသားများကဲ့သို့ နေထိုင်ရန် အရေးကြီးကြသည်။ လောကီ၌နေထိုင်သော်လည်း လောကီပုံသဏ္ဍာန်မဆောင်ရပါ။ သို့သော် ကျွန်ုပ်တို့အထင်မသေးသင့်သည့်အရာတစ်ခုမှာ စစ်မှန်သောနောင်တတရားနှင့် အပြစ်၏သဘာဝဖြစ်သည်။ ထို့ကြောင့် ယခုအခါကျွန်ုပ်တို့သည် မကောင်းသောအရာမှ ကောင်းသောအရာသို့ ပြောင်းလဲသောသူများဖြစ်ကြသည်။



| | |
|---|---|
| အတားအဆီးများကို ပျက်စီးခြင်း၊ အတ္တဆန်ခြင်းများအားဖြင့် အနိုင်ယူပါ။ | မှန်သောအရာကိုအမြဲလုပ်ပါ (၁ ယော ၂၁)။ လာဘ်ပေးယူခြင်းကို ငြင်းပယ်ပါ။ |
| ပြိုင်ဆိုင်ခြင်းသည် ကစားခြင်း၏ နာမည် ဖြစ်သည်။ | ပူးပေါင်းခြင်းနှင့် အတူတကွ လုပ်ဆောင်ခြင်း၊ မည်သည့်နိယာမကိုမျှ ပစ်ပယ်ခြင်းမရှိပါ (၁ ကော ၁၂း၂၅)။ |
| နည်းနည်းလုပ်ပြီး များများရဖို့ ကြိုးစားပါ။ | ခရစ်တော်အတွက်အလုပ်လုပ်ခြင်းကဲ့သို့လုပ်ဆောင်ပါ။ အကောင်းဆုံး ပေးဆပ်ခြင်းအားဖြင့် အရာခပ်သိမ်း အတွက် ပိုသက်သေကောင်းဖြစ်ပါ။ |
| အပြင်သဏ္ဍာန်ကိုကြည့်ပြီး စီရင်ဆုံးဖြတ်ပါ။ | ဖြောင့်မတ်စွာစီရင်ပါ (ယော ၇း၂၄)။ |

**ဘယ်လိုလက်နက်မျိုးလဲ**

လောကီလက်နက်များသည် သေနတ်၊ သံချပ်ကာစသည့်အရာများသာ မဟုတ်ဘဲ မရိုးသားသည့် ကျင့်စဉ်၊ စိတ်ပိုင်းဆိုင်ရာဖောက်ပြန်မှု၊ ကျော်ကြားလိုမှု၊ ငွေကြေးစသည့်အရာများလည်း ပါဝင်သည်။ ယုံကြည်သူများ၏လက်နက်သည် မေတ္တာ၊ ယုံကြည်ခြင်း၊ ဆုတောင်းခြင်းသည် နှုတ်ကပတ်တော်ဖြစ်သည်။ ဤအရာများသည် ''ဘုရားသခင်၏ တန်ခိုးတော်အားဖြင့် မြို့ရိုးမြို့ပြတို့ကို ဖြိုဖျက်နိုင်သော လက်နက်ဖြစ်၏'' (၂ ကော ၁၀း၄)။

## ချီးမြှောက်ခြင်း

လောကသားများ၏ ချီးမြှောက်ခြင်းကို လေ့လာကြပါစို့။ ဤအရာသည် မည်သို့ စတင်ပြီး လှုပ်ရှားလာသနည်း။ ဤအရာသည် ဖဲပြားဖဲကြိုး၊ အလှချိတ်သည့်ပုံများ၊ ဘွဲ့ထူးဂုဏ်ထူးများ၊ ရာထူးများ၊ ပကာသနများကို အသုံးပြုသည်။ Napoleon က ရောင်စုံဖဲကြိုးတစ်ခုကို ကိုင်ပြီးပြောဆိုဖူးသော အရာမှာ "ဒီလိုဖဲကြိုးနှင့် ငါ့အင်ပါယာတည်ထောင်လို့ရတယ်" ဟုပင်။ ထူးဆန်းလေသည်။ သင်သည် ထိုဖဲကြိုးများကို ဝယ်ယူနိုင်ကြောင်းသိရှိသောအခါ၌ပင် သင့်အတွက် အကန့်အသတ်ရှိနေသေးသည်။ လူသားများသည် ရောမအောင်သပြေရွက်ရရှိရန် ၂၆ မိုင်မျှပြေးနိုင်သည်။ ဆင်းရဲပြီးဝမ်းနည်းဖွယ်ရာ ကောင်းပါသည်။ ဤအရာများ သည် လောကီချီးမြှောက်ခြင်းများဖြစ်သည်။

ပေါလုက ထိုအရာများကို ပျက်စီးနိုင်သောသရဖူဟုခေါ်ပြီး မပျက်စီးနိုင်သော သရဖူကို ရှာရန်တိုက်တွန်းအားပေးသည် (၁ ကော ၉း၂၁)။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ယုံကြည်သူများအား ဖြောင့်မတ်ခြင်းသရဖူ၊ ဘဝသရဖူ၊ ဘုန်းကြီးသောသရဖူ၊ ပျော်ရွှင်မှုသရဖူများကို ရှာဖွေရန် နှိုးဆော်ထားပါသည်။ လူထုများရှေ့၌ ခရစ်တော်ကို ဝန်ခံသောသူသည် သန့်ရှင်းသောကောင်းကင်တမန်များနှင့် အဖခမည်းတော်ဘုရားသခင်ရှေ့၌ ခရစ်တော်က ပြန်လည်ဝန်ခံမည် (မဿဲ ၁၀း၃၂၊ လုကာ ၁၂း၈)။ "သာဓုသစ္စာရှိသောငယ်သားကောင်း"ဟု အရှင်သခင် ကယ်တင်ရှင်၏ ချီးမြှောက်ခြင်းကို မည်သည့်အရာဖြင့် နှိုင်းယှဉ်နိုင်မည်နည်း။ ယုံကြည်ခြင်းက ယုံကြည်သူများကို ပြောစေနိုင်သောအရာမှာ

> အို လောကီပကာသနနှင့် ဂုဏ်အသရေများ သင့်ဘုန်းသည် အချည်းနှီးပျံ့ပွားသည်။ သာ၍ချိုမြိန်သော အကြောင်းအရာကို ငါ ကြားမိသည်။ သာ၍စစ်မှန်သော ရရှိခြင်းကို ငါတွေ့ခဲ့သည်။ ခရစ်တော်စိုးစံအုပ်ချုပ်သော နေရာ၌ ငါနေစရာနေရာကို ငါတွေ့သည်။ ယေရှုအပေါ်၌ ငါရှုမျှော်ကြည့်ရှု၍ ဘုရားသခင်နှင့်အတူနေထိုင်မည်။

Hannah K. Burhngham

## နိုင်ငံသား၏စံပြအရာ

လောကနိုင်ငံသား၏ စံပြအရာမှာ မိမိကိုယ်ကို ကြီးမြတ်သည်ဟု ခံယူမောက်မာခြင်း၊ မာန်မာနနှင့် စည်းစိမ်များသာဖြစ်သည်။ သို့သော် ခရစ်တော်နိုင်ငံ၌ ကွာခြားသည့်အရာ၊ စံပြအရာမှာ "စိတ်နှလုံးနှိမ့်ချခြင်း၊ ငိုကြွေးခြင်း၊ သိမ်မွေ့ခြင်း၊ ဖြောင့်မတ်ခြင်းကို တော်မွတ်ခြင်း၊ ကျေးဇူးပြုခြင်း၊ စင်ကြယ်သောနှလုံးသား၊ ငြိမ်သက်ခြင်းကိုဖြစ်စေသူ၊ ဖြောင့်မတ်ခြင်းကြောင့် ညှင်းဆဲခြင်းခံသူ" (မဿဲ ၅း၃–၁၂) များဖြစ်သည်။ ယေရှုခရစ်တော်က ဆင်းရဲသောသူ၊ အငယ်ဆုံးသောသူ၊ အားနည်းသောသူ၊ နောက်ဆုံးသောသူ၊ သူတစ်ပါးအဆင့်ကို မမှီသောသူများအတွက် အထူးဂရုစိုက်ခြင်းရှိသည် (၁ ကော ၁း၇–၂၉၊ ယာကုပ် ၂း၅)။

## နိုဂုံး

လက်ရှိမကောင်းသောလောကမှ ကျွန်ုပ်တို့ကိုကယ်တင်ရန် ခရစ်တော်အသေခံခဲ့သည် (ဂလာတိ ၁း၄)။ ကျွန်ုပ်တို့သည် လောက၌သေပြီး၊ လောကသည် ကျွန်ုပ်တို့၌ သေသည်။ (ဂလာတိ ၆း၁၄)။ လက်ဝါးကပ်တိုင်သည် ငါတို့၏ ဘုန်းအားလုံးဖြစ်သည်။

ဤလောကသည် ကျွန်ုပ်တို့၏ ကယ်တင်ရှင်ကို လက်ဝါးကပ်တိုင်နှင့် သင်္ချိုင်းမှလွဲ၍ ဘာမှမပေးပါ။ ဘုရားသခင်က ကျွန်ုပ်တို့အား ဤလောကီသဏ္ဍာန်အတိုင်း အသက်မရှင်ရန် တားမြစ်သည်။

> ကိုယ်တော့်အား သင်္ချိုင်းကိုသာပေးသော ဤလောက၌ မိမိတို့နေစရာအိမ်အတွက် ကျွန်ုပ်တို့၌ ပြင်းပြမှုမရှိပါ။ ကိုယ်တော့်ကားတိုင်သည် ကျွန်ုပ်တို့ကို တည်တံ့စေပါ၏။ ကိုယ်တော်တိုင်

ခံစားရသည်။ သွေးလျှဒန်းခြင်းအားဖြင့် အပြစ်မဲ့သော သူထံ AIDS ကူးဆက်သွားသည်။ မူးယစ်ဆေးစွဲသူသည် သူမ၏ မမွေးဖွားသေးသော ကလေးငယ်များ ပျက်စီးခြင်းကို ခံစေသည်။ သူ၏အပြုအမူကောင်းသည် ဖြစ်စေ ဆိုးသည်ဖြစ်စေ သူတစ်ပါးကို ထိပါးသည်။

အပြစ်၏အခသည် သေခြင်းဖြစ်သည်။ ယခုဘဝတွင် လူတစ်ယောက်၏ ခန္ဓာစိတ်၊ ဝိညာဉ်နှင့် နှလုံးသားထဲ၌ အမြစ်တွယ်ပြီး အနာဂတ်ဘဝကို ထာဝရသေခြင်းနှင့် ငရဲသို့ ပို့ဆောင်သည်။

သခင်ယေရှုခရစ်တော်ကို ယုံကြည်လက်ခံခြင်းမှလွဲ၍ အပြစ်တရား၏ အခမှ လွှတ်မြောက်နိုင်သောနည်းလမ်းမရှိပါ။

ဒါဝိဒ်၏အသက်တာ၌ ကြုံတွေ့ရသော အပြစ်တရား ဝင်ရောက်ပုံကို လေ့လာကြပါစို့။

ဒါဝိဒ်၌အရာရာပြည့်စုံသည်။ စည်းစိမ်၊ နာမည်ကျော်ကြားမှု၊ ရာထူး၊ မိသားစု၊ မိတ်ဆွေ၊ သူသည် မြေမှုန့်မှ ပလ္လင်တော်သို့ ချီးမြှောက်ခံသည်။ ဘုရားသခင်၏ မျက်နှာသာပေးခြင်းကို ခံစားသည်။ သူ၏အနာဂတ်သည် ကတိတော်များဖြင့် ပြည့်နှက်သည်။ လောကကြီးသည်သူ၏ နန်းစံရာဖြစ်သည်။

သို့သော် သူသည် ပျင်းရိခြင်းနှင့် သတိမရှိခြင်းကြောင့် စုံစမ်းခြင်းထဲ၌ လွဲ ချော်သွားရန် မိမိကိုယ်ကို ခွင့်ပြုမိသည်။ သူ၏ရဲဘော်များ စစ်တိုက်သွားသည့် အချိန်၌ ဒါဝိဒ်သည် အိမ်၌နေပြီး ဇိမ်ခံနေသည်။ သူသည် အလုပ်များနေလျှင် မိမိကိုယ်ကို သွေးဆောင်ခြင်း၏ အန္တရာယ်၌ ကျဆုံးရန် ခွင့်ပြုမိမည်မဟုတ်ပါ။ သို့သော် မိမိကိုယ် ခန္ဓာကို စည်းကမ်းကျက်မှတ်ရန် ကျဆုံးခြင်းဖြင့် သူသည်စာတန်အား အခွင့်ကောင်းပေးမိသည်။



# အခန်း (၁၃)

## နောင်တတရားနှင့် အပြစ်အကြောင်းကိုလေ့လာခြင်း

အပြစ်ဆိုတာဘာလဲ။ အပြစ်သည် ဘုရားသခင်၏ပြည့်စုံခြင်းကို ထိပါးသော စိတ်ထား၊ အတွေးအခေါ်၊ စကားလုံး၊ အမူအရာများဖြစ်သည်။ (ရောမ ၃း၂၃)၊ ဘုရားသခင်၏ အလိုတော်ကို ဆန့်ကျင်သောအရာတိုင်းသည် အပြစ်ဖြစ်သည်။ မှားယွင်းသောအရာကိုလုပ်ဆောင်မိခြင်းသာမဟုတ်ဘဲ ကောင်းသောအရာ မလုပ်ဆောင်ခြင်းလည်းအပြစ်ဖြစ်သည် (ယာကုပ် ၄း၁၇)။ သံသယစိတ်ဖြင့် လုပ်ဆောင်သောအရာအားလုံးဖြစ်သည် (ရောမ ၁၄း၂၃)။ ပညတ်မဲ့ခြင်း – ဘုရားသခင်၏ အလိုတော်ကိုဆန့်ကျင်သောလူသားများ၏ ဆန္ဒဖြစ်သည် (ယော ၃း၄)။

အပြစ်သည် လူသားအားလုံးနှင့် သက်ဆိုင်သည်။ ‘‘အပြစ်မပါဘဲ ကောင်းသောအကျင့်ကို ကျင့်သောသူတော်ကောင်းတစ်စုံတစ်ယောက်မျှ မြေကြီးပေါ်မှာမရှိ’’ (ဒေသနာ ၇း၂၀)။

အပြစ်သည် မွေးရာပါဗီဇဖြစ်သည်။ လူသားအားလုံးသည် အပြစ်တရား၌ မွေးဖွားပြီး အမိဝမ်းထဲ၌ပင် အပြစ်စွဲသည် (ဆာလံ ၅၁း၅)။

အပြစ်သည် နေရာတကာပျံ့နှံ့သည်။ လူသားသည် လုံးဝဆိုးသွမ်းသည်။ အပြစ်သည် လူသား၏ဖြစ်ခြင်းအရာအားလုံး၌ တက်ရောက်သည် (ရောမ ၃း၁၃–၁၈)။ သူသည် စာအုပ်ထဲ၌ ဖော်ပြသောအပြစ်များကို ကျူးလွန်ခြင်းမရှိသော်လည်း အပြစ်လွန်ကျူးသော ဇာတိရှိသည်။

အပြစ်သည် စိတ်ထဲမှစတင်သည် (ယာကုပ် ၁း၁၃–၁၅)။ လူ့မျက်စိဖြင့် မြင်၍မရသော အတွေးထဲ၌ လူသားသည် အပြစ်သွေးဆောင်ရာနောက်သို့ ပါသွား

တတ်သည်။ အပြစ်အကြောင်းကိုသာ၍ စဉ်းစားလေ၊ ပြောကြားလေ အပြစ်ကျူး လွန်ရန် လွယ်ကူလေဖြစ်သည်။

အပြစ်သည် ပြင်းထန်သည်။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်ကို ပြစ်မှားခြင်း ဖြစ်သည်။ (ဆာလံ ၅၁း၄)။ အပြစ်၏ပြင်းထန်သော အဖိုးအခကို ဆပ်ပေးရန် သခင်ယေရှုသည် လက်ဝါးကပ်တိုင်တော်၌ အသေခံပြီ။

အပြစ်သည် ကျေးကျွန်ဖြစ်စေသည် (ရောမ ၆း၁၅၊ ၁၆)။ အပြစ်သည် သူ့ကျေးကျွန်များကို မကောင်းသောအကျင့်အားလုံး၊ တပ်မက်ခြင်း၊ လောဘစသည့် အရာတို့ဖြင့် ချည်နှောင်ထားပါသည်။ အပြစ်သည် လှည့်ဖြားသည်။ အပြစ်သည် ပျော်ရွှင်မှုကို ပေးနိုင်သော်လည်း ကြာကြာမခံပါ။ တရားစီရင်ခြင်းမှ လွတ်မြောက် အောင် မလုပ်နိုင်ပါ။

အပြစ်သည်ကန်းသည်။ ကျွန်ုပ်တို့သည် မိမိကိုယ်ကိုထက် သူတစ်ပါး၌ အမည်းဆက်ကို လွယ်ကူစွာမြင်နိုင်သည်။ ကျွန်ုပ်တို့အတွက် မြတ်နိုးဖွယ်ရာကဲ့သို့ ဖြစ်ပြီး သူတစ်ပါး၌မူ မကောင်းသောအရာဖြစ်တတ်သည်။ တစ်စုံတစ်ယောက် သည် ဆိုးသွမ်းကြောင်းတွေ့လျှင် မိမိကိုယ်ကို အကြောင်းပြချက်ပေးပြီး ဆိုးသွမ်း သော နှလုံးသားကို နှစ်သိမ့်ကြသည်။

အပြစ်သည် မာကျောသည်။ ကျွန်ုပ်တို့ ပထမဆုံးပြစ်မှားသောအချိန်၌ အသိတရားသည် အလွန်လှုပ်ရှားတုန်လှုပ်သည်။ သာ၍ကာကွယ်သည့် အသိ တရားအသံပျောက်လေဖြစ်သည်။ နောက်ဆုံးတွင် လွယ်ကူစွာအပြစ်ကျူးလွန်စေ ပြီး အသက်ကိုပါ ဆုံးရှုံးစေတတ်ပါသည်။

အပြစ်သည် သူတစ်ပါးကို အပြစ်တင်သည်။ အာဒံကျရှုံးသောအခါ မိမိ မိန်းမနှင့်ဘုရားသခင်ကို အပြစ်တင်သည်။ . . . ကျွန်တော်၌ အပ်ပေးတော်မူသော မိန်းမသည် . . .” (ကမ္ဘာ ၃း၁၂)။ ဧဝကလည်း နတ်ဆိုးကိုအပြစ်တင်သည် “မြွေသည် ကျွန်တော်မကိုလှည့်စား၍ ကျွန်တော်မသည် စားမိပါပြီ” (ကမ္ဘာ



၃း၁၃)။ သူတို့၏ မှားယွင်းမှုကို ပတ်ဝန်းကျင်အား အပြစ်တင်ကြသည်။ မိဘများ၊ မိမိတို့၏ လုပ်ဆောင်ဖက်များကို အပြစ်တင်ကြသည်။ ဥပမာအားဖြင့် ကားမတော် တဆ ထိခိုက်မှုကို အာမခံကုမ္ပဏီ၌ ဖြေရှင်းချက်ပေးပုံ ကြည့်ကြပါစို့။

လမ်းလျှောက်သွားသူက ဘယ်လမ်းသွားရမယ်ဆိုတာ မသိလို့ သူ့ကို တိုက်မိတာပါ။

အဲဒီကောင်လေးက တစ်လမ်းလုံးပြည့်နေတော့တာပဲ။ ကျွန်တော်သူ့ကို မတိုက်မိခင်လမ်းကြောင်းပြောင်းဖို့ အကြိမ်ကြိမ်ကြိုးစားပါသေးတယ်။

ကျွန်တော်လမ်းဘေးကနေ ကြိုးပမ်းအားထုတ်သေးတယ်။ ယောက္ခမ ကိုကြည့်ပြီးမှ တာရိုးဖက်ကို ခေါင်းလှည့်လိုက်တယ်။

တယ်လီဖုန်းတိုင်တိုက်က အရမ်းနီးကပ်နေပြီ။ ငါ့ကို တိုက်မိတဲ့ အချိန်မှာ ငါလမ်းကြောင်းပြောင်း တိမ်းဖယ်ဖို့ကြိုးစားသေးတယ်။

အပြစ်သည် ဖုံးကွယ်၍မရပါ (ဟေဗြဲ ၄း၁၃)။ မြေကြီးပေါ်၌ လျှို့ဝှက်သော အပြစ်အားလုံးသည် ကောင်းကင်ပေါ်၌ ထင်ရှားသည်။

အပြစ်သည် မည်သည့်အခါမျှ တည်ငြိမ်ခြင်းမရှိပါ။ ဤအရာသည် တဆေးကဲ့သို့ဖြစ်သည်။ လိမ်ပြောခြင်းသည် အခြားသောလိမ်ပြောခြင်းတစ်ခုဖြင့် ဖုံးကွယ်ရသည်။ လူတစ်ယောက်သည် ကိုယ်ကျင့်တရားပျက်ခြင်းကို ကျူးလွန် သောအခါ သူ့အနေဖြင့် သည်လောက်ရောက်မှတော့ ဆက်သွားရမှာဘဲဟု အကြောင်းပြကာ ဆက်လက်လွန်ကျူးသည်။ လူသားများသည် မိမိတို့အပြစ်ကို ဖုံးကွယ်ရန် ကြိုးစားသောကြောင့် အပြစ်ကျူးလွန်သူများလာပြီး ရှုတ်ချဝေဖန်မည့် သူနည်းသွားသည်။ ထို့ကြောင့် အပြစ်သည် Snowballs ဖြစ်သည်။

အပြစ်သည် အပြစ်မဲ့သူများကို ဒုက္ခရောက်စေသည်။ အနာဂတ်မျိုးဆက် ကိုပင် ဒုက္ခပေးသည်။ အရက်သမား၏ကလေးသည် စိတ်ပျက်ဖွယ်အဖြစ်ကို

သည်လည်း လူထုရှေ့၌ဖြစ်ပါ၏။ ကျွန်ုပ်၏ အပြစ်တရားသည် အကျွန်ုပ်အား နေ့ညမပျက်နှိပ်စက်ပြီး ကျွန်ုပ်မခံနိုင်တော့ပါ။

ယခု ကျွန်ုပ်သည် ကိုယ်တော့်ကို ဆန့်ကျင်ပြီး ကိုယ်တော့်ကိုသာ ပြစ်မှားမိကြောင်း သိရှိပါ၏။ အို ကိုယ်တော် အကျွန်ုပ်သည် Bathsheba နှင့် သူမ၏ သစ္စာရှိသောအမျိုးသား Uriah ကိုလည်း ပြစ်မှားမိပါပြီ။ ဘုရားသခင် ဤမျှလောက် စိုးရွံ့သောကျွန်ုပ်၏အပြစ်ကို ခွင့်လွှတ်တော်မူပါ။ သို့သော် ကျွန်ုပ်သည် ကိုယ်တော့်ကို ရှေးဦးစွာ ပြစ်မှားကြောင်း သိရှိပါသည်။ ကိုယ်တော့် ပညတ်တော်ကို ချိုးဖောက်ပါပြီ။ ကိုယ်တော့်အလိုတော် ပျက်ပြားပါပြီ။ ကိုယ်တော့်နာမတော်လည်း ဂုဏ်မဆောင်နိုင်တော့ပါ။ ထို့ကြောင့် ကျွန်ုပ်သည် မိမိကိုယ်ကို ဆန့်ကျင်လျက် ကိုယ်တော့်ဘက်၌ ရပ်တည်ပါသည်။ ကိုယ်တော့်အကြံအစည်အားလုံးသည် ဖြောင့်မတ်မှန်ကန်ပြီး ကိုယ်တော့်အဆုံးအဖြတ်များသည် မှားယွင်းခြင်းမရှိခဲ့ပါ။ မည်သူကမျှ အပြစ်ရှာလို့မရပါ။

ကိုယ်တော် အကျွန်ုပ်လူကောင်းမဟုတ်ပါ။ ကျွန်ုပ်သည် အပြစ်ထဲ၌ မွေးဖွားခဲ့ပြီး၊ ဆက်လက်မှားယွင်းပါသည်။ ကျွန်ုပ်သည် အပြစ်၌ သန္ဓေတည်ပါ၏။ ဤသို့ပြောဆိုခြင်း၌ ကျွန်ုပ်သည် မိမိကိုယ်ကို ရှုတ်ချခြင်းမဟုတ် (ဝါ) မိခင်ကို အပြစ်တင်ခြင်းလည်းမဟုတ်ပါ။ ကျွန်ုပ်သည် အပြစ်ကျူးလွန်ရုံမကဘဲ မိမိဇာတိထဲ၌ပင် အပြစ်ရှိပါ၏။

သို့သော် ကိုယ်တော်သည် အပြစ်ကိုမုန်းပြီး၊ လူသားအတွင်း၌ ဖြစ်ပေါ်သောသစ္စာတရားကိုသာ မြတ်နိုးပါ၏။ ကျွန်ုပ်၏ နှလုံးသားထဲ၌ နက်နဲသော ဉာဏ်တော်ကို သွပ်သွင်းတော်မူရန် အထံတော်သို့ ကျွန်ုပ်လာပါပြီ။

ကိုယ်တော်သည် စီးဆင်းနေသောရေများကို နူနာများအား စင်ကြယ်စေရန် အသုံးပြုသည် (ဝတ် ၁၄း၁–၈)။ ကိုယ်တော် ကျွန်ုပ်သည် ကိုယ်ကျင့်တရား



စုံစမ်းခြင်း၊ သတိမပြုမိသောအချိန်၊ နန်းတော်ခေါင်မိုးပေါ်၌ လမ်းလျှောက်နေစဉ် အလွန်ချောမောလှပသော မိန်းကလေးတစ်ယောက် ရေချိုးနေသည်ကို တွေ့သည်။

သူ့စိတ်သည် စတင်လှုပ်ရှားလာသည်။ ပျော်မွေ့လိုစိတ် တဖြည်းဖြည်း ပြင်းထန်လာသည်။ သူမကိုလိုချင်သည်။ သူမကိုရရမည်။ ဘာဖြစ်လို့ မရမှာလဲ။ သူသည်ပျော်မွေ့ရန် မျှော်လင့်ခဲ့သည်မဟုတ်လား။ ဒါဟာ ဘဝရဲ့အဓိပ္ပါယ်အားလုံးပဲလား။

သူသည် လိုချင်တပ်မက်မှုအောက်၌ ကျရောက်သွားသည်။ ဤအရာသည် အပြစ်ဖြစ်သည်။ မတရားသောမေထုန်ဖြစ်သည်။ မလုပ်ရဟု သူ့အသိစိတ်က အကြိမ်ကြိမ်တားမြစ်သည်။ သူမကိုခေါ်ဆောင်ရန် အစေခံကျွန်များကို စေလွှတ်သောအခါ၌လည်းသူမသည် သစ္စာရှိသော စစ်သူကြီး၏ မိန်းမဖြစ်ကြောင်း သတိပေးလေသည်။

စိန်ခေါ်သံမြည်လာသည်။ မှားသည်၊ မှန်သည်ဟု ဆုံးဖြတ်ရန်မေးမြန်းခြင်းမရှိပါ။ အမှန်တရား၊ သင့်လျော်သည့်အတိုင်းလုပ်ဆောင်ရန် စိတ်ကောင်းရှိရန် သတိတရားက နှိုးဆော်သည်။ သို့သော် ဤမိန်းမကို ရရှိရန် ပြင်းပြသောဆန္ဒကြီး ဖြစ်လာသည်။ မိမိ၏သားဦးအရာကို ရောင်းစားခြင်းအရာပြုရန်ပင် မိမိလိုချင်သော အရာကို ရရှိရမည်။ ထိုအချိန်တောင့်တမှုမှလွဲ၍ မည်သည့်အရာမျှ အရေးမကြီးတော့ပါ။ သူသည် မိမိ၏မိသားစု၊ ပျော်ရွှင်မှုနှင့် နာမည်ကျော်ကြားမှုတို့ကို ခဏတာ စိတ်၏တပ်မက်ခြင်းနှင့် လဲလိုက်ပါသည်။

## ရှုံးသွပ်သောမှားယွင်းခြင်း

ထို့ကြောင့် သူသည် ရှုံးသွပ်သောမှားယွင်းခြင်းကို ကျူးလွန်ခဲ့သည်စိတ်၏ ပြင်းပြခြင်းသည် စင်ကြယ်ခြင်းကို ပျောက်ကွယ်စေသည်။ အကြောင်းရင်းကို စဉ်းစားခြင်းထက် ဇာတိအသွေးအသားတပ်မက်မှုသည် သူ့ကိုသာ၍ လွှမ်းမိုးသွား

သည်။ ခရစ်တော်မပါဘဲ ဧရပြည်ကို စိန်ခေါ်သကဲ့သို့ ဖြစ်သည်။

Alexander Maclaren က ''သူ၏ဖြောင့်မတ်ခြင်းကိုမေ့ပျောက်၊ ဘုရားသခင်၏ ကျွမ်းဝင်ပျော်ရွှင်မှုကို ပျောက်ကွယ်စေပြီး ဝိညာဉ်ကိုမှောင်မိုက်ထဲ ပို့ဆောင်သည်။ မိမိ၏ဘာသာနှင့်နာမည်ကို လှောင်ပြောင်သူဖြစ်သည်။ ရှင်ဘုရင် တစ်ပါးသည် ခြေဖဝါးအောက်မှာ သူများနင်းစရာဖြစ်လေပြီ။

သောကဲ့သို့ မိမိ၏သားဦးအရာကို စွပ်ပြုတ်တစ်ပွဲဖြင့် ရောင်းစား လိုက်သည်။

အပြစ်သည်အစ၌ကောင်းသောအရာကဲ့သို့ ဖြစ်သော်လည်း၊ အဆုံး၌ အလွန်ဆိုးရွားသည်။ သူသည် ညစ်ညမ်းခြင်းကိုခံစားစေသည်။ ဖုံးကွယ်နိုင်ရန် ကြိုး စားသည်။ သူသည်အပြစ်၏ ဝါးမျိုခြင်းခံရသည်။ အပြစ်၏ရလဒ်သည် ခါးသီးမှုကို ဖြစ်စေသည်။ လုံးဝဖုံးကွယ်နိုင်မည်ဟု ထင်သော်လည်း မရပါ။ သူသည် မိမိ၏သစ္စာ ရှိသော ဗိုလ်ချုပ်ကို စစ်မြေပြင်၊ ရန်သူများထပ်သောနေရာ၌ ထိုသူကို သေစေသည်။ လူတွေက မမွေးဖွားသေးသောကလေးကို ဗိုလ်ချုပ်၏ ကလေးဟုထင်ပြီး ဒါဝိဒ်သည် ဒီအပြစ်မှ ကင်းလွတ်မည်ဟု ခံယူထားသည်။

ရှင်ဘုရင်က မည်သူမျှသိမည်မဟုတ်ဟု ထင်ခဲ့သည်။ သို့သော် ဘုရား သခင်က သိပြီးဒေါသထွက်သည်။ ဘုရားသခင်က ဒါဝိဒ်ကိုချစ်ပြီး အထံတော်မှ ထွက်ခွာသွားရန် အလိုမရှိပါ။ ဘုရားသခင်သည် ဒါဝိဒ်ကို တစ်နှစ်အတွင်း အကြိမ် ကြိမ်သတိပေးခဲ့ပြီး ဒါဝိဒ်က မသိယောင်ဆောင်ပြီး ငြင်းပယ်ခဲ့သည်။ သူသည် အရှက်တရား၏ ဝါးမျိုခြင်းခံရသည်။

နောက်ဆုံးတွင် ဘုရားသခင်သည် ပရောဖက် Nathan ကို သူ့ထံသို့ စေလွှတ်သည်။ ချမ်းသာကြွယ်ဝသောသူတစ်ဦးသည် ဆင်းရဲသားတစ်ယောက်၏ တစ်ကောင်တည်း ပိုင်ဆိုင်သောသိုးကို လုယူသည်ဆိုသည့် ပုံဆောင်ချက်ဖြင့်



ပရောဖက် သူ့ထံရောက်ရှိသည်။ ဒါဝိဒ်သည် အလွန်ဒေါသထွက်ပြီး ထိုသူအား သေဒဏ်စတ်ခြင်းခံစေဟု ပြောကြားခဲ့သည်။

ဤအရာသည် ထောင်ချောက်ဖြစ်သည်။ ရှင်ဘုရင်သည် ထောင်ချောက် မိလေပြီ။ သူသည် အပြစ်ရှိသူပင်။ သူသည် သူတစ်ပါး၌ အပြစ်ကိုမြင်နိုင် ပြီး မိမိ၏အပြစ်ကိုတော့ မမြင်နိုင်ခဲ့ပါ။ သူ့ငွေးကို အပြစ်တင်ခြင်းသည် မိမိကိုယ်ကို အပြစ်တင်ခြင်း ဖြစ်သည်။ သူသည် စကားမပြောနိုင်ဘဲ မိမိကိုယ်ကိုလည်း ကာကွယ်မှုမပေးနိုင်ခဲ့ပါ။

## စစ်မှန်သောနောင်တ

နောက်ဆုံးတွင်မှ သူသည် ယုံကြည်သူစစ်မှန်သည့်အတွက် အပြစ်များ ကို မဖုံးနိုင်တော့ဘဲ ကြီးစွာသောနောင်တကို ရလေသည်။ သူသည် နောင်တရခြင်းဖြင့် ဘုရားသခင်ထံ ချဉ်းကပ်ခဲ့သည်။ သူ၏ နောင်တရခြင်းကို ကျွန်ုပ်တို့အတွက် ဆာလံ ၅၁ ၌ သိမ်းထားပေးပါသည်။ ဤအရာကို သင့်အတွက် စကားပြေပြန်ပါစေ။

ဂရုဏာတော်ရှင်၊ ကျွန်ုပ်ကို ဂရုဏာပြုမူပါ။ ကျွန်ုပ်သည် ဒဏ်စတ်ခြင်းကို ခံထိုက်ပါ၏။ ထို့ကြောင့် မေတ္တာတော်ရှင် အကျွန်ုပ်၏ဘုရား ကျွန်ုပ်ထိုက်တန်သည့် အတိုင်းအပြစ်မပေးရန် တောင်းပန်ပါသည်။ ကိုယ်တော်၏ မေတ္တာတော်သည် လုံလောက်လျက်ရှိသောကြောင့် ကိုယ်တော်၏သန့်ရှင်းသော ပညတ်တော်ကို ချိုး ဖောက်သော ကျွန်ုပ်၏အပြစ်များကို ခွင့်လွှတ်ရန် တောင်းပန်အပ်ပါသည်။

ကျွန်ုပ်မှားယွင်းစွာ ကျင်လည်ခဲ့မိသော ကြောက်မက်ဖွယ်လမ်းမှ စင်ကြယ်စေလျက် ဖြောင့်သောလမ်းသို့ ပို့ဆောင်ကာ သန့်ရှင်းစေတော်မူပါ။ အို ကျွန်ုပ်၏ဘုရားသခင် ကျွန်ုပ်သည် ကိုယ်တော်၏ပညတ်တော်ကို ပြစ်မှားမိကြောင်း လူထုရှေ့၌ ဝန်ခံပါသည်။ ကျွန်ုပ်၏ အပြစ်သည် လူထုရှေ့၌ဖြစ်ပြီး နောင်တရခြင်း

ကျင်သည် လိင်ကိစ္စကို စွဲလန်းလွယ်သော လောကကြီးဖြစ်သောကြောင့် ထိုထောင်ချောက်၌တိုးမိရန် အလွန်လွယ်ကူသည်။

……ꩰ……ꩰ……ꩰ……



၌ နူနာစွဲသူဖြစ်ပါ၏။ ''ကျွန်ုပ်ကိုဆေးကြောပြီး စင်ကြယ်စေတော်မူပါ။ သို့မှသာ နှင်းပွင့်ထက်သာ၍ ဖြူစင်ပါမည်။

ကျွန်ုပ်သည် ပြစ်မှားသောအရာ ကျွန်ုပ်၏သိချင်းများ ကွယ်ပျောက်သွားကြသည်။ ကျွန်ုပ်သည် စစ်မှန်သော ငြိမ်သက်ခြင်းနှင့် ပျော်ရွှင်မှုကို သိရှိကတည်းက ဖြစ်သည်။ ကျွန်ုပ်ကျဆုံးသောအချိန်၌ ကိုယ်တော်သည် ကျွန်ုပ်၏အကျိုးများကို ချိုးခြင်းအားဖြင့် ကျွန်ုပ်ကိုဒုက္ခိတ ဖြစ်စေခဲ့ပြီ။ ကိုယ်တော်၏ သန့်ရှင်းသောပွဲတော်၌ ကျွန်ုပ်လာခြင်းငှာ မစွမ်းတော့ပါ။ ပျော်ရွှင်ဝမ်းမြောက်မှုကို ကျွန်ုပ်ပြန်လည်ကြားပါရစေ။ ကျွန်ုပ်၏အနာများကို ကုသပေးသနားတော်မူပါ။ ကိုယ်တော့်လူများသည် နာမတော်ချီးမွမ်းခြင်း၌ ကျွန်ုပ်ကခုန်ရပါမည်။

အို ဘုရားသခင် စီရင်ခြင်းနှင့် အပြစ်ပေးခြင်း၌ ကျွန်ုပ်အပြစ်ကြည့်ရှုခြင်းမှ မျက်နှာတော်လွှဲတော်မူရန် တောင်းပန်အပ်ပါသည်။ ကျွန်ုပ်၏ မရေတွက်နိုင်သောအပြစ်များကို ဖြေလွှတ်ပေးသနားတော်မူပါ။ ထိုအရာများကို ပြန်စဉ်းစားမိတိုင်း အကျွန်ုပ်နာကျင်လှပါ၏။

ပြန်လည်ကြည့်သောအခါ ကျွန်ုပ်၏ပြဿနာအားလုံးသည် စိတ်ထဲ၌ စတင် သည်။ ကျွန်ုပ်၏ အသက်တာသည် ယိုယွင်းပါသည်။ ကျွန်ုပ်သည် အပြစ်ကျူး လွန်မိသည်အထိ မကောင်းသောအတွေးအခေါ်၌သာ ပျော်မွေ့သည်။ ယခု ကျွန်ုပ်အထဲ၌ သန့်ရှင်းသောနှလုံးသားကို ထည့်သွင်းပေးပါ။ စင်ကြယ်စေလျှက် စီးဆင်းသောရေများ သန့်ရှင်းမည်ဟု ကျွန်ုပ်သိပါသည်။ ကိုယ်တော် ကျွန်ုပ်၏ အတွင်းပိုင်းတစ်ခုလုံးကို သန့်ရှင်းစေတော်မူပါ။ သို့မှသာလျှင် အနာဂတ်၌ အပြစ်၏ သွေးဆောင်ခြင်းကို ဆန့်ကျင်နိုင်ပါမည်။

ကိုယ်တော် ကျွန်ုပ်ကို လက်လျှော့တော်မမူပါနဲ့။ မျက်မှောက်တော်မှ ငြင်းထုတ်မမူပါနဲ့။ အထံတော်မှ ဝေးကွာရန် အကျွန်ုပ်မတွေးဝံ့ပါ။ ကိုယ်တော့်

ဝိညာဉ်တော်ကို ရုပ်သိမ်းတော်မမူပါနှင့်။ ကျွန်ုပ်အသက်ရှင်သော ခေတ်ကာလ၌ လူတို့သည် ကိုယ်တော့်ကို ပြစ်မှားသောအခါ ကိုယ်တော်သည် ထိုသူတို့ထံမှ ဝိညာဉ် တော်ကို ရုပ်သိမ်းလျက်ရှိသည်။ ဤအမှုကို ရှောလုထံပြခဲ့ပါသည်။ (၁ ဓမ္မ ၁၆း၄)။ အကျိုးရလဒ်ကို ကျွန်ုပ်မတွေးဝံ့ပါ။ ကိုယ်တော်ရှင် ဤအမှု၌ အကျွန်ုပ်ကို သနားတော်မူပါ။

ကျွန်ုပ်ဆိုခဲ့ပြီးသကဲ့သို့ ကျွန်ုပ်၏ သီချင်းများပျောက်ကွယ်ခဲ့ပြီ။ ကျွန်ုပ်၏ ဝိညာဉ် ကျွန်ုပ်၏သီချင်း၊ ကျွန်ုပ်၏ ဝမ်းမြောက်ခြင်းများ ကွယ်ပျောက်ပါပြီ။ ယခု ကျွန်ုပ်သည် နောင်တရခြင်း၊ ဝန်ခံခြင်းနှင့် အပြစ်ကိုငြင်းပယ်ရန် အထံတော်သို့ လာပါ၏။ ကယ်တင်ခြင်းကြောင့် ဝမ်းမြောက်ခြင်းကို ပြန်ပေးသနားတော်မူပါ။ ကိုယ်တော်သည် ကျွန်ုပ်ကို ဆန္ဒပြင်းပြသောသဘောဖြင့် ကိုင်တွယ်တော်မူပါ။ အရာခပ်သိမ်း၌ ကိုယ်တော့်ကိုသနားခံပြီး ကိုယ်တော့်အလိုအတိုင်းအသက်ရှင်စေမူပါ။ ထိုမှသာ ဖြောင့်မတ်ခြင်းလမ်းထဲ၌ တည်မြဲပါမည်။

ကျွန်ုပ်၏ အပြစ်လွှတ်ခြင်းနှင့် ငြိမ်သက်ခြင်းနည်းလမ်းကို သူတစ်ပါး အား ပြောပြပြီး အပြစ်ကျူးလွန်သောအခြားသူများထံ သက်သေခံပါမည်။ ထိုသူတို့ သည် ကျွန်ုပ်၌ ကိုယ်တော်ပြုသောအမှုများကို ကြားသိသောအခါ သူတို့သည်လည်း ကိုယ်တော့်ထံလာကြလိမ့်မည်။

ထို့နောက် ကိုယ်တော်သည် အသွေးမကင်းသော ကျွန်ုပ်၏ညစ်ညူးခြင်း မှ ကယ်လွှတ်တော်မူလျှင် လောကကြီးတစ်ခုလုံးသည် ကိုယ်တော်ကယ်လွှတ်ခြင်း အကြောင်း ကျွန်ုပ်သက်သေခံခြင်းကို ကြားသိကြပါမည်။ Uriah အသွေး၏ အပြစ် သည် အကျွန်ုပ်၌ လေးလံလှပါပြီ။ အို အကျွန်ုပ်၏ ကယ်တင်ခြင်းဘုရားသခင် အကျွန်ုပ်ကို စင်ကြယ်စေပါ။ ကိုယ်တော့်ကို အကျွန်ုပ်အစဉ် ချီးမွမ်းပါမည်။

ကျွန်ုပ်၏နှုတ်သည် ကျွန်ုပ်အပြစ်တံဆိပ်ခတ်နှိပ်ခဲ့သည်။ ကိုယ်တော်ခွင့် လွှတ်ခြင်းနှင့် ထိုအရာများကို ဖွင့်ပြမူပြီး ကိုယ်တော်အား ထောမနာသီချင်းဆိုရန် ကျွန်ုပ်၏နှုတ်ကို အမြဲတမ်း ဆက်ကပ်ပါမည်။

ကိုယ်တော်၊ ကျွန်ုပ်သည် အပြစ်လွှတ်ခြင်းရရန် ပွဲသဘင်နှင့် လုပ်ထုံး လုပ်နည်းများကို မကိုးစားပါ။ ကိုယ်တော်သည် ထုံးတမ်းစဉ်လာသမားမဟုတ် ကြောင်း ကျွန်ုပ်သိပါ၏။ ကိုယ်တော်သည် တိရိစ္ဆာန်ပူဇော်ခြင်းအလိုရှိလျှင် ကျွန်ုပ် ပူဇော်ပါလိမ့်မည်။ သို့သော် ယဇ်ပူဇော်ခြင်းသည် နှလုံးတော်ကိုမတို့ထိပါ။ ကိုယ် တော်သည် ယဇ်ပူဇော်ခြင်းနှင့် အလှူဒါနပြုခြင်းကို အစပြုခဲ့သော်လည်း ထိုအရာ သည် ကိုယ်တော့်အလိုကို ဘယ်တော့မှ ပုံဆောင်ခြင်းမရှိပါ။ ထို့ကြောင့် ကြေကွဲ သောနှလုံးသားဖြင့် အထံတော်သို့ တိုးဝင်ပါ၏။ ထိုအရာသည် ကိုယ်တော်တောင်း ဆိုသော ယဇ်ပူဇော်ခြင်းပင်ဖြစ်သည်။ ကိုယ်တော့်ထံ ကျွန်ုပ်ဆက်သသော ကြေကွဲ သောနှလုံးသားကို ကိုယ်တော်လိုက်ခံပေးတော်မူပါ။

ယခုအချိန်၌ ကိုယ်တော်ကျွန်ုပ်သည် သူတစ်ပါးအတွက်ရော မိမိကိုယ် တိုင်အတွက်ပါ ဆုတောင်းလိုပါသည်။ ကောင်းသောအရာအားဖြင့် သွန်းလောင်း တော်မူပါ။ ယေရုရှလင်နံရံကို ပြန်လည်တည်ဆောက်တော်မူပါ။ ကိုယ်တော်လုပ် ငန်းကို ကျွန်ုပ်၏အပြစ်များက တားဆီးခဲ့မိပါပြီ။ ကျွန်ုပ်သည် နာမတော်ကို ရှုတ်ချ မိခဲ့ပါပြီ။ ယခုအခါ ကိုယ်တော့်အကြံတော်များကို အတားအဆီးမဲ့ စီးဆင်းစေမူပါ။

ကျွန်ုပ်တို့အားလုံးသည် ကိုယ်တော်ဖြင့် မိတ်သဟာယဖွဲ့ခြင်း၌ လျှောက် လှမ်းသောအခါ အပြစ်များကို စွန့်လွှတ်ဝန်ခံသောအခါ ကိုယ်တော်သည် ကျွန်ုပ်တို့၏ ဖြောင့်မတ်ခြင်းယဇ်ကို လက်ခံတော်မူလိမ့်မည်။ ကိုယ်တော်၌ လုံးဝအပ်နှံခြင်း၊ ယဇ်ပူဇော်ခြင်းသည် ကိုယ်တော့်နှလုံးတော်ကို မြင်တွေ့ပါစေ။ ကျွန်ုပ်တို့သည် ယဇ်ပလ္လင်ရှေ့၌ ကျွန်ုပ်အသက်ကို ပူဇော်ပါ၏။ အပြစ်ကို နားလည် ခွင့်လွှတ်နိုင်ရန် ဘုရားသခင်ထံသို့ ဤယဇ်ကို ပူဇော်ပါသည်။

ဤအရာသည် လိင်တူဆက်ဆံခြင်းအပါအဝင် လိင်ကိစ္စဖြင့် ပတ်သက် သောအပြစ်တရားကို ဆင်ခြင်ရန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ နေထိုင်သော ပတ်ဝန်း

## ဝတ္တရားကျော်လွှန်ခြင်း

လူသားများသည် မိမိတို့၏ မနာခံမှုကို ဖုံးကွယ်ရန် (သို့) ဝတ္တရားမှ လွတ်မြောက်ရန် ကျိုးကြောင်းဆက်စပ်နိုင်သောနည်းလမ်းများ ရှာဖွေကြသည်။ မိမိတို့၏ လွတ်လပ်သောအချစ်၊ မင်္ဂလာဆောင်ခြင်းမရှိဘဲ အတူတကွနေထိုင်ခြင်းကို အတည်ပြုရန် ကျမ်းစာကို မိမိတို့နှစ်သက်သည့်အတိုင်း ပြန်ဆိုကြသည်။ Shuck Swinddl မှ ''သူတို့၏ ဆီလျော်သောခံယူချက်'' ဟု စာရင်းပြုလုပ်ကာ ဖော်ပြထားပါသည်။

- ဘုရားသခင်က ငါ့ကိုပျော်စေချင်တယ်။ သူမနဲ့လက်ထပ်တာ ငါမပျော်ဘူး။ ငါသူမကို ထားခဲ့လိုက်မယ် ဘုရားသခင်က ငါ့ကိုနားလည်ပေးမှာပါ။
- ဒီလိုကိစ္စကို ကိုယ်ကျင့်တရားပျက်ပြားခြင်းလို့ သတ်မှတ်တဲ့အချိန်တော့ရှိလိမ့်မယ်။ ဒါပေမယ့် ဒီနေ့မဟုတ်ဘူး။ ဘုရားသခင်က ဒီဆန္ဒကို ငါ့ကိုပေးတာပဲ။ ပြီးတော့ ငါ့ကိုပျော်ရွှင်စေချင်တယ်။
- ကြည့်စမ်း၊ ပြည့်စုံတဲ့လူသားတစ်ယောက်မှမရှိဘူး။ ငါထင်ထားတာထက်ပိုပိုနက်နဲတာပဲ။ သေချာတယ်။ သံသယရှိဖွယ်ပဲ။ ဒါပေမယ့် ကျေးဇူးတော်က ဘာအတွက်လဲ။
- ငါလား၊ သူ့ကိုခွင့်လွှတ်ဖို့ တောင်းမှာပေါ့။ ဒီအရာတွေထက် ဘုရားသခင်နဲ့ ငါ့ဆက်သွယ်မှု ပိုနက်နဲပါတယ်။
- ဟော့ . . . အဲဒါကောင်းရင် လုပ်လိုက်ပေါ့။ ငါတို့တွေ ပညတ်အောက်မှာ မနေတော့ဘူး။ သိလား။
- ဘဝမှာ ကစားစရာ၊ ပျော်စရာ၊ ထိတ်လန့်စရာတွေမရှိရင်တော့



# အခန်း (၁၄)
## ကိုယ်ကျင့်တရား စင်ကြယ်ခြင်း

စာတန်၏ ဝါကြွားစရာဖြစ်သောအောင်မြင်မှုရရှိသည့် စစ်မြေပြင်သည် မည်သည့် နေရာနည်း။ သမ္မာကျမ်းစာနှင့် အသင်းတော်သမိုင်း၏ ဖော်ပြသောအဖြေသည် ''လိင်ကိစ္စ'' ပင် ဖြစ်သည်။ လိင်ကိစ္စ၌ ကိုယ်ကျင့်တရားပျက်ပြားခြင်းသည် စာတန်၏ အကောင်းဆုံးလက်နက်တစ်ခုဖြစ်သည်။ ဒါဝိဒ်နှင့် ရှောလမုန်တို့သည် မိမိကိုယ်ကို မထိန်းချုပ်နိုင်ဘဲ ထောင်ချောက်ထဲကျရောက်သူများ၏ ဥပမာဖြစ်လာပေသည်။ ထို့နောက် ခရစ်ယာန်ခေါင်းဆောင်များစွာတို့သည် မိမိကိုယ်ကို ထိန်းချုပ်ခြင်း၌ကျဆုံးပြီး တရားမဝင်သော လိင်ဆက်ဆံခြင်း၌ ပါဝင်ကာ ယုံကြည်ခြင်းသဘော ပျက်ကြသည်။ အမှုတော်ဆောင်ခြင်းဖြင့် ပတ်သက်၍ စင်ကြယ်ခြင်းကို ကိုယ်ကျင့် တရားပျက်ပြားသောသူများနှင့် တိုင်းတာလေ့ရှိသည်။ ဤအရာသည် ကိုယ်ကျင့်တရားနှင့်ပတ်သက်၍ ကျမ်းစာရှုထောင့်မှ ကြည့်မြင်ရန် အရေးကြီးသော အကြောင်းရင်းဖြစ်လာသည်။

ဘုရားသခင်သည် ကျွန်ုပ်အထဲ၌ ပြင်းပြမှုများ၊ ဆန္ဒများထားရှိရာ လိင်စိတ်သည် ပြင်းပြမှုများစွာထဲမှ ဆန္ဒတစ်ခုသာဖြစ်သည် ဤဆန္ဒသည် ဘုရားသခင်၏ ဆုကျေးဇူးဖြစ်ပြီး အခြားသောဆုကျေးဇူးများကဲ့သို့ ကောင်းသောအရာဖြစ်သည်။

ဘုရားသခင်၏ ဆုကျေးဇူးများကို ကောင်းမွန်စွာအသုံးပြု၍ရသကဲ့သို့ အလွဲသုံးစားမှုများဖြစ်နိုင်သည်။ မီးနှင့်ရေသည် သင့်လျော်စွာအသုံးပြုသောအခါ အလွန်အကျိုးရှိသည်။ သို့သော် ထိန်းချုပ်မှုကင်းမဲ့သောအခါ ပျက်စီးခြင်းဖြစ်စေသည်။

လိင်ကိစ္စသင့်လျော်စွာပြုမူခြင်းသည် ထိမ်းမြားခြင်းအတွင်း၌သာ ဖြစ်သည်။ ဤအရာသည်လူသားများအတွက် အလွန်အရေးကြီးသော ဘုရားသခင် ရစ်ပတ်ပေးသည့် ပညတ်တစ်ခုပင်ဖြစ်သည်။ ဤအရာသည် လူသားများ၏ခန္ဓာ၊ စိတ်၊ ဝိညာဉ်ကောင်းစားရန် ထားရှိသော ကြင်နာခြင်းပညတ်ပင်။

လက်ထပ်ထိမ်းမြားခြင်းကို အစပြုသောသူသည် ဘုရားသခင်ဖြစ်သည် (ကမ္ဘာ ၂း၁၈)။ ဘုရားသခင် ဤအရာကိုအစပြုသောအချိန်၌ လောကတွင် အပြစ် မဝင်ရောက်သေးပါ။ ''ခပ်သိမ်းသော သူတို့၌ မင်္ဂလာဆောင်ခြင်းအမှုနှင့် သစ္စာသံဝါသပြုခြင်းအမှုသည် အသရေရှိစေ လော့'' (ဟေဗြဲ၁၃း၄)။

ယေဘုယျအားဖြင့်ဆိုသော် ထိမ်းမြားခြင်းသည် လူသားများအတွက် ဘုရားသခင်၏ အလိုတော်ဖြစ်သည်။ ဘုရားသခင်၏အလိုတော်သည် တစ်လင်တစ် မယားစနစ်ဖြစ်သည် (ကမ္ဘာ ၂း၂၄၊ မဿဲ ၁၉း၅၊၆၊ ဧဖက် ၅း၂၂–၃၃)။ ဘုရား သခင်၏အလိုတော်သည် ထာဝရအတွက်ဖြစ်ပြီး လင်မယားနှစ်ဦးလုံးအသက်ရှင် သည့်ကာလပတ်လုံး မခွဲခွာရပါ။ ဤအရာသည် လူသားတိုင်းအတွက်ဖြစ်ပြီး ယုံကြည်သူများအတွက်သာအဓိကဖြစ်သည်။ သို့သော်လည်း ကာနမြို့ရှိ မင်္ဂလာ ဆောင်ပွဲ၌ ခရစ်တော်ကိုယ်တိုင်သွားရောက်စင်ကြယ်စေကြောင်း တွေ့ရှိရပါသည် (ယော ၂း၁–၁၁)။ ပေါလုကလည်း ဤအရာသည် ခရစ်တော်နှင့်အသင်းတော်၏ ဆက်နွယ်ခြင်းပုံ ဆောင်သည်ဟု သွန်သင်ခဲ့သည် (ဧဖက် ၅း၂၂–၃၃)။

## တစ်ခုတည်းသော သင့်လျော်သည့်လိင်ကျင့်ဝတ်

ထိမ်းမြားခြင်းဘောင်အတွင်း ပြုမူသောလိင်ဆက်ဆံခြင်းသည် ပျော်ရွှင် မှုနှင့် ကျေနပ်ရောင့်ရဲမှုဖြစ်စေပြီး ထိမ်းမြားခြင်းပြင်ပ၌ဆက်ဆံခြင်းသည် မိမိကိုယ် ကို ဖျက်ဆီးခြင်းဖြစ်သည်။ ''လူပြုတတ်သောအခြား ဒုစရိုက်ရှိသမျှတို့သည် ကိုယ်ပြင်၌ ရှိ၏။ မတရားသော မေထုန်ကိုပြုသောသူမူကား၊ မိမိကိုယ်ကိုပင် ပြစ်မှား၏'' (၁ ကော ၆း၁၈ခ)။



ထိမ်းမြားခြင်း၌ မင်္ဂလာဆောင်ပွဲကျင်းပခြင်းသည် အရေးမကြီးပါ ဆိုပြီး သွန်သင်သည့် ဆရာသမားတွေ ရှိကြပါသည်။ လူနှစ်ဦးအပြန်အလှန်ချစ်ကြလျှင် အတူတကွနေနိုင်ပြီး ဤအရာကို ဘုရားသခင်က ထိမ်းမြားခြင်းကဲ့သို့ သတ်မှတ် သည်ဟု ဆိုတတ်ကြ သည်။ မင်္ဂလာဆောင်ခြင်းသည် ကောင်းကင်ဘုံ၌ ကျင်းပပေးမည်ဟု ပြောဆိုကြသည်။

သို့သော် သမ္မာကျမ်းစာ၌ ဤသို့ မသွန်သင်ပါ။ ဣဇက်သည် ရေဗက္ကကို ထိမ်းမြားသောအခါ ပွဲကျင်းပကြောင်း တွေ့ရပါသည်။ (ကမ္ဘာ ၂၄း၅၃–၅၈)။ ရေဗက္ကကိုခေါ်၍ သင်သည် ဤလူနှင့်အတူ ယခုလိုက်မည်လောဟု မေးသောအခါ အကျွန်ုပ်လိုက်ပါမည်ဟုဆို၏'' မင်္ဂလာဆောင်ပွဲ၌ ရွှေ၊ ငွေ၊ အဖိုးတန်ရတနာများ နှင့် အဝတ်အစားများ ပါဝင်သည်။

ဘုရားသခင်သည် သူ၏ ဣသရေလများထံ လက်ထပ်ခြင်း၌ ပဋိညာဉ် ပါဝင်ကြောင်းဖော်ပြသည် (ယေဇကျေ ၁၆း၈ခ၊ မာလခိ ၂း၁၄ခ)။

ဂါလိလဲပြည် ကာနမင်္ဂလာဆောင်ခြင်း၌ ပွဲလမ်းသဘင်ပါဝင်ပြီး (မဿဲ ၂၂း၁–၄၊ လုကာ ၁၄း၈) (၇) ရက်မှ (၁၄) ရက်အတွင်းကြာစွာ ဧည့်ခံပြုစုရသည် (မဿဲ ၂၂း၁၂)။

တစ်လင်တစ်မယားစနစ်သည် လူသားများအတွက် ဘုရားသခင်၏ အလိုတော်ဖြစ်နေခဲ့သည်။ ကျမ်းစာထဲ၌ မိန်းမများယူခြင်းနှင့် အခြားသော မင်္ဂလာဆောင်ခြင်းဖြင့် ပတ်သက်သည့်မကောင်းသောအရာများကို ဖော်ပြထားပါ သည်။ ဤကဲ့သို့ ဖော်ပြထားသော်လည်း အတည်ပြုခြင်းမရှိခဲ့ပါ။ ဘုရားသခင်၏ အလိုတော်သည် လူသားများမှ မကောင်းမှုမှန်သမျှကို ရှောင်ကြဉ်ရန်ဖြစ်သည် (၁ သက် ၅း၂၂)။

အခြားသူများ၏ ကျဆုံးခြင်းကို ဟန့်တားရန် ဖော်ပြလျက်ရှိသည်။

ဤကဲ့သို့ စင်ကြယ်ခြင်းလမ်းမကြီးပေါ်မှ ကျဆင်းသွားသူများကို ဖော်ပြသောအခါ "လူအချို့ကျဆုံးပြီး အချို့မကျဆုံးတာလဲ" ဟု အံ့သြရန် မဟုတ်ပါ။ ကျဆုံးခြင်းမရှိသောသူများသည် မိမိတို့၏ရပ်တည်မှုသည် ဘုရားသခင်၏ ကျေးဇူးတော်ကြောင့်သာလျှင်ဖြစ်ကြောင်း သိရှိရန်ဖြစ်သည်။ သူတို့သည် မိမိတို့၏ ကိုယ်ပိုင်ခွန်အားဖြင့်စုံစမ်းခြင်းကို မတွန်းလှန်နိုင်ကြောင်း ခံစားပါသည်။

လူတစ်ချို့သည် အခြားသူများထက်သာ၍ ကြီးမားသောစုံစမ်းခြင်း ခံရသည်ဟု ဝန်ခံရပါမည်။ ဝိညာဉ်တိုက်ပွဲ၏ ရှေ့တန်း၌ရပ်တည်သောသူများသည် စာတန်၏အထူးပစ်မှတ်ဖြစ်သည်။ ကိုယ်ကာယလှပပြီး ပါရမီရှိသောသူ၊ ခွေးထွေးပြီးဆွဲဆောင်မှုရှိသောသူများသည် သူတစ်ပါးမသိသည့် တိုက်ခိုက်မှုများဖြင့် ရင်ဆိုင်နေရသည်။

လူအချို့သည် အခြားသောယုံကြည်သူများ၏ ဆုတောင်းပေးခြင်းဖြစ်သည့် ကြီးမားသောကောင်းကြီးမင်္ဂလာ မခံစားကြပါ။

သို့သော် ယုံကြည်သူတိုင်းသည် အန္တရာယ်နှင့်ရင်ဆိုင်နေရပြီး သာ၍ကြီးမားသောအန္တရာယ်ဖြင့် ရင်ဆိုင်နေရသူများရှိသည်။ ဤအရာကို အမြဲတမ်းသတိရှိရန် လိုအပ်ပါသည်။

ဆုမတောင်းသောအသက်တာ ကိုယ်တော်ထံမှလာသော တန်ခိုးတော်ကျွန်ုပ်တို့အတွက် အမြဲတမ်းလိုအပ်ကြောင်း သတိမဲ့လျှင် အလွန်ပင်ကြောက်မက်ဖွယ်ကောင်းလှပါသည်။ ကျွန်ုပ်တို့၏ အပြစ်ထဲ၌ ကျရောက်လွယ်ခြင်းနှင့် အချိန်တိုင်း၌ သခင်ဘုရား၌တွယ်ကပ်ရန်လိုအပ်ကြောင်း သိရှိရန် အလွန်အရေးကြီးလှပါသည်။

နှုတ်ကပတ်တော်ကို လျစ်လျူရှုခြင်း၊ ကျမ်းစာမဖတ်ဘဲနေခြင်းသည် တစ်ဦးကိုတစ်ဦးခွန်အားပေးခြင်း၊ တိုက်တွန်းခြင်းနှင့် သတိပေးခြင်းတို့မှ ဝေးကွာ



ဘာလုပ်တော့မှာလဲ။ "မလုပ်ရဲ" ဘူးဆိုပြီး တားမြစ်တာအားလုံးက စစ်မှန်တဲ့အရာမှ မဟုတ်တာ။

**အချက်များအနက် အောက်ပါအချက်များ ထပ်ဖြည့်၍ရသည်။**

- မေတ္တာမှာ လုပ်ဆောင်သရွေ့ကောင်းပါတယ်။
- ငါတို့တတွေအလင်းရပြီဘဲ။ အမှောင်ထုရဲ့ ချည်နှောင်ခြင်းအောက်မှာ မရှိတော့ဘူး။
- ငါ့ရဲ့ သြတ္တပစိတ်ကို ဘာဖြစ်လို့ မဆုံးဖြတ်ခိုင်းရမှာလဲ။
- လူတွေအားလုံးလုပ်နေတာပဲ ဘာလို့ငါ့ကျမှ မလုပ်ရမှာလဲ။

ဤအကြောင်းပြချက်အားလုံးအစား၊ လိင်ကျင့်ဝတ်ကျူးကျော်ခြင်း၊ တားမြစ်ထားဆဲ (၁ သက် ၄း၃)။ ဤအရာ၏ အကျိုးဆက်ဖြစ်ပျက်နေဆဲ။ စိုက်သည့်အတိုင်း ရိတ်ရမည်ဆိုသည့် ကျမ်းစကား (ဂလာတိ ၆း၇)။ မှန်ကန်နေဆဲဖြစ်သည်။ မိုက်မဲသူ၏ လမ်းခရီးကြမ်းတမ်းတာ မှန်ကန်နေဆဲဖြစ်သည် (သုတ္တံ ၁၃း၁၅ခ)။ မတရားသော မေထုန်၌ ကျင်လည်သောသူများကို ဘုရားသခင်ဒဏ်ခတ်နေဆဲဖြစ်သည် (ဟေဗြဲ ၁၃း၄ခ)။ လိင်ကိစ္စ၌ ကိုယ်ကျင့်တရားပျက်ပြားသူ ကောင်းကင်နိုင်ငံဝင်စားခြင်းမရှိကြောင်း မှန်ကန်နေဆဲ ဖြစ်သည် (၁ ကော ၆း၉–၁၀)။ ထိုသူတို့သည် ငရဲမီးအိုင်ထဲ၌ ချပစ်ခြင်းခံရမည်။ (ဗျာ ၂၁း၈)

မိမိတို့၏ အကာအကွယ်များအစား လူသားများသည် မစင်ကြယ်ခြင်းနှင့် ပြစ်မှားခြင်းခံစားမှုမှ မလွတ်မြောက်နိုင်။ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာပျက်စီးခြင်းကို ရှောင်၍မရပါ (ရောမ ၁း၂၇၊ ၁ ကော ၆း၁၈)။ ဆေးပညာသည် အလွန်ပင် ထက်မြတ်သော်လည်း ရောဂါများသည် ထိုသူတို့အား ထိခိုက်နေဆဲဖြစ်သည်။

သို့သော် ဤအရာသည် ဖြစ်ရပ်၏ အဆုံးမဟုတ်ပါ။ လူသားများ ကျဆုံးသော်လည်း ဘုရားသခင်သည် သူတို့အား မပစ်ပယ်ပါ။ ထိုသူသည် မယုံကြည်သူဖြစ်လျှင် အပြစ်ကိုနောင်တရလျှက် ယေရှုခရစ်တော်အား မိမိ၏အရှင်သခင်နှင့် ကယ်တင်ပိုင်ရှင်အဖြစ် ကိုးစားနိုင်သည်။

ထို့နောက် ဘုရားသခင်သည် ထိုသူ၏အပြစ်အားလုံးကို ယူဆောင်ကြောင်း သိရှိနိုင်သည်။ ဘုရားသခင်သည် ခွင့်လွှတ်ပြီး မေ့ပျောက်သည်။ အမှုပြီး၏။

ထိုသူသည် ယုံကြည်သူဖြစ်လျှင် မိမိအပြစ်ကိုဝန်ခံပြီး စွန့်လွှတ်ရမည်။ ထို့နောက် မိမိသည် ခွင့်လွှတ်ခြင်းရရှိကြောင်း အပြည့်အဝယုံကြည်စိတ်ချရမည်။ ဘုရားသခင်သည် ခွင့်လွှတ်ရန် သစ္စာရှိပြီး ဖြောင့်မတ်သည်။ ဘုရားသခင်သည် မိမိကတိ၌ သစ္စာတည်သည်။ ဘုရားသခင်မှ ဖြောင့်မတ်စွာ ခွင့်လွှတ်နိုင်သည်။ အဘယ့်ကြောင့်ဆိုသော် ကယ်တင်ရှင်မှ အဖိုးအခကိုပေးခဲ့ပြီး ''ငါ့ စာရင်းထဲမှာ ထည့်လိုက်ပါ'' ဟု ပြောဆိုခဲ့သည်။

## ကွာရှင်းခြင်း

သို့သော် လက်ထပ်ထိမ်းမြားခြင်းအတွင်း၌ တက်ကြွမှုကုန်ဆုံးခဲ့သော်၊ မည်သို့လုပ်ဆောင်ရမည်နည်း။ သေချာပါသည်။ ဘုရားသခင်သည် ဤအရေးကြီးသော လူ့ဘဝကဏ္ဍကို ပျော်ရွှင်မှုကင်းမဲ့စွာ ရင်ဆိုင်ရန်အလိုမရှိပါ။ လူသားများ၏ အကြောင်းပြချက်သည် မိမိတို့၏ ငြီးငွေ့ခြင်းကြောင့် ကွာရှင်းခြင်းကို အလွယ်တကူ ပြုတတ်ကြသည်။ လူသားများမှ မိမိတို့ နှစ်သက်သကဲ့သို့ အကြောင်းပြကြသော်လည်း နှုတ်ကပတ်တော်၌ လွတ်မြောက်ရန် နည်းလမ်းမရှိပါ။ ကျမ်းစာ၌ အတိအလင်းသွန်သင်ထားသည်မှာ တစ်လင်တစ်မယားစနစ် ကျင့်သုံးရန်ဖြစ်ပြီး သေခြင်းတရားမှလွဲ၍ မခွဲခွာရပါ။ ယုံကြည်သူတိုင်းသည် အလိုတော်အတိုင်း လုပ်ဆောင်လျက် လူသားများ၏ အတွေးအခေါ်၊ လူမှုပတ်ဝန်းကျင်၏ ထုံးတမ်းစဉ်လာအရ အခြားသော ပုဂ္ဂိုလ်အားသာ၍ စွဲမက်စရာရှိလျှင်လည်းကောင်း၊ ကြီးမား



သော ပြဿနာဖြင့် ရင်ဆိုင်လျှင်လည်းကောင်း၊ ကွာရှင်းနိုင်သည်ဟူသော ခံယူချက်ကို ရှောင်ကြဉ်ရပါမည်။

## လိင်ကိစ္စ၌ ရှက်ဖွယ်ကောင်းသောလုပ်ဆောင်မှု

လွန်ခဲ့သောနှစ်အနည်းငယ်၌ အမေရိကန်နိုင်ငံရှိ နာမည်ကြီးသော အသင်းတော်ခေါင်းဆောင်အပါအဝင် ရှက်ဖွယ်ကောင်းသော လုပ်ဆောင်မှုများဖြင့် လုံးပန်းနေရသည်။ လွန်ခဲ့သည့် (၁၁) နှစ်က နာမည်ကြီး TV ဧဝံဂေလိဆရာတစ်ပါးသည် လိင်ကျင့်ဝတ်ကျူးကျော်နေကြောင်း ဖော်ထုတ်ခံရသည်။ အနာဂတ္တိကျမ်းဖြင့် ပတ်သက်သည့်စာရေးဆရာတစ်ဦးသည် အခြားသောအမျိုးသမီးတစ်ဦးအတွက် မိမိမယားကို စွန့်လွှတ်ခဲ့သည်။

အိမ်ထောင်ရေးပြဿနာဖြေရှင်းခြင်းနှင့်ပတ်သက်သည့် ထင်ရှားသော စာရေးဆရာမနှင့် ကတိကဖြစ်သူတစ်ဦးသည် အခြားလူတစ်ဦးကိုလက်ထပ်ရန် မိမိလင်ယောကျ်ားကို စွန့်ပစ်ခဲ့သည်။ ကျောင်းသားအဖွဲ့အစည်းတစ်ခု၏ ဦးဆောင်သူသည် လွန်ခဲ့သည့် (၃) နှစ်ခန့်၌ မသင့်လျော်သည့် ဆက်စပ်မှုကြောင့် အနားယူရသည်။ ဤသို့ စိတ်အားငယ်မှု ကြီးထွားလာသည်။

ယုံကြည်သူများ၏ ယေဘုယျတုံ့ပြန်မှုသည် ရှက်ဖွယ်သောကျင့်ဝတ်များကို ငြင်သာစွာ ဖယ်ရှားပေးရန်ဖြစ်သည်။ ဤအရာသည် နားလည်ပေးနိုင်သော အရာဖြစ်သည်။ လူတစ်ချို့သည် ဤကဲ့သို့ပြောဆိုခြင်းကို အတင်းပြောခြင်းဟု ယူဆကြသည်။ ဤအရာသည်လည်း နားလည်ပေးနိုင်သောအရာဖြစ်သည်။ သို့သော် အခြားသောရှုထောင့်တစ်ခုရှိသေးသည်။ ကိုယ်ကျင့်တရားပျက်ပြားခြင်းကို အမြဲတမ်းဖုံးကွယ်ပေးခြင်းအားဖြင့် အသင်းတော်ကို ထိခိုက်နစ်နာစေသည့် လုပ်ရပ်ပင်ဖြစ်နိုင်သည်။ ဤထိတ်လန့်ကြောက်ရွံ့မှုဖြင့် ပတ်သက်သည့်အရာများ အကျယ်တပြန့်ကြေငြာလျှင် (အမည်များ ဖော်ပြခြင်းမပါဘဲ) ထိုကဲ့သို့သော စုံစမ်းခြင်းရင်ဆိုင်နေရသူများအတွက် သတိပေးနှိုးဆော်ခြင်းဖြစ်သည်။ သမ္မာကျမ်းစာထဲတွင်

စေသည်။ စိုးစမ်းခြင်း၌ ကျရောက်မည့်အချိန်တွင် သမ္မာကျမ်းစာသည် သင့်လျော်ကျယ်လောင်စွာ စကားပြောနိုင်သည်။

အသင်းတော် မိတ်သဟာယဖွဲ့ခြင်းမှ ဝေးကွာခြင်း၊ သိုးစုထဲမှ ခွဲထုတ်သောသိုးသည် ဝံပုလွေ၏လွယ်ကူသော သားကောင်ဖြစ်လာသည်။ မီးဖိုထဲမှ ထုတ်ယူသောတောက်လောင်နေသည့် မီးခဲလျင်မြန်စွာ ငြိမ်းသွားသည်။

မထိန်းချုပ်သည့် ဘဝအတွေးအခေါ်အပြစ်သည် စိတ်နှလုံးမှ စတင်သည် (ယာကုပ် ၁း၁၄၊ ၁၅)။ လိင်ကိစ္စကို အမြဲတမ်းတွေးတောနေသောသူများသည် တွေးခေါ်ခြင်းမှ လုပ်ဆောင်ခြင်းဖြစ်ပွားစေသည်။ ထို့ကြောင့် ခရစ်တော်က တပ်မက်သောစိတ်ကို သတိပေးထားရန် မှာထားပါသည် (မဿဲ ၅း၂၈)။

ကြာမြင့်စွာ ရှောင်ကြဉ်ခြင်း ၁ ကော ၇း၅ ၌ ပေါလုသွန်သင်ထားသည်မှာ ဆုတောင်းခြင်း၊ အစာရှောင်ခြင်း၊ ဘုရားဝတ်ကိုပြုခြင်းကဲ့သို့ လင်မယားကျင့်ဝတ်ကို ကြာမြင့်စွာ ရှောင်ကြဉ်ခြင်းမပြုရန် သွန်သင်ထားပါသည်။ ကြာမြင့်စွာ ခွဲခွာခြင်းသည် မိမိကိုယ်ကို ထိန်းချုပ်မှုကင်းမဲ့ခြင်းကြောင့် စိုးစမ်းခြင်းကို ဖြစ်ပေါ်စေသည်။

တစ်ဦးတည်ဖြစ်နေခြင်းသည် စိတ်လိုက်မာန် ပါလုပ်ဆောင်ခြင်းနှင့် အများနှင့်ဆန့်ကျင်သောလုပ်ဆောင်မှုများဖြစ်ပေါ်စေသည်။ ဤအရာကို ကုသနိုင်ရန်အကောင်းဆုံးနည်းလမ်းမှာ သခင်ဘုရားအတွက် မနားမနေလုပ်ဆောင်ခြင်းနှင့် မိမိကိုယ်ကို မေ့ပျောက်ကာ သူတစ်ပါးအတွက် လုပ်ဆောင်ခြင်းဖြစ်သည်။

လွန်ကဲသောကျွမ်းဝင်မှု၊ သင်၏လက်သည် သင့်ကိုမှားယွင်းစေလျှင် လက်ကိုဖြတ်လော့ (မာကု ၉း၄၃) ဟု ခရစ်တော် မိန့်ဆိုခဲ့သည်။ ကျမ်းစာကျောင်းဘွဲ့နှင်းသဘင်၌ တရားဟောသူက ''အမျိုးသမီးကိုမထိနဲ့၊ ငွေကိုမထိနဲ့၊ ဘုန်းကိုမထိနဲ့'' ဟု ဟောကြားခဲ့သည်။ နာကျင်မှုကင်းသော ဂရုစိုက်ခြင်း၊ ယုယပွတ်သပ်ခြင်း ဖြစ်ပေါ်လာသောအရာများသည် သာ၍ကြီးမားသော ကျွမ်းဝင်မှုတံခါးဖွင့်



တော်မြတ်၌ သတင်းကြီးခြင်းသည် ဆိုးယုတ်သောအရာဖြစ်သည်။

## C.A. Coates ပြောဆိုသည်မှာ

> ကျွန်ုပ်တို့သည် မိမိကိုယ်ကို ထင်ပေါ်လိုသောအခါ မှားယွင်းပြီး လက်ရှိအမှုတော်ဆောင်ခြင်း၏ ကျင့်ဝတ်ဖြင့် လွဲမှားနေကြပါသည်။ ခရစ်တော်သည် သတင်းကြီးခြင်းကို ရှောင်ကြဉ်ခဲ့သည်။ ဤအရာသည် အတွေ့ထိဆုံးအရာဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် သဘာဝအားဖြင့် ကျွန်ုပ်နှင့် ဆန့်ကျင်သောအရာပင်။ ကျွန်ုပ်တို့သည် သဘာဝအားဖြင့် နာမည်ကြီးခြင်းကို လိုလားကြသည်။ သို့သော် သခင်ယေရှုသည် (၅) ကြိမ် သို့ (၆) ကြိမ် (မာကုထဲ၌) ကျန်းမာခြင်းရသူများကို မည်သူ့ကြောင့် ကျန်းမာကြောင်း မပြောရန် တားမြစ်ခဲ့သည်။ . . . သတင်းကြီးခြင်းသည် အကြီးမားဆုံးသော ဖျက်စီးတတ်သူဖြစ်သည်။ ဘုရားသခင်သည် ထိုအရာကို ပေးလျှင် ထိုသူသည် ကျေးဇူးတော်များများခံစားရန် လိုအပ်သည်။

## ရုပ်မြင်သံကြား

လိင်ကိစ္စကိုအမြဲတမ်းစွဲလန်းခြင်း၊ စိတ်ဝင်စားခြင်းနှင့် အမှတ်တမဲ့ဖြစ်ခြင်းသည် ကြည့်ရှုသူ၏စိတ်ထဲ၌ အပြစ်၏အစကို မွေ့စေသည်။ ညစ်ညမ်း သောအရာဖြင့် အကျွမ်းဝင်ခြင်းသည် ကိုယ်ကျင့်တရားပျက်ပြားခြင်းဖြစ်ပေါ်စေသည်။ လိင်စိတ်နှိုးဆွသောမဂ္ဂဇင်းများ၊ အခွေများ၊ စာအုပ်များနှင့် ဗီဒီယိုများသည် ရုပ်မြင်သံကြားဖြင့် တန်းတူဖြစ်သည်။

## ထောင်ချောက်

ခရစ်ယာန်အမှုတော်ဆောင်များသည် ထောင်ချောက်ကို ရှောင်ကြဉ်ရန် သတိရှိရပါမည်။ သာသနာပြုဆရာတစ်ဦးသည် သတင်းကောင်းကို လုံးဝဆန့်ကျင်သော တိုင်းနိုင်ငံတစ်ခု၌ သာသနာပြုနေစဉ် အမျိုးသမီးတစ်ဦးမှ ဝိညာဉ်ရေးရာ

တတ်သည်။ ရိုသေလေးစားခြင်းခံသော ရေဒီယိုတရားဟောဆရာတစ်ဦးသည် မိမိလက်ဖြင့် အမျိုးသမီးမကင်းစေနိုင်ခဲ့ပါ။ ၎င်း၏ရလဒ်သည် ထိုသူကို ဝိညာဉ် ဆောင်ထဲမှ နှင်ထုတ်ခြင်းဖြစ်စေသည်။

လာဘ်ထိုးခြင်းကို ရှောင်ကြဉ်ရန်ကျဆုံးခြင်း၊ အချိန်ကြာမြင့်စွာ အတွင်းရေးမှူးနှင့် ရုံးခန်းထဲ၌အတူနေခြင်း၊ တိုင်ပင်ဖက်ပြုသူနှင့်သာ အပြန်အလှန် စွဲဆောင်မှုနှင့်အတူနေခြင်း။ အခြားသူတစ်ဦး၏မိန်းမနှင့်သာ လေယျာဉ်ပျံ၊ မိုတယ်၊ ကားထဲ၌အတူနေခြင်း။ သေးငယ်သည့်အခြေအနေမှစ၍ ပြဇာတ်ကြီးမီးလောင် သွားသောအခြေအနေဖြစ်သွားနိုင်သည်။

**Margaret Hess ၏ အကြံပေးချက်မှာ**

> ဆန့်ကျင်ဘက်လိင်နှင့် ဆက်သွယ်ခြင်းဘောင် ကန့်သတ်ပါ။ နောက်ဆုံးချိန်းဆိုထားသော အမျိုးသမီး၏ အချိန်ကို ရှောင်ကြဉ်သည်ဟု စိတ်ပညာရှင်တစ်ဦးက ပြောကြားခဲ့သည်။ တိုင်ပင်ဖက်ပြုသူသည် အမှုသည်နှင့် အခန်းတစ်ခန်းထဲ၌ နေသော်လည်း တံခါးအားလုံးဖွင့်ထားသည်။ ဆရာဝန်သည် အမျိုးသမီးလူနာကို အခန်းထဲ၌ စမ်းသပ်သည့်အခါ သူနာပြုဆရာမကိုခေါ်သည်။ သူဌေးနှင့် အတွင်းရေးမှူးသည် နှစ်ဦးစလုံး ညစာစားခြင်း (သို့) ညနေ ရုံးဆင်းနောက်ကျခြင်းကို ရှောင်ကြဉ်ရမည်။ အိမ်၌အလုပ်လုပ်နေသူသည် မိမိအမျိုးသား မြို့ပြင်ရောက်နေချိန်တွင် အိမ်နီးချင်းမှလာသော သွေးဆောင်ဖျားယောင်းခြင်းကို ရှောင်ရမည်။ ပညာရှိသော အမျိုးသမီးသည် တဲ၌တစ်ဦးတည်း (၃) လမျှ အချိန် ဖြုန်းပြီး မိမိလင်ယောကျ်ားအား ကိုယ့်ကိုကိုယ် တားဆီးရန်အထားသင့်ပါ။ နွေရာသီ၌ အဝေးသို့သွားသော အခြားသောမိန်းမ၏ လင်ယောကျ်ားကိုလည်း မပြုစုသင့်ပါ။ စီးပွားရေးအရ အဝေးရောက်နေသော ယောကျ်ားတစ်ဦး၏ မိန်းမအပေါ်လွန်ကဲသော တစ်ဦးတည်းဖြစ်ခြင်းကို မပြုရ။ သူမသည် မိမိလင်ယောကျ်ား သာလျှင် ဖြည့်စွက်နိုင်သော လိုအပ်မှုကို ခံစားတတ်ရန် အရေးကြီးသည်။



**ပျင်းရိအားလပ်နေခြင်း**

အလုပ်ဖြင့်မတည့်ခြင်းသည် ဆိုးရွားပြင်းထန်သော ဖျားနာခြင်းဖြစ်သည်။ ပြည့်စုံသောလုပ်ရှားမှု တည်ဆောက်ခြင်းစသည့်အရာဖြင့် နေ့ရက်စဉ်တိုင်း မကျော်လွှားနိုင်ခြင်းသည် အဓိကပြဿနာဖြစ်သည်။ စုံစမ်းခြင်းမှ ကာကွယ်ရန် များပြားသော အလုပ်များလုပ်ဆောင်ခြင်းအကျင့် လိုအပ်သည်။ သို့သော် ဘုရားသခင်ဖြင့် မိတ်သဟာယဖွဲ့ခြင်းကို ထိခိုက်စေလောက်သော အလုပ်မဖြစ်ရပါ။

**မာန**

အခြားသောယုံကြည်သူတစ်ဦး၏ အလွန်အမင်းမြောက်ပင့်ချီးကျူးခြင်းကြောင့် လူတစ်ဦးကို မာနထဲ၌ မူးဝေစေသည်။ သူသည် မိမိကိုယ်ကို ဟုတ်လှပြီဟုထင်ပြီး လောကကြီးကို မိမိ၏ ယောက်သွားကဲ့သို့ထင်ကာ ကျဆုံးခြင်းလမ်းကို စတင်လျှောက်လှမ်းနေသည်။ ထိုသူ၏ အန္တရာယ်သည် အလွန်ကြီးမားသည်။ ''မာနသည် ပျက်စီးခြင်း ထောင်လွှားသောသဘောသည် ရှုတ်ချခြင်းအရင်၌ နေရာကျတတ်၏'' (သုတ္တံ ၁၆း၁၈)။

**သတင်းကြီးခြင်း**

သတင်းကြီးရန် တပ်မက်သောသူသည် မိမိနာမည်ပျက်အောင် ရှာဖွေနေသောသူဖြစ်သည်။ ယေဘုယျအားဖြင့်ဆိုသော် ခရစ်ယာန်အသက်တာနှင့် အမှု

ဝတ်ပြုရာကျမ်း ၁၈း၂၂၊ ၂၀း၁၃ မောရှေ၏ ပညတ်အောက်၌ လိင်တူဆက်ဆံခြင်းသည် မုန်းတီးရွံရှာဖွယ်ဖြစ်ပြီး သေဒဏ်ပေးလောက်သော အပြစ်ဖြစ်သည်။ (လိင်တူဆက်ဆံခြင်းသည် ဖျားနာခြင်းရောဂါဖြစ်သည်ဟု သွန်သင်ချက်ဖြစ်ပေါ်စေသည်။ ဘုရားသခင်သည် ဖျားနာခြင်းအတွက် သေဒဏ်ပေးရန် မရှုတ်ချပါ)။

ရောမ ၁း၁၈–၃၂၊ ကနဦးလူများသည် စစ်မှန်သောဘုရားသခင်၏ အကြောင်းကိုသိသောဉာဏ်ပညာရှိကြသည်။ သို့သော် ထိုသိရှိခြင်းသည် ငြင်းပယ်ပြီး ရုပ်တုကိုးကွယ်သူများ၊ ကျောက်ခဲနှင့် သစ်သားဖြင့်ပြုလုပ်ထားသော နွားရုပ်ကို ကိုးကွယ်သူများဖြစ်ကြသည်။ သူတို့သည် ဘုရားသခင်ကို သိရှိသောဉာဏ်စွန့်လွှတ်သောအခါ ဘုရားသခင်သည် သူတို့ကို စွန့်လွှတ်ပြီး လိင်တူဆက်ဆံခြင်းမှစ၍ ကိုယ်ကျင့်တရားပျက်ပြားခြင်းမျိုးစုံကို စတင်လွန်ကျူးလာသည်။ ဤကဲ့သို့ကျင့်သောသူများသည် သေဒဏ်ခံထိုက်သည်ဟု ပေါလုမှ အတိအလင်းပြောကြားခဲ့သည်။

၁ ကော ၆း၉ ဤကျမ်းချက်တွင် လိင်တူဆက်ဆံသောသူနှင့် အဓမ္မအမှုကိုပြုသောသူသည် ကောင်းကင်နိုင်ငံကို မဝင်စားရဟု အတိအလင်း ဖော်ပြထားပါသည်။

၁ တိ ၁း၁၀၊ မတရားသောမေထုန်၌ မှီဝဲသောသူ၊ ယောက်ျားချင်းမေထုန်ပြုသောသူ၊ လူကိုခိုးသောသူ၊ မဟုတ်မမှန်ဘဲ ကျိန်ဆိုသောသူများကို ဘုရားသခင်၏ပညတ်ကို ချိုးဖောက်သောအပြစ် ကျရောက်သည်ဟု ဆိုထားပါသည်။ ပညတ်တော်ကို ချိုးဖောက်ခြင်း၏အခသည် သေခြင်းပင်ဖြစ်သည်။

ထို့ကြောင့် သမ္မာကျမ်းစာ၌ အတိအလင်းသွန်သင်ထားသည်မှာ လိင်တူဆက်ဆံခြင်းသည် ဘုရားသခင်ဖန်ဆင်းထားသော လူသားများအတွက် အလိုတော်မှ လမ်းလွဲစေသောအရာဖြစ်သည်။ ကျမ်းစာထဲ၌ ကျိုးကြောင်းသင့်၍



အကူအညီတောင်းလိုကြောင်း ဖုန်းဆက်ခေါ်သည်။ သူမသည် ဗဟိုစာတိုက်ကြီးထဲတွင် ရှိသည်။ သာသနာပြုသူအနေဖြင့် သူမထံသွားတွေ့သင့်သလား။ သူသည် မိမိအမျိုးသမီးကို သူမထံသွားသောအခါ ခေါ်သွားရန် သတိမပြုမိပါ။ သူသည် စာတိုက်ကြီးထဲ၌ အမျိုးသမီးနှင့် တွေ့ဆုံသောအခါ ရဲဝန်ထမ်းများချက်ချင်းလှုပ်ရှားပြီး ပြည့်တန်ဆာမနှင့် ပေါင်းဖော်သည်ဟု စွပ်စွဲကာ ဖမ်းခေါ်သွားသည်။ အစိုးရသည် သူ့ကိုနှင်ထုတ်သည်။ ဤအမှု၌ ကိုယ်ကျင့်တရားပျက်ပြားခြင်းမရှိသော်လည်း အခြားသောထောင်ချောက်များ၌ ရှိလေ့ရှိထများစွာ တွေ့ရသည်။

ဤကဲ့သို့ရေးသားရသည်မှာ ဝမ်းနည်းဖွယ်ကောင်းလှပါသည်။ ဤကဲ့သို့ပြဿနာမရှိသကဲ့သို့နေပြီး သက်တောင့်သက်သာနေရန် အလွန်ကောင်းပေသည်။ သို့သော် ဓမ္မသစ်ထဲ၌ သတိပေးထားသည့်အတိုင်း အပြစ်ထဲ၌ ကျရောက်တတ်ပြီး ထိုအရာထဲ၌ ကိုယ်ကျင့်တရားပျက်ပြားခြင်းပါဝင်သည်။ မိမိတို့ကြည့်ရှုခြင်း မရှိလျှင် မည်သည့်အရာမျှ ဝင်မလာပါ။ ပြဿနာထွက်သွားလိမ့်မည်။ ကျွန်ုပ်တို့၏ ကယ်တင်ရှင်နှင့် နေ့စဉ်နှင့်အမျှသာ၍ နီးကပ်ခြင်းဖြင့် ကိုယ်ကျင့်တရားပျက်ပြားခြင်းကို ကာကွယ်ပြီး ရင်ဆိုင်အသက်ရှင်ရန် အရေးကြီးလှပါသည်။

# အခန်း (၁၅)

## လိင်တူဆက်ဆံခြင်းကို ဘုရားသခင်မှအပြစ်ဟုထင်မှတ်

လိင်တူဆက်ဆံခြင်းကို လက်ခံနိုင်ဖွယ်သော ဘဝပုံစံဖြစ်သည်ဟု လူများစွာက ခံယူကြသည်။ လိင်တူဆက်ဆံခြင်းသည် လူသားများ၏ တန်းတူအခွင့်အရေးဖြစ်သည်ဟု ခံယူခြင်းမှ စတင်လာသည်။

သို့သော် ယုံကြည်သူများသည် လူသားများပြောသောအရာ (သို့) ရိုးရာဓလေ့၌လက်ရှိ ကျင့်သုံးနေသောအရာများ၏ လွှမ်းမိုးခြင်းခံရန် မဟုတ်ပါ။ ''လူတိုင်း လုပ်နေတာပဲ'' ဆိုသည့် မှတ်ချက်ဖြင့် ယောင်ယမ်းရန်မဟုတ်ပါ။ ကြီးမားသောစံသတ်မှတ်ချက်သည် ''ကျမ်းစာက ဘာပြောထားလဲ'' ဟူသောအရာပင်။ ထို့ကြောင့် သန့်ရှင်းသောနှုတ်ကပတ်တော်ကို ကြည့်ကြပါစို့။

လိင်တူဆက်ဆံခြင်းဖြင့်ပတ်သက်သော နည်းစနစ်များကို ဖော်ပြသောအဓိကကျမ်းချက်များမှာ မိမိလူတို့ လိုက်နာရမည့် လက်ထပ်ခြင်းဆက်နွယ်မှုကို ချမှတ်ထားခဲ့သည်။ ထို့ကြောင့် လိင်တူဆက်ဆံခြင်းသည် လိင်ဆက်ဆံခြင်းအတွက် ဘုရားသခင်၏ အလိုတော်ကို လွဲမှားစေသည်။

ကမ္ဘာဦးကျမ်း ၁၉း၁–၂၈၊ Sodom (သောဒုံ) မြို့ရှိလူများသည် လိင်တူဆက်ဆံခြင်း၌ နာမည်ကြီးဖြစ်သည်။ Sodomy ဆိုသည့် လိင်တူဆက်ဆံခြင်းစကားလုံးသည် (သောဒုံ) Sodom မြို့အမည်မှ စတင်ဆင်းသက်လာသည်။ လောတ၏ ဧည့်သည်နှစ်ဦးကို သောဒုံမြို့သားများမှ အနိုင်ကျင့်ရန် ကြိုးစားသောအချိန်၌ ဘုရားသခင်သည် မိမိလူတို့ကို ထိုမြို့မှ ထွက်ခွာစေပြီး မီးနှင့် ကန့်ဖြင့် ဖျက်စီးလိုက်သည်။

လူတစ်ဦး၏ အိမ်ခေါင်မိုးအပေါ်မှ ကျယ်လောင်စွာ ပြန်ပြောမည်ကိုလည်း သတိမရှိခဲ့ပါ။ ကျွန်ုပ်သည် မိမိကိုယ်ကို ထိန်းချုပ်ခြင်း ရပ်နားခဲ့သည်။ ကျွန်ုပ်သည် မိမိဝိညာဉ်ကို အုပ်စိုးသူမဟုတ်တော့ပါ။ ထိုအရာကိုပင် မသိခဲ့ပါ။ ပျော်ရွှင်မှုသည် ကျွန်ုပ်ကို လွှမ်းမိုးရန် ခွင့်ပြုခဲ့သည်။ ကျွန်ုပ်သည် မုန်းတီးရွံရှာဖွယ်သော အရက်တကြီး အဆုံးသတ်ခဲ့သည်။

လိင်တူဆက်ဆံခြင်းမှ လွတ်မြောက်ခြင်းနည်းလမ်းသည် တပ်မက်ခြင်းမှ လွတ်မြောက်ခြင်းနည်းလမ်းကဲ့သို့ ဖြစ်ပြီး တပ်မက်ခြင်းသင်ခန်းစာ၌ ဆွေးနွေးခဲ့ပြီးဖြစ်သည်။ သို့သော် ဓမ္မတိုင်ပင်ဖက်ပြုခြင်း အကူအညီသည် အမှုတိုင်းအတွက် အရေးကြီးလှပါသည်။

လိင်တူဆက်ဆံသူများအပေါ် ကျွန်ုပ်တို့ မည်သို့သဘောထားရမည်နည်း။ ယုံကြည်သူများအနေဖြင့် သူတို့၏အသက်တာကို ထောက်ရှုခြင်းမရှိဘဲ ပုဂ္ဂိုလ်ကဲ့သို့ လက်ခံရပါမည်။ အဘယ့်ကြောင့်ဆိုသော် ထိုသူများကယ်တင်ခြင်းသို့ရောက်နိုင်ရန် ကျွန်ုပ်တို့အတတ်နိုင်ဆုံးကူညီရမည်။ နူးညံ့သိမ်မွေ့သောသဘောထားနှင့် ဆက်ဆံရမည်။ ကျွန်ုပ်တို့သည် စုံစမ်းခြင်းနှင့်အပြစ်၌ ကျဆင်းသကဲ့သို့ မိမိကိုယ်ကိုဆင်ခြင်ရမည်။ အကယ်၍ ထိုသူတို့သည် နှုတ်ကပတ်တော်ကိုအမြဲတမ်း ဆန့်ကျင်ပြီး မထင်မဲ့မြင်ပြုနေလျှင် သူတို့ကို ဇာတ်ဂေလိအတင်း အဓမ္မဝေငှရန် ကျွန်ုပ်တို့ တာဝန်မရှိပါ။



ရကြောင်း ဖော်ပြထားခြင်း လုံးဝမရှိပါ။ ယုံကြည်သူများသည် လောက၏ ကိုယ်ကျင့်တရားသတ်မှတ်ချက်ကို လက်မခံမိရန် သတိရှိပြီး နှုတ်ကပတ်တော်၏ လမ်းညွှန်မှုကိုသာ လိုက်ရပါမည်။

လိင်တူဆက်ဆံသောသူ ကယ်တင်ခြင်းရနိုင်သလော။ ထိုသူသည် မိမိအပြစ်ကို နောင်တရပြီး ယေရှုခရစ်တော်ကို မိမိ၏ကယ်တင်ပိုင်ရှင်နှင့် အသက်သခင်အဖြစ် လက်ခံပါက ကယ်တင်ခြင်းရရှိနိုင်ပါသည် (ယော ၁း၁၂၊ ရောမ ၁၀း၁၃)။

ဤအပြစ်ထဲသို့ ယုံကြည်သူများ ကျဆင်းနိုင်သလား။ ခွန်အားနည်းနေသောအချိန်၌ ကျဆင်းနိုင်ပါသည်။ ထိုသို့ကျဆင်းခြင်းရှိလျှင် အပြစ်ကို စွန့်လွှတ်ပြီး ဝန်ချတောင်းပန်ခြင်းအားဖြင့် ခွင့်လွှတ်ခြင်းတရားရရှိနိုင်ပါသည် (၁ ယော ၁း၉)။ သို့သော် လိင်တူဆက်ဆံခြင်းကို အမြဲတမ်းပြုသောသူသည် စစ်မှန်သောကယ်တင်ခြင်းမရသောသူဖြစ်သည်။ ယေရှုခရစ်တော်မိန့်ဆိုသည်မှာ ''ထိုသူတို့၏ အသီးအားဖြင့် သိရလိမ့်မည်'' (မဿဲ ၇း၂၀)။

## ပြောဆိုခြင်းနှင့် ပြုမူခြင်းဆန့်ကျင်ဘက်

လိင်တူဆက်ဆံခြင်းအပေါ် တိမ်းညွတ်ခြင်းနှင့် အမှန်တကယ်ပြုမူခြင်းအပေါ် ကွာခြားမှုရှိသလား။ ရှိပါသည်။ လိင်တူဆက်ဆံခြင်းအပေါ် တိမ်းညွတ်သော်လည်း အမှန်တကယ်ပြုမူခြင်းမရှိသောသူများရှိသည်။ သူတို့သည် မိမိတို့၏ လိင်အပေါ်စွဲလမ်းခြင်းရှိသော်လည်း မိမိကိုယ်ကို စည်းကမ်းသတ်မှတ်ပြီး စုံစမ်းခြင်းကို ကာကွယ်ကာ သန့်ရှင်းသောအသက်တာ၌ လျှောက်လှမ်းကြသည်။

''လိင်တူဆက်ဆံခြင်းတစ်ကြိမ်ပြုခြင်းသည် အမြဲတမ်းကျူးလွန်ရာရောက်သလား'' ဤဖော်ပြချက်မှန်ကန်သလော။ ဤအရာသည် လိင်တူဆက်ဆံခြင်းပြုမူခြင်းကို ဆိုလိုလျှင် လုံးဝမှားသည်။ လိင်တူဆက်ဆံသောသူများစွာတို့သည် ခရစ်တော်ထံသို့ ပြောင်းလဲပြီး မိမိတို့၏ နဂိုအသက်တာကို စွန့်လွှတ်ကြသည်။

ဤကဲ့သို့ပြုနိုင်ရန် ဝိညာဉ်တော်မှ မစကူညီသည်။ ကောရိန္သုမြို့သားတချို့သည် ခရစ်ယာန်မဖြစ်မီ လိင်ကိစ္စ၌ ပျက်ပြားကြပြီး ယခုထိုအရာများကို စွန့်လွှတ်ကြသည် (၁ ကော ၆း၉–၁၁)။ လိင်တူဆက်ဆံခြင်းဖြင့် ပတ်သက်၍ ယုံကြည်သူများသည် မိမိ၏ဘဝတစ်လျှောက်လုံး၌ တိုက်လှန်ရပါမည်။ မိမိ၏ရှင်ဘုရင်ဖြစ်သည့် သခင်ယေရှု၏ အမှုတော်ထမ်းရွက်ခြင်း၌ မိမိတို့၏ စွမ်းအင်များကို အပ်နှံခြင်းအားဖြင့် အနိုင်ရရှိမည်ဖြစ်သည်။

ဘုရားသခင်သည် လိင်တူဆက်ဆံခြင်းကိုဖြစ်စေပြီး အဘယ့်ကြောင့် အပြစ်တင်သနည်း။ ဘုရားသခင်သည် ဤကဲ့သို့ လုံးဝမဖန်ဆင်းပါ။ ဘုရားသခင်၏ လက်တော်မှ လူသားအားဖန်ဆင်းသက်သောအခါ အပြစ်မဲ့ပြီး မညစ်ညမ်းပါ။ သို့သော် အာဒံပြစ်မှားသောအခါ ယေရှုခရစ်တော်မှလွဲ၍ အာဒံမှဆင်းသက်လာသောလူသားအားလုံးအလိုလိုအပြစ်ရှိပြီး ဖြောင့်မတ်ခြင်းမရှိတော့ပါ။ အပြစ်တင်ခြင်းသည် လူသားများ၏ ပုခုံးပေါ်သို့တက်ရောက်သည်။ ဘုရားသခင် တားဆီးသည့်အရာကို ပြုမူပြီး ဘုရားသခင်ကို အပြစ်တင်ခြင်းသည် လုံးဝမှားယွင်းသည်။

လူတစ်ဦး၏အပြစ်တရားထဲ၌ ကျင်လည်သောအပြုအမူများကို တာဝန်ယူရန် ကြိုးစားခြင်းသည်လည်း မှားယွင်းသောအရာဖြစ်သည်။ လိင်တူဆက်ဆံခြင်းသည် မွေးရာပါဗီဇ (သို့) တဖြည်းဖြည်းတွယ်ကပ်သောအကျင့်လော။ အမှန်တကယ်၌ တစ်ခုမျှမဟုတ်ပါ။ ဤအမှားနှင့်အတူ လူတစ်ဦးမွေးဖွားလာနိုင်သည်ဟု အံ့သြခြင်းမရှိရပါ။ လူသားသည် အလိုလိုယိုယွင်းပြီး မည်သည့်အပြစ်မဆို ကျူးလွန်နိုင်သည်။ လူတစ်ချို့သည်တစ်နေရာ၌ အားနည်းပြီး အခြားလူသည် တခြားနေရာ၌ အားနည်းသည်။ လိင်တူဆက်ဆံခြင်းအပေါ် တိမ်းညွတ်သောသဘောထားဖြင့် မွေးဖွားခြင်းကို မည်သူမျှ မရှုံ့ရှာပါ။ သို့သော် ထိုသူသည် ဤအမှုကိုပြုလျှင် အပြစ်တင်ခြင်း ခံရသည်။ သို့သော် လိင်တူဆက်ဆံခြင်းသည် တဖြည်းဖြည်းတွယ်ကပ်သောအကျင့်လည်း ဖြစ်နိုင်သည်။ ဥပမာအားဖြင့် လူကြီးတစ်ဦးက ကောင်လေးတစ်ယောက်ကို ဖြားယောင်းနိုင်သည်။ ဤကဲ့သို့ ပြုမူသောသူ မည်သူ



မဆို ခရစ်တော်၏အပြစ်တင် ရှုတ်ချခြင်းအောက်၌ ကျရောက်သည်။ ‘‘ဤသူငယ်တစ်စုံတစ်ယောက်ကို မှားယွင်းသေသည်ထက် လည်ပင်း၌ ကြိတ်ဆုံကျောက်ကို ဆွဲ၍ပင်လယ်၌ချခြင်းကိုခံရလျှင် အနေသာ၍ကောင်း၏’’ (လုကာ ၁၇း၂)။

## ယိုယွင်းပျက်စီးသူ၏လမ်းခရီး

လိင်တူဆက်ဆံခြင်းသည် လူသားများ၏ကြီးမားသော ကိုယ်ကျင့်တရားပျက်ပြားခြင်းအပြစ်ဖြစ်သည်။ ပေါလုပြောဆိုသည်မှာ ‘‘မိမိတို့ မှားယွင်းခြင်းနှင့်အလျောက် မိမိတို့အပြစ်ဒဏ်ကိုခံရကြ၏’’ (ရောမ ၁း၂၇ခ)။ ဤအရာ၌ ရောဂါမျိုးစုံပါဝင်သည်။ အဆုတ်ရောင်ရောဂါ၊ ကင်ဆာရောဂါ၊ AIDS ရောဂါစသည့်အရာများပါဝင်သည်။ ဤအရာ၌ ကြီးသောအပြစ်တရား၊ စိတ်ပိုင်းဆိုင်ရာ၊ ခံစားမှုပိုင်းဆိုင်ရာ မတည်ငြိမ်ခြင်း၊ ရုပ်ပိုင်းဆိုင်ရာသာမန်ကဲ့သို့မဟုတ်ဘဲ ပြောင်းလဲခြင်းစသည့်အရာများပါဝင်သည်။

၁၉ ရာစု၌ အင်္ဂလိပ်လူမျိုးစာရေးဆရာ Oscar Wilde သည် လိင်တူဆက်ဆံခြင်းအမှုကို ပြုမူကြောင်း ဖော်ထုတ်ခြင်းခံပြီးနောက် ရေးသားသည်မှာ–

> ဘုရားက ကျွန်ုပ်အား အရာခပ်သိမ်းနီးပါးပေးခဲ့သည်။ သို့သော် ကျွန်ုပ်သည် အဓိပ္ပါယ်မရှိဘဲ ခံစားမှုကိုသာ ဦးစားပေးပြီး မိမိကိုယ်ကို ကြာမြင့်စွာဖြားယောင်းခဲ့သည်။ . . . လက်ရှိဘဝကို ငြီးငွေ့ပြီး အသစ်သောစိတ်အာရုံခံစားမှုရရှိရန် တမင်သက်သက်ရှာဖွေခဲ့သည်။ ကျွန်ုပ်အတွေးကမ္ဘာ၌ မှန်ကန်သောအရာသည် ပြင်းပြသော စိတ်ခံစားမှု၌ အမှားကို ဆက်လက်ကျူးလွန်ခြင်းပင်။ သူတစ်ပါး၏ အသက်တာကို လျစ်လျူရှုကြီးပြင်းခဲ့သော ကျွန်တော်သည် မိမိကိုကျေနပ်မှုပေးသောအရာများကို ဆက်လက်ပြုမူခဲ့သည်။ နေ့စဉ်အသက်တာ၌ ပြုမူခဲ့သောအရာများသည် အကျင့်စာရိတ္တအပေါ် တက်ရောက်မှုရှိကြောင်း ကျွန်ုပ်မေ့ပျောက်ခဲ့ပြီး

# အခန်း (၁၆)

## အသိစိတ်အာရုံ၊ အတွင်းဒိုင်လူကြီး

အသိစိတ်အာရုံသည် လုပ်ဆောင်မှု၊ ရည်ရွယ်ချက်နှင့် အတွေးအခေါ်တို့၌ အမှားအမှန်ကို ခွဲခြားပေးသောအတွင်းပိုင်း လှုံ့ဆော်သူဖြစ်သည်။ ကောင်လေးတစ်ယောက်၏ အခန်းတွင်းသို့ စိတ်ဝင်တစားကြည့်လိုခြင်း ဖြစ်ပေါ်စေသည်။ နောက်ကြည့်မှန်ထဲမှ ရဲဝန်ထမ်းများ၏ ကားကဲ့သို့ပေါ်သောအခါ ထိုကောင်လေးကို ရပ်နားစေသည်။ မည်သူကမျှ သတိမပြုသောအခါ မရိုးသား၊ မသမာသောသူကို ထွက်ပြေးစေသောအရာပင်ဖြစ်သည်။ Shakespeare ပြောသကဲ့သို့ ''ကျွန်ုပ်တို့အားလုံးကို သတ္တိနည်းစေသည်။''

ဤအရာသည် ဝင်ငွေခွန်ကောက်ချိန်၊ တရားရုံး၌ အမှုစစ်ချိန် (သို့) အခန်းထဲ၌ စာမေးပွဲစစ်ချိန်စသည့်အချိန်များ၌ အလွန်မြန်ဆန်လှပါသည်။ ''လူ၏ စိတ်ဝိညာဉ်သည် ကိုယ်အတွင်း၌ ရှိရှိသမျှတို့ကို စစ်ဆေးသောထာဝရဘုရား၏ မီးခွက်ဖြစ်၏'' (သုတ္တံ ၂၀း၂၇) ဟု ကျမ်းစာ၌ ဖော်ပြထားခဲ့ရာ အံ့သြဖွယ်မဟုတ်ပါ။

လူသားတိုင်းသည် အသိစိတ်အာရုံအားဖြင့် မွေးဖွားကြသည်။ ခိုးခြင်း၊ သတ်ခြင်း၊ လိမ်ခြင်း စသည့်အရာများ လုံးဝမှားယွင်းကြောင်း လူသားတိုင်းသိရှိသည်။ အဘယ့်ကြောင့်ဆိုသော် သူတစ်ပါးက သူ့အားရာဇဝတ်ကောင်ဖြစ်စေလိုသောအရာများကြောင်း သိရှိပြီး သူသည်လည်း သူတစ်ပါးအပေါ် ထိုသို့ပြုလျှင် မှားယွင်းကြောင်း သိရှိသည်။

### မမှားယွင်းနိုင်သော လမ်းညွှန်ခြင်းမဟုတ်

သို့သော် အသိအာရုံသည် မမှားယွင်းနိုင်သော လမ်းညွှန်ခြင်းမဟုတ်ပါ။ ကျွန်ုပ်တို့၏ အခြားသောစွမ်းအင်အားလုံးကဲ့သို့ပင် လူသားကျဆင်းခြင်း၌ ပျက်စီးခဲ့သည်။ ကျွန်ုပ်တို့ သွန်သင်ထားသည့်နည်းစနစ်များအားဖြင့် ထိခိုက်နိုင်သည်။

"သင့် အသိအာရုံသည် သင့်ကိုလမ်းညွှန်သူ" ဖြစ်စေပါဟူသော စကားပိုသည် မပြည့်စုံတော့ပါ။

အသိစိတ်အာရုံသည် သန့်ရှင်းသောဝိညာဉ်တော်ဖော်ပြထားသကဲ့သို့ နှုတ်ကပတ်တော်အားဖြင့် သွန်သင်ရန်လိုအပ်သည်။ အသိစိတ်အာရုံသည် နိုးကြားနေပြီး သတိရှိကာ ဘုရားသခင်၏ဗျာဒိတ်တော်နှင့် ကိုက်ညီ၍ ထိုကဲ့သို့လိုက်လျှောက်ရမည်။ (Barnhouse)

စစ်မှန်သောနောင်တရခြင်း၌ အသိစိတ်အာရုံပါဝင်သည်။ မိမိအတွေ့အကြုံတိုင်း ပြန်လည်အသက်ရှင်ပြီးနောက် John Newton ရေးသားခဲ့သည်မှာ –

ကျွန်ုပ်၏ အသိစိတ်အာရုံသည် အပြစ်ရှိပြီးခံစားကာ
ကျွန်ုပ်ကို စိတ်ပျက်ခြင်းထဲ၌ နစ်မြုပ်စေခဲ့သည်။

ရှောလုသည် မိမိ၏အသိစိတ်အာရုံအားဖြင့် မောင်းနှင်ခြင်းခံရပြီး ထိုမောင်းနှင်မှုက သူ့ကိုယ်သူတိုက်လှန်စေကြောင်း တွေ့ရှိခဲ့သည်။ (တမန် ၉း၅) အခမဲ့ဖြစ်သော ကျေးဇူးတော်ကို သဘောပေါက်သောအခါ Robert Murray Mc Cheyne သည် အထက်မှအလင်းဖြင့် ခံစားပြီး ထို့နောက် ကြောက်ရွံ့ခြင်းသည် သူ့ကို တုန်လှုပ်စေပြီး သူသေရန် ကတုန်ကယင်ဖြစ်ခဲ့သည်။

ကိုယ်ကိုကိုယ်သိသောစိတ်သည် (ဟေဗြဲ ၉း၁၄)။ ခရစ်တော်၏ အသွေးတော်အားဖြင့် စင်ကြယ်စေပြီးဖြစ်သည်။ ဤအရာသည် ကျွန်ုပ်တို့၏ စာရိတ္တကို ထိန်းချုပ်နေဆဲဖြစ်သော်လည်း ထာဝရတရားစီရင်ခြင်းအတွက် ကြောက်စရာမလိုတော့ပါ။ ခရစ်တော်သည် ယုံကြည်သူများ၏ ကိုယ်စားခံယူခဲ့သည်။

အသိစိတ်အာရုံသည် ကျွန်ုပ်ကိုမရှုတ်ချတော့ပါ။ ခရစ်တော်၏ မွန်မြတ်လှသော အသွေးတော်သည် တစ်ကြိမ်တည်းဖြင့် ထာဝရအတွက်ဆေးကြောခဲ့ပြီး ဘုရားသခင်၏ မျက်မှောက်တော်၌ စင်ကြယ်စေခဲ့သည်။



အားနည်းသောအသိစိတ်အာရုံသည် အစားအသောက်နှင့် ပတ်သက်သည့် သေးငယ်သောအမှုကိစ္စမှစ၍ အလွန်ဂရုစိုက်ခြင်း ဖြစ်ပေါ်စေသည် (၁ ကော ၈း၇၊ ၈)။

အသိစိတ်အာရုံကို နားထောင်ရန် လျစ်လျူရှုမိခြင်းအားဖြင့် ထိုအာရုံ၏ ခံစားမှုကို ထိပါးစေတတ်သည်။ ကျွန်ုပ်ကားထဲရောက်သောအခါ တစီစီမြည်သော အသံသည် ထိုင်ခုံခါးပတ်ကို လျှင်မြန်စွာ တပ်ဆင်ရန် သတိပေးနေသည်။ ကျွန်ုပ်သည် ခဏကြာသောအခါ ထိုအသံကို မကြားရတော့ပါ။

လူတစ်ဦးသည် မိမိ၏အသိအာရုံဖောက်ဖျက်လေ ထိုအာရုံ၏အသံ အားနည်းလေဖြစ်သည်။ ဆွဲဆန့်နိုင်ခြင်းအခြေအနေတဖြည်းဖြည်းလျော့သွားသော ရော်ဘာကဲ့သို့ပင် ဖြစ်သည်။ သို့မဟုတ် အသားကင်သောအခါ ပိုမိုခြောက်ကပ်လာသကဲ့သို့ဖြစ်သည် (၁ တိ ၄း၂)။ သူသည် အကြိမ်ကြိမ်ပြစ်မှားနိုင်ပြီး မိမိ၏နှုတ်ကို သန့်ရှင်းစေပြီး "ငါ အမှားဘာမှမလုပ်ဘူး" (သုတ္တံ ၃၀း၂၀) ဟု ပြောဆိုတတ်သည်။

အပြစ်ကိုဆန့်ကျင်သည့် ကျွန်ုပ်တို့၏ အကြီးမားဆုံးလုံခြုံခြင်းသည် ထိုအပြစ်၏ ထိတ်လန့်စေခြင်းဖြစ်ပေသည်။

ညစ်ညမ်းသောအသိစိတ်အာရုံ၊ မကောင်းသောလုပ်ဆောင်မှုမှ စွန်းထင်းစေသည် (တိတု ၁း၁၅)။ သူ့ဘဝညစ်ညမ်းလျှင် အသိစိတ်အာရုံ မစင်ကြယ်နိုင်ပါ။ (ဟေဗြဲ ၁၀း၂၂)။

ကျွန်ုပ်တို့သည် ကောင်းသောအသိစိတ်အာရုံကို အမြဲထားရှိရပါမည်။ (၁ ပေ ၃း၁၆)။ လူသားနှင့် ဘုရားသခင်ကို ဆန့်ကျင်လေ့ရှိသည် (တမန် ၂၄း၁၆)။ ကောင်းသောအသိစိတ်အာရုံသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြင့် ကိုက်ညီသည်။

**ရှေးဟောင်းစကားပုံတစ်ခုမှာ –**

အတွေးစိုက် အလုပ်ရိတ်
အလုပ်စိုက် အကျင့်ရိတ်
အကျင့်စိုက် စာရိတ္တရိတ်
စာရိတ္တစိုက် ကံကြမ္မာရိတ်

သခင်ယေရှု၏ သွန်သင်ချက်၌ ဘဝအတွေးအခေါ်ကို လုံးဝအထူးပြုထားပါသည်။ တစ်နေ့ခရစ်တော်သည် ယုဒလူထုခေါ်ပြီး အပြင်သဏ္ဌာန်နှင့် အတွင်းပိုင်းကွာခြားကြောင်း ရှင်းပြရန် ရည်ရွယ်ချက်ပင်ဖြစ်သည်။ မောရှေ၏ ပညတ်တော်အောက်၌ ထိုသူတို့ခံယူသည့်သွန်သင်ချက်မှာ ဝက်သား၊ ယုန်သား၊ ပုဇွန်ဆိတ်၊ ပင်လယ်ဂဏန်းစသည့် အသားများကိုစားလျှင် ညစ်ညမ်းသည်ဟူ၍ပင်။

မှန်ပေသည်။ ပညတ်တရားခေတ်၌ ထိုသို့စားသောက်ခြင်းသည် အမှန်တကယ်ညစ်ညမ်းပါသည်။ သို့သော် ယခုအချိန်တွင် ယေရှုခရစ်တော်က ထိုညစ်ညမ်းခြင်းများသည် အစားအသောက်ဖြင့် မသက်ဆိုင်တော့ဘဲ အတွေးအခေါ်အားဖြင့်သာ သက်ဆိုင်ဆဲဖြစ်ကြောင်း ကြေငြာခဲ့သည်။

> ထိုအခါ လူအစုအဝေးအပေါင်းကို အထံတော်သို့ခေါ်၍ သင်တို့ရှိသမျှသည် နားထောင်ကြလော့။ လူ့ပြည်မှလာ၍ လူအတွင်းသို့ဝင်လျက်၊ လူကိုညစ်ညူးစေနိုင်သော အရာတစ်စုံတစ်ခုမျှမရှိ။ လူအတွင်းမှ ထွက်သောအရာသည် လူကိုညစ်ညူးစေသောအရာဖြစ်၏။ ကြားစရာနားရှိသောသူမည်သည်ကား ကြားပါစေဟု မိန့်တော်မူ၏။ လူအစုအဝေးရှိရာမှ ကြွ၍အိမ်သို့ဝင်တော်မူပြီးလျှင် တပည့်တော်တို့သည် ထိုဥပမာကို မေးမြန်းကြ၏။ ကိုယ်တော်ကလည်း သင်တို့သည် ဤမျှလောက် ပညာမဲ့လျက်နေသလော။ လူပြင်မှလာ၍ လူအတွင်းသို့ဝင်သမျှသည် နှလုံးထဲသို့မဝင်။ ဝမ်းထဲ



# အခန်း (၁၇)

## လူထင်သကဲ့သို့

ဘဝအတွေးအခေါ်ကို ထိန်းချုပ်ခြင်းသည် ခရစ်ယာန်များရင်ဆိုင်ရသောအရေးကြီးဆုံးစည်းဖြစ်သည်။ မိမိစိတ်ကို အသုံးပြုသည့်အတိုင်း ဘဝဦးတည်ချက်နှင့် အကျင့်စာရိတ္တဖြစ်ပျက်လာပေသည်။ ကျမ်းစာအရ ကောင်းသောအတွေးအခေါ် (ဖိလိပ္ပိ ၄း၈) သည် ကောင်းသောရလဒ်ကို ဖြစ်ပေါ်စေသည်။ မစင်ကြယ်သောစိတ်ဆန္ဒသည် အကျင့်စာရိတ္တပျက်ပြားခြင်းကို ဖြစ်ပေါ်စေသည်။

ထို့ကြောင့် သမ္မာကျမ်းစာဖော်ပြသည်မှာ ''သူသည် စိတ်ထင်သည့်အတိုင်းဖြစ်၏'' (သုတ္တံ ၂၃း၇)။ Alfred P. Gibbs ပြောလေ့ရှိသည်မှာ –

> သင်သည် မိမိကိုယ်ကို မိမိထင်သည့်အတိုင်းမဟုတ်ပါ။ သို့သော် သင်ထင်သည့်အတိုင်း သင်ဖြစ်သည်''။ လူသားစိတ်ထဲ၌ရှိသောအရာသည် အကျင့်စာရိတ္တကို ဖော်ပြသည်။

ပညာအရှိဆုံးလူပုဂ္ဂိုလ်ပြောသည်မှာ –''နှလုံးသည် အသက်၏အခြေအမြစ်ဖြစ်သောကြောင့် သင်၏နှလုံးကို အထူးသဖြင့် စောင့်ရှောက်လော့''။ ဤအရာတွင် နှလုံးကို စိတ်ထက်သာ၍ ကျယ်ပြန့်သောဆိုလိုရင်းမရှိသော်လည်း စိတ်ကို နှလုံးဖြင့် အစားထိုးလျှင် အဓိပ္ပါယ်သက်ရောက်မှုရှိသည်။ သင့်စိတ်နိုးကြားမှုအားလုံးကို ထိန်းချုပ်ပါ။ ထိုနေရာမှ အသက်စီးဆင်းသည်။ စိတ်သည် ကျွန်ုပ်တို့၏စာရိတ္တစီးဆင်းသောနေရာဖြစ်သည်။ သင်သည် ဇစ်မြစ်ကို ထိန်းချုပ်လျှင် ထိုနေရာမှ စီးဆင်းသောအရာများကို ထိန်းချုပ်နိုင်မည်။

### ပညတ်တော် (၁၀) ပါး

ပညတ်တော် (၁၀) ပါးထဲမှ တစ်ပါးသည် ဘဝအတွေးအခေါ်နှင့်ပတ်သက်သည်မှာ ထူးဆန်းသောအရာမဟုတ်ခဲ့ပေ။

> ကိုယ်နှင့်စပ်ဆိုင်သောသူ၏အိမ်ကို တပ်မက်လိုချင်သောစိတ်မရှိစေနှင့်။ ကိုယ်နှင့်စပ်ဆိုင်သောသူ၏မယား၊ သူ၏ကျွန်ယောကျ်ား မိန်းမ၊ နွား၊ မြည်းမှစ၍ ကိုယ်နှင့်စပ်ဆိုင်သောသူ၏ ဥစ္စာတစ်စုံတစ်ခုကိုမျှ တပ်မက်လိုချင်သောစိတ်မရှိစေနှင့်ဟု မိန့်တော်မူ၏။ (ထွက် ၂၀း၁၇)

တပ်မက်ခြင်းသည် စိတ်၏လှုပ်ရှားမှုနှင့် သက်ဆိုင်သည်။ ဤအရာသည် ဘုရားသခင်၏ အလိုတော်နှင့် လွဲနေသောအရာတစ်စုံတစ်ခုကို ရရှိလိုသောဆန္ဒဖြစ်သည်။ ဘုရားသခင် မိန့်တော်မူသည်မှာ "တပ်မက်လိုချင်သောစိတ်မရှိစေနှင့်။"

ဤအရာသည် ရှောလု၏နှလုံးသားကို ထိတွေ့သော ပညတ်တော်ဖြစ်သည်။ သူသည် အပြင်ပန်းသဏ္ဍာန်၌ ကြည်ညိုလေးစားဖွယ်သော အသက်တာပိုင်ဆိုင်ခြင်းကြောင့် မာနကြီးသောသူဖြစ်သည်။ သူသည် မုန်းတီးရွံရှာဖွယ်သော အပြစ်တစ်ခုမှ မကျူးလွန်ပါ။ သို့သော် ပညတ်တော် (၁၀) ပါး၏ အဓိပ္ပါယ် သူ့အပေါ် သက်ရောက်သောအခါ ညစ်ညမ်းသောအတွေးအခေါ်သည် ဆိုးယုတ်သော လုပ်ဆောင်မှုကဲ့သို့ဖြစ်ကြောင်း သိရှိလာသည်။ သူသည် သူ့ဘာဝအတွေးအခေါ်ကို ဆင်ခြင်သောအခါ အပြစ်ထဲ၌ နက်နဲစွာ နစ်မြုပ်ကြောင်း သိရှိလာသည်။

> သို့ဖြစ်၍ အဘယ်သို့ပြောရမည်နည်း။ ပညတ်တရား၌ အပြစ်ရှိသလော။ အပြစ်မရှိနိုင်ရာ။ သို့ရာတွင် ပညတ်တရားအားဖြင့်သာ အပြစ်သဘောကို ငါသိရ၏။ အဘယ်သို့နည်းဟူမူကား လောဘစိတ်မရှိစေနှင့်ဟု ပညတ်တရားမဆိုလျှင် လောဘကို ငါမသိ။ အပြစ်တရားသည် ပညတ်တရားအားဖြင့် အခွင့်ရ၍ ငါ၌ အမျိုးမျိုးသောလောဘတို့ကို ဖြစ်စေ၏။ ပညတ်တရားမရှိလျှင် အပြစ်တရားသေ၏။ အထက်ကပညတ်တရားမရှိလျှင် ငါသည် အသက်ရှင်၏။ ပညတ်တရားပေါ်သောအခါ အပြစ်တရားသည် ရှင်ပြန်၏။ ငါလည်းသေ၏ အသက်ရှင်ခြင်းနှင့်ဆိုင်သော ပညတ်တရားသည် ပညတ်တရားအားဖြင့် အခွင့်ရလျှင် ငါ့ကိုလှည့်ဖြား၍ ထိုတရားအားဖြင့် ငါ့ကိုသတ်လေ၏။ (ရောမ ၇း၇–၁၁)။

ရှင်ယာကုပ်သည် အပြစ်တရားအကြောင်းကို အောက်ပါကဲ့သို့ အတိအလင်း ဖော်ပြထားပါသည်။

> အပြစ်သွေးဆောင်ခြင်းကို ခံရသောသူမည်သည်ကား ဘုရားသခင်သည် ငါ့ကိုသွေးဆောင်တော်မူသည်ဟု မပြောစေနှင့်။ မကောင်းသောအရာသည် ဘုရားသခင်ကို မသွေးဆောင်နိုင်။ ကိုယ်တော်သည်လည်း အဘယ်သူကိုမျှ အပြစ်သို့သွေးဆောင်တော်မမူ။ မိမိတပ်မက်သောစိတ်ဆွဲငင်ဖြားယောင်းခြင်းကို ခံသောသူမည်သည်ကား အပြစ်သွေးဆောင်ခြင်းသို့ ရောက်တတ်၏။ တပ်မက်သောစိတ်သည် ပဋိသန္ဓေယူ၍ ဒုစရိုက်ကို ပွားတတ်၏။ ဒုစရိုက်သည်လည်း ပြည့်စုံလျှင် သေခြင်းကိုပွားတတ်၏။ (ယာကုပ် ၁း၁၃–၁၅)

ဤနေရာ၌ အပြစ်တရားကို လူ့ဘာဝဖြင့် နှိုင်းယှဉ်ထားပါသည်။ ပထမတွင် ပဋိသန္ဓေယူသည်။ ထို့နောက်ကလေးမွေးသည်။ ၎င်းနောက် ရင့်ကျက်ကြီးထွားသည်။ ပြီးနောက်သေသည်။ အပြစ်တရားသည်လည်း ထိုကဲ့သို့ပင်။ လူသားများ၏ စိတ်ထဲ၌ ပထမသန္ဓေတည်သည်။ ထို့နောက် ကျူးလွန်ပြစ်မှားသည်။ ၎င်းနောက်တွင် ထိုကျူးလွန်ခြင်းသည် အကျင့်ကဲ့သို့ဖြစ်လာသည်။ နောက်ဆုံးတွင် သေခြင်းတရားလမ်းသို့ ပို့ဆောင်သည်။ အပြစ်တရားကို ဆင်ခြင်အောက်မေ့ခြင်းမရှိဘဲ လျစ်လျူရှုထားခဲ့လျှင် အနေးနှင့် အမြန်သာကွာ၍ ကျူးလွန်မိပေမည်။

သောအရာ၊ ဆိုးသောအရာ၊ ထိုက်တန်သော၊ မထိုက်တန်သော အဆုံးသတ်ခြင်း၌ အသုံးပြုနိုင်သည်။ ကျွန်ုပ်တို့သည် မိမိတွေးတောသော အရာကို ထိန်း ချုပ်နိုင်သည်။

## စိတ်၏ကောင်းသောအပိုင်း

စိတ်၏ဖြစ်နိုင်ခြေစွမ်းအင်သည် ကောင်းသည်ဟု ကျွန်ုပ်ထင်ပါသည်။ Hndel မှ The Messiah ဆိုသည့် ဘာသာရေးဂီတကို ရေးစပ်ခြင်းကို ကျွန်ုပ် စဉ်းစားမိသည်။ တေးဂီတသံစဉ်ကြားယောင်ခြင်းမရှိဘဲ ကျမ်းစာထဲ၌ ဖတ်ရှုတ် နိုင်ခြင်းမရှိခဲ့ပါ။ ဤလုပ်ဆောင်မှုအားလုံးသည် ဝိညာဉ်ရေးရာ၌ အလွန်ခန့်ညား ထည်ဝါပြီး ဤအရာကို ကောင်းကင်ဘုံ၌ သီဆိုရမည်ကို ကျွန်ုပ်မကြာခဏ မြင်ယောင်မိသည်။

Isaac Watt's ၏ When I Survey the Wondrous Cross သီချင်းကို ကျွန်ုပ်စဉ်းစားမိသည်။ သူသည် မိမိစိတ်ကို သခင့်ထံအပ်နှံခဲ့သည်။ ဤသီချင်းသည် ခရစ်ယာန်လောကအတွက် သူပေးဆောင်ခဲ့သော အရာများအနက် ပေးဆောင်မှု တစ်ခုသာဖြစ်သည်။ သို့သော် ကျွန်ုပ် မိမိကိုယ်ကိုပြောဆိုမိသည်မှာ "မိမိဘဝ တစ်လျှောက်လုံး အသက်ရှင်စဉ် ဤသို့သော သီချင်းရေးစပ်နိုင်မည်ဆိုလျှင် အသက်ရှင်ရကျိုး နပ်ပါပြီ" ဟူ၍ပင်။

Milton ၏ စိတ်နှလုံးကျပ်မတ်ခြင်းကို ကျွန်ုပ်တွေးတောမိသည်။ အချိန် များစွာ လုံ့လထုတ်ရသောအလုပ်၊ ပြီးနောက် လက်ရာမြောက်စွာလုပ်ထားသည့် အရာ သူ့စိတ်အားဖြင့် ၎င်းစာပေ၏ မျက်နှာများ မည်မျှပြည့်ဝစေ မည်နည်း။

Michelangelo ပန်းချီကားချပ်နှင့် အခြေအနေ၊ သူတောင်းစားကို ဖော်ပြ သည့်သူ့ပန်းချီကားချပ်၏လှပခြင်း၊ စကြာဝဠာအတွက် ဝန်တာရှိသော သူ့စိတ်ထား၊ ကံကောင်းထောက်မစွာ ကျွန်ုပ်တို့အတွက် ကြည်လင်သော ကျောက်ဖြူပန်းချီ ကားချပ်။



သို့ဝင်၍ အစာရှိသမျှကို သန့်ရှင်းစေသဖြင့် ရေအိမ်တွင် ဆင်းသွား သောကြောင့် လူကိုမညစ်ညူးစေနိုင်သည်ကို နားမလည်ကြ သလော။ လူအတွင်းမှထွက်သောအရာမူကား လူကိုညစ်ညူး စေသောအရာဖြစ်၏။ လူအတွင်းနှလုံးထဲက မကောင်းသောကြံ စည်ခြင်း၊ သူ့မယားကိုပြစ်မှားခြင်း၊ မိန်းမလွတ်နှင့် မှားယွင်းခြင်း၊ လူအသက်ကိုသတ်ခြင်း၊ သူ့ဥစ္စာကိုခိုးခြင်း၊ လောဘလွန်ကျူးခြင်း၊ မနာလိုခြင်း၊ လှည့်စားခြင်း၊ ညစ်ညူးခြင်း၊ ငြူစူခြင်း၊ သူ့အသရေ ကိုဖျက်ခြင်း၊ ထောင်လွှားစော်ကားခြင်း၊ လျှပ်ပေါ်ခြင်း၊ ဤဆိုးညစ် သောအရာများတို့သည် အတွင်းမှထွက်လာ၍ လူကိုညစ်ညူးစေ ကြသည်ဟု မိန့်တော်မူ၏ (မာကု ၇း၁၄–၂၃)။

လူသားများသည် မိမိတို့၏ ယိုယွင်းသောအတွေးအခေါ်များမှ ကင်းလွတ် ရန် အကြောင်းပြချက်များ ရှာကြံကြသည်။ "သင်၏ဦးခေါင်းပေါ်၌ ပျံသန်းနေသော ငှက်များကို သင်မတားဆီးနိုင်သော်လည်း သင့်ဦးခေါင်းပေါ်၌ အသိုက်မဆောက် ရန် တားဆီးနိုင်သည်။" ဤအရာ၏ ဆိုလိုရင်းမှာ တပ်မက်ခြင်းဖြင့် ပတ်သက်သော စုံစမ်းခြင်းသည် စိတ်ထဲ၌ ပေါ်လာတတ်သော်လည်း အပြစ်မဟုတ်ပေ။ ထိုအရာ များ၌ တုန့်ပြန်ခြင်းသာလျှင် အပြစ်ဖြစ်သည်။

သို့သော် "သူတို့သည် အပြစ်မရှိလျှင် သန့်ရှင်းစင်ကြယ်ကြသလား။" ဤမေးခွန်း၏အဖြေသည် "မကောင်းသောအရာ၊ တပ်မက်ဖွယ်သောအရာ၊ အတွေးအခေါ်အားလုံးသည် ဖိတ်ခေါ်သည်ဖြစ်စေ၊ မဖိတ်ခေါ်သည်ဖြစ်စေ၊ ညစ်ညူး ပြီး ယေရှုခရစ်တော်၏ အသွေးတော်အားဖြင့် ဆေးကြောစင်ကြယ်ရန် လိုအပ်သည်။ ဤလောက၌ သူတော်စင်ဟူ၍ မရှိပါ။ သို့သော် မိမိ၏အာရုံထဲ၌ မကောင်းသော အရာ၊ ညစ်ညူးသောအရာများ ပေါ်လာပါက ချက်ချင်းသတိရှိပြီး ကြိုဆိုခြင်းမရှိ ရန်ဖြစ်သည်။

**စိတ်ထဲ၌ပင် မစဉ်းစားနဲ့**

တောင်ပေါ်ဒေသနာ၌ မကောင်းသောအတွေးအခေါ်များအကြောင်းကို ယေရှုမှ သာ၍အထူးပြုထပ်မံဖော်ပြပါသည်။

> လူအသက်ကို မသတ်ရ။ သတ်သောသူသည် ရုံး၌အပြစ်စီရင်ခြင်းကို ခံထိုက်ပေ၏ဟူသော ရှေးပညတ်စကားကို သင်တို့ကြားရပြီ။ ငါ့ပညတ်သည်ကား ညီအစ်ကိုကို အထောက်မတန် အမျက်ထွက်သောသူသည် ရုံး၌အပြစ်စီရင်ခြင်းကို ခံထိုက်ပေ၏။ ညီအစ်ကိုကို ကျိန်ဆဲသောသူသည် ဂေဟ်နာအရပ်၌ မီးရှို့ခြင်းကို ခံထိုက်ပေ၏။ သူ့မယားကို မပြစ်မှားရဟူသော ရှေးပညတ်စကားကို သင်တို့ကြားရပြီ။ ငါပညတ်သည်ကား ကိလေသာစိတ်နှင့် သူ့မယားကို ကြည့်ရှုသောသူသည် စိတ်နှလုံးထဲ၌ ထိုမိန်းမနှင့် ပြစ်မှားပြီ။

ပညတ်တရားက “လူ့အသက်ကိုမသတ်ရ” ခရစ်တော်က “အသက်သတ်ခြင်းကိုပင် မစဉ်းစားရ” ဟု ပြောခဲ့သည်။ အဘယ့်ကြောင့်နည်း။ သင်စိတ်ထဲ၌ မစဉ်းစားလျှင် မည်သည့်အခါမျှ ပြစ်မှားမည်မဟုတ်ပါ။ ပညတ်တရားက “သူ့မယားကို မပြစ်မှားရ”၊ ခရစ်တော်က “စိတ်ထဲ၌ တပ်မက်ခြင်းဖြင့် သူ့မယားကို မကြည့်ရ” ဟု ပြောခဲ့သည်။

အဘယ့်ကြောင့်ခရစ်တော်က ဤသို့ပြောခဲ့သနည်း။ လုပ်ဆောင်မှုတိုင်းသည် စဉ်းစားခြင်းမှလာသည်။ သင်၏တပ်မက်မှုကို စိတ်ထဲ၌သတ်ပစ်လိုက်လျှင် ပြစ်မှားခြင်းအတွက် နောင်တရရန် မလိုပါ။

တမန်တော်ယောဟန်ကလည်း ဤအရာနှင့်ထပ်တူဖော်ပြထားသည်မှာ –

> မိမိညီအစ်ကိုကို မုန်းသောသူမည်သည်ကား လူ့အသက်ကို သတ်သောသူဖြစ်၏။ လူအသက်ကို သတ်သောသူ တစ်စုံတစ်ယောက်မျှ ထာဝရအသက်မတည်သည်ကို သင်တို့သိကြ၏။ (၁ ယော ၃း၁၅)။



အလွန်မုန်းတီးခြင်းသည် အသက်သတ်ခြင်းကဲ့သို့ဖြစ်သည်ဟု ယူဆခြင်းသည် တရားလွန်ဖြစ်သည်ဟု ခံယူမည်ဆိုပါက ထိုအရာနှစ်ခုသည် ဆန္ဒနှင့် ပြည့်စုံမှုကဲ့သို့လည်းကောင်း၊ အကြောင်းရင်းနှင့် သက်ရောက်မှုကဲ့သို့ဖြစ်ကြောင်း သတိရှိရပါမည်။ မုန်းတီးခြင်းသည် သန္ဓေတည်ခြင်း၌ လူသတ်ခြင်းဖြစ်သည်။ အလွန်ဒေါသထွက်ခြင်းမရှိလျှင် လူသတ်ခြင်းမရှိပါ။

လူသားများ၏စိတ်သည် မဖော်ပြနိုင်လောက်အောင် ဆန်းကျယ်ပြီး မပြောပြနိုင်လောက်အောင် ဆူးဆန်းသည်။ အမိန့်အားလုံးကို ထုတ်ပြန်သည့် တပ်မတော်ရုံးချုပ်ကဲ့သို့ဖြစ်သည်။ စိတ်မှဘောပင်ယူပြီး စာရေးရန် လက်ကို ပြောသည်။ ဤအရာသည် ရေးသားဖော်ပြထားသောအရာကို အဆုံးအဖြတ်ပေးသည်။ ဤအရာသည် ဆက်သွယ်ရေးနည်းစနစ်ကဲ့သို့ဖြစ်ပြီး အစဉ်မပြတ် တွေးတောသည့်အရာကို ပေးပို့သည်။ ဤအရာအားလုံးမည်သို့ဖြစ်ပျက်သနည်း။

လူသားများ၏ ဦးနှောက်အလုပ်လုပ်ပုံကို ပုံတူကူးရန် ကွန်ပျူတာတီထွင်သည်ဟု ဆိုရိုးစကားရှိရာ Empire State Buidlling ကဲ့သို့ ကြီးမားပြီး ထိုအရာသည် လူသားများ၏ စိတ်နေသဘောထားအားလုံးကို ပုံဆောင်နိုင်ခြင်းမရှိပါ။

ကျွန်ုပ်တို့အများစုသည် မိမိတို့၏ စိတ်သဘောထားကို မိမိလိုချင်သကဲ့သို့ အကြောင်းပြချက်ရှာတတ်ကြသည်။ သို့သော် သမ္မာကျမ်းစာက ရှင်းလင်းစွာ သွန်သင်ခဲ့သည်မှာ ဘုရားသခင်မှ အပ်နှင်းထားသော စွမ်းအင်ဖြစ်ပြီး ကျွန်ုပ်တို့၌ စောင့်ထိန်းရန် ဝတ္တရားရှိသည်။

ကျွန်ုပ်တို့အားလုံးသည် ကျယ်ပြန့်ရှုပ်ထွေးလှသော နန်းတော် (စိတ်နှလုံးနန်းတော်) ထဲ၌ အုပ်ချုပ်သည့် ဘုရင်ကဲ့သို့ဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် “သူဘာထင်ပြီး ဘယ်လိုထင်တယ်” ဆိုသည့်အရာ၌ ဝတ္တရားရှိသည်။ ကောင်း

အသနားခံခြင်းကို ဖော်ပြသည်။ ``အကျွန်ုပ်ကို အထံတော်ထဲက နှင်ထုတ်တော်မမူပါနှင့်။ သန့်ရှင်းသောဝိညာဉ်တော်ကို ရုပ်သိမ်းတော်မမူပါနှင့်။ ကယ်တင်တော်မူခြင်းနှင့် ယှဉ်သောဝမ်းမြောက်ခြင်းအခွင့်ကို ပြန်၍ပေးသနားတော်မူပါ'' (ဆာလံ ၅၁း၁၀)။ ဒါဝိဒ်၏ ဝန်ခံခြင်းသည် လူသတ်ခြင်းနှင့် အဓမ္မအမှုကိုပြုခြင်းအပြစ်နှစ်ခု ကျူးလွန်ပြီးနောက်ဖြစ်သည်။ ကျွန်ုပ်အတွက်မူ ဤအရာ၌ သွယ်ဝိုက်ပေါ်လွင်သော အရာသည် ဒါဝိဒ်၏အပြစ်သည် အတွေးအခေါ်ကို မထိန်းချုပ်သည့် ဘဝမှစတင်သည်။

ဒုတိယ သင်၏အတွေးအခေါ်အားလုံးကို ခရစ်တော်၏ မျက်မှောက်တော်၌ နေသကဲ့သို့ စစ်ကြောစီရင်ပါ။ အတွေးအခေါ်နှင့် လုပ်ဆောင်ချက်ကို စစ်မှန်သော စမ်းသပ်ခြင်းသည် မျက်မှောက်တော်၌ ဖြစ်ပေါ်သကဲ့သို့ဖြစ်သည်။ ဤအရာကို (၂ ကော ၁၀း၅) ၌ အကြံပြုဖော်ပြထားပါသည်။

> ဘုရားသခင်ကိုသိသောပညာကို ဆီးတားသော မာန်မာနရှိသမျှတို့ကိုလည်းကောင်း၊ နှိမ့်ချမှောက်လှန်၍ ခပ်သိမ်းသောစိတ်တို့ကို ဖမ်းသွားချုပ်ထားလျက် ခရစ်တော်၏စကားကို နားထောင်စေကြ၏။

ကျွန်ုပ်တို့သည် အတွေးအခေါ်တိုင်းကို ခရစ်တော်စီရင်သည့်အတိုင်း နာခံရန် ကျွန်ကဲ့သို့ဒရွတ်တိုက်ဆွဲရမည်။

ခရစ်တော်၏စံချိန်ကို မမှီလျှင် အတွေးအခေါ်တိုင်းကို ညစ်ညူးခြင်းနှင့် အပြစ်ကဲ့သို့ဖြစ်ကြောင်း ဝန်ခံရမည်။ ကားစီးသည်ဖြစ်စေ၊ လမ်းလျှောက်သည်ဖြစ်စေ၊ မည်သည့်နေရာ၌ ရှိသည်ဖြစ်စေ ညစ်ညမ်းသောတွေးခေါ်မှု၊ မှားယွင်းမှုများကို ``ကိုယ်တော် အဲဒါအပြစ်ဖြစ်တယ်၊ ကျွန်တော့်စိတ်တွေ ယိုယွင်းနေပြီ ကျွန်တော့်ကို ခွင့်လွှတ်ပြီး စင်ကြယ်စေပါ။ သိုးသူငယ်အသွေးတော်တန်ခိုးကို ကြေငြာပါ၏'' ဟု ဝန်ခံရမည်။



ထို့နောက် Charles Haddon Spurgeon အကြောင်းကို ကျွန်ုပ်စဉ်းစားမိသည်။ သူသည် တရားဟောဆရာများ၏ မင်းသား (Prince) ပင်။

A.T. Pierson ၏ မိမိကိုယ်ကို ပြောဆိုသည့် ``ဘုရားသခင်က သူ့ကိုပေးသောစိတ်သဘောအားလုံး၊ အခွင့်အရေးအားလုံးကို အကောင်းဆုံးအဖြစ် အသုံးပြုသည်''။ သူ့တရားဟောချက်၊ သူ့ဘဝ၏အသီးအပွင့်များကို မြင်တွေ့သောအခါ ကျွန်ုပ်သာ၍ ယုံကြည်မိသည်။

မိမိတို့ခေတ်ဖြင့် ပုံဖော်ရန် လကမ္ဘာပေါ်သို့ လေယျာဉ်ပျံများစေလွှတ်သည့် စိတ်ကူး၊ စီမံကိန်းများကို ကျွန်ုပ်စဉ်းစားမိသည်။ အလွန်ကောင်းမွန်သည့် ရုပ်ရုံ၊ တတ်စွမ်းခြင်း၊ တိကျခြင်းပင်။

## ဆိုးသွမ်းသောအမှားများဖြစ်နိုင်ချေ

သို့သော် ဆိုးသွမ်းသောအမှားများအတွက် ဖြစ်နိုင်ချေကို စဉ်းစားမိတိုင်း စာနာမှုကင်းမဲ့သော မင်းဆိုးမင်းညစ်များ၊ သူတို့၏ ညှင်းပန်းနှိပ်စက်ခြင်း၊ အခန်းထဲ၌ မီးရှို့ခြင်း၊ အပြစ်မဲ့သာ လူပေါင်းများစွာကို ဖျက်စီးသောရက်စက်ခြင်းများကို စဉ်းစားမိသည်။

သူတစ်ပါး၏ ယုံကြည်ခြင်းကို ဖျက်စီးရန် မိမိတို့၏ အစွမ်းအစကို အသုံးပြုသူများဖြစ်သည့် Voltaire, Tom Paine, Robert Ingersoll တို့အကြောင်း စဉ်းစားမိသည်။ သူတို့သည် ဘုရားသခင်ပေးသည့် မိမိတို့၏ အစွမ်းအစများကို သစ္စာမဲ့ခြင်းနှင့် ဘုရားမဲ့ဝါဒီအတွက် အသုံးပြုကြသည်။

အပြာစာပေ၊ အပြာဓာတ်ပုံများကို ထုတ်ဝေသောသူများသည် မိမိတို့၏ စိတ်စွမ်းအင်ကို မကောင်းသောအရာ၊ ကိုယ်ကျင့်တရားပျက်ပြားခြင်းအတွက်သာ အသုံးပြုကြသည်။

ထို့နောက် မကောင်းသောအတွေးသည် ဘယ်လိုဖြစ်နိုင်ချေရှိတယ်ဆိုသည့်အချက်ကို စဉ်းစားရမည်။ တစ်ပတ်တာအတွင်း ကျွန်ုပ်တို့စိတ်ထဲ၌ စဉ်းစားသောအရာကို ပုံဆောင်ပြသပြီးလူများရှေ့၌ တစ်နာရီခန့် လမ်းလျှောက်ရမည်ဆိုလျှင် မည်သူမျှလျှောက်ဝံ့မည်မဟုတ်။ ကျွန်တော်တို့၏စိတ်သည် လူမျက်စိဖြင့်မြင်၍မရသော အမှောင်ထုလွှမ်းမိုးသည့်အပြစ်ထဲသို့ တွန်းပို့နိုင်သည်။ ဤအရာသည် ပျော်မွေ့ဖွယ်သော အခြေအနေအားလုံး၊ တားမြစ်ထားသည့် ဆက်ဆံခြင်း၌ ပါဝင်ခြင်းတို့ ဖြစ်သည်။

မိတ်ဆွေတစ်ဦးသည် အထက်ပါကဲ့သို့သောလုပ်ဆောင်မှု၌ ဖမ်းဆီးမိလျှင် ထိုသူအား အပြစ်တင်ရှုတ်ချချင် ရှုတ်ချပေလိမ့်မည်။ သို့သော် ကျွန်ုပ်တို့သည် တစ်ဦးတည်းနေသောအချိန်၌ အမှောင်ထဲ၌ စိတ်ပိုင်းဆိုင်ရာကျူးလွန်မိပြီး မိမိကိုယ်ကိုအပြစ်ရှိမှန်းတောင် မခံစားဘဲနေနိုင်သည်။ သဘာဝတရားနှင့် အချိန်၏တားဆီးခြင်းမရှိလျှင် စိတ်သည် ကျွန်ုပ်တို့ကို မည်သည့်နေရာမဆို တဖြည်းဖြည်းဆွဲခေါ်ပြီး မိမိစိတ်ဆန္ဒအတိုင်း မည်သည့်အရာမဆို လုပ်ဆောင်ရန် ဆွဲဆောင်တတ်သည်။ ယုံကြည်သူ၏ အတွေးစဉ်ဘဝထဲ၌ မကောင်းသောအပြစ်ဖြစ်နိုင်ချေကို စဉ်းစားရန် ကြောက်ရွံ့ဖွယ်ကောင်းလှပါသည်။ ဤအရာများ တဖြည်းဖြည်းအကျင့်ပါပြီး ပျက်စီးသွားနိုင်သည်။ ၁၉၈၈ ခုနှစ်တွင် လူထောင်ပေါင်းများစွာ ရှေ့၌တရားဟောသည် ရုပ်မြင်သံကြားဧဝံဂေလိဆရာသည် လိင်မှုကိစ္စဖြင့် လွန်ကျူးမိကြောင်း တွေ့ရှိရာ သူသည် မိမိကောင်လေးဘဝမှစ၍ အပြာရုပ်ပုံများကို စွဲလမ်းမိကြောင်း ဝန်ခံပါသည်။

ယခုခေတ်တွင် အပြစ်၏ပတ်ပတ်လည် ချည်နှောင်ခြင်းအောက်၌ ကျင်လည်နေသောသူ မြောက်များစွာရှိသည်။ သူတို့သည် လွတ်မြောက်လိုကြသော်လည်း မိမိတို့၏အတွေးကို မထိန်းချုပ်လိုကြပါ။ ခရစ်ယာန်တစ်ယောက်သည် လေယာဉ်ပေါ်၌ စစ်သားတစ်ဦးနှင့် အတူတူထိုင်ပြီး အချင်းချင်းနှုတ်ဆက်ပြီးနောက် ထိုစစ်သားမှာ ခရစ်ယာန်ထံ မဂ္ဂဇင်းစာအုပ်ပေးခဲ့သည်။ ထိုစာအုပ်သည် ညစ်ညမ်းသောစာအုပ်ဖြစ်ကြောင်းသိသောအခါ ယဉ်ကျေးစွာပြန်ပေးပြီး ကျမ်းစာအုပ်လေးကို လည်းပေးခဲ့သည်။ ခဏမျှငြိမ်သက်ပြီး စစ်သားက ယုံကြည်သူထံ ''မင်းငါ့ကို ကူညီပါလား'' ဟု မေးသည်။ သူသည် အပြစ်၏ ထိတ်လန့်ဖွယ်ကောင်းသော ဆိုးညစ်ခြင်းနှင့် လိင်ကိစ္စပြစ်မှုကျူးလွန်ခြင်းမှ လွတ်မြောက်လိုကြောင်း ပြောသော်လည်း အပြာဖြင့်ပတ်သက်သည့် မဂ္ဂဇင်းများကို ဖတ်ရှုနေဆဲဖြစ်သည်။

အတွေးအခေါ်များထိန်းချုပ်၍ရကြောင်း George Goodman မှ သတိပေးထားပါသည်။ မကောင်းသောအတွေးအခေါ်များသည် ဓာတ်ဆီကို အဝတ်စုတ်ဖြင့် စုတ်ယူခြင်းကဲ့သို့ဖြစ်သည်။ စုံစမ်းခြင်းမီးပွားများလာသည့်အချိန်၌ မီးလျှံအလင်းရောင်ကဲ့သို့ ဖြစ်သည်။ မကောင်းသော အတွေးအခေါ်များကို သင်ရပ်တန့်နိုင်သည်။ သင်သည် အတွေးအခေါ်ထိန်းချုပ်ခြင်းပညာကို သင်ယူရပါမည်။ ဇာတိဖြင့် ပတ်သက်လာလျှင် စိတ်အလိုလိုက်ခြင်း လျှို့ဝှက်ချက်၌ အကြောင်းပြချက်မရှိပါ။ ဝိညာဉ်တော်အားဖြင့် အတွေးအခေါ်အားလုံးကို ခရစ်တော်အား နာခံခြင်း၌ ထိန်းချုပ်ရမည်။ အတွေးအခေါ်အားလုံးကို ဝိညာဉ်တော်အားဖြင့် ချုပ်ထားရမည်။

**အရင်းအမြစ်ဖြင့်ဆိုင်သောလုပ်ဆောင်မှု**

ဖြေရှင်းရန်ခက်သည့်အချက်သည် ပုစိန်သည် သစ်ပင်၏အမြစ်၌ရှိရမည်။ တွေးခေါ်သည့်ဘဝဖြင့် ကိုင်တွယ်လိုသည့် ဆန္ဒရှိရမည်။

ကယ်တင်ခြင်းမရသေးသောသူအနေဖြင့် ရှေးဦးစွာ ပြောင်းလဲရန်လိုအပ်သည်။ သခင်ယေရှုကို ယုံကြည်ခြင်းအားဖြင့် ဒုတိယအကြိမ် မွေးဖွားခြင်းခံရမည်။ ထိုမှသာလျှင် သန့်ရှင်းသောဝိညာဉ်တော်၏ ကျိန်းဝပ်ခြင်းရရှိပြီး မစင်ကြယ်သည့် အတွေး အခေါ်များကို ဖယ်ရှားနိုင်မည်။

ခရစ်ယာန်များအနေဖြင့် လုပ်ဆောင်ရန်အချက်များစွာ ရှိပါသည်။

ရှေးဦးစွာ အဖြစ်အပျက်အားလုံးကို သခင့်ထံ၌ ဆုတောင်းခြင်းဖြင့် ယူဆောင်ပါ။ ဒါဝိဒ်၏စကားလုံးသည် ကျွန်ုပ်တို့အားလုံးအတွက် သင့်လျော်သည့်

ရှုပ်ထွေးရန်မဟုတ်ပါ။ မှားယွင်းသောတရားထိုင်ခြင်းသည် ဘုရားသခင်၏ ပုဂ္ဂိုလ်ဖြစ်ကြောင်းနှင့် ဤသို့တရားထိုင်ခြင်းအားဖြင့် ဘုရားတန်ခိုးများကို သိရှိနိုင်သည်ဟု ယူဆသည်။

အခြားပုံစံများသည် စိတ်ကိုရှင်းအောင်ထားပြီး စိတ်ထဲ၌တစ်ခုခုကျန်ခဲ့သည်အထိ စောင့်ရန်ပြောသည်။ လူသားများက စိတ်ကိုလျစ်လျူရှုစေပြီး နတ်ဆိုး၏ ကျူးကျော်ဝင်ရောက်ခြင်းနှင့် သတင်းစကားတစ်ခုခုရှိသည်အထိ စောင့်ရန်ပြောသည်။ နတ်ဆိုးစွဲပြီး ပြန်လည်ကောင်းမွန်သောသူတစ်ဦးအကြောင်းကို ခရစ်တော်က ပြောဆိုခဲ့သည်။ ညစ်ညူးသောနတ်သည် လူထဲကထွက်လျှင် ခြောက်ကပ်သော အရပ်တို့၌လည်၍နေစရာကို ရှာတတ်၏။ မတွေ့လျှင် ငါသည်ထွက်ခဲ့သောနေမြဲအိမ်သို့ပြန်ရဦးမည်ဟုဆို၍ ရောက်သောအခါ ထိုအိမ်သည် လွတ်လပ်၍ သုတ်သင်ပြင်ဆင်လျက်ရှိသည်ကိုတွေ့သော် မိမိထက်သာ၍ ညစ်ညူးသောနတ်ဆိုးခုနစ်ယောက်ကိုခေါ်ပြီးလျှင် ထိုလူထဲသို့ဝင်၍ နေကြ၏ (မဿဲ ၁၂း၄၃-၄၅)။ နှုတ်ကပတ်တော်နှလုံးသွင်းခြင်းသည် သမ္မာတရားနှင့် ဆိုင်သောအကျင့်၊ လျှောက်ပတ်သောအကျင့်၊ ချီးမွမ်းဖွယ်သောအကျင့်ရှိသမျှတို့ကိုလည်းကောင်း၊ ပါရမီတစ်ပါးပါး၊ ကောင်းသောသီတင်းတစ်ပါးပါးနှင့်ဆိုင်သော အကျင့်တို့ကိုလည်းကောင်း နှလုံးသွင်းခြင်းပါဝင်သည် (ဖိလိပ္ပိ ၄း၈)။

နှုတ်ကပတ်တော်သည် ဝိညာဉ်ရေးရာတိုးတက်ကြီးပွားခြင်းနှင့် အောင်မြင်ခြင်းကို အာမခံသည်။ ထိုပညတ်တိကျမ်းစာ၌ ရေးထားသမျှအတိုင်းကျင့်မည်ဟု စောင့်ရှောက်ခြင်းအလို့ငှာ ကျမ်းစာကိုမဖတ်မရွတ်ဘဲမနေ၊ နေ့ညဉ့်မပြတ် ကြည့်ရှုဆောင်ရွက်ရမည်။ သို့ပြုလျှင် သင်သည်အကြံထမြောက်၍ အောင်မြင်လိမ့်မည် (ယောရှု ၁း၈)။ ဤနေရာ၌ နှုတ်ကပတ်တော်နှလုံးသွင်းခြင်း၏ ပန်းတိုင်တစ်ခုသည် အကျင့်စာရိတ္တပြောင်းလဲခြင်းကို ဖြစ်ပေါ်သည်။



ကျွန်ုပ်တို့၏ အတွေးအခေါ်ကို စိတ်ထဲမှ နှင်ထုတ်ရမည်။ ဝန်ခံပြီး စွန့်လွှတ်သောသူများအတွက်ဖြစ်သည်။

မိမိအပြစ်ကို ဖုံးထားသောသူသည် ချမ်းသာခြင်းသို့ မရောက်နိုင်။ မိမိအပြစ်ကို ဖော်ပြဝန်ချ၍ စွန့်ပစ်သောသူမူကား ကရုဏာတော်ကို ခံရလိမ့်မည်။ (သုတ္တံ ၂၈း၁၃)။

လက်တွေ့အားဖြင့် ဤအရာ၏ဆိုလိုရင်းမှာ တစ်ပတ်အတွင်း အကြိမ်ပေါင်း (၁၀၀၀) တစ်ထောင် No ဟုပြောရန် သင်ယူခြင်းဖြစ်သည်။ အနုတ်လက္ခဏာဆောင်သောအရာကို စဉ်းစားရန် စုံစမ်းခြင်းခံရသည့်အခါ No ဟု ပြောရမည်။ ဤအတွေးအခေါ်ကို ငါလက်မခံပါ။ ငြင်းပယ်ရမည်။ ယေရှုနာမ၌ ငြင်းထုတ်ပါ၏ဟု ကြေငြာရမည်။

## တိကျသေချာစွာအတွေးအခေါ်

ကျွန်ုပ်တို့သည် တိကျသေချာသော အပေါင်းလက္ခဏာဆောင်သော စဉ်းစားခြင်းရှိရန် သင်ယူရမည်။ ဤအရာနှင့်ပတ်သက်၍ ပေါလုမှ ဖိလိ ၄း၈ ၌ ဖော်ပြထားပါသည်။

ကြွင်းသေးသောစကားဟူမူကား ညီအစ်ကိုတို့ သမ္မာတရားနှင့်ဆိုင်သော အကျင့်၊ လျှောက်ပတ်သောအကျင့်၊ ဖြောင့်မတ်သောအကျင့်၊ စင်ကြယ်သောအကျင့်၊ သူတစ်ပါးနှစ်သက်ဖွယ်သောအကျင့်၊ ချီးမွမ်းဖွယ်သောအကျင့်ရှိသမျှတို့ကိုလည်းကောင်း၊ ပါရမီတစ်ပါးပါး၊ ကောင်းသော သီတင်းတစ်ပါးပါးနှင့်ဆိုင်သောအကျင့်တို့ကိုလည်းကောင်း နှလုံးသွင်းကြလော့။

ဤအရာ၏ဆိုလိုရင်းမှာ ကောင်းသောအရာနှင့်အပြစ်၊ ဆိုးသောအရာကို တစ်ပြိုင်နက်စဉ်းစား၍မရပါ။ ခရစ်တော်နှင့်ခရစ်တော်၏ စင်ကြယ်ခြင်းသည် စိတ်နှလုံး၌နေရာယူလျှင် အပြစ်နှင့်မိုက်မဲခြင်းသည် ထွက်သွားပါမည်။ ဤအရာကို လူတစ်ချို့က ''အသစ်သောဟန်ဆောင်ခြင်းကို နှင်ထုတ်နိုင်သောတန်ခိုး'' ဟု

ခေါ်ပါသည်။ ခရစ်တော်နှင့်သာ၍ နီးကပ်လျှင်သဏ္ဌာန်တော်နှင့်သာ၍ တူညီအောင် ပြောင်းလဲလာသည် (၂ ကော ၃း၁၈)။

သဘာဝတရား၏ပြောဆိုချက်မှာ ကျွန်ုပ်၏အတွေးအခေါ်၌ အောင်မြင်လိုလျှင် မိမိတို့နှင့် ခင်မင်သူများ၊ မိမိတို့ဖတ်သည့်စာများ၊ မြင်တွေ့သည့်အရာများ အပေါ်၌ စည်းကမ်းကျက်မှတ်ရမည်။ စိတ်ဝင်စားဖွယ်သောစာအုပ်များ၊ မဂ္ဂဇင်းများ၊ Hollywood ဇာတ်လမ်းများစသည့် အရာများသည် ရုပ်ချင်းပင် ညစ်ညူးလာသည်။ လူသားများ၏ အသက်တာ၌ တပ်မက်ခြင်းကို ဖြစ်စေတတ်သော အရာဝတ္ထုများရှိလာသည်။ ကောင်းသော မီးပုံပွဲသည် ဆင်ခြင်ခြင်းကို ဖြစ်စေသည်။

နောက်ဆုံးအနေဖြင့် ကျွန်ုပ်တို့သည် သခင်အတွက် အလုပ်များရမည်။ ကြောက်မက်ဖွယ်အကောင်းဆုံးအချိန်သည် ပျင်းရိသောအချိန်နှင့် ကိုယ်ခန္ဓာကောင်းမွန်စွာအနားယူသောအချိန်ဖြစ်သည်။ ခရစ်တော်အတွက် မအားမလပ်လုပ်ဆောင်သောဘဝ၌ လုံခြုံခြင်းနှင့် ကာကွယ်ခြင်းရှိသည်။ အချိန်နာရီကို အကျိုးရှိစွာအသုံးပြုသောသူသည် အတွေးအခေါ် ယိုယွင်းခြင်းမှသာ၍ ကာကွယ်နိုင်သည်။ ဤအရာကို (သုတ္တံ ၁၆း၃) ၌ ဖော်ပြထားပါသည်။

> ကိုယ်ပြုသောအမှုတို့ကို ထာဝရဘုရား၌အပ်လော့။ သို့ပြုလျှင် သင်၏အကြံအစည်တို့သည် တည်ကြလိမ့်မည်။

သင်၏ စိတ်နှလုံးကို လို့လဝီရိယဖြင့် ထိန်းချုပ်ရန်လိုအပ်ပါသည်။



# အခန်း (၁၈)

# နှုတ်ကပတ်တော်ကို နှလုံးသွင်းခြင်း၊ မှန်ကန်သည့်ပုံစံ

နှုတ်ကပတ်တော်ကို နှလုံးသွင်းခြင်း၌ အချိန်အသုံးမပြုသော သန့်ရှင်းသည့်ပုဂ္ဂိုလ် ကျွန်ုပ်မတွေ့ဘူးပါ။ လူပုဂ္ဂိုလ်၏ ဖြောင့်မတ်ခြင်းနှင့် အတွေး၌အသုံးပြုသောအချိန်နှင့် အပြန်အလှန်ဆက်သွယ်မှုရှိသည်။

နှလုံးသွင်းခြင်းဟုပြောရာတွင် ဘုရားသခင်နှစ်သက်ပြီး တည်ဆောက်စရာဖြစ်စေသည့် ရည်ရွယ်ချက်ပြည့်ဝသော အတွေးအခေါ်၏ ဦးတည်ချက်ကို ဆိုလိုသည်။ ယုံကြည်သူများ၏ နှလုံးသွင်းခြင်းသည် သခင်၏ နှုတ်ကပတ်တော်၊ သခင်နှင့်ဆိုင်သောအရာကို အာရုံစိုက်သော အတွေးအခေါ်ဖြစ်ပြီး လျှောက်ပတ်စေမည့်အစား အကျိုးရှိမည့်ရည်ရွယ်ချက်အပေါ်၌ ရောင်ပြန်ဟပ်အောင် ထိန်းချုပ်ရမည်။ မိမိတို့၏ အတွေးအခေါ်များ အကျိုးမဲ့စွာ တွေဝေနေမည့်အစား အသိတရားနှင့် ကျေးဇူးတော်၌ တိုးတက်ရန် လုပ်ဆောင်ရပါမည်။ နှုတ်ကပတ်တော်ကို နှလုံးသွင်းခြင်းသည် ခရစ်ယာန်များ၏ အတွေးအခေါ် စုစောင်းရာဖြစ်သည်။

နွားများ၏ စားမြုံ့ပြန်ကြောင်းအောင် ဝါးခြင်းကို မြင်ယောင်ကြည့်ပါ။ အစာကို စားခဲ့ပြီးဖြစ်သော်လည်း အစာအိမ်မှ ပါးစပ်သို့ပြန်ထုတ်ပြီး ကြေညက်အောင်ဝါးသည်။ ထို့ကြောင့် ယုံကြည်သူများ နှုတ်ကပတ်တော်အစာကိုစားပြီး စားမြုံ့ပြန်သည့်အထိ အချိန်ယူရမည်။ ဤအရာသည် ဘဝ၌ကြည်လင်ခြင်းနှင့် ကျေနပ်ရောင့်ရဲခြင်းဖြစ်စေသည်။

## မှားယွင်းသည့်ပုံစံ

နှုတ်ကပတ်တော်ကို နှလုံးသွင်းခြင်းသည် လူသားများ၏ သာလွန်သောတရားထိုင်ခြင်း (သို့) အရှေ့တိုင်းဘာသာတရားလုပ်ဆောင်မှုများဖြင့် ရောနှော

ကျွန်ုပ်အတွက် – အိုး . . . သိပ်အံ့ဩတာပဲ။ ခရစ်တော်သာလျှင် မထိုက်တန်သောအတွက် ပေးဆပ်ခဲ့သည်။ ယခု ဤကဲ့သို့သော မေတ္တာကို ကျွန်ုပ်မည်သို့ တုန့်ပြန်ရမည်နည်း။ Isaac Watts ၏ စကားလုံးများကို မိမိစကားလုံးကဲ့သို့ ခံယူပါသည်။

ကျွန်ုပ်တို့ သဘာဝပတ်ဝန်းကျင်တစ်ခုလုံး
အလွန်တရာသေးငယ် သိမ်ငယ်ခြင်းနဲ့ပြည့်
အလွန်အံ့ဩဖွယ်မေတ္တာ၊ ဘုရားသခင်၏ မေတ္တာ
ကျွန်ုပ်၏အရာခပ်သိမ်း၊ ဘဝနှင့် ဝိညာဉ်ပေးထိုက်၏။

ဤနည်းစနစ်သည် ကျမ်းစာသိရှိခြင်း အကန့်အသတ်ရှိသော အသစ်သော ယုံကြည်သူများအတွက် ခက်ခဲမည်ဆိုလျှင် ကျမ်းချက်တချို့ကိုယူကာ ဇာတ်လမ်းကဲ့သို့ မှတ်ယူကာ အမှန်တကယ်မြင်တွေ့နိုင်ရန် ကြိုးစားပြီး အမြွတ်ခွန်ကောက်ခံခြင်းကို မြင်ယောင်ကြည့်ပါ။ သူသည် လူများစွာဖြင့် ထိတွေ့ရာတွင် မည်သည့် အရာထူးခြားသနည်း။ ယေရှုပြောခဲ့သောအရာမှာ ''ငါ့နောက်သို့လိုက်လော့'' ဟူ၍ပင်။ မသဲစိတ်ထဲ၌ မည်သည့်အရာဖြစ်ပေါ်လာမည်နည်း။ ကျွန်ုပ်စိတ်ထဲ၌ရော မည်သည့်အရာရှိသနည်း။ ခရစ်တော်နောက်လိုက်ခြင်းဖြင့် မည်သည့်အရာပေးဆပ်ခဲ့သနည်း။ သူဘာရသနည်း။

ဤမြင်ယောင်ကြည့်ခြင်းသည် အတွေးအခေါ် ဖြစ်နိုင်ချေဖြင့် ဆက်စပ်မှုရှိကြောင်းကို ရှုပ်ထွေးရန်မဟုတ်ပါ။ မကြာသေးမီက ဆစ်ခ်ဘာသာရေးဆရာများ၏ နည်းပညာသွန်သင်သည့် ပျော်မွေ့ခြင်း၊ ဂုဏ်သတင်းကြီးခြင်း၊ ကျော်ကြားမှု၊ ကြီးပွားမှု၊ ကျန်းမာရေးစသည့်အရာများ မြင်ယောင်ခြင်းသည် အမှန်တကယ် ဖြစ်ပေါ်လာသည်။ သို့သော် ဤအရာနှင့် ပတ်သက်ပြီး ကျမ်းစာ၌ အခြေခံခြင်းမရှိပါ။

**Dr. W. E. Sangster ရေးသားထားသည်မှာ –**

မိမိကိုယ်ကို ဆက်ကပ်သော ကျောင်းသားသည် ကျမ်းစာ၌ အ



နှုတ်ကပတ်တော်နှလုံးသွင်းခြင်းသည် လူသား၏ဘုရားသခင်ထံ အမြစ်တွယ်ခြင်းကို နက်နဲစေသည်။ ဤအရာသည် အသီးကိုသီးစေသည်။ အကြောင်းမူကား၊ ထိုသူသည် မြစ်နားမှာစိုက်လျက် မိမိအချိန်တန်မှ အသီးကိုသီး၍ အရွက်မညှိုးနွမ်းတတ်သောအပင်နှင့်တူ၏။ ပြုလေသမျှတို့၌ အောင်လိမ့်သတည်း (ဆာလံ ၁း၃)။

ထာဝရဘုရားကို ကြောက်ရွံ့သောသူတို့သည် ကိုယ်တော်မြတ်နှင့် မိတ်သဟာယဖွဲ့ရသောအခွင့်နှင့် ပဋိညာဉ်တရားတော်ကို သိရသောအခွင့်ရှိကြ၏ (ဆာလံ ၂၅း၁၄က)။ ထိုအရာများသည် လမ်းညွှန်မှု၊ အားပေးမှု၊ ချီးမြှောက်မှု (ဝါ) သွန်သင်မှုသတင်းစကားများဖြစ်ပြီး ခံယူချက်ဖြင့် ပတ်သက်မှုမရှိပါ။ ဘုရားသခင်သည် သမ္မာကျမ်းစာ၌တွေ့ရသည့် သမ္မာတရားကိုကျော်လွန်၍ ဖော်ပြခြင်းမရှိပါ။ သန့်ရှင်းသူတို့၌ အထက်ကအပ်ပေးခဲ့သော ယုံကြည်ခြင်းသည် ထာဝရအတွက်ဖြစ်သည် (ယုဒ ၃ခ)

နှုတ်ကပတ်တော်နှလုံးသွင်းခြင်းသည် ပေါ့ပေါ့တန်တန်အချိန်ဖြုန်းခြင်းကို ကာကွယ်သည်။

နှုတ်ကပတ်တော်နှလုံးသွင်းခြင်းသည် ဘုရားသခင်၏စိတ်တော်ကို တို့ထိသောအရာဖြစ်သည်။ ဆာလံဆရာများ၏ဆုတောင်းခြင်းမှာ ''ကျွန်ုပ်၏ နှလုံးသွင်းခြင်းသည် ကိုယ်တော်၌ ချိုမြိန်ပါစေ'' ဖြစ်ပြီး ကျွန်ုပ်တို့လည်း ဆုတောင်းရမည်မှာ ''အကျွန်ုပ်ပြောသောစကားနှင့် စိတ်နှလုံး၏အကြံအစည်သည် ရှေ့တော်၌ နှစ်သက်ဖွယ်ဖြစ်ပါစေသော။ အို ထာဝရဘုရား၊ အကျွန်ုပ်၏ကျောက်၊ အကျွန်ုပ်ကို ရွေးနှုတ်တော်မူသောဘုရား'' (ဆာလံ ၁၉း၁၄)။ ဤအရာသည် ခရစ်တော်ဖြင့် သဏ္ဌာန်တူခြင်းကို ဖြစ်ပေါ်စေသည်။ ခရစ်တော်ကသာ၍ စိုးမိုးလေ သဏ္ဌာန်တော်ဖြင့်သာ၍ တူညီလေဖြစ်သည် (၂ ကော ၃း၁၈)။

## မည်သို့နှလုံးသွင်းရမည်နည်း။

နှလုံးသွင်းခြင်းနည်းလမ်းဖြင့် ပတ်သက်၍ အားလုံးအတွက်အကောင်းဆုံးသောနည်းလမ်းဟူ၍ မရှိပါ။ ယုံကြည်သူတိုင်းသည် မိမိ၏အခြေအနေနှင့် ကိုက်ညီသည့်အတိုင်း ကိုယ်ပိုင်လုပ်ဆောင်မှုရှိရမည်။ တစ်နည်းအားဖြင့်ဆိုသော် မိမိတို့၏ စိတ်ငြိမ်သောအချိန်တစ်ခုကိုသတ်မှတ်ပြီး တယ်လီဖုန်း၊ ရုပ်မြင်သံကြား၊ ရေဒီယိုနှင့်အခြားသောအနှောင့်အယှက်ပေးတတ်သည့်အရာများမှ ကင်းလွတ်ရမည်။ ဣဇက်သည် ညနေခင်း၌ စိတ်ငြိမ်ရာဒေသကို တွေ့ရှိခဲ့သည်။ (ကမ္ဘာ ၂၄း၆၃)။ ကျွန်ုပ်တို့သည် အားလပ်သောနေ့ (ဝါ) ညအချိန်ကို အသုံးပြု၍ ရသည်။ ဒါဝိဒ်သည် မိမိအိပ်၍မရသောအချိန်၌ သခင်ကိုသတိရပြီး နှလုံးသွင်းသည် (ဆာလံ ၆၃း၆)။

မိမိလုပ်ရမည့်အရာ၊ ခေါ်ဆိုရမည့်ဖုန်းနှင့် အခြားသော အနှောင့်အယှက်ပေးတတ်သည့်အရာများကို စာရွက်ဖြင့် မှတ်သားထားပြီး ထိုအရာများကို စိတ်ထဲ၌ မထားတော့ဘဲ နှုတ်ကပတ်တော်နှလုံးသွင်းရန် လိုအပ်သည်။

နှလုံးသွင်းရန်မလုံလောက်သောပမာဏဟူ၍ မရှိခဲ့ပါ။

ဘုရားသခင်၏ တန်ဖိုးရှိသော ကတိတော်များသည် ဆာလံဆရာများက ''ဗျာဒိတ်တော်တို့ကို ဆင်ခြင်အောက်မေ့လိုသောငှာ၊ ညဉ့်ယံမလွန်မီ အကျွန်ုပ်ကို နိုးတတ်ပါ၏'' (ဆာလံ ၁၁၉း၁၄၈)။ ဆာလံ ၁ ၏ မင်္ဂလာရှိသောသူသည် ပညတ်တော် (နှုတ်ကပတ်တော်) ၌ မွေ့လျော်ပြီး နေ့ညဉ့်မပြတ် ဆင်ခြင်အောက်မေ့သည်။ (ဆာလံ ၁း၂၊ ၁၁၉း၇၈)။ ပြုရိတန်ဂိုဏ်းသားများသည် ဘုရားသခင်၏ များပြားလှသောအဖြစ်တော်များကို ဆင်ခြင်အောက်မေ့ ရန် များစွာသောအချိန်ကို အသုံးပြုကြသည်။ ဤအရာသည် ဝိညာဉ်အတွက် ရှုထောင့်များစွာကို မြင်တွေ့စေပါသည်။ ဘုရားသခင်၏ အံ့သြဖွယ်ကောင်းသော ဖန်ဆင်းခြင်းလက်ရာတော်နှင့် ထောက်ပံ့တော်မူခြင်းတို့သည် မကုန်ခန်းနိုင်သော အတွေးကို ဖြစ်ပေါ်



စေသည်။ (ဆာလံ ၁၄၃း၅)။ ကယ်တင်ခြင်း၏ အံ့ဖွယ်နက်နဲခြင်းသည် နှုတ်ကပတ်တော်နှလုံးသွင်းရန်အတွက် အကန့်အသတ်မရှိ အခြေခံ ဖြစ်စေသည်။ ပေါလုမှ တိမောသေထံ နှုတ်ကပတ်တော်နှလုံးသွင်းခြင်းနှင့် အမှု တော်ဆောင်ခြင်းနက်နဲစွာ ချိတ်ဆက်ကြောင်း ဖော်ပြထားပါသည် (၁ တိ ၄း၁၅)။

ပထမခြေလှမ်းအနေဖြင့် ကျမ်းချက်တိုတစ်ခုကို ရွေးပြီး ထိုစကားလုံး၊ စကားစုများကို ဆင်ခြင်အောက်မေ့ရမည်။ ဥပမာ ''သားတော်သည် ငါ့ကိုချစ်၍ ငါ့အဘို့ ကိုယ့်ကိုကိုယ် စွန့်တော်မူ၏'' (ဂလာတိ ၂း၂၀)။

ဘုရားသခင်၏သားတော် – စဉ်းစားကြည့်ပါ။ သာမန်လူမဟုတ်။ ဘုရားသခင်ကိုယ်တိုင် အသွေးအသားခံယူ၊ အသက်နှင့်ဘုန်း၏အရှင်သခင်၊ စကြာဝဠာတစ်ခုလုံးကို ဖန်ဆင်းတည်တံ့စေသူ။

ချစ်တယ် – သူ့ချစ်ခြင်းမေတ္တာကို ဖော်ပြတဲ့ အရာများကို စဉ်းစားကြည့်ပါ။ တိုင်းတာ၍မရ၊ မထိုက်တန်၊ တစ်ဖက်သတ်ပေးဆပ်၊ နှိုင်းယှဉ်မရ၊ တစ်ပိုင်းတစ်စသာမဟုတ်။ ဤအကြောင်းကို ခြုံငုံဖော်ပြတဲ့ ၁ ကော ၁၃း၄–၈က ကို လေ့လာပါ။

ငါ့အဖို့ – သမ္မာကျမ်းစာမှ ကျွန်ုပ်တို့ကို ဖော်ပြသည့် သဘာဝအခြေအနေတစ်ချို့ကို ဆင်ခြင်ကြည့်ပါ။ အပြစ်သားများ၊ ဘုရားမသိ၊ သေသောသူ၊ ဘုရားသခင်၏ရန်သူများ၊ ဘုရားမရှိသူ၊ ခရစ်တော်မရှိသူ၊ မျှော်လင့်ခြင်းမရှိသူ၊ ခွန်အားမရှိသူ။

ကိုယ်ကိုကိုယ်စွန့် – မေတ္တာသည် အမြဲတမ်းပေးဝေသည်။ သို့သော် သူ့မေတ္တာပေးခဲ့သည့်အရာကို စဉ်းစားပါ။ ကိုယ်ကိုကိုယ် သူသည် ငွေကြေး (သို့) အခြားသောအရာပေးခြင်းမဟုတ်။ ကိုယ့်ကိုကိုယ်ပေးခြင်းပင်။ ဤအရာ၏ဆိုလိုရင်းမှာ သူ့အသွေးတော်၊ အသက်၊ ပိုင်ဆိုင်သမျှအားလုံး။

သူရေးခိုင်းသည့်စာသည် အငယ် ၂၅ ဖြစ်သည်။ ''သင်နှင့် ရန်တွေ့သောသူကို ငါသည် ရန်တွေ့၍ သင်၏သားတို့ကို ကယ်တင်မည်။'' နောင်နှစ်တွင် သူမ၏ ကလေးအားလုံးသည် ကယ်တင်ခြင်းရရှိကြသည်။

Alfred သည် ထူးဆန်းသော ဘုရားသခင်နှင့် နီးကပ်မှုကို ခံစားသည်။ မိုင်ပေါင်းများစွာကွာဝေးသောနေရာ၌ နေထိုင်ပြီး အမြင့်ဆုံးသောဌာနတော်၌ လှို့ဝှက်စွာ ကျက်စားသော သူ၏အနီးကပ်ဆုံးသူငယ်ချင်းတစ်ယောက်မှာ Alex ဖြစ်သည်။ တစ်နေ့တွင် အသက်ရင့်ပြီဖြစ်သော Alfred သည် သူ့သမီးထံ ''ကျေးဇူးတော်ပလ္လင်မှာ ငါ Alex နှင့် မဆုံဖြစ်တာ (၃) လ လောက်ရှိသွားပြီ'' ဟု ပြောသည်။ ဤသို့ပြောပြီး မကြာပါ Alex လွန်ခဲ့သည့် (၃) လခန့်က သေဆုံးသွား ကြောင်း အတည်ပြုသောစာရောက်လာသည်။

တစ်ခုသော စနေနေ့ နေ့လည်ပိုင်းတွင် ငယ်ရွက်နုနယ်သော ယုံကြည်သူ တစ်ဦးသည် သူ၏မြို့ထဲရှိ ရုံးခန်းတွင်း၌ ဝိညာဉ်ထဲတွင် ကြီးမားသော ပြင်းပြမှုဖြင့် ဘုရားသခင်နှင့်အတူ နပန်းလုံးသည်။ ဘုရားသခင်က သူ့ကို စွန့်ပစ်ခဲ့သည်ဟု သူခံစားသည်။ ဤသို့ခံစားနေသောအချိန်၌ တယ်လီဖုန်းသံမြည်လာသည်။ ဖုန်းခေါ် သူမှာ ဆာလံကျမ်းအတိုင်း လက်တွေ့အသက်ရှင်သော မိမိထက်အသက်ကြီးသူ Allan Smith ဖြစ်သည်။ သူပြောတာက ''ငါ့ရဲ့စိတ်နှလုံးထဲမှာ ဘုရားသခင်က မင်းကိုဖော်ပြတယ်ဆိုတာရယ်၊ မင်းအတွက် ငါဆုတောင်းပေးနေတယ်ဆိုတာကို သိစေချင်တယ်'' ဟူ၍ပင်။ ထိုလူငယ်လေးအလွန် အံ့သြငြိမ်သက်သွားသည်။ Allan သည် သူနှင့်အလွန်ရင်းနှီးသူမဟုတ်ပါ။ လူ့စကားဖြင့်ပြောရမည်ဆိုလျှင် ညီငယ်၏ စိတ်ခံစားချက်ကို Allan သိရှိရန် နည်းလမ်းလုံးဝမရှိပါ။ ဘုရားသခင်သည် အရာအားလုံးကို သိမြင်သောဘုရားဖြစ်သည်။



သက်ရှင်ရန် သင်ယူသည်။ တွေးတောခြင်းကို ကောင်းမွန်စွာ အသုံးပြုခြင်းအားဖြင့် သူသည် စာအုပ်အတွင်း ခြေလှမ်းမှုကို တိုးတက်စေပြီး မိမိကိုယ်တိုင် အတွက်သက်ရောက်စေသည်။ စိတ်ကူးတွေးတောခြင်းကို အမွန်မြတ်ဆုံး အသုံးပြုခြင်းသည် အနာဂတ်အတွက် ကြိုစည်ခြင်း မဟုတ်ပါ။ ကျွန်ုပ်တို့သခင်၏ အသက်တာကို ပြန်လည်ရှုမျှော်ခြင်းနှင့် ဆင်ခြင်သတိရခြင်းအားဖြင့် ပြန်လည်လျှောက်လှမ်းခြင်း ဖြစ်သည်။ ကယ်တင်ရှင်အသက်တာ၌ အဖြစ်အပျက်များ မှတ်သားထားခြင်းတစ်ခုစီ၌ မိမိကိုယ်တိုင်ရှိသကဲ့သို့ ပါဝင်ခြင်းဖြစ်သည်။ ပေတရု၊ ယာကုပ်နှင့် ယောဟန်တို့သည် ကယ်တင်ရှင်အနား မတ်တပ်ရပ်သည့်အချိန်ကဲ့သို့ ပြန်လည်တိုးဝှေ့ရန် သင်္ချိုင်းတွင်းမှ လာဇရု ထွက်ပေါ်လာခြင်းကို ကြည့်ရန်၊ ယေရှု၏ ခြေတော်ရင်း၌ မာရိနှင့်အတူတကွထိုင်ရန်ဖြစ်သည်။ တွေးတော ခြင်းကို သင့်လျော်သော အသုံးပြုနည်းသည် မှန်ကန်သောအကြောင်းအရာများကိုယူကာ ယနေ့ဘဝ၌ တောက်ပစေရန်ဖြစ်သည်။ ကျမ်းစာကိုအတွင်း၊ ပြင်ပမှ ဖတ်ရှု၍ရသည်။ ဖြတ်ယူသော ပုံစံကဲ့သို့လာပြီး အပြင်သဏ္ဍာန်၌သာ နေနိုင်သည်။ ကျမ်းစာအတွင်း၌ လွဲချော်ပြီး နှုတ်ကပတ်တော်အတွင်း၌ အသက် ရှင် နိုင်သည်။

## အလုပ်များသော အသက်တာ၏အားနည်းချက် (မြုံခြင်း)

နှုတ်ကပတ်တော်ကို နှလုံးသွင်းရန် အကြီးမားဆုံးတားဆီးသည့် အရာ တစ်ခုမှာ ကျွန်ုပ်တို့၏ အလွန်များပြားသောအလုပ်များကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့သည် အလုပ်များသောအသက်တာ၏ မြုံခြင်းကို တွေ့ကြုံရပါသည်။ မိမိတို့၏ အလုပ်သည် ကျွန်ုပ်တို့ကို ဝါးမျိုသည်။ အိမ်နှင့်မိသားစု၏ တောင်းဆိုမှုသည် ကျွန်ုပ်တို့ကို ဖိနှိပ်သည်။ အိမ်ဝယ်ခြင်း၊ ကားတစ်စီး – နှစ်စီးကို ထိန်းသိမ်းခြင်း၊ အစား

အသောက်ထောက်ပံ့ခြင်း၊ အဝတ်အစား၊ အာမခံကြေး၊ ပညာရေးစသည့်အရာများက ဖိနှိပ်သည်။ အချိန်ပြည့် အမှုတော်ဆောင်များ၏ အသက်တာ၌ပင် “တရားလက်မဲ့ရက်စက်စွာ ရှိနေတတ်၏” ဟု Charles Hummel ပြောလေ့ရှိသည့် စကားအောက်သို့ ကျဆင်းတတ်သည်။ တရားဟောချက်ပြင်ဆင်ခြင်း၊ တပည့်တော်ဖြစ်ခြင်းလုပ်ငန်း၊ တိုင်ပင်ဖက်ပြုရန် တောင်းဆိုခြင်း၊ တစ်ယောက်နှင့်တစ်ယောက်၏ အကူအညီတောင်းခြင်းသည် ကယ်တင်ရှင်၏ ခြေတော်ရင်း၌ ထိုင်ရန်အချိန်အနည်းငယ်သာ ရစေသည်။

ကျွန်ုပ်တို့သည် အလုပ်ဖြင့်စစ်ပွဲဆင်နေသူများဖြစ်လာသည်။ ဂျပန်ကားများ၏ ဝါးကြွားသည့်ဆောင်ပုဒ်ဖြစ်သော “ကျွန်ုပ်တို့သည် မောင်းနှင်သည်” ဆိုသကဲ့သို့ပင် ဖြစ်လာသည်။ အမှန်တကယ်အရေးကြီးသောအရာများကို လောကီနှင့်ဆိုင်သောအိမ်စောင့်ခြင်း၊ ဈေးဝယ်ခြင်းစသည့်အရာများဖြင့် အစားထိုးတတ်ကြသည်။

သို့သော် ကျွန်ုပ်တို့သည် မောင်းနှင်ခြင်းခံသူဖြစ်သည်ဟု မိမိကိုယ်ကို အကြောင်းပြချက်မရှာသင့်ပါ။ အလုပ်များသောသူများသည်ပင် နှုတ်ကပတ်တော်ကို နှလုံးသွင်းနိုင်သေးသည်။ ဤအရာသည် အချိန်ကို စီမံခြင်းဖြင့်သက်ဆိုင်သည်။ Type A ပုဂ္ဂိုလ်များ (အလွန်တက်ကြွသောအောင်မြင်သူများ) အချိန်တစ်ခုနှင့် တစ်ခုကြားအချိန်မျှဝေနိုင်သေးသည်။ ကောင်းကင်ဘုံဖြင့် သက်ဆိုင်သောအရာများကို ကျင့်စောင့်နိုင်ရန် အချိန်သုံးစွဲခြင်း၌ မိမိကိုယ်ကို စည်းကမ်းသတ်မှတ်ရမည်။ ကျွန်ုပ်တို့သည် ဤအရာကို လုပ်ဆောင်ရန်အလုပ်များနေလျှင် ကျွန်ုပ်တို့သည် အမှန်တကယ်အလုပ်များလွန်းသောသူများ ဖြစ်ကြသည်။

ဘုရားသခင်သည် ခုန်ပေါက်နေသောသူထံ မိမိကိုယ်ကို လျင်မြန်စွာ ဖော်ပြခြင်းမရှိပါ။ အလွန်တရာသိလိုစိတ် ပြင်းပြသောသူထံ၌ သူ့စိတ်နှလုံးတော်ကို ချက်ချင်းဖော်ပြခြင်းမရှိပါ။ ဝိညာဉ်နယ်ပယ်၌



ခဏတဖြုတ်လာသောသူထံ သူ့ဘုန်းတော်ကို ဖော်ပြခြင်းမရှိပါ။ သို့သော် တောင်ပေါ်တက်ပြီး သူ့အထံတော်သို့ လာသောသူထံ ဖော်ပြသည်။ မောရှေ၏ မျက်နှာပေါ်၌ ဘုန်းတန်ခိုးတော်ရောင်ပြန်ဟပ်ခြင်းသည် ဘုရားသခင်နှင့် ရက်ပေါင်း (၄၀) အကြွမ်းဝင်ခြင်းမှဖြစ်သကဲ့သို့ လျှပ်တပျက်ဖြစ်ပေါ်ခြင်းမဟုတ်ပါ။ သို့သော် ဖွင့်လှစ်ဖော်ထုတ်ပြသခြင်းအချိန်အားဖြင့် ဖြစ်သည်။

## ကောင်းကင်ဘုံမှ တိုက်ရိုက်လှိုင်း

အစပိုင်း၌ ဖော်ပြခဲ့သကဲ့သို့ နှုတ်ကပတ်တော်နှလုံးသွင်းခြင်းသည် ဘုရားသခင်နှင့် အထူးမိတ်သဟာယဖွဲ့နိုင်ခြင်းအခြေအနေသို့ ပို့ဆောင်သည်။ ဤနေရာ၌ ကျွန်ုပ်တို့ သတိထားရမည့်အရာမှာ တစ်ခါတစ်ရံ၌ ဇာတိအားဖြင့် လျှောက်လှမ်းသောခရစ်ယာန်များကပင် “ဘုရားသခင်က ငါ့ကိုစကားပြောတယ်” ဟူ၍ ဆိုတတ်ကြသည်။ သို့သော် သမ္မာကျမ်းစာနှင့် သူတို့၏အသက်တာအားဖြင့် သက်သေပြသည်မှာ ဘုရားသခင်မှ မည်သည့်အရာမျှ ပြောဆိုခြင်းမရှိကြောင်း ပေါ်လွင်သည်။ သို့သော် ဘုရားသခင်နှင့် အမှန်တကယ် ရင်းနှီးကျွမ်းဝင်လာသောသူသည် ဘုရားသခင်ထံမှ ဗျာဒိတ်တော်ဖွင့်ပြချက်များ လာနိုင်ကြောင်းကို ငြင်းပယ်ခြင်းမဟုတ်ပါ။ ပုံဥပမာ (၃) ခုအားဖြင့် အဆုံးသတ်လိုပါသည်။

Mrs Shepherd သည် ဘုရားသခင်မှ သူမအား စိတ်ချမှုပေးသည်မှာ သူမ၏ ကြီးမားသည့်မိသားစုမှ ကလေးများကယ်တင်ခြင်း ရရှိခြင်းဖြစ်သည်။ သို့သော် သူမအနေဖြင့် ဤအရာကို တရားဟောသူထံဝေငှသောအခါ သူသည် ထိုအရာကို ယုံကြည်မှုမရှိပါ။

သို့သော် မျက်နှာချင်းဆိုင်မြို့၌ နေထိုင်သောသူမ၏ နေမကောင်းသောအစ်ကိုက ထိုအရာကို လုံးဝမသိခဲ့ပါ။ သို့သော် တစ်ညသူသည် ဟေရှာယ ၄၉ ကို နှလုံးသွင်းနေသည့်အချိန်၌ သူ့အမျိုးသမီးကို သူ့ညီမထံ စာရေးရန်ပြောသည်။

## ဤအရာသည် မှန်ကန်သောအရာဖြစ်ရမည်

ထို့ကြောင့် မုသာစကားကို ပယ်ရှား၍ မှန်သောစကားကိုသာ အချင်းချင်း တစ်ယောက်နှင့်တစ်ယောက် ပြောကြလော့။ အကြောင်းမူကား ငါတို့သည် အချင်းချင်း အင်္ဂါချင်းဖြစ်ကြ၏ (ဧဖက် ၄း၂၅)။ ဘုရားသခင်သည် မုသာစကားကို မပြောတတ်ပါ။ မုသာစကားပြောခြင်းကိုလည်း မည်သူ့ကိုမှ ခွင့်မပြုပါ။ ဤအရာ၌ ကတိပျက်ခြင်း၊ မြှောက်ပင့်ပြောဆိုခြင်း၊ ချဲ့ကားပြောဆိုခြင်း၊ ဖြူစင်သောလိမ်လည်မှု၊ မုသာစကားစသည်တို့ ပါဝင်သည်။ ခရစ်ယာန်လုပ်ငန်း၌ အကြောင်းအရာတစ်ခုခုတင်ပြသောအခါ ပုံကြီးချဲ့ပြောဆိုခြင်းမပြုသင့်ပါ။ အတွင်းရေးမှူးသည် သူဌေးရှိသည့်အချိန်၌ ပျက်ကွက်သည်ဟု မပြောရ။ မိမိမလိုလားသည့် ဧည့်သည်များလာသည့်အခါ ချက်ချင်းမုသာမပြောရ။

လူပုဂ္ဂိုလ်တစ်ဦးသည် ရိုးသားလျှင် ကောင်းသောမှတ်ဉာဏ်ရှိရန် မလိုအပ်ပါ။ E. Stanley Jones က ‘‘သင် မုသာစကားပြောလျှင် ထိုမုသာစကားကို ဖုံးကွယ်နိုင်ရန် ကောင်းသောမှတ်ဉာဏ်ရှိရမည်။ သို့သော် သင်သည် အမြဲတမ်း အမှန်တရားကို ပြောဆိုလျှင် ကောင်းသောမှတ်ဉာဏ်ရှိရန် မလိုအပ်ပါ။ သင် အမှန်တရားကို ပြောခဲ့ပြီပဲ။ ဤအရာဟာ ရိုးရှင်းလှပါသည်’’ ဟု ပြောခဲ့သည်။

## ဤအရာသည် ထိုက်တန်သောတန်ဖိုးရှိရမည်။

‘‘ညစ်ညူးသောစကားတစ်ခွန်းကိုမျှ သင်တို့နှုတ်ထဲမှ မထွက်စေနှင့် (ဧဖက် ၄း၂၉)။ ညစ်ညူးသောစကား၏ ဆိုလိုရင်းမှာ အရည်အသွေးညံ့သော၊ အသုံးပြုရန် မသင့်လျော်သော၊ တန်ဖိုးမရှိသောစကားလုံးစသည့် အရာများကို ဆိုလိုသည်။ ကက်ဆက်စတင်တီထွင်ခါစတွင် အပြန်အလှန်ပြောဆိုခြင်းကို လျှို့ဝှက်အသံသွင်းသည့်အခါ ရယ်မောဖွယ်ကစားစရာပစ္စည်းကဲ့သို့သာ ဖြစ်သည်။ ကက်ဆက်ပြန်ဖွင့်သည့် အခါ မိမိတို့ပြောသောအဓိပ္ပာယ်မဲ့စကားကြောင့် ရှက်ရသည်။ ယေရှု သတိ ပေးခဲ့သည်မှာ ‘‘လူတို့သည် အကျိုးမဲ့သောစကားကို ပြောသမျှအတွက်၊ တရားဆုံးဖြတ်သောနေ့၌ စစ်ကြောခြင်းကိုခံရကြလတ္တံ့’’



## Murdo MacLeod ပြောဆိုသည်မှာ

ယုံကြည်ခြင်းဖြင့် ဘုရားသခင်နှင့်အတူ လျှောက်လှမ်းသောသူများနှင့် ဘဝခရီး၌ ဘုရားသခင်ကို အဖော်မွန်ကောင်းအဖြစ် သိသောသူများအတွက် ဘုရားသခင်၏ မေတ္တာနှင့် ပြုစုခြင်း၏ ကျွမ်းဝင်မှု၌ ပျော်မွေ့ရန် ကျဆုံးနိုင်မည့်နည်းလမ်းမရှိပါ။ ဤသို့သောသူများထံ ဘုရားသခင်အငြိမ်မနေ၊ စိမ်းကားစွာ နေတော်မမူပါ။ . . . ခရစ်ယာန်များ၏ နက်နဲသောအတွေ့အကြုံနှင့် ပတ်သက်လာလျှင် လောကီသားများလောက၌ အသက်ရှင်ရုံမျှ နေထိုင်သောသူများ နားမလည်နိုင်သည့် လျှို့ဝှက်ချက်၊ နက်နဲသောအရာဖြစ်သည်။

••••••

# အခန်း (၁၉)

## လျှာကိုယဉ်ပါးအောင်ထိန်းခြင်း

ခရစ်ယာန်များ၏ ပြောဆိုခြင်းသည် အကျင့်စာရိတ္တ၏ တိုင်းတာခြင်းကိရိယာဖြစ်ကြောင်း မည်သူမျှ အံ့အားသင့်မည်မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် ''စိတ်နှလုံးအပြည့်ရှိသည့်အတိုင်း နှုတ်မြွက်တတ်၏'' (မဿဲ ၁၂း၃၄ခ)။ လူတစ်ဦး၏အပြောအဆိုကို နားထောင်ရုံဖြင့် ထိုလူ၏ဝိညာဉ်ရေးရာ အခြေအနေကို သိရှိနိုင်သည်။

ကျွန်ုပ်တို့၏ အတွေ့အကြုံအားဖြင့် သင်ယူခဲ့သောအရာကို ယာကုပ်မှ ပြန်လည်သတိပေးသည်။ လျှာသည်သေးငယ်သော်လည်း ကြီးသောကောင်းခြင်းနှင့် ကြီးသောဆိုးခြင်းကို ဖြစ်စေနိုင်သည်။ လူသားများသည် တောနေသတ္တဝါအားလုံးကို ယဉ်ပါးအောင် ထိန်းချုပ်နိုင်သော်လည်း လျှာကိုထိန်းနိုင်သောသူမရှိပါ။ ''ဤအရာသည် စည်းကမ်းမဲ့သော ဆိုးယုတ်ခြင်း၊ သေစေတတ်သော အဆိပ်နှင့် ပြည့်နှက်နေသည်''။ အခြားသော သဘာဝတရားများကဲ့သို့ မဟုတ်ဘဲ လျှာသည် ဆန့်ကျင်ဘက်နှစ်ခုကို ဖြစ်ပေါ်စေနိုင်သည်။ ချိုသာခြင်းနှင့် ခါးသီးခြင်း၊ ကောင်းကြီး မင်္ဂလာနှင့် ကျိန်ခြင်းအမင်္ဂလာ (ယာကုပ် ၃း၁-၁၂) ဖြစ်စေတတ်သည်။

ကျွန်ုပ်တို့သည် လျှာကို မထိန်းချုပ်နိုင်ခဲ့လျှင်လည်း ဘုရားသခင်မှ ထိန်းချုပ်ပေးနိုင်သောကြောင့် ကျေးဇူးတော်အမြဲတမ်းချီးမွမ်းရမည်။ ဝိညာဉ်တော်၏ တန်ခိုးအားဖြင့် ချွန်ထက်သောလျှာကို ကျေးဇူးပြုတတ်သောလျှာနှင့် အတင်းပြောတတ်သောလျှာကို တည်ဆောက်စေသောလျှာအဖြစ် ပြောင်းလဲပေးနိုင်သည်။

ကျွန်ုပ်တို့၏ အပြောအဆိုနှင့် အရေးကြီးသောအရည်အချင်းအချို့ကို ဖော်ပြလိုပါသည်။

## ဤအရာသည် စင်ကြယ်ရမည်

ယုံကြည်သူ၏ ပြောဆိုခြင်းသည် ဖြူစင်၊ စင်ကြယ်သင့်ပေသည်။ မတရားသော မေထုန်၌မှိဝဲခြင်း၊ အမျိုးမျိုးသော ကိလေသာညစ်ညူးခြင်း၊ လောဘလွန်ကျူးခြင်းအမှုတို့ကို သန့်ရှင်းသူတို့သည် ရှောင်သင့်သည့်အတိုင်း၊ စကားဖြင့်မျှ မဆက်ဆံကြနှင့်။ မတော်မလျော်သော ညစ်ညူးပြက်ပြယ်ပြက်ရယ်သော စကားများကိုလည်း ပယ်၍ ကျေးဇူးတော်ချီးမွမ်းခြင်းစကားကို သုံးကြလော့။ (ဖေက် ၅း၃၄-၄)။ အပြစ်နှင့် ကိုယ်ကျင့်တရားပျက်ပြားခြင်းအကြောင်းကို သာ၍ပြောလေ ထိုစကားကိုကြားသောသူ ထိုအရာများ ပေါ့ပျက်လေဖြစ်သည်။ သူတို့သည် သေခြင်းတရားဖြင့်သာ၍ နီးကပ်ကာ ကျွန်ုပ်တို့သည် ထိုစကားများ၏ ထိတ်လန့်ဖွယ်ကောင်းခြင်းကို ရပ်တန့်စေသည်။ သမ္မာကျမ်းစာထဲ၌ စက်ဆုပ်ရွံရှာဖွယ်သော အပြစ်အကြောင်း ဆွေးနွေးထားပါသည်။ သို့သော် ထိုအပြစ်များ၌ ကျင်လည်ရန် မဟုတ်ဘဲ ရှောင်ကြဉ်ရန် အမြဲတမ်း တိုက်တွန်းခြင်းဖြစ်သည်။

## ဤအရာသည် ကျိန်ဆိုခြင်းမဖြစ်ရ။

ကျွန်ုပ်တို့၏ အပြန်အလှန်စကားပြောခြင်း၌ ကျိန်ဆိုခြင်းမပြုသင့်ပါ။ "ငါ့ပညတ်သည်ကား ကျိန်ဆိုခြင်းကို အလျှင်းမပြုရ။ ကောင်းကင်ဘုံကို တိုင်တည်၍ မကျိန်ရ။ . . . မြေကြီးကို တိုင်တည်၍ မကျိန်ရ . . .။ သင်၏စကားမှာ ဟုတ်သည်ကို အဟုတ်။ မဟုတ်သည်ကို မဟုတ်ဖြစ်စေလော့။ ဤထက်လွန်သော စကားသည် မကောင်းသောအရာနှင့် စပ်ဆိုင်ပေ၏ (မဿဲ ၅း၃၄-၃၇)။ ငါ့ညီအစ်ကိုတို့၊ ခပ်သိမ်းသောအမှုအရာတို့တွင် ကျိန်ဆိုခြင်းကို သာ၍ရှောင်ကြလော့။ ကောင်းကင်ဘုံကို တိုင်တည်၍ မကျိန်ကြနှင့်။ မြေကြီးကို တိုင်တည်၍ မကျိန်ကြနှင့်။ ထိုမှတပါး အဘယ်အကျိန်အားဖြင့်မျှ မကျိန်ကြနှင့်။ အပြစ်စီရင်ခြင်းနှင့် ကင်းလွတ်မည့်အကြောင်း သင်တို့စကားမှာ ဟုတ်သည်ကို အဟုတ်၊ မဟုတ်သည်ကို မဟုတ်ဖြစ်စေကြလော့ (ရှင်ယာကုပ် ၅း၁၂)။ ယုံကြည်သူ၏ပြောဆိုခြင်း၌



(မဿဲ ၁၂း၃၆)။ ထို့ကြောင့် အဓိပ္ပါယ်မဲ့သောစကားများကို အပြစ်ကဲ့သို့ ဝန်ခံပြီး အသက်တာမှ ပယ်ရှားရမည်။

## ဤအရာသည် တည်ဆောက်ခြင်းပေးရမည်။

" . . . ကြားနာသောသူတို့၏ အကျိုးကိုပြုစုစေခြင်းငှာ၊ တည်ဆောက်စရာဘို့ကောင်းသော စကားကိုသာ သုံးဆောင်ကြလော့" (ဖေက် ၄း၂၉)။ တစ်နည်းအားဖြင့်ဆိုသော် မိမိတို့ပြောဆိုသောအရာများဖြင့် သူတစ်ပါးတည်ဆောက်စရာအတွက် ပြောဆိုရမည်။ H.A Ironside မှ တည်ဆောက်စရာဖြစ်သည့် ပြောဆိုဆက်ဆံခြင်း ကို အမြဲတမ်းဦးတည်လျက်ရှိသည်။ သူမေးလေ့ရှိသည်မှာ "ဒီကျမ်းပိုဒ်ရဲ့ဆိုလိုရင်း ဘာဖြစ်မယ်လို့ထင်လဲ"။ ၎င်းနောက် ပြဿနာရှိသည့်ကျမ်းချက်များကို ကောက် နုတ်လျက်ရှိသည်။ အခြားသူတစ်ယောက်က အဖြေမသိလျှင် "ဒီလိုများ ဆိုလို တာလား မသိဘူးနော်" ဟု သိမ်မွေ့စွာ အကြံပေးတတ်သည်။ သူ၏ ရှင်းပြချက် များသည် မေ့ပျောက်၍မရသော အရာများရှိသည်။

ကျွန်ုပ်၏ မိတ်ဆွေတစ်ဦးသည် သူတစ်ပါး၏ မကောင်းကြောင်းကို ပြောခြင်းအားဖြင့် စကားစလျက်ရှိသည်။ ဤအရာသည် သူတစ်ပါးမကောင်းကြောင်းကိုသာ အတင်းပြောခြင်းဖြစ်ဟန်တူသည်။ သို့သော် စကားပြောနေချိန်၌ ရပ်တန့်ပြီး "မဟုတ်ဘူး၊ အဲဒါကသူများကို တည်ဆောက်ခြင်းမပေးဘူး" ဟု ဆိုကာ ပြန်ပြောင်းလေ့ရှိသည်။ "ငါကတော့ သူတစ်ပါးမကောင်းကြောင်းပြောလို့ သေရတော့မှာဘဲ။ ဒါပေမယ့် အဲဒီနေ့က လျှာကို ဘယ်လိုထိန်းချုပ်ရမည်ဆိုတဲ့ သင်ခန်းစာကို သင်ယူခဲ့ရပါတယ်။

## သင့်လျော်သောစကားလုံးဖြစ်ရမည်

ညစ်ညူးသောစကားတစ်ခွန်းကိုမျှ သင်တို့နှုတ်ထဲမှ မထွက်စေနှင့်။ ကြားနာသောသူတို့၏ အကျိုးကိုပြုစုစေခြင်းငှာ၊ တည်ဆောက်စရာဘို့ ကောင်းသော

စကားကိုသာ သုံးဆောင်ကြလော့။ (ဖေက် ၄း၂၉) လိုအပ်သည့်နေရာ၌ လိုအပ်သည့်စကားပြောတတ်ခြင်းသည် ကြီးမားသော ဆုကျေးဇူးဖြစ်သည်။ သေခါနီးသန္နိ ရှင်းသူ၏ အိပ်ရာကို မှီဝဲလျက် ရောလမုန် ၈း၅ ကို ကိုးကားသူကဲ့သို့ဖြစ်သည်။ ''မိမိချစ်သောသခင်၌ မြှောင်၍တောထဲက လာသောထိုသူကား အဘယ်သူဖြစ်ပါလိမ့်မည်နည်း'' ဆာလံ ၃၀း၅ အားဖြင့် ဝမ်းနည်းကြေကွဲသော မိသားစု၏ ပူပကန်မှုကို ဝေမျှသောသူ ''ညဦးယံ၌ ငိုကြွေးခြင်းသည် လာ၍တည်းခို၏။ နံနက်၌ကား သီချင်းဆိုရသော အခွင့်ရှိ၏'' ကဲ့သို့ ဖြစ်သည်။ ဟေရှာယ ၄၉း၄ ကို ရေးသားသော ခရစ်ယာန်အမျိုးသမီး၏ စာသားအဆုံး၌ တရားဟောသူကို စိတ်ပျက်စေသူကဲ့သို့ဖြစ်သည်။ ''ငါကလည်း၊ အကျိုးမရှိဘဲ ငါလုပ်ဆောင်ရမည်။ အချည်းနှီးသက်သက် ငါ့ခွန်အား ကုန်ရပြီ။ သို့သော်လည်း ငါ့အမှုသည် ထာဝရဘုရားရှေ့တော်၌ရှိ၏။ ငါခံရသောအခလည်း ငါ၏ ဘုရားသခင်လက်တော်၌ ရှိသည်ဟုဆို၏'' Dr. Alexander Whyte ရှေ့နေတစ်ဦး၏ ရုံးခန်းထဲ၌ ဝင်ရောက်သောအချိန်၌ ''အသက်ကြီးတဲ့အပြစ်သားအတွက် သတင်းစကားတစ်ခုခုရှိလား'' ဆိုသည့် မေးခွန်းအားဖြင့် ယိမ်းယိုင်လေ့ရှိသည်။ သူသည် မိမိနှလုံးသွင်းသည့် နှုတ်ကပတ်တော်ကိုသာ အကြိမ်ကြိမ်ရွက်ဆိုမိသည်မှာ သူသည် ဂရုဏာ၌ မွေ့လျော်သည်'' ဟူ၍ပင် (မိက္ခာ ၇း၁၈)။ ရှေ့နေသည် သူ့ကိုနှစ်သိမ့်သောစကားလုံးကြောင့် သူ့အားကျေးဇူးတင်ခဲ့သည်။ ဤစကားလုံးများသည် လိုအပ်သည့်စကားလုံးများသာဖြစ်သည်။ လျှောက်ပတ်သော စကားသည် ငွေအမြောက်မှာ စီချယ်သော ရွှေရောက်ချိုသီးနှင့်တူ၏ (သုတ္တံ ၂၅း၁၁)။ အချိန်တန်၍ ပြောသောစကားသည် လည်း အလွန်လျောက်ပတ်ပေ၏ (သုတ္တံ ၁၅း၂၃)။

## ဤအရာသည် ချစ်ခင်ကြင်နာဖွယ်ဖြစ်ရမည်။

ကျွန်ုပ်တို့၏ စကားပြောခြင်းသည် သင့်လျော်ရုံမျှသာမဟုတ်ဘဲ ချင်ခင်နှစ်လိုဖွယ်ဖြစ်ရမည်။ ''သင် ပြောဆိုသည့်စကားများ အမြဲတမ်းကျေးဇူးပြုသောစကားဖြစ်ပါစေ'' (ကော ၄း၆)။ ကျွန်ုပ်တို့၏ သခင်သည် အမြဲတမ်းကျေးဇူးပြုတတ်သည်။ ''လူအပေါင်းတို့သည် ကိုယ်တော်ကို ဝန်ခံ၍၊ တင့်တယ်လျှောက်ပတ်သော နှုတ်ထွက်စကားကို အံ့ဩချီးမွမ်းလျက်'' (လုကာ ၄း၂၂)။ ယုဒလူမျိုးတစ်ယောက်အနေဖြင့် သူများနှိမ်ခြင်းခံသာ ရှာမာရိမိန်းမထံ ရေတောင်းခြင်းသည် ကျေးဇူးပြုခြင်းမဟုတ်ပေဘူးလား (ယော ၄း၇)။ ''သင့်အပြစ်ကိုလည်း ငါမစီရင်'' (ယော ၈း၁) ဟု ကိုယ်ကျင့်တရားပျက်ပြား၍ အဖမ်းခံသောမိန်းမထံ၌ ပြောဆိုခြင်းသည်လည်း ကျေးဇူးပြုခြင်းပဲမဟုတ်လား။ ကျေးဇူးပြုခြင်းသည် ကြင်နာမှုကင်းသောအပြုအမူ၊ နာကျင်ခြင်းအမှတ်အသားစသည့်အရာများကို ရှောင်ကြည်ထိန်းသိမ်းခြင်းလိုအပ်သည်။ Lady Astor မှ ''Sir Winston, ငါသာ မင်းမိန်းမဆိုရင် မင်းရဲ့ကော်ဖီထဲမှာ အဆိပ်ခတ်လိုက်ပြီ'' ဟု ပြောဆိုရာ ဤအရာ၌ Mr. Churchill ပြန်ဖြေသည်မှာ ''Lady Astor, ငါသာ မင်းယောကျ်ားဆိုရင် အဲဒီကော်ဖီသောက်မှာပါ'' ဟု ပြောဆိုခဲ့သည်။ အလွန်ရယ်စရာကောင်းသော်လည်း ကျေးဇူးပြုခြင်းလုံးဝမရှိသော စကားပင်။

ကျွန်ုပ်တို့ ပြောထွက်သည့်စကားသည် ကျေးဇူးပြုရန်လိုအပ်သည်။ သို့သော် ဆားကဲ့သို့ငန်ရန်လည်း လိုအပ်သည်။ ''သင်တို့၏စကားသည် ဆားအားဖြင့် ငန်သောအရသာနှင့် ပြည့်စုံလျက်၊ အစဉ်မပျက် တင့်တယ်လျှောက်ပတ် ပါစေ'' (ကောလော ၄း၆)။ ''ငါ့ကို သောက်စရာရေပေးပါ'' ဟု ပြောသောသခင်သည် ''သွား၍ သင့်ယောကျ်ားကိုခေါ်ပါ'' (ယော ၄း၁၆) ဟု ပြောဆိုခဲ့သည်။ ထိုစကားလုံး၌ သူတို့အတွက် ချွန်ထက်ခြင်း (ပါးနပ်ခြင်း) များ ပါဝင်သည်။

ဆားသည် ကာကွယ်ခြင်းပင်ဖြစ်ရာ ပျက်ဆီးခြင်းကို တားဆီးသည်။ ဆား သည် ရေဆာခြင်းကို ဖြစ်စေသည်။ ထို့ကြောင့် ကျွန်ုပ်တို့ပြောဆိုခြင်းအားဖြင့် ကိုယ်ကျင့်တရားအရည်အသွေးကို ထိန်းသိမ်းပြီး ခရစ်တော်ဝေမျှသည်။ အသက်စမ်းရေကို ဆာလောင်ရန် လူသားများကို နှိုးဆွရမည်။

ကျိန်ဆိုခြင်းသည် အသုံးမဝင်၊ လူကောင်းသည် ထိုအရာကို မလိုအပ်၊ လူဆိုးသည် ထိုအရာကို သတိမပြု။

တရားရုံး၌ ကျိန်ဆိုခြင်းကား မည်သို့နည်း။ သခင်ယေရှု စမ်းစစ်ခြင်းခံသောအချိန် ယဇ်ပရောဟိတ်များကမေးမြန်းသည်မှာ ''သင်သည် ဘုရားသခင်၏ သားတော်ယေရှုခရစ်တော်ဖြစ်လျှင် ခရစ်တော်ဖြစ်ကြောင်း ပြောဆိုရန် အသက်ရှင်သော ဘုရားသခင်၏နာမ၌ တောင်းပန်၏'' ဟူ၍ပင်။ ယုဒလူများ ပညတ်တော်အောက်၌နေသကဲ့သို့ ခရစ်တော်လည်း ကျိန်ဆိုခြင်း၌ သက်သေခံရန် တောင်းဆိုခြင်းခံရသည်။ ခရစ်တော်က လုပ်ဆောင်ခဲ့သည်။ ဤအရာသည် များစွာသော ခရစ်ယာန်များအတွက် အရေးကြီးသောကိစ္စဖြစ်လာသည်။ သို့သော် တရားဝင် ကျိန်ဆိုခြင်း၌ အပြစ်ခံထားလျှင် အတည်ပြုခြင်းအားဖြင့် သက်သေပြ၍ ရသည်။ ဤအရာ၏ ဆိုလိုရင်းမှာ ဘုရားသခင်ရှေ့၌ တည့်တည့်ကျိန်ဆိုခြင်းမရှိဘဲ မေးခွန်း ဖြေကြားခြင်းဖြစ်သည်။

## ဤအရာသည် ရိုသေမှုပြုသောအရာဖြစ်ရမည်

လျှို့ဝှက်သောအရာများကို ပေါ်လွင်စွာပြောဆိုခြင်းမပြုသင့်ပါ။ သမ္မာကျမ်းစာကို အလွဲသုံးကာ ကိုးကားရန်မဟုတ်ပါ။ ဘုရားတရားနှင့် ပတ်သက်ပြီး သတိရှိရမည်။

ဖြူစင်သော စိတ်သဘောထားကို မည်သူမျှ မဆန့်ကျင်ပါ။ သို့သော် သမ္မာတရားသည် ပေါ့ဆမှုမြောက်များစွာနှင့် ဝိညာဉ်တော်တန်ခိုးကျဆင်းမှုကို ကာကွယ်ပေးသည်။ အစည်းအဝေးများ၌ သန့်ရှင်းသော ဝိညာဉ်တော်၏တန်ခိုးကို ရယ်မော ဖွယ်ကောင်းသော ဟာသများဖြစ်စေကြသည်။ သတင်းကောင်း၏ လေးနက် မှုသည် ပုံတိုပတ်စများ ပြောဆိုခြင်းဖြင့် ဖျော်ဖြေလျက်ရှိသည်။

ခရစ်တော်၏ အစေခံကျွန်များသည် မကောင်းသောအမာရွတ်များကို ဖယ်ရှားပြီး သူတစ်ပါးကိုစောင်းပြောခြင်း ရှောင်ကြဉ်ရမည်။ အပြောအဆိုတိုင်း၌

ကျူးကျော်လာသည့် တပ်မက်မှု (သို့) ဟာသကိုသာပြောနေသောသူသည် ဝိညာဉ်ရေးရာကျဆင်းလိမ့်မည်။

## ဤအရာသည် လိုရင်းဖြစ်ပြီးတိုရမည်။

စကားများသောအားဖြင့် အပြစ်ပါတတ်၏။ မိမိနှုတ်ကို ချုပ်တည်းသောသူမူကား ပညာရှိ၏ (သုတ္တံ ၁၀း၁၉)။ တစ်နည်းအားဖြင့်ဆိုသော် စကားများများပြောလေ အပြစ်ကျူးလွန်ရန် သာ၍လွယ်သည်။ တစ်စုံတစ်ခုပြောရန် အမြဲတမ်းစေခိုင်းသောအရာကို တားဆီးခြင်းဖြင့် ဤအန္တရာယ်ကို ရှောင်ကြဉ်နိုင်သည်။ "သင်၏ နှုတ်သည်သတိမလစ်စေနှင့်။ ဘုရားသခင်ရှေ့တော်၌ စကားပြောခြင်းငှာ၊ သင်၏ စိတ်နှလုံးအလျင်မမြန်စေနှင့်။ ဘုရားသခင်သည် ကောင်းကင်ဘုံ၌ရှိတော်မူ၏။ သင်သည် မြေကြီးပေါ်မှာရှိ၏။ ထို့ကြောင့် သင်၏စကားမများစေနှင့်" (ဒေသနာ ၅း၂)။ ဤအရာသည် ဘုရားသခင်ထံ ကတိပေးခြင်းနှင့် သက်ဆိုင်သော်လည်း ဤအရာ၏ အကြံဉာဏ်သည် ယေဘုယျအသုံးပြုရန် ကောင်းပါသည်။

အတင်းအဖျင်းပြောဆိုတတ်သူသည် ငြိမ်းချမ်းမှုကိုထိခိုက်စေသောသူဖြစ်သည်။ သူသည် လေပေါ်ရန်သက်သက် မည်သည့်အခါ၌မလာတတ်သည်။ လမ်းအစွန်အဖျား၌ စကားပြောရန် မည်သူမျှ အခွင့်မပေးသင့်။

နောက်ဆုံး အတိုချုပ်အားဖြင့် ဖော်ပြရန် စာပိုဒ်တစ်ခုကို ကိုးကားလိုပါသည်။ မည်သူရေးသားကြောင်းကို ကျွန်ုပ်မသိပါ။ သို့သော် ထိုစာပိုဒ် ရေးသားသူကျွန်ုပ်ဖြစ်ချင်မိသည်။

> ခရစ်ယာန်တစ်ယောက်သည် မိမိတို့၏လျှာနှင့် ဘာလုပ်ရမည်နည်း။ သူသည် လျှာကို ထိန်းချုပ်ရမည်။ အပြန်အလှန်ပြောဆိုခြင်းကို လွှမ်းမိုးရန် မကြိုးစားသင့်ပါ။ မိမိဖြစ်သည့်အရာထက်နည်းအောင် ပြောဆိုတတ်ရန် မိမိလျှာကို သွန်သင်ရမည်။ အများအတွက် လျှာကိုဘယ်တော့မှ မသုံးရ။ မသန့်ရှင်းသော၊ စင်ကြယ်ခြင်းမရှိသော၊ ညစ်ညူးသော၊ အဓိပ္ပါယ်မရှိသော၊ စကားများပြောရန် မသုံးသင့်ပါ။ သူသည် မိမိလျှာကို နှစ်သိမ့်စကားပြောရန်၊ ဝန်ခံခြင်းပြောဆိုရန်နှင့် သက်သေခံရန် အခြေအနေပေးသောအခါ အသုံးပြုရန်ဖြစ်သည်။ သူသည် သူတစ်ပါးအပေါ်၌ "ကျေးဇူးတင်ပါတယ်" ဟု ပြောဆိုရန် ခဲရင်းသောသူဖြစ်ပါက ဤသို့ပြောတတ်ရန် မိမိလျှာကို သွန်သင်ရပါမည်။ ထိုအရာများကို ကန့်ကွက်သည့် ဆုလာဒ်များနှင့် ကိုင်တွယ်ရမည်။



လျှာသည် အတွေးအခေါ်နောက်ကို လိုက်သည်။ လူအများစုသည် ငြိမ်နေခြင်းထက် စကားပြောခြင်း၌ ပို၍နောင်တရကြသည်။ ပြောထွက်သောသူသည် မျိုးစေ့ကျဲပြီး နားထောင်သူသည် ရိတ်သိမ်းသူဖြစ်သည်။

ကောလဟာလ၌ ပျော်မွေ့နေသောသူသည် သံသယရှိသော ဝိညာဉ်ဖြစ်သည်။ သူတို့သည် သူတစ်ပါး၏စိတ်ထဲ၌ သေးငယ်သော အလင်းများကို ဗုံးပေါက်ကွဲခြင်းအားဖြင့် ရှုပ်ထွေးစေပြီး သူတစ်ပါးကို အားနည်းအောင်ပြုလုပ်သောနေရာ၌ ပျော်မွေ့သည်။ မသေချာသော သတင်းပို့ချက်၌ အပြစ်မဲ့သောသူများ၏ နေရာ၌သာ ကျင်လည်ပြီး ဘယ်တော့မှ ဇစ်မြစ် (ပြဿနာဖြေရှင်းပေးသူ) မဖြစ်ကြပါ။ တစ်ချိန်တည်းတွင် ''သူတို့ပြောတယ်'' (သို့) ''မင်းကြားပြီလား'' (သို့) ''အခြားတစ်ယောက်ဆီက ငါနားလည်တာ'' စသဖြင့် ကောလဟာလပြောသောသူ၏ လုံခြုံရေးကို ကာကွယ်ကြသည်။

''Hysterical Concrete Memorial Church ခွဲတော့မယ်ဆိုတာ ကြားပြီးပြီလား။''

''Ferdinand နှင့် Flo ကွာရှင်းတဲ့အကြောင်း ငါသဘောပေါက်တယ် . . . သူတို့ပြောတာကတော့ သူမသစ္စာမရှိဘူးတဲ့''

''သူတို့ပြောတာ သူ့မိဘတွေက ငွေအများကြီးရှိတယ်တဲ့''

''Pastor Elphinstonsky ကို သူ့ရဲ့အရင်အသင်းတော် ထားခဲ့ရတော့မယ်လို့ ပြောတာကြားပြီလား။''

''သူတို့သားက ဘိန်းစားဖြစ်နေတာငါကြားခဲ့တယ် . . . ဈေးဝယ်သွားတဲ့အချိန်မှာ အဖမ်းခံရတာ။''

''တစ်ယောက်ပြောတာက သူတို့လက်ထပ်တော့မယ်တဲ့''

''လူတစ်ယောက်ပြောဖူးတာ . . . သူက အလွန်အကျွံသောက်တယ်တဲ့''



# အခန်း (၂၀)

## ကျွန်ုပ်တို့၏ အတင်းပြောခြင်းကို ခွင့်လွှတ်စေတော်မူပါ။

လွန်ခဲ့သည့် နှစ်အနည်းငယ်က အောက်ပါစာပိုဒ်ကို Atlanta Journal ၌ တွေ့ရပါသည်။

> ဟောင်စစ်က အမြောက်ခွံ၏အသံထက် ကျွန်ုပ်အခြေအနေသာ၍ ဆိုးပါသည်။ သတ်ဖြတ်ခြင်းမပါဘဲ ကျွန်ုပ်အနိုင်ယူခဲ့သည်။ အသက်များကို ပျက်စီးစေပြီး နှလုံးသားများကို ကျေမွစေကာ အိမ်များကို ချိုးဖျက်ခဲ့သည်။ လေဟာပြင်ထဲ၌ ကျင်လည်ခဲ့သည်။ အပြစ်မဲ့လူသားများက ကျွန်ုပ်ကို ခြိမ်းခြောက်ရန် မတတ်နိုင်ကြပါ။ သမ္မာတရားကို ကျွန်ုပ်ဂရုမစိုက်၊ တရားမျှတခြင်းကို အလေးမထား။ တွယ်ရာမဲ့များကိုလည်း မေတ္တာမထားခဲ့ကြ။ ကျွန်ုပ်၏ သားကောင်များသည် ပင်လယ်မျက်နှာပြင်ရှိ သဲများကဲ့သို့ များပြားသည်။ ကျွန်ုပ်မည်သည့်အခါမျှ မေ့ပျောက်ခြင်းမရှိ၊ ရံဖန်ရံခါ ခွင့်လွှတ်သည်။ ကျွန်ုပ်နာမည်သည် အတင်းပြောသူ (Gossip)ဖြစ်သည်။

ရှင်ယာကုပ်သည် ''ငါတို့ ရှိသမျှသည် မှားတတ်ကြ ၏။ စကားအားဖြင့် မှားခြင်းမရှိသောသူမည်သည်ကား စုံလင်သောသူဖြစ်၏'' (၃း၂) ဟု ရေးသားရာ၌ အတင်းပြောခြင်းကို ဆင်ခြင်မိပြီး ရေးသားခြင်းဖြစ်ပေလိမ့်မည်။

အတင်းပြောရန် အလွန်လွယ်ကူပြီး သဘာဝကျသည်။ ထိုအကျင့်ကို ပယ်ရှားရန် ခက်ခဲလှပါသည်။

အတင်းပြောခြင်းသည် အဘယ်နည်း။ William R Marshall က ပြောခြင်းဆိုတာ ဘာမှမဟုတ်တဲ့အရာကို ပြောဆိုခြင်းဟု ဆိုထားပါသည်။ Bill Gothard ကလည်း အတင်းပြောခြင်းဆိုတာ သူတစ်ပါးအတွက် အကျိုးမရှိစေသည့်စကားဖြစ်သည်ဟု ဆိုထားပါသည်။ ထိုအရာ၏ အဓိပ္ပါယ်ကို ထပ်မံပြန်ဆိုရလျှင် သူတစ်ပါးကို ထိခိုက်ပျက်စီးစေသော ပြောဆိုခြင်းဖြစ်သည်။ အတင်းပြောခြင်းသည် ခံရသူအား နှစ်လိုဖွယ် မကောင်းသောအရာ၌ သွန်းပို့ခြင်း ဖြစ်သည်။ မလိုလားအပ်သောအရာ၊ တည်ဆောက်စရာမပေးသောအရာ၊ ကြင်နာ ခြင်းမရှိသောအရာများကို ပြောဆိုသည်။ ဤအရာသည် လူတစ်ဦးကို မျက်နှာချင်းဆိုင်ရင်ဆိုင်မည့်အစား ထိုသူ၏ နောက်ကွယ်၌ ဝေဖန်ပြောဆိုခြင်းဖြစ်သည်။ ဤအရာသည် လုပ်ကြံသတ်ဖြတ်မှု ကဲ့သို့ပင်ဖြစ်သည်။ သမ္မာကျမ်းစာ၌ ဤအရာကို သတိပေးထားပါသည်။

> ''သူ့အသရေပျက်သောသတင်းကို ကြားပြောခြင်းငှာ။ ကိုယ့်အမျိုးသားချင်းတို့တွင် မလှည့်လည်ရ'' (ဝတ်ပြု ၁၉း၁၆)။
>
> လည်၍ စကားများစွာပြောတတ်သောသူသည် လျှို့ဝှက်အပ်သောအရာကို ဖော်ပြတတ်၏။ သစ္စာစောင့်သောသူမူကား ဝှက်ထားတတ်၏ (သုတ္တံ ၁၁း၁၃၊ ၂၀း၁၉)။
>
> သဘောကောက်သောသူသည် ရန်မျိုးစေ့ကိုကြဲတတ်၏။ ကုန်းတိုက်သောသူသည်လည်း မိတ်ဆွေတို့ကို ကွဲပြားစေတတ်၏ (သုတ္တံ ၁၆း၂၈)။
>
> ကုန်းတိုက်သောသူ၏စကားသည် မြိန်သောခဲဘွယ်စားဘွယ်ကဲ့သို့ဖြစ်၍ ဝမ်းအတွင်းသို့ ဝင်တတ်၏ (သုတ္တံ ၂၆း၈)။
>
> ထင်းမရှိလျှင် မီးသေတတ်သကဲ့သို့ ကုန်းတိုက်သောသူ မရှိလျှင် ရန်ငြိမ်းတတ်၏ (သုတ္တံ ၂၆း၂၀)။



ရောမ ၁း၂၉ တွင် ပေါလုက အတင်းပြောသောသူကို လူသတ်သောသူနှင့် ကိုယ်ကျင့်တရားပျက်ပြားသောသူဖြင့် အတူတူဖော်ပြထားပါသည်။

**ငါမင်းကို ပြောခဲ့တာဘယ်သူ့ကိုမှမပြောနဲ့။**

ကျွန်ုပ်တို့သည် တစ်ခါတစ်ရံ အတင်းပြောခြင်းကို ဆုတောင်းခြင်း တင်ပြရန် အချက်အလက်ဝေငှသကဲ့သို့ ဟန်ဆောင်ကာ အရောင်ပြောင်းသွားတတ်သည်။ ''ငါ အဲဒါပြောပြတာ ဆုတောင်းပေးလို့ရအောင် ပြောတာနော်။ ဒါပေမယ့် အဲဒါကို သိတယ်မဟုတ်လား . . . '' ထိုအရာကို စိတ်ချစွာပြောဆိုခြင်းဖြင့် တိုက်ခိုက်ခြင်းကို ရှောင်ကြဉ်နိုင်မည်ဟု ထင်မှတ်ကြသည်။

အောက်ပါဖော်ပြထားသောအရာသည် အတင်းပြောခြင်း၏ ရလဒ်ပင်ဖြစ်ပါသည်။

Booklyn ၌ အမျိုးသမီးနှစ်ဦး စကားပြောကြသည်။

> '' Tillies က သူ့ကိုမပြောနဲ့လို့ ငါနင့်ကိုပြောခဲ့တဲ့ လျှို့ဝှက်ချက်ကို နင် သူမကို ပြောတယ်လို့ သူငါ့ကို ပြန်ပြောတယ်။''
>
> ''သူမကအဓိကပဲ။ ငါ သူမကို ပြောတာတွေ နင့်ကို မပြောအောင် Tillie ကို ပြောခဲ့တယ်''
>
> ''ဟုတ်ပြီ၊ သူမ ငါ့ကို ပြောတာတွေ နင့်ကိုပြန်မပြောဖို့ ငါပြောထားတယ်၊ ဒါ့ကြောင့် သူမကို ငါပြောတဲ့အကြောင်း ပြန်မပြောနဲ့နော်''

Charles Swindoll ၏ Seasons of Life စာအုပ်ထဲ၌ ကောလဟာလကုန်သည်အကြောင်းကို ဖော်ပြထားသည်။ သို့သော် ဤအရာသည် အတင်းပြောခြင်း၏ အခြားနာမည်သာဖြစ်သည်။ ဤနေရာ၌ သူပြောခဲ့သောအရာမှာ –

ဘဝဟူသည် စိတ်လှုပ်ရှားမှုကို စမ်းသပ်ခြင်းဖြင့် ပြည့်နှက်သည်။ စိတ်ဆိုးမှုကို လိမ္မာပါးနပ်စွာ ကိုင်တွယ်ပါ။ ကားပါကင် ထိုးသည့်နေရာ၌ သင့်ကားအသစ်ကို တစ်စုံတစ်ယောက်က ခြစ်ခဲ့သည်။ သင့်လေယာဉ်ပျံ နောက်ကျသည်။ စားပွဲထိုးသည် အလွန်တရာကောက်ကျစ်ပြီး ဟင်းရည်ကို ပေါင်ပေါ် သွန်းလောင်းသည်။ သင့်ဖုန်းနံနက် ၃း၃၀ တွင် မြည်လာသည်။ ''ဝမ်းနည်းပါတယ်၊ ဖုန်းမှားနေလို့ပါ'' ဖုန်းကို ပြန်ထားပြီး မကြာမှီ အသံမြည်လာသည်။ အရင်က ငတိုးပင်။ ယူနီယာက တန်ဖိုးပိုင်ဆိုင်ခြင်းအပေါ် အရောင်ဆိုးခဲ့သည်။ တစ်နှစ်တာ လုပ်ငန်းကို ခွေးကကိုက်ဖျက်ခဲ့သည်။

စိတ်တိုခြင်းထက် ခရစ်ယာန်ယုံကြည်ခြင်းကို သာ၍နှုံချာစေသည့် အရာ မရှိတော့ပါ။ ကြိုးစားရုန်းကန်သည့်အခြေအနေ၌ ငြိမ်သက်စွာ တုန့်ပြန်သော လူပုဂ္ဂိုလ်ထက် ခရစ်တော်၏ ပြောင်းလဲခြင်းတန်ခိုးကို သက်သေခံသောအရာ မရှိပါ။ ကျမ်းစာ၏သွန်သင်ချက်ကို အံ့သြရန် မဟုတ်ပါ။ ''စိတ်ရှည်သောသူသည် ခွန်အား ကြီးသောသူထက်လည်းကောင်း၊ မိမိစိတ်ကို ချုပ်တည်းသောသူသည် မြို့ကို တိုက်ယူသောသူထက်လည်းကောင်း သာ၍ကောင်း၏'' (သုတ္တံ ၁၆း၃၂)။

## ဒေါသထွက်ရန်အချိန်

ကျွန်ုပ်တို့သည် ဒေါသထွက်ရန် ပညတ်ထားသောသူဖြစ်သည်ဟု ဖေက် ၄း၂၆ အားဖြင့် တစ်စုံတစ်ယောက်က ထင်မှားလိမ့်မည်။ ''အမျက်ထွက်ရာတွင် အပြစ်မရှိစေနှင့်။ အမျက်မပြေဘဲ နေမဝင်စေနှင့်'' မှန်ပါသည်။ အမျက်ထွက်ရမည့်အချိန်ရှိသည်။ ကိုယ်တော့်ကို မချီးမြှောက်သောအခါ ကျွန်ုပ်တို့ အမျက်ထွက်ရမည်။ ထို့ကြောင့် ယေရှုသည် အဖခမည်းတော်၏အိမ်ကို သူခိုးများကျင်လည်ရာ နေရာဖြစ်စေသောအချိန်၌ အမျက်ထွက်သည် (မဿဲ ၂၁း၁၃)။ အခြားသော သူများ မဟုတ်မမှန်ဆက်ဆံသောအခါ ကျွန်ုပ်တို့ ဒေါသထွက်ရမည်။ ကိုယ်တော့်ကိုယ်စားနှင့် သူတစ်ပါးကိုယ်စား ဒေါသထွက်ရန် ဖြစ်သော်လည်း မိမိကိုယ်ကိုအတွက် လုံးဝမဟုတ်ပါ။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အမှု၌ ခြသေ့ဖြစ်ပြီး မိမိတို့၏



''သူမ မူးနေတယ်လို့ကြားရတယ် . . . သတိထားပြီး ကြည့်နေပါ''

''စကားလုံးတွေကုန်သွားပြီ . . . နောက်ဆုံးတော့ သူမရီးကို သူလိမ်ခဲ့တာပဲ''

''အဲဒါကတော့ သူ့ကိုစိတ်မချရတဲ့ လူများစွာနှင့် ပတ်သက်တဲ့ အရာပါ''

အတင်းပြောခြင်းနှင့် ကောလဟာလမည်သို့ ပျံ့နှံ့သည်ကို ကျွန်ုပ်တို့ သိကြပါသည်။ နောက်ဆုံးပြောသော အကြောင်းအရာသည် မူရင်းကဲ့သို့ တူညီခြင်းမရှိမှီတိုင်အောင် လူတိုင်းက မကောင်းသောအရာများ ထပ်မံဖြည့်စွက်ပြောဆိုလျက်ရှိသည်။

## ပေါလုသည် နာမည်များကို ဖော်ပြ – သို့သော် အဘယ့်ကြောင့်နည်း

ပေါလုမှ နာမည်များကို ဝေဖန်ပြောဆိုသည်ဟု ခံယူပေလိမ့်မည်။ ဟုမေနဲနှင့် အာလေဇန္ဒြု (၁ တိ ၁း၂၀)။ ဖုဂေလုနှင့် ဟေရမောဂင် (၂ တိ ၁း၁၅–၁၆)။ ပန်းတိမ်သမား အာလေဇန္ဒြု (၂ တိ ၄း၁၄)။ ယောဟန်က သောဒယောတရပ်ကိုလည်း ချန်ထားခြင်းမရှိပါ (၃ ယော ၉)။ ဤသက်သေခံချက်များ မှန်ကန်ပါသည်။ သို့သော် ဤအရာ၏ရည်ရွယ်ချက်သည် ယုံကြည်သူများကို သတိပေးရန်သာဖြစ်သည်။ ထိုသူများကို ပုတ်ခတ်ပြောဆိုရန် မဟုတ်ပါ။

စည်းကမ်းထိန်းရန်နှင့် ပြုပြင်ရန် လိုအပ်သောအခါ ဦးဆောင်သူများ အတွင်း ပုဂ္ဂိုလ်တစ်ဦးစီအကြောင်းကို ဆွေးနွေးရန်လိုအပ်ပါသည်။ သို့သော် ပါဝင်သောပုဂ္ဂိုလ်အား ကူညီရန်ဖြစ်ပြီး ချိုးဖဲ့ရန်မဟုတ်ပါ။ ဤအရာသည် အတင်းပြောခြင်းကဲ့သို့ မဟုတ်ပါ။

အတင်းပြောခြင်းနှင့်ပတ်သက်၍ ကောင်းသောခြေလှမ်းများစွာ သင်ခန်းစာယူရန် ရှိပါသည်။

ပထမ ဇစ်မြစ်ကိုဖော်ပြရန် ထိုပုဂ္ဂိုလ်ကို မေးမြန်းနိုင်ပါသည်။ ပေါလုမှ ၁ ကော ၁း၁၁ ၌ ကျွန်ုပ်တို့အတွက် ဉပမာထားခဲ့သည်။ "အကြောင်းမူကား၊ ငါ့ညီအစ်ကိုတို့၊ သင်တို့သည် အချင်းချင်းမသင့်၊ ရန်တွေ့ခြင်းရှိသည်ကို ခလောဧ၏ အိမ်သားအချို့တို့သည် ပြောကြ၏"

ဒုတိယ၊ မိမိဖြင့် ဆွေးနွေးသောသူထံ၌ အတင်းပြောသူကို ဖော်ပြရန် တောင်းဆို၍ရသည်။ "တကယ်လို့ မင်းသူ့အကြောင်း ငါ့ကို ပြောတာတွေ သူ့ကို ငါပြန်ပြောမယ်ဆိုရင် စိတ်ဆိုးမှာလား" "အို . . . ထိတ်လန့်စရာပဲ၊ အဲလို မလုပ်ပါနဲ့။ အဲဒါ ငါတို့မိတ်ဆွေဖွဲ့ခြင်းရဲ့ အဆုံးသတ်ခြင်း ဖြစ်လိမ့်မယ်။"

သို့မဟုတ် အတင်းပြောခြင်းကို နားထောင်ရန် ငြင်းပယ်၍ရသည်။ အဲဒါ မကြားတာ ပိုကောင်းလိမ့်မယ်ဟု ယဉ်းကျေးစွာပြောဆိုခြင်းဖြင့် ငြင်းပယ်နိုင်မည် (သို့) အချင်းချင်းပြောဆိုသောစကားကို သူတစ်ပါးအား သာ၍တည်ဆောက်စရာ ပေးသောစကားအဖြစ် ပြောင်းလဲ၍ရသည်။ "အတင်းပြောခြင်းကို နားထောင်သူ မရှိလျှင်၊ ပြန်ပြောပြသောသူရှိမည်မဟုတ်ပါ။ ပရိသတ်ကို နားမကြားအောင်လုပ် ပါ။ အတင်းပြောသောသူ စကားအံ့လိမ့်မည်။" (William R. Marshall)။

**Turkish စကားပုံက ကျွန်ုပ်တို့ကို သတိပေးသည်မှာ –**

> "သင့်ထံ အတင်းပြောသောသူသည် သင့်အကြောင်းကိုလည်း အတင်း ပြောလိမ့်မည်။"



# အခန်း (၂၁)

## စိတ်လှုပ်ရှားမှု – စစ်မှန်သောစမ်းသပ်ခြင်း

အသင်းတော်အစည်းအဝေးတစ်ခု၌ဖြစ်သည်။ သူသည် မိမိကိုယ်ပိုင် လမ်းကိုလျှောက်၍မရပါ။ သူသည် ဒေါသဇာတ်ရာရနေသည်။ သူသည် ဆဲရေး တိုင်းထွာခြင်းကို ပြောသည့်အခါ သူ၏လက်များ ပုံမှန်ကဲ့သို့မဟုတ်ဘဲ နာကျင်နေ သည်။ သူ့မျက်စိသည် စူးရှလာသည်။ သူ့မေးရိုးများ တုန်လှုပ်လာပြီး လက်ဆစ် များ ဖြူဖတ်ဖြူယောင်ဖြစ်လာသည်။ နောက်ဆုံးတွင် သူပေါက်ကွဲပြီး ဟစ်အော် ခဲ့သည်။ "ငါသွားမယ်၊ ကိုယ်တော်လည်း ငါနှင့်အတူပါရှိတယ်" ဟု အော်ခဲ့သည်။ သို့သော် ထိုသူ ကို သန့်ရှင်းသူဟု ဘယ်သူကမျှ မသတ်မှတ်ပါ။ ထိုသို့သော ဒေါသကြီးသည့် သူ၏နောက်လိုက်များကို ကိုယ်တော်က ဂရုစိုက်လိမ့်မည်ဟု မည်သူမျှ မထင်ပါ။

တနင်္ဂနွေနေ့နံနက်၌ မိသားစုများသည် ဘုရားကျောင်းသွားရန် အဆင် သင့်ဖြစ်ကြသည်။ ကလေးများအချိန်ဖြုန်းနေကြသည်။ ဖခင်သည် အော်ဟစ်နေ သည်။ မိခင်သည် ဒယ်အိုးဖြင့် ပြဿနာတက်နေသည်။ တစ်အိမ်သားလုံး ရုတ်ရုတ်သဲသဲဖြစ်သွားသည်။ သို့သော် ပူပန်ရန်မဟုတ်ပါ။ များမကြာမီ ဘုရား ကျောင်းရှိခိုးခုံများ၌ အားလုံးထိုင်ကြပြီး လှပသည့်ကလေးငယ်များ၏ ပြုံးပျော် သောမျက်နှာနှင့် နေရာတိုင်းရောင်ခြည်တန်းလာခဲ့သည်။

ယခုအချိန်သည် ခရစ္စမတ်အချိန်ဖြစ်သည်။ လူတိုင်းက မလိုလားအပ် သောလက်ဆောင်များစွာ ဝယ်ယူအလုပ်ရှုပ်ကြသည်။ အရာရာကို ပြည့်စုံစွာရှိ သောလူများထံ လက်ဆောင်ပေးရန် အပြေးအလွှားလုပ်နေကြသည်။ ဖိအားတက် လာသည်။ အာရုံကြောများ မတည်ငြိမ်တော့ပါ။ စိတ်တိုလာသည်။ တစ်ယောက်က ကြင်နာမဲ့စွာမှတ်သား၊ ခိုက်ရန်ဖြစ်ကြ စသည့်အရာများဖြင့် သိမ်ငယ်နူးညံ့သော ယေရှု၏ မွေးနေ့ကို ကျင်းပကြသည်။

ဇိအုန်သတို့သမီးတို့သည် စိတ်မြင့်၍ မိမိလည်ပင်းကိုပြလျက်၊ မျက်စိလော်လည်လျက်၊ ခြေချင်းတန်ဆာမြည်လျက်၊ စိတ်စိတ်လှမ်းသွားတတ်သောကြောင့်။

သူတို့၏ အကုန်အကျများခြင်း၊ ဆွဲဆောင်နိုင်ခြင်း၊ ဝတ်စားဆင်ယင်မှုသည် သူတို့၏ မာနနှင့် မောက်မာမှုကို ဖော်ပြသည်။

**အဝတ်အစားအတွက် အကြံပေးခြင်း**

ကျွန်ုပ်တို့၏ ဝတ်စားဆင်ယင်မှု၌ ခရစ်တော်သည် သခင်ဖြစ်ရန် နှုတ်ကပတ်တော်၌ ဖော်ပြထားသော နည်းစနစ်များ လေ့လာကြပါစို့။

ပထမ၊ ကျွန်ုပ်တို့၏ အဝတ်အစားများသည် ခေတ်မှီပြီး သင့်လျော်ရမည်။ ''ထိုနည်းတူ၊ မိန်းမတို့သည် ကျစ်သောဆံပင်၊ ရွှေတန်ဆာ၊ ကျောက်ပုလဲ အဘိုးထိုက်သောအဝတ်နှင့် ကိုယ်ကိုမဆင်ဘဲ ရှက်ကြောက်ခြင်း၊ ဣန္ဒြေစောင့်ခြင်းအားဖြင့်၊ လျောက်ပတ်သောအဝတ်နှင့်လည်းကောင်း (၁ တိ ၂း၉)။ ''ခေတ်မှီသော'' ဟု ဆိုရာတွင် အဓိပ္ပါယ်အမျိုးမျိုးရှိနိုင်သော်လည်း သင့်လျော်သောသဘောကို ဆိုလိုသည်။ ခေတ်မှီသောအဝတ်အစားဟုဆိုရာတွင် သူတစ်ပါးကို ဖမ်းစားနိုင်သည့် ကိုယ်ခန္ဓာပေါ်လွင်စေသော အရာမျိုးမဟုတ်ပါ။ ခရစ်ယာန်တစ်ယောက်နေသင့်သည့်အတိုင်းနေလျှင် အခြားယုံကြည်သူတစ်ဦးအတုယူရန် ခက်ခဲမည်မဟုတ်ပါ။

သို့မဟုတ် ကျွန်ုပ်တို့၏ ဝတ်စားဆင်ယင်ခြင်းသည် သူတစ်ပါး၏ အာရုံဖမ်းစားရန်လော (သို့) မိမိကိုယ်ကို ကြော်ငြာခြင်းလော။ ကျွန်ုပ်တို့သည် မိမိကိုယ်ကို အာရုံစိုက်ရန် မဟုတ်ပါ။ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်သည် ခရစ်တော်၏ ဘုန်းတော်ထင်ရှားစေရန်ဖြစ်သည်။ (ယော ၃၃း၃၀၊ ကော ၁း၁၈)။ J.Russell Howden ဖော်ပြသကဲ့သို့ ''ခရစ်ယာန်များ၏ လုပ်ငန်းသည် ခရစ်တော်ကို ချီးမြှောက်ရန်ဖြစ်ပြီး မိမိတို့၏အကျိုးစီးပွားအတွက် မဟုတ်ပါ။''



အမှု၌ သိုးသူငယ်ဖြစ်ရမည်။ ထို့နောက် ဖြောင့်မတ်သောဒေါသ၌ပင် အန္တရာယ်ရှိသည်။ အမျက်ထွက်ခြင်းဖြင့်အပြစ်ကို လွန်ကျူးနိုင်သည်။ အမျက်ထွက်ခြင်းသည် ဒေါသလွန်ကဲခြင်းဖြစ်သည်။ ထို့ကြောင့် ပေါလုမှ ''အမျက်ထွက်ရာတွင် အပြစ်မရှိစေနှင့်။ အမျက်မပြေဘဲနေမဝင်စေနှင့်'' ဟု ဆိုထားပါသည်။

ဒေါသထွက်ရန် ပညတ်ထားသည်ဟု ခံယူချက်ဖြင့် ဆန့်ကျင်သောကျမ်းချက်၊ သည်းခံရန်နှင့် ဒေါသထွက်ခြင်းမရှိရန် သွန်သင်ထားသောကျမ်းချက်များစွာ ရှိပါသည်။

''ခပ်သိမ်းသောစိတ်တိုခြင်း၊ စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်း၊ အော်ဟစ်ငေါက်ငမ်းခြင်း၊ သူ့အသရေပျက်အောင် ပြောဆိုခြင်းတို့ကိုလည်းကောင်း၊ ခပ်သိမ်းသောမနာလိုခြင်းကိုလည်းကောင်း၊ သင်တို့မှ ပယ်ရှားကြလော့။ အချင်းချင်းကျေးဇူးပြုခြင်း၊ သနားစုံမက်ခြင်း၊ ဘုရားသခင်သည် ခရစ်တော်ကြောင့် သင်တို့၏အပြစ်ကို လွှတ်တော်မူသကဲ့သို့ အချင်းချင်း အပြစ်လွှတ်ခြင်းရှိကြလော့'' (ဖေက ၄း၃၁, ၃၂)။

''ဝိညာဉ်ပကတိ၏အကျိုးမူကား . . . စိတ်ရှည်ခြင်း . . .'' (ဂလာတိ ၅း၂၂)။

''အရာရာ၌ စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်းနှင့် ပြည့်စုံသဖြင့် မေတ္တာစိတ်နှင့် တစ်ယောက်ကိုတစ်ယောက် သည်းခံခြင်းရှိကြ၍'' (ဖေက ၄း၂)။

''ဝမ်းမြောက်သောစိတ်နှင့်အရာရာ၌ သည်းခံခြင်း၊ စိတ်ရှည်ခြင်းအလို့ငှာ၊ ဘုန်းကြီးသောတန်ခိုးတော်အတိုင်း ခွန်အားနှင့် ပြည့်စုံသဖြင့်လည်းကောင်း'' (ကောလော ၁း၁၁)။

> ''စိတ်တိုသောသူသည် မိုက်မဲသောအမှုကို ပြုတတ်၏'' (သုတ္တံ ၁၄း၁၇က)။
>
> ''စိတ်ရှည်သောသူသည် ပညာကြီး၏။ စိတ်တိုသောသူမူကား၊ အထူးသဖြင့် မိုက်ပေ၏'' (သုတ္တံ ၁၄း၂၉)။
>
> ''မာနကြီးသောသူသည် ရန်ကိုနိုးဆော်တတ်၏။ သည်းခံနိုင်သောသူမူကား ငြိမ်းတတ်၏'' (သုတ္တံ ၁၅း၁၈)။
>
> ''မိုက်သောသူသည် မိမိကြံစည်သမျှကို ဖော်ပြတတ်၏။ ပညာရှိသောသူမူကား အဆင်မသင့်မှီ တိမ်ဝှက်တတ်၏'' (သုတ္တံ ၂၉း၂၂)။
>
> ''စိတ်ဆိုးတတ်သောသူသည် ခိုက်ရန်မှုကို နိုးဆော်တတ်၏။ ပြင်းထန်သောသူသည်လည်း အလွန်အကျူးများတတ်၏'' (သုတ္တံ ၂၉း၂၂)။

ကိုယ်တော်ကယောနကို ''သင်၏စိတ်ဆိုးခြင်းသည်မှန်တယ်ထင်သလား'' ဟု မေးခဲ့သည်။ ဒုတိယအကြိမ်မေးခွန်းထုတ်ခြင်းသည် လက်ကိုင်လွှတ်ပြီး ပျံ့သန်းရန် သွေးဆောင်ခြင်းသာဖြစ်သည်။ anger & danger (ဒေါသနှင့် အန္တရာယ်) ၌ စကားလုံးတစ်ခုသာ ကွာခြားကြောင်း သတိရပါ။ ထို့နောက် Julius Caesar ကဲ့သို့ လုပ်ဆောင်ရမည်။ သူသည် မိမိစိတ်ဆိုးအောင်ဆွပေးသောသူရှိသည့်အခါ စကားလုံးများကို အစမှအဆုံးထိ ပြန်လည်ရွက်ဆိုပြီးမှ တုန့်ပြန်သည်။

ကြောက်ရွံ့ဖွယ်ကောင်းသောသူ၏ ထိန်းချုပ်မှုမဲ့ဒေါသကို ခရစ်ယာန်မိတ်ဆွေတစ်ယောက်က ကန့်ကွက်သည့်အခါ ရာဇဝတ်ကောင် ပြန်ပြောသည်မှာ ''အို့ ငါ့ဒေါသသိပ်မကြာတတ်ပါဘူး'' သူ့မိတ်ဆွေကလည်း ''မိတ်ဆွေရယ် လျှောင်လှုပ် တာလည်း သိပ်မကြာပါဘူး။ ဒါပေမယ့် လျှောင်လှုပ်နေတဲ့အချိန်မှာ အပျက်ဆီး အများကြီးရှိတတ်တယ်နော်'' ဟု ပြန်ပြောသည်။



# အခန်း (၂၂)
## ငါ ဘာဝတ်ဆင်ရမှာလဲ?

''ဘာလဲ။ မင်းက ငါတို့ပြောတဲ့သန့်ရှင်းခြင်းကို အဝတ်အစားနှင့် နှိုင်းယှဉ်တာလား။ အဲလိုတော့မဟုတ်ဘူးနော်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ ဖြစ်ခြင်း၌သာ စိတ်ဝင်စားပြီး ကျွန်ုပ်တို့၏ ဝတ်စားဆင်ယင်မှု၌ စိတ်မဝင်စားပါ။

ဤငြင်းခုန်ခြင်းသည် ကောင်းသကဲ့သို့ဖြစ်သော်လည်း ဘုရားသခင်သည် နှစ်ခုလုံး၌ စိတ်ဝင်စားသည်။ အဘယ့်ကြောင့်ဆိုသော် အပြင်သဏ္ဍာန်သည် အတွင်းပိုင်း၏ ပုံဆောင်ခြင်းဖြစ်သည်။ ဥပမာအားဖြင့် ဇိအုန် (Zion) သမီးများကို ဆုံးမခြင်း နားထောင်ကြည့်ပါ။

> ထိုကာလ၌ ဘုရားရှင်သည် သူတို့ခြေချင်း၊ ရာဦးထုပ်၊ လဆန်းရုပ်လည်ဆွဲ၊ နားသန်သီး၊ လက်ကောက်၊ မျက်နှာဖုံး၊ ပေါင်းသရဖူ၊ ရွှေခြေကြိုး၊ ခါးပန်း၊ နှာခေါင်းဘူး၊ လက်ဖွဲ့၊ လက်စွပ်၊ နားဆွဲ၊ ရွှေဇာအင်္ကျီ၊ တပက်၊ ခေါင်းခြုံ၊ လွယ်အိတ်၊ လွယ်မှန်၊ အတွင်းအင်္ကျီ၊ ဦးရစ်၊ တင်းတိမ်တို့ကို ပယ်ရှင်းတော်မူမည်။ မွှေးသောအနံ့အရာ၌ ပုပ်စပ်သောအနံ့၊ ခါးစည်းအရာ၌ ခါကြိုး၊ ကျစ်သောဆံပင်အရာ၌ ခေါင်းထုံးခြင်း၊ ရင်စည်းတန်ဆာအရာ၌ လျှော်တေကြိုး၊ လှသောအဆင်းအရာ၌ သံပူထိုးချက်ရာ ဖြစ်ရလိမ့်မည် (ဟေရှာယ ၃း၁၈–၂၄)။

ဘုရားသခင်က အဘယ့်ကြောင့် ဂရုစိုက်သနည်း၊ ငယ် ၁၆ ၌ အဖြေတွေ့ရသည်။

တဖန်ထာဝရဘုရားမိန့်တော်မူသည်ကား –

ထို့ကြောင့် ကျွန်ုပ်တို့သည် အလွန်အကျွံဖြစ်သောအရာနှစ်ခုကို ရှောင်ကြဉ်ရမည်။ တစ်ဖက်၌ ကိုးရိုးကားယားနိုင်လွန်းသော နောက်ဆုံးပေါ် ဖက်ရှင်များကို အတုခိုးခြင်း ရှောင်ကြဉ်ရမည်။ သို့သော် ဖက်ရှင်ဟောင်း၊ ဝတ်ပုံညံ့သော အဝတ်အစားများကိုသာ အမြဲတမ်း ဝတ်ဆင်ရန်မဟုတ်ပါ။ Howden ၏ ပြောဆိုချက်ကို ပြန်ကိုးကားရလျှင် "ဘုရားသခင်သည် မသေသပ်သော အဝတ်အစားနှင့် ရုပ်ညံ့သောဝတ်ဆင်မှုကို ချီးကျူးခြင်းမရှိသကဲ့သို့ အမိန့်ပေးခြင်းလည်း မရှိခဲ့ပါ။" လူပုဂ္ဂိုလ် (သို့) အဝတ်အစား၌ ညစ်ပေခြင်းသည် ဝိညာဉ်ရေးရာ အမှတ်အသားဖြင့် မဆိုင်ပါ။ ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာသည် ဝိညာဉ်တော်၏ ဗိမာန်တော်ဖြစ်လျှင် လှပသောအရာ၊ တင့်တယ်သောအရာမှန်သမျှကို ဝတ်ဆင်၍ရသည်။" နည်းစနစ်ဟောင်းသည် ကျင့်သုံး၍ရဆဲပင်။ "အသစ်ကို ပထမဆုံး စမ်းကြည့်သူမဖြစ်နှင့် အဟောင်းကို နောက်ဆုံးစွန့်ပစ်သောသူလည်းမဖြစ်နဲ့"။

ကျွန်ုပ်တို့သည် အဝတ်အစားထောက်ပံ့ခြင်း၌ ခေတ်မှီသောအရာသာရှိရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့ထံသို့ လိုအပ်မှုများစွာရှိသော ဤလောက၌ စတိုးဆိုင်တစ်ခု၏ အလွန်သေးငယ်သော ပုံတူကဏ္ဍာန်ကဲ့သို့ အဝတ်အစား တည်တံ့ရန် ခရစ်ယာန်တစ်ယောက်အနေဖြင့် ကြင်နာခြင်းထက်သာ၍ သိမ်ငယ်၊ အားနည်းနေသကဲ့သို့ ဖြစ်သည်။

အဝတ်အစားကို အလွန်တန်ဖိုးကြီးစွာ မဝယ်ရမည့်အကြောင်းရင်းမှာ "... ရွှေတန်ဆာ၊ ကျောက်ပုလဲအဘိုးထိုက်သောအဝတ်နှင့် ကိုယ်ကိုမဆင်ဘဲ ..." (၁ တိ ၂း၉)။ "သင်တို့၌ တန်ဆာဆင်ခြင်းမူကား၊ ဆံ ပင်ကျစ်ခြင်း၊ ရွှေဆင်ခြင်း၊ အဝတ်ဝတ်ခြင်းတည်းဟူသော အပြင်တန်ဆာဆင်ခြင်း မဖြစ်စေဘဲ" (၁ ပေ ၃း၃)။ သို့သော် အသက်သာဆုံးသော ဈေးနှုန်းသာလျှင် ဝယ်ရမည်ဟု မဆိုလိုပါ။ ထိုအရာသည် မှားယွင်းသော စီးပွားရေးပင်ဖြစ်နိုင် သည်။ ကျွန်ုပ်တို့သည် အရည်အသွေးနှင့် တန်ဖိုးကို တိုင်းတာရမည်။ ဥပမာ – ဈေးနှုန်းအသက်သာဆုံးဖိနပ်ကိုဝယ်လျှင် သင့်လျော်ပြီးကောင်းသော ဖိနပ်ဝယ်မည့်အစား

ခြေထောက်ဆရာဝန်ထံ သွားရသောငွေကြေး ပိုမိုကုန်ကြပေလိမ့်မည်။

ကျွန်ုပ်တို့၏ အဝတ်အစားများသည် သေသပ်သန့်ရှင်းရမည်။ ညစ်ပတ်နွမ်းနယ်သော အဝတ်အစားဝတ်ခြင်းသည် ကယ်တင်ရှင်အား ကောင်းစွာကြော်ငြာခြင်းမဟုတ်ပါ။ (သို့) Oswald Chambers က ''ညစ်ပတ်ခြင်းသည် ဝိညာဉ်တော်ကို စော်ကားခြင်းဖြစ်သည်'' ဟု ပြောဆိုခဲ့သည်။

ခရစ်ယာန်များ၏ ဝတ်စားဆင်ယင်မှုသည် မိမိတို့၏ လိင်ကိုဖော်ပြရမည်။ ဤအရာကို ကျမ်းစာ၏သက်သေပြချက်မှာ ''မိန်းမသည် ယောကျာ်းအဝတ်ကို မဝတ်ရ။ ယောကျာ်းသည်လည်း မိန်းမအဝတ်ကို မဝတ်ရ။ ထိုသို့ဝတ်သောသူရှိသမျှတို့ကို သင်၏ဘုရားသခင် ထာဝရဘုရားသည် စက်ဆုပ်ရွံရှာတော်မူ၏။'' (တရား ၂၂း၅)။ အဓိကအားဖြင့် ဤကျမ်းချက်သည် အခြောက်ဆန်ခြင်းကို ဆန့်ကျင်သည်။ ဆန့်ကျင်ဖက်လိင်၏ ပြုမူပုံနှင့် အဝတ်အစားကို အတုခိုးခြင်းဖြစ်သည်။ သို့သော် ဤအရာသည် ကျား/မတန်းတူဖြစ်ခြင်းကို ပံ့ဆောင်ခြင်းလည်း ဖြစ်နိုင်သည်။ အဝတ်အစားပုံစံနှင့် ဆံပင်ပုံစံသည် လိင်ခွဲခြားမှုကို ပွတ်တိုက်ဖျက်ဆီးသည်။ လိင်ရှုပ်ထွေးခြင်းကို ဘုရားသခင်မုန်းတီးကြောင်း အထူးတလေမေးရန်မလိုအပ်ပါ။

ယေဘုယျအားဖြင့် ကျွန်ုပ်တို့၏ဝတ်စားဆင်ယင်မှုသည် မိမိတို့၏ သခင်ဖြစ်ပြီး ထိုသခင်၏ သံတမန်ဖြစ်သော ကျွန်ုပ်တို့သည် ခရစ်တော်ကို ပံ့ဆောင်ရမည်။ ဤအရာသည် ကျွန်ုပ်တို့ အသက်ရှင်သောသမိုင်းဖြစ်ပျက်မှုနှင့် ယဉ်ကျေးမှုအရဖြစ်ရန် လိုအပ်သည်။ မိမိတို့၏ ဝတ်စားဆင်ယင်မှုသည် ကျွန်ုပ်ဟောပြောသောတရားဟောချက်ကို ဖျက်ဆီးနိုင်သည်။

Kierkegaard က ဆက်ကပ်ရှက်ထည်ထဲမှ သူ့အဝတ်အစား၌ မီးပျံ့နှံ့ကြောင်းပြသရန် လူရွှင်တော်အကြောင်းကိုပြောပြသည်။ ''မြို့သူမြို့သားများသည် သူ၏ ရယ်မောခြင်းနှင့် အော်ဟစ်ခြင်းများကို နားထောင်ပြသည်။ လူရွှင်တော်ထံမှ



အမှိုက်သရိုက်ပုံစံကို စောင့်မျှော်ရန်ဖြစ်သည်။ သို့သော် မြို့တစ်ခုလုံးလောင်ကျွမ်းရသည်။ အဘယ့်ကြောင့်ဆိုသော် သူ့အပေါင်းအပါများသည် သူ၏သတင်းစကားကို ရုပ်သိမ်းသောကြောင့် ဖြစ်သည်။''

**အထဲ၌ရှိသောအရာဖြစ်သည်။**

သမ္မာကျမ်းစာထဲ၌ အထူးပြုသောအရာသည် အတွင်းပိုင်းစာရိတ္တဖြစ်သည်။ အပြင်သဏ္ဌာန်မဟုတ်ပါ။ ဥပမာ ကောလော ၃း၁၂-၁၄ ကို လေ့လာပါ။

> ထို့ကြောင့် သင်တို့သည် ဘုရားသခင်ရွေးကောက်သောသူ၊ သန့်ရှင်းသောသူ၊ ချစ်အပ်သောသူကဲ့သို့၊ သနားစုံမက်ခြင်း၊ ကျေးဇူးပြုခြင်း၊ စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်းတို့ကို ယူတင်ဝတ်ဆောင်ကြလော့။ တစ်ယောက်၌တစ်ယောက် အပြစ်တင်စရာအခွင့်ရှိလျှင်၊ အချင်းချင်းသည် သည်းခံ၍အပြစ်ကို လွှတ်ကြလော့။ ခရစ်တော်သည် သင်တို့၏ အပြစ်ကိုလွှတ်တော်မူသကဲ့သို့၊ ထိုနည်းတူပြုကြလော့။ စုံလင်ခြင်းအဖွဲ့အစည်းတည်းဟူသော ချစ်ခြင်းမေတ္တာကို ထပ်၍ယူတင်ဝတ်ဆောင်ကြလော့။

၁ တိ ၂း၉-၁၀ ကို ပြန်ကြည့်ရလျှင် ''ထိုနည်းတူ မိန်းမတို့သည် လျောက်ပတ်သော အဝတ်နှင့်လည်းကောင်း . . . ကောင်းသောအကျင့်နှင့်လည်းကောင်း။''

> အို . . . ဘုရားသခင်၏ သန့်ရှင်းသောလှပခြင်းကို ကိုးကွယ်ကြလော့။ ဘုရားသခင်ရှေ့တော်၌ ဦးညွှန့်၍ တန်ခိုးတော်ကို ကြေငြာကြလော့။ နှိမ့်ချခြင်းအမွေးကြိုင်နှင့် နာခံခြင်းတန်ဆာဆင်လျက် ဒူးထောက်ကိုးကွယ်ကြလော့။ သူ၏နာမသည် သခင်ဖြစ်တော်မူ၏။

နောက်ဆုံးစဥ်းစားရန်တချက်က စစ်မှန်သော ကယ်တင်ခြင်းဆိုင်ရာ ယုံကြည်ခြင်းကို ဖော်ပြသောအခါ မကောင်းသောလုပ်ဆောင်မှုများသည် ကောင်းသောလုပ်ဆောင်မှုအဖြစ် ပြောင်းလဲတတ်သည်။ သဘာဝအားဖြင့်ကြည့်လျှင် အာဗြဟံသည် ဣဇက်ကိုယဇ်ပူဇော်ရန်ပြုခြင်းသည် လူ့အသက်သတ်ခြင်းကဲ့သို့ ဖြစ်သော်လည်း ဘုရားသခင်မှ အတည်ပြုသောသူသည်မှာ အာဗြဟံ ယုံကြည်ခြင်း၏ စစ်မှန်မှုကြောင့်ဖြစ်သည်။ (ယာကုပ် ၂း၂၁)။ သဘာဝအားဖြင့်ကြည့်လျှင် သူ၏ သူလျှိုများဖြင့် မိတ်ဖွဲ့ခြင်းသည် သစ္စာဖောက်ခြင်းကဲ့သို့ ဖြစ်သော်လည်း သူသည် ဤသို့လုပ်ဆောင်ခြင်းဖြင့် ဖြောင့်မတ်ခြင်းရသည်မှာ သခင်၏ စစ်မှန်သောယုံကြည်သူဖြစ်ကြောင်း ပြသခြင်းဖြစ်သည် (ယာကုပ် ၂း၂၅)။

ကျွန်ုပ်တို့ ပြောဆိုပြီးသကဲ့သို့ ပြဿနာသည် အကြောင်းပြချက်ပင် ဖြစ်သည်။ (သို့) အမှားကို ထောက်ခြင်းဖြစ်သည်။ ကံကောင်းထောက်မစွာဖြင့် ကျွန်ုပ်တို့ ဤအရာကို ရင်ဆိုင်မည့်သူတစ်ယောက်မျှမရှိပါ။ ပြဿနာတစ်ထောင် နှင့်တစ်ခုအတွက် ကျွန်ုပ်တို့၏အဖြေသည် ‘‘အမှန်တရားကိုပြော၍ ဘယ်တော့မှ မလိမ်နဲ့’’ Dennas De Haan ကို ပြန်ကိုးကားရလျှင် ‘‘လိမ်လည်ခြင်းသည် စိတ်ချမှုကို အခြေပျက်စေပြီး၊ သံသယဖြစ်ပေါ်စေကာ ဆက်ဆံရေးဖျက်ဆီးသည်။ သို့သော် ထိုအရာထက် ဆိုးရွားသည်မှာ ဤအရာသည် သမ္မာတရား၏ ဇစ်မြစ် ဖြစ်သော ဘုရားသခင်ကို စော်ကားခြင်းဖြစ်သည်။’’



# အခန်း (၂၃)

## သမ္မာတရားကိုပြောရန်

လိမ်ပြောရန်အမြဲ မှန်ကန်သလော။ အဖြေတစ်ခုတည်းရှိသည်။ ဘုရားသခင်သည် လိမ်လည်၍မရသလို တန်ခိုးတော်ကို မည်သူ့ထံမျှ မအပ်နှံပါ။ နဝမ မြောက်ပညတ်သည် မမှန်သောသက်သေခံခြင်းကို တားမြစ်သည်။ ခရစ်ယာန်များသည် လိမ်လည်ခြင်းကို ပယ်ရှားပြီး မိမိတို့၏ အိမ်နီးချင်းများနှင့် သမ္မာတရားကို ပြောကြားရန်ဖြစ်သည် (ဧဖက် ၄း၂၅)။ စာတန်သည် လိမ်လည်ခြင်း၏ဖခင်ဖြစ်သည် (ယော ၈း၄၄)။ သူ၏စရိုက်ကို အတုခိုးရန် မဟုတ်ပါ။

Dennis J. De Haan သတိပေးချက်မှာ –

> ‘‘မရိုးသားခြင်းသည် ဖုံးကွယ်မှုဖြင့် ပြည့်နှက်သည်။ ထိန်းသိမ်းရန် ရည်ရွယ်ချက်မရှိဘဲ ကတိပြုသည်။ စွပ်စွဲစစ်ဆေးချက်ရှိလျှင် ဘာမှမပြောဘဲနေတတ်သည်။ ကြိုးပမ်းမှုကို အမှားအားဖြင့် ထိန်းသိမ်းသည် (မရိုးသားမှုသည် သူခိုးကို မွေးဖွားစေသည်)။ ကိုယ့်ရည်ရွယ်ချက်ကိုသာ အောင်မြင်မှုရရန် သမ္မာတရားကို ရုပ်ဖျက်ကြသည်။ အမှားကို ဖုံးကွယ်လိုသည်။’’

ကျမ်းစာထဲ၌ လိမ်ပြောခြင်းရေးသားသည်မှာ မှန်ပါသည်။ သို့သော် ဤအရာသည် ဘယ်တော့မှ အတည်ပြုခြင်းမခံပါ။ Abraham သည် Sarah နှင့် ပတ်သက်ပြီး လိမ်ပြောသည်။ (ကမ္ဘာ ၁၂း၁၀–၂၀၊ ၂၀း၂)။ Isaac သည် Rebekah နှင့် ပတ်သက်၍ လိမ်ပြောသည် (ကမ္ဘာ ၂၆း၇)။ Ananias နှင့် Sapohira သည် သူတို့၏ ဆက်သခြင်းနှင့် ပတ်သက်၍ ဘုရားသခင်ကို လိမ်သည် (Acts 5;1-11)။

ဘုရားသခင်၏ လူများသည် လိမ်ပြောခြင်းမရှိ၊ သမ္မာတရားကိုလည်း မပြောဘဲနေသောအဖြစ်အပျက်လည်းရှိသည်။ ‘‘ဝမ်းဆွဲမ မရောက်မှီ သားကို ဖွားတတ်ကြ၏ဟု ပြန်လျှောက်လေ၏’’ (ထွက် ၁း၁၉)။ ဘုရားသခင်မှ အသိအမှတ်ပြုသည့် (ငယ် ၂ဝ) က သူတို့ လိမ်ပြောခြင်းမဟုတ်ကြောင်း ပြသသည်။ မောရှေသည် တောသို့သုံးရက် ခရီးသွား၍ ဘုရားသခင် ထာဝရဘုရားအား ယဇ်ပူဇော်ရသောအခွင့်ကို တောင်းတော်မူ၏ (ထွက် ၅း၃)။ ဖာရောသည် သေးငယ်သော အမှုကိုငြင်းပယ်လျှင် သာ၍ကြီးမားသော တောင်းဆိုမှုဖြစ်သည်။ အမြဲတမ်း ထွက်ခွာသွားရန် ခွင့်ပြုမည်မဟုတ်ပါ။

Ehud က ဘုရင် Eglon အတွက် ဘုရားသခင်ထံမှ လျှို့ဝှက်သတင်း ရှိသည်ဟုပြောပြီး သေခြင်းနှင့် ပက်သတ်သောသတင်းဖြစ်ကြောင်း၊ မပြောပြပါ (တရားသူ ၃း၁၂–၃ဝ)။ ဘုရားသခင်က ရှာမွေလကို ဒါဝိဒ်အားရှင်ဘုရင်အဖြစ် ဘိသိပ်ရန်ခိုင်းစေသောအခါ ရှာမွေလက ရှင်ဘုရင်ရှောလုမေးလျှင် ဘုရားသခင်အား ယဇ်ပူဇော်ရန်သွားကြောင်း ပြောမည်ဟု မြွက်ဆိုခဲ့သည် (၁ ဓမ္မ ၁၆း၁–၃)။ မှန်ပေသည်။ သူယဇ်ပူဇော်ခဲ့သည်။ သို့သော် ဤခရီးကို သွားရခြင်း၏ ရည်ရွယ်ချက်တစ်ခုလုံးသည် ယဇ်ပူဇော်ရန် သက်သက်မဟုတ်ပါ။ သူသည် မိမိသိသမျှပြောရန် တာဝန်မရှိပါ။

ရံဖန်ရံခါလူတို့သည် အဆိုး၌ဆိုလိုရင်းကို ပေါ်လွင်သည်ဟု ခံယူခြင်းဖြင့် လိမ်ပြောရန်အကြောင်းပြတတ်သည်။ အကောင်းပေါ်လွင်ရန် အဆိုးလုပ်ခြင်းသည် သမ္မာကျမ်းစာ၌ ပြစ်တင်ရှုတ်ချထားပါသည် (ရောမ ၃း၈)။ သမ္မာတရားကို ပြောလျှင် ဘဝကိုဘေးအန္တရာယ်ကျရောက်စေသောအခါ အကြီးမားဆုံးသော ပြဿနာပေါ်ဖြစ်သည်။ မူလဖော်ပြချက်တွင် Nazi ခေတ်က ခရစ်ယာန်များက ယုဒလူများကို ဖုံးကွယ်ကြောင်းပါဝင်သည်။ စစ်သားများ တံခါးသို့လာပြီး ‘‘ဒီမှာ ယုဒလူမျိုးတွေရှိလား’’ ဟု မေးသောအခါ မရှိပါဟု ပြောဆိုမည်ဆိုပါက အရဲစွန့် လိမ်ပြောခြင်းဖြစ်သည်။ သို့တည်းမဟုတ်၊ အခြားသောအဖြေပေးမည်ဆိုလျှင်



အိမ်ရှင်များနှင့် ဂျူးလူမျိုးများအတွက် သေခြင်းတရားဖြစ်ပေလိမ့်မည်။ ဘာလုပ်ရမည်နည်း။

တချို့က ‘‘အမှန်တရားကို ပြောပြီးနောက်ဆက်တွဲကို သခင့်ဆီ အပ်နှံမယ်’’ ဟု ပြောလိမ့်မည်။ ဤအရာသည် သေရမည့်အကြောင်း သေချာသလောက်ဖြစ်သည်။

အခြားတစ်ခုမှာ ဘုရားသခင်ကို ကိုးစားရင်း ထိုအချိန်၌ မရိုးသားသော အဖြေ (သို့) စွပ်စွဲသောအဖြေပေးနိုင်သည်။ ဘုရားသခင်က ဤသို့ပြုနိုင်သည်။ သို့သော် ထိုသို့ပြုရန် ရွေးချယ်ခြင်းမရှိပါ။

အခြားလူက ပြောလိမ့်မည်။ ကျွန်ုပ်တို့နေထိုင်သည့် ဆိုးသွမ်းသော လောကကြီးထဲတွင် တစ်ခါတစ်ရံ မကောင်းသည့်အရာနှစ်ခုမှ သာ၍အပြစ်နည်းသောအရာကို ရွေးချယ်တတ်ရန် အရေးကြီးသည်။ ဤနေရာ၌ လိမ်လည်ခြင်းသည် အပြစ်ဖြစ်သော်လည်း အပြစ်မဲ့သောသူကို သေခြင်း၌ လွှဲအပ်ခြင်းထက် သာ၍ အပြစ်ငယ်လိမ့်မည်။

ဤခံယူချက်မှန်ကန်မည့်တစ်ခုတည်းသောအချိန်သည် သူတစ်ပါး အသက်ရှင်ခြင်းပါဝင်သည့်အခါဖြစ်သည်။

လူတချို့သည် တမန်တော် ၅း၂၉ ကို ဆွဲကိုင်ပြီး ‘လူကိုနာခံခြင်းထက် ဘုရားသခင်ကို နာခံရမည်’ ဟုပြောဆိုတတ်သည်။ ဘုရားသခင်က ‘လူ့အသက်ကိုမသတ်ရ’ ဟုပြောသည် (ထွက် ၂ဝး၁၃)။ ဘုရားသခင်နောက်ထပ်ပြောသည်မှာ ‘သချိုင်းသို့ထုတ်၍ အသေခံလုသော သူတို့ကို သင်သည် နှုတ်အံ့သောငှါ၊ အားမထုတ်ဘဲ နေလျက်၊–ငါတို့မသိဟုဆိုသော်လည်း၊ နှလုံးသဘောကို ဆင်ခြင်သောသူသည်မမှတ်၊ သင်၏စိတ်ဝိညာဉ်ကိုစောင့်သောသူသည် မသိဘဲ၊ လုအသီးသီးတို့အား သူတို့အကျင့်နှင့်အလျောက်၊ အကျိုးအပြစ်ကို မဆပ်မပေးဘဲ နေတော်မူမည်လော့။ (သုတ္တံ ၁၄း၁၁ယ၁၂)။

အသစ်သောအလုပ်တစ်ခု၌ Drck F.....သူ့အနေဖြင့် တစ်ပတ်လုံး ခရီးထွက်ခဲ့သည်။ တစ်နေ့ကုန်တိုင်း သူ့ဆရာမှ ဖောက်သည်များရှိသည့် များစွာသောနေရာ၌ အလုပ်လုပ်သောအချိန်ကို မှတ်သားလေ့ရှိသည်။ အများဆုံးအလုပ်ချိန် (၇) နာရီခန့်သာ ကြာသော်လည်း သူက (၈) နာရီဟု ရေးသားကာ Drck အား (၈) နာရီ လုပ်ခိုင်းလေ့ရှိသည်။ သူ့အလုပ်သည် ထိုအရာပေါ်၌ မှီခိုသော်လည်း ယုံကြည်သူတစ်ယောက်အနေဖြင့် ဤသို့မလုပ်နိုင်ကြောင်း Drck မှ ငြင်းပယ်ခဲ့သည်။ သူ့ဆရာက ဒေါသကြီးစွာ တုန့်ပြန်ခဲ့သော်လည်း Drck သည် အလုပ်ကို ဆက်လုပ်ကာ နောက်ပိုင်းတွင် Ecuador ၌ သာသနာပြုဆရာဖြစ်လာသည်။

Harold G သည် အာလူးများကို ဈေးဆိုင်ကြီးသို့ သယ်ပို့ရန် အလုပ်လုပ်သည့်အခါ ချွန်ထက်သောခဲတံယူပြီး သူ့ပြိုင်ဘက်များ၏ အိတ်ကိုဖောက်ရန် ပြောခဲ့သည်။ အိတ်ဖောက်ခြင်းအားဖြင့် လေစိမ်းဝင်ပြီး အာလူးခြောက်များ ခွေကျသွားသည်။ Harold က ငြင်းပယ်ခဲ့သည်။ တစ်ချိန်၌ အလုပ်ရှင်များက ရိုးသားသူများကို မွေးထုတ်ရန် အကောင်းဆုံးဖြစ်ကြောင်း သဘောပေါက်လာသည်။

Bob B...သည် အမျိုးသား အဝတ်အထည်ဆိုင်၌ အလုပ်လုပ်သည်။ တစ်နေ့ မန်နေဂျာက အမျိုးသားအဝတ်အထည်ရောင်းရန် သွားမည်ဟု ပြောသည်။ သူက Bob အား £150 ဖြင့် ရောင်းသောအထည်များကို အိမ်ပေါ်သို့ သယ်သွားကာ £200 ဟု အသစ်ပြောင်းလဲပြီး £175 အဖြစ် လျော့ချကြောင်း ပြောင်းလဲခိုင်းသည်။ သူ့ငွေနှင့်စကားများပြီးနောက် Bob အလုပ်မှ အနားယူသည်။ ဘုရားသခင်က Bob ကို အမှုတော်ဆောင်အဖြစ် ချီးမြှောက်ခဲ့သည်။

ဘုရားသခင်၏ကတိတော်သည် သေချာပါသည်။ "ငါ့ကို ချီးမြှောက်သောသူတို့ကို ငါချီးမြှောက်မည်" (၁ ဓမ္မ ၂း၃၀)။ ရေတိုပြေးခြင်း၌ ပေးရသော အဖိုးအခရှိပေလိမ့်မည်။ သို့သော် ဘုရားသခင်သည် ဖြောင့်မတ်စွာလုပ်ဆောင်သောသူကို အမြဲတမ်းချီးမြှောက်သည်။



# အခန်း (၂၇)

## ကိုယ်ကျင့်တရားအကြပ်ရိုက်ခြင်း

အမှားအမှန်၊ အဆိုးအကောင်းကို ခွဲခြားသည့်ခရစ်ယာန်ကျင့်ဝတ်မပါဘဲ ခရစ်ယာန်များ၏ သန့်ရှင်းခြင်းအသက်တာဖြင့် ပတ်သက်သော မည်သည့်ကုသမှုမဆို ပြည့်စုံလိမ့်မည်မဟုတ်ပါ။ အဖွဲ့အစည်းတိုင်း၌ ရေတွက်၍မရသော စုံစမ်းခြင်းနှင့် သစ္စာဖောက်ရန်၊ လိမ်လည်ရန်၊ လာဘ်ပေးလာဘ်ယူလုပ်ရန် ဖိအားများစွာရှိသည်။ ထိုစုံစမ်းခြင်းသည် အထူးသဖြင့် ငွေကြေးပါလာသောအခါ ပြင်းထန်သည်။ ထို့ကြောင့် Voltaire က "ငွေကြေးကိစ္စပါလာလျှင် ဘာသာတရားအားလုံးအတူတူဖြစ်သည်" ဟု ပြောဆိုခဲ့သည်။ Voltaire မှားယွင်းကြောင်းသက်သေပြရန် ခရစ်ယာန်တိုင်း မိမိကိုယ်ကို ဆက်ကပ်ရမည်။

စီးပွားရေးသမားတစ်ယောက်က သူ၏အတွေးအခေါ်ကို ဤသို့ပြောပြသည်။ "စီးပွားရေးဆိုတာ ကောက်ထားတဲ့ပိတ်ကားလိုပဲ ကွေ့ကောက်တဲ့အခါမှ ရပ်တည်တယ်" အခြားပုဂ္ဂိုလ်များကလည်း ပွင့်လင်းစွာပြောကြသည်မှာ တောင်ပေါ်ဒေသနာအတိုင်း စီးပွားရေးကိုလုပ်ဆောင်လျှင် ခန်းခြောက်မည်ဟုဆိုရာ ဖြောင့်ဖြောင့်သွားလျှင် ဆုံးရှုံးမည်ဟု ဆိုလိုသည်။

ယခုခေတ်၌ ကျင့်ဝတ်စည်းမျဉ်းဖောက်ဖျက်သည့် အရာများကို လေ့လာကြပါစို့။ အခွန်ဆောင်ရာ၌ လိမ်လည်ခြင်း၊ အသုံးစရိတ်ကိုပြုပြင်ခြင်း၊ မရိုးသားသည့်ကြော်ငြာ၊ လာဘ်ပေးလာဘ်ယူရန်ဆုံးဖြတ်ခြင်း၊ ငွေရေးကြေးရေးအပြီးသတ်ရှင်းခြင်း၊ အလေးချိန်ရာ၌ လိမ်ခြင်း၊ အရည်အသွေးညံ့သည့် စက်ကိရိယာများထုတ်လုပ်ခြင်း၊ မလုံလောက်သည့် ငွေစာရင်းအတွက် ပြုပြင်ဖန်တီးခြင်း၊ ကြွေးရှင်မြီးရှင်မှလွှတ်ရန် ဒေဝါလီခံခြင်း စသည့်အရာများပင်ဖြစ်ကြသည်။ အခြားသောခရစ်ယာန်ကျင့်ဝတ်ဖြင့် ဆန့်ကျင်သည့်လုပ်ဆောင်မှုများမှာ သူတစ်ပါး၏ အကြံအ

ဉာဏ်ကို ခိုးယူခြင်း၊ ထောက်ပံ့သူကို ကူညီယောင်ဆောင်ခြင်း၊ အလုပ်ချိန်တိုင်း၌ မိနစ် ၆၀ နောက်ကျခြင်း၊ ကုမ္ပဏီအလုပ်ချိန်၌ ခရစ်တော်အတွက် သက်သေခံခြင်း၊ သခင်ဘုရား၏ အမှုတော်ဆောင်ရန် တွန့်တိုခြင်း၊ ယာဉ်စည်းကမ်းကို နာမခံခြင်း၊ စိတ်ချမှုကို ချိုးဖောက်ခြင်း၊ ချိန်းဆိုခြင်း၌ အချိန်မှီရောက်အောင် ကတိမတည်ခြင်းများ ဖြစ်ကြသည်။

ခရစ်ယာန်ရှေ့နေတစ်ယောက်အနေဖြင့် ရာဇဝတ်မှုကျူးလွန်သည်ဟု သူကိုယ်တိုင်သိရှိထားသူအား အပြစ်မရှိဟု ကူညီသင့်သလော။ ခရစ်ယာန် air-line အနေဖြင့် အရက်နှင့် ဧည့်ခံသင့်သလော။ အရောင်းအဝယ် ကိုယ်စားလှယ်အနေဖြင့် ထောက်ပံ့သူထံမှ လက်ဆောင်များလက်ခံရမည်လော။ သာသနာပြုဆရာတစ်ဦးအနေဖြင့် အထက်ဖား အောက်ဖိအရာရှိထံ လာဘ်ထိုးလျှင် နေ့ရက်များစွာနောက်ကျခြင်းမှ ကာကွယ်နိုင်သည်။ ထိုသို့လုပ်ရမည်လော။ ကျောင်းသားတစ်ယောက်သည် စာမေးပွဲမတိုင်မီ မေးခွန်းပေါက်သည်။ ထိုမေးခွန်းကို သင်ယူရမည်လော။ ကင်ဆာကို ဖြစ်စေနိုင်သော ကုန်ပစ္စည်းများရောင်းဝယ်ရာ၌ အပြစ်ရှိမည်လော။ ခရစ်ယာန်ကျောင်း၌ ငွေကြေးပြဿနာတက်နေစဉ် အရက်ချက်စက်ရုံမှ £100,000 ပေးသည်။ ကျောင်းကော်မတီများ ထိုလက်ဆောင်ကို လက်ခံသင့်သလော။ ခရစ်ယာန်ဆရာဝန်တစ်ယောက်အနေဖြင့် လူနာ၏တောင်းဆိုမှု အရမခိုင်လုံသည့် ထောက်ခံချက်လက်မှတ်ရေးထိုးသင့်သလော။ အဆောက်အဦးပစ္စည်းကို ထောက်ပံ့သူသည် ကိုယ်ပိုင်အခွန် စည်းကြပ်သူဖြစ်သည်။ ဆောက်လုပ်သူများသည် ထိုသူထံမှ ဝယ်ယူလျှင် အခွန်ဆောင်ရန် လျော့လိမ့်မည်။ အဘယ့်ကြောင့် သူ့ထံမှ ဝယ်ရမည်နည်း။

## ရိုးသားခြင်းနှင့် မရိုးသားခြင်း၌ မြင့်မားသောအဖိုးအခ

ဂရိတ်လူမျိုး စားသောက်ဆိုင်ပိုင်ရှင်တစ်ဦးရှိသည်။ ရဲအရာရှိ တစ်ဦးကို ထိုစားသောက်သို့သွားပြီး ပြုပြင်ရမည့်အရာများ စာရင်းပြုစုသည်။ ခွေးခြေ၊ ကောင်တာ၊ အသားခုတ်သည့် စင်းနီတုံး၊ သစ်သားအသစ် စသည်ဖြင့် စာရင်းပြုစုရာ တစ်ထောင်ကျန်ချေမည်။ နောက်ဆုံးတွင် ရဲအရာရှိက £25 တန်သည်ဟု ပြောခဲ့သည်။ (၂) ပတ်အတွင်း ပြီးအောင်လုပ်ပါ။ ဒါမှမဟုတ် တံခါးပိတ်ပါ။ ဆိုင်ပိတ်ပါ ဟု ပြောခဲ့သည်။

Tacoma Narrows တံတားပြီးစီးသောအခါ ကြော်ငြာလုပ်ငန်းကိုယ်စားလှယ်တစ်ဦးမှ စည်းမျဉ်းရေးသားရန် အခွင့်အရေးရခဲ့ပါသည်။ သူသည် ထိုတံတားအလွန်ပင်ခိုင်မာပြီး ချက်ချင်းမပျက်စီးနိုင်ကြောင်း အလွန်သေချာသည်ဟု ပြောခဲ့သည်။ တစ်နေ့တွင် အားကြီးသောလေတိုက်ခတ်လာသဖြင့် ထိုတံတားကြီးသည် ရေထဲ၌ ပြုတ်ကျသွားခဲ့သည်။

ခရစ်ယာန်များအနေဖြင့် ကြမ်းတမ်းခက်ထန်သော ဆုံးဖြတ်ချက်များစွာနှင့် ရင်ဆိုင်ရကြောင်း ငြင်းဆို၍မရပါ။ သို့သော် မှားယွင်းသောအရာကို ပြုလုပ်ရန်သာ၍ ခက်ထန်သည်။

ဤအရာ၌ မိမိတို့အသိတွင် မှန်ကန်သောအရာဖြစ်လျှင် ဘာမဆိုလုပ်ရဲသောသတိရှိသည့် လူပုဂ္ဂိုလ်တစ်ချို့၏ ဥပမာကို ဖော်ပြလိုသည်။

Adam Clark သည် အဝတ်အထည်ဆိုင်၌ အလုပ်လုပ်သည်။ သူ့ဌေးမှ ပိုးထည်များချိန်သည့်အခါ ဆွဲဆန့်ရန်ပြောခဲ့သည်။ Adam က ''ဆရာ၊ ဆရာ့ရဲ့ ပိုးထည်တွေ ဆွဲဆန့်ပေးမယ့် ကျွန်တော်လိပ်ပြာမသန့်ဘူး'' ဟု ပြန်ပြောခဲ့သည်။ နောက်ပိုင်းတွင် ဘုရားသခင်က သူ့ကိုကောင်းကြီးပေးပြီး သူ့နာမည်ဖြင့် ကျမ်းစာအနက်ဖွင့်စာအုပ်ထုတ်ဝေနိုင်သော အခွင့်ချပေးခဲ့သည်။

အခြားဆိုင်တစ်ခုတွင် ဈေးဝယ်သူက ဝန်ထမ်အား တောင်းဆိုခဲ့သည်။ ''ဆက်လုပ်ပါ။ မင်းရဲ့သူဌေးက မကြည့်ပါဘူး'' ဟု ဖောက်သည်က ပြောသောအခါ ထိုဝန်ထမ်းက ''ငါ့ သူဌေးက အမြဲတမ်းကြည့်နေတယ်'' ဟု ပြန်ပြောသည်။

**သူ့နှလုံးသားပေါ်၌ ရိုက်ခတ်ပါ။**

စင်ကြယ်ခြင်းအကြောင်းရင်းများအနက် ကြေကွဲခြင်းသည် အရေးကြီးဆုံးနှင့် အလှမ်းမိုးဆုံးသောအရာဖြစ်သည်။ ကြေကွဲသူဟုဆိုရာတွင် မိမိအလိုဆန္ဒကိုပယ်ကာ ဘုရားသခင်၏အလိုတော်ကို ဝန်ခံသောသူအား ဆိုလိုခြင်းဖြစ်သည်။ ကွဲပြားသောအခြေအနေနှင့် ဆိုးယုတ်သောလူများကြား၌ နူးညံ့သိမ်မွေ့ကာ ယဉ်ကျေးသောသူကို ဆိုလိုသည်။ ပါးတစ်ဖက်ကိုရိုက်လျှင် ကျန်တစ်ဖက်ကို ကမ်းပေးသောသူဖြစ်သည်။

**E. Stanley Jones ပြောဆိုသည်မှာ –**

> အခြားသောပါးပြင်ကို ကမ်းပေးခြင်းအားဖြင့် သင့်ရန်သူကို လက်မတုန့်ပြန်ခြင်းဖြစ်သည်။ သူသည် သင့်ပါးပြင်နှင့် သင့်ကို ရိုက်သည်။ သင်၏ ကိုယ်ကျင့်တရား၌ အခြားပါးပြင်ကို ပေးခြင်းအားဖြင့် သူ့နှလုံးသားကို ရိုက်ခြင်းဖြစ်သည်။ သူ့ရန်ငြိုးပျောက်ကွယ်သွားသည်။ သင့်ရန်သူပျောက်သွားသည်။ သင်သည် ရန်ငြိုးကို ပယ်ရှားခြင်းအားဖြင့် ရန်သူကို ပယ်ရှားသည်။ ဤလောကသည် ပြန်လည်တုန့်ပြန်ရန်တန်ခိုးရှိသူ၏ ခြေရင်း၌မရှိဘဲ ပြန်လည်မတုန့်ပြန်သောတန်ခိုးရှိသူ၏ခြေရင်း၌သာရှိသည်။ ဤတန်ခိုးသည် အစွမ်းဆုံး တန်ခိုးဖြစ်သည်။

ချိုးဖဲ့ခြင်းခံရန်အဆင်သင့်ရှိသော နှလုံးသားသည် လှပသောအကျင့်စာရိတ္တ၏ လက္ခဏာပင်ဖြစ်သည်။ ဤအရာသည် လက်တုံ့ပြန်ရန် စိတ်လိုက်မာန်ပါလုပ်ခြင်း၊ မိမိကိုယ်ကိုကာကွယ်ခြင်းနှင့် သူတစ်ပါးကို ရှုတ်ချခြင်းမှ တားဆီးသည်။ ဘုရားသခင်သည် ချိုးဖဲ့သောတန်ဆာပလာကို ရှာဖွေကြည့်ရှုသည်။



# အခန်း (၂၅)
# ကိုယ်တော် ကျွန်ုပ်ကို ချိုးဖဲ့ပါ

Ruanda ၌ မီးလျှံကျရောက်သောအချိန်ဖြစ်သည်။ နိုးထမှု၏ ထင်ရှားသော အမှတ်အသားတစ်ခုသည် ယုံကြည်သူများအပေါ်သို့ ကျရောက်သော ချိုးဖဲ့ခြင်းဝိညာဉ်ပင်ဖြစ်သည်။ The Rev. Kevin Baker သည် အင်္ဂလန်နိုင်ငံ၊ မိမိ၏ အသင်းတော်မှ အမှုတော်ဆောင်များအား သွန်သင်ရန် စေလွှတ်ခြင်းခံသောသူဖြစ်သည်။

သူသည် ကျမ်းစာကျောင်း၌ စာသင်ပေးသကဲ့သို့ သူ့ခံယူချက်များသည် သိသိသာသာ Liberal ဖြစ်လာသည်။ သူသည် ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် ပတ်သက်ပြီး ငြင်းပယ်ခြင်း၊ သံသယရှိခြင်းများ စတင်ပျိုးထောင်လာသည်။ Abalokele ဟုခေါ်သော ဒုတိယအကြိမ်မွေးခြင်းခံသောသူဟု သိရသောအဖွဲ့ငယ်တစ်ခုစာသင်ခန်းထဲ၌ ရှိကြသည်။ ဤလူများသည် နံနက် ၄း၀၀ နာရီတွင် ဆုတောင်းရန် စုဝေးကြပါသည်။ ဤလူများသည် သူ့အတွက်ဆုတောင်းကြသည်ဟု Kevin သိသောအခါ သူစော်ကားခဲ့သေးသည်။ သူသည် အသင်းတော်၏ ဘုန်းကြီးဖြစ်ပြီး သူတို့ လစ်လျူရှုခဲ့သော နယ်ခံများဖြစ်သည်။

တစ်နေ့၌ Kevin က ဦးဆောင်သူကိုခေါ်ပြီး ပြောဆိုရန် ဆုံးဖြတ်ခဲ့ပါသည်။ နယ်ခံသည် ဆုံးမခြင်းနှင့် စော်ကားခြင်းခံသကဲ့သို့ ငြိမ်သက်စွာနေသည်။ နောက်ဆုံးသူပြောသောအရာမှာ "ဆရာ အမှန်တကယ်အကူအညီ လိုအပ်နေပြီ" ရှိသေလေးစားမှုကို ခံသောကတိသည် အရင်ထက်သာ၍ ဒေါသထွက်သည်။

သို့သော် ကယ်တင်ခြင်းရသောသူ ဆက်လက်ဆုတောင်းသောအခါ ဘုရားသခင်သည် Rev. Mr. Baker အသက်တာ၌ စတင်အလုပ်လုပ်လာသည်။ သူသည် အခြေခံယုံကြည်ခြင်းမှ မည်မျှဝေးကွာသွားကြောင်း မိမိကိုယ်ကို သတိပြုမိ

သော်လည်း သမ္မာကျမ်းစာဖြင့် လုံးဝဆန့်ကျင်ကြောင်း သိရှိလာပြီး Bishop ထံ သွားကာ အပြစ်ဝန်ချတောင်းပန်ရန် ဆုံးဖြတ်လာသည်။

Bishop သည် Kevin ၏ ခံယူချက်ကြောင့် အလွန်ပင် စိတ်ထိခိုက်ခဲ့သည်။ သူသည် မိမိလက်ကို မျက်နှာပေါ်သို့တင်ပြီး ပြောဆိုသည်မှာ –

> "အို . . . Kevin အခုတော့ မင်းဘယ်တော့မှ Bishop ဖြစ်လာနိုင်မှာမဟုတ်တော့ဘူး" Kevin ကလည်း "ဘုရားသခင် ဘုန်းကြီးပါစေ" ဟု ပြန်ပြောသည်။

**ချိုးဖဲ့ရန်ဖိအား**

သန့်ရှင်းသောဝိညာဉ်တော်သည် Kevin အသက်တာ၌ ဆက်လက်လှုပ်ရှားသကဲ့သို့ သူသည် ဒုတိယမွေးခြင်းခံသော ခေါင်းဆောင်ထံသွားပြီး တောင်းပန်ရန် ဖိအားပေးခြင်း ခံရပါသည်။ အသင်းတော်၏ ဘုန်းတော်ကြီးတစ်ပါးအနေဖြင့် လူမည်းကျောင်းသားတစ်ဦးထံ သွားရောက်တောင်းပန်ရန် ဆုံးဖြတ်ခြင်းသည် အလွန်ပင် နိမ့်ချခြင်းဖြစ်သည်။ ဤသို့သွားရောက်ရန် အတွေးကို ဆန့်ကျင်ရုန်းကန်သေးသည်။ သို့သော် ဖိအားတိုးလာသည်။ သူသည် မိမိကိုယ်ကို အကြိမ်ကြိမ်စမ်းစစ်သည်။ သွားရန်ဆုံးဖြတ်ချက်ချသည့်အထိ သူ၌ ငြိမ်သက်ခြင်းမရှိပါ။ ချိုးဖဲ့ပြီး သူသည် မိမိကားပေါ်သို့တက်ကာ စတင်ထွက်ခွာသည်။ သူ၏ တောင်းပန်ရန် စကားကိုလည်း အစမ်းလေ့ကျင့်နေမိသေးသည်။

သူသည် တံခါးဝသို့ရောက်ရောက်ချင်း ဒုတိယမွေးခြင်းခံသောသူများ၏ ခေါင်းဆောင်က "ဟာလေလုယာ" ဟု နှုတ်ဆက်သည်။ သူသည် မိမိဆုတောင်းချက်ကို ဘုရားသခင်က အဖြေပေးကြောင်း သိရှိခဲ့သည်။ ဤအချိန်သည် Kevin အနေဖြင့် လူမဲများကို ပထမဆုံးပွေ့ဖက်သောအချိန်ဖြစ်သည်။ ပထမဆုံးအကြိမ်ဆန္ဒရှိသောအချိန်ဖြစ်သည်။



ယခုတွင် ထိုခေါင်းဆောင်က Kevin အား နံနက် ၄း၀၀ နာရီ အချိန်ဆုတောင်းခြင်း၌ ပါဝင်ရန် ဖိတ်ခေါ်သည်။ ဤအရာသည် မိမိ၏ ဘုန်းတော်ကြီးဖြစ်ခြင်းအသိုင်းအဝိုင်း၏ပြင်ပ၌ တစ်စုံတစ်ခုဖြစ်ပျက်သောအချိန်ဖြစ်သည်။ သူသည် အကြောင်းပြချက်များကို ဖြေဖျက်ခဲ့သည်။ သူတို့ သည်းခံစွာဖြင့် နားထောင်ပြီး "တစ်ပါတ်လောက်ကြိုးစားကြည့်မလား" ဟု မေးကြသည်။ ငြင်းပယ်ရန် လုံးဝမတတ်နိုင်တော့သည့်အဆုံး သူသဘောတူခဲ့သည်။ သူသည် ဘယ်တော့မှ မခံစားဖူးသည့် ဝိညာဉ်ရေးရာ အတွေ့အကြုံသစ် ခံစားရသည်။

စီမံခန့်ခွဲရေးအဖွဲ့သည် သူတို့၏ဆရာတစ်ယောက် နံနက် ၄း၀၀ နာရီ ဆုတောင်းခြင်းသွားသည့်အကြောင်း သိရှိသောအခါ ကျမ်းစာကျောင်းကို ဆူပူသောင်းကြမ်းစေသောအရာဖြစ်သည်ဟု ခံယူကြသည်။ သူတို့၏ ဖြေရှင်းချက်သည် Rev. Mr. Baker ကို အခြားကျောင်းသို့ ပြောင်းရွှေ့ခိုင်းပြီး နံနက် ၇း၀၀ နာရီ မတိုင်မီ ထိုကျောင်းဝင်းထဲ၌ တွေ့ဆုံခြင်းမရှိအောင် တားမြစ်ခြင်းဖြစ်သည်။

ကယ်တင်ခြင်းရသောသူသည် သခင်ရှေ့၌ ထိုအမှုကို တိုင်းတာပြီး လူသားများထက် ဘုရားသခင်ကို သာ၍နာခံရန် ဆုံးဖြတ်သည်။ အဘယ့်ကြောင့်ဆိုသော် သူတို့သည် ဆက်လက်ဆုတောင်းသောကြောင့် ဘွဲ့နှင်းသဘင်မတိုင်မီ ကျောင်းမှထုတ်ခြင်းခံရသည်။ သို့သော် သူတို့သည် ကြေကွဲပြီး မခါးသီးပါ။ သူတို့သည် ပြန်လှန်တုန့်ပြန်ခြင်းမရှိဘဲ စိတ်ရှည်စွာသည်းခံသည်။ သို့သော် Brother Kevin သည် Bishop ထံ ခါးသီးမှုကို ခံစားနေဆဲဖြစ်ကြောင်း သူတို့သိရှိသည်။ ထို့ကြောင့် သူတို့သည် သူ့ထံသွားပြီး Bishop ထံ သွား၍ ဝန်ခံရန် အကြံပေးသည်။ ဒီတစ်ကြိမ် Kevin ရုန်းကန်ခြင်းမရှိတော့ပါ။ သူ လျှင်မြန်စွာသွားပြီး မှတ်သားသောနာကြည်းမှုများကိုပယ်ကာ သူ့အသက်တာတွင် နိုးထမှုဆက်လက်ဖြစ်ပွားသည်။

သောအစည်းအဝေးတစ်ခု၌ စကားပြောရန် ဖိတ်ခေါ်ခြင်းခံခဲ့သည်။

သို့သော် တစ်စုံတစ်ယောက်ကမေးပြီး ''ကျွန်ုပ်ချိုးဖဲ့ခြင်းမခံလျှင်၊ ကျွန်ုပ်ဘာလုပ်ရမည်နည်း။'' ကျွန်ုပ်အဆင့် ၄ ဆင့်ကို အကြံပြုလိမ့်မည်။

**ပေါက်ကွဲရန်အဆင့်များ**

ပထမဆုတောင်းပါ။ ''ကိုယ်တော်၊ ကျွန်ုပ်ကိုချိုးဖဲ့ပါ။'' သင်သည် အခြားသောခရစ်ယာန်များကဲ့သို့ အပြောင်းအလဲလိုအပ်ကြောင်း သိရှိပါ။ ထို့နောက် သင့်အသက်တာ၌ ထိုပြောင်းလဲခြင်းဖြစ်ပျက်ရန် ဆုတောင်းပါ။ သို့သော် အဖိုးအခကို မမေ့ပါနဲ့။

ဒုတိယ သင်၏အတိတ်၌ ပြုပြင်ရန်လိုအပ်သောအမှားများကို ပြန်လည်စဉ်းစားပါ။ တောင်းပန်ရန်လိုအပ်သည့်ကြမ်းတမ်းသောစကားလုံးများ၊ ဝိညာဉ်ထဲ၌ လုပ်ဆောင်မည့်အစား ဇာတိထဲ၌ လုပ်ဆောင်မိသည့်အရာများကို ပြန်လည်စဉ်းစားပါ။

ထို့နောက် ဘုရားသခင်ထံ ဝန်ခံပြီး သင်အမှားပြုမိသောသူထံ မိမိမှားယွင်းကြောင်း ဝန်ခံပါ။ တနည်းအားဖြင့် လူများထံ ဝန်ခံခြင်းထက် ဘုရားသခင်ထံ ဝန်ခံခြင်းသာ၍ လွယ်ကူသည်။ သို့သော် မပျော့ဆပါနဲ့။ သင်ပြုလုပ်ရန် လိုအပ်သောအရာအားလုံးကို ဆောင်ရွက်ပါ။ ထိုမှသာလျှင် နာကြဉ်းမှုမရှိသော ဝိညာဉ်တော်ဖြင့် လျှောက်လှမ်းနိုင်မည်။

နောက်ဆုံး သင်၏အတွေ့အကြုံများကို သူတစ်ပါးဖြင့် ဝေငှရန် လွတ်လပ်စွာ ခံစားပါ။ ဤအရာသည် သင်၏အတ္တစိတ်ဖြင့် လုပ်ဆောင်ရန်မဟုတ်ပါ။ သို့သော် ကြေကွဲခြင်းမှလာသည့် ကောင်းကြီးမင်္ဂလာများ၊ အတွေ့အကြုံများအားဖြင့် သူတစ်ပါးကို နှစ်သိမ့်အားပေးရန်ဖြစ်သည်။

ဘုရားသခင်သည် ပေါက်ကွဲသောအရာများနှင့် ကြေကွဲသောလူများကို



ဘုရားသခင်၏ မီးအိမ်အတွက် ကိုင်းခွက်ကြီး
နားစွင့်စမ်း၊ အော်သံများကြားနေရ
လှပသောအမှတ်အသားတော့မဟုတ်၊
သို့သော် ချိုးဖဲ့ခြင်းခံရန် အဆင်သင့်ဖြစ်ခြင်း
အရှင်သခင်၏ တန်ဆာပလာအမှတ်အသားများ။

တစ်နေ့ Dr. Alexander Whyte သည် ရုံးခန်းထဲ၌ထိုင်နေစဉ် သူ၏အသင်းသားတစ်ယောက်က သူနောက်ဆုံးရရှိသောသတင်းနှင့် လာရောက်ခဲ့သည်။ အလည်အပတ်လာသည့် တရားဟောဆရာက Dr Whyte ၏ လုပ်ဖော်ဆောင်ဖက်တစ်ဦးသည် ယုံကြည်သူမဟုတ်ကြောင်း လူထုရှေ့၌ ပြောကြားသည်။

Dr. Whyte က အလွန်ခံပြင်းဒေါသထွက်သည်။ ဤကဲ့သို့ပြောဆိုခြင်းသည် ဘုရားသခင်၏ သစ္စာရှိသောငယ်သားကို စော်ကားရာရောက်သည်ဟု သူဒေါသထွက်ခဲ့သည်။ ဤကဲ့သို့အပြစ်ရှိသောသူကို ဆန့်ကျင်ရန် ဒေါသကိုဖော်ပြသည့် စကားလုံးများကို ရွေးချယ်ပြောဆိုခဲ့သည်။

''ဒါတင်မကသေးဘူး'' ဟု ခရစ်ယာန်ဘုန်းကြီးမာခံကပြောပြီး ''ကျေးဇူးပြုပြီး ရုံးခန်းထဲက ထွက်ခွာပေးပါ။ အဲဒါမှ ငါတစ်ယောက်တည်းနေပြီး ဘုရားသခင်ရှေ့မှာ ကိုယ့်ကိုကိုယ်နှလုံးသားဆင်ခြင်လို့ရမှာ'' ဟု ပြောဆိုခဲ့သည်။

ချိုးဖဲ့ကြေမွခြင်းသည် ကျွန်ုပ်တို့တစ်ချို့အတွက် လွယ်ကူစွာ သင်ယူ၍မရသော သင်ခန်းစာဖြစ်သည်။ တစ်ခုသောညနေခင်းတွင် ကျွန်ုပ်သည် မိမိထက်အသက်ကြီးသော အမှုတော်ဆောင်နှစ်ဦးနှင့်အတူ အိမ်လှည့်သွားရာ မည်ကဲ့သို့စတင်စကားပြောကြသည်ကို မမှတ်မိတော့ပါ။ သို့သော် သူတို့သည် ကျွန်ုပ်ကျောင်းအုပ်လုပ်သောကျမ်းစာကျောင်းကို ဝေဖန်ရှုတ်ချကြသည်။ ကျွန်ုပ်သည် ရုတ်တရက်အလွန်ဒေါသထွက်ပြီး ခံပြင်းလှပါသည်။ မိခင်တစ်ဦးအနေဖြင့် သူမ၏ကလေးကို ''ရုပ်ဆိုးတဲ့ကလေး'' ဟု ပြောသံကြားသောအခါ ခံစားရသကဲ့သို့

ဖြစ်သည်။ ကျွန်ုပ်ခံစားချက်များ မီးတောင်ကဲ့သို့ ပေါက်ကွဲမတတ်ဖြစ်သွားသည်။ ၎င်းနောက် သူတို့နှစ်ဦးကို ကျွန်ုပ်ထားခဲ့သည်။ အိမ်ပြန်လမ်း၌ ကျွန်ုပ်သည် ဤကဲ့သို့ ဖြောင့်မတ်စွာ ကာကွယ်ခဲ့သောကြောင့် မိမိကိုယ်ကို ဂုဏ်ပြုမိသေးသည်။

လအနည်းငယ်ကြာပြီးနောက်၊ အစည်းအဝေးတက်ရောက်ရန် Lowa သို့ ခရီးနှင်ခဲ့သည်။ ဘုရားသခင်၏ ဝိညာဉ်သည် ကျွန်ုပ်အပေါ်ဆင်းတက်ပြီး နှိုးဆော်မှုပေးနေသည်။ ဘုရားသခင်မှ “Mac Donald အခြားလူတွေကို ခရစ်ယာန်အသက်တာမှာ ဘယ်လိုလျှောက်လှမ်းရမလဲလို့ ပြောကြားဖို့ မင်းဒီမှာရှိနေပြီ။ ဒါပေမယ့် မင်းအနေနှင့် ၎င်းအစေခံကျွန်နှစ်ဦးရှေ့မှာ ပြောခဲ့တဲ့စကားတွေကို သတိရပါ။ မင်းအဲဒါတွေကို အမှန်အတိုင်း ဘယ်တော့မှ မလုပ်ဘူး” ဟု ပြောဆိုသကဲ့သို့ ခံစားရသည်။ ထိုအပတ် ကျွန်ုပ်တရားမဟောမီ ထိုပုဂ္ဂိုလ်နှစ်ဦးထံ တောင်းပန်သော စာရေးရန်ဖြစ်လာသည်။

## ပေါက်ကွဲခြင်းသည် ဆက်ဆံရေးကို ခိုင်မြဲစေသည်။

ဤအရာသည် မိတ်ဖွဲ့ခြင်း၏ အဆုံးလော မဟုတ်ပါ။ နဂိုအချိန်များထက် သာ၍ နက်နဲသောပေါင်းဖော်ခြင်း၏ အစပြုခြင်းသာဖြစ်သည်။ သူတို့သည် ကျွန်ုပ်အား ကျေးဇူးပြုသောစာကိုရေးပြီး ခွင့်လွှတ်သည့်အကြောင်း ကျွန်ုပ်ကို လုံးဝစိတ်ဝင်စားပြီး ဆုတောင်းပေးသည့်အကြောင်းများ ရေးသားခဲ့ပါသည်။ ဘုရားသခင်၏ နည်းလမ်းသည် အကောင်းဆုံးနည်းလမ်းဖြစ်သည်။ မာန်မာနက ဆက်ဆံရေး ဖျက်ဆီးသည့်အချိန်၌ ပေါက်ကွဲခြင်းက ခိုင်မြဲစေကြောင်း ဘုရားသခင်သိရှိသည်။

ဟုတ်ပြီ . . . ကျွန်ုပ် သင်ခန်းစာရယူသည်ဟု သင်ထင်မှတ်ပေလိမ့်မည်။ သို့သော် ထိုသို့မဟုတ်၊ တစ်ခုသောနံနက်ခင်းတွင် ကျွန်ုပ်ဈာပန အစီအစဉ်တစ်ခု၌ ပြင်ဆင်သောအချိန်၌ ဖုန်းသံမြည်လာသည်။ အင်္ဂလန်နိုင်ငံမှ လာရောက်လည်ပတ်သောတရားဟောဆရာထံမှ ဖုန်းဖြစ်သည်။ ကျမ်းစာဖြင့် ကိုက်ညီမှုမရှိဟု ကျွန်ုပ်ယူဆသောအရာ သခင်ယေရှုပြန်ကြွလာမည့်အချိန်ကို သူသိရှိသည်ဟု



ပြောသည်။ အမှန်စင်စစ် ပရောဖက်ပြုခြင်းနှင့် ပတ်သက်သည့်ခံစားချက်လာပြီး ကျွန်ုပ်သည် မိမိ၏ ခံစားချက်ကို ဒေါနှင့်မောနှင့် ရင်ဖွင့်ခဲ့သည်။ တယ်လီဖုန်းကြိုးများပူနေသည်ကို ကျွန်ုပ်သေချာသိသည်။ မတော်တဆဖြင့် ဤအရာသည် ဈာပနအတွက် ညံ့ဖျင်းသောပြင်ဆင်ခြင်းဖြစ်ပေသည်။ ကျွန်ုပ်တို့သည် ဆင်ခြင်စဉ်းစားဖွယ်သော အခြေအနေနှင့် အဆုံးသတ်ကာ သူ့ကိုယ်ပိုင်အခြေအနေထက် အချင်းချင်းသာ၍ သဘောပေါက်နားလည်ကြသည်။

နှစ်အနည်းငယ်ကြာပြီး ကျွန်ုပ်လန်ဒန်ရောက်ခဲ့သည်။ တဖန် ကျွန်ုပ်မလိုချင်ဆုံးသောအရာ ဘုရားသခင်ထံမှ ရရှိခဲ့သည်။ ဤတရားဟောဆရာနေထိုင်သည့်လမ်းနားသို့ ကျွန်ုပ်လမ်းလျှောက်ခဲ့သည်။ တယ်လီဖုန်းဆိုင်ကို ကျွန်ုပ်မြင်နေရပါသည်။ “Bill မင်းရဲ့ရှေ့မှာဖုန်း၊ မင်းသူ့ကို ဖုန်းခေါ်ပြီး ပြောမှားတဲ့ အရာမတောင်းပန်သင့်ဘူးလား။”

“ဒါပေမယ့် ကိုယ်တော်၊ မိမိကိုယ်ကို မှန်တယ်လို့ ကျွန်တော်ခံစားနေဆဲပါ။ ကိုယ်တော်ပြန်လာမယ့်အကြောင်းနှင့် ပတ်သက်တဲ့ သမ္မာတရားကို ကျွန်တော်ကာကွယ်နေတာမဟုတ်ဘူးလား။”

“အဲဒါ အဓိကမဟုတ်ဘူး။ အဲဒါသမ္မာတရားနှင့် မသက်ဆိုင်ဘူး။ စိတ်သဘောထားနှင့်သက်ဆိုင်တယ်။”

ကျွန်ုပ် ဖုန်းဆိုင်ထဲဝင်ပြီး နံပါတ်များနှိပ်နေသည် (သူမရှိဘူးဟု ထင်မြင်ခဲ့သည်။) သို့သော် သူရှိနေသည်။ ဖုန်းကိုင်သောသူသည် ထိုဆရာပင် ဖြစ်သည်။ ကျွန်ုပ် ဖုန်းခေါ်ရခြင်းအကြောင်းရင်းကို ရှင်းပြခဲ့သည်။ ဤအရာသည် ကျွန်ုပ်မာနကို လျှော့ချခြင်းဖြစ်သည်။ ဤသို့ မာနကိုချိုးနှိပ်ခြင်း ကျွန်ုပ်ဘဝ၌ မရှိခဲ့ဘူးပါ။ သူသည် ကျွန်ုပ်၏ တောင်းပန်ခြင်းကိုလက်ခံပြီး နီးစပ်သောစားသောက်ဆိုင်၌ သူနှင့်အတူ နေ့လယ်စာစားရန် သူစီရင်ခဲ့သည်။ နောက်ပိုင်းတွင် သူတက်ရောက်

ရည်၊ အဆိပ်ရည် စသည့်အရာများကို အသုံးပြုခြင်းကို ရည်ညွှန်းသည်။ မှူးယစ်ဆေးများသည် နတ်ဝိဇ္ဇာအတတ်နှင့် ပတ်သက်သော လောကီအုပ်စိုးမှုအောက်၌ ရှိကြောင်းကို သတိပေးခြင်းဖြစ်ပါသည်။ မူးယစ်ဆေးကို ဆရာဝန်များက ညွှန်ပြသည့်အခါ ဆေးဖြစ်ဝါးဖြစ် တရားဝင်အသုံးပြုသောအချိန် ရှိပါသည်။ သို့သော် သမ္မာကျမ်းစာမှ မူးယစ်ဆေးဝါးအသုံးပြုခြင်းကို ပယောဂဆရာများ၊ စုန်းအတတ်ပညာရှင်များနှင့် ဝိညာဉ်ဆိုးနယ်ပယ်၌ ကျင်လည်သောအခြားပုဂ္ဂိုလ်များကသာ အသုံးပြုသည်ဟု ဖော်ပြထားပါသည်။

## သုံးစွဲသူများသည် ရှုံးနိမ့်သောသူများဖြစ်သည်

စိတ်လေလွင့်ပြီး မူးယစ်ဆေးဝါးသုံးစွဲသောသူများသည် မိမိတို့၏ ဘဝအသက်တာ၌ နတ်ဆိုးများကို ဝင်ရောက်ရန် အခွင့်ပေးခြင်းသာဖြစ်သည်။ နတ်ဆိုးစွဲခြင်းမရှိဘဲ အလိုလိုနေရင်း မူးယစ်ဆေးဝါး စွဲလန်းသုံးစွဲသူမဖြစ်နိုင်ပါ။

နတ်ဆိုး၏ပန်းတိုင်သည် အမြဲတမ်းဖျက်ဆီးရန်ဖြစ်သည် (မာကု ၉း၂၂၊ ယော ၁၀း၁၀)။ ဤစည်းမျဉ်း၌ ချွင်းချက်မရှိပါ။ သူသည် မူးယစ်ဆေးဝါးသုံးစွဲသူ (သို့) အခြားယဇ်ကောင်ကို ဖျက်စီးရန် အမြဲတမ်းကြိုးစားသည်။ ဤအရာသည် ယနေ့ ကျွန်ုပ်တို့ကြားနေရသော ရာဇဝတ်မှုများ၊ အဓိပ္ပါယ်ကင်းမဲ့သော လုပ်ဆောင်မှုများကို ဖြစ်ပေါ်စေသည်။ မူးယစ်၊ နတ်ဆိုးနှင့် ပျက်စီးခြင်းများ၏ ဆက်နွယ်ပုံသိရှိထားရန် အရေးကြီးပြီး ထိုအရာ၌ ပါဝင်ခြင်းမှ ရှောင်ကြဉ်နိုင်ရန် အလွန်အရေးကြီးသည်။

အဆိပ်သင့်သော ဓာတုဗေဒပစ္စည်းများကို ယုံကြည်သူများ ရှောင်ကြဉ်သင့်သည်။ အခြားသောအကြောင်းရင်းများ ရှိပါသည်။ ဤအရာများသည် စွဲလန်းစေတတ်သောအရာများဖြစ်ပြီး ခရစ်ယာန်များသည် မည်သည့်အကျင့်ကမှ မလွှမ်းမိုးသင့်ပါ (ရောမ ၆း၁၆–၂၃)။ ဤအရာများသည် ကုန်ကျစရိတ်များသည်။ ထိုအကျင့်တွင် တည်မြဲရန် သူတစ်ပါးဥစ္စာခိုးရန်နှင့် အကြမ်းဖက်ခြင်းများက မောင်း



မြတ်နိုးသည်။ Vance Havner က "သီးနှံများထွက်တိုးရန်ပေါက်ကွဲသောမြေဆီလွှာ လိုအပ်သည်။ မိုးရွာရန် တိမ်တိုက်များပေါက်ကွဲရသည်။ ပေါက်ကွဲသော အသီးအနှံများက ခွန်အားဖြစ်စေသည်။ ဘုရားသခင်နှင့် လူသားများထံမှ တန်ခိုးရရှိသော ယာကုပ် Jabbok ၌ ခြေထောက်ချိုးနှိမ်ခြင်းခံရသည်။ သာ၍ကြီးမားသော တန်ခိုးကို ရရှိသော ပေတရုသည် ခါးသီးစွာ ငိုကြွေးခဲ့ဖူးသည်" ဟု ရေးသားခဲ့ပါသည်။

……෴෴……෴෴……෴෴……

# အခန်း (၂၆)

## ပြင်းထန်သော ဆဲရေးတိုင်းထွာ No ဟုသာ ပြောပါ။

Steve သည် ပျော်ရွှင်သောအိမ်ထောင်သည် စီးပွားရေးသမားသည် သူ့မိတ်ဆွေ၏ ပါတီပွဲမှ ကိုကင်း (Cocaine) ကို ပထမဆုံး သုံးစွဲခဲ့သည်။ မကြာမီ သူသည် မူးယစ်ဆေးဝါးထဲ၌ နစ်မြုပ်ပြီး ထိုဆေး၏ ပျော်ရွှင်မှုနှင့် တန်ခိုး၏ ကျေးကျွန် ဖြစ်သွားသည်။ သူ၏ ငွေ £ 60 သည် သူ၏ အကျင့်ဆိုးက နေ့တိုင်းဝါးမျိုသွားခဲ့ သည်။ အခြားမြောက်များစွာသော သူများကဲ့သို့ သူ့ဘဝသည် ပဋိပက္ခ၊ ကြွေးမ ဆပ်နိုင်ခြင်းနှင့် ကွာရှင်းခြင်း၌ အဆုံးသတ်ခဲ့သည်။ ဤဘဝထဲသို့ တွဲခေါ်သော သူ့မိတ်ဆွေပင် အပြစ်တင်နေမိသည်။

မူးယစ်ဆေးဝါးထဲ၌ ပျော်ရွှင်ခြင်းရှိကြောင်း မည်သူကမျှ မငြင်းပယ်ပါ။ သမ္မာကျမ်းစာကလည်း လောကီအရာများက ပျော်ရွှင်မှုပေးကြောင်း ဖော်ပြထား ပါသည်။ သို့သော် "အပြစ်ထဲ၌ သွေးဆောင်သောပျော်ရွှင်မှု" ဟု ဖော်ပြထား ပါသည် (ဟေဗြဲ ၁၁း၂၅)။ ပျော်ရွှင်မှုဖြစ်သော်လည်း ကြာရှည်မခံပါ။ ဤအရာ၌ ကျင်လည်သောလူများပေးရမည့် အဖိုးအခသည် အလွန်ကြီးသည်။

ယုံကြည်သူများအနေဖြင့် မူးယစ်ဆေးဝါးနှင့် ပတ်သက်သော အိပ်ဆေး၊ ဘိန်းဖြူ၊ ဆေးခြောက်၊ ကိုကင်း၊ ဘိန်း၊ PCP, LSD၊ ထုံဆေး စသည့်အရာများနှင့် ပတ်သက်၍ မည်သို့သဘောထားရမည်နည်း။ သမ္မာကျမ်းစာက ထိုအရာများနှင့် ပတ်သက်ပြီး မည်သို့သွန်သင်ထားပါသနည်း။

ပေါလုမှ ဇာတိပကတိနှင့် ပတ်သက်ပြီး ဖော်ပြသောအခါ (ဂလာတိ ၅း၁၉–၂၁) ယစ်မျိုးကို သောက်ကြူးခြင်းပါရှိသည်။ သမ္မာသစ်ကျမ်းစာ၏ မူရင်း ဘာသာစကား၌ Pharmakera ဆိုသည့် စကားလုံးပါရှိရာ မူးယစ်ဆေးဝါး၊ ဆေး

ဤအရာသည် အစိုးရမင်းများအတွက် အခွန်ရရှိစေသည့် တစ်ခုတည်းသောရောဂါဖြစ်သည်။

ဤအရာသည် ရာဇဝတ်မှုကို ကျူးလွန်စေသောတစ်ခုတည်းသောရောဂါဖြစ်သည်။

ဤအရာသည် စွဲလန်းသည့်အကျင့်ကို ဖြစ်စေသည့်တစ်ခုတည်းသော ရောဂါဖြစ်သည်။

ဤအရာသည် ကြေငြာခြင်းအားဖြင့် ပျံ့နှံ့သောတစ်ခုတည်းသောရောဂါဖြစ်သည်။

ဤအရာသည် လူသားများ၏ ဆေးပညာမှဖြစ်ပေါ်လာခြင်းမရှိသော ရောဂါပိုးမပါသည့် တစ်ခုတည်းသောရောဂါဖြစ်သည်။

ကောင်းကင်ဘုံသို့ ဝင်စားရန် လူနာကိုတားဆီးသည့် တစ်ခုတည်းသော ရောဂါဖြစ်သည်။

ဤအရာသည် ခရစ္စမတ်လက်ဆောင်အဖြစ် ရရှိသောတစ်ခုတည်းသော လက်ဆောင်ဖြစ်သည်။

အရက်သောက်ခြင်းသည် စွဲလန်းတတ်သောအကျင့်ဖြစ်ပြီး ယုံကြည်သူတစ်ယောက်သည် မည်သူမျှ၊ မည်သည့်အရာမျှ၏ ကျေးကျွန်မဖြစ်ဘဲ ခရစ်တော်၏ ကျွန်သာဖြစ်ရမည် (၁ ကော ၉း၂၆-၂၇)။

ဤအရာသည် ငွေကုန်ကြေးကျများသောအကျင့်ဖြစ်ပြီး ကိုယ်ရေးကိုယ်တာအတွက် (သို့) မိသားစုအတွက် အသုံးပြုရမည့်ငွေကြေးကို အချည်းနှီးဖြစ်စေသည်။ ဝိုင်ကိုချစ်သောသူသည် မချမ်းသာရဟု ရှောလမုန်က ပြောကြားခဲ့သည် (သုတ္တံ ၂၁း၁၇)။ ပရောဖက်ယောလက "လူကလေးကို ပြည့်တန်ဆာနှင့်လည်းကောင်း၊ မိန်းမကလေးကို မိမိသောက်စရာ စပျစ်ရည်နှင့်လည်းကောင်း ဖလှယ်ကြပြီးတကား" (၃း၃) ဟု ရေးသားထားပါသည်။



နှင်ပြီး အမျိုးသမီးများသည် တစ်ခါတစ်ရံ၌ ပြည့်တန်ဆာလုပ်ရန် မောင်းနှင်ခြင်းခံကြသည်။ အပ်များမှ ကူးဆက်ခြင်းများသည် ခန္ဓာကိုယ်၏ အနည်းငယ်သော ရလဒ်သာဖြစ်သည်။ စိတ်အာရုံပျက်စီးခြင်းသည် ငြင်းပယ်တားဆီး၍မရသော အရာဖြစ်သည်။ စွဲလန်းအကျင့်ပါသောအရာများသည် ထိုင်းမှိုင်းမှု၊ ကံဆိုးမိုးမှောင်ကျခြင်း၊ ဘဝကို အဆုံးစီရင်ခြင်းများကို ဖြစ်စေသည်။ ထို့ပြင် မူးယစ်ဆေးသုံးစွဲခြင်းသည် ဥပဒေနှင့် မကိုက်ညီပါ။ ကြမ်းတမ်းသောသူများသည် ဖမ်းချုပ်ခြင်း၊ နှိပ်စက်ခြင်း၊ ဥပဒေနှင့် ပတ်သက်၍ အကုန်အကျများခြင်းနှင့် ထောင်ချခံခြင်းစသည့်အရာများကို ကြိုဆိုဖိတ်ခေါ်သူများပင် ဖြစ်သည်။ ဆေးကို အလွန်အကျွံသုံးစွဲခြင်းနှင့် သေခြင်းတရား၏ ဆွဲခေါ်ခြင်းအန္တရာယ်အမြဲတမ်းရှိသည်။

ခရစ်ယာန်များသည် ဤကဲ့သို့သော အန္တရာယ်ရှိသည့် ဓာတုဗေဒပစ္စည်းများကို မသုံးစွဲသင့်ပါ။ အဘယ့်ကြောင့်ဆိုသော် သူတို့၏ ကိုယ်ခန္ဓာသည် သန့်ရှင်းသောဝိညာဉ်တော်၏ ဗိမာန်တော်ဖြစ်သည် (၁ ကော ၆း၁၉)။ ထိုအရာများကို ထိပင်မထိရမည့်အပြင် သူတစ်ပါးကို ထိပါးခြင်းမရှိရပါ။ သူတစ်ပါးက ခရစ်ယာန်များအပေါ် အမြင်မှားမည့်အရာများကို လုံးဝမပြုရပါ။ ကျွန်ုပ်တို့၏ လုပ်ငန်းသည် လူများကို ခရစ်တော်ထံပို့ဆောင်ရန်ဖြစ်ပြီး မူးယစ်ဆေးစွဲလန်းခြင်းသို့ ပို့ဆောင်ရန်မဟုတ်ပါ။

မူးယစ်ဆေးနှင့် နတ်ဆိုးများ ဆက်နွယ်ပုံကို ဖော်ပြခဲ့ပြီးဖြစ်သည်။ ယုံကြည်သူများရှောင်ရှားရမည့် နတ်ဆိုးနှင့်ပတ်သက်သော လုပ်ဆောင်ခြင်းတချို့ရှိသည်။ ၎င်းတို့မှာ နက္ခတ္တဗေဒပညာ၊ မျက်လှည့်ပညာ၊ ယောဂီကျင့်စဉ်၊ ဗေဒင်ဟောခြင်း၊ အင်းချုပ်၊ အနာဂတ်ကို ကြိုသိခြင်း၊ လက္ခဏာဖတ်ခြင်း၊ သေသောသူ၏ ဝိညာဉ်ဖြင့် ဆက်နွယ်ပတ်သက်ခြင်းစသည်တို့ ဖြစ်သည် (တရား ၁၈း၉-၁၄)။

**အရက်**

အရက်စွဲပြီး ပြောင်းလဲလာသောသူတစ်ဦးထံ "ယေရှုက ရေကနေ စပျစ်ရည်ဖြစ်စေတယ်ဆိုတာ ယုံလား" ဟု မေးကြည့်ရာ သူက "ဟုတ်ကဲ့၊

ဝိစကီကနေ လူသုံးကုန်ပစ္စည်း၊ လောင်းကစားလက်မှတ်ကနေ ပရိဘောဂနှင့် အသည်းကွဲတဲ့မိန်းမကနေ မွန်မြတ်တဲ့ခရစ်ယာန်အဖြစ် ပြောင်းလဲစေတာ ကျွန်တော်မြင်တွေ့ပါတယ်။" ရေကနေ ဝိုင်အဖြစ် ပြောင်းလဲစေတယ်ဆိုတာ ကျွန်တော့်အတွက် ယုံကြည်ဖို့မခဲရင်းပါဘူး" ဟု ပြန်ဖြေခဲ့သည်။

မူးယစ်စွဲလန်းခြင်းကို ဖြစ်စေတဲ့ အဓိကအရာကတော့ အရက်ပါပဲ။ မူးယစ်ဆေးဝါးအကြောင်း ဆွေးနွေးခဲ့ပြီးသကဲ့သို့ ဤအရာသည် ဖြစ်ရပ်မှန် ကမ္ဘာမှ ခေတ္တထွက်ခွာသွားခြင်းမျှသာဖြစ်သည်။ ဤအရာသည် ခေတ္တမျှ ဘဝင်မြင့်စေပြီး၊ ပြဿနာကို ခဏမျှမေ့ပျောက်စေနိုင်ပြီး တင်းမာခြင်းမှ ခဏလွတ်မြောက်စေနိုင်သည်။ သို့သော် ဤအရာသည် အခြားသောမူးယစ်ဆေး များကဲ့သို့ ကိုယ်ကျင့်တရားပျက်ပြားခြင်း၊ လူတန်ဖိုးကျဆင်းစေခြင်း၊ ပျက်စီးခြင်း များ ဖြစ်စေသည်။

မိမိကိုယ်ကို ခရစ်ယာန်ဖြစ်သည်ဟုပြောဆိုကြသောသူများသည် အရက်နှင့် ပတ်သက်သောသမ္မာကျမ်းစာ၏ သွန်သင်ချက်အတိုင်း လိုက်လျှောက်ရမည်။ ကောင်းမွန်စွာ ဆုံးဖြတ်ချက်မချနိုင်လောက်အောင် အလွန်အကျွံသုံးစွဲခြင်း အမင်္ဂလာ (သုတ္တံ ၃၁း၄, ၅၊ ဟောရှေ ၄း၁၁)။ ရေသည် အစာအိမ်ကို ထိခိုက်စေသောအခါ ဝိုင်ကို အနည်းငယ်အသုံးပြုရန် ခွင့်ပြုထားပါ သည် (၁ တိ ၅း၂၃)။ သေခါနီးသော သူများ အသုံးပြုရန် ခွင့်ပြုသည့် (သုတ္တံ ၃၁း၆–၇)။ သို့သော် ဘုရားသခင်၏ ဂရုဏာတော်ကို အလွဲသုံးစားပြီး အရက်သမားဖြစ်သွားရန် မဟုတ်ပါ။ ဘုရားသခင်က ယုံကြည်သူများဇာတိအလို မလိုက်ဖို့ သတိပေး ထားပါသည်။ (ရောမ ၁၃း၁၃)။ ယစ်မူးသောသူသည် ဘုရားသခင်၏ နိုင်ငံတော်ကို အမွေမခံရဟု ဖော်ပြထားပါသည် (၁ကော ၆း၁၀)။ လူတစ်ဦးသည် မိမိကိုယ်ကို ယုံကြည်သူဟု ဆိုသော်လည်း သူသည်အရက်သောက်နေလျှင် မိမိ၏ ဝန်ခံချက်မှား ယွင်းကြောင်းပြသခြင်းပင်ဖြစ်သည်။ "စပျစ်ရည်သည် လှည့်စားတတ်၏ သေရည် သေရက်သည် ရန်းရင်းခတ်ပြုခြင်း အမှုကိုဖြစ်စေတတ်၏။ ထိုသို့သော အားဖြင့်



မှားယွင်းသောသူသည် ပညာမရှိ။" (သုတ္တံ ၂၀း၁)။ အရက်သောက်ခြင်း သည် သူတစ်ပါးအတွက် ထိမိလဲစရာဖြစ်သောရိုးရာများအား ယုံကြည်သူများသည် ထိုအရာကို လုံးဝရှောင်ကြဉ်ရမည် (ရောမ ၁၄း၂၁)။

အမှန်တကယ်ပြောရလျှင် ယုံကြည်သူတစ်ယောက်အနေဖြင့် ဝိုင်ကို အသုံးမပြုသင့်ပါ။ တမန်တော် ပါလုသွန်သင်သည်မှာ ဝိုင်အားဖြင့် ပြည့်မည့်အစား ဝိညာဉ်တော်အားဖြင့်ပြည့်ရန် ဘုရားသခင်၏ သားသမီးများလျှောက်သင့်သည့် လမ်းဖြစ်သည် (ဧဖက် ၅း၁၈)။

## အနာရောဂါ (သို့) အပြစ်

အရက်သောက်ခြင်းသည် အပြစ်မဟုတ်ဘဲ အနာရောဂါသာဖြစ်သည်ဟု လက်ရှိ လှည့်ဖျားသည့် ဒဏ္ဍာရီစကားကို မယုံပါနဲ့။ ကျမ်းစာထဲ၌ ဤအရာကို အပြစ်ဟု သတ်မှတ်ထားပြီး ယစ်မူးသောသူသည် ဘုရားသခင်၏နိုင်ငံတော်သို့ မဝင်စားရဟု (၁ ကော ၆း၁၀) တွင် ဖော်ပြထားပါသည်။ လူသားသည် မိမိ၏ အကျင့်စာရိတ္တအတွက် ဝတ္တရားရှိပြီး အပြစ်ကို အနာရောဂါဟု နာမည်ပေးရုံနှင့် ထိုဝတ္တရားမှ မလွတ်မြောက်နိုင်ပါ။

လွန်ခဲ့သည့်နှစ်အနည်းငယ်က National Voice မဂ္ဂဇင်းက အရက်စွဲ လန်းခြင်းကို အနာရောဂါဖြစ်သည်ဟု ခံယူချက်အပေါ် အောက်ပါကဲ့သို့ ဖော်ပြထား ပါသည်။

> ဤအရာသည် အလိုဆန္ဒလိုက်လျှောက်ခြင်းမှ ဖြစ်ပေါ်လာသော တစ်ခုတည်းသော ရောဂါဖြစ်သည်။
> ဤအရာကို ပျံ့နှံ့ရန် လိုင်စင်တောင်းဆိုသည့်တစ်ခုတည်းသော ရောဂါဖြစ်သည်။
> ဤအရာသည် ပုလင်းထဲထည့်ကာ ရောင်းရန်တစ်ခုတည်းသော ရောဂါဖြစ်သည်။

၁။ သင့်လက်ထဲ၌ ကျန်ရှိနေသော အရက်သေစာများကို အမှိုက်ကဲ့သို့ လွှင့်ပစ်ပါ။ လွှတ်မြောက်မှုရရန် သင့်ဆန္ဒ၏ စစ်မှန်ခြင်းကို စမ်းသပ်သည်။

၂။ အရက်ပုလင်းမှ အဝေးသို့ရှောင်ရန် ဘုရားသခင်ထံ၌ အမြဲတမ်း ခွန်အားတောင်းဆိုပါ။ ''အပြစ်သွေးဆောင်ရာသို့ မလိုက်မပါဘဲ မကောင်းသော အမှုအရာမှလည်း ကယ်နှုတ်တော်မူပါ'' ဟု ဆုတောင်းပါ။

၃။ စုံစမ်းခြင်းမှန်သမျှကို တားဆီးပါ။ သေးမွှားသောအရာကိုပင် လက်မခံနှင့် (သုတ္တံ ၁း၁၀)။ ဘုရားသခင်ထံ ခွန်အားတောင်းခံခြင်းဖြင့် ပြုလုပ်နိုင်သည် (သုတ္တံ ၁၈း၁၀)။ သင့်အောင်မြင်မှုတိုင်းသည် နောက်လာမည့် စုံစမ်းခြင်းကို အောင်မြင်နိုင်ရန် ကူညီမည် (၁ ကော ၁၀း၁၃)။

၄။ အမှားအားလုံးကို ဘုရားသခင်ထံ၌ ချက်ချင်းဝန်ခံပါ (၁ ယော ၁း၉)။ ဆုတောင်းခြင်းဖြင့် ကူညီနိုင်သော နားလည်သဘောပေါက်ပြီး ရင့်ကျက်သော ယုံကြည်သူထံ သွားရောက်ဝေမျှရန် အရေးကြီးသည်။

၅။ စုံစမ်းသွေးဆောင်ခြင်းသို့ ပြန်လည်ပို့ဆောင်နိုင်သော နေရာနှင့် လူပုဂ္ဂိုလ်များကို ရှောင်ကြဉ်ပါ (ရောမ ၁၃း၁၄)။

၆။ အချိန်တိုင်း၌ မိတ်ဆွေကောင်းဖြစ်နိုင်မည့်သူ၊ ခက်ခဲသောအချိန်၌ ဆုတောင်းခြင်းဖြင့် ကူညီနိုင်မည့်သူနှင့် အတတ်နိုင်ဆုံး မိတ်ဆွေဖွဲ့ပါ (သုတ္တံ ၁၇း၇)။

သင်သည် ဤအရာအတွက် အမှန်တကယ် ပြင်းပြသောဆန္ဒရှိလျှင် ကျော်လွှားအောင်မြင်နိုင်ရန် လိုအပ်သည့်တန်ခိုးကို ဘုရားသခင်ပေးလိမ့်မည်။ သို့သော် သင့်အနေဖြင့် မရှိမနေလုပ်ဆောင်ရမည့် လုပ်ငန်းကဲ့သို့ ခံယူရမည်။



အရက်သောက်ခြင်းကြောင့် ကျန်းမာရေးထိခိုက်နိုင်ကြောင်း ထင်ရှားပါသည်။ နှလုံးအားနည်းခြင်း၊ ကျောက်ကပ်ပြဿနာ၊ အသည်းရောဂါ၊ ဦးနှောက်အာရုံကြောပျက်စီးခြင်း စသည့်အရာများဖြစ်တတ်ပါသည်။ အမေရိကန်နိုင်ငံ၌ အရက်ကျေးကျွန်များ၏ အသက်တာသည် ၅၁ နှစ်မျှဖြစ်ပြီး လူ့ဘဝအသက်ရှင်ခြင်း ရာခိုင်နှုန်းထက် အလွန်လျော့နည်းပါသည်။ ကိုယ်ဝန်ရှိနေချိန်၌ အရက်သောက်ခြင်းသည် မမွေးဖွားသေးသော ကလေးသူငယ်အတွက် အန္တရာယ်ရှိသည်။ တစ်ယောက်သောသူပြောဖူးသည်မှာ –

> ''ဘုရားသခင်က ကျွန်တော်တို့ရဲ့အပြစ်ကို ခွင့်လွှတ်ပေမယ့် ကျွန်တော်တို့ရဲ့ ခန္ဓာကိုယ်ကတော့ ခွင့်မလွှတ်ဘူး။''

အလုပ်ချိန်ဆုံးရှုံးရုံမကဘဲ လုပ်ငန်းနလံမထူနိုင်ခြင်း၊ မိသားစုဘဝကို ဖျက်ဆီးခြင်း၊ အရက်သောက်ခြင်းဖြင့် အသတ်သတ်မိခြင်း၊ မိမိကိုယ်ကို အဆုံးစီရင်ခြင်း၊ လူ့အသက်ကို သတ်မိခြင်းများသည် အရက်သောက်ခြင်း၏ ဆိုးကျိုးများဖြစ်သည်။ မကြာသေးမီက စာရင်းပြုစုချက်အရ ထောင်ကျသောသူ၊ အချုပ်ခံရသောသူများ၏ ၈၀% အထက်သည် အရက်အလွန်အကျွံသောက်သောအချိန်၌ ကျူးလွန်ခြင်းဖြစ်သည်။ ဆိုးသွမ်းသော ရှုမျှော်ခင်းကိုသာ ထပ်မံဖြစ်စေသည်။

အရက်သမားနှင့် ပတ်သက်ပြီး သုတ္တံ ၂၃း၂၉–၃၅ ၌ ရှောလမုန်မှ ဖော်ပြထားပါသည်။

> အဘယ်သူသည် ဝမ်းနည်းခြင်းရှိသနည်း။ အဘယ်သူသည် ညည်းတွားခြင်းရှိသနည်း။ အဘယ်သူသည် ရန်တွေ့ခြင်းရှိသနည်း။ အဘယ်သူသည် မြည်တမ်းခြင်းရှိသနည်း။ အဘယ်သူသည် အကျိုးအကြောင်းမရှိ၊ ထိခိုက်၍နာခြင်းရှိသနည်း။ အဘယ်သူသည် မျက်စိနီခြင်းရှိသနည်းဟုမူကား၊ စပျစ်ရည်ကို ကြာမြင့်စွာ သောက်လျက်နေသောသူ၊ ဆေးနှင့်ရောသော စပျစ်ရည်ကို ရှာတတ်သောသူတို့သည် ထိုသို့သောလက္ခဏာရှိကြ၏။ ဖလား၌

နီလျက်၊ အရောင်တောက်လျက်၊ အချိုအမြိန်ဝင်လျက်ရှိသော စပျစ်ရည်ကို မကြည့်မရှုနှင့်။ နောက်ဆုံး၌ မြွေကဲ့သို့ ကိုက်တတ်၏။ မြွေဆိုးကဲ့သို့ နာစေတတ်၏။ သင့်မျက်စိတို့သည် အမျိုးပျက်သော မိန်းမတို့ကို ကြည့်ရှု၍ သင့်နှလုံးသည်လည်း ကောက်သောစကားကို မြွက်ဆိုလိမ့်မည်။ အကယ်စင်စစ် သင်သည် ပင်လယ်အလယ်၌ အိပ်သောသူ၊ သင်္ဘောရွက်တိုင်ဖျားပေါ်မှာ အိပ်သောသူကဲ့သို့ဖြစ်လိမ့်မည်။ သူတို့သည် ငါ့ကိုရိုက်ကြပြီ။ သို့သော်လည်း ငါမနာ။ ငါ့ကိုထိုးကြသော်လည်း ငါမသိ။ အဘယ်အချိန်မှ ငါနိုးရမည်နည်း။ တဖန် ငါရှာဦးမည်ဟု သင်ဆိုလိမ့်သတည်း။

**အလုံခြုံဆုံးနည်းလမ်း**

လူတစ်ဦး အရက်သမားဘဝမှ လွတ်မြောက်နိုင်ရန် သေချာသည့်နည်းလမ်းမှာ အရက်သေစာနှင့် ပတ်သက်သောနေရာ၌ လုံးဝမသွားရန် ဖြစ်သည်။ ဤအရာသည် မည်သူ့ကိုမျှ ထိမိလဲစရာမဖြစ်စေသော အသေချာဆုံးနည်းလမ်းဖြစ်သည်။ ဤအရာသည် ကျွန်ုပ်တို့အားလုံးအတွက် အရေးကြီးသော ဆင်ခြင်စရာတစ်ခုဖြစ်သည်။ အားနည်းသော ယုံကြည်သူညီအစ်ကိုက ကျွန်ုပ်တို့အရက်သောက်သည်ကိုမြင်လျှင် သူလည်းသောက်ပိုင်ခွင့်ရှိသည်ဟု ထင်မြင်ယူဆလိမ့်မည်။ သူသည် အရက်သမားဘဝဖြင့်ဘဝကို နိဂုံးချုပ်သွားနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့က မကောင်းသောဥပမာဖြစ်ခဲ့လို့ပင်။ ထို့ကြောင့် တမန်တော် ပေါလုက ''အမဲသားကိုစားခြင်း၊ စပျစ်ရည်ကိုသောက်ခြင်းကိစ္စမှစ၍ ညီအစ်ကိုထိမိ၍ လဲစရာအကြောင်း၊ မှားယွင်းစရာအကြောင်း၊ အားနည်းစရာအကြောင်းများကို ရှောင်အပ်၏'' (ရောမ ၁၄း၂၁) ဟုပြောဆိုပြီး (၁ ကော ၈း၁၃) ၌ ဆက်လက်ပြောဆိုသည်မှာ ''သို့ဖြစ်၍ ငါ၏အစားအသောက်သည် ငါ့ညီအစ်ကိုကို မှားယွင်းစေလျှင် ငါ့ညီအစ်ကို၌ မှားယွင်းစရာအကြောင်းမရှိစေခြင်းငှာ အမဲသားကို အစဉ်မပြတ်ရှောင်မည်။''



**အောင်မြင်မှုရှိနိုင်သည်။**

Mel Trotter သည် အရက်သမားဖြစ်သည်။ သူ၏ စိတ်ဓာတ်ကျသောအကြောင်းရင်းကို ရှောင်ကြဉ်ရန် တစ်ချိန်လုံးအရက်သောက်နေခဲ့သည်။ တစ်နေ့ သူ့ကလေးသေဆုံးခဲ့သည်။ သူသည် အရက်အလွန်သောက်ချင်သောကြောင့် ပေါက်ကွဲလုမတတ် ခံစားရသည်။ ထို့ကြောင့် လူသေအလောင်းထည့်သည့် ခေါင်းထံသွားကာ ကလေး၏ဖိနပ်ကို ယူပြီး အရက်သောက်ရန် ပေါင်နှံခဲ့သည်။ ထို့နောက် မိမိပြုမိသောအမှု၏ ဆိုးသွမ်းမှုကို ပြန်လည်သတိရပြီး မိမိဘဝကို အဆုံးစီရင်ရန် ပင်လယ်ကမ်းစပ်သို့ ထွက်ခွာသွားခဲ့သည်။ လမ်းခရီး၌ ကားဘီးချော်ပြီး သာသနာပြုအဖွဲ့နှင့် ဆုံတွေ့ကာ သတင်းကောင်းကြားသိပြီး ကယ်တင်ခြင်းရရှိသည်။ သူ့ဘဝသည် လုံးဝပြောင်းလဲသွားခဲ့သည်။ အရက်မသောက်တော့ဘဲ မိမိအသက်တာတစ်ခုလုံးကို ကယ်တင်ရှင်ထံ အပ်နှံဆုတောင်းခဲ့သည်။ အရက်စွဲလန်းမှုမှ သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးက လုံးဝပြောင်းလဲပေးနိုင်ကြောင်း သက်သေထူသော ပုဂ္ဂိုလ်ပင်ဖြစ်လေသည်။ အရက်သောက်ရန် စုံစမ်းခြင်းကို လုံးဝဖယ်ရှားနိုင်ရန် ခက်ခဲသည်ဟု ယူဆချက်ကို သူဖြေရှင်းခဲ့သည်။ ဤကဲ့သို့ အတွေးအခေါ်သည် လွတ်မြောက်ခွင့်ပေးရန် ဝိညာဉ်တော်တန်ခိုးနှင့် မဆိုင်ပါ။

အခြားသော အရက်သမားတစ်ယောက် ပြောင်းလဲလာသောအခါ မိမိဘဝဟောင်းကို သူစွန့်ပစ်ပြီး ဘဝသစ်သို့ လျှောက်လှမ်းရန် ဆုံးဖြတ်သည့်အကြောင်း ဖော်ပြသောအားဖြင့် ရေနှစ်ခြင်းမင်္ဂလာခံယူရန် တောင်းဆိုခြင်းခံရသည်။ ထို့နောက် ရေသွယ်မြောင်းကို ပြုလုပ်သူက နှစ်ခြင်းကန်ကို ရှင်းသောအခါ အရက်ပုလင်းကိုတွေ့သည်။ ဤအရာသည် နှစ်ခြင်းယုံကြည်သူတစ်ဦး၏ဘဝကို အဆုံးသတ်နိဂုံးချုပ်ခြင်းဖြစ်သည်။

အရက်သောက်ခြင်းပြဿနာရှိသော ယုံကြည်သူတိုင်းသည် အောက်ပါစည်းမျဉ်းတချို့ကို လိုက်လျှောက်သင့်ပါသည်။

သူနှင့် မပေါင်းဖော်ရသည်သာမက ထိုသူနှင့်အတူ စားသောက်ခြင်းကိစ္စကိုမျှ မပြုရဟု ငါရေးထား၍ ပညတ်၏ (၁ ကော ၅း၁၁)။ အကယ်စင်စစ် သူ့ဥစ္စာကို ခိုးသောသူ၊ လောဘလွန်ကျူးသောသူ၊ သေရည်သေရက်နှင့် ယစ်မူးသောသူ၊ ဆဲရေးဆိုသောသူ၊ အနိုင်အထက်လုယူသောသူတို့သည် ဘုရားသခင်၏ နိုင်ငံတော်ကို အမွေမခံရကြ (၁ ကော ၆း၁၀)။

သမ္မာကျမ်းစာပြောသည်မှာ "ငွေရတတ်ခြင်းငှာ အလျင်အမြန်ပြုသောသူသည် မနာလိုသောသဘောရှိတတ်၏။ နောက်တဖန် ဆင်းရဲခြင်းသို့ရောက်မည်ဟု မအောက်မေ့တတ်" (သုတ္တံ ၂၈း၂၂)။ လောင်းကစားခြင်း၌ စိတ်ထားသည် တပ်မက်ခြင်းဖြစ်သည်။ တပ်မက်ခြင်းသည် မစင်ကြယ်သောအပြစ်ဖြစ်ပြီး ဘုရားသခင်၏ ကျိန်ဆဲခြင်းကို ဖိတ်ခေါ်သည်။ ဤအရာ၌ ဘုရားသခင်၏ ကျိန်ဆဲခြင်းသည် ဆင်းရဲခြင်းဖြစ်သည်။

သမ္မာကျမ်းစာ၌ "ကောရင့်ငှက်သည် မိမိမဥသောဥကို ဝပ်သကဲ့သို့ မတရားသဖြင့် ဥစ္စာဆည်းပူးသောသူသည် အသက်ပျိုစဉ်ကပင် ဆင်းရဲခြင်းသို့ ရောက်၍ အဆုံး၌ကား၊ လူမိုက်ဖြစ်လိမ့်မည်" (ယေရမိ ၁၇း၁၁) ဟု ဖော်ပြထားပါသည်။ လောင်းကစားခြင်းမှရသောငွေသည် ကြာရှည်သောရောင့်ရဲခြင်းကို မပေးနိုင်ပါ။ ဆင်းရဲဒုက္ခကို ဖြစ်စေရန်သာ၍ လွယ်ကူသည်။

တိမောသေထံ ယုံကြည်သူများသည် အစားအသောက်နှင့် အဝတ်အစားအားဖြင့် ရောင့်ရဲရမည်ဟု သတိပေးပြီး ချမ်းသာချင်လွန်းသောသူများထံ ပေါလုသတိပေးသည်မှာ "ငွေရတတ်ခြင်းငှာ အလိုရှိသောသူတို့သည် အပြစ်သွေးဆောင်ခြင်း၊ ဖမ်းမိခြင်း၊ မိုက်မဲဖျက်ဆီးတတ်သော တပ်မက်ခြင်းများထဲသို့ ကျရောက်တတ်ကြ၏။ ထိုသို့သောအားဖြင့် လူတို့သည် အကျိုးနည်းခြင်း၊ ပျက်စီးခြင်း၌ နစ်မွန်းတတ်ကြ၏" (၁ တိ ၆း၉)။



# အခန်း (၂၇)

## လောင်းကစားခြင်း၊ ကြီးမားသောအခွင့်အလမ်းဆိုတ်ခြင်း

"သင်သည် £100,000 လက်ခံရရှိပြီးဖြစ်လိမ့်မည်။ သင့် ကံစမ်းမဲလက်မှတ်နံပါတ်ပူးတွဲထားပါသည်။ သင့်အသင်းဝင်ခြင်းအလှူငွေဖြင့် ကျွန်ုပ်တို့ထံ ပြန်ပို့ပါ။ မဲပေါက်သူစာရင်း သွင်းလိုက်ပါ။"

အထက်ပါကဲ့သို့သော ကြော်ငြာလက်ကမ်းခြင်းများသည် ကျွန်ုပ်တို့ လောင်းကစားခြင်း၌ ပါဝင်ရန် ဖိတ်ခေါ်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် စူပါမားကက်များ၌ သွားသောအခါ ကျွန်ုပ်တို့ကို ကံစမ်းမဲကတ်ကဲ့သို့သောကတ်များကို ပေးခြင်းခံရပါသည်။ ကုန်စျေးနှုန်းများမြင့်တက်ခြင်းကို စဉ်းစားကြသည့်အခါ £1,000 ရရှိနိုင်ချေကို တွက်ဆပြီး ဝယ်ယူကြသည်။

အောင်ဘာလေသိန်းဆုဌာနမှ ငွေသိန်းဂဏန်းပေါက်သော အလုပ်သမားတစ်ဦးအကြောင်းကို ဖတ်ရပါသည်။ ဤသို့ သိန်းဂဏန်းပေါက်သောအခါ အနည်းငယ်ထောင်လွှားပြီး ဒီသိန်းငွေနှင့် ငါဘာလုပ်ရမှာလဲဟု တွေးတောကာနေတော့သည်။

တံခါးခေါင်းလောင်းသံမြည်လာပြီး လိမ်မာပါးနပ်သော ကောင်မလေးတစ်ယောက်က သူမကျောင်း၌ ကံစမ်းမဲဝယ်ရန် အခွင့်အရေးလာပြောသည်။ ငြင်းဆန်ရန်ခက်ခဲသည်။ လိမ်မာသောကလေးသူငယ်၊ ထိုက်တန်သောလုပ်ရပ်ပင်။

### ဒေါ်လာ၏ဆွဲဆောင်ခြင်း

ကျွန်ုပ်တို့၏ အဖွဲ့အစည်းသည် "လျင်မြန်စွာ ချမ်းသာနိုင်သောနည်းလမ်း" (သို့) "ကံစမ်းနိုင်ရန်လောင်းကစားများ" စသည့်များစွာသော အခွင့်အရေးများ ပံ့ပိုးထားပါသည်။ မြင်းပြိုင်ပွဲ၊ ခွေးပြိုင်ပွဲများရှိသည်။ လောင်းကစားရုံများ

၌ ကြီးမားသောလောင်းကစားခြင်း၊ စက်ပစ္စည်းဖြင့် လောင်းကစားခြင်းများစွာ ရှိပါသည်။

နိုင်ငံတော်သိန်းထီဌာန၊ တိုင်းနှင့်ပြည်နယ်ထီဆိုင်စသည့်အရာများစွာ ရှိပါသည်။ အသင်းတော်မဟုတ်သည့် အခြားသောအဖွဲ့အစည်းများမှ ထောက်ပံ့သည့်အခြားသော လောင်းကစားခြင်းများစွာရှိသည်။ ဘောလုံး၊ ဘေစ့်ကပ်ဘော၊ လက်ဝှေ့စသည့် လောင်းကစားများ၌ ပါဝင်ရန်လွယ်ကူပါသည်။ နံပါတ်စကားခြင်း၊ ဖဲကစားခြင်း (သို့) အခြားသော အတွေးအခေါ်ဆန်ဆန်ကစားခြင်းများ၊ ကုန်ပစ္စည်းသိုလှောင်ခြင်းစသည့် အမြတ်ငွေများများရရှိနိုင်သော အရာများကို သင်လွယ်ကူစွာ လုပ်နိုင်ပေမည်။ ကုန်ပစ္စည်းသိုလှောင်ခြင်းအားလုံးကို လောင်းကစားခြင်းဟု ပြော၍မရပါ။ ဤအရာများသည် ကောင်းသောရင်းနှီးမြှုပ်နှံခြင်းများ ဖြစ်နိုင်သည်။ ဤအရာသည် ဝယ်ယူသူ၏ စိတ်ထားနှင့် သိုလှောင်ထားသည့် ပစ္စည်းအပေါ် မူတည်သည်။

လောင်းကစားခြင်း၏ ဆွဲဆောင်မှုသည် ထိုလောင်းကစားခြင်းငွေပမာဏ၏ အမျိုးအစားပေါ်တွင် မူတည်သည်။ ၁၉၇၅ ခုနှစ်တွင် ဘရာဇီလ်နိုင်ငံသားတစ်ဦး Miron De Souza သည် ဘောလုံးပွဲတစ်ခု၌ လောင်းကြေးချရာ ဒေါ်လာ ၂,၄၅၁,၅၄၉ အမြတ်ငွေရရှိသည်။ ထိုအချိန်ထိ ဤအရာသည် ကမ္ဘာ့လောင်းကစားခြင်း၌ အကြီးမားဆုံး အောင်မြင်မှုဖြစ်သည်။

နောင်တစ်နှစ်တွင် ၂၆ နှစ် အရွယ်ရှိသော New Jersey သည် ထီထိုးပြီး မိမိအသက်တာတစ်လျှောက်၌ တစ်ပတ်ဒေါ်လာ ၁,၇၇၆ ခံစားရရှိနိုင်မည့် အခွင့်အရေးရရှိသည်။ အကယ်၍ သူသည် အသက်ရှင်မည်ဆိုလျှင် ဒေါ်လာ ၄.၆ သိန်း ရရှိခံစားမည်ဖြစ်သည်။

ထိုအချိန်မှစ၍ သိန်းထီပေါက်ခြင်းသာ၍ မြင့်တက်လာသည်။ သာ၍ မြင့်တက်လေ လူသားများပါဝင်ရန် ဆွဲဆောင်မှု ပိုများလေဖြစ်သည်။



**နှုတ်ကပတ်တော်၏ရှုထောင့်**

သမ္မာကျမ်းစာက ဤအရာများကို မည်သို့ဖော်ပြပါသနည်း။ ခရစ်ယာန်ဟု မိမိကိုယ်ကို ကြွေးကြော်သောသူများအတွက် ဤလောင်းကစားခြင်းသည် တရားဝင်လုပ်ဆောင်မှုဟု ခေါ်ဆိုနိုင်မလား။

သမ္မာကျမ်းစာထဲ၌ ''သင်သည် လောင်းကစားခြင်းမပြုရ'' ဟု တိတိကျကျ ဖော်ပြခြင်းမရှိသော်လည်း ပညတ်တော် (၁၀) ပါးက ''တပ်မက်ခြင်းမရှိရ'' (ထွက် ၂၀း၁၇) ဟု ဖော်ပြထားပါသည်။ လောင်းကစားခြင်းသည် တပ်မက်ခြင်းတစ်မျိုးဖြစ်သည်။ ဤအရာသည် ဘုရားသခင်၏ ထောက်ပံ့မှုအပေါ် မရောင့်ရဲနိုင်ခြင်းနှင့် စည်းစိမ်ဥစ္စာရရှိရန် တပ်မက်ခြင်းကို ဖော်ပြသည်။ ဤအရာ၏ ဆိုလိုရင်းမှာ သူတစ်ပါးရှေ့၌ မိမိကိုယ်ကို ဘဝင်မြင့်လိုခြင်းပင်။ ကောင်းကင်ဘုံနှင့်ဆိုင်သောအရာကိုမျှော်လင့်မည့်အစား အခွင့်အရေးနှင့် ကံတရားကိုသာကြည့်ခြင်းဖြစ်သည်။

ထို့ကြောင့် သမ္မာကျမ်းစာ၌ တပ်မက်ခြင်းနှင့် ပတ်သက်သော တားဆီးမှုအားလုံးသည် လောင်းကစားခြင်း၌ အကျုံးဝင်သည်။ ဥပမာအားဖြင့် လုကာ ၁၂း၁၅ ၌ ''ထိုမှတစ်ပါး လောဘလွန်ကျူးခြင်းကို သတိနှင့်ကြဉ်ရှောင်ကြလော့။ အကြောင်းမူကား စည်းစိမ်ရှိသော်လည်း စည်းစိမ်၌ အသက်မတည်ဟု မိန့်တော်မူ၏'' ''သင်တို့၏ ကျင့်ကြံပြုမူခြင်းသည် ငွေကိုတပ်မက်ခြင်းနှင့် ကင်းလွတ်၍ ကိုယ်၌ရှိသောဥစ္စာနှင့် ရောင့်ရဲခြင်းရှိကြလော့။ အကြောင်းမူကား ငါသည် သင့်ကို မစွန့်၊ သင့်ကိုအလျှင်းပစ်၍ မထားဟု ကတိတော်ရှိ၏'' (ဟေဗြဲ ၁၃း၅)။ တပ်မက်ခြင်းသည် ရုပ်တုကိုးကွယ်ခြင်းဖြစ်သည် (ကောလော ၃း၅)။ အထက်၌ ဖော်ပြပြီးသကဲ့သို့ ဤအရာသည် ဝိညာဉ်ထဲ၌ ဘုရားသခင်ကို နှလုံးသားပလ္လင် မပေးခြင်းဖြစ်ပြီး ဘုရားသခင်နေရာ၌ အခြားသောအရာများကို ဦးစားပေးခြင်းဖြစ်သည်။ ယခုမူကား ညီအစ်ကိုဟုခေါ်ဝေါ်သောသူသည် မတရားသော မေထုန်၌ မှီဝဲခြင်း၊ လောဘလွန်ကျူးခြင်း၊ ရုပ်တုကို ကိုးကွယ်ခြင်း၊ ဆဲရေးကဲ့ရဲ့ခြင်း၊ သေရည်သေရက်နှင့်ယစ်မူးခြင်း၊ အနိုင်အထက်လုယူခြင်းမှစ၍ ထိုသို့သောအမှုကိုပြုသော

လောင်းကစားခြင်းသည် ယုံကြည်သူများအတွက် မကောင်းသော အမိပ္ပါယ်ပွားစေလိမ့်မည်။ အထူးသဖြင့် ကယ်တင်ရှင်၏ ဝတ်လုံတော်ကို ရောမ စစ်သားများက လောင်းကြေးချကြောင်းကို သိရှိသောအရာ၌ ဖြစ်လိမ့်မည် (ယော ၁၉း၂၃, ၂၄)။

## ကျဆုံးသောစီးပွားရေး

ဖဲရိုက်လောင်းကစားသောသူများသည် မိမိတို့နိုင်သည့်အရာ သူတို့၏ ကံကောင်းခြင်းသည် ကြွေးကြော်သကဲ့သို့ဖြစ်သည်။ သို့သော် လောင်းကစားခြင်း၌ ဆုံးရှုံးလျှင် စိမ်းကားစွာ အနိုမ်ခံရကြသည်။ ၁၉၇၄ ခုနှစ် Monte Carlo တွင် အီတလီလူမျိုး စီးပွားရေးသမားတစ်ယောက်က ဒေါ်လာ ၁,၉၂၀,၀၀၀ ဆုံးရှုံး ကြောင်း ရုံဖန်ရုံခါကြားနေရသည်။ Arab မင်းသားကလည်း ထိုနှစ်၌ပင် ဒေါ်လာ ၁ သိန်း Las Vegas ၌ ဆုံးရှုံးကြောင်း ကြားနေရပါသည်။ နှစ်စဉ်နှင့်အမျှ သန်း ဂဏန်းဖြင့် ဆုံးရှုံးသောပြည်သူ/သားများသည် မိမိတို့၏ လောင်းကစားခြင်းကြောင့် ဖြစ်ကြောင်း ရုံဖန်ရုံခါ ကြားနေရပါသည်။ သင်္ချာနည်းအားဖြင့် တွက်ချက်မည်ဆိုလျှင် သူတို့၏ အောင်နိုင်သောအခွင့်အလမ်းထက် ဆုံးရှုံးခြင်းပိုများသည်။ ကမ္ဘာ့အကြီး မားဆုံးသော စက်ကြီးများပင်လျှင် £20 စုဆောင်းရန် £1 သန်း ပေးဆပ်ရပြီး ဤလုပ်ဆောင်ခြင်း၏ အခွင့်အရေးတစ်ခုလျှင် ၂၅,၀၀၀,၀၀၀,၀၀၀ ဖြစ်သည်။

လောင်းကစားခြင်းသည် အလွယ်တကူ စွဲလန်းနိုင်သောအရာဖြစ်သည်။ ဤအရာ၌ လူများသည် တစ်နာရီပြီးတစ်နာရီ မိမိတို့၏ ငွေကြေးများအရင်းခံ အသုံးပြုသည်မှာ မထူးဆန်းလှပါ။ သူတို့သည် မိမိတို့ ဈာန်ဝင်နေကြသည်။ သူတို့ သည် ထိုလောင်းကစားရုံ၌ ကြာကြာနေလေ မိမိတို့ ဆုံးရှုံးခဲ့သောအရာများ ပြန်ရ ရန်သာ၍ ကြီးမားသော အခွင့်အရေးရှိသည်ဟု ခံယူကြသည်။ သူတို့သည် သာ၍ ဆုံးရှုံးအောင် ငါးစာကြွေးခံသည့် အနေဖြင့် အနည်းငယ်အောင်တတ်ကြသည်။ ယုံကြည်သူများအနေဖြင့် လောင်းကစားခြင်းက မလွှမ်းမိုးစေသင့်ပါ။ ပေါလုသည်

ကောရိန္သုများထံ မည်သည့်အရာကမှ ကျွန်မခံမိစေနှင့်ဟု သတိပေးထားပါသည် (၁ ကော ၆း၁၂)။

လောင်းကစားသူများ၏ ကြေကွဲခြင်းနှင့် မိသားစု၏ဝမ်းနည်းခြင်းကို မည်သူကမျှ မှန်းဆ၍ရမည်မဟုတ်ပါ။ ဆင်းရဲသားဘဝမှ ချမ်းသာသူအဖြစ်သို့ လုံးဝပြောင်းလဲရမည်ဟု ကြွေးကြော်သောအချိန်၌ပင် ဝင်ငွေများကို ဖြုန်းတီးခြင်း၊ အစားအစာများ လုံလောက်မှုမရှိခြင်း၊ ပျက်ဆီးသောနေအိမ်ခန်းများ ပြန်လည်မပြုပြင်နိုင်ခြင်းစသည့် အရာများဖြင့်ရင်ဆိုင်ရသည်။

လျှော်ကြေးပေးရန် ကြိုးစားရင်း ရာဇဝတ်မှုကို ကျူးလွန်မိခြင်းကိုလည်း ခြင်ဆင်ကြည့်ပါ။ ခိုးယူခြင်း၊ အလွဲသုံးစားခြင်း၊ ငွေညစ်ခြင်း၊ ငွေကြေးဂုဏ်ပကာသန ရှိရန် တုန်လှုပ်ချောက်ခြားစရာကောင်းသော ဆုံးဖြတ်ချက်ချမိခြင်းများကို ဆင်ခြင်ကြည့်ပါ။

ဤမကောင်းသော အဖွဲ့အစည်းဖြင့် လောင်းကစားခြင်း ဆက်နွယ်လျက်ရှိသည်။ လူဆိုးဂိုဏ်းကြီးများ၊ စုပေါင်းဂိုဏ်းများ၏ လောင်းကစားခြင်း၌ ပါဝင်မှု သိသာထင်ရှားလှသည်။ ယုံကြည်သူခရစ်ယာန်တစ်ဦးသည် ဇရဲအနံ့ရနေသော လုပ်ရပ်မှ မည်သို့ဖြောင့်မတ်စေနိုင်မည်နည်း။

တစ်ခါတစ်ရံ စုံစမ်းခြင်းသည် ဘာသာရေးပုံစံကဲ့သို့ လာတတ်ပေသည်။ စဉ်းစားကြည့်ပါ။ ဒီငွေတွေနှင့် ဘုရားသခင်အတွက် ဘယ်လောက်လုပ်နိုင်မှာဘဲ။ ဤအရာသည် ကောင်းသောအရာရရှိရန် မကောင်းသောအရာဖြင့် လှည့်ဖြားပြောဆိုခြင်းပင်ဖြစ်သည်။ ဘာသာတရားကိုင်းရှိုင်းသော သူနာပြုဆရာမတစ်ဦးသည် တရားဟောဆရာတစ်ဦးထံသွားကာ သူမ၏အကြံအစည်ကို ပြောပြသည်။ သူမ ဝယ်ယူသောထီလက်မှတ်ပေါက်ရန် ဆုတောင်းပေးဖို့ တောင်းဆိုသည်။ သူဆုတောင်းပေးပြီး သူမထီပေါက်လျှင် ဘုရားကျောင်းအတွက် တစ်ဝက်လှူမည်ဟု ကတိပေးခဲ့သည်။ ‘‘ဘာသာတရားနှင့်ပတ်သက်ပြီး အသစ်သောခံယူချက် ရရှိဖို့



နှင့် ခရစ်ယာန်အကြောင်း ကောင်းမွန်စွာ သဘောပေါက်ဖို့ ငါဆုတောင်းပေးမယ်’’ ဟု တရားဟောဆရာက ပြောခဲ့သည်။ ဘုရားသခင်၏ အမှုတော်မြတ်၌ လောင်းကစားခြင်းမှရသောငွေမလိုအပ်ပါ။ ဘုရားသခင်ကလည်း ကောင်းကြီးပေး၍ မရပါ။ အကြောင်းမှာ ဤအရာသည် မစင်ကြယ်သောငွေဖြစ်သည်။

လောင်းကစားခြင်း၌ သွေးဆောင်ခြင်းခံသောသူများသည် ပေါလု၏ စကားလုံးကို ဆင်ခြင်ရပါမည် ‘‘ရောင့်ရဲသောစိတ်ပါလျှင် ဘုရားဝတ်၌ မွေ့လျော်ခြင်းသည် ကြီးစွာသော အကျိုးစီးပွားခြင်းမှန်၏’’ (၁ တိ ၆း၆)။ သင်သည် ဘုရားတရား ၌ မွေ့လျော်ပြီးရောင့်ရဲလျှင် ငွေဖြင့်ဝယ်၍မရသော အရာတစ်ချို့ ရရှိမည်။ သင်သည် ဘုရားတရားမွေ့လျော်လျှင် လောင်းကစားခြင်းပြုမည် မဟုတ်ပါ။ သင်သည် ရောင့် ရဲလျှင် လိုအပ်မှု (သို့) ဆန္ဒရှိမည်မဟုတ်ပါ။

နောက်ဆုံးအနေဖြင့် လောင်းကစားခြင်း၌ သွေးဆောင်ခြင်းခံသောသူများ အနေဖြင့် Samuel Johnson ၏ စကားကို ဆင်ခြင်ရပါမည်။ ‘‘ရွှေကိုတပ်မက်ခြင်း၊ မခံစားတတ်ခြင်းနှင့် နောင်တမရခြင်းသည် ယိုယွင်းပျက်စီးသောသူ၏ နောက်ဆုံးသောအကျင့်ပျက်ခြင်းပင်ဖြစ်သည်။’’

၁။ ဤအရာနှင့် ပတ်သက်ပြီး သမ္မာကျမ်းစာထဲ၌ တိကျစွာ ဖော်ပြထားခြင်းမရှိပါ။ ဘုရားသခင်သည် ကြင်ဖော်နှစ်ဦးကို သူ့အလိုတော်ကို ရှာဖွေရန် လွတ်လပ်မှုကို ပေးထားသည်။

၂။ လူဦးရေ တစ်ဟုန်ထိုးတိုးတက်ခြင်းသည် ထိန်းချုပ်ရန်လိုအပ်သော အတိုင်းအတာတစ်ခုကို တောင်းဆိုလာသည်။ နေ့စဉ်နှင့်အမျှ လူတိုင်းသည် အစာငတ်မွတ်မှုကြောင့် လူပေါင်းများစွာ သေဆုံးကြသည်။ သိန်းပေါင်းများစွာတို့သည် အာဟာရချို့တဲ့နေကြသည်။

**အဖြေ** – ပြဿနာသည် အစားအသောက်ထောက်ပံ့ခြင်း၌ မဟုတ်ပါ။ သို့သော် ထိုအရာကို တားမြစ်သည်။ လောဘနှင့် အဟာရ ပံ့ပိုးခြင်းနှင့် အသားစားခြင်းကို တားမြစ်သည့် မှားယွင်းသော ခံယူချက်များ ဖြစ်သည်။

၃။ မိသားစုထဲ၌ ကလေးအရေအတွက်သည် မိဘများ၏ ငွေရေးကြေးရေးကို အခြေခံပြီး ကန့်သတ်ရမည်။ မိမိတို့မစောင့်ရှောက်နိုင်သော ကလေးဦးရေထက်များပြားစွာ မွေးဖွားခြင်းသည် ခရစ်တော်ကို ဂုဏ်ပြုခြင်းမဟုတ်ပါ။

**အဖြေ** – ဘုရားသခင်သည် သေးငယ်သောမိသားစုကို ထောက်ပံ့နိုင်သကဲ့သို့ ကြီးမားသော မိသားစုကိုလည်း ထောက်ပံ့နိုင်သည် (မဿဲ ၆း၃၃၊ ဖိလိပ္ပိ ၄း၁၉)။

၄။ လယ်တောထဲ၌ ကလေးသူငယ်များက ကူညီနိုင်မည့် စိုက်ပျိုးရေးဒေသများတွင် ကြီးမားသော မိသားစုရှိရန် ဆန္ဒရှိဖွယ်ရှိသည်။ သို့သော် သေးငယ်သောတိုက်ခန်းနှင့် အိမ်များ၌ နေထိုင်သောသူများအတွက် ထိုကဲ့သို့ မဟုတ်ပေ။



# အခန်း (၂၈)

## သန္ဓေခြားခြင်း၊ ခေါင်းနှင့်ပန်း

ခရစ်ယာန်များ၏ စင်ကြယ်ခြင်းနှင့် ပတ်သက်သောစာအုပ်၌ သန္ဓေခြားခြင်းသည် အမှန်တကယ်အရေးကြီးသောကဏ္ဍ၌ ပါဝင်သလား။ အဘယ့်ကြောင့်ဆိုသော် များစွာသောယုံကြည်သူတို့သည် ဤအရာနှင့် ပတ်သက်ပြီး ကျင့်ဝတ်နှင့် ကိုယ်ကျင့်တရားဆိုင်ရာ အရေးကြီးသောကဏ္ဍအဖြစ် သတ်မှတ်ကြသည်။

ဘုရားသခင်က လူများအတွက် ဤအရာသည် အလိုတော်နှင့် လုံးဝဆန့်ကျင်သည်ဟု ခံယူသောသူများလည်းရှိသည်။ အခြားသူများက ဤအရာသည် ကောင်းသည်/ မကောင်းသည်ဟု ဆုံးဖြတ်ရန်မဟုတ်ဘဲ ယုံကြည်သူတိုင်း၏ စိတ်သဘောကျသည့်အတိုင်းသာဖြစ်သည်ဟု ခံယူကြသည် (ရောမ ၁၄း၅)။

### သန္ဓေခြားခြင်းကို ဆန့်ကျင်သည့်အကြောင်းရင်း

ဤအရာကို အကောင်းဆုံးဖြေရှင်းနိုင်ရန်နည်းလမ်းမှာ အငြင်းအခုံကို ဖြေရှင်းသည့် ပြိုင်ဘက်နှစ်ခု၏ ဖော်ပြချက်ကို လေ့လာရန် ဖြစ်နိုင်ပေသည်။

၁။ ကမ္ဘာ ၁း၂၈ တွင် ဘုရားသခင်က ''အချင်းတို့၊ များပြားစွာမွေးဖွားကြလော့၊ မြေကြီးကို ပြည့်စေ၍ နိုင်ကြလော့'' ဟု ဆိုထားရာ ဤအရာအား ပြန်လည်ဖျက်သိမ်းခြင်းမရှိသေးပါ။

**အဖြေ** – (အခြားတစ်ဖက်မှ) ဤအရာသည် ဖန်ဆင်းခြင်းအစ၌ ပညတ်ထားခြင်းဖြစ်ပြီး ရေလွှမ်းမိုးပြီးနောက် လူဦးရေလိုအပ်မှုကို ထပ်မံဖော်ပြခြင်း မရှိတော့ပါ။

၂။ ကြီးမားသောမိသားစုသည် ဘုရားသခင်ချပေးသည့် ကောင်းကြီးမင်္ဂလာ၏ လက္ခဏာဖြစ်သည်။

> ဖွားမြင်သောသားသမီးတို့သည် ထာဝရဘုရားဆုချ၍ ပေးသနားတော်မူသော အမွေဥစ္စာဖြစ်ကြ၏။ အသက်ပျိုစဉ် ဖွားမြင်သောသားသမီးတို့သည် သူရဲလက်၌ရှိသော မြှားကဲ့သို့ဖြစ်ကြ၏။ မိမိမြှားထောင့်ကို သူတို့နှင့် ပြည့်ဝစေသောသူသည် မင်္ဂလာရှိ၏။ သူတို့သည် ရှက်ကြောက်ခြင်းမရှိ၊ ရန်သူတို့ကို တံခါးဝ၌ ဆီးတားကြလိမ့်မည် (ဆာလံ ၁၂၇း၃–၅)။
>
> သင်၏မယားသည် သင့်အိမ်နားမှ များစွာအသီးသီးသော စပျစ်နွယ်ပင်ကဲ့သို့လည်းကောင်း၊ သားသမီးတို့သည် သင့်စားပွဲပတ်လည်၌ စိုက်ပျိုးသော သံလွင်ပင်များကဲ့သို့လည်းကောင်းဖြစ်ကြလိမ့်မည်။ ထာဝရဘုရားကို ကြောက်ရွံ့သောသူသည် ထိုသို့သော မင်္ဂလာရှိရလိမ့်မည်။ (ဆာလံ ၁၂၈း၃,၄)။

၃။ ကြီးမားသော မိသားစု၌ မွေးဖွားသောကလေးသူငယ်များသည် ယေဘုယျအားဖြင့် ပုဂ္ဂိုလ်ရေးရာတိုးတက်ခြင်း၊ သူတစ်ပါးအကြောင်းသင်ယူခြင်း၊ ပျက်စီးရန် ခဲယဉ်းခြင်းစသည့်အရာများ၌ သူတစ်ပါးထက်သာလွန်သည်။

၄။ ဩနန်သည် သန္ဓေခြားခြင်းမကောင်းကြောင်း သမ္မာကျမ်းစာ၏ ဥပမာဖြစ်ပြီး ဘုရားသခင်မှ ကွပ်မျက်သည် (ကမ္ဘာ ၃၈း၁–၁၁)။

> **အဖြေ** – ဩနန်၏အပြစ်သည် သူ့အစ်ကို၏ မယားကို လက်မထပ်လိုသောအတ္တမဟုတ်ပါ။

၅။ ပေါလုက ကောရိန္သုများထံ ရေးသားသည်မှာ –

> အချင်းချင်းခင်ပွန်းဝတ်ကို မပယ်မရှောင်ကြနှင့်။ ထိုသို့ဆိုသော် ဆုတောင်းခြင်းဝတ်ကိုပြုရသောအခွင့် ရှိစေခြင်းငှာ သဘောတူ၍ ခင်ပွန်းဝတ်ကို ခဏမျှမရှောင်ရဟု မဆိုလို။ ထိုသို့ရောက်လျှင် ကိုယ်ကိုမချုပ်တည်းနိုင်သောအားဖြင့် စာတန်သည် အပြစ်သို့သွေးဆောင်ရသောအခွင့်မရှိစေခြင်းငှာ နောက်တဖန်အတူနေကြလော့ (၁ ကော ၇း၅)။

> **အဖြေ** – ဤအရာ၌ ခင်ပွန်းဝတ်ကို ဆိုလိုခြင်းဖြစ်ပြီး ပဋိသန္ဓေတားခြင်းနှင့် သက်ဆိုင်ချင်မှ သက်ဆိုင်မည်။

၆။ အမျိုးသမီးသည် ကလေးမွေးဖွားခြင်းအားဖြင့် ဘဝ၏နိယာမပြည့်စုံမှုကို ခံစားသည်။ ဤအရာသည် အမျိုးသမီးများမှ အသင်းတော်နှင့်ပတ်သက်လာလျှင် သားဖွားခြင်းအမှု၌ ကယ်တင်ခြင်းသို့ ရောက်လိမ့်မည် (၁ တိ ၂း၁၅)။ အလိုတော်နှင့် ကိုက်ညီသောမျိုးစေ့ပျိုးထောင်ခြင်းကဏ္ဍသည် အလွန်ပင်အရေးကြီးလှပါသည်။ ဘုရားသခင်၏ အလိုတော်သည် ကလေးသူငယ်များ ဖွားမြင်ပြီး ဘုန်းတော်အတွက် ပျိုးထောင်ရန်ဖြစ်သည်။ (၁ တိ ၃း၁၅၊ ၅း၁၄၊ တိတု ၂း၄)။

> **အဖြေ** – သို့သော် ကလေးပျိုးထောင်ရန်၊ အိမ်ထောင်ပြုရန်နှင့် ကလေးရရန် အခွင့်အရေးမရှိသော အမျိုးသမီးများမည်သို့နည်း။

၇။ သားအိမ်ကို ဖွင့်ပြီးပိတ်သောသူသည် ဘုရားသခင်ဖြစ်သည် (ကမ္ဘာ ၂၀း၁၈၊ ၂၉း၃၁၊ ၁ဓမ္မ ၁း၆)။ ဘုရားသခင်သည် လူသားများထံ တန်ခိုးအာဏာမျှဝေခြင်းမရှိပါ။ သန္ဓေခြားခြင်းဖြင့် ပတ်သက်သောကျမ်းချက်ကို ရှာဖွေနေလျှင် အချည်းနှီးသက်သက်ဖြစ်မည်။ သန္ဓေခြားခြင်းကို အားပေးသောအရာတစ်ခုမျှ ကျမ်းစာ၌အခြေမခံပါ။

**သန္ဓေခြားခြင်းကို အားပေးခြင်း**

ယခု သန္ဓေခြားခြင်းကို အားပေးသောကဏ္ဍကို လေ့လာကြပါစို့။

တမန်တော်ပေါလုသည် နိုင်ငံရေး၌ ပါဝင်လှုပ်ရှားခြင်းမရှိပါ။ သူ၏ အမှုတော်ဆောင်ရန် ခေါ်ခြင်းနှင့် တရားဟောချက်တို့အပေါ် သစ္စာရှိခြင်းသည် ဖာရိရှဲအဖွဲ့ကို ဆန့်ကျင်သည်ဟု ခံယူသည်။

ယေရှုခရစ်တော်က ဤလောကသည် မိမိ၏နိုင်ငံမဟုတ်ကြောင်း သွန်သင်ထားပါသည် (ယော ၁၈း၃၆)။ ခရစ်တော်က မယုံကြည်သူညီအစ်ကိုများ ထံ ပြောဆိုသည်မှာ –

> "လောကီသားတို့သည် သင်တို့ကိုမမုန်းနိုင်၊ ငါ့ကိုမုန်းကြ၏။ အကြောင်းမူကား ငါသည် သူတို့၏အကျင့်ဆိုးညစ်ကြောင်းကို သက်သေခံ၏" (ယော ၇း၇)။
>
> တမန်တော် ယောဟန်ကလည်း "လောကီသားအပေါင်းတို့သည် မာရ်နတ်၏လက်၌ ရှိကြသည်ကိုလည်းကောင်း ငါတို့သိကြ၏" (၁ ယော ၅း၁၉)။ နိုင်ငံရေးသည် လောကီနိယာမ၏ တစ်စိတ်တစ်ဒေသဖြစ်သည်။
>
> လောကီကိုအောင်နိုင်ရန် လောကီမှ ခွဲထုတ်ရမည် (၂ ကော ၆း၁၇)။ Archimedes က "လောကရဲ့ပြင်ပကို ရောက်နိုင်ရင် လောကတစ်ခုလုံးကို ရွေ့လျားစေနိုင်တယ်" ဟု ပြောဆိုခဲ့သည်။ လောကတစ်ခုလုံးကို ဘုရားသခင်အတွက် ရွေ့လျားစေနိုင်ရန် လောကီနိယာမ လွှမ်းမိုးခြင်းအောက်မှ ရုန်းထွက်ရမည်။

နိုင်ငံရေးသည် ဆိုးသွမ်းသည်။ လာဘ်ပေးလာဘ်ယူစနစ်ဖြစ်သည်။ ဆုံးဖြတ်ချက်တစ်ခုခုချသည့်နေရာတွင် မှန်ကန်သောအကြောင်း အရာအပေါ်၌ အခြေမခံဘဲ အထောက်အကူပြုသောအရာ၌သာ အခြေခံသည်။ ဤအရာသည် လူသားများ၏ စနစ်အပေါ်၌သာ အခြေခံသည်။ ကွယ်လွန်ခဲ့ပြီးဖြစ်သော Senator Vandenderg of Michigan က "နိုင်ငံရေးဟာ သူ့သဘာဝတရားကိုက ဆိုး



၅။ မျိုးပွားခြင်းသည် အိမ်ထောင်ပြုခြင်း၏ အဓိကရည်ရွယ်ချက်မဟုတ်ပါ။ ဘုရားသခင်သည် မိမိလူတို့ကို အဖော်ပြုခြင်း၏ပျော်ရွှင်မှု၊ ပျော်မွေ့ခြင်း၊ အတူတကွ တလုံးတဝဖြစ်ခြင်းကို ခံစားစေလိုသည်။

၆။ မိခင်၏ ကျန်းမာရေးခြိမ်းခြောက်လာလျှင် သန္ဓေခြားခြင်း လိုအပ်ပါသည်။ ဤသို့ဆိုလျှင် အခြားသောနေရာများ၌ အဘယ့်ကြောင့် မပြုသင့်သနည်း။

၇။ လူတစ်ချို့သည် မပြည့်စုံသော၊ ရက်စက်ကြမ်းတမ်းခြင်းနှင့် ပြည့်သော ဤလောကသို့ ကလေးသူငယ်များကို မပို့လိုကြပါ။

> **အဖြေ** – ဘုရားသခင်၏ ဂရုဏာတော်သည် သားစဉ်မြေးဆက် အထိ တည်တံ့သည်။ (ဆာလံ ၁၀၃း၁၇)။

၈။ ဤငြင်းခုံခြင်းသည် လက်တွေ့ဖြင့် အလှမ်းဝေးနေသည်။ မိသားစုဝင် ၁၇– ၁၈ နှင့် ၁၉ ဦးရှိသော မိသားစုမရှိတော့ခြင်းမှာ သန္ဓေခြားခြင်းကို တနည်း တဖုန်အားဖြင့် ကျင့်သုံးကြောင်း သက်သေထူပေသည်။

> **အဖြေ** – အားလုံးလုပ်ဆောင်သောအရာဖြစ်သော်လည်း ဤအရာကို မှန်ကန်ကြောင်း သက်သေပြခြင်းဟု ယူဆ၍မရပါ။

၉။ နောက်ဆုံး ဆင်ခြင်စဉ်းစားရန်တစ်ချက်။ သမ္မာကျမ်းစာ၌ သန္ဓေခြားခြင်းနှင့် ပတ်သက်ပြီး တိတိကျကျသွန်သင်ခြင်းမရှိသော်လည်း ဝိညာဉ်အသီးတစ်ခု၌ ကာမဂုဏ် ချုပ်တည်းခြင်းပါဝင်သည် (ဂလာတိ ၅း၂၃)။

ဤအရာများသည် ခေါင်းနှင့် ပန်း ငြင်းခုန်ခြင်းတစ်ချို့ပင်ဖြစ်သည်။ နောက်ဆုံးဘာဖြစ်မလဲ။ အဖြေသည် ကြင်ဖော်နှစ်ဦးမှ သခင့်မျက်မှောက်တော်ကို ရှာပြီး ဆုတောင်းဆက်ကပ်ကာ ဖော်ပြသည့်အတိုင်း လုပ်ဆောင်ရန်ဖြစ်သည်။

နှစ်ဖက်စလုံး၌ ကောင်းသောဝိညာဉ်ရေးရာယုံကြည်သူများဖြစ်ကြောင်း ဝန်ခံရပါမည်။ ဤအရာသည် မှန်ကန်သည်ဆိုပြီး သူတစ်ပါးက လိုက်နာရန် အတင်းအဓမ္မ တိုက်တွန်းခြင်းမပြုသင့်ပါ။ နှစ်ဖက်စလုံး၌ ကောင်းကွက်နှင့် ဆိုးကွက်ရှိပြီး ဘုရားသခင်၏ မျက်မှောက်တော်၌ ကောင်းသည်ဟု အဓိကကျမ်းစာဖော်ပြသည့်အတိုင်း ပြုလုပ်ရန် ဖြစ်သည်။

……◈……◈……◈……



# အခန်း (၂၉)

## နိုင်ငံရေး

ခရစ်ယာန်တစ်ယောက်အနေဖြင့် နိုင်ငံရေး၌ ပါဝင်သင့်သလား။

နိုင်ငံရေး၌ ပါဝင်သင့်သည်ဟု ခံယူသောသူသည် ရှေးခတ်ဆိုရိုးစကားကို ကိုးကားသောကြောင့်ပင် "မကောင်းသောအရာ၌ အောင်မြင်မှုရရှိရန် လူကောင်းများ၏တာဝန်မှာ ဘာမှမလုပ်ဘဲနေရန်ဖြစ်သည်" ဤအရာသည် အမှုနှင့် မကိုက်ညီလျှင် သူတို့ကိုးကားဖော်ပြသောသူများမှာ ယောသပ်၊ မောရှေ၊ ဒံယေလ စသည့်နိုင်ငံရေး၌ပါဝင်သော ယုံကြည်သူများပင်ဖြစ်သည်။

ရှေးခတ်ဆိုရိုးစကားသည် ကောင်းသောလက္ခဏာဆောင်သော်လည်း လူသားများ၏ ဉာဏ်ပညာအားဖြင့်ဖြစ်ပြီး ဘုရားသခင်၏ ဖော်ပြမှုမဟုတ်ပါ။ သမ္မာကျမ်းစာ၏ အခွင့်အာဏာကို မပေးသင့်ပါ။ ယောသပ်နှင့် ဒံယေလတို့သည် မိမိတို့ရာထူးရရန် လှုပ်ရှားခြင်းမရှိဘဲ အစိုးရ၏ ခန့်အပ်ထားခြင်းကြောင့် နိုင်ငံရေး၌ ပါဝင်ခြင်းဖြစ်သည်။ မောရှေသည် အခြားလူများထက် အစိုးရ၌သာ၍ ကြီးမားသောသူဖြစ်သည်။

**သမ္မာကျမ်းစာ၏အဖြေ**

သမ္မာကျမ်းစာ၏အဖြေကိုရှာလျှင် မည်သည့်အရာကို တွေ့ရှိရသနည်း။

ယေရှုခရစ်တော်သခင်သည် နိုင်ငံရေး၌ ပါဝင်လှုပ်ရှားခြင်းမရှိပါ။ သူသည် နိုင်ငံရေးနှင့် ပတ်သက်ပြီး မိမိကိုယ်ကို ဆန့်ကျင်ဖက်ဖြစ်သည်ဟု ခံယူသည်။

တပည့်တော်များသည် နိုင်ငံရေး၌ ပါဝင်လှုပ်ရှားခြင်းမရှိပါ။ သူတို့သည် သတင်းကောင်းကို အာရုံစူးစိုက်ခြင်းအားဖြင့် ဘုရားသခင်အတွက် ဤလောကနှင့်ဆိုင်သော အကောင်းဆုံးသောအရာများကို ဆုံးရှုံးခဲ့ကြသည်။

ခရစ်ယာန်များသည် လောကီအုပ်ချုပ်ခြင်းနှင့် ဘယ်တော့မှ ဝင်ရောက်စွက်ဖက်ခြင်းမရှိရ။ ဘုရားသခင်၏ ဂုဏ်တော်နှင့် မိမိတို့၏ ကိုယ်ပိုင်အရှက်ကို ထိန်းသိမ်းရန်ဖြစ်သည်။ သူတို့သည် ခရစ်တော်နှင့် ဒုက္ခခံရန် ယခုခေါ်ခြင်းခံပြီး ဖြည်းဖြည်းခြင်းခရစ်တော်နှင့် စိုးစံရမည်။ ခရစ်တော်သည် စိုးစံရန်တန်ခိုး သူကိုယ်တိုင် မယူသေးပါ။ ခရစ်တော်သည် ခမည်းတော်ပလ္လင်ပေါ်၌ ထိုင်သည်။ လောကသည် ခရစ်တော်ကို ငြင်းပယ်သကဲ့သို့ မိမိကိုယ်ပိုင်ပလ္လင်တော်၌ထိုင်ပြီး တရားစီရင်ခြင်းအမှုပြုရန် ခမည်းတော်ထံမှ အမိန့်တော်စောင့်နေဆဲဖြစ်သည် (ဗျာ ၃း၂၁)။

ကျွန်ုပ်သည် ဤအရာကို ရေးသားသကဲ့သို့ Kelly ၏ ရပ်တည်မှုကို ထောက်ခံသော သတင်းတစ်ခု ကျွန်ုပ်ရရှိခဲ့ပါသည်။ ထိုသတင်းမှာ –

Van Dyke ဒုတိယမွေးခြင်းခံသော ခရစ်ယာန်တစ်ယောက်သည် ငြင်းခုံလိုသောသူအဖြစ် ထင်ရှားသည်။ သူ၏ နိုင်ငံရေးလိုက်စားခြင်းကို ရှက်စရာကောင်းသော လုပ်ဆောင်မှုအဖြစ် သတ်မှတ်ခြင်းခံရသည်။ လိမ်ညာလှည့်ဖြားသောစာပေများကို အသုံးပြုသောကြောင့် ၁၉၈၄ ခုနှစ်တွင် ဥပဒေပြုအဖွဲ့မှ မောင်းထုတ်ခံလုနီးပါးဖြစ်ခဲ့သည်။ လူထု ထုတ်ဖော်ခြင်း၌ သူ့အား ဒေါ်လာ ၅၀၀ လျော်ကြေးပေးဆောင်စေ ပြီး ဥပဒေပြုအဖွဲ့မှ တောင်းပန်မှု တောင်းဆိုသည်။

Kelly ၏ ဖော်ပြချက်သည် ထိုက်တန်သော ဆင်ခြင်စရာတစ်ခုပင်ဖြစ်သည်။ ''ခရစ်ယာန်များသည် လောကီအုပ်ချုပ်ခြင်းနှင့် ဘယ်တော့မှ ဝင်ရောက်စွက်ဖက်ခြင်းမရှိရ။ ဘုရားသခင်၏ ဂုဏ်တော်နှင့် မိမိတို့၏ကိုယ်ပိုင်အရှက်ကို ထိန်းသိမ်းရန်ဖြစ်သည်။''



ယုတ်တယ်။ အသင်းတော်တွေက လူသားတွေရဲ့ ကောင်းကျိုးအတွက် ပါဝင်လှုပ်ရှားရင်းနဲ့ အသင်းတော်ရဲ့ စစ်မှန်တဲ့လုပ်ငန်းကိုတော့ မမေ့သင့်ပါဘူး . . . နိုင်ငံရေးမှာ ပါဝင်ခြင်းအားဖြင့် အသင်း တော်ရဲ့ စင်ကြယ်တဲ့ရည်ရွယ်ချက်ကို ဆုံးရှုံးနိုင်ပါတယ်'' ဟု ပြောဆိုခဲ့သည်။

## ငှက်ပျောသီးစီမံကိန်း

လောကီပြဿနာများ၌ ဘုရားသခင်၏ ဖြေရှင်းချက်သည် နိုင်ငံရေးမဟုတ်ဘဲ ဝိညာဉ်ရေးရာဖြစ်သည်။ အသစ်သော ရွေးချယ်ခန့်အပ်ခြင်းမဟုတ်ဘဲ အသစ်သောမွေးဖွားခြင်းဖြစ်သည်။ နိုင်ငံရေးသည် ကင်ဆာရောဂါ၏ အကျိတ်အဖုကဲ့သို့ဖြစ်သည်။ ကျွန်ုပ်တို့၏ ခရစ်တော်မိန့်ဆိုသည်မှာ ''လူသေတို့သည် မိမိလူသေတို့ကို သင်္ဂြိုလ်ပါလေစေ။ သင်မူကားသွား၍ ဘုရားသခင်နိုင်ငံတော်၏ အကြောင်းကို ဟောပြောလော့'' (လုကာ ၉း၆၀)။ ငှက်ပျောသီးခွံပုံပြင်သည် အရာရာကို သင့်လျော်သောရှုထောင့်သို့ သိစေသည်။

တစ်ချိန်က လူတစ်ဦးသည် ပုံနှိပ်တိုက်တစ်ခု၌ အလွန်အရေးပါသောတာဝန်ထမ်းဆောင်ခဲ့သည်။ သူ၏တာဝန်မှာ စာပေများထုတ်ဝေပြီး လူထောင်ပေါင်းများစွာထံ ဝေမျှရန်ဖြစ်သည်။ တစ်နေ့သူသည် အလုပ်သွားရန် နေစဉ်မြို့ထဲလမ်းထောင့်တစ်နေရာတွင် ငှက်ပျောသီးအခွံကို တွေ့ခဲ့သည်။ ဤအရာသည် အန္တရာယ်ရှိကြောင်း သူသိရှိပြီး သူတစ်ပါးက နင်းမိကာချော်မသွားစေရန် အချိန်ယူပြီး ဖယ်ရှားပြသည်။ သို့သော် သူစတင်ပြီး ဆက်လက်စဉ်းစားသည်မှာ ဤမျှကြီးမားသောမြို့ထဲမှာ ငှက်ပျောခွံအများကြီးရှိမည်ဟု ယူဆသည်။ ဘယ်သူမှမပစ်ဘဲ လူတွေအများကြီး ဒုက္ခရောက်မှာဘဲဟု စဉ်းစားမိတော့သည်။ မြို့ထဲလမ်းမကြီးပေါ်တွင် ငှက်ပျောခွံအများကြီးရှိပြီး နင်းမိချော်လဲကာ အရိုးများကျွဲလိမ့်မည်ဟု ယူဆမိတော့သည်။ လူများစွာတို့ ဆေးရုံတက်ခြင်းမှ ကယ်တင်လိုသည်။ သို့သော် ခေတ္တဆင်ခြင်ကြပါစို့။ သူသည် မိမိ၌ကိုယ်ပိုင်တာဝန်ရှိသည်။ သူသည် ပုံနှိပ်များထုတ်ဝေပြီး လောကအဆုံးထိ သတင်းစကားပျံ့နှံ့စေရန်ဖြစ်သည်။ သူသည်

ငှက်ပျောသီးစီမံ ကိန်းကို ထားခဲ့ပြီးသာ၍ အရေးပါသောအရာကို ရွေးချယ်ခဲ့သည်။ မြို့တော် သန့်ရှင်းရေးဝန်ထမ်းများမှ ထိုငှက်ပျောခွံများ ရှင်းပါစေ။ ဤအရာသည် သူတို့၏ တာဝန်ဖြစ်သည်။

ယခုလက်တွေ့အသုံးပြုခြင်းသို့ သွားကြပါစို့။ ခရစ်ယာန်တစ်ဦးသည် ဤလောက၌ အကြီးမားဆုံးတာဝန်ရှိသူဖြစ်ပြီး ယေရှုခရစ်တော်သခင်၏ သတင်းကောင်းကို ထုတ်ဝေဖြန့်ချိရန်ဖြစ်သည်။ ဤအရာသည် ခရစ်ယာန်များအတွက် ကြီးမားသောလုပ်ငန်းဖြစ်သည်။ သူသည် ဤအရာကို လုပ်ဆောင်ခြင်းမရှိလျှင် မည်သည့်အခါမျှ ပြီးမြောက်မည်မဟုတ်ပါ။ ထို့ကြောင့် ''ဘုရားသခင်၏ နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်းတရားကို ရှေးဦးစွာ ရှာကြလော့'' ဟု ယေရှုခရစ်တော်က ပြောခဲ့သည်။ လူများစွာတို့သည် နိုင်ငံရေး၌ ပါဝင်ကြသည် . . . သို့သော် ဘုရားသခင်က ကျွန်ုပ်တို့ကို အပ်နှံသောအလုပ်မှာ သေဆုံးမည့်လူသားများထံ သတင်းကောင်းကို ဝေငှရန်ဖြစ်သည်။ အခြားသော စီမံကိန်းများသည် ထိုက်တန်သောအရာများဖြစ်လိမ့်မည်။ သို့သော် ဤအရာ၌ ကျရှုံးလျှင် ကျွန်ုပ်တို့နေရာ၌ မည်သူကမျှ အစားထိုးမည်မဟုတ်ပါ။

ဘုရားသခင်၏ ရည်ရွယ်ချက်သည် ဤလောကကို သာ၍ကောင်းသောနေရာဖြစ်အောင် ပြုလုပ်ရန်မဟုတ်ပါ။ သို့သော် ဘုရားသခင်၏ နာမတော်အတွက် လူသားများကို ခေါ်ဆောင်ရန်ဖြစ်သည် (တမန် ၁၅း၁၄)။ ဤပန်းတိုင်ကို ပြည့်စုံစေရန် ဘုရားသခင်နှင့်အတူ လုပ်ဆောင်ရမည်။ Jowett ပြောဆိုခဲ့သည်မှာ ''ကျွန်ုပ်တို့သည် လောကကို ကယ်တင်ရန် ဘုရားသခင်၏ လုပ်ဖော်ကိုင်ဖက်များဖြစ်သည်။ ဤခေတ်သည် ကျွန်ုပ်တို့၏ အချိန်ဖြစ်ပြီး . . . ဘဝ၌ သစ္စာရှိဖို့ မိမိအတ္တအပေါ် လွှမ်းမိုးရန် ခေတ်ကာလအတွက် အမှုဆောင်ရန် သခင်ဘုရား၏နာမတော်၌ လူများကို ဘိတ်သိပ်ပေးရန်ဖြစ်သည်။ သူသည် မိမိတို့၏ ခေါ်ခြင်းကို အသိအမှတ်ပြုရန် ကျရှုံးသူများအတွက် ဆက်လက်ငိုကြွေးသည်။ ပျံ့သန်းမည့်အစား တွားသွားသူ၊ ရှင်ဘုရင်ဖြစ်မည့်အစား ကျွန်ဖြစ်သောသူများအတွက် ငိုကြွေးခြင်းဖြစ်သည်။



ခရစ်ယာန်များ၏ မူလနိုင်ငံတော်သည် ကောင်းကင်နိုင်ငံဖြစ်သည် (ဖိလိပ္ပိ ၃း၂၀)။ သူသည် ဤလောက၌ ဧည့်သည်နှင့်ခရီးသွားသူသာဖြစ်သည် (၁ ပေ ၂း၁၁)။ သူသည် အစိုးရကို နာခံရန်ဝတ္တရားရှိပြီး တရားရုံးနှင့် သက်ဆိုင်သောဖြစ်စဉ်များ၌ ပါဝင်ခွင့်ရှိသော်လည်း ထိုအရာများ၏ တစိတ်တဒေသဖြစ်ရန် မဟုတ်ပါ။

ကျွန်ုပ်သည် နိုင်ငံရေး၌ပါဝင်လျှင် လောကီပြဿနာများကို ဖြေရှင်းရန် ၎င်း၏ စွမ်းရည်အပေါ် ယုံကြည်စိတ်ချကြောင်း ကြေငြာခြင်းဖြစ်သည်။ ရာစုနှစ်ပေါင်းများစွာ နိုင်ငံရေး၌ ကျရှုံးပြီး ဤကဲ့သို့စိတ်ချရန် ကျွန်ုပ်၌ အကြောင်းရင်း မရှိတော့ပါ။

သမ္မာကျမ်းစာ၏ သွန်သင်ချက်မှာ အခြေအနေများသာ၍ ကောင်းလာရန် မဟုတ်ပါ။ (၁ တိ ၄း၁–၃၊ ၂ တိ ၃း၁–၅)။ ဤအရာက ခရစ်ယာန်များအတွက် မဟာစေခိုင်းချက်ကိုသာ၍ လျှင်မြန်စွာလုပ်ဆောင်ရန် နှိုးဆော်သံဖြစ်သည်။

ဤအရာသည် ယုံကြည်သူများဘာမှမလုပ်ရဟူသော ချဉ်းကပ်ခြင်းကို ဆိုလိုသလော။ ဤသို့မဟုတ်ပါ။ ကျွန်ုပ်တို့သည် ဆုတောင်းခြင်း၌ အခြားအရာများ ထက်သာ၍ လုပ်ဆောင်နိုင်သည်။ တန်ခိုးကို ဆုတောင်းခြင်းအားဖြင့်သာ ထိန်းသိမ်း၍ရသည်။ တိုင်းနိုင်ငံ၏ရွေ့ရေးသည် ဆုတောင်းခြင်းအားဖြင့်သာ ထိရောက်နိုင်သည်။ ''စစ်ပွဲ၌ ကျွန်ုပ်တို့၏ လက်နက်များသည် လောကီပကတိလက်နက်မဟုတ်ပါ။'' သို့သော် ဘုရားသခင်၏ တန်ခိုးတော်အားဖြင့် မြို့ရိုးမြို့ပြတို့ကို ဖြိုဖျက်နိုင်သော လက်နက်ဖြစ်၏ (၂ ကော ၁၀း၄)။

ခရစ်ယာန်များအတွက် အုပ်စိုးမည့်အချိန်မရောက်သေးပါ (၁ ကော ၄း၈)။ လူ့ဘဝအချိန်များကို စိုးစံနိုင်ဖို့အတွက် သင်တန်းချိန်ဖြစ်သည်။ William Kelly ပြောသည်မှာ –

အတ္တဖြင့် သိမ်းပိုက်ခြင်း ငယ် ၁–၆၊ သေချာသောရလဒ် စိတ်ဆင်းရဲခြင်း ငယ် ၇–၉၊ ဘုရားသခင်နှင့် သိမ်းပိုက်ခြင်း ငယ် ၁၀–၁၂၊ သေချာသောရလဒ် ပျော်ရွှင်မှု ငယ် ၁၃–၂၀။

တစ်စုံတစ်ဦးက အောက်ပါကဏ္ဍ (၄) ခုကို ခေါင်းစဉ်ပေးထားပါသည်။

သက်ပြင်းချခြင်း
နှစ်မြုပ်ခြင်း
သီဆိုခြင်း
မြင့်တက်ခြင်း

ဆာလံ၏ ပထမတစ်ဝက်တွင် Asaph သည် "ငါ့ဒုက္ခ" (သို့) "ဗီတာမင်ငါ" ကို အလွန်အကျွံဦးစားပေးခြင်းနှင့် ဒုက္ခဆင်းရဲခံစားရသည်။ ပထမပုဂ္ဂိုလ်နာမ်စားဖြစ်သည့် (ငါ၊ ကျွန်ုပ်၊ ကျွန်ုပ်၏) စကားလုံးများ ၂၂ ကြိမ် တွေ့ရပြီး ဘုရားသခင်ကို ရည်ညွှန်းခြင်း ၁၃ ကြိမ်သာ တွေ့ရသည်။ ဆာလံဆရာသည် စိတ်ထဲတွင် အတ္တဖြင့် စွဲလန်းလွန်းသဖြင့် အမြင့်ဆုံးသောဌာနတော်၌ ကိန်းဝပ်သည့် ဘုရားသခင်၏ ကောင်းမြတ်ခြင်း၊ ကျေးဇူးတော်နှင့် ဂရုဏာတော်တို့ကိုပင် သံသယရှိကာ မေးခွန်းထုတ်ခဲ့သည်။

ဆာလံဒုတိယတဝက်၌ Asaph သည် ဘုရားသခင်ထံ မျက်စိဖွင့်ပြီး ဘုရားသခင်ကို ၂၄ ကြိမ်မြောက် ဖော်ပြပြီး (နာမ်နှင့်နာမ်စား) ပြီး လူပုဂ္ဂိုလ်နှင့် ပတ်သက်၍ ၃ ကြိမ်သာ ဖော်ပြသည်။

### ရောမ (၇) ၏ စိတ်ပျက်ဖွယ်ကောင်းသောလူ

ဒုတိယကျမ်းချက်သည် ရောမ ၇း၉–၂၅ ဖြစ်သည်။ လူပုဂ္ဂိုလ်နာမ်စားကို အကြိမ် ၄၀ ကျော်အသုံးပြုပြီး ပေါလုညည်းညူသည်မှာ "အို စိတ်ပျက်စရာကောင်းတဲ့ ငါလိုလူ" ဟူ၍ပင်။ မိမိကိုယ်၌ အောင်မြင်ခြင်းမတွေ့ခဲ့ပါ။ "ကျွန်ုပ်အထဲ၌ ကောင်းသောအရာတစ်ခုမျှမရှိ" ဟု ခိုင်မြဲစွာ ဝန်ခံခဲ့သည်။ သို့သော် နောက်ဆုံး



# အခန်း (၃၀)

## မိမိကိုယ်ကို သိမ်းပိုက်ခြင်း၊ အတွင်းပိုင်းသစ္စာဖောက်မှု

သန့်ရှင်းစင်ကြယ်ခြင်းဖြင့် ပတ်သက်လာလျှင် မိမိကိုယ်ကို သိမ်းပိုက်ခြင်း၌ ချွတ်ယွင်းမှုများစွာ တွေ့ရသည်။ အတွင်းပိုင်း၌ အောင်မြင်မှုရရှိရန် ကြည့်ရှုသောသူသည် မှားယွင်းသောနေရာကို ကြည့်ရှုခြင်းဖြစ်ပြီး စိတ်ဓာတ်ကျခြင်း၊ စိတ်အားငယ်ခြင်းနှင့် တိုက်ခိုက်ခြင်းကို ဖိတ်ခေါ်သောသူများဖြစ်သည်။

ဤလောကသည် လူသားများ၏ စွမ်းအင်၌ အထူးပြုကြသည်။ ဝမ်းနည်းဖွယ်ကောင်းသည့် အသိအမှတ်ပြုခံလိုခြင်း၊ နာမည်ကျော်ကြားလိုခြင်း၊ ရယူလိုချင်သောအရာများကြောင့် အသင်းတော်များ၌လည်း ပြဿနာတွေ့ရသည်။ ဤအရာသည် လောကီလူသားဝါဒီများကို သွန်သင်ပြီး ဧဝံဂေလိစိတ်အားထက်သန်မှုကို မထင်မရှား ဖျက်ဆီးနေခြင်းဖြစ်သည်။ ဘာသာရေးပုံနှိပ်ထုတ်ဝေသူများသည် မိမိကိုယ်ကို တန်ဖိုးထားခြင်းနှင့် ပတ်သက်သည့်စာအုပ်များစွာကို စဉ်းစားဆင်ခြင်ခြင်းမရှိဘဲ လျင်မြန်စွာ ထုတ်ဝေတတ်ကြသည်။ ခရစ်ယာန်စာပေတိုက်တစ်ခု၌ ကျွန်ုပ်သွားရောက်စဉ် အောက်ပါစာအုပ်နာမည်များကို တွေ့ရသည်။

မိမိကိုယ်ကို မြတ်နိုးပါ
မိမိကိုယ်ကို မြတ်နိုးရန် သင်ယူခြင်းပညာ
မိမိကိုယ်ကို မြတ်နိုးခြင်း – အောင်မြင်ခြင်း၏ခွန်အား
ငါ အိုကေတယ် – မင်းလည်း အိုကေတယ်
ငါအိုကေတယ်လို့ ဘယ်သူပြောလဲ
သင့်ကို မှန်ကန်သောကြည့်ရှုနည်း

သင့်ပုံရိပ်ဖြင့် မိတ်ဆွေဖွဲ့ပါ
မိမိကိုယ်ကို နားလည်သဘောပေါက်ခြင်းဝိဇ္ဇာအတတ်
သင့်အတိတ်ကိုသဘောပေါက်ခြင်း – သင့်အနာဂတ်၏သော့ချက်
ကျွန်ုပ်၏ လှပသောခံစားမှု
သင်သည် မိမိကောင်းကြောင်း မိမိကိုယ်ကို ခံစားနိုင်သည်
ရက်ပေါင်း ၃၀ အတွင်း ဖိစီးမှုကို ဖယ်ရှားခြင်း
သင်သည် တစ်စုံတစ်ယောက်သောစပါယ်ရှယ်
ငါဖြစ်ဖို့ ငါ့မှာရှိလား (သင့်ကိုသင် အသက်ရှင်နှစ်သက်ခြင်း)

စင်ပေါ်တင်သည့် ကန့်ကွက်မှုအသံတစ်ခုသာရှိသည်။ ထိုအရာမှာ –

## ကိုယ့်ကိုကိုယ်ထားခဲ့ပါ

မျက်မှောက်ခေတ်အား တိုင်ပင်ဖက်ပြုခြင်းနှင့် ပတ်သက်ပြီး မိမိကိုယ်ကို ဦးစားပေးခြင်း၌ မီးမောင်းဆလိုက်ထိုးနေကြောင်း တွေ့ရသည်။ လူနာသည် မိမိ၏ တိုးတက်မှုကို စမ်းစစ်ရန် (သူ့မိဘများ၏ ကြီးမားသော ဆုံးရှုံးခြင်းများနှင့် နှိုင်းယှဉ်ရန်) သူ၏ အတွေးအခေါ်၊ စိတ်ထား၊ ကြောက်ရွံ့ခြင်း၊ တားဆီးပိတ်ပင်မှုခံခြင်း (အထူးသဖြင့် လိင်ကိစ္စ) စသည့်အရာများ၌ စမ်းစစ်ရန် တောင်းဆိုခြင်းခံရသည်။ သူသည် တိုင်ပင်ဖက်ပြုခြင်း၊ ဦးတည်ချက်မရှိဘဲ မိမိ၏ပြဿနာများကို ပြောကြားသောအခါ အဖြေများကြေငြာသကဲ့သို့ဖြစ်သည်။

## ဤလောကသည် စိတ်မကောင်းဖွယ်ခိုလှုံရန်နေရာ

Norwegion လူမျိုးဇာတ်ဆောင်သမား Ibsen က Peter Gynt ၏ စိတ်ရောဂါဆေးရုံထံသွားပြီး မည်သူမျှ ရူးသွပ်ပုံမပေါ်သောကြောင့် အံ့ဩမိကြောင်း ပြောပြသည်။ သူတို့အားလုံးသည် ကောင်းမွန်စွာစကားပြောပြီး မိမိတို့၏ အကြံအစည်များကို ကောင်းကောင်းမွန်မွန် ပြောပြနိုင်ကြသည်။ ဆရာဝန်ထံ ဤအရာကို ပြောပြသည်။ သူတို့က အရူးတွေပါကွာဟု ဆရာဝန်ကပြောသည်။



သူတို့က ကောင်းကောင်းမွန်မွန်ပြောတာဘဲ။ ဟုတ်ပါတယ်။ ဒါပေမယ့် အဲဒါတွေအားလုံးက သူတို့အကြောင်းပါ။ သူတို့သည် မိမိကိုယ်ကို စိတ်ထဲတွင်စွဲနေခြင်းဖြစ်သည်။ ဤအရာသည် ကိုယ့်နံနက်၊ ကိုယ့်နေ့လည်၊ ကိုယ့်ညနေခင်းသာဖြစ်သည်။ ဤနေရာ၌ ကိုယ့်အကြောင်းကလွဲ၍ ပြောရန်မရှိပါ။ ကျွန်ုပ်တို့သည် ဒရွတ်တိုက်ဆွဲကြသည်။ မိမိတို့၏အိပ်မက်နှင့်ပင် ဒရွတ်တိုက်ဆွဲကြသည်။ အို . . . ဟုတ်ကဲ့ လူငယ်ဆရာလေးရယ် တို့လည်း ကောင်းကောင်းမွန်မွန်ပြောပြတာပဲ။ ဒါပေမယ့် ရူးသွပ်နေဆဲမဟုတ်လား။

လောကကြီးသည် Peter Gynt လည်ပတ်သည့် ဆေးရုံကဲ့သို့ ဖြစ်သည်။ ဤအရာသည် သူ့ဟာသူဖြစ်ပျက်ကြောင်းမသိရှိမှီ မျှမျှတတဖြစ်ဟန်တူပါသည်။ ခံစားချက်၊ နိုင်ငံရေး၊ စစ်ပွဲ၊ ငွေကြေးစသည့်အရာများသာ ပြောကြားကြောင်း တွေ့ရှိရသည်။ တည်ရှိခြင်း၏ အကြီးမားဆုံးအပိုင်းဖြစ်သော ဘုရားသခင်အကြောင်းကိုတော့ မေ့ထားကြသည်။

မိမိတို့၏ အသက်တာ၌ ကြုံတွေ့ရသော စိတ်ခံစားချက်၊ စိတ်လှုပ်ရှားမှု၊ စိတ်ပိုင်းဆိုင်ရာဆင်းရဲဒုက္ခခံစားသူများ၏ အကျင့်စရိုက်ဖြစ်သည်။ အတွေးနှင့် ခံစားမှုကို သုံးသပ်ရန် တိုက်တွန်းသော တိုင်ပင်ဖက်ပြုခြင်းသည် သူတို့၏ စိတ်ဆင်းရဲခြင်းကို ပြင်းထန်စေသောအရာသာဖြစ်သည်။ သင်စကားပုံတစ်ခု ကြားဖူးလိမ့်မည်။ ‘‘အကြောကုဆရာများသည် လေထဲ၌ရဲတိုက်ဆောက်ကြသည်။ စိတ်ပညာရှင်များသည် ထိုအရာများကို ရွှေ့လျားစေပြီး စိတ်ရောဂါကုဆရာဝန်များသည် ငှားရမ်းခငွေကြေးကောက်ခံသူများသာဖြစ်သည်။’’

## ဆာလံ ၇၇ ၏ စိတ်ညစ်ဖွယ်ကောင်းသောလူသား

သမ္မာကျမ်းစာထဲတွင် အတ္တဆန်ခြင်းနှင့် ကုသခြင်းနှင့်ပတ်သက်သော ကျမ်းပိုဒ်နှစ်ခုရှိသည်။ ပထမကျမ်းချက်သည် ဆာလံ ၇၇ ဖြစ်ပြီး၊ Bullingor က အောက်ကကဲ့သို့ ခွဲခြမ်းသည်။

ရရှိစေရန်ဖြစ်သည်။ သူသည် ဘုရားသခင်အတွက် တန်ဖိုးကြီးသူ ဖြစ်ပြီး ဤအရာသည် ခရစ်တော်အတွက် မိမိလုပ်ဆောင်နိုင်သည့်အရာအားလုံးကို ဆန္ဒပြင်းပြစေသည်။

အခြားတစ်ဖက်၌ကြည့်လျှင် သူသည် မိမိဘာမှမဟုတ်ကြောင်းကို သိရှိစေပြီး (၂ ကော ၁၂း၁၁၊ ဂလာတိ ၆း၃) မိမိ၏ဇာတိ၌ ကောင်းသောအရာတစ်ခုမျှ မရှိကြောင်း သိစေသည်။ သူသည် မိမိ၌ ကောင်းသောအရာကို ရှာဖွေခြင်း မရှိပါ။ ထိုနည်းတူကောင်းသောအရာမတွေ့သည့်အချိန်၌လည်း ဘယ်တော့မှ စိတ်မပျက်ပါ။

တတိယအကြံပြုချက် မိမိကိုယ်ကို ဦးစားပေးသောသူသည် သူတစ်ပါးအတွက် လုပ်ဆောင်ခြင်း၌ မိမိကိုယ်ကို ဖြေဖျောက်ရမည်။ ပြည့်စုံခြင်းတွေ့သောသူများသည် သူတစ်ပါးကိုသာ ကူညီသောကြောင့် မိမိတို့၏ အကြောင်းကိုပင်စဉ်းစားရန်အချိန်မရှိသောသူများဖြစ်သည်။ ပြည့်စုံခြင်းသည် မိမိကိုယ်ကို သိမ်းပိုက်ခြင်းထက် မိမိကိုယ်ကို ငြင်းပယ်ခြင်း၌ရှိသည်။ ယေရှုခရစ်တော်ကလည်း ''မိမိအသက်ကို နှမြောသောသူသည် အသက်ဆုံးလိမ့်မည်။ ဤလောက၌ မိမိအသက်ကို မုန်းသောသူမူကား ထာဝရအသက်ကို စောင့်ရှောက်လျက်နေ၏'' (ယော ၁၂း၂၅)။ စိတ်ရောဂါကုဆရာဝန်ဖြစ်သည့် Kar Menninger ကို ''တကယ်လို့ ခင်ဗျားအနေနဲ့ စိတ်လှုပ်ရှားမှုအရမ်းခံစားရမယ်လို့ ကိုယ့်ကိုကိုယ် ကြိုသိနေရင် ဘာလုပ်မှာလဲ'' ဟု မေးကြရာသူက ''ငါ့ထက်ပိုမိုဆိုးရွားတဲ့ အခြေအနေနှင့်ရင်ဆိုင်တဲ့လူတစ်ယောက်ကို သွားရောက်ကူညီလိုက်မယ်'' ဟူ၍ ဖြေကြားခဲ့သည်။

သူ့အနေနှင့် ငါတစ်စုံတစ်ယောက်ဖြစ်ရင် ကောင်းမှာဘဲဟု ဆန္ဒပြင်းပြပြီး အချိန်ဖြုန်းနေခြင်းမရှိပါ။ ရုပ်ပိုင်းဆိုင်ရာပုံဖော်ခြင်း၊ ဒုက္ခိတဖြစ်ခြင်း၊ အားနည်းခြင်းများကို စဉ်းစားအားငယ်နေမည့်အစား ဘုရားသခင်သည် သူ့ကိုလက်ခံသကဲ့သို့ မိမိကိုယ်ကို ''ဘုရားသခင်၏ကျေးဇူးတော်ကြောင့် အသက်ရှင်ရသည်'' ဟု



တွင် သူသည် မိမိကိုယ်ကို ထားခဲ့ပြီး သခင်ယေရှုခရစ်တော်ထံ၌ အောင်မြင်မှုတွေ့ရှိခဲ့သည်။

မိမိအတွင်း၌ အောင်မြင်မှုရရန် ရှာဖွေခြင်းသည် ကျောက်ဆူးကို သင်္ဘောထဲ၌ထားခြင်းကဲ့သို့ဖြစ်သည်။ ဝိညာဉ်ရေးရာ၌ မျောပါခြင်းကိုသာ ဖြစ်စေသည်။

ဣသရေလဘုရင်က မိမိထက်သာ၍ ကြီးမားသောသူလိုအပ်ကြောင်း သိရှိပြီး ပြောဆိုခဲ့သည်မှာ – ''အကယ်စင်စစ် ဘုရားသခင်သည် ငါ၏ကျောက်၊ ငါ့ကိုကယ်တင်ခြင်းအကြောင်း၊ ငါ့ခိုလှုံရာဖြစ်တော်မူ၍ ငါ၌လှုပ်ရှားခြင်းများစွာမရှိရာ'' (ဆာလံ ၆၂း၂)။ အကယ်စင်စစ် ကျောက်သည် ဘုရားသခင်ပင် ဖြစ်သည်။

မိမိကိုယ်ကို သိမ်းပိုက်ခြင်းသည် ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာကို မေ့ပျောက်စေပြီး ကျေးဇူးတရားကို မေ့ပျောက်စေသည်။ အာရုံစူးစိုက်ခြင်းတန်ခိုးကို လျော့ချခြင်းနှင့် အလုပ်၏အရည်အသွေးအားဖြင့် ပတ်သက်လာလျှင် မိမိကိုယ်ကို သိမ်းပိုက်ခြင်းက ထိရောက်မှုကို သေစေသည်။ ဤအရာသည် သူတစ်ပါး၏လိုအပ်မှုအပေါ် သတိမေ့စေသည်။

## အတ္တကြီးသော ကျွန်ုပ်

အတ္တကြီးသော ပုဂ္ဂိုလ်သည် မိမိတို့၏ကိုယ်ပိုင်ခံစားချက်၏ ကျေးကျွန်ဖြစ်သည်။ သူသည် အများနှင့်ပတ်သက်လာလျှင် ပေါင်းဖော်ခြင်း၌ စွဲဆောင်မှုလုံးဝမရှိပါ။ သူသည် မိမိ၏ ဝမ်းနည်းပူဆွေးမှုကို မြောက်များစွာသော တိုင်ပင်ဖက်ပြုသူ၊ မိတ်ဆွေများထံ ရင်ဖွင့်ပြောဆိုချင်သော်လည်း သူတို့၏ အကြံအဉာဏ်များကို အထင်သေးပြီး ပစ်ပယ်သည်။ သူသည် ပြောင်းလဲခြင်းကိုတားဆီးသောသံကဲ့သို့မာကျောသော နှလုံးသားရှိပြီး အလိုတော်ကို လက်ခံရန် ငြင်းပယ်သည်။ ယေဇကျေလ ၃၃း၃၁–၃၂ ၌ ဖော်ပြထားသောသူများကဲ့သို့ ဖြစ်သည်။

ငါ၏ လူကဲ့သို့ သင့်ထံသို့လာ၍ ငါ၏လူကဲ့သို့ သင်ရှေ့မှာထိုင်လျက်၊
သင်၏စကားကို ကြားသော်လည်း နားမထောင်ဘဲနေကြ၏။

> အလွန်ချစ်ဖွယ်သောလက္ခဏာကို နှုတ်နှင့်ပြသော်လည်း စိတ်နှလုံးမူကား လောကီဥစ္စာကို စွဲလမ်းလျက်ရှိ၏။ သင်၏စကားသည် ကောင်းမွန်စွာတီး၍ သာယာသောအသံနှင့် ပြည့်စုံသောသူဆိုသော၊ နှစ်သက်ဖွယ်သော သီချင်းကဲ့သို့ သူတို့၌ဖြစ်၍ သူတို့သည် ကြားရသော်လည်း နားမထောင်တတ်ကြ။

ငါ့အတ္တဆိုတာ ကိုယ်ကျိုးအတွက် ဦးစားပေးလွန်းသည်။ လူတစ်ဦးသည် ဤအရာကို မည်သို့ကိုင်တွယ်နိုင်မည်နည်း။

## လွှတ်မြောက်ရန်ခြေလှမ်း (၅) ဆင့်

ပထမ သူသည် မိမိကိုယ်ကို သိမ်းပိုက်ခြင်းမှ ခရစ်တော်နှင့် သိမ်းပိုက်ခြင်းသို့ ပြောင်းလဲရမည် (၂ ကော ၃း၁၈)။ ခရစ်တော်ကို မျက်မှောက်ပြုခြင်းအားဖြင့် သဏ္ဍာန်တော်နှင့်အညီ ပြောင်းလဲခြင်းသို့ ရောက်နိုင်သည်။ မိမိကိုယ်ကို မြင်သည့် ရှုထောင့်တစ်ထောင်ထက် ခရစ်တော်၏ ရှုထောင့်တစ်ခုသည် သာ၍ တန်ဖိုးရှိသည်။ (သို့) မိမိကိုယ်ကို စင်ကြယ်ခြင်းသည် ခရစ်တော်၏ ဘုန်းတော်ကို အားနည်းသောအစားထိုးခြင်းဖြစ်သည်။ သူသည် အဆက်မပြတ် ဆုတောင်းနိုင်သည်။

> မိမိအတ္တမှ ကယ်လွှတ်နိုင်ရန်၊ ကိုယ်တော်သခင့်
> ထံ၌သာ အပ်နှံနိုင်ရန် ကျွန်ုပ်မဟုတ်တော့ဘဲ
> မိမိအထဲ၌ ခရစ်တော်သာ အသက်ရှင်ရန်။
>
> A.B. Simpson

သူသည် စစ်မှန်သောနည်းဗျူဟာကို သတိရှိရမည်။ မိမိကိုယ်ကို သိမ်းပိုက်ခြင်းသည် ဖိစီးမှုကို ဖြစ်ပေါ်စေသည်။ သူတစ်ပါးနှင့် သိမ်းပိုက်ခြင်းသည် စိတ်ဓာတ်ကျခြင်း ဖြစ်ပေါ်စေသည်။ ခရစ်တော်နှင့် သိမ်းပိုက်ခြင်းသည် မွေ့လျော်ခြင်းကို ဖြစ်စေသည်။



**Paul Van Gorder ရေးသားသည်မှာ –**

> ကျွန်ုပ်တို့၌ရှိသင့်သည့် စိတ်နေသဘောထားသည် အောက်ပါပုံပြင်၌ တွေ့ရသည်။ Beethoven ၏ သံစုံတီးဝိုင်းအတွက် တေးဂီတသီဆိုပြီးနောက် ပရိသတ်က လက်မှတ်ရောင်းသူကို Arturo Toscanini ပေးပြီး ဂီတသမားများကို အချိန်ကြာမြင့်စွာ တစ်ခဲနက်ကြိုဆိုကြသည်။ Toscanini သည် စိတ်ခံစားချက်ပြင်းထန်လာပြီး ဂီတသမားထံလှည့်ကာ ရေရွတ်မိသည်မှာ “ငါလည်း ဘာမှမဟုတ်ဘူး။ မင်းတို့လည်း ဘာမှမဟုတ်ဘူး”။ ၎င်းနောက် ချီးမွမ်းသော စကားသံဖြင့် Toscanini ပြောသည်မှာ “ဒါပေမယ့် Beethoven က အရာရာပဲ။”

သို့သော် တစ်စုံတစ်ယောက်က မိမိကိုယ်ကို စမ်းစစ်ရန်အရေးကြီးကြောင်း၊ ကျမ်းစာထဲ၌လည်း ဖော်ပြကြောင်း ပြောကြားခဲ့သည်။ မှန်ပါသည်။ သို့သော် သူ့အနေဖြင့် McCheyne ၏ နည်းစနစ်ကိုလိုက်နာရမည်။ “မိမိကိုယ်ကို ကြည့်တိုင်းခရစ်တော်ကို ၁၀ ကြိမ်ကြည့်ပါ” ဓမ္မသီချင်းထဲတွင် “အတ္တမှ လွတ်မြောက်ပြီး ကယ်တင်ရှင်ထံ ခိုလှုံရန် ချိုမြိန်လှသည်” ဟု ဖော်ပြပါသည်။

ဒုတိယအနေဖြင့် လူတစ်ဦး လုပ်ဆောင်နိုင်သည့်အရာမှာ မိမိကိုယ်ကို ကြည့်ရှုရာတွင် သမ္မာကျမ်းစာသွန်သင်မှုဖြင့် ကိုက်ညီမှုရှိမရှိ စမ်းစစ်ခြင်း ဖြစ်သည်။ တစ်ဖက်၌ကြည့်လျှင် သူသည် ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းရရှိကြောင်း သိရှိကာ အပြစ်လွတ်ခြင်းခံပြီး ဖြောင့်မတ်စေကာ ကောင်းကင်နိုင်ငံအတွက် ခန့်အပ်ထားခြင်းခံသည်။ သူသည် ဘုရားသခင်၏ရှေ့တော်၌ အမွန်မြတ်ဆုံးသောသားဖြစ်သည်။ သူသည် ခရစ်တော်၌ ပြည့်စုံသည်။ ဘုရားသခင်၏အမွေခံ၊ ခရစ်တော်နှင့်အတူ အမွေခံဖြစ်သည်။ သူသည် ဘုရားသခင်၏ ထူးခြားသောဖန်ဆင်းခြင်းခံသူဖြစ်ပြီး ဘ၀အသက်တာ၌ ထူးခြားသောပြည့်စုံမှု

ပါသည်။ ဤအရာသည် ပျက်တောက်ပျက်တောက်မဟုတ်ဘဲ အမြဲတမ်းဖြစ်ရပါမည်။ ဤအရာသည် ထုံးစံအတိုင်းမဟုတ်ဘဲ ပြင်းပြသောဆန္ဒရှိရပါမည်။

## ခရစ်တော်၌ တွယ်ကပ်ပါ

တွယ်ကပ်ခြင်းသည် ဆက်လက်ဖြစ်ပျက်ခြင်းကို ဆိုလိုပြီး အထူးသဖြင့် နှုတ်ကပတ်တော်ကို နာခံခြင်း၌ ဆက်လက်တည်မြဲခြင်းဖြစ်သည်။ ဤအရာသည် ကယ်တင်ရှင်ကို သိကျွမ်းခြင်း၌ အမြဲတမ်းနက်နဲစွာ တွယ်ကပ်ခြင်းဖြစ်ပြီး ခရစ်တော်နှင့်သဏ္ဌာန်တူခြင်း၌ အမြဲတမ်းတိုးတက်ခြင်း ဖြစ်ပါသည်။ ယေရှု မိန့်တော်မူသည်ကား "ငါသည် ငါ့ခမည်းတော်၏ ပညတ်တို့ကို စောင့်ရှောက်၍ ခမည်းတော်၏ မေတ္တာ၌ တည်နေသကဲ့သို့ သင်တို့သည် ငါ့ပညတ်တို့ကို စောင့်ရှောက်လျှင် ငါ့မေတ္တာ၌ တည်နေကြလိမ့်မည်" (ယောဟန် ၁၅း၁၀)။

## နှုတ်ကပတ်တော်နှလုံးသွင်းပါ

ကျွန်ုပ်တို့သည် ကျမ်းစာကို ဖတ်၊ လေ့လာ၊ အလွတ်ကျက်၊ နှလုံးသွင်းပြီး နာခံရမည်။ ယေရမိသည် နှုတ်ကပတ်တော်ကို ကျင့်ဆောင်သောကြောင့် စိတ်နှလုံးဝမ်းမြောက်ရသောအခွင့်ခံစားသည်။ ဆာလံဆရာများသည် နှုတ်ကပတ်တော်ကို ကျင့်စောင့်သောကြောင့် အပြစ်ကျူးလွန်ခြင်းမှ ကင်းလွတ်ကြောင်း တွေ့ရသည်။ သမ္မာကျမ်းစာသည် "ဩဝါဒပေးခြင်း၊ အပြစ်ကို ဖော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကို သွန်သင်ခြင်း ကျေးဇူးများကို ပြုတတ်၏"။

## ဘုရားသခင်၏ သားသမီးများနှင့် မိတ်သဟာယဖွဲ့ပါ

သန့်ရှင်းသူတို့နှင့် မိတ်သဟာယဖွဲ့ခြင်းသည် ကျွန်ုပ်တို့အသက်တာ၌ စင်ကြယ်ခြင်း လွှမ်းမိုးစေသည်။ မကောင်းသောမိတ်ဆွေများက ကောင်းသောအကျင့်ကို ဖျက်ဆီးသကဲ့သို့ ကောင်းသောမိတ်သဟာယဖွဲ့ခြင်းသည် အလိုတော်နှင့် ကိုက်ညီသော အကျင့်စရိုက်ကို သန်မာစေသည်။



ဆိုထားပါသည်။ (၁ ကော ၁၅း၁၀)။ ဘဝအသက်တာ၌ မပြောင်းလဲနိုင်သော အရာများကို လက်ခံပြီး ငြိမ်သက်ခြင်းတွေ့ရှိသည်။ ဘဝအသက်တာ၌ ဘုရားသခင် ခွဲခန့်ခြင်းအားဖြင့် မပြောင်းလဲနိုင်သော အရာများ၌ ငြီးထွားခြင်းသည် အပြစ်ဖြစ်ပြီး ပြောင်းလဲစေလိုခြင်းသည်လည်း ညစ်ညမ်းသည်။

နောက်ဆုံးအနေဖြင့် သူ့ကိုတွေးတောစဉ်းစားခံစားစေသောအရာများကို ရှောင်ရှားသင့်ပါသည်။ "ဘယ်လိုလုပ်ရမှာလဲ" ဆိုသည့် အရာများနှင့် ပတ်သက်သောစာအုပ်များ၊ ဖြစ်နိုင်ချေအတွေးအခေါ်နှင့် ပတ်သက်သည့် သင်တန်းများ (သို့) ဘုရားသခင်ကို ဦးတည်ခြင်းထက် မိမိကိုယ်ကို ဦးတည်ခြင်းနှင့် ပတ်သက်သော တိုင်ပင်ဖက်ပြုခြင်းစသည့်အရာများကို ရှောင်ရှားရမည်။ ကျွန်ုပ်တို့လိုချင်သောအရာသည် မိမိကိုယ်ကို မေ့ပျောက်ပြီး ထိုက်တန်သော သခင်အပေါ်၌သာ အာရုံစိုက်ရန်ဖြစ်သည်။

# အခန်း (၃၁)

## သန့်ရှင်းရန် အချိန်ယူပါ

ဓမ္မသီချင်းထဲ၌ သန့်ရှင်းခြင်းနှင့် ပတ်သက်သောအရေးကြီးသည့် အချက်အလက်များကို အပိုဒ် ၄ ပိုဒ်အားဖြင့် William D. Longstaff ရေးသားသည်မှာ မှတ်သားဖွယ်ရာကောင်းလှပါသည်။ ကျွန်ုပ်တို့သည် ထိုသီချင်း၏ အနှစ်သာရကို ခံစားခြင်းမရှိဘဲ အမှုမဲ့အမှတ်မဲ့သီဆိုမိကြသည်။ ခရစ်ယာန်စင်ကြယ်ခြင်းနှင့် ပတ်သက်ပြီးလေ့လာခြင်းကို အဆုံးသတ်ရန် အရှေ့ပိုင်း၌ လေ့လာခဲ့သည့် အဓိကအချက်အလက်များကို တစ်ခုချင်းပြန်လည်သုံးသပ်ကြပါစို့။

**သန့်ရှင်းရန်အချိန်ယူပါ**

သန့်ရှင်းသောအသက်တာရရှိရန် စိုက်ပျိုးရပါမည်။ ဤအရာသည် အချိန်တစ်ခုတည်း၊ တိုးတောင်းသောအချိန်မှ ရရှိခြင်းမဟုတ်ပါ။ ကျွန်ုပ်တို့ခေတ်အဆက်ဆက် ထင်ရောင်ထင်မှားခဲ့သည်မှာ ပြဿနာတစ်ခုတည်းအားဖြင့် ကြီးမားသောသန့်ရှင်းစင်ကြယ်ခြင်းခြေလှမ်းသို့ ပို့ဆောင်မည်ဟု ခံယူတတ်သည်။ သို့သော် ဤသို့မဟုတ်ပါ။ ဤအရာသည် ခရစ်တော်၏ ကိန်းဝပ်ခြင်းအားဖြင့် ရရှိသည့် အတွေ့အကြုံဖြစ်သည်။ Vance Havner ပြောကြားသည်မှာ ''စင်ကြယ်ခြင်းရရန် အချိန်ယူရပြီး ကျွန်ုပ်တို့၌ အချိန်မရှိကြပါ။'' ရိုးရှင်းသော ယုံကြည်ခြင်းမီးလျှံ၌ ပြန်လည်ပြုပြင်ခြင်းခံသောဝိညာဉ်သည် ပျော်ရွှင်သောဝိညာဉ်ဖြစ်သည်။ နာမည်ကျော်ကြားခြင်းကို ငြင်းပယ်ပြီး လမ်းဟောင်းကို ရှာဖွေကာ သက်သာခြင်းသို့ ရောက်ကြသည်။

**သင့်သခင်နှင့် စကားပြောပါ**

ဆုတောင်းခြင်းမပါလျှင် စင်ကြယ်ခြင်းမရှိနိုင်ပါ။ ဆုတောင်းခြင်းသည် အရာဝတ္ထုကိုသာ ပြောင်းလဲစေခြင်းမဟုတ်ဘဲ ကျွန်ုပ်တို့ကိုယ်တိုင်ကို ပြောင်းလဲစေ

ထို့ကြောင့် ဝိညာဉ်တော်၏ မေတ္တာတော်ဖြင့်တွန်းဆောင်လျှက် မကြာမှီ အထက်ပါအမှုတော်အတွက် သင့်လျော်မည်။ ဤအရာသည် သန့်ရှင်းရန် အချိန်ယူသောအခါ ဘုန်းတော်ထင်ရှားရန် ပြင်ဆင်ခြင်းနှင့် ကောင်းကြီးမင်္ဂလာ အဆက်မပြတ်ခံစားပျော်မွေ့ရန်နည်းလမ်းတစ်ခုဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ ဤအရာသည် ပေါလုမှ တိမောသေထံရေးသားသောအရာဖြစ်သည်။ ''. . . ဘုရားဝတ်၌ မွေ့လျော်ခြင်းမူကား ယခုဘဝ၊ နောင်ဘဝနှင့် စပ်ဆိုင်သော ဂတိတော်ကိုရသည် . . . '' (၁ တိ ၄း၈)။



## အားနည်းသူကို ပေးမပါ

ကျွန်ုပ်တို့သည် ဤအရာကို အမှုတော်ဆောင်ခြင်းနှင့် မိတ်ဆွေများအတွက် နယ်ချဲ့ရန်ဖြစ်သည်။ ပျင်းရိခြင်းသည် ရှုံးနိမ့်ခြင်းဖြစ်သည်။ ရှင်ဘုရင်၏လုပ်ငန်း၌ ပါဝင်ခြင်းမရှိသည့်အခါ စုံစမ်းခြင်းများလာတတ်ပါသည်။

## ကောင်းကြီးမင်္ဂလာခံစားရန်အရာရာ၌သတိရှိခြင်း

ခရစ်ယာန်ပြုမူခြင်းကို စမ်းသပ်ခြင်းတစ်ခုမှာ ''ငါ ဦးညွတ်ပြီး ကောင်းကြီးပေးရန် ဘုရားသခင်ထံ တောင်းခံလို့ရလား။'' ကျွန်ုပ်တို့လုပ်ဆောင်သည့်အရာတိုင်း၌ ဘုန်းတော်ထင်ရှားဖို့ရန် ဘုရားသခင်ကို ကျေနပ်စေတဲ့ ဖြူစင်တဲ့ဆန္ဒရှိဖို့ လိုအပ်ပါတယ်။ ဘုရားသခင်သည် မိမိ၏ စင်ကြယ်ခြင်းနှင့်ကိုက်ညီသော သူကိုသာ ကောင်းကြီးပေးပါသည်။

လောကကြီးသည် ဆိုးသွမ်းနေသည်။ သန့်ရှင်းစင်ကြယ်ရန် အချိန်ယူပါ။ Wordsworth မှန်ကန်ပါသည်။

> လောကကြီးသည် ကျွန်ုပ်တို့အတွက် ဆန်းကြယ်လှသည်။ နှောင့်နှေးခြင်းနှင့် မြန်ဆန်ခြင်းရယူခြင်းနှင့် သုံးစွဲခြင်း၊ ကျွန်ုပ်တို့သည် မိမိတို့၏တန်ခိုးကို ဖြုန်းကြသည်။

## ယေရှုနှင့်သာ လျို့ဝှက်စွာ အချိန်များများယူပါ

W. Graham Scroggie က ''ကောင်းကြီးမင်္ဂလာခံစားရန် သီးသန့်နေပါ'' ဟု ပြောဆိုခဲ့သည်။ အသန့်ရှင်း ဆုံးလူများသည် နှုတ်ကပတ်တော်၌ များများနှလုံးသွင်းသူများဖြစ်သည်။ ကျွန်ုပ်တို့၏ အပြစ်များသည် ဘုရားသခင်၌ နက်နဲစွာမတွယ်လျှင် ကျွန်ုပ်တို့၏ အသက်တာသည် ထောင်လွှားခြင်းနှင့် ပြည့်မည်။

## ယေရှုကို ကြည့်ရှုခြင်းဖြင့် သဏ္ဍာန်တော်ကဲ့သို့ ဖြစ်မည်

လွန်ခဲ့သည့်နှစ်ပေါင်း ၂၀၀၀ ကျော်ခန့်က ပေါလုရေးသားသည့် အရာကတော့ ''ငါတို့ ရှိသမျှသည် မျက်နှာဖုံးကို ဖွင့်လျက်မှန်ကိုကြည့်သကဲ့သို့

သခင်ဘုရား၏ဘုန်း အသရေတော်ကို ကြည့်မြင်၍ ဝိညာဉ်တော်တရား၏ အရှင်သည် ရောင်ခြည်တော်ကို လွှတ်တော်မူသည့်အတိုင်း ငါတို့သည် ဘုန်းအသရေတိုးပွားသည့် ပုံသဏ္ဌာန်တော်နှင့်အညီ ပြောင်းလဲခြင်းရှိရကြ၏” (၂ ကော ၃း၁၈)။ တစ်နည်းအားဖြင့်ဆိုသော် ခရစ်တော်ကို ကြည့်ရှုခြင်းအားဖြင့် သဏ္ဌာန်တော်အတိုင်း ပြောင်းလဲခြင်းဖြစ်သည်။

## သင့်မိတ်ဆွေများသည် သင့်အပြုအမူအတိုင်း သဏ္ဌာန်တော်နှင့်တူညီခြင်းကို ရှုမြင်သည်

မောရှေသည် Sinai တောင်ပေါ်မှ ဆင်းလာသောအခါ သူ့မျက်နှာတောက်ပကြည်လင်နေကြောင်းကို မြင်တွေ့သောအခါ ထိုသူတို့သည် ခရစ်တော်နှင့်အတူရှိနေကြောင်း သတိထားမိကြသည်။ ကျွန်ုပ်တို့သည် ကယ်တင်ရှင်နှင့် နီးကပ်သော အကျွမ်းဝင်ခြင်းရှိလျှင် မိမိပတ်ဝန်းကျင်ရှိလူများက သဏ္ဌာန်တော်ဖြင့် တူညီကြောင်း တုန့်ပြန်ခြင်းရှိမည်။

## သန့်ရှင်းရန်အချိန်ယူပါ၊ ခရစ်တော်သာလျှင် သင့်လမ်းညွှန်သူဖြစ်ပါစေ

ဤအရာ၏ဆိုလိုရင်းမှာ မိမိတို့၏ အသက်တာကို သခင်ဘုရား၏ ထိန်းချုပ်မှုအောက်၌ အပ်နှံခြင်းဖြစ်သည်။ မိမိတို့၏ အလိုဆန္ဒကို ခရစ်တော်၏ အလိုတော်အတိုင်း ပြောင်းလဲခြင်းဖြစ်သည်။ မိမိတို့၏ အမြင်အာရုံထက် ခရစ်တော်၌ ကိုးစားခြင်းကို ဆိုလိုသည်။

## မည်သည့်အရာဖြစ်ပျက်ပါစေ ဘုရားသခင်ရှေ့မှ မပြေးပါနှင့်

လမ်းညွှန်မှုချက်ချင်းမလာသည့်အခါ သဘာဝအားဖြင့် တုန့်ပြန်ခြင်းသည် မိမိစိတ်ကူးရသည့်အတိုင်း လုပ်ဆောင်တတ်ကြသည်။ ကျွန်ုပ်တို့သည် မိမိတို့၏ အမှုများကို ကိုယ်တိုင်စီရင်တတ်ကြပါသည်။ နှောင့်နှေးခြင်းကို သည်းမခံနိုင်ခြင်းကြောင့် ကျွန်ုပ်တို့ရှေ့ဆက်သွားကြသည်။ ၎င်း၏ မလွဲမရှောင်သာသောရလဒ်သည် ဝမ်းနည်းလျက်အိပ်ရကြခြင်းပင်ဖြစ်သည် (ဟေ ၅၀း၁၁)။



## ဝမ်းနည်းသည်ဖြစ်စေ ပျော်ရွှင်သည်ဖြစ်စေ သခင့်နောက်လိုက်မည်

အမှုအရာသည် အခြေအနေ၌ မရပ်တည်ဘဲ အနိမ့်အမြင့်မရှိစေရပါ။ ထို့ကြောင့် John Wesley က ဤသို့ဆုတောင်းသည်။ “ကိုယ်တော်၊ ကျွန်ုပ်၏ ပျက်တောက်ပျက်တောက်ဖြစ်သော အမှုအရာများကို ကုသပေးပြီး လုံးဝဥသုန် ခရစ်တော်၌ မွေ့လျော်စေတော်မူပါ။”

## ယေရှုကိုသာ ကြည့်ရှုပြီး နှုတ်ကပတ်တော်၌ အားကိုးပါ

လူသည် နှုတ်ကပတ်တော်၌ ပြန်လည်အသက်ဝင်လာသည်။ နှုတ်ကပတ်တော်သည် မိမိလူတို့ကို သန့်ရှင်းစင်ကြယ်စေရန် အသုံးပြုသော ဘုရားသခင်၏ တန်ဆာပလာဖြစ်သည်။ ဤနေရာ၌ ဆာလံ ၁၁၉ ရေးသားသူ၏ ထင်မြင်ချက်ကို နှိုင်းယှဉ်ထားပါသည်။

## သန့်ရှင်းရန်အချိန်ယူပါ – ဝိညာဉ်တော်၌ငြိမ်သက်ပါ

သန့်ရှင်းသောအသက်တာသည် ငြိမ်သက်ခြင်းအသက်တာဖြစ်ပြီး တိတ်ဆိတ်ငြိမ်သက်သည်။ ယုံကြည်ခြင်းသည် ကြောက်လန့်ခြင်းနှင့် စိတ်တိုခြင်းမှ ကယ်နှုတ်သည်။ ကျွန်ုပ်တို့ အမှန်တကယ်ကိုးစားလျှင် စိုးရိမ်စရာမရှိပါ။

အတွေးအခေါ်တိုင်းနှင့် စိတ်ကူးတိုင်းသည် ဘုရားသခင်၏ ထိန်းချုပ်မှုအောက်၌ ရှိသည်။ ထို့ကြောင့် ဒါဝိဒ်ဆုတောင်းသည်မှာ “အို ဘုရားသခင်၊ အကျွန်ုပ်ကို စစ်ကြော၍ အကျွန်ုပ်၏နှလုံးကို သိမှတ်တော်မူပါ။ စုံစမ်း၍ စိတ်အထင်များကိုလည်း သိမှတ်တော်မူပါ။ ဆိုးသောလမ်းသို့ အကျွန်ုပ်လိုက်သည်၊ မလိုက်သည်ကိုကြည့်ရှု၍ ထာဝရလမ်းထဲသို့ သွေးဆောင်တော်မူပါ” (ဆာလံ ၁၃၉း ၂၃–၂၄)။

> ကျွန်ုပ်၏ အတွေးအခေါ်အားလုံး လျှို့ဝှက်သောအကြောင်းရင်းများ
> ထိန်းချုပ်သောစိတ်ထား ညစ်ပတ်သော အခန်းများကို စစ်ကြော၍
> ကျွန်ုပ်ဝိညာဉ်ကို သိမ်းသွင်းတော်မူပါ။

F. Bottoms

# နောက်ဆုံးစကား

သန့်ရှင်းခြင်းရှိလော့ဆိုသည့် ပညတ်သည် မေ့ကျန်လျက်ရှိသောပညတ်ဖြစ်တတ်သည်။ သို့သော် ဤသို့မဖြစ်သင့်ပါ။ ဤအရာသည် သခင်ဘုရား၏ ပညတ်ထဲ၌ အရေးကြီးဆုံးသောအရာဖြစ်သည်။ ဤအရာသည် အကြံပြုချက် (သို့) ရွေးချယ်ခြင်းကဲ့သို့မဟုတ်ဘဲ အမိန့်ဖြစ်သည်။ အခြားသော ပညတ်အားလုံးကဲ့သို့ ကျွန်ုပ်တို့ ကောင်းစားရန်ဖြစ်ပြီး ခရစ်တော်၏ ကောင်းစားရန်မဟုတ်ပါ။

သခင်ယေရှုကဲ့သို့ဖြစ်ရန်  ရည်ရွယ်ချက်ထက်သာ၍ကြီးမားသောအရာမရှိပါ။ သန့်ရှင်းခြင်းအသက်တာထက် ဘုရားသခင်အကြောင်းကို ပြောဆိုသောအရာမရှိတော့ပါ။ ဤအရာသည် ခရစ်ယာန်ဘာသာကို လေးနက်စေသည်။ ဤအရာသည် ဘုရားသခင်၏ ဘုန်းတော်ထင်ရှားစေပြီး ယုံကြည်သူများကို အကျိုးခံစားစေသည်။ တစ်ဖက်၌ကြည့်လျှင် အပြစ်ကျူးလွန်နေသော သန့်ရှင်းသူကဲ့သို့ နာမတော်ကို ကဲ့ရဲ့သော၊ မချီးမြှောက်သော၊ ရှက်ဖွယ်ဖြစ်စေသော အရာမရှိတော့ပါ။

ခရစ်တော်၏ မေတ္တာထက် ကျွန်ုပ်တို့၏သန့်ရှင်းခြင်းကို လှုံ့ဆော်ပေးသောအရာ၊ ကျွန်ုပ်တို့၏ ကယ်တင်ခြင်းအတွက် ခရစ်တော်ပေးခဲ့သောတန်ဖိုး (အဖိုးအခ) ကျွန်ုပ်တို့ကို ပြသသောကျေးဇူးတော်ထက် မည်သည့်အခါကမျှ မလှုံ့ဆော်စေပါ။ အပြစ်သည် ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ခြင်းကို ပိတ်ပင်ပြီး၊ သူတစ်ပါးကို ကျရှုံးစေပြီး လျှာကိုတံဆိပ်ခတ်သည်။

သန့်ရှင်းခြင်းသည် ဖြစ်စဉ်ဖြစ်ပြီး ရရှိမှုမဟုတ်ပါ။ ကျွန်ုပ်တို့သည် ကယ်တင်ရှင်၏ မျက်နှာတော်ကို မြင်တွေ့ခြင်းမရှိမချင်း မည်သည့်အခါမျှ သန့်ရှင်းခြင်းရှိမည်မဟုတ်ပါ။ သို့သော် ကျွန်ုပ်တို့သည် တဖြည်းဖြည်းနှင့် သဏ္ဍာန်တော်နှင့်အညီ ပြောင်းလဲရန်ဖြစ်သည်။

ဤလောက၊ ဇာတိ၊ မကောင်းဆိုးဝါးမှုကို ဆန့်ကျင်သည့်တိုက်ပွဲစိန်ခေါ်သံ၌ ကျွန်ုပ်တို့သည် ခရစ်ယာန်လက်နက်တန်ဆာကို ဝတ်ဆင်ရန်လိုအပ်သည်။ အတိုချုံးအားဖြင့် ထိုလက်နက်တန်ဆာသည် ခရစ်ယာန်၏ စာရိတ္တပင် ဖြစ်သည်။ ထိုအရာကို ဝတ်ဆင်သည့် ကာလပတ်လုံး ကျွန်ုပ်တို့ရန်သူက တိုက်ခိုက်ရန် အခွင့်အလမ်းနည်းပါးသည်။

ဘုရားသခင်ကသာ ကျွန်ုပ်တို့ကို သန့်ရှင်းခြင်းပေးနိုင်သည်။ သို့သော် ကျွန်ုပ်တို့၏ တောင့်တမှုမပါဘဲ ဘုရားသခင်က ပေးအပ်ခြင်းမရှိပါ။ ကျွန်ုပ်တို့ကို လမ်းညွှန်ရန် ဘုရားသခင်က နိယာမတချို့ကို ပေးထားခဲ့ပါသည်။

ကျွန်ုပ်တို့သည် ထိုအရာများကိုနာခံသကဲ့သို့ ဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို ပြောင်းလဲစေပြီး တဆင့်ပြီးတဆင့်တက်ရန် ခွန်အားပေးသည်။ ကြိုတင်တောင်းဆိုမှုတချို့မှာ ဝန်ခံခြင်း၊ နောင်တရခြင်း၊ ကျမ်းစာလေ့လာခြင်း၊ ဆုတောင်းခြင်း၊ အချင်းချင်းမိတ်သဟာယဖွဲ့ခြင်း၊ သခင့်အမှုထမ်းခြင်းနှင့် စိတ်နှင့်ခန္ဓာထိန်းသိမ်းခြင်းဖြစ်သည်။

သန့်ရှင်းခြင်းသည် လိင်ကိစ္စ၊ ပြောဆိုခြင်း၊ စိတ်သဘောထား၊ အဝတ်အစားများနှင့် သက်ဆိုင်သည်။ အကယ်စင်စစ် ဘဝအသက်တာတွင်ကဏ္ဍအားလုံးနှင့် မသက်ဆိုင်သောအရာမရှိပါ။

သန့်ရှင်းခြင်းမရှိလျှင် ဘုရားသခင်ကို မမြင်ရဟူသော ကျမ်းချက်ကို ဖတ်သောအခါ (ဟေဗြဲ ၁၂း၁၄)။ ယုံကြည်သူတိုင်း စိတ်လှုပ်ရှားသင့်သည်။ လူတစ်ဦးက ကယ်တင်ရှင်ကို လက်ခံကိုးစားသောအချိန်၌ စင်ကြယ်ခြင်းပါဝင်ခဲ့သည်။ သို့သော် စစ်မှန်သောပြောင်းလဲခြင်း၏ လွှဲရှောင်၍မရသော ရလဒ်သည် လက်တွေ့သန့်ရှင်းခြင်းဖြစ်သည်။